www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

ဆားပုလင်းနှင်းမောင် ပြောသော သရဲအကြောင်း

တစ်နေ့သ၌ ချောက်မြို ဂါတ်တဲဝင်းအတွင်းရှိ လွန်စွာကြီးမား သော မန်ကျည်းပင်ကြီးအောက်တွင် ဆားပုလင်းနှင်းမောင်ဆိုသည့် နိုင်ငံသိ စုံထောက် တစ်ဦးသည် သူ၏ တယောပြားကလေးကို ထိုး၍နေလေ၏။

သူ၏စိတ်သည် သူ၏တယောသံ၌ လုံးဝ နစ်မျောဝင်နေ၏။ သူသည် အစ ပထမ၌ လက်စမ်းမှုံမှု့ တယောကို ထိုးနေ၏။ အတန်ကြာသောအခါ သူ၏ လက်ချောင်းများသည် လည်းကောင်း၊ သူ၏ ဘိုးတံသည် လည်းကောင်း လွတ်လပ်သွက်လက်စွာ ရှိလာ၏။ သူက ဖန်တီးရသည် မဟုတ်ဘဲ ဘိုးတံနှင့် လက်ချောင်းတို့သည် သူ့အလိုအလျောက် အထိန်းမဲ့စွာ လှုပ်ရှားနေလေတော့၏။

www.burmeseclassic.com

ထို့ကြောင့် တယောသံသည် တငြိမ့်ငြိမ့်၊ တသိမ့်သိမ့်နှ
နားထောင်၍ မငြီးနိုင်အောင် ရှိလေတော့၏။ ဆားပုလင်
နှင်းမောင်သည် တယောထိုးနေရင်း သူ့စိတ်ကို ပေါ့ပါ
လွတ်လပ်သော သူ့တယောသံနှင့်အတူ ဗလာဟင်းလင်း
လွင့်လွှတ်လိုက်လေ၏။ လက်ချောင်းနှင့် ဘိုးတံမျှားမှလည်
ငြိမ့်သော၊ သိမ့်သော သံစဉ်များကို အစဉ်တစိုက် ဖြစ်ပေ
နေစေ၏။

သို့သံစဉ်များသည် အစဟူ၍ လည်းကောင်း၊ အဆုံးဟူ
လည်းကောင်း မရှိရကား၊ ထိုသံစဉ်တို့၏ အတိတ်ဟူ၍ လည်
ကောင်း၊ အနာဂတ်ဟူ၍ လည်းကောင်း မရှိတော့ဘဲ ပစ္စုပ္ပ
သာလျှင် ရှိလေ၏။ အကယ်၍ စည်းဝါးတတ်သူ တစ်ဦးသည်
သို့တယောသံကို နားထောင်၍ စည်းဝါးလိုက်မည် ဆိုပါ
အခါခပ်သိမ်း စည်းဝါးမိနေမည် ဖြစ်၏။

သို့ရာတွင် ထိုစည်းဝါးလိုက်သူကား ကျွန်အသံသည် မည်သည်
နေရာကစ၍ မည်သည့်နေရာတွင် ဆုံးမည်နည်းဟု မေးလျှင်
ဖြေဆိုနိုင်လိမ့်မည် မဟုတ်ပေ။ အဘယ်ကြောင့်ဆိုသော် ဆား
ပုလင်း နှင်းမောင်၏ တယောထိုးခြင်းသည် ရည်ရွယ်ချက်
သိမ်းပိုက်မှုမဲ့၊ မျှော်လင့်မှုမဲ့ ထိုးခြင်းဖြစ်သောကြောင့် သူ
တယောသံ၌ အတိတ်၏ အာယာတတရားများ၊ အနာဂတ်
မျှော်လင့်မှု လောဘတရားများမပါရှိဘဲ ပကတိ ဖြစ်သန့်
သောကြောင့် ဖြစ်၏။

ဆားပုလင်းနှင်းမောင်ကိုယ်တိုင်ကလည်း သူ၏ တယော
လက်သံကို 'အနာဒေါဂ စရိယ' မျှော်လင့်သိမ်းပိုက်မှု က

သော လက်သံဟု အမည်ပေးထားလေ၏။ ထို့နောက် ဆား
ပုလင်း နှင်းမောင်သည် တယောထိုးခြင်းကို ရပ်နားလိုက်၏၊

"ကောင်းလိုက်တာ အာစရိရာ"

ဆားပုလင်း နှင်းမောင် တယောထိုးနေသည်ကို မည်သည့်
အချိန်က လာရောက် နားထောင်နေမှန်း မသိသော ပုလိပ်
ကလေး 'ပါနောက်' က ချီးကျူးလိုက်ခြင်း ဖြစ်၏။

"ဟ....ပါနောက်ပါလား၊ ဘယ်အချိန်ကတည်းက ရောက်
နေတာလဲ"

ဟု ဆားပုလင်း နှင်းမောင်က ပြန်၍မေးလိုက်လေ၏၊

"ကြာပြီ ဆရာရဲ့၊ ဆရာ စပြီး တယောထိုးကတည်းက
ကျွန်တော် ရောက်နေတာ၊ ဆရာ တယောထိုးတာကလဲ
တယောထိုးတာနဲ့ မတူဘူး၊ ကမ္ဘာ့ဥာန်း ပွားများနေသလိုပဲ၊
မျက်စိကစားလေးကိုမှိတ်ပြီး ဆရာရဲ့လက်သံမှာ ဆရာကိုယ်တိုင်
နစ်မျောနေတာ တွေ့ရတော့ ကျွန်တော်ဖြင့် အနှောင့်အယှက်
ပေးသလို ဖြစ်မှာစိုးလို့ ချောင်းတောင်မဆိုးဝံ့ဘူး"

"ဟုတ်ပြီ ပါနောက်ရဲ့၊ ဘယ်လိုကနေ ဘယ်လို ငါ့နားကို
ရောက်လာတာလဲ ပြောစမ်းပါဦး"

ဟု ဆားပုလင်းနှင်းမောင်က ဓမ်းရင်း သူ၏အိတ်အတွင်းမှ
ငလေစီယာခေါ် ရေခဲတောင်တံဆိပ် စီးကရက်ကို ထုတ်ယူ၍
မီးညှိရှိုက်ဖွာလိုက်လေ၏။

"ကျွန်တော် ညက ကင်းမစောင့်လို့ တိုက်ပိုင်ကြီးက
ကျွန်တော့်ကို ခေါ်ပြီးဆူတာ၊ အဲဒီမှာ သွားအဆူခံပြီး ဒီဘက်

BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com

ကို လျှောက်လာတာ၊ ဆရာ တယောထိုးနေတာ တွေ့လို့ ကျွန်တော်က ဝင်နားထောင်တာပါ ဆရာရဲ့"

ဟု ပါနောက်က ပြန်၍ဖြေလေ၏။

"နေစမ်းပါဦး ပါနောက်ရဲ့၊ မင်းက ဘာဖြစ်လို့ ကင်မစောင့်ရတာလဲ၊ ကိုယ်ကျတဲ့တာဝန်ကို ပီပီပြင်ပြင်ထမ်းဆောင်ရမှာပေါ့ကွ"

ဟု ဆားပုလင်းနှင့်မောင်က ပြန်၍ပြောလေ၏။

"ဒီလိုရှိတယ် ဆရာကိုနှင့်မောင်ရဲ့၊ ကျွန်တော့်ကို ဘာပဲခိုင်းခိုင်း ကျွန်တော် လုပ်ပါတယ်၊ ဒါပေမယ့် ဒီဂါတ်မှာ ကင်းစောင့်ရမယ်ဆိုရင်တော့ ကျွန်တော် မစောင့်ချင်ဘူး"

ဟု ပါနောက်က ပြန်၍ပြောလေ၏။

"ဘာဖြစ်လို့ မစောင့်ချင်တာလဲ ပါနောက်ရဲ့"

ဟု ဆားပုလင်းနှင့်မောင်က မေးလေ၏။

"သရဲ ကြောက် တယ် ဆရာရဲ့၊ အထူးသဖြင့် ဟောဒီ မန်ကျည်းပင်ကြီးက သရဲကို အကြောက်ဆုံးပဲ"

ဟု ပါနောက်က ပြန်၍ပြောလေ၏၊

"ဒီမန်ကျည်းပင်ကြီးမှာ သရဲ ရှိသလား"

"ရှိတာပေါ့ ဆရာရယ်၊ ဆရာ အခု နေနေတဲ့အိမ်ဟာ အရင်က ရာဇဝတ်အုပ် ကိုမြဖေနေတဲ့အိမ်၊ ရာဇဝတ်အုပ် ကိုမြဖေရဲ့မိန်းမက ဆိပ်ဖြူဘက်က ကျွန်တော်နဲ့ တစ်ရွာတည်းသားချင်းပေါ့ ဆရာရဲ့၊ ကိုမြဖေမိန်းမ မလှကြည်ကို ဟောဒီ မန်ကျည်းပင်က သရဲက မျက်လုံးပြူးပြီး လျှာထုတ်ပြလိုက်တာ မလှကြည်ဟာ တစ်ခါတည်း မေ့လဲသွားတယ်၊ မနည်းကြီး

နှာနှပ်ယူရတယ်၊ ပြီးတော့ တစ်လလောက် ဗျားသွားတယ်၊ အဲဒီကတည်းက မလှကြည် ရွာပြန်သွားလိုက်တာ ကိုမြဖေ လိုက်ခေါ်လို့လဲ ပြန်မလာတော့ဘူး၊ အဲဒီကတည်းက သူတို့ နှစ်ယောက် ကွဲကြတာပဲ"

ဟု ပါနောက်က ပြောလေ၏။

"မင်း ပြောတဲ့အတိုင်းဆိုရင် ဒီမန်ကျည်းပင်က သရဲဟာ တော်တော် ကြမ်းတာပဲ၊ မလှကြည်အပြင် တခြား ဘယ်သူ့ကို ခြောက်သေးလဲ"

ဟု ဆားပုလင်းနှင့်မောင်က ပြန်၍မေးလိုက်လေ၏။

"ရာဇဝတ်အုပ်ဦးလတ်ကြီးကို သရဲက ဟောဒီ မန်ကျည်း ကိုင်းကြီးကိုခိုပြီး ပြဖူးတယ်၊ ဦးလတ်ကြီးက လန့်ပြီး အော်လိုက်တာ ငယ်သံကိုပါနေတာပဲ"

ဟု ပါနောက်က ပြန်၍ပြောလေ၏၊

"အဲဒီ ရာဇဝတ်အုပ်ဦးလတ်ကြီးအပြင် တခြား ဘယ်သူ့ကို ခြောက်သေးသလဲ"

ဟု ဆားပုလင်းနှင့်မောင်က မေးပြန်လေ၏။

"ဒေါ်ငယ်တိုက်မှာနေတဲ့ ဒရဝမ်ကုလား စီတာရမ်းဆိုတဲ့ ကောင်က ညကြီးမိုးချုပ် ဦးလတ်အိမ်ကိုလာတာ ဒီမန်ကျည်း ပင်က သရဲက ဒီကုလားပေါ် ရေတွေလောင်းချတာ ကုလား လန့်ပြီး တစ်ခါတည်းထွက်ပြေးတာ သေတဲ့အထိ ဂါတ်ဝင်းထဲကို မလာရဲတော့ဘူး"

ဟု ပါနောက်က ပြန်ပြောလေ၏။

BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com

ဆားပုလင်းနှင်းမောင်သည် မီးခိုးမျှားကို မှုတ်ထုတ်ရင်း....

"နောက် ဘယ်သူကိုခြောက်သေးသလဲ"

ဟု ပါနောက်အား မေးလိုက်လေ၏။ ထိုအခါ ပါနောက်က....

"အချားကြီးပဲ အခြောက်ခံရတယ်၊ ကျွန်တော် မမှတ်မိတော့ဘူး"

ဟု ပါနောက်က ပြန်၍ဖြေလေ၏။

"ကဲ....ဒီလိုဆိုရင် နောက်ဆုံးတစ်ခုပဲ မေး တော့ မယ်၊ ဒီမန်ကျည်းပင်က သရဲက မင်းကို ဘယ်လိုခြောက်သလဲ"

ဟု ဆားပုလင်းနှင်းမောင်က မေးလိုက်လေ၏။

"အမှန်အတိုင်းပြောရင် ကျွန်တော့်ကို မခြောက်သေးဘူး၊ ကျွန်တော့်ဟာ ကျွန်တော် ကြောက်နေတာ ဆရာရဲ့"

ဟု ပါနောက်က ပြန်၍ခပြာခလေ၏။

"မြန်မာပြည်မှာ သရဲဇာတ်လမ်းတွေ့ နားဆထောင်လိုက်ရင် ကိုယ်တိုင် အခြောက်ခံရတဲ့ ဇာတ်လမ်းက နည်းတယ်ကွ၊ သူဘစ်ပါးက အခြောက်ခံရတာကို ပြန်ပြောတာက များတယ်"

ဟု ဆားပုသင်းနှင်းမောင်က ပြောလေ၏။ ထိုအခါ ပါနောက်သည် စိတ်ဆိုးသွားလေ၏။

"ဆရာ ကိုနှင်းမောင်က သရဲဆိုတာ မရှိဘူးလို့ ဆိုချင် တာလား"

ဟု ပါနောက်က မေးလိုက်လေ၏။

"သရဲဆိုတာ မရှိဘူးလို့ မပြောလိုပါဘူးကွာ၊ အုရားဟောသဲမှာ 'ပေတ' ခတ္တုံဆိုတာပါတယ်၊ အဲဒါဟာ သရဲအကြောင်းပဲ၊ အဲဒါကို မယုံဘူးဆိုရင် ဘုရားဟောကို မယုံဘူးဆိုတာ ဖြစ်သွားမှာပေါ့ကွာ၊ ပြီးတော့ ယောဓင်းကြီး ဦးဘိုးလှိုင်လို ပညာရှိကလဲ 'တစ္ဆတ္ထဒီပနီ' ဆိုတဲ့ သရဲတစ္ဆေ ရှိကြောင်းကို ခိုင်မာတဲ့ကျမ်းတစ်အုပ် ရေးသွားခဲ့ဖူးတယ်၊ အဲဒီတော့ ဒီလောကမှာ သရဲတစ္ဆေမရှိဘူးဆိုတာ ပြောလို့ ဘယ်ဖြစ်မလဲကွာ၊ ပညာရှိပြောတဲ့စကားကို ယုံသလို ဖြစ်တော့မှာပေါ့"

ဟု ဆားပုလင်းနှင်းမောင်က ပြန်၍ပြောလေ၏။ ထိုအခါ ပါနောက်သည် ပို၍စိတ်ဆိုးလာ၏။

"ဒီမှာ ဆရာကိုနှင်းမောင် ရှင်းရှင်းလုပ်ပျာ၊ ဘူးလုံးနားမထွေး မလုပ်ပါနဲ့၊ ဒီလောကမှာ သရဲတစ္ဆေရှိလား မရှိဘူးလား၊ ဆရာ့အနေနဲ့ ဘယ်လိုလက်ခံသလဲ၊ ဆရာ တည့်တည့်ပြောဗျာ"

ဟု ပါနောက်က ပြောလိုက်လေ၏။

ဆားပုလင်းနှင်းမောင်သည် ပါနောက်၏ မျက်နှာကို အကဲခတ်၍ ပြုံးလိုက်လေ၏။ ထို့နောက်....

"ဟေ့ကောင် ပါနောက်၊ သေချာနားထောင်၊ မင်းကို ငါ ပြောပြမယ်၊ တစ်ခါတုန်းက ငါဟာ ဘဏ်ကစားရေးကြီး တစ်ယောက်နဲ့ ဟိုဘက်ခန်း ဒီဘက်ခန်း နေခဲ့ဖူးတယ်၊ အဲဒီ စာရေးကြီးဟာ ည (၉) နာရီလောက်ဆိုရင် သွားစီးတယ်၊ ပလုတ်ကျွဲးတယ်၊ ပြီးတော့ ကော်ဖီခဖျော်တယ်၊ ပြီးရင်

BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com

ကော်ဖီသောက်တယ်၊ ကော်ဖီသောက်ပြီးတာနဲ့ ချောင်းဆိုးတော့တာပဲ၊ ချောင်းဆိုးပြီးရင် သူအခန်းတံခါးတွေ လျှောက်ပိတ်တာပဲ၊ ပြီးတော့ အိပ်တယ်၊ အဲဒီ စာရေးကြီးနှားမှာ ငါ (၇) နှစ်လောက် နေဖူးတယ်၊ စာရေးကြီးနာမည်က ဦးဘရင်တဲ့၊ တစ်နေ့မှာ စာရေးကြီးဟာ သူသမီးတွေနဲ့ အတူနေမယ်ဆိုပြီး တာမွေဘက်ကို ပြောင်းသွားရော၊ ငါလဲ ည (၉) နာရီလောက် ငါ့အခန်းကို ပြန်ရောက်လာတယ်၊ ဦးဘရင်ကြီး ပြောင်းသွားတာ ငါမေ့နေတယ်ကွ၊ (၉) နာရီ ခွေးကျော်လောက်လဲ ကျရော၊ ဦးဘရင်အခန်းက ပလုတ်ကျင်းသံတွေ၊ မျက်နှာသစ်တဲ့အသံတွေ၊ ကော်ဖီဖျော်တဲ့အသံ၊ တံခါးပိတ်တဲ့အသံတွေ ငါ့နားနဲ့ ဆတ်ဆတ် ကိုကြားရတယ်ကွ၊ အဲဒီလို ကြား ရ ပြီး တော့ မှ ဦးဘရင်ကြီး ပြောင်းသွားတယ်ဆိုတာကို သတိရတယ်ဟေ့၊ အဲဒါနဲ့ ငါလဲ မသက်သာလို့ သူ့အခန်းဘက်ကို ကြည့်တော့ သော့ခတ်ထားတယ်ကွ၊ အထဲမှာ အဘိုးကြီးမရှိတာ သေချာပါတယ်ကွာ၊ ငါ အသံတွေကြားလိုက်တာလဲ သေချာပါတယ်ကွာ"

ဟု ဆားပုလင်းနှင်းမောင်က ပြောလိုက်လေ၏။ ပုလိပ်ပါနောက်က....

"အဲဒါ ဆရာ့အခန်းဘေးက ဦးဘရင်ဆိုတဲ့လူကြီး သရဲလာခြောက်တာပေါ့"

ဟု ပြောလိုက်လေ၏။

"အဲဒါနဲ့ ငါလဲ နောက်တစ်နေ့ မနက်မိုးလင်းတော့ ဦးဘရင်ရဲ့ သမီးအိမ်ကို လိုက်သွားတာ၊ ဦးဘရင်ကြီး ဟိုမှာ သတင်းစာထိုင်ဖတ်နေတာကို တွေ့လိုက်ရတယ်၊ အဲဒီတော့ ဦးဘရင်ဟာ အသက်ရှင်လျက် ရှိသေးတယ်၊ မသေသေးဘူး၊ ဘယ်လိုလုပ်ပြီး ဦးဘရင် သရဲခြောက်ရမှာတုံးကွ၊ သူမှမသေဘဲ"

ဟု ဆားပုလင်းနှင်းမောင်တ ပြန်၍ပြောလိုက်လေ၏။

"အဲဒါဆိုရင် ဆရာကိုနှင်းမောင် ကြားရတဲ့အသံက ဘယ်ကအသံလဲ၊ ဘယ်သူလုပ်တာလဲ"

ဟု ပါနောက်က မေးလိုက်လေ၏။

"ဒီလိုကွ၊ ဦးဘရင်ကြီးဟာ အဲဒီအခန်းမှာ နေ့စဉ်နေ့တိုင်း အချိန်မှန်မှန် ပြုလုပ်ခဲ့တဲ့ သခ်ါရအမှုတွေတာ ဓဝ့်ဗ်တေ့အဖြစ်နဲ့ ကျန်ခဲ့တယ်၊ သူမရှိပေမယ့် အဲဒီသခ်ါရအမှုတွေဟာ အရှိန်ရပြီး ဆက်လက်လှုပ်ရှားတာပေါ့ကွာ၊ အဲဒါကို မသိတဲ့လူက သရဲခြောက်သလို အောက်မေ့ရတယ်၊ အမှန်က သရဲမဟုတ်ဘူး"

ဟု ဆားပုလင်းနှင်းမောင်က ပြောလိုက်ရာပါနောက်က....

"ဒီမှာ ဆရာကိုနှင်းမောင်၊ ခင်ဗျား ရှင်းရှင်းဖြေဗျာ၊ တွေ့လိုကာလီတွေ လျှောက်ပြောမနေနဲ့"

ဟု ဒေါ်နှင်မောနှင် မေးလိုက်လေ၏။ထိုအခါ ဆားပုလင်းနှင်းမောင်က....

"မင်းကို ငါပြောဦးမယ်၊ မင်း သေသေချာချာ နားထောင်၊ တောထဲမှာ သစ်ပင်နှစ်ပင် ကပ်လျက်ပေါက်နေ

BURMESE CLASSIC .com

www.burmeseclassic.com

တယ်၊ အဲဒီသစ်ပင်နှစ်ပင်ရဲ့ သစ်ကိုင်းနှစ်ကိုင်းဟာ တစ်ကိုင်းနဲ့ တစ်ကိုင်း ကပ်လျက်ထိနေကြတယ်၊ လေတိုက်တဲ့အခါတိုင်း မှာ တစ်ကိုင်းနဲ့တစ်ကိုင်း ပွတ်ကြိတ်ပြီးတော့ ကျွီကျွီနဲ့မြည်တယ်ကွ၊ နှစ်ပေါင်းများစွာ မြည်လာတယ်ဆိုပါတော့ကွာ၊ တစ်နေ့မှာ သစ်ခုတ်သမားဟာ အဲဒီအပင်နှစ်ပင်လုံးကို ခုတ်ပစ်လိုက်တယ်၊ တစ်ပင်က မန္တလေးသစ်ခွဲစက်ကို ပါသွားတယ်၊ တစ်ပင်က ရန်ကုန်သစ်ခွဲစက်ကိုပါသွားတယ်၊ မန္တလေးကိုပါသွားတဲ့ သစ်ကလေးခွဲပြီးတော့ မန္တလေးမှာ အိမ်ဆောက်တယ်၊ ရန်ကုန်သစ်စက်ကိုပါသွားတဲ့ သစ်ပင်ကလဲ သစ်ခွဲစက်မှာ အခွဲခံရပြီး အိမ်ဆောက်တဲ့ဆီကို ပါသွားတယ်၊ မန္တလေးမှာဆောက်တဲ့အိမ်က သစ်သားကလဲ အိမ်လဲဆောက်ပြီးရော တကျွီကျွီနဲ့ မြည်တော့တာပဲ၊ ရန်ကုန်မှာဆောက်တဲ့ အိမ်ရဲ့ သစ်သားကလဲ တကျွီကျွီနဲ့မြည်တော့တာပဲ၊ အဲဒါကိုသိတဲ့ လူတွေက 'သစ်ခြောက်' လို့ ပြောနေကြတာ၊ အမှန်ကတော့ သစ်ကိုင်းနှစ်ကိုင်း နှစ်ပေါင်းများစွာပွတ်ကြိတ်ပြီး မြည်လာတဲ့အသံဟာ (စဝ့ဖ်)အဖြစ်နဲ့ ဆက်ပြီးမြည်နေတာ၊ ဘာသရဲမှ မဟုတ်ဘူးကွ၊ မြည်တာကတော့ တစ်နေ့လုံး မြည်တာပဲ၊ နေ့ဘက်မှာ တခြားအသံတွေနဲ့ဆိုတော့ မကြားရဘူး၊ ညဘက်မှ ကြားရတော့ ခြောက်သလို ဖြစ်နေတာပေါ့၊ အဲဒီ တကျွီကျွီနဲ့မြည်တဲ့ သစ်သားကို သံချောင်းနဲ့ ရိုက်ပစ်လိုက်တော့ မမြည်တော့ဘူးကွ၊ တခ်ိုကတော့ သစ်မင်းတွေဘာ ဘွဲ့နဲ့ ရိုက်တာပေါ့ကွာ၊ သစ်မင်းနဲ့ဓရိုက်ဘဲ လေးလက်မသံနဲ့ရိုက်လဲ ရပါတယ်၊ မမြည်နိုင်တော့ပါဘူး"

ဟု ပြောလိုက်လေ၏။ ထိုအခါ ပါနောက်က ရွှေးရွှေးရွှားရွှားဖြစ်လာပြီ....

"ဒီမှာ ဆရာကိုနွှင်းမောင်၊ ရွှပ် ရွှပ် ယုက် ယုက် တွေ့လျှောက်ပြောမနေနဲ့ဗျာ၊ ခင်ဗျားအနေနဲ့ သရဲတစ္ဆေကို ယုံသလား မယုံဘူးလား၊ ဒါပဲပြော"

ဟု မြောလေ၏။

"သရဲတစ္ဆေနဲ့ပတ်သက်လို့ မင်းကို ပြောစရာတွေ အများကြီးရှိတယ်၊ တို့လူမျိုးဟာ သရဲနဲ့တစ္ဆေကို ခွဲပြီးနားမလည်ဘူးကွ၊ သရဲခြောက်တာကို တစ္ဆေခြောက်တယ်လို့ပြောလို့ပြော၊ ခွဲခွဲခြားခြားမသိကြဘူး၊ ခေါက်ဆွဲထုပ်ဆွဲပြီး အိမ်ပြန်လာတာ ထန်းပင်ကြီးနားလဲရောက်ရော သရဲက ခေါက်ဆွဲထုပ်ကိုဆွဲလုလို့ ခေါက်ဆွဲထုပ်ပါသွားတယ်လို့ ပြောလို့ပြော"

ဟု ဆားပုလင်းနှင်းမောင်က ပြောလိုက်ရာ....

"အဲဒါ မဖြစ်နိုင်ဘူးလား"

ဟု ပါနောက်က မေးလေ၏။

"ဒီလို...လူရဲ့ သရဲဆိုတာက အင်္ဂလိပ်လို (ဂို့စ်)လို့ ခေါ်တာ၊ သူက ဘာမှ ထိလို့ကိုင်လို့မရဘူး၊ တစ္ဆေကတော့ အင်္ဂလိပ်လို့ (ဒီဗယ်လ်) လို့ ခေါ်တယ်၊ သူက ထိလို့ကိုင်လို့ ရိုက်လို့နှက်လို့ရတယ်၊ တစ္ဆေတွေဆိုတဲ့ ပါဠိကေားဟာ ရိုက်ပုတ်နိုပ်ကွတယ်လို့ အဓိပ္ပာယ်ရတယ် ဒါကြောင့် တစ္ဆေဆိုတာ ရိုက်နှက်နိုပ်စက်တတ်တဲ့ မကောင်းဆိုးဝါးကို ခေါ်တာ၊ ပြီးတာ့ သဘက်ဆိုတာ ရှိသေးတယ်ကွ၊ သူကတော့ အပျင်းကြီးတဲ့ တစ္ဆေတစ်မျိုးပါပဲ၊ သူကိုတော့ အင်္ဂလိပ်လို့

www.burmeseclassic.com

www.burmeseclassic.com

(သေးဇီးဒီဇဲလ်) လို့ ခေါ်တယ်၊ နောက်ပြီးတော့ ပြိတ္တာ
ဆိုဘာ ရှိသေးတယ်ကွ၊ သူကဘော့ ငတ်ကြီးကျတစ္ဆေ
တစ်မျိုးပါပဲ၊ သူ့ကိုတော့ (ဟန်းဂရီးဒီဇဲလ်)လို့ ခေါ်တယ်"

ဟု ဆားပုလင်းနှင်းမောင်က ပြောလိုက်လေ၏၊ ထိုအခါ
ပုလိပ်ပါနောက်သည် မခံမရပ်နိုင်အောင် ဒေါသထွက်လာ
လေတော့၏။

"ဒီမှာ ဆရာကိုနှင်းခမောင်၊ တစ္ဆေ သရဲရှိတာကို ခင်ဗျား
ယုံဘူးလား၊ ဒါကိုပဲ ကျုပ် သိချင်တယ်၊ ပြောပါဗျာ"

ဟု ဆိုလေ၏၊ ထိုအခါ ဆားပုလင်းနှင်းမောင်က....

"ဒီမှာ ပါနောက်၊ မင်းကို ငါ ပြောရဦးမယ်၊ အဲဒါ
ကတော့ မြေဘုတ်ဆိုတဲ့အကြောင်းပဲ၊ ဒီကောင်က လူတွေ
ဘာတွေ ချောင်လဲရင် ခြေထောက်ကိုလာပြီး ဖိဆားတတ်တဲ့
ခကောင်းဆိုးဝါးပဲ၊ သူ့ကို အင်္ဂလိပ်လို (အာ့သ်စွမ်း)လို့
ခေါ်တယ်၊ အဲဒီကောင်က မေးရိုးရှည်ရှည်ကွ၊ သွားလက်က
းခေါင်းကိုကျော်တယ်၊ မြေကြီးပေါ် လျှောက်သွားတဲ့အခါ
းကို ညှပ်တိုပြီး လျှောက်လေ့ရှိတယ်၊ အဘော်အကြည့်ရဆိုးတဲ့
ကောင်းဆိုးဝါးကောင်ပါပဲ၊ တို့မြန်မာတွေကတော့ မြေဘုတ်
ဘီလူးဆိုပြီး ခေါ်တယ်ကွ၊ မြေဘုတ်ဘီလူးရဲ့ ပုံကို ဆွဲထားတဲ့
တစ်ပုံရှိတယ်၊ မင်းကို ငါ ပြဦးမယ်"

ဟု ဆိုကာ ဆားပုလင်းနှင်းမောင်သည် သူ၏အိမ်ပေါ်သို့
က်၍ စာအုပ်တစ်အုပ်ကိုယူလာပြီး ပုလိပ်ကလေး ပါနောက်
ား မြေဘုတ်ဘီလူး၏ပုံကို ပြလေ၏။

မြေဘုတ်ဘီလူးပုံ

ပုလိပ်ကလေး ပါနောက်သည် ဆားပုလင်းနှင်းမောင်
ပြသော မြေဘုတ်ဘီလူး ပုံကိုကြည့်ပြီးနောက်....

"အာစရိရဲ့ မြေဘုတ်ဘီလူးကလဲ မြေဘုတ်ဘီလူးနဲ့မတူဘူး၊
ချောက်နဲ့ တူနေတယ်"

ဟု ပြောလိုက်လေ၏၊ ထို့နောက် ဆားပုလင်းနှင်းမောင်
က....

"နောက်ပြီးတော့ မင်းကို ပြောရဦးမယ်၊ သရဲလဲ မဟုတ်၊
နတ်လဲ မဟုတ်တဲ့ နတ်ပြာ၊ နတ်မဲ့၊ နတ်ဆင်းရဲ ဆိုတဲ့ကောင်

www.burmeseclassic.com

ရှိသေးတယ်ကွ၊ သူ့ကိုလဲ(ခွေးမ)လို့ ခေါ်တယ်၊ သူကတော့ ဦးထုပ်တွေဘာတွေ ပါတယ်ကွ၊ နောက် အဲဒီကောင်က တော်တော် နောက်တီးနောက်တောက်နိုင်တယ်၊ ပစ္စည်းတွေ ဘာတွေ ကျပျောက်ရင် သူက လက်နဲ့ အုပ်ထားတယ်၊ တစ်အောင့်လောက်ကြာမှ ထုတ်ပေးတယ်၊ မှင်စာအသေးစား ပေါ့ကွာ၊ ဟောဒီမှာ ပုံကြည့်"

ဟု ဆိုကာ ပုံကိုပြပြန်၏။

ထိုအခါ ပုလိပ်ကလေးပါနောက်က....

"အဲဒါတွေ ပြောမနေပါနဲ့ ဆရာရယ်၊ ပြလဲ မနေပါနဲ့ ဘရဲတစ္ဆေ ယိုလား မယိုဘူးလားဆိုတာပဲ ပြောပါဗျာ"

ဟု ဆိုလေ၏။

"နောက်ပြီး မင်းကို ပြောရဦးမယ် ပါနောက်ရဲ့၊ မုန့်သည်တွေ၊ အထူးသဖြင့် ဘိန်းမုန့်တို့ ခေါက်မုန့်တို့လုပ်တဲ့ မုန့်သည်တွေ ပထမဦးဆုံး မုန့်သေးသေးလေး လုပ်ပြီး ဖိုပေါ်မှာ တင်မြောက်ထားတာ တွေ့ဖူးတယ်မဟုတ်လား၊ အဲဒါ ဖိုစောင့်နတ်ပေါ့ကွာ၊ အဲဒီ ဖိုစောင့်နတ်ကလဲ မကောင်းဆိုးဝါးပါပဲကွာ၊ ဒါပေမယ့် သူက ပုံစံသိပ်ပြီး အချိုးမကျဘူးကွာ၊ ဟောဒီမှာ ကြည့်...."

ဟု ဆိုကာ မီးဖိုစောင့်နတ်၏ပုံကို ဆွဲပုလင်းနှင်းမောင်က ပြပြန်လေ၏။

မီးဖိုစောင့်နတ်ပုံ

www.burmeseclassic.com

www.burmeseclassic.com

"ဒီမှာ ဆရာကိုနှင်းမောင်၊ ခင်ဗျားကို ရှင်းရှင်းပဲ ပြောမယ်၊ ကျန်တော့်ကို ပုံတွေလဲ ပြမနေနဲ့တော့၊ သရဲ တစ္ဆေ နတ်တွေအကြောင်းလဲ ပြောမနေနဲ့တော့၊ ဆရာ့အနေနဲ့ သရဲ တစ္ဆေရှိတာကို ယုံသလား မယုံဘူးလား၊ အဲဒါပဲပြောတော့၊ ကျန်တော်သွားတော့မယ်"

ဟု ပြောလိုက်ရာ ဆားပုလင်းနှင်းမောင်က....

"မင်းကို ငါ့အနေနဲ့ သရဲတွေ တစ္ဆေတွေ မှင်စာတွေ နတ်တွေ ကြပ်တွေ အကြောင်းလဲ ပြောပြချင်ပါတယ်၊စုဆောင်းဆားတဲ့ ပုံကလေးတွေလဲ ပြချင်ပါတယ်"

ဟု ပြန်၍ ပြောလေ၏။

"တော်ပြီ....တော်ပြီ၊ ကျန်တော် သိချင်တာက ဆရာကိုနှင်းမောင်အနေနဲ့ သရဲ တစ္ဆေကို ယုံသလား မယုံဘူးလား၊ ဒါပဲ"

ဟု ပုလိပ်ကလေးပါနောက်က ပြောလေ၏။

ထိုအခါ ဆားပုလင်းနှင်းမောင်သည် စီးကရက်ကို ဖွာရှိုက်၍ မီးခိုးများကို မှုတ်ထုတ်ရင်း အောက်ပါအတိုင်း အဖြေပေးလိုက်လေ၏။

"မယုံဘူး"

သပ်စိတ်ညစ်တယ်ဗျာ၊ ဆရာကိုနှင်းမောင်အနေနဲ့ စာစွဲကို ယုံသလား မယုံဘူးလားဆိုတာကိုသာပြောပါတော့ဗျာ"

ဟု ပါနောက်က ပြောလေ၏။

"နောက်ပြီး မင်းကို ပြောရဦးမယ်ကွ၊ ရွာတွေ ဘာတွေ ဖန်ဆင်းပြီး အုပ်စုနဲ့ ခြောက်တဲ့ သရဲတစ္ဆေတစ်မျိုး ရှိသေးတယ်ကွ၊ မြန်မာလို 'ကြပ်' လို့ ခေါ်တယ်၊ အင်္ဂလိပ်လို (ဘရောင်နီ)လို့ ခေါ်တယ်၊ နောက်ပြီးတော့ ပင်လယ်သမုဒ္ဒရာကို စောင့်တဲ့ နတ်ဘစ်မျိုးရှိတယ်၊ ငါတို့က 'မေခလာ' လို့ ခေါ်တာပေါ့ကွာ၊ သူရဲပုံက ဟောဒီမှာ"

ဟု ဆိုကာ ဆားပုလင်းနှင်းမောင်သည် ပင်လယ်စောင့် နတ်သမီး၏ ပုံကို ပြပြန်လေ၏။ ထိုအခါ ပုလိပ်ပါနောက်က....



မေခလာပုံ

www.burmeseclassic.com

ထိုအချိန်၌ ကျန်ုပ်အိုင်ပီအောင်သင်းမှာ လစဉ်ပြုလုပ်ရန်ရှိသော 'ခရင်မီနယ်ရီပို့'ခေါ် ရာဇဝတ်မှုဆိုင်ရာ အစီရင်ခံစာများနှင့် 'ခရင်မီနယ်ရီတန်း'ခေါ် ရာဇဝတ်မှုဆိုင်ရာ ပြန်တမ်းများကို ပြုစုနေရသည်ဖြစ်ရာ မောင်ညို၏ ခေါ်သံကို ကြားသော်လည်း ထိုင်ရာမှ တော်တောနှင့် မထဘဲ ဖြစ်နေလေ၏။ ကျန်ုပ်၏ အနီးဘဲလည်း ရာဇဝတ်သားလောကဘဲ ဖိမ့်ဖိမ့်တုန်သော လက်ဝါးဦးကိုကိုကြီးဟု ခေါ်သည့် စုံတောက်အိုင်ပီစစ်ဆေးလည်း ရှိလေ၏။ ထိုအချိန်၌ ပြာတာမောင်ညိုသည် ကျန်ုပ်တို့နှစ်ဦးရှိရာ ရုံးခန်းသို့ရောက်လာပြီးလျှင်....

"ဆရာတို့နှစ်ယောက် လက်ဖက်ခြောက်တစ်ထုပ်စီယူပြီး မင်းကြီးရုံးခန်းကိုလာခဲ့ပါဗျဲ၊ မင်းကြီးကတော့ ဆူနေပြီ"

ဟု ပြောလိုက်ရာ....

"ဘယ်လို ဆူနေတာလဲကွ"

ဟု ဦးကိုကိုကြီးက မေးလိုက်လေ၏။ ထိုအခါ ပြာတာမောင်ညိုက....

"ဘယ်လိုဆူနေတာလဲတော့မသိဘူး၊ သူပါးစပ်က ဒုန်းကြီးဘူးရော၊ အုန်းသီးတွေရော ထွက်နေတာပဲ"

ဟု ပြောလိုက်ရာ ဦးကိုကိုကြီးက....

"ခွေးကောင်....သွားတော့"

ဟု ဆိုကာ နှင်ထုတ်လိုက်လေ၏။

ဘခေဇာကုတ်အနက်ဝတ်ထားဆော လူတစ်ယောက်

တစ်နေ့သဉ်၌ အင်းစိန် စီအိုင်ဒီရုံး၌ စုံထောက်မင်းကြီး မစ္စတာကနစ်ပင်သည် သူ၏ စားပွဲကို လက်သီးဖြင့် ဒိုင်းခနဲ ထုလိုက်ပြီးလျှင်....

"ယူ အော အာ ဒန်းကီးစ် မင်းတို့အားလုံး မြည်းသတ္တဝါတွေဖြစ်ကယ် ဂွတ်မော်နတ်သင်း....တစ်စက်ကလေးမှ အားကိုးရတဲ့ အကောင်တွေမဟုတ်ဘူး၊ အကုန်လုံး သွားခေါ်စမ်း"

ဟု သူ၏ ပြာတာကိုခိုင်းလိုက်ရာ ပြာတာကလေးမောင်ညိုသည် စုံထောက်များ၌ရှိရာ ရုံးခန်းများဆီသို့ သွားပြီးလျှင်....

"ကဲ....ဆရာတို့ရေ၊ မင်းကြီးကတော့ ဆူနေပြီ၊ လက်ဖက်ခြောက် တစ်ထုပ်စီယူပြီး လာခဲ့ကြပါတဲ့"

ဟု နောက်ဆီးနောက်ဆောက်ဖြင့် ဆင့်ဆိုခဲ့လေ၏။

www.burmeseclassic.com

ထို့နောက် ဦးကိုကိုကြီးသည် ကျွန်ုပ်ဘက်သို့ လှည့်ကာ....

"ကဲ....အိုင်ဆေး ကိုအောင်သင်း၊ ပဲ့ထဲက လူပြက်တွေ ပြောသလိုပဲ ပြောတော့မယ်၊ တောင့်တတုန်းခါ ပေါ်ထွက်လာသတ္တဝါလေ့ စိတ်ချမ်းမြေ့တဲ့၊ မင်းကြီးကတော့ ကျွန်ုပ်ကို တောင့်တနေပြီ၊ သွားကြဦးစို့"

ဟု ဆိုလိုက်သဖြင့် ကျွန်ုပ်လည်း စာရွက်များကို ဖန်တုံးဖြင့် ဖိကာ ဦးကိုကိုကြီးနှင့်အတူ မင်းကြီး၏ချုံးခန်းဆီသို့ ထွက်လာခဲ့ခဲ့လေ၏။

ချုံးခန်းဝသို့ခရာက်လျှင် အတွင်းသို့ မဝင်ဝံ့သေးဘဲ အက်ကြဲကြယ်သီးကို စုံစုံစေ့စေ့ တပ်ထားခြင်း ရှိ မရှိ စစ်ဆေးရန်၊ ဦးထုပ်ကို တည့်ရန်၊ ခါးပတ်စောင်းကို နေရာချေရန်၊ ကျိသို့လျှင် အောက်လက်ငယ်သားတို့၏ ထုံးစံအတိုင်း လူကြီးနှင့် တွေ့ခါနီးဘွင် ပြုလုပ်ရသော ပြုလုပ်ဖွယ်ရာများကို ပြုလုပ်ပြီးနောက် နှစ်ယောက်သား အခန်းတွင်းသို့ ပြိုင်တူဝင်ကြပြီးလျှင် မင်းကြီးအား ဆလံပေးလိုက်ကြလေ၏၊ ကျွန်ုပ်တို့ရောက်သွားချိန်၌ အခန်းထဲ၌ လူစုံနေပြီ ဖြစ်၏၊ စုံထောက် ရွှေသွားအောင်မြင့်၊ ဘီလပ်ပြန် ဆရာစိန်၊ ကိုတင်မြင့်၊ ကိုစိန်လှ စသည့် စုံထောက်များသည် ခြေစုံရပ်၍ 'အာင်းရှင်း' ဆဲကာ မင်းကြီး၏ စားပွဲရွှေတွင် စီတန်းနေကြလေ၏၊ ကျွန်ုပ်တို့သည်း ၎င်းတို့နှင့် အတူ ဝင်၍ တန်းစီရလေ၏။

စုံထောက်မင်းကြီး မစ္စတာကရစ်ပင်သည် ကျွန်ုပ်တို့အား တစ်ဦးစီကြည့်လိုက်၏၊ ပြီးနောက် သူ၏မျက်နှာသည် စက္ကူကို လုံးခြေလိုက်ဘီသကဲ့သို့ ရှိုးတွသွား၏။ ထို့နောက်....

"အရင်အမှုတွေ့ မပေါ်သေးဘူး၊ နောက်ထပ် လူသတ်မှုတွေ့ ပေါ်လာပြီ၊ ငါးထပ်ကြီးဘုရားနားက ဇရပ်မှာ ဟိုးလီးမန်း၊ ဘာခေါ်သလဲ"

ဟု ပြောလိုက်ရာ စုံထောက် ကိုတင်ဝင်းက....

"ဖိုးသူတော်ပါ မင်းကြီး"

ဟု ဖြေလိုက်လေ၏၊ ထိုအခါ စုံထောက်မင်းကြီးက....

"ဖိုးသူတော် မဟုတ်ဘူး၊ ဖိုးသူတော်ကို ကျွန်ုပ် ကောင်းကောင်း သိတယ်၊ ဖိုးသူတော်က လည်ပင်းမှာ ပုတီးရှိတယ်၊ ခေါင်းမှာ ဆံပင် မရှိရဘူး၊ သူ ဝတ်တဲ့အဝတ်ဟာ ဘုန်းကြီးဝတ်တဲ့အဝတ်မျိုးပဲ ဖြစ်ဘယ်၊ ဒါပေမယ့် ဘုန်းကြီးလို အဝါရောင် မဟုတ်ဘူး၊ တိုးတဲလီးဝိုက်၊ လူကလေး မောင်တင်ဝင်း မသိရင် မှတ်ထားပါ၊ အခု ကျွန်ုပ်ပြောတဲ့ ဟိုးလီးမန်းက ဖိုးသူတော် မဟုတ်ဘူး၊ ရိုးရိုး ရှပ်အင်္ကျီအဖြူရောင်နဲ့ လုံချည်က ပလိန်းအဖြူရောင် ဝတ်ထားတယ်၊ အဲဒါကြောင့် သူကို ဟိုးလီးမန်းလို့ ပြောတာ၊ အဲဒါ မြန်မာလို ဘာခေါ်သလဲ"

ဟု မေးလိုက်လေ၏၊ ထိုအခါ ဦးကိုကိုကြီးက....

"လူသူတော်လို့ ခေါ်ပါတယ် ဆာ"

ဟု ဖြေလိုက်လျှင်....

"ရုက်စ်....ရက်စ်၊ ဒီတစ်ခါ ကိုကိုကြီး ပြောတာ မှန်တယ်၊ လူသူတော်....လူသူတော်တစ်ယောက် ရင်ဘတ်မှာ ခါးထိုး

www.burmeseclassic.com

www.burmeseclassic.com

ခံရပြီး သေနေတယ်လို့ ဗဟန်းဂါတ်က ငါ့ကို အကြောင်းကြားတယ်၊ အဲဒါ မောင်မင်းတို့ ဆင်းအောဖ်ကရိုင်း၊ အခင်းဖြစ်ပွဲအရောကို အခုချက်ချင်း သွားကြပါ၊ နောက်တစ်ခုက တရားခံကို တစ်လအတွင်း ဖမ်းမပေးနိုင်ရင် အားလုံးကို ရာထူးဘစ်ဆင့်စီ လျှော့ပစ်မယ်''

ဟု မစ္စတာ ကရစ်ပင်က ပြောလိုက်လေ၏။

ထိုအခါ ကျွန်ုပ်တို့ စုံထောက်များသည် ဇက်ကလေးများပုခုံး ဧရိယာလူ၏ခေါင်းကို အကာအကွယ်ယူ၍ နောက်ကလူသည် သူ၏မျက်နှာကို ဝှက်လေ၏။ ပြီးလျှင် မစ္စတာ ကရစ်ပင်က....

''မင်းတို့အားလုံး ရာထူးကျမယ်ဆိုတော့ ကြောက်ကုန်ကြပြီ၊ သရဲနဲ့တွေ့သလို ကြောက်ကုန်ကြပြီ မဟုတ်ဘူးလား''

ဟု မေးလိုက်လေ၏။

''ဟုတ်ပါတယ် သခင်''

ဟု ပြိုင်တူဝိုင်း၍ဖြေလိုက်လေ၏။

''မောင်မင်းတို့ မြန်မာလူမျိုးတွေ သရဲကိုအားကြီးကြောက်တယ်၊ ဂို့စ်တွေ၊ ဒီဗဲလ်တွေကို အားကြီးယုံတယ်''

ဟု မဆီမဆိုင် မေးလိုက်လေ၏၊ အမှန်စင်စစ် မစ္စတာ ကရစ်ပင်သည် မြန်မာလူမျိုးများ သရဲဘစ္စေယုံခြင်းကိုမည်သည်

အချိန်ကပင် မျက်မုန်းကျိုးနေသည် မသိ၊ အကြောင်းဆိုက်သည်နှင့် အပြစ်တင်လေတော့၏၊ ထိုအပြစ်တင်သံသည် သူ၏သက်အောက်တွင် အမှုထမ်းသော စုံထောက်များကိုသာ အပြစ်တင်ခြင်း မဟုတ်၊ မြန်မာလူမျိုး အများစုကို အပြစ်တင်ခြင်း ဖြစ်တန်ရာ၏။

ကျွန်ုပ်တို့ စုံထောက်များမှာလည်း မစ္စတာ ကရစ်ပင်ကို ကြောက်လန့်၍ နေရသည်ဖြစ်ရာ မစ္စတာ ကရစ်ပင်က သရဲသုံသလားဟု ခမ်းလျှင်....

''ယုံပါတယ်''

ဟု ပြိုင်တူ ဖြေလိုက်ကြလေ၏၊ ထိုအချိန်၌....

''မယုံဘူး''

ဟု ဖြေလိုက်သော အသံတစ်သံသည် အခန်းအပြင်မှ ထွက်ပေါ်လာသဖြင့် ကြည့်လိုက်ရာ အရပ်အမောင်းကောင်း၍ ခန္ဓာကြီးနီရောင် အသားရှိပြီး မျက်လုံးမျက်ခုံး ညှို့မှောင်၍ နှာတံပေါ်လှပြီးလျှင် ပိရိစွေစင်လှသော နှုတ်ခမ်းကို ဖိုင်ဆိုင်သည့် မြန်မာဆန်သော ယောကျ်ားတစ်ဦးသည်ဘလေဇာကုတ်အင်္ကျီ အနက်ကိုဝတ်၍ တစ်ပတ်ရစ် ယောလုံချည် ခပ်နွမ်းနွမ်းကို ဆင်မြန်းကာ ချောကလက်ရောင် သက္ကလပ်ဦးထုပ်ကို ခပ်ငိုက်ငိုက် ဆောင်း၍ လွယ်အိတ်တစ်လုံးကိုလွယ်ကာ အခန်းတွင်းသို့ ခင်လာရင်း ပြောလိုက်ခြင်း ဖြစ်၏။

www.burmeseclassic.com

www.burmeseclassic.com

ထိုသူမှာကား ကျွန်ုပ်၏ ချစ်လှစွာသော မိတ်ဆွေကြီး ဆားပုလင်း နှင်းမောင် ဖြစ်ပေတော့၏။ ကျွန်ုပ်သော စုံထောက်များသည် ဆားပုလင်းနှင်းမောင်အား မလိုလားသော မျက်နှာများဖြင့် ဝိုင်း၍ကြည့်ကြသော်လည်း ကျွန်ုပ်နှင့် ဦးကိုကိုကြီးမှာ မူကား ရင်ထဲတွင် ကုလားဘုရားပဲ့ လှည့်သကဲ့သို့ ဒိန်းတပ်တပ်၊ ဒိန်းတပ်တပ်နှင့် ပျော်ရွှင်လျက် ရှိလေတော့၏။ ထို့နောက် ဦးကိုကိုကြီးသည် ကျွန်ုပ်၏အနီးသို့ကပ်ကာ ခပ်တိုးတိုးလေသံဖြင့်....

"ကျုပ်တို့မိတ်ဆွေ ကိုနှင်းမောင်ကြီး ရောက်လာပြီဗျို့၊ ဟိုးလီးမန်း အသတ်ခံရတဲ့အမှု ဘာမှမပူနဲ့၊ နေ့ချင်းညချင်း ပေါ်မှာ"

ဟု ပြောလိုက်လေ၏၊ ကျွန်ုပ်ကလည်း....

"မြေကြီး လက်ခတ်မလွဲပေါ့ ဦးကိုကိုကြီးရယ်"

ဟု ခပ်တိုးတိုး ပြန်ပြောလိုက်လေ၏။

စုံထောက် မင်းကြီး မစ္စတာ ကရစ်ဇင်မှာ ဆားပုလင်းနှင်းမောင်၏မျက်နှာကို မြင်တွေ့လိုက်လျှင်....

"အိုး....ဆားပုလင်း နှင်းမောင် ရောက် လာ တာ ကိုး၊ ချောက်မြို ဂါတ်ကို ပို့ထားတာ ဘယ်လိုကြောင့် ဒီကိုရောက် လာရတာလဲ"

ဟု မေးလိုက်လျှင် ဆားပုလင်း နှင်းမောင်က လွန်စွာ အချိုးကျ၍ လွန်စွာမှ ပီသလှပြီး လွန်စွာမှ ကောင်းသော လေယူလေသိမ်းဖြင့် အောက်ပါအဓိပ္ပာယ်ရသော ဇာတ်လိမ်စကားကို ပြောလိုက်လေတော့၏။

www.burmeseclassic.com

"လန်ဒန်မြို့ ဆင်ခြေဖုံးဖြစ်တဲ့ ဆောက်သမ်ဘန်ပါက်မှာ မွေးတဲ့ အင်္ဂလိပ်လူမျိုးတစ်ယောက်ဟာ မြန်မာပြည်မှာ စုံထောက်မင်းကြီး လာလုပ်ရပြီး သူရဿတ္တိနဲ့ပြည့်စုံတဲ့ မြန်မာလူမျိုးတွေကလဲ လူသတ်မှုကျူးလွန်နေလေတော့ သူခမျာ သရဲအခြောက်ခံရသလိုဖြစ်နေရှာလို့ မြန်မာပြည် ပုလိပ်မင်းကြီးက အမြန်ဆုံး စီအိုင်ဒီကို လာခဲ့ဝါ ဆားပုလင်းနှင်းမောင်ရေ၊ ခင်ဗျား ဘယ်ရောက်ဟော့ ကျုပ်တို့ ရာဇဝတ်မှုတွေကို လန့်ပြီး အရှင်လတ်လတ်က ခန္ဓာပျက်ရှာတော့မယ်လို့ မခင်ပြာရုံဘစ်မည် ကျုပ်ကို သံကြိုးရိုက်ပြီး ခေါ်လိုက်လို့ ဆောက်လာရတာပဲ မစ္စတာ ကရစ်ပင်၊ ခင်ဗျား မယုံရင်လဲ ဟောဒီမှာ သံကြိုးကို ကြည့်နိုင်တယ်၊ မျက်နှာဖြူ ပုလိပ်မင်းကြီးက ကျုပ်လို ရာထူးမရှိတဲ့ မြန်မာတစ်ယောက်ကို ပလစ်ဆိုတဲ့ စကားလေးဘစ်လုံး ထည့်ပေးထားတယ်၊ အဲဒီစကားလေးကို အဓိပ္ပာယ်ဖွင့်မယ်ဆိုရင် ဆောစောက ကျုပ်ပြောတဲ့ အဓိပ္ပာယ်ထက်မနည်း ဖွင့်ရမယ်၊ ဒါတောင် လျှော့ပြီး ဖွင့်ထားတာ"

ဟု ပြောဆိုကာ ကျွန်ုပ်တို့ကဲ့သို့ ရိုးသေစွာ တန်းစီခြင်း၊ မတ်တတ်ရပ်ခြင်း 'အာဘင်းရှင်း' ဆွဲခြင်းတို့ကို မပြုလုပ်တဲ့ ကုသးထိုင်ကိုဆွဲ၍ ထိုင်ချိုက်လေ၏၊ သူ၏ လွယ်အိတ်ကို မစ္စတာ ကရစ်ပင်၏ စားပွဲပေါ်သို့ ဗုန်းခနဲ တင်လိုက်လေ၏၊ ကုတ်အင်္ကျီအိတ် အတွင်းမှ ဂလေစီးရာ ခေါက် ခေဲခဲဘောင် တံဆိပ် စီးကရက်ကို ထုတ်ယူကာ မီးညှိ ရှိုက်ဖွာလိုက်လေ၏၊ ပြီးလျှင် မီးခိုးများကို မျက်နှာကြက်ဆီသို့ မှုတ်ထုတ်လိုက်လေ၏၊

ဆားပုလင်းနှင်းမောင်သည် စုံထောက်မင်းကြီး မစ္စတာ ကရစ်ပင်အား ကာကာ လက်ဖက်ရည်ဆိုင်မှ လက်ဖက်ရည်ကုလားကို ဆက်ဆံသည်ထက် ပို၍ လေးစားမှုကို မပြတဲ့ ရှိလေ၏၊ ဦးကိုကိုကြီးသည် ကျွန်ုပ်အနီးသို့ကပ်ကာ ခပ်တိုးတိုး လေသံဖြင့်....

"အိုင်ဆေး....ကိုအောင်သင်း၊ ကျုပ်တို့မှာတော့ မင်းကြီးကို ကြောက်လိုက်ရတာ ချေးကို ချမ်းနေတာပဲ၊ ဆားပုလင်းနှင်းမောင်ကို ကြည့်စမ်း၊ ကြောက်တဲ့ အမူအရာ မပြဘူးဗျာ၊ ကာကာဆိုင်မှာ လက်ဖက်ရည် ဝင်သောက်တဲ့အတိုင်း ထိုင်နေလိုက်တာဗျာ၊ မင်းကြီးစားပွဲရှေ့မှာ ကျုပ်ဖြင့် အံ့ရော"

ဟု ပြောလိုက်လေ၏၊

"ကျုပ်တို့နဲ့ ဆားပုလင်းနှင်းမောင်နဲ့ ကွာခြားတဲ့ အချက်ဟာ အဲဒီအချက်ပဲ ဦးကိုကိုကြီး၊ ကျုပ်တို့က လူကြောက်လူညံ့တွေ၊ သူက လူဝံ့လူစား၊ ဝံ့စားတဲ့လူကို တော်ချီတန်ရဲ့ လူက အနိုင်ယူရဲကွဲး"

ဟု ကျွန်ုပ်က ပြောလိုက်လေ၏၊ မစ္စတာ ကရစ်ပင်သည် ဆားပုလင်းနှင်းမောင်ကို လှမ်း၍ ကြည့်လိုက်ပြီးနောက်....

"ဘယ်လိုလဲ ဆားပုလင်းနှင်းမောင် သရဲဘစ္စဆိုတာကို မယုံဘူးလား"

ဟု မေးလိုက်လေ၏၊

"သရဲတစ္ဆဆိုးကိုလဲ မယုံဘူး၊ အင်္ဂလိပ်အရာရှိကိုလဲ မယုံဘူး၊ အင်္ဂလိပ်အရာရှိကလဲ ဒီအမှုကို တရားခံပေါ်ခဲ့နှယ်ဂါတ်ကို မပို့ဘူးလို့ ကတိပေးပြီးမှ တရားခံလဲ အလွယ်

www.burmeseclassic.com

www.burmeseclassic.com

အမှုလိုက်တဲ့ စုံထောက်ကို (၂၄)နာရီအတွင်း ချောက်မြို့ကို ပြောင်းမိန့်ထုတ်လိုက်တယ်၊ သရဲတစ္ဆေဆိုတာကို မယုံတာကတော့ ကျုပ်ရဲ့ ခေါင်းထဲက ဆင်ခြင်တုံတရားကြောင့်ပဲ"

ဟု ပြန်၍ ပြောလိုက်ရာ မစ္စတာကရစ်ပင်က ပခုံးနှစ်ဖက်ကို တွန့်၍ လက်နှစ်ဖက်ကို ပက်လက်လှန်လိုက်သေတော့၏။

"အိုး....ဟဲလ် ကျွန်ုပ်တို့ အင်္ဂလိပ် အရာရှိတွေနဲ့ သရဲတစ္ဆေတွေကို အတူတူပဲလို့ ဆားပုလင်းနှင်းမောင်က ပြောချင်တာလား"

ဟု မစ္စတာကရစ်ပင်က မျက်နှာထိမျက်နှာထားနှင့် မေးလိုက်ရာ ဆားပုလင်းနှင်းမောင်က....

"ခင်ဗျားတို့ကို သရဲဘစ္ဆေတွေနဲ့တူတယ်လို့ ထင်တာ ကျုပ် တစ်ယောက်တည်း မဟုတ်ဘူး၊ ကျွင်တို့မြန်မာလူမျိုးအားလုံး ထင်ကြတယ်၊ အဲဒီထင်မြင်ချက် ပိုပြီးခိုင်မာတဲ့နေ့တာ ခင်ဗျား တို့ အိပ်ရာလိပ်လိပ်ပြီး ချုတ်ထားတဲ့ဘောင်းဘီတွေ အမြန်ဆုံး ပြန်ကောက်ကြဖို့ပဲ၊ ခင်ဗျားတို့ ပြန်ရတော့မယ်၊ အဲဒီတော့ မပြန်ခင်မှာ အမှုတမေ့ လို့ ဦးနှောက်ခြောက်နေရင်တော့ ကျုပ် ကူညီမယ်၊ ကျုပ် မကူညီရင် ခင်ဗျားဆဲပင်တွေ ကျုတ်ထွက်သွားမယ်၊ ကျုတ်ထွက်သွားရင် ခင်ဗျား ထိပ်ပြောင်သွားမယ်၊ အင်္ဂလန်ကို ပြန်သွားရင် ခင်ဗျားမိန်းမက ခင်ဗျားကို မှတ်မိမှာ မဟုတ်တော့ဘူး"

ဟု ပြောလိုက်လျှင် စုံထောက်မင်းကြီး မစ္စတာ ကရစ်ပင်သည် ငိုရခက် ရယ်ရခက် ဖြစ်သွားလျက်....

"ခင်ဗျားလိုအထက်အရာရှိကိုမကောင်းပြောဘတ်တဲ့လူကို ဘုရားသခင်က ဘာကြောင့် ဖန်ဆင်းတော်မူသလဲဆိုတာ ကျုပ် ဖြင့် မစဉ်းစားတတ်တော့ဘူး"

ဟု ပြောလိုက်လျှင် ကျွန်ုပ်တို့သည့် မုရမန်ခံဆာဖြင့် ပြုံးစိစိ ကြီး လုပ်နေရသည်ဖြစ်ရာ ရယ်ချင်လျှက်စရယ်ရသော ဥဒဟ သည် မည်မျှ ဆိုးရွားခက်ခဲနေသည်ကို အခါကမှ သိမြင်ခွင့် ရလေတော့၏။

မစ္စတာကရစ်ပင်က..

"ဒီမှာ ဆားပုလင်းနှင်းခင်ဗျာ့ ရန်ကုန်မြို့မှာ ရာဇဝတ်မှု တွေ အများကြီး ဖြစ်နေတယ်၊ အခုပေါ်လာပြီ၊ ဝါးထပ်ကြီး ဇရပ်တစ်ခုထဲမှာ ဟိုးလီးမန်း ဘာ....ဘာ....လူသူတော် တစ် ယောက်ကိုသတ်သွားတဲ့အမှု အခု ဗဟန်းဂါတ်က အကြောင်း ကြားနေတယ်၊ အဲဒါကို အမြန်ဆုံးနည်းနဲ့ တရားခံကို လိုချင် တယ်"

ဟု ပြောလိုက်ရာ ဆားပုလင်းနှင်းမောင်က....

"ဒီမှာ မစ္စတာကရစ်ပင်၊ ဒိုဘီ အင်္ဂရိတောင် အမြန် လိုချင်ရင် ဒိုဘီကုလားကို အမြန်ကြေးပေးရတယ်ဗျ၊ အခု ဒီအမှု ကို ကျုပ်က တရားခံဖော်ပါပြီတဲ့၊ ခင်ဗျားရဲ့ အမြန်ကြေးက ကျုပ်ကို အမြန်ဆုံးနယ်ဂါတ်ကို ပို့မှယ် မဟုတ်လား"

ဟု ပြောလိုက်ရာ မစ္စတာကရစ်ပင်က....

"တရားခံကိုအမြန်ဆုံးဖမ်းပေးပါ ဆားပုလင်းနှင်းမောင်၊ ကျွန်တာတွေ ကျွန်တဲ့ကိစ္စတွေ ကျုပ် အားလုံးတာဝန်ယူပါ တယ်၊ နယ်ဂါတ်ကိုလဲ မပို့ပါဘူး"

www.burmeseclassic.com

www.burmeseclassic.com

ဟု ပြောလိုက်ရာ ဆားပုလင်းနှင်းမောင်က....

"ရယ်စရာပြောတာပါ မစ္စတာကရစ်ပင်၊ ကျုပ်က နယ်ဂါတ်ခွဲမှာ ပေါ့ပါပါတယ်ဗျ၊ ကျုပ်က နယ်ဂါတ်မှာ အပေါင်းအသင်းတွေ အများကြီးရှိတယ်၊ သူတို့ ကျုပ်ကို လွမ်းနေကြပြီ အဲဒါကြောင့် အမူပြီးရင် အကြောင်းရှာပြီး နယ်ပို့ပေးပါဗျာ"

ဟု ပြောဆိုကာ အခန်းတွင်းမှထွက်သွားလေ၏။ထိုအခါ ကျမှပင် မစ္စတာကရစ်ပင်သည် ကျန်ပ်တို့အား....

"မြသံသတ္တဂါတွေ....လခယူပြီး ငိုက်မျည်းနေတဲ့ဒုက္ခသည်တွေ၊ မင်းတို့လို စုံထောက်မျိုးတွေနဲ့သာ ငါစုံထောက်မင်းကြီး လုပ်ရရင် မကြာခင် အင်္ဂလန်ကို ဖင်ဇလန်ပြီး ပြန်သွားရလိမ့်ဦးမယ်၊ အခုထွက်သွားကြ၊ ငါးထပ်ကြီးဘုရားနားက အမှုဖြစ်ပွားတဲ့ ဇရပ်ကြီးကိုသွားကြ၊ စီအိုင်ဒီမှာ တစ်ယောက်မှ မကျန်ခဲ့စေနဲ့၊ အကုန်သွားကြ"

ဟု ပြောလိုက်သဖြင့် ကျန်ပ်တို့လည်း ရုံးခန်းအတွင်းမှ သုတ်သီးသုတ်ပျာနှင့် ထွက်လာခဲ့ကြရလေတော့၏။

အပြင်သို့ရောက်သောအခါ၌ ဆားပုလင်းနှင်းမောင်က....

"ကဲ....အိုင်ပီရေ....မော်တော်ကားထုတ်ဗျာ၊ မောင်းတာတော့ ကျုပ်မောင်းပါ့မယ်"

ဟု ဆိုလိုက်သဖြင့် ကျန်ပ်လည်း စီအိုင်ဒီဝင်းအတွင်းရှိ ကျန်ပ်၏အိမ်မှ ကားကိုသွား၍ ထုတ်ရလေ၏။ ထိုအခါ၌ ဆားပုလင်းနှင်းမောင်သည် ကားကိုမောင်းလေ၏။ ၎င်း၏

အော်မှ ကျန်ပ်က ထို၌၏။ ဦးကိုကိုကြီးသည် နောက်ခုံတွင် ထို၌၏။

ဆားပုလင်းနှင်းမောင်သည် ကားကို ညင်သာစွာ မောင်းလာ၏။ ထိုအချိန်၌ နောက်ခုံမှ ဦးကိုကိုကြီးအား ဆားပုလင်းနှင်းမောင်က....

"မမေးနဲ့ ဦးကိုကိုကြီး၊ ချောက်ဂါတ်မှာ ကျုပ် အားလုံးအဆင်ပြေတယ်"

ဟု ပြောလိုက်သဖြင့် ကျန်ပ်လည်း ကြောင်သွား၏။

"အိုင်ဆေး....ကိုနှင်းမောင်၊ ဦးကိုကိုကြီးက ဘာပြောသေးလို့လဲ၊ ကျုပ်ဖြင့် မကြားလိုက်ပေါင်ဗျာ"

ဟု ကျန်ပ်မေးလိုက်ရာ ဆားပုလင်းနှင်းမောင်က....

"ဦးကိုကိုကြီးက တစ်စုံတစ်ခုပြောမလို့လား မေးမလို့လား မသိဘူးဗျ၊ ပါးစပ်က ဆေးလိပ်ကို ထုတ်လိုက်တာ တွေ့လိုက်တယ်ဗျ၊ အဖြစ်နိုင်ဆုံးကတော့ ချောက်ဂါတ်မှာ အဆင်ပြေရွှဲလားလို့ မေးမယ်ထင်တာပဲဗျ၊အဲဒါကြောင့် ပြောလိုက်တာ"

ဟု ပြောလိုက်ရာ ဦးကိုကိုကြီးသည် တဟဲဟဲရယ်လေ၏။ ထို့နောက်မှ ဦးကိုကိုကြီးက....

"အမှန်ပဲဗျို့၊ ကျုပ်က ကိုနှင်းမောင် ချောက်ဂါတ်မှာ အဆင်ပြေရွှဲလားလို့ မေးမလို့ပါ"

ဟု ပြောလိုက်လေ၏။

"နောက်တစ်ခွန်း မေးမှာလဲ ဟျုပ် မှန်းလို့ရတယ်ဗျ၊ အဲဒါလဲ မှန်မမှန် စမ်းသပ်ရအောင်ဗျာ၊ မေးခွန်းကို စာရွက်နဲ့ ရေးထားပါ"

www.burmeseclassic.com

ဟု ဆားပုလင်းနှင်းမောင်က ပြောလိုက်ရာ ဦးကိုကိုကြီးသည် သူ၏ မှတ်စုစာအုပ်ကိုထုတ်၍ တစ်လုံးနှစ်လုံး ရေးခြစ်လိုက်လေ၏။ ထို့နောက် ဆားပုလင်းနှင်းမောင်က....

"ခင်ဗျား အမှန်မေးတဲ့ မေးခွန်းသာ ဖြစ်ခဲ့ရင်တော့ အကျောက် ခေါက်ဆွဲဆိုင်က အကျောက်နဲ့ မကြည်တို့ နေကောင်းရဲ့လားလို့ မေးမှာပါဗျာ"

ဟု ပြောလိုက်ရာ ဦးကိုကိုကြီးသည် တဟားဟား ရယ်လေ၏။ ပြီးလျှင် သူ ရေးမှတ်ထားသောစာအုပ်ကို ကျွန်ုပ်သို့ ပေးလိုက်ရာ အောက်ပါစာကို တွေ့ရသဖြင့် ကိုနှင်းမောင်၏ ဉာဏ်ရည်ဉာဏ်သွေးကို အံ့သြရသေးတော့၏။

ချောက်မြို့ အကျောက်စားသောက်ဆိုင်မှ
အကျောက်နဲ့ မကြည် နေကောင်းကြရဲ့လား

ထို့နောက် ကျွန်ုပ်က....

"ဘယ်လိုမျှား ကြိုသိနေတာလဲ အိုင်ဆေးရယ်"

ဟု မေးလိုက်လျှင် ဆားပုလင်းနှင်းမောင်က....

"ဦးကိုကိုကြီး....အက်စ်အိုင်ပီဘဝတုန်းက ခေါက်ဂါတ်မှာ နေဖူးတယ်လေဗျာ၊ အဲဒီမှာ အဲဒီစားသောက်ဆိုင်နဲ့ သူနဲ့ ခင်မင်ခဲ့တာဆိုတာကို ကျုပ်က သိထားတယ်၊ မေးစရာရှိရင် ဒီအကြောင်းပဲ မေးရမယ်လို့ စဉ်းစားမိတာပေါ့"

ဟု ပြောပြီးလျှင် ဂလေစီယာ ရေခဲတောင်စီးကရက်ဘူးလိပ်ကို ထုတ်ယူ၍ မီးညှိရှိုက်ဖွာလိုက်ရာ မီးခိုးများသည် အားပြတင်းပေါက်မှ တစ်ဆင့် အပြင်သို့ ထွက်သွားလေတော့၏။

"ဒီမှာ ကိုနှင်းမောင်၊ ကျုပ်တို့ကို မစွတာကရစ်ပင်က သရဲတစ္ဆေယုံသလားလို့ မေးတာ ကျုပ်တို့ကလဲ ကြောက် ကြောက် လန့်လန့်နဲ့ ယုံတယ်လို့ ပြန်ပြီးဖြေနေရတာ၊ အဲဒီအခါမှာ ခင်ဗျားက ဘယ်ကနေရောက်လာမှန်းမသိတဲ့နဲ့ မယုံဘူးလို့ ဝင်အော်လိုက်တယ်၊ တကယ်ပဲ ခင်ဗျား သရဲတစ္ဆေကို မယုံဘူးလား"

ဟု ဦးကိုကိုကြီးက နောက်မှ နေ၍ မေးလိုက်လေ၏။ ထိုအခါ ဆားပုလင်းနှင်းမောင်က....

"လန့်ဒန်မှာ ခြောက်တဲ့သရဲတွေဟာ မြို့ပေါ်မှာမခြောက်ဘူးဗျ၊ လန့်ဒန်မြို့ရဲ့ 'အောက်စကပ်'လို့ ခေါ်တဲ့ ဆင်ခြေဖုံးနေရာတွေမှာပဲ ခြောက်တယ်၊ ခြောက်ရင်လဲ စွတ်စိုထိုင်းမှိုင်းတဲ့ ဥန်လမှာပဲ ခြောက်တယ်"

ဟု ပြန်၍ပြောလိုက်လျှင် ဦးကိုကိုကြီးက....

"ဒီမှာ အိုင်ဆေး၊ ခင်ဗျားကို ကျုပ် မေးတာက သရဲယုံသလား၊ မယုံဘူးလားလို့ မေးတာ"

ဟု ပြောလိုက်လေ၏။ ထိုအခါ ဆားပုလင်းနှင်းမောင်က....

"သရဲခြောက်တယ်လို့ ပြောတဲ့နေရာတွေမှာ ဒိုင်နမိုတစ်လုံးသွားဆားပေးလိုက်မဲ့ပြီးတော့ အဲဒီဒိုင်နမိုကို မေမင်း

www.burmeseclassic.com

www.burmeseclassic.com

ပေးလိုက်စမ်းပါ၊ သရဲခြောက်တယ်ဆိုတဲ့ သတင်းဟာ တ
ဟုတ်ချင်း ပျောက်သွားလိမ့်မယ်''

ဟု ပြောလိုက်လေ၏။ ထိုအခါ ဦးကိုကိုကြီးက....

''ဒီလိုတော့ မပြောနဲ့ အိုင်ဆေး၊ ကားမောင်းသွား
သရဲ ကားပေါ် ခုန်တက်တယ်ဆိုတာ ကြားဖူးတယ်ဗျ၊ က
ပေါ်မှာ ဒိုင်နမိုပါတာပဲဗျ၊ အိုင်ဆေး ပြောတာ ဟုတ်နိုင်
မသား''

ဟု ဦးကိုကိုကြီးက ပြန်၍ ပြောလိုက်လေ၏။

''အဲဒီလိုကားပေါ် ခုန်တက်ပါတယ်ဆိုတဲ့ သရဲအကြော
တွေကို နားဆောင်လိုက်ရင် သရဲဟာ တံခါးပါတဲ့ကားတွေ
ခုန်မအာက်ဘဲ ဘတ်စ်ကားတွေ လော်ရီကားတွေပေါ် ခုန်
ခုန်ဘက်တယ်ဗျ၊ ခုန်ဘက်ရင်လဲ နောက်ဘက်ကပဲ ခုန်တ
ကား၊ ဒိုင်နမိုနဲ့ အဝေးကြီးနေရာကပဲ ခုန်တက်လဲ ရှိတ
ခင်ဗျား သရဲ ဒိုင်နမိုနား လာကိုမလာရဲဘူး''

ဟု ဆားပုလင်းနှင့်မောင်က ပြောလိုက်ရာ....

''ထားပါတော့ဗျာ၊ ကျွပ် မေးတာ ဒါမဟုတ်
ခင်ဗျားအနေနဲ့ သရဲကို ယုံသလား မယုံဘူးလား၊ အဲဒ
ပြောပါဗျာ''

ဟု ဦးကိုကိုကြီးက ပြောလိုက်လေ၏။

''ရာဇဝင်မှာပါကဲ့ သူရဲကောင်း ဥဒိန်ကျော်ခေါင်ဟ
သရဲဖြစ်သွားတယ် ဆိုပေမယ့် သရဲဘဝနဲ့ကို စစ်တေ့ ဝင်
တိုက်ပေးတယ်တဲ့၊ အဲဒါကြောင့် ဘုရင်က လူစွမ်းသူရဲကော
တွေကို ဆုချီးမြှင့်တဲ့အခါမှာ သူ့ကိုပါ ဆုတံဆိပ်တွေ ချီး

ယ်လို့ ကြားဖူးတယ်ဗျ၊ ကြားဖူးတယ်ဆိုတာက ယောမင်း
ဦးဖိုးလှိုင်ရေးတဲ့ တစ္ဆေတ္ထဒီပနီမှာ အတိအလင်း ဆိုထား

''

ဟု ဆားပုလင်းနှင့်မောင်က ပြောလိုက်ရာ အိုင်ပီဦးကိုကို
က....

''ဒီမှာ အိုင်ဆေး၊ခင်ဗျားကို ကျွပ်မေးနေတာက ခင်ဗျား
ဆွေ ယုံသလား မယုံဘူးလားလို့ မေးနေတာ''

ဟု ပြောလိုက်လေ၏။ ထိုအခါ၌ ဆားပုလင်းနှင့်မောင်

''ရှေးဟောင်း တရုတ်ပြည်မှာ စျေးဆိုင်ဖွင့်ပြီး စျေးရော
လူတွေဟာ ရေခဲက်ကလေး တစ်ခဲက် ထားလေ့ရှိတယ်
ကြောင့်လဲဆိုတော့ သရဲတစ္ဆေတွေဟာ လူယောင်ဆေ
စျေးလာဝယ်လေ့ရှိတယ်ဆိုပဲ၊ ဒါပေမယ့် တစ္ဆေဖန်ဆ
ပိုက်ဆံဟာ ရေပေါ်တယ်တဲ့ဗျ၊ ဒါကြောင့် စျေးဝယ်တဲ့သက်ညစ်
ပိုက်ဆံပေးလိုက်တာနဲ့ ဆိုင်ရှင်က အဲဒီပိုက်ဆံကို ရေ
ထဲ ထည့်ကြည့်တယ်ဗျ၊ ပိုက်ဆံဆိုတာ စက္ကူမဟုတ်ဘူးဗျ၊
ဘူးပြားကိုပြောတာ၊ တစ္ဆေဖန်ဆင်းတဲ့ ပိုက်ဆံက ရေပေါ်
တယ်ဆိုပဲ၊ အဲဒါဆိုရင် ပိုက်ဆံကိုနို့က်ယူပြီး တစ္ဆေကို လှမ်း
ပေါက်တော့တာပဲ၊ စည်ပိုင်းတွေ အိုးတွေစုံနေအောင် ဆဲ
တော့တာပဲ၊အဲဒီအခါမှာစျေးလာဝယ်တဲ့ သရဲတစ္ဆေတွေဟာ
ကိန်္နာငယ်လေးနဲ့ ထွက်သွားရရှာတယ်''

ဟု ပြောလိုက်လျှင် ဦးကိုကိုကြီးက....

www.burmeseclassic.com

www.burmeseclassic.com

"အိုင်ဆေး အဲဒါတွေ မပြောနဲ့ဗျာ၊ ခင်ဗျား သရဲ ဘ
သလား မယုံဘူးလား၊ဆိုတာသာ ပြောပါဗျာ"

ဟု ပြောလိုက်လေ၏။ ထိုအခါ ဆားပုလင်းနှင်းမောင်က....

"ကုန်းဘောင် ခေတ်တုန်းက ငအောင်ထွန်း ဆိုတဲ့ ဘ
တစ်ယောက်ဟာ တောလမ်းကိုဖြတ်ပြီး ထန်းရည်ဆိုင်ကို သွား
တာ လမ်းမှာ ခွေးနက်သရဲကြီးက ခြောက်ပါလေရော။ ဒီ
အဲဒီမှာ ငအောင်ထွန်းက ဓားမနဲ့ အတင်းလိုက်ပြီး ခုတ်
တယ်၊ ခွေးနက်သရဲက ကိုယ်ကို ကျုံ့ပြီး တွင်းထဲ ဝင်သွား
ကယ်၊ ငအောင်ထွန်းက တွင်းကို အတင်း တူးတော့တာ။
ခုဒီမှာ ပုတတ် တစ်ကောင် ထွက်လာတော့တာပဲ၊ ပုတ
ခွေးကို ငအောင်ထွန်းက ဓားမနဲ့ တုန့်လိုက်တယ်၊ ပုတ
သရဲကို ငအောင်ထွန်းဟာ ထန်းရည်ဆိုင်ကို ယူလာပြီး ထန်း
ရောင်းတဲ့ ခွေးခေါင်းရဲ့ မိန်းမကို အဲဒီပုတတ်ကို ကင်ခိုင်း
ဆီဆမ်းခိုင်းတယ်။ ပြီးတော့ ငအောင်ထွန်းက ပုတ
ကင်နဲ့ ထန်းရည်ကိုမြည်းတော့တာပဲ၊ များများမကြာ မီမှာပဲ ခွေး
ခေါင်း မိန်းမဟာ ကိုယ်ဝန်ရှိတော့တာပဲ၊ ပြီးတော့ ကလေး
မွေးတယ်၊ အဲဒီကလေး စကားပြောတတ်တဲ့အခါမှာ ငအော
ထွန်းဟာ ထန်းရည်ဆိုင်ကို ရောက်သွားတယ်၊ အဲဒီကလေ
ဟာ ငအောင်ထွန်းကိုလဲ မြင်ရော အမေရေ....ငါ့ကိုဝက်ထ
ပါ၊ ငအောင်ထွန်း လာပြီး ငါ့ကို ထန်းရည်နဲ့မြည်းလိမ့်မယ်လ
အော်ပြီး ငိုရှာတယ်၊ အဲဒါကတော့ သရဲသေပြီး ခွေးခေါင်း
မိန်းမ ဗိုက်ထဲမှာ လူဝင်စား ပြန်ဖြစ်တာကို ပြောတာဗျ"

ဟု ပြောလိုက်ရာ ဦးကိုကိုကြီးက....

"အိုင်ဆေး....တစ်ဆိတ်ကလေး လွှဲပြီးထင်တယ်ဗျာ၊ကျုပ်
မေးတာ တစ္ဆေသရဲကို ခင်ဗျား ယုံလား မယုံဘူးလား အဲဒါ
ကိုပဲ ယတိပြတ်ဖြေဗျာ၊ ကျွန်တာတွေကို မပြောနဲ့တော့၊ ကျုပ်
နားပိတ်ထားပြီ"

ဟု ပြောလိုက်သဖြင့် ကျွန်ုပ်လည်း ဦးကိုကိုကြီးကို လှမ်း၍
ကြည့်လိုက်ရာ ဦးကိုကိုကြီးသည် နားနှစ်ဖက်ကို လက်ဝါး
ဖြင့် ပိတ်ထားသည်ကို တွေ့ရလျှင် ကျွန်ုပ်မှာ ရယ်ရသေး
တော့၏။

ထို့နောက် ဦးကိုကိုကြီးက နားကိုအုပ်ထားသော လက်
များကို ဖွင့်လိုက်လျှင် ဆားပုလင်းနှင်းမောင်က....

"ဒီမှာ ဦးကိုကိုကြီး၊ ခင်ဗျားက နားတွေပိတ်ထားတော့
ဘယ်ကြားမလဲဗျ၊ ကျုပ်က ဖြေပြီးပြီ"

ဟု ပြောလိုက်လျှင် ဦးကိုကိုကြီးက....

"နို့....နို့....နို့....အိုင်ဆေး လိမ်တာ၊ ဒါ သက်သက်ညစ်
လုံးပဲဗျ၊ ကျုပ် မေးတာကို ခင်ဗျား အခုထက်ထိ မဖြေရသေး
ဘူးလေ"

ဟု ပြောလိုက်လျှင် ဆားပုလင်းနှင်းမောင်က....

"မြင်းခြံမှာ အရေးပိုင်လုပ်သွားတဲ့ မုဆိုးနှစ်ဖြူတစ်ယောက်
တာ ကျောက်ပန်းတောင်းက မျက်လှည့်ဆရာ 'ပတ်သီကွင်း'
ဆိုတဲ့ လူက သရဲခေါ်ပြဖူးတယ်လို့ ကျုပ် ကြားဖူးတယ်"

www.burmeseclassic.com

ဟု စကားစလိုက်သည်နှင့် ဦးကိုကိုကြီးသည် သူ့၏နားနှစ်ဖက်ကို လက်ဖြင့် ပိတ်ထား လိုက်လေတော့၏။ ထိုအခါ ဆားပုလင်းနှင်းမောင်က....

"ဒီမှာ ဦးကိုကိုကြီး၊ ခင်ဗျား သေချာနားထောင်၊ ကျုပ် အဖြေပေးမယ်၊ သရဲဘစ္စဆိုတာကို ကျုပ် မယုံဘူး၊ အာကြောင့် မယုံသလဲလို့ မမေးနဲ့၊ ကျုပ် သေသေချာချာစဉ်းစားထားတဲ့ ပြဿနာဖြစ်တယ်"

ဟု ပြောလိုက်လေ၏။ ထိုအခါ ဦးကိုကိုကြီးက....

"ဩော်...."

ဟုသာ ရေရွတ်နိုင်လေတော့၏၊

"ခင်ဗျား သိပ်အံ့ဩသွားသလား ဦးကိုကိုကြီး"

ဟု ကျွန်ုပ်က မေးလိုက်ရာ ဦးကိုကိုကြီးက....

"ကိုနှင်းမောင် သရဲမယုံဘူးလို့ ဖြေမယ် ဆိုတာကိုတော့ ကျုပ် ထင်ထားပါတယ်ဗျာ၊ မယုံတာကို မယုံဘူးလို့မခံပြာဘဲ သရဲအကြောင်းတွေကို ရှည်ရှည်ဝေးဝေးကြီး လျှောက်ပြောနေတာကို အံ့ဩလို့ပါ"

ဟု ပြောလိုက်လေ၏။ ထို့ခါ ဆားပုလင်းနှင်းမောင်က....

"ငါးထပ်ကြီးဘုရားတော့ ရောက်ပြီဗျို့၊ ဟောဟို ဇရပ်နဲ့ တူတယ်"

ဟု ပြောလိုက်သဖြင့် ကျွန်ုပ်လည်း လှမ်းကြည့်လိုက်ရာ နှစ်ထပ်တိုက် ဇရပ်ဟောင်းကြီးတစ်ခုကို တွေ့ရလေ၏။ နှစ်ထပ်တိုက် ဇရပ်အဝင်ဝတိုင်နားတွင် ပုလိပ်တစ်ဦးသည် ပထက်

ဦးဘ သေနတ်ကြီးတစ်ခုကိုပိုက်လျက် အိပ်ငိုက်နေသည်ကိုတွေ့ရလေ၏။

ထိုအချိန်၌ ဦးကိုကိုကြီးက....

"ဦးခင်ဗျားရေ....ဟိုလူစုခေါ် ရောက်နေနှင့်ပြီဗျို့၊ ဦးမောတွေ့လား၊ မော်တော်ဆိုင်ကယ်တွေ့ ထောင်ထားတယ်၊ ဟောဟိုးမှာ ကိုစိန်လှ ပေကြီးတိုင်းနေလေရဲ့၊ ဒီလူကတော့ ဒီအိုင်ဒီမှာမလုပ်ဘဲ မြေတိုင်းဌာနမှာလုပ်ရင် တောင်းမယ်ဗျ၊ ဟော....ဗဟာ....အခင်းဖြစ်ပွားတဲ့ ဇရပ်ထဲကို ဝင်သွားကြပြီဗျို့"....

ဟု ပြောသဖြင့် ကျွန်ုပ်လည်း လိုက်၍ ကြည့်ရလေ၏။

ဆားပုလင်းနှင်းမောင်သည် မော်တော်ကားကို ရပ်လိုက်၏။ ကျွန်ုပ်နှင့် ဦးကိုကိုကြီးသည် ကားပေါ်မှ ဆင်းပြီးလျှင် ရပ်ဆိုင်းသို့ လျှောက်သွားကြ၏။ ကိုနှင်းမောင်သည်လည်း ကျွန်ုပ်တို့နှင့် မလှမ်းမကမ်းတွင် လိုက်ပါလာ၏။ ခြံအဝင်ဝတွင်တိုင်ကိုမှီ၍ ရပ်နေသော ပုလိပ်ကလေးသည် ခြေသံကြားသဖြင့် မျက်လုံးကို ဖွင့်ကြည့်လိုက်ရာ ကျွန်ုပ်တို့ စုံထောက်အရာရှိများကို တွေ့သဖြင့် ခြေကိုဆောင့်၍ ဖြောင်းခနဲ ဆလံပေးလိုက်လေ၏။ ကျွန်ုပ်တို့လည်း ၎င်း၏ရှေ့မှ ဝင်သွားကြ၏။ ပုလိပ်ကလေးအနီးသို့ ဆားပုလင်းနှင်းမောင် ရောက်လာ၏။ ဆားပုလင်းနှင်းမောင်သည် ထိုပုလိပ်ကလေးကို ကြည့်မြဲမြဲ ကြည့်ပြီးနောက်....

"မင်းတို့ဂါတ်မှာ ပုလိပ်ကိုမောင်နု ရှိသေးလား"

ဟု မေးလိုက်လေ၏။ ထိုအခါ ပုလိပ်ကလေးက....

www.burmeseclassic.com

www.burmeseclassic.com

"မရှိတော့ပါဘူး ဆရာ၊ ဝင်စင်ယူသွားပါပြီ၊ အဲဒီ ကိုနု ဟာ ကျွန်တော့်အဖေပါပဲ"

ဟု ပြန်၍ ဖြေလေ၏၊

"ကိုမောင်နု အခု ဘယ်မှာနေသလဲကွ"

ဟု ဆားပုလင်းနှင်းမောင်ကမေးလိုက်ရာ ထိုပုလိပ်ကလေးက....

"အရိုးကုန်းရပ်ကွက် ဒေါ်ဘုင့်လမ်းထဲမှာ၊ လမ်းထဲ ဝင်သွားတာနဲ့ ပင်စင်စား ပုလိပ်သား မောင်နုဆိုတဲ့ ဆိုင်းဘုတ် ချိတ်ထားပါတယ်"

ဟု ပြန်၍ဖြေလေ၏၊

"သူသားသမီးတွေ ငါ အကုန်သိပါတယ်၊ သူမှာ သမီး သုံးယောက်ပဲ ရှိပါတယ်၊ တစ်ယောက်က တာမွေဂါတ်က ပုလိပ်လေးနဲ့ အိမ်ထောင်ကျတယ်၊ တစ်ယောက်က သီတာ လမ်းထိပ်က ဆိုက်ကားဆရာနဲ့ အိမ်ထောင်ကျတယ်၊ အကြီးမ လေးဆိုရင် ဟိုတစ်နှစ်က ကိုယ်ခန့်ပျက်ကျသေးတယ်၊ ငါ သူ့ကို ရင်းရင်းနှီးနှီး သိပါတယ်၊ ဒါပေမယ့် မင်းကို ငါ မသိဘူးကွ"

ဟု ဆားပုလင်း နှင်းမောင်က ပြောလိုက်ရာ....

"ကျွန်တော့်အဖေက ပြီး ခဲ့ တဲ့ ရှစ် လ လောက် က မ ကျွန်တော့်အမနဲ့အိမ်ထောင်ကျတာပါ၊ ကျွန်တော်က မယား ပါ သားပါ ဆရာ၊ ဦးနုက ကျွန်တော့်ပထွေးပါ၊ ဒါပေမယ့် ဒီလိုရှိပါတယ် ဆရာ၊ ကျွန်တော့်မထွေး ဦးနုနဲ့ ကျွန်တော့် အမေ ဒေါ်မြဟာ ငယ်စဉ်ကတော့ သမီးရည်းစား ဖြစ်ခဲ့ကြ

သေးတယ်ဆိုပဲ၊ ဒါပေမယ့် ဖူးစာမပါလို့မရခဲ့ကြဘူး၊ လွန်ခဲ့တဲ့ ရှစ်လလောက်က ကျွန်တော့်အမေကလဲ မုဆိုးမ၊ ကျွန်တော့် ပထွေးကလဲ မုဆိုးဖို့ဆိုတော့ မုဆိုး မုဆိုးချင်း ပစ်ခတ်ဖမ်းကြ တာနဲ့ တူပါတယ် ဆရာ"

ဟု ပြောလိုက်ရာ ဆားပုလင်း နှင်းမောင်၏မျက်နှာသည် ပြုံးယောင်သမ်းသွားလေတော့၏။ ထို့နောက် ဆားပုလင်း နှင်းမောင်က....

"မင်းနာမည် ဘယ်လိုခေါ်သလဲ"

ဟု မေးလိုက်ရာ ပုလိပ်ကလေးက....

"ကျွန်တော့်နာမည် မောင်မြနုပါ၊ အမေ့နာမည်ရော အဖေ့ နာမည်ပါ ပါခဲ့အောင် ကျွန်တော် နာမည်သစ် မှည့်ထားပါတယ်"

ဟု ဆိုကာ ဆားပုလင်း နှင်းမောင်အား ပြန်၍ကြည့်လိုက်လေ၏။

ထိုအခါ ဆားပုလင်း နှင်းမောင်က....

"မင်း ထော်တယ်၊ လောကကြီးကို ရယ်စရာအဖြစ် မြင်တတ်တယ်၊ တစ်ခန့ မင်း ကြီးပွားလိမ့်မယ်"

ဟု ပြောဆိုကာ နှုတ်ဆက်၍ ကျွန်ုပ်တို့နောက်သို့ လိုက်လာလေတော့၏၊

အလောင်းကြီးဘေးတွင် ကျွန်ုပ်တို့ စီအိုင်ဒီမှ စုံထောက် ကျော်များ ဖြစ်ကြကုန်သော ဘိလပ်ပြန် ဆရာစိန်၊ ရေဆွေး အောင်မြင့်၊ ကိုတင်ဝင်း၊ ကိုစိန်လှတို့သည် လက်ထဲတွင်မှတ်စု စာအုပ်ကိုယ်စီဖြင့် မည်သည့်အရာကို ရေးမှတ်နေကြသည် မသိ

www.burmeseclassic.com

ရေးမှတ်နေကြလေ၏။ ၎င်းတို့အနက်မှ ဘိလပ်ပြန် ဆရာစိန်သည် တစ်မူထူးကဲကာ အလောင်းကြီး၏ အရပ်အမောင်းကို ပေကြိုးတိုင်းနေလေ၏။

ထိုအချိန်၌ ကျွန်ုပ်နှင့်ဦးကိုကိုကြီးတို့လည်း ၎င်းဘို အသုဘကမ္မဋ္ဌာန်းရှုနေသော်ငိုင်းသို့ ဝင်ရောက်ကာ မရှုမလှ သေဆုံးနေသော အလောင်းကြီးကို ကြည့်နေလေ၏။ ထိုအခါ ဦးကိုကိုကြီးက ကျွန်ုပ်အား တိတောင်ပြင့်တွက်ကာ....

"အိုင်ဆေး....သူများတွေ့ မှတ်စုစာအုပ်တွေနဲ့ ရေးနေကြတယ်၊ ခင်ဗျားလဲ ရေးစေတာ့လေဗျာ"

ဟု တိုးတိုး ပြောလေ၏။

"ဘာကိုရေးရမှာလဲ ဦးကိုကိုကြီးရဲ့"

ဟု ကျွန်ုပ်က ပြန်၍မေးလိုက်ရာ ဦးကိုကိုကြီးက....

"ဘာရယ်စရာ ဘယ်ဟုတ်မလဲဗျာ၊ လူအထင်ကြီးအောင် မှတ်စုစာအုပ်နဲ့ ရေးခိုင်းတာဗျ၊ ဟိုမှာ သူများတွေလုပ်နေကြတာ မတွေ့ဘူးလား"

ဟု ပြောသဖြင့် ကျွန်ုပ်မှာ ပြုံးခဲ့သေးတော့၏။

ဆားပုလင်း နှင်းမောင်မှာမူ အလောင်းအနီးသို့ မလာဘဲ ဇရပ်အတွင်းသို့ လှည့်ပတ် ကြည့်ရှုနေလေ၏။ ထို့နောက် အတွင်းလေကားမှနေ၍ ဇရပ်ပေါ်သို့ တက်၏။ အပေါ်ဆင့်ရှိ ဇရပ်အောပတ်ပတ်လည်မှ ဝရန်တာတစ်လျှောက်သို့လျှောက်၍ ကြည့်၏။ တစ်နေရာသို့အရောက်တွင် ပြတင်းပေါက်မှနက်လေးတစ်ချပ် မရှိသည်ကို တွေ့သဖြင့် အောက်သို့ငုံ့ကြည့်လိုက်ရာ

သဘင်းစာစက္ကူကို ကော်သုတ်၍ ကပ်ထားသော မှုန့်ကွဲစများကို တွေ့ရသလော်။ ဆားပုလင်း နှင်းမောင်သည် ထိုမှုန့်ကွဲစများတို့ကို ကပ်ထားသော သတင်းစာ စက္ကူကို ခွာထားကာ အက်ကြိအိတ်ထဲ ကောက်၍ ထည့်လိုက်လေ၏။ ထို့နောက် ဝရန်တာနှင့် အနီးဆုံး မန်ကျည်းပင်သို့ လှမ်း၍ကြည့်ပြီးလျှင် မန်ကျည်းကိုင်းကို လှမ်း၍ဆွဲလိုက်လေ၏။ ထို့နောက် အောက်သို့ ဆင်းသွားပြီးလျှင် မန်ကျည်းပင်ပေါ်သို့ တက်ကာ ဝရန်တာနှင့် အနီးဆုံးမန်ကျည်းကိုင်းပေါ်သို့တက်၍ ဝရန်တာဘက်သို့ လှမ်း၍ခုန်လိုက်လေ၏။ ကိုနှင်းမောင် လုပ်သည်ကို ကျွန်ုပ်သည် နောက်မနေ၍ အစအဆုံးလိုက်၍ကြည့်နေမိသည်၊ သို့နောက် ကိုနှင်းမောင်သည် ကျွန်ုပ်ဘက်သို့လှည့်ကာ....

"ဘယ်လိုလဲ အိုင်ဗီ၊ အသုဘ ကမ္မဋ္ဌာန်းရှုလို့ ပြီးပြီလား"

ဟု လှမ်း၍မေးလိုက်လျှင် ကျွန်ုပ်က....

"အသုဘ ကမ္မဋ္ဌာန်း မဟုတ်ဘူး၊ အခု အောက်မှာ စကားခြင်းခုံတဲ့ဝိုင်း ဖြစ်သွားပြီဗျို့၊ ကျုပ်တို့ စုံဆောက်တွေ ခြင်းခုံကုန်ကြပြီ"

ဟု ပြောလိုက်လေ၏။ ထိုအခါ ဆားပုလင်းနှင်းမောင်သည် အတွင်းလေကားမှနေ၍ အောက်ထပ်သို့ဆင်းလာ၏။ အောက်ထပ်သို့ရောက်လျှင် ကြမ်းပြင်ပေါ်မှ ခြေရာများကို ပူးထောက်၍ ငုံ့ကြည့်နေလေ၏။ ပြီးလျှင် နံရံပေါ်သို့ လှမ်း၍ ကြည့်လို၏။ နံရံပေါ်တွင် သွေးဖြင့်ရေးထားသော အောက်ပါစာသားကို တွေ့ရသလော်။

www.burmeseclassic.com

ဘုမ္မာဝတီ အရွှေပြတော်ပုံ

သွေးဖြင့်ရေးထားသော စာလုံးများမှာ ညီညာလှပခြင်း မရှိလှပေ။ သွေးများစီးကျခဲ့၏။ ဆားပုလင်း နှင်းမောင်သည် ထိုစာကို အနီးမှတစ်ဖန် အဝေးမှတစ်ဖန် သေချာစွာ ကြည့်ပြန်၏။ ထို့နောက် လူသေအလောင်းကို သွားကြည့်၏။ လူသေအလောင်းမှာ အရပ်မြင့်မြင့်၊ ဥပဓိရုပ် သန့်ပြန့်သော လူလတ်ပိုင်းအရွယ် လူဘစ်ယောက် ဖြစ်၏။ ဝတ်ဖြူစင်ကြယ် ဝတ်ထား၏။ လက်တွင် ပုတီးပတ်ထား၏။ ပုတီးမှာ ကြေးဖြင့် ပြုလုပ်ထားသော ပုတီးဖြစ်၏။ ပုတီးကွင်း၏တစ်နေရာတွင် ကြိုးနီစကလေး တစ်စဖြင့် - ချည်ထားသဖြင့် ဆားပုလင်း နှင်းမောင်သည် ကြိုးနီစကလေးကို ဖြုတ်၍ ပုတီးစိပ်ကြည့်၏။ ထို့နောက် သေဆုံးသူ၏နဖူးပေါ်မှ သွေးခြောက်ခိုင်းထားသော စက်ဝိုင်းကိုသေချာစွာကြည့်၏။ ပြီးလျှင် ဆားပုလင်းနှင်းမောင်သည် မှတ်စုစာအုပ်မှ စာရွက်ကလေးကို ဖြဲယူကာ ၎င်း၏ မီးခြစ်အတွင်းမှ ဓာတ်ဆီစိုနေသော ဂွမ်းစကို ထုတ်၍ခါပြီး စက္ကူတွင် လျှောက်၍ပွတ်၏။ ထို့နောက် ထိုစက္ကူကို သေသူ၏ နဖူးပေါ်သို့ ကပ်လိုက်လေ၏။ ပြီးလျှင် ဆွဲ၍ခွာလိုက်ကာ အနီးကပ်၍ ကြည့်ရှုလိုက်လေ၏။ ကြည့်ပြီးနောက် မှတ်စုစာအုပ်တွင်းသို့ ပြန်၍ညှပ်ကာ စာအုပ်ကို ကုတ်အင်္ကျီအိတ်တွင်းသို့ ထည့်လိုက်လေ၏။

ထို့နောက် လူသတ်သမားသည် နံရံပေါ်သို့ သွေးပေသော လက်ဖြင့် အားပြုကာထောက်၍ ထလိုက်သောကြောင့် ဆင်၍ကျန်နေခဲ့သော လက်ဝါးပုံစံကို လှမ်း၍ကြည့်လိုက်၏။ ဆားပုလင်း နှင်းမောင်သည် စာရွက်တစ်ရွက်ကို ထုတ်ပြန်၏။ ဓာတ်ဆီဝနေသော ဂွမ်းဖြင့် စက္ကူကို သုတ်ပြန်၏။ ထို့နောက် ထိလက်ဝါးပုံသဏ္ဌာန်တွင် သွား၍ကပ်ပြန်၏။ ဓာတ်အောင့်မှုကြာလျှင် ထိုစက္ကူကို ခွာယူ၍ကြည့်လိုက်ရာ စက္ကူပေါ်တွင် သွေးဖြင့် နှိပ်ထားသော လက္ခဏာပုံစံတစ်ခုကို တွေ့ရလေတော့၏။

ဆားပုလင်း နှင်းမောင်သည် ထိုလက်ပုံစံကို ကြည့်ပြီးနောက် ပြုံးလိုက်လေ၏။ ကျွန်ုပ်က ၎င်းအနီးသို့ကပ်၍....

"အိုင်ဆေး....ဘာပြုံးတာလဲ"

ဟု မေးလိုက်ရာ ဆားပုလင်း နှင်းမောင်က....

"လွန်ခဲ့တဲ့ နှစ်ပေါင်း(၃၀)လောက်တုန်းက လန်ဒန်မြို့ဘရော့ဒ်ဝေး လမ်းမကြီးပေါ်မှာ လူသတ်မှုတစ်ခု ဖြစ်ခဲ့ဖူးတယ်၊ ရာသီကလဲ ဆောင်းရာသီဗျ၊ အသက် (၅၀)လောက်ရှိတဲ့ လူကြီးတစ်ယောက်ဟာ တိုက်နံရံတစ်ခုဘေးမှာ ခေါင်းဆုံကြီးနဲ့ ပိုးလိုးပက်လက် သေနေတာဗျို့၊ အဲဒီမှာ စကော့တလန်ယာဒ်က စုံထောက်ကျော်တော့လဲ အခုအတိုင်းပေါ့ဗျာ၊ အခေါင်းကြီး ပတ်ပတ်လည်မှာ ဝိုင်းဝိုင်းလည်နေတာပေါ့၊ အဲဒီဘေးမှာလဲ လူတွေက အုံနေတာပေါ့ဗျာ၊ အဲဒီအထဲမှာ လူတစ်ယောက်တ လူသတ်သမားဟာ မသွေးပေ

www.burmeseclassic.com

တဲ့ လက်နဲ့ နံရံကိုအားပြုပြီး ထောက်သွားလို့ ထင်ကျန်ရစ်ခဲ့တဲ့ လက်ပုံကို အနီးကပ်လေ့လာနေတာမျှို့၊ ပြီးတော့ သူမှာ မှန်ဘီလူးတစ်လက်လဲပါလေတော့ မှန်ဘီလူးလေးကိုထုတ်ပြီး လက်ပုံကိုကြည့်နေတယ်မျှို့၊ စကော့တလန်ယာဒ်စုံခွဲတာက်တွေကလဲ လူသတ်သမား ဘယ်သူဘယ်ဝါဆိုတာတောင် မပြောနိုင်ဘူးမျှို့၊ အဲဒီအခါမှာ စောစောကလက်ဝါးပုံကိုကြည့်နေတဲ့ အရပ်ဆားတစ်ယောက်က "ဟောဒီလက်ဟာ လူသတ်သမားရဲ့ လက်ပဲ၊ ဒီလူသတ်သမားဟာ ဆွေကြီးမျိုးကြီးထဲကပဲ"လို့ ပြောပြီး သေဆုံးသူရဲ့လက်ဝါးကို သွားပြီးဖြန့်ကြည့်တယ်ပြီးတော့ "ဟောဒီ သေဆုံးသူကလဲ သာမန် သူလိုကိုယ်လို လူ မဟုတ်ဘူးမျှို့၊ "ကောင့်" မျိုးရိုးထဲက ဖြစ်မယ်လို့ ဟောဒီကံလမ်းကြောင်းကြီးဆိုတဲ့ လမ်းကြောင်းကြီးက ဖော်ပြနေတယ်၊ ပြီးတော့ အသက်လမ်းကြောင်းကိုဖြတ်ပြီး ထွက်နေတဲ့ လမ်းကြောင်းဟာလဲ ဆွေမျိုးသားချင်းရဲ့ လက်ချက်နဲ့ အသက်ဆုံးမယ်လို့ ဖော်ပြထားတယ်၊ သတ်တဲ့လူနဲ့ သေတဲ့လူဟာ ဆွေမျိုးရင်းချာတွေဗျ"လို့ ပြောလိုက်တယ်၊ အဲဒီအခါမှာ စကော့တလန်ယာဒ်အဖွဲ့တွေက 'ကောင့်စာရင်း'ဟောင်းကို သွားပြီးလှန်ကြတော့တာခဲ့၊ အဲဒီလို လှန်ကြည့်လိုက်ရင်ပဲ သေဆုံးသူအဘိုးကြီးဟာ ကောင့်ဘွဲ့ရထားတဲ့ ဆွေကြီးမျိုးကြီး တစ်ဦးဆိုတာ သိရတော့တာပဲ၊ ပြီးတော့ အဲဒီက နေပြီး လိုက်လိုက်တာဟာ လူသတ်သမားဟာ တခြားလူ မဟုတ်ဘူးမျှို့၊ ကောင့်ဘွဲ့ရထားတဲ့လူကြီးရဲ့ တူအရင်း ဖြစ်နေတယ်"

ဟု ဆားပုလင်းနှင်းမောင်က ပြောလိုက်လျှင် ဦးကိုကိုကြီးက....

"အဲဒီလူ တယ်တော်လှချေလားဗျာ၊ စုံထောက်တွေထက် တောင် တော်နေပါလားဗျ"

ဟု မေးလိုက်ရာ ဆားပုလင်းနှင်းမောင်က....

"တော်ဆိုရင် တော်ရမှာပေါ့ဗျာ၊ ဒီလူဟာ နောင်တစ်ချိန်မှာ ကမ္ဘာကျော် လက္ခဏာဆရာဖြစ်လာမယ့် ကိုင်ရိုဗျ၊ အဲဒီတင်မှာပဲ သတင်းထောက်တွေက ရေးကြတော့တာပဲ၊ စကော့တလန်ယာဒ် စုံထောက်တွေက မဖော်နိုင်တာကို လက္ခဏာတတ်ကျွမ်းသူ ကိုင်ရိုက ဖော်ထုတ်ပေးလိုက်လို့ စကော့တလန်ယာဒ်က စုံထောက်တွေ တရားခံမဖော်နိုင်တဲ့ လူသတ်မှုကြီး ပေါ်ပြူဆိုးပြီး သတင်းစာမှာ ရေးတော့တာကိုး၊ အဲဒီမှာ ကိုင်ရိုဟာ ကျော်ကြားတော့တာပဲဗျို့၊ တော်လဲတော် ကျော်လဲကျော်တဲ့ လူစားမျိုးပဲဗျို့၊ ကျုပ်လဲ ကိုင်ရိုလို လက္ခဏာတတ်ရင်တော့ ဟောဒီ လက္ခဏာကိုကြည့်ပြီး တရားခံကို တန်းပြီး လက်ထိတ်တော်နိုင်မှာပဲ၊ ဒါပေမယ့် ကျုပ်ပြောနိုင်တဲ့ အချက် တစ်ချက်နှစ်ချက်တော့ ရှိတယ်ဗျ၊ လူသတ်သမားဟာ ဥာဏ်လမ်းကြောင်း နှစ်ထင်ပါတယ်ဆိုတော့ ဥာဏ်ရည် ဥာဏ်သွေး ကောင်းတဲ့ လူတစ်ယောက်ပဲ၊ ပြီးတော့ အသက်ကူလမ်းကြောင်းဘေးမှာ လွှမ်းရောင်ခြည် လမ်းကြောင်းလေး တစ်ခုပါတယ်ဗျ၊ ဘယ်တော့မှမရတဲ့ မိန်းမကို တစ်သက်လုံး လွှမ်းနေရမယ့်လူစားမျိုးပဲဗျို့၊ ပြီးတော့ အသက်လမ်းကြောင်းရဲ့ထိပ်မှာ ကြက်ခြေခတ် ပါနေတယ်၊ ဘာပဲပြောပြော ဒီလူဟာ

www.burmeseclassic.com

အော့ ကြိုးစင်တင်ရမယ်ဗျို့၊ နောက်တစ်ခု ပြောနိုင်တာ ရှိသေးတယ်ဗျ လက်မက အရစ်ကလေးဟာ ကြာသပတေးကြိုဟိုခုံရဲ့ တစ်ဘက်ကို ရောက်နေတယ်၊ အဖေထက်သာတဲ့ သားမျိုးပဲဗျ၊ 'အဘိဇာတ' သားမျိုးပေါ့ဗျာ၊ နောက်တစ်ခုက လက်ဖနောင့်မှာ တြိဂံကွက်ကလေး တွေ့ဘယ်ဗျို့၊ ဒီအချက်တာ မျိုးရိုးစဉ်ဆက် အာမခံရမယ့် အမှတ်အသားပဲ၊ နောက်တစ်ခုက မာကျူရီနဲ့ မွန်းနဲ့ ဆက်ထားတဲ့ လမ်းကွေးကလေးတစ်ခု ပါတယ်ဗျ၊ အဲဒီလမ်းကြောင်းဟာ အာရုံထူးတစ်ခု ဒါမှမဟုတ်ရင် 'အင်ကျူးရေးရှင်း' ရသားတဲ့ လူဘစ်ယောက်ပဲဗျ၊ ပြီးတော့ သူရဲ့အောင်မြင်ရေးလမ်းကြောင်းဟာ နှစ်ကြောင်းပါဘယ်ဗျ၊ အောင်မြင်ကျော်ကြားမယ့် လက္ခဏာဖြစ်နေဘယ်၊ အခု ကျုပ်ပြောတာတွေက စုံဆောက်ပညာနဲ့ မဆိုင်ပါဘူးဗျာ၊ ကျုပ် အပျင်းပြေ လျှောက်ပြီးပြောတာပါ၊ လက္ခဏာဆရာ တစ်ယောက်သာဆိုရင် ဒီလိုခြေမယ်လို့ ကျုပ် ပြောချင်တာပေါ့ဗျာ"

ဟု ပြောလိုက်လျှင် ဦးကိုကြိုးက....

"ကိုနှင်းမောင်ကတော့ ဘယ်ဘက်ကမဆို တီးမိခေါက်မိ ရှိပါပေတယ်ဗျာ"

ဟု ပြောလိုက်လေ၏။ ထိုအခါ၌ စုံဆောက်ကိုစိန်လှက....

"ဟဲ့တဲ့လူဟာ သူတော်ကောင်းတစ်ယောက် ဖြစ်တယ်ဗျ၊ ဘာကြောင့်လဲဆိုတော့ လက်မှာ ပုတီးစွပ်ထားတယ်၊ ပိတ်ဖြူစင်ကြယ် ဝတ်ဆားတယ်၊ ဒီမှာလဲ အဓိဋ္ဌာန် လာဝင်နေတာ ဖြစ်မယ်၊ မြီးတော့...."

ဟု အစချီလိုက်ရာ ကိုတင်ဝင်းက....

"ဒါကတော့ ကလေးတောင်သိတယ် ကိုစိန်လှရေ"

ဟု ပြောလိုက်ရာ ကိုစိန်လှသည် ရှိုးတိုးရှုန့်တန့်ဖြစ်သွားကာ မျက်နှာနီမြန်းသွားလေ၏။ ထို့ကြောင့် ကိုစိန်လှက....

"ဒီလိုဆိုရင် ကိုတင်ဝင်း ပြောစမ်းပါဦး"

ဟု ဒေါနှင့် မောနှင့် ပြောလိုက်လေ၏။ ထိုအခါ ကိုတင်ဝင်းက....

"ပြောဆိုလဲ ပြောရတာပေါ့ဗျာ၊ ဘုမ္မာဝတီဆိုတဲ့ သွေးနဲ့ ရေးထားတဲ့ နံရံပေါ်က စာကို စပြီးပြောမယ်၊ ဘုမ္မာဝတီဆိုတာ ကျုပ် ကောင်းကောင်းသိတယ်၊ စက်လှေတစ်စီးရဲ့ နာမည်ဗျ၊ စက်လှေကို ဘယ်သူတွေ အများဆုံးထောင်သလဲဆိုရင် မြိတ်ကလူတွေ အများဆုံးထောင်တယ်၊ အဲဒီတော့ သေတဲ့လူဟာ မြိတ်သား ဖြစ်ရမယ်၊ သတ်တဲ့လူကလဲ စက်လှေမှာ အလုပ်လုပ်တဲ့လူပဲ ဖြစ်ရမယ်၊ သတ်ခံရတဲ့လူက အေးအေးဆေးဆေး တရားလာဝင်လို့ရတယ် ဆိုအော့ ပိုင်ရှင်ဖြစ်မှာပေါ့ဗျာ၊ သတ်တဲ့လူကတော့ ဆလင်တို့၊ ရေပက်ကြိုးချည် စူကာနီမျိုး ဖြစ်မှာပေါ့ဗျာ"

ဟု ပြောလိုက်လျှင် ဘိလပ်ပြန် ဆရာစိန်က....

"ကဲ....ဒီလိုဆိုရင် ကျုပ် တစ်ခုပြောမယ်၊ မြိတ်က စက်လှေသူဌေးနဲ့ လှေက စူကာနီက ငါးထမ်ကြီးဇရပ်မှာ ကတ်သီးကတ်သတ်လာပြီး သတ်ကြသတဲ့လားဗျာ၊ မြိတ်မှာလဲ ဇရပ်တွေ ရှိသားပဲ၊ ခင်ဗျားတို့ ချော်နေတဲ့အချက်ကလေးတစ်ခုက်ကို ပြောမယ်၊ ဟောဟိုမှာ ထမင်းချိုင့် မြင်လား၊ ကျုပ်

www.burmeseclassic.com

ထမင်းချိုင့်ထဲက ဟင်းကျန်တွေကို သွားကြည့်ပြီးပြီ၊ ပဟင်းတစ်ခွက်၊ ကြက်ဟင်းခါးသီးကြော် တစ်ခွက်၊ ခရမ်းသီးနှပ် တစ်ခွက် ပါတယ်ဗျ၊ ဒါပေမယ့် သက်သတ်လွတ်တွေဗျ ဒါကြောင့် သေဆုံးသူဟာ တကယ့်ကို သက်သတ်လွတ်စားပြီး အဓိဋ္ဌာန်ဝင်နေတဲ့လူဆိုတာတော့ မငြင်းနိုင်ပါဘူး၊ ဒါပေမယ့် ထမင်းပို့တဲ့လူဟာ ပြန်တဲ့အခါမှာ ထမင်းချိုင့် ယူသွားရမယ် ဘာလို့လဲဆိုတော့ နောက်တစ်နေ့ လာပို့ဖို့ ချိုင့်လိုမယ် မဟုတ်လား၊ ဒါ့ မပြင် ချိုင့်ကို ပြန်ယူမသွားပုံထောက်ရင် လူသတ်သမားဟာ တခြားလူ မဖြစ်နိုင်ဘူး၊ ထမင်းလာပို့တဲ့ လူပဲ ဖြစ်ရမယ်”

ဟု ပြောလိုက်လေ၏။ ထိုအခါ ဦးကိုကိုကြီးက....

“ဘိလပ်ပြန့်တို့ စဉ်း စား လိုက် ရင် တော့ အတော်ကို စိစဉ်ဝင်စားစရာကောင်းတာပဲ၊ အဓိဋ္ဌာန်ဝင်တဲ့လူကို ထမင်း လာပို့တယ်၊ ထမင်းကျွေးပြီးတော့မှ သတ်တယ်၊ ပြီးတော့ ငါးဆင့် ချိုင့် ကို အသေအချာ ပြန်ဆင့်ထားသတဲ့လားဗျာ လူသတ်သမားဟာ ဘော်ဘော့်ကို ယဉ်ကျေးသိမ်မွေ့တာပဲ၊ ဟေ....ဟေ့”

ဟု လှောင်ရယ်ရယ်လိုက်ရာ ဘိလပ်ပြန် ဆရာစိန်သည် စိတ်ဆိုး၍သွားလေတော့၏။ ထိုအခါ ဘိလပ်ပြန် ဆရာစိန်က....

“ကဲ....သူများကို လျှောက်ပြီးကဲရဲမနေနဲ့၊ ခင်ဗျား ပြောစမ်းပါဦး”

ဟု ဆိုလေတော့၏။ ထိုအခါ ဦးကိုကိုကြီးက....

“ကျုပ်ရယ်၊ ဟောဒီက ဦးအောင်သင်းရယ်ဗျာ တာမှ ပြောစရာမလိုဘူး၊ ဆားပုလင်း နှင်းမောင် ဖြေပါဗျာ ရိုးရိုးသားသား ငန်ခံရရင် ကျုပ်ရယ်၊ ဟောဒီက ဦးအောင်သင်းရယ်ဟာ ဆားပုလင်းနှင်းမောင်လောက် မတတ်ဘူး၊ အဲဒီတော့ ဦးနှင်းမောင်းရယ်....တစ်ကွက်လောက် ပြောလိုက်စမ်းပါဗျာ၊ နားထောင်ကြပါလေ”

ဟု ပြောလိုက်လျှင် ဆားပုလင်း နှင်းမောင်က....

“လူသတ်သမားဟာ အလွန် ဖျတ်လတ်သွက်လတ်တဲ့ လူတစ်ယောက် ဖြစ်တယ်၊ အတိအကျပြောရရင် ဘား ကျွမ်းတစားဖူးတဲ့လူတစ်ယောက် ဖြစ်လိမ့်မယ်၊ ဗန်းတို့ ဗန် ရည် ဖြစ်စေ၊ အခြား ကိုယ်ခံပညာဖြစ်စေ ကောင်းကောင်းတတ်တယ်၊ အသက်သုံးဆယ်ကျော်တဲ့လက္ခဏာ မတွေ့ဘူး၊ အရပ် (၅)ပေ (၁၀)လက်မလောက် ရှိတယ်၊ အသားခံရတဲ့လူဟာ ဒဏ်ရာလည်တစ်ယောက်တော့ မဟုတ်ဘူး၊ မခံသင့်မှာ သူတင် ကိုယ်တင် တိုက်ခိုက်ကြသေးတယ်၊ ပြီးတော့ ဓားနဲ့ ထိုးသတ်သွားတာ မဟုတ်ဘူး၊ ရင်ဘတ်က ဒဏ်ရာမှာ ဓားနဲ့ထိုးခံထားရတဲ့ဒဏ်ရာ မဟုတ်ဘူး၊ အဝကျယ်တယ်၊ အဖျားချွန်သွားတယ်၊ ချွန်ချွန် လုံးလုံးရှည်ရှည် လက်နက်တစ်ခုနဲ့ ထိုးသွားတာ၊ ရှေးဟောင်း အတော်ကျတဲ့ အဖြစ်အပျက်တစ်ခုနဲ့တော်သက်ပြီး အငြိုးအမုန်းနဲ့ သတ်သွားတာ၊ ပြီးတော့ ဘုမ္မာဝတီဆိုတာ ကော်လှောစစ်ခုရဲ့ နာမည်လို့ စဉ်းစားဖို့ထက် မင်းတုံးမြို့ရဲ့ အတိတ်က နာမည်လို့ စဉ်းစားရင် ပိုပြီးတော့ သင့်တော်မယ် ထင်တယ်၊ အဲဒီတော့ ရာဇဝင်နောက်ကြောင်းခံ တစ်ခုပါမှာ

www.burmeseclassic.com

မခကျမနပ်ဖြစ်ပြီးတော့ တစ်ယောက်ကိုတစ်ယောက် အငြိုးကြီးစွာနဲ့ သတ်ခဲ့တဲ့လူသတ်မှုမဲ့ဟု၊ နံရံပေါ်မှာ စာရေးသွားတဲ့ သဘောကတော့ လူသတ်သမားဟာ နောက်ထပ် သတ်ရမယ့် လူတွေကို စိန်ခေါ်သွားတာလဲ ဖြစ်နိုင်တယ်၊ နောက်တစ်ချက်က သူ့ရဲ့နောက်ကလူဘွေကို သတ်ပြီးကြောင်း အသိပေးသွားတာလဲ ဖြစ်နိုင်တယ်၊ ဘာပဲဖြစ်ဖြစ် ကျုပ်တို့ဟာ သူ့ကို မဖမ်းမီ ချိန်မှာ သူဟာ လူသတ်မှုတစ်ခုကို ကျူးလွန်လိမ့်ဦးမယ် ၊ကျုပ် ပြောနိုင်တာကတော့ အဲဒီလောက်ပဲ ရှိသေးတယ်၊ ကဲ.... လူအောင်သင်းရေ....ကျုပ်တို့ သွားကြစို့"

ဟု ဆိုကာ ဆားပုလင်း နှင်းမောင်သည် ဂလေစီယာ ရေခဲတောင်တံဆိပ် စီးကရက်ကို မီးညှိ ရှိုက်ဖွာရင်း ခြေလှမ်းကျဲကြီးများဖြင့် ရှေ့မှ ထွက် သွား သော ကြောင့် ကျန်ုပ်နှင့် ဦးကိုကိုကြီးမှာ ပုဇွန်ပုကွန်နှင့် နောက်မှ လိုက်ခဲ့ရသေးသောသည်။

○

တစ်ခေါက် ပြန်လှည့်ခြင်း

ကျွန်ုပ်တို့သည် ဆားပုလင်း နှင်းမောင်နှင့်အတူ ပြန်ခဲ့ကြလေ၏၊ ဆားပုလင်း နှင်းမောင်သည် ကားမောင်းရင်း....

"ဖရေဇာလမ်း(အနော်ရထာလမ်း)က နယူးဇေလီဆိုတဲ့ ကုလား ထမင်းဆိုင်မှာ ထမင်းစားရတာ ကြိုက်ပြီဗျို့၊ အဲဒီမှာပဲ စားကြရအောင်"

ဟု ပြောလိုက်လေ၏။ ထိုအခါ ဦးကိုကိုကြီးက....

"အိုင်ဆေး....အင်ပင်တူယူ(ခင်ဗျား ကြိုက်သလိုသာလုပ်ပေတော့)၊ တစ်ခုပဲ ကျုပ်က သိချင်တယ်၊ ဒီအမှုအခြေအနေဘယ်လိုလဲဗျ"

ဟု မေးလိုက်ရာ ဆားပုလင်း နှင်းမောင်က....

www.burmeseclassic.com

www.burmeseclassic.com

"လုပ်ရမယ့်လုပ်ငန်းစဉ် (ပရောစက်စ်) ထဲမှာ တစ်ကွက်ချန်ထားခဲ့သေးတယ်၊ အဲဒါ ဘာလဲဆိုတော့ ဇရပ်ထဲမှာ ဒီလူအသတ်ခံရတယ်ဆိုတာ ဘယ်သူကစပြီးသိသလဲဆိုတာ စုံစမ်းရမယ့် ကိစ္စပဲ၊ ပြီးတော့ ဇရပ်ရှင်ဆီကို သွားပြီးမေးရမယ့် အကြောင်းလဲ ရှိသေးတယ်၊ ဒီမှာ အဓိဋ္ဌာန်ဝင်နေတာ ဘယ်သူလဲ၊ ဘယ်ကလဲ၊ ဘာအလုပ်လုပ်သလဲဆိုတာတွေ ချန်ထားခဲ့တာ ဘာဖြစ်လို့ချန်ထားခဲ့သလဲဆိုတော့ ကိုစိန်လှတို့၊ ကိုတင်ဝင်းတို့၊ ဆရာစိန်တို့ ဒီနေ့လုပ်ကြလိမ့်မယ်၊ သူတို့ကလဲ မေး၊ ကျုပ်ကလဲ မေးဆိုရင် ဖြေရတဲ့သူ ဦးနှောက်ခြောက်မှာစိုးလို့ တမင်ဘကာ ချန်ထားခဲ့တာ၊ နှက်ဖြန် မနက်စောစော ကျမှ သွားပြီး မေးမယ်၊ တစ်ခုပြောနိုင်တာတော့ ရှိတယ်၊ ဒီအမှုဟာ ထင်သလောက် မလွယ်ဘူး၊ ဒီအမှုမျိုးကို ပေါ်အောင် လုပ်ပေးနိုင်တဲ့စုံထောက်မျိုးကို စီအိုင်ဒီမှာ လခပေးပြီး တစ်သက်လုံး အနှားပေးထားရင်ဘာင် မတန်သေးဘူးဗျ"

ဟု ပြောလိုက်လေ၏၊

ထိုအခါ ကျွန်ုပ်က....

"အဲဒါတွေ ထားလိုက်ပါတော့ အိုင်ဆေးရာ၊ ရန်ကုန်ကို ခင်ဗျားက ဒီနေ့မှ ရောက်လာတယ်ဆိုတော့ ဘာတွေ လိုအပ်သလဲ၊ ဘာတွေ လုပ်ပေးရမယ်ဆိုတာသာ ပြောပါ၊ ဘာမှ အားမနာပါနဲ့၊ (၂၉၅) ဘိုးလိန်းလမ်း(ဗညားဒလလမ်း) အိမ်ကော ရှင်းပေးဖို့ လူလွှတ်ပေးရမလား"

ဟု ပြောလိုက်ရာ ဆားပုလင်း နှင်းမောင်က....

"ကျေးဇူးတင်ပါတယ် အိုင်ပီ၊ မနက်က အဝေးပြေး ကားတစ်မှာ ကျွန်တော့်တပည့် ကုလားကလေး မူတူးကို တွေ့တာနဲ့ သူ့ကို သော့ပေးလိုက်တယ်၊ သူ ရှင်းထားလိမ့်မယ်"

ဟု ပြောလိုက်လေ၏၊ ကျိုက်သိုနှင့်ပင် ကျွန်ုပ်တို့သည် ဖခရောလမ်း(အခန့်ရထာလမ်း)ရှိ ကုလားထမင်းဆိုင်ရှိခရာက်သွားကြလေ၏၊ ကုလားထမင်းဆိုင်မှ ဆိုင်ရှင်သည် လည်းမာ ကျမ်းစားပွဲထိုးကုလားကလေးများသည်လည်းကောင်း ဆားပုလင်းနှင်းမောင်ကိုမြင်လျှင် ဝိုင်းဝန်းနှုတ်ဆက်ကြလေ၏၊ ထို့နောက် ကျွန်ုပ်တို့သည် ထမင်းများ မှာယူ စားသောက်ကြလေ၏၊ ပြီးနောက် ဆားပုလင်းနှင်းမောင်က 'သူ ရှင်းပါ့မည်' ဟု ဆိုကာ ငွေကို အတင်းသွားရှင်း၏၊ ဆိုင်ရှင်လုပ်သူက....

"မလုပ်ပါနဲ့ ဆားပုလင်းနှင်းမောင်ရယ်၊ မင်းတို့တာလဲ ကြာပြီဆိုတော့ ကျွန်တော်ကပဲ ခကာလုပ်ပါရစေ"

ဟု ပြောသဖြင့် ဆားပုလင်းနှင်းမောင်က, ဆိုင်ရှင်လုပ်သူအား....

"လောတုတ်ပြောဘာ မဟုတ်ပါဘူး ခင်မောင်လှင်ရယ်၊ ငါလဲ နယ်ရောက်တဲ့နေ့ကစပြီး မြကြာ မကြာ ထမင်းစားမကောင်းတိုင်း မင်းကို သတိရပါတယ်၊ အံမယ်....မင်းက နဝရတ်လက်စွပ်တောင် လုပ်ပြီးမှကိုး"

ဟု ဆိုကာ ကုလားထမင်းဆိုင်ရှင် ခင်မောင်လှင်၏လက်ကို ဆွဲယူကာ နဝရတ်လက်စွပ်ကို ကြည့်ရှုလေ၏၊ ထို့နောက် ဆားပုလင်းနှင်းမောင်သည် ထမင်းဆိုင်ရှင်အား နှုတ်ဆက်ကာ ထွက်လာလေတော့၏၊ ၎င်းနေထိုင်ရာ (၂၉၅)ဘိုးလိန်းလမ်း

www.burmeseclassic.com

(ဗညားဒုလလမ်း) ဆီသို့ ဦးတည်၍ မောင်းနှင်သွားလေတော့၏။

ထိုနေရာသို့ရောက်သောအခါ၌ ဆားပုလင်းနှင့်မောင်ကို ထားခဲ့ပြီးနောက် ကျန်ပ်နှင့် ဦးကိုကိုကြီးသည် ပြန်ခဲ့ကြလေ၏။ ထိုအခါ၌ ကျန်ပ်သည် မော်တော်ကားကို မောင်းခဲ့လေ၏။ ရွှေဂုံတိုင်အဝိုင်းသို့ရောက်သောအခါ၌ ဦးကိုကိုကြီးက....

"ကျုပ်တို့လူကြီး ဘာလုပ်နေသလဲဆိုတာ သိချင်လိုက်တာဗျာ၊ ဘာပဲဖြစ်ဖြစ် ကျုပ်တို့က သားနဲ့မယားနဲ့ဆိုတော့ အိမ်ရောက်ရင် တစ်နေ့လုံး ငင်ပန်းထားတာတွေ ပြေပျောက်ပြီး ပျော်ရတာပေါ့ဗျာ၊ ကျုပ်တို့လူကြီးမှာတော့ တစ်ယောက်တည်းဆိုတော့ ငေါင်းစင်းစင်းနဲ့ ပျင်းစရာကြီးနေရှာမှာပဲ၊ သနားပါတယ်"

ဟု ပြောလိုက်လျှင် ကျန်ပ်လည်း ကျန်ပ်၏မိတ်ဆွေကြီး ဆားပုလင်းနှင့်မောင်အတွက် ကရုဏာသက်မိလေတော့၏။

"အဲဒါ အရေးမကြီးဘူးဗျာ၊ ဒီလူကြီးရဲ့ စားရေး သောက်ရေး ဘယ်လိုလုပ်မလဲ မသိဘူးဗျို့၊ အရင်တုန်းကလို ထမင်းဆိုင်မှာချည်းပဲ စားရမယ်ဆိုရင်တော့ သနားစရာပဲဗျို့၊ သူတပည့်မူတူးဆိုတဲ့ ကောင်လေးကလဲ ကောင်းကောင်းချက်တတ်တာ မဟုတ်ဘူးဗျ၊ ကျုပ်တို့လူကြီးကိုယ်တိုင် ဝင်ချက်ရမှာလဲ မသင့်တော်ပေဘူးဗျို့၊ ခက်တာက ဒီလူက အိမ်ထောင်လဲမပြုဘူး၊ တစ်သက်လုံး ဒီလိုပဲ တစ်ကိုယ်ရေတစ်ကာယ နေသွားရရှာတော့မှာပဲ"

ဟု ကျန်ပ်ကပြောလိုက်ရာ ဦးကိုကိုကြီးက....

"နေစမ်းပါဦး..... လူဆိုတာ အိမ်ထောင်ပြုရမှာပေါ့ဗျာ၊ ရသေ့ ရဟန်းမှ မဟုတ်တဲ့၊ ဘာဖြစ်လို့ အိမ်ထောင်မပြုရ ဘာလဲ"

ဟု မေးလိုက်ရာ ကျန်ပ်က....

"ဒါက ဒီလိုဗျ၊ စွန့်စားချင်တဲ့လူတွေဟာ မိန်းမ မယူဘူးဗျ၊ သူကိုယ်တိုင်ပြောဖူးကယ်"

ဟု ကျန်ပ်ကပြောလိုက်ရာ ဦးကိုကိုကြီးက....

"ဒါကလဲ အကြောင်းတစ်ခုပေါ့ဗျာ၊ ကျန်တဲ့အကြောင်းတွေလဲ ရှိဦးမှာပါ"

ဟု ပြောလိုက်လျှင် ကျန်ပ်မှာ စိတ်မလုံသကဲ့သို့ ဖြစ်သွားလေ၏။

အဘယ်ကြောင့်ဆိုသော် ကျန်ပ်၏ ချစ်လှစွာသော ဇနီးတင်တင်သည် ကျန်ပ်နှင့် မရမီ အပျိုဘဝက ဆားပုလင်းနှင်းမောင်အား စိတ်ဝင်စားဖူးသည် ဆို၏။ သို့ရာတွင် ကွဲပြဲကြီးလှသော ဆားပုလင်းနှင်းမောင်သည် တင်တင်၏ ဆိုက်လျောမှုမျှားကို မသိကျိုးကျန်ပြုခဲ့သည်ဆို၏။ ထိုအကြောင်းအရာများကို အတွင်းသိဖြစ်သူမှာ တင်တင်၏ အစ်မ ခင်ခင်ဖြစ်၏။ ခင်ခင်သည် ကျန်ပ်နှင့် တင်တင် လက်ထပ်သွားသောအခါ၌ ဆားပုလင်းနှင်းမောင်အား ခင်ခင်က 'ကျန်မ ညီမကလှုံ့ကိုစိတ်ဝင်စားတာ ရှင် မသိဘူးလား' ဟု မေးခဲ့ဖူးသည်ဆို၏။ ထိုအခါ ကိုနှင်းမောင်က စာစံုတစ်ရာ ပြောဆိုငြင်းပြုတဲ့ ပြီးရုံသာပြီးခဲ့သည်ဆို၏။ ဤသို့ ပြီးသည်ကို တင်တင်အစ်မ ခင်ခင်က အားမလိုအားမရဖြစ်ကာ ထပ်၍ မေးပြန်

www.burmeseclassic.com

သည် ဆို၏၊ မရမက မေးသောအခါ၌ ဆားပုလင်းနှင်းမောင်က "ဒီမှာ....မခင်ခင်၊ ခင်ဗျားက ကျုပ်ကို သစ်ငုတ်တိုများ မှတ်နေသလား၊ ကျုပ် သိပါတယ်၊ ဒါပေမယ့် ကျုပ်က အသီးမြင်တိုင်း ခူးတဲ့လူမဟုတ်ဘူးဗျ၊ မစားခေကာင်းတဲ့ အသီးဆိုရင် မျက်ခုံးထိုးပြီးတောင်မကြည့်ဘူး၊ ကျုပ်က ဆင်းရဲတယ်ဗျ၊ တင်တဖ်ကို ဆင်းရဲမှာစိုးရိမ်လို့ပျို့၊ ကဲ....နောက်မမေးနဲ့တော့၊ ဒီစကား ဒီမှာဘော်တော့၊ အပျင်းပြေပြောတဲ့စကားတွေမှာ တင်တင့်အိမ်ထောင်ရေးမှာ ဆူးငြောင့်ခလုတ်တွေ ဖြစ်သွားလိမ့်မယ်၊ တော်မတော့' ဟု စကားကို အပြီးရပ်စဲခဲ့၏။ ထိုအခြောင်းအရာများကို ခင်ခင်က ကျွန်ုပ်အား ပြောဖူးသဖြင့် ကျွန်ုပ် သိထားရ၏၊ ထိုသို့ သိထားသော်လည်း ကျွန်ုပ်သည် ကျွန်ုပ်၏ဇနီး တင်တင်ကို မေတ္တာမပျက်ခဲ့ပါ။ အာဘယ်ကြောင့်ဆိုသော် ကျွန်ုပ်၏ မိတ်ဆွေ ဆားပုလင်းနှင်းခမောင်အား လွတ်လပ်သူ မိန်းမများအနေနှင့် စိတ်မဝင်စားသူ ရှားပေလိမ့်မည်။ ဤအချက်သည် ဆားပုလင်းနှင်းမောင်၏ ရုပ်ရည်နှင့် သက်ဆိုင်ခြင်းထက် ယောကျ်ားပီသခြင်းဆိုသော အချက်နှင့် ပို၍သက်ဆိုင်သည်ဟု ကျွန်ုပ်ထင်ပါသည်။

ကျွန်ုပ်သည် ဤသို့လျှင် ဆားပုလင်းနှင့်မြို့ပတ်သက်သော အခြောင်းအရာများကို စဉ်းစားနေလျှင် ဦးကိုကိုကြီးက....

"ဒီမှာ....ဦးဒအောင်သင်း၊ ခေတ်ဆီရှိရင်တော့ (၂၉၅၁) ဘိုးလိန်းလမ်း(ဗညားဒလလမ်း)ကို သွားကြည့်ချင်လိုက်တာဗျာ"

ဟု ပြောသဖြင့် ကျွန်ုပ်ကလည်း....

"ကျုပ်ကလဲ ခင်ဗျားကို အားနာလို့ပါဗျာ၊ ကျုပ်လဲ ပြန်ကြည့်ချင်ပါတယ်"

ဟု ပြောဆိုကာ ရှေ့ဂုံတိုင်အဝိုင်းကြီးကိုပတ်၍ (၂၉၅၁) ဘိုးလိန်းလမ်း(ဗညားဒလလမ်း)ဆီသို့ ပြန်လည် မောင်းနှင်ခဲ့လေ၏။

များမကြာမီ၌ပင် ရောက်ရှိခဲ့ကြလေ၏။ ဆားပုလင်းနှင်းမောင်၏ အခန်းသည် တံခါးပိတ်ထားသည်ကို တွေ့ရ၏။ ကျွန်ုပ်တို့သည် ကားကိုရပ်၍ တံခါးအနီးသို့ ကပ်လိုက်ရာ အတွင်းမှ ကယောသံကိုကြားလိုက်ရ၏။ ထို့ကြောင့် ဦးကိုကိုကြီးနှင့် ကျွန်ုပ်သည် တစ်ယောက်မျက်နှာကို တစ်ယောက်ကြည့်လိုက်ကြ၏။ ထိုအချိန်၌ ကျွန်ုပ်သည် တံခါးကို တဒေါက်ဒေါက် ခေါက်လိုက်ရာ အတွင်းမှ ဆားပုလင်းနှင်းခမောင်က....

"အိုင်ပီလား.... ဝင်ခဲ့လေဗျာ၊ တံခါးက စွေ့ရုံစွေ့ထားတာပါ၊ ဝင်ခဲ့ပါ"

ဟု ပြောသဖြင့် ကျွန်ုပ်လည်း တံခါးကိုတွန်းဖွင့်အတွင်းသို့ ဝင်သွားလေ၏။ ဆားပုလင်းနှင်းမောင်သည် နံရံတွင်ချိတ်ထားသော သင်ပုန်းပေါ်၌ ငါးထင်ကြီးဘုရားအနီး ဇရပ်၏ မြေပုံနှင့် အခန်း၏မြေပုံကို ရေးဆွဲထားပြီးလျှင် တယောထိုးရင်း မြေပုံကိုကြည့်၍ စိတ်ကူးနေဟန်ရှိ၏။

"ဘယ်လိုလဲ၊ အိုင်ပီတို့နှစ်ယောက် ဘာဖြစ်လို့တစ်ခေါက်ပြန်လာကြတာတုံး၊ ခင်ဗျားတို့သွားတဲ့အချိန်နဲ့ နေးလိုက်ရင်

www.burmeseclassic.com

www.burmeseclassic.com

ချေလုံတိုင်အဝိုင်းကြီးလောက်ရောက်မှ ပြန်ပြီးထွက်လာကြပုံပဲ၊ တခြားအကြောင်းမရှိဘူးဆိုရင်တော့ နှစ်ယောက်သား ပြန်သွားရင်းနဲ့ ကျုပ်အကြောင်းကို စဉ်းစားပြောဆိုသွားကြလိမ့်မယ်၊ ကိုနှင်းမောင်ကြီးတစ်ယောက် စားရေး သောက်ရေး ဘယ်လုံဖန်စီးမလဲဆိုတာကအစ စဉ်းစားပြီး ကျုပ်ကို တစ်စုံတစ်ခု အကူအညီပေးချင်လို့ ပြန်လာတာလဲဖြစ်နိုင်တယ်ဗျ၊ ဒါမှမဟုတ် မနက်ဖြန်အတွက် ပြန်ခါနီးမှာ ဘာမှအချိန်းအချက်မလုပ်လိုက်ရတဲ့အတွက် မနက်ဖြန် ဘယ်လိုအစီအစဉ်ရှိသလဲဆိုတာ သိချင်လို့ ပြန်လာကြတာဖြစ်နိုင်တယ်ဗျ"

ဟု ဆားပုလင်းနှင်းမောင်က ပြောလိုက်လေ၏၊ ထိုအခါဦးကိုကိုကြီးက....

"မှန်တာပေါ့ အိုင်ဆေးရယ်၊ ခင်ဗျား ခါတိုင်းလိုပဲ ထမင်းချိုင့် မှာပြီး စားရမှာလားဆိုတာ သိချင်လို့ ပြန်ပြီးလာခဲ့တာ"

ဟု ပြောလိုက်လျှင် ဆားပုလင်းနှင်းမောင်က....

"အဲဒီအတွက် မပူပါနဲ့ဗျာ၊ ဒီလိုရှိတယ်ဗျ.... ကျုပ်တပည့်မူတူးက အရင်လို မဟုတ်တော့ဘူး၊ ထမင်းချက် သိပ်ကောင်းတယ်ဆိုပဲ၊ ဒီတစ်ခါ ဆရာလာရင် ကောင်းကောင်း ချက်ကျွေးမယ်ဆိုပြီး သွင်ထားတယ်တဲ့၊ စားတော့ မကြည့်ရသေးဘူး၊ မနက်ဖြန်ကျမှ ကြည့်ရမှာပဲ"

ဟု ပြုံးပြုံးရယ်ရယ်နှင့်ပင် ပြန်၍ ပြောလိုက်လေ၏။

ထိုအခါ ကျွန်ုပ်က....

"မနက်ဖြန် ဘယ်လိုအစီအစဉ်ရှိသလဲ"

ဟု မေးလိုက်ရာ ဆားပုလင်းနှင်းမောင်က....

"မနက်ဖြန် ငါးထပ်ကြီး ဘုရားမှာပဲ တွေ့ကြတာပေါ့၊ အဲဒီကို စောနိုင်သမျှ စောအောင် အိုင်ပီတို့ လာခဲ့ရင် ဖတ်ပါပြီ"

ဟု ပြောလိုက်လေ၏။ ထို့နောက် ကျွန်ုပ်က....

"ကိုနှင်းမောင်ရဲ့ လက်သိုကို နားမထောင်ရတာ ကြာပြီဗျာ"

ဟု ဆိုလိုက်လျှင် အမျှားသူငါ ဂီတသမားမျှားကဲ့သို့ တီးပါ မှုတ်ပါ ဆိုပါမှ ဟိုဟာဖြစ်လို့ သည်ဟာဖြစ်လို့ ဆိုပြီး အကြောင်းပြကာ မှုချ မခနရာဘဲ ကိုနှင်းမောင်သည် စုံတောင်သီချင်းကို ကောက်ကာငင်ကာ ထိုးရင်း သူ၏ ညှို့ဓာတ်ပါသော အသံဖြင့် ဆိုပြလိုက်သည်ဖြစ်ရာ ကျွန်ုပ်တို့ နှစ်ဦး၏ နားဠဲ့ ချဆိမ့်၍ သွားခဲလေတော့၏၊ ထို့နောက်တွင်မှ ကျွန်ုပ်တို့သည် ဆားပုလင်းနှင်းမောင်အား နွှတ်ဆက်၍ ပြန်ခဲ့ကြလေတော့သတည်း။

www.burmeseclassic.com

www.burmeseclassic.com

အကြောသည် အခေါကြီးနှင့် တွေ့ဆုံခြင်း

ကျွန်ုပ်သည် နောက်တစ်နေ့ နံနက်စောစောၭ မော်တော်ကားကို ထုတ်၍ ဦးကိုကိုကြီးအား ခေါမည် အလုပ်တွင် ဦးကိုကိုကြီးသည် သူ၏ စူကားလျက်ရှိသော ဗိုက်ကြီးကိုလက်ဖြင့် ပွတ်ရင်း.....

"ဂွတ်မောနင်း ဦးအောင်သင်း၊ အခုမှ (၆)နာရီတောင် မထိုးသေးဘူးဗျ၊ ဒီအချိန်သွားရင်တော့ ဆားပုလင်းနှင်းမောင်ကို ကျွပ်တို့ကပဲ နှိုးရမယ်ထင်တယ်"

ဟု ပြောလိုက်လျှင် ကျွန်ုပ်က....

"မထင်နဲ့ ဦးကိုကိုကြီးရေ၊ ဗီလူအခြောင်းလဲ ခင်ဗျားသိသားပဲ၊ မနက်ကို စောနိုင်သမျှ စောစော ငါးထပ်ကြီးဘုရားကို လာခဲ့ပါဆိုမှတော့ သူက စောစော အရင်ရောက်နှင့်နေမှာဗျ၊ ဝိရိယကောင်းခြင်းမှာတော့ ကျွပ်တို့ ဆားပုလင်းနှင်းမောင်ကို မီမှာမဟုတ်ပါဘူးဗျို့"

ဟု ပြောလိုက်ရာ ဦးကိုကိုကြီးက....

"ဝိရိယတင်ပဲ မမီတာလားဗျာ၊ ဉာဏ်ရည်ဉာဏ်သွေးကောကျွပ်တို့က မီလို့လားဗျာ"

ဟု ပြောလိုက်ရာ ကျွန်ုပ်ကလည်း....

"ဉာဏ်ရည်ဉာဏ်သွေးတင် မမီတာလားဗျာ၊ ဇွဲအရာမှာကော ဆားပုလင်းနှင်းမောင်ကို ကျွပ်တို့ မီလို့လဲဗျာ"

ဟု ပြောလိုက်ရာ ဦးကိုကိုကြီးက....

"ဇွဲတစ်ခုတည်းတင် မဟုတ်ဘူးဗျ၊ အနစ်နာခံတဲ့စိတ်ဓာတ်ကော မီပါ့မလား"

ဟု ပြောလိုက်လေ၏။

"အနစ်နာခံတဲ့စိတ်ဓာတ်ကိုတော့ ထားပါတော့ဗျာ၊ သူရသတ္တိဘက်ကကော ကျွပ်တို့က ယှဉ်နိုင်လို့လား"

ဟု ကျွန်ုပ်က ပြောလိုက်ပြန်၏။ ထိုအခါ ဦးကိုကိုကြီးက....

"သူရသတ္တိတင်ပဲလား့ဗျာ၊ အတွေးအခေါဘက်ကကော ကျွပ်တို့က သူ့ကိုမီလို့လား"

ဟု ပြောလိုက်ရာ ကျွန်ုပ်က....

"အတွေးအခေါတင်ပဲလားဗျာ၊ အထိုးအသတ် အခုန်အပျံကော ကျွပ်တို့က သူ့ကိုမီလို့လား"

ဟု ပြောလိုက်ပြန်၏၊

"အထိုးအသတ် အခုန်အပျံထားလို့ဗျာ"

ဟု ဦးကိုကိုကြီးက စလိုက်ရာ ကျွန်ုပ်က....

www.burmeseclassic.com

www.burmeseclassic.com

"တော်....တော်....တော်....ဦးကိုကိုကြီး၊ အထိုးအသတ် အခုန်အပျံရော ချပ်ရည်ရော အရပ်အမောင်းရော အသံသြဇာ ရှိပုံရော အကင်းပါး ဖျတ်လတ်ပုံရော ကွက်ကျော်မြင်တတ်ပုံ ရော၊ အိုဗျာ....ကိုနှင်းမောင်ရဲ့ အရည်အချင်းမျိုးတွေ ရဖို့ ကျွမ်းတို့ ဘယ်နှစ်ဘဝ ပါရမီဖြည့်ရမယ် မဆိုနိုင်ပါဘူး"

ဟု ပြောလိုက်လေ၏။ ထိုအခါ ဦးကိုကိုကြီးက....

"ဒီလူက ဂစ်ဖတက်ဗျ၊ မြန်မာပြည် ပုလိပ်အဖွဲ့အဘွဲ့က ဘုရားသခင်က အထူးလက်ဆောင် ပေးလိုက်တဲ့ လူသားဗျ"

ဟု ပြောလိုက်သောအခါ၌ ဆားပုလင်း နှင်းမောင်၏ အရည်အချင်းများကိုဖော်ပြရန် လုံလောက်သွားလေတော့၏။

ထို့နောက် ကျွန်ုပ်နှင့် ဦးကိုကိုကြီးသည် ငါးထပ်ကြီး ဘုရားဆီသို့ ကားဖြင့် ထွက်လာခဲ့ကြလေတော့၏။ ငါးထပ်ကြီး သို့ ရောက်သောအခါ၌ ကားကိုရပ်၍ ဆင်းသွားရာ အနီးရှိ အကြော်ဆိုင်အတွင်းမှ....

"အိုင်ပီတို့ လာကြပါဦးဗျ၊ ဘူးသီးကြော်လေး ဘာလေး စားပြီးမှ သွားကြတာပေါ့"

ဟု ခေါ်လိုက်သောအသံကို ကြားရလေတော့၏။ ထို့အသံမှာ ဆားပုလင်းနှင်းမောင်၏ အသံဖြစ်၏။ ကျွန်ုပ်နှင့် ဦးကိုကိုကြီးသည် တစ်ယောက်မျက်နှာကို တစ်ယောက်ကြည့်ကြလေ၏။ ထို့အကြည့်သည် ကဲ....ကျုပ်မပြောဘူးလား၊ ဟု အဓိပ္ပာယ် ရမည် ဖြစ်ပေသည်။

ကျွန်ုပ်တို့လည်း ဆားပုလင်းနှင်းမောင်နှင့်အတူ ဘူးသီး ကြော်နှင့် ရေနွေးကြမ်းကို စားသောက်ကြစလေ၏။ ဘူးသီး

ကြော်သည်ကြီးသည် ဟောင်ဖွာဟောင်ဖွာနှင့်စကားပြောရင်း အကြော်များ ကြော်နေ၏။ ဆားပုလင်းနှင်းမောင်က....

"အခေါ်ကြီး အကြော်ဆိုင်ထွက်တာ နည်းနည်း နောက် ကျတယ် ထင်တယ်"

ဟု ပြောလိုက်ရာ....

"နောက်ကျတာမဟုတ်ဘူး တော်ရေ...လူသတ်မှုဖြစ်သွား တဲ့ ဇရပ်ဘေးက အစောကြီးဖြတ်လာရမှာ သရဲကြောက်လို့ မီးလင်းတဲ့အထိ စောင့်နေရတာ၊ အဲဒါကြောင့် နေမြင့်သွား တာ၊ နို့မို့ရင် မိမြတို့က အကြော် ဆန် ခါထဲကို ဘုန်းကြီး ကျောင်းက တုံးခေါက်တာနဲ့ အကြော် ရောက်နေပြီးသား မောင်ရင်ရေ"

ဟု အော်ကြီးဟစ်ကျယ်နှင့် ပြန်၍ပြောလိုက်လေ၏။

"ဒေါ်မြကြီးက....

"သူဟာသူ သူတော်ပဲကောင်းကောင်း မကောင်းကောင်း သရဲဟ သရဲပဲ၊ သရဲမှာ သူအောက်ကောင်းမရှိဘူး၊ ဒါကြောင့်မို့ ကောင်းဆိုးဝါးလို့ ခေါ်တာပေါ့၊ သူငယ်ရဲ့၊ ကောင်းတဲ့သရဲ ဒို့ရွာ ကောင်းဆိုးဝါးလို့ ခေါ်မှာပေါ့ မောင်ရင်ရဲ့"

ဟု ပြောသဖြင့် ကျွန်ုပ်နှင့် ဦးကိုကိုကြီးသည် ရယ်ရသေး ကော၏။ ထို့အခါ ဆားပုလင်းနှင်းမောင်က....

"ကောင်းရင်တော့ ဆိုးဝါး ဘယ်ဖြစ်တော့မလဲ အခေါ် ရယ်၊ ကျွန်တော် ပြောတာက ဒီလိုမဟုတ်ပါဘူး၊ ဟဲသတ်ခဲ

www.burmeseclassic.com

ရာဘဲလူဟာ အဓိဋ္ဌာန်ဝင်နေတဲ့ ပိတ်ဖြူစင်ကြယ်နဲ့ သူတော်ကောင်း မဟုတ်လား၊ အဲဒီလို သူတော်ကောင်း သေရင် သရဲဘယ်ဖြစ်မလဲ၊ သရဲဆိုတာ ယုတ်မာကောက်ကျစ်တဲ့လူတွေသေမှ ဖြစ်တာမဟုတ်လား အဒေါ်ရဲ့"

ဟု ပြောလိုက်ရာ အကြော်သည်အဒေါ်ကြီးက....

"သူတော်ကောင်းလား မကောင်းလားဘော့ မသိဘူး၊ သေဘာကတော့ ပိုးစိုးပက်စက်သတာပဲ၊ အဲဒါ အစိမ်းသေ မောင်ရင်ရဲ့"

ဟု ပြောလိုက်လေ၏။

"ဒီဇရပ်တွေမှာက အခုလို ရက်ရှည် အဓိဋ္ဌာန် လာပြီး ဝင်တာတွေ ပုတီးစိပ်တာတွေ ရှိသေးလား"

ဟု ဆားပုလင်းနှင့်မောင်က မေးလိုက်လေ၏။

ထိုအခါ အကြော်သည်ကြီးက....

"မရှိတတ်ပါဘူး၊ ဥပုသ်နေ့လေး တာလေး လာစောင့်ပြီး ပြန်ကြတာပဲ၊ သေတဲ့လူက ရှည်ပြီး ဒီမှာ(၄၉)ရက် အဓိဋ္ဌာန်ဝင်တယ်ဆိုပဲ၊ ဒီလောက် ချောင်ကျတဲ့ နေရာမှာ လာပြီး အဓိဋ္ဌာန်ဝင်တာလဲ ဖြစ်နိုင်တာပေါ့၊ အမှုတွေ ဘာတွေရှိတဲ့ ဝရမ်းခပြေးဆိုရင်လဲ ဒီလိုချောင်ကျတဲ့ နေရာမျိုးမှာ ပုန်းလို့ ပို့ပြီး ကောင်းတာပေါ့၊ ဒါကတော့ ဘုရားမှပဲ သိမယ်"

ဟု ပြောလိုက်လျှင် ဆားပုလင်းနှင့်မောင်သည် လက်ဖျောက်တီး၍လက်မကိုထောင်လိုက်လေ၏။ ၎င်း၏အမူအရာမှာ သည်အချက် သိပ်ကုတ်တယ်ဟူ၍ ဖြစ်တန်ရာ၏။

ထိုအခါ ဆားပုလင်းနှင့်မောင်က....

"မှန်တာပေါ့ အဒေါ်ရယ်၊ သူဟာ ဝရမ်းပြေးဆိုကြပါစို့၊ ဒီနေရာမှာ အဓိဋ္ဌာန်ဝင်တယ် ဆိုပြီး အောင်းနေလိုက်ရုံပဲ၊ သူလူတစ်ယောက်ကို ထင်းပို့ခိုင်းမယ်ဆိုရင် အပြင်ထွက်ဖို့ အောင် မလိုတော့ဘူး"

ဟု ပြောလိုက်ရာ အကြော်သည် အဒေါ်ကြီးက....

"ထမင်းပို့တဲ့ လူရဲ့နောက်က ပုလိပ်က ခြေရာခံပြီး လိုက်လာနိုင်သေးတယ်၊ ထမင်းပို့တဲ့ လူကို တိုက်ရိုက် ပို့မခိုင်းဘဲ နှစ်ဆင့်ခံထားရင်,ပိုကောင်းတာပေါ့၊ မောင်ဖြူက မောင်နိုင်ပို့၊ မောင်နိုက ဒီကိုလာပို့ရင် ပိုပြီး ကောင်းတာပေါ့"

ဟု ပြောလိုက်ရာ ဆားပုလင်းနှင့်မောင်သည် လက်ဖျောက်ကို တီး၍ လက်မကိုထောင်လိုက်ပြန်လေ၏။

ထိုအခါ ဆားပုလင်းနှင့်မောင်က....

"ထမင်းပို့တဲ့လူ မောင်ဖြူနောက်က ပုလိပ်ဟာ ခြေရာခံပြီး လိုက်လာတယ်ဆိုပါတော့၊ မောင်နိုအိမ်မှာ ပထမ ထမင်းချိုင့်ရဲ့ ခရီးဟာ ဆုံးသွားမယ်၊ တကယ်လို့ ပုလိပ်က စောင့်ပြီး ကြည့်နေမယ်ဆိုရင် မောင်နို အိမ်ကနေ အဲဒီ ထမင်းချိုင့်ဟာ ခရီးဆက်ပြီး သွားနေတယ်ဆိုတာကို ပုလိပ်က တွေ့ရမှာပေါ့၊ အဲဒီလို ဆက်သွားရင် ပုလိပ်က သံသယဖြစ်သွားမှာပေါ့"

ဟု ပြောလိုက်ရာ အဒေါ်ကြီးက....

"မောင်နို နေရာဟာ ထမင်းချိုင့် တစ်လုံးတည်း အဝင် အထွက်ရှိနေတယ်ဆိုရင် ပုလိပ်က သံသယ ရှိနေနိုင်တာပေါ့၊ မောင်ရင်လေးရယ်၊ ထမင်းချိုင့်တွေ အများကြီးဝစီပြီး ထမင်းချိုင့်တွေ အများကြီးထွက်တဲ့နေရာကို ရွှေးချယ်ရမှာလေ"

www.burmeseclassic.com

ဟု အကြောသည်အခေါကြီးကပြောလိုက်ရာ ဆားပုလင်းနှင်းမောင်က....

"ထမင်းချိုင့်တွေ အများကြီး ဝင်ပြီး ထမင်းချိုင့်တွေ အများကြီးပြန်ထွက်တဲ့ နေရာဟာ နှစ်နေရာရှိတယ် အခေါကြီး၊ ထမင်းဆိုင်ရယ်၊ ဘုန်းကြီးကျောင်းရယ်မေါ့ဗျာ"

ဟု ပြောလိုက်ရာ အကြောသည်အခေါကြီးက....

"ထမင်းဆိုင်နဲ့ ဘုန်းကြီးကျောင်း ဆိုရင် ထမင်းဆိုင်က သံသယဖြစ်ဖို့ ပိုပြီး နီးစပ်တယ်ဟေ့ ရွှေးချင်းရွှေးရင် ဘုန်းကြီးကျောင်းကိုပဲ ရွှေးရမယ်"

ဟု ပြောလိုက်လျှင် ဆားပုလင်းနှင်းမောင်သည် လက်ဖျောက်တီးရှ လက်မကို ထောင်လိုက်ရုံသာမက ပါးစပ်မှ လည်း 'ရှီး' ဟု လေပါခွန်လိုက်လေ၏။ ကျွန်ုပ်သည် အကြောသည် ခေါမြ၏ ဉာဏ်ရည်ဉာဏ်သွေးကောင်းပုံကို ချီးကျူးမိဘော့၏။ ထိုအခိုက် ဦးကိုကိုကြီးသည် ကျွန်ုပ်အနီးသို့ကပ်ကာ လေသံ ခပ်တိုးတိုးဖြင့်....

"ဆားပုလင်းနှင်းမောင်တို့ သားအမိတွေ့နေကြပြီဗျ"

ဟု ပြောလိုက်သဖြင့် ကျွန်ုပ်မှာ ပြုံးခဲ့သေးတော့၏။

ထိုအချိန်၌ ဆားပုလင်းနှင်းမောင်က....

"ဝရမ်းပြေးတစ်ယောက်ဆိုရင်(၄၉)ရက် ရှောင်ရုံနဲ့ မလုံလောက်ဘူး အခေါကြီး၊ အခု ဧမှာသေတဲ့လူက(၄၉)ရက် အဓိဋ္ဌာန်ခင်မယ်လို့ ဆိုသားတယ် မဟုတ်လား"

ဟု မြောလိုက်ရာ အကြောသည် အခေါကြီး ခေါမြ ဟာ....

"ဝရမ်းပုန်းတယ်ဆိုတာ တစ်နေရာတည်းမှာ အကြာကြီး အောင်းဘူးကွယ့်၊ နည်းနည်းလေး ကြာလာရင် နေရာ မွှေသွားတာ ကောင်းတယ်၊ ပြီးတော့လဲ အခေါက သူ့ကို ဝရမ်းပြေးလို့ အတော် မခေပြာပါဘူးကွယ်၊ တစ်ယောက်ယောက်ကို သူအကြောင်းနဲ့သူ လာပြီး ပုန်းတာလဲ ဖြစ်ချင် ဖြစ်မှာပေါ့ကွယ်၊ တကယ်လို့ပုန်းတဲ့ လူဆိုရင်တော့ ဒီလိုအကြောင်းပြပြီး ဒီမှာ လာပုန်းနိုင်တာပဲဆိုတာကို ပြောချင်တာပါ"

ဟု ပြောလိုက်လျှင် ဆားပုလင်းနှင်းမောင်က....

"ဝရမ်းပြေးလား၊ အကြောင်း တစ်ခုခုနဲ့ တစ်ယောက်ယောက်ကို ရှောင်နေတာလားဆိုတာမှာ အခေါကြီးအနေနဲ့ အယ်အချက်ကို ထင်သလဲ"

ဟု မေးလိုက်လေ၏။

"အခေါက သေတဲ့သူကိုလဲ မတွေ့ဖူးဘူးကွယ်၊ မနေ့က ဟော ပုလိပ်ဘက်က နံ့ထောက်တွေလာပြီး ကြည့်ကြတယ်၊ တချို့ဆိုရင် ညနေ(၅)နာရီထိုးမှ ပြန်သွားကြတယ်၊ ရှေသွားအဝင်းဝင်းနဲ့ စုံဒထောက်ဆိုရင် အခေါ ဆိုင်မှာ အကြော်စားရင်း အမှုအကြောင်းကို အာပေါင်အာရင်း သန်သန်နဲ့ ပြောသွားလိုက်တာ"

ဟု ပြောလိုက်လျှင် ဦးကိုကိုကြီးက....

"ကိုအောင်မြင့်ကို ပြောတာဗျို့"

ဟု ကျွန်ုပ်အား လှမ်း၍ပြော၏။ ကျွန်ုပ်လည်း ရယ်ရသေးတော့၏။

www.burmeseclassic.com

www.burmeseclassic.com

"အဒေါ်က သူ့ကိုမုတ်မိလို့ သူ့ တစ်ယောက်တည်းကို ပြောတာပါ၊ လေးယောက်လောက်လာပြီး အကြော်စားကြတယ်၊ သူတို့ဘစ်ဘွေ ပြောတာဆိုတာကို အဒေါ်က အကြော်ကြော်ပေးရင်း နားထောင်ရတာတော့ အားရစရာ မရှိဘူး၊ သူတို့စဉ်းစားဖို့ကျန်နေတဲ့ အချက် တစ်ချက်ရှိတယ်လို့ အဒေါ် ထင်တယ်"

ဟု ပြောလိုက်လျှင် ဆားပုလင်းနှင်းမောင်က....

"လုပ်စမ်းပါဦး အဒေါ်ရာ၊ အဒေါ် ထင်မြင်ချက်လေး ကြားပါရစေဦး၊ အကြော်တစ်ပွဲလဲ ထပ်ပေးပါဦး အဒေါ်ရယ်"

ဟု ပြောလိုက်ရာ အကြော်သည်အဒေါ်ကြီးက....

"အရေးကြီးတဲ့အချက်ဟာ အသတ်ခံရတဲ့လူဟာ ဇရပ်ထဲမှာ နေတယ်၊ တံခါးတွေကို လုံအောင်ပိတ်ထားတယ်၊ အဲဒီတော့ လူသတ်သမားဟာ အထဲကို ဘယ်လိုဝင်သလဲဆိုတာကို ပထမဦးဆုံး စဉ်းစားရမယ်၊ အဲဒီအချက်ဟာ အရေးကြီးတယ်ကွယ့်"

ဟု ပြောလိုက်လျှင် ဆားပုလင်းနှင်းမောင်က....

"ဟုတ်လိုက်လေ အဒေါ်ရယ်၊ အဒေါ့်ကို ကျွန်တော့်ကြီးခတ်ဘ် တော်လိုက်ချင်စမ်းပါဘိ"

ထိုအခါ အကြော်သည်အဒေါ်ကြီးက....

"ဒီနေရာဟာ အမြဲဘမ်းလိုလိုလူပြတ်တယ်ကွယ့်၊ အဲဒီတော့ ငါသာ လူသတ်သမားဆိုရင် ခြံဝင်ထဲကို ပထမဧင်္ဂပြီး၊ တော့ အထဲကလူ ဘယ်နားမှာရှိသလဲဆိုတာကို ပြတင်း

ပေါက်ကဖြစ်စေ၊ တံခါးမကြီးနားဘဖြစ်စေ ကပ်ပြီး အသံနားဆောင်နေမယ်၊ တကယ်လို့ အထဲကလူ အပေါ်မှာရှိရင် အောက်ကဝင်မယ်၊ အောက်မှာရှိရင် အပေါ်က ဝင်မယ်၊ အခုတော့ သေတဲ့ အလောင်းဟာ အောက်မှာ ဆိုတော့ အဒေါ်လို့ စဉ်းစားမယ်ဆိုရင် အပေါ်ထပ်ကဝင်ခဲ့ဘာကွယ့်၊ အပေါ်ကဝင်တယ်ဆိုရခအောင်ကလဲ အပေါ်ထပ် ဇရပ်တာကို အပြင်ကနေ တက်တဲ့ လှေကားမရှိဘူး"

ဟု ပြောလိုက်လျှင် ဦးကိုကိုကြီးက....

"ပိုက်လုံးက တွယ်တက်မှာပေါ့ဗျာ"

ဟု ဝင်၍ ထောက်လိုက်လေ၏၊ ထိုအခါ အဒေါ်ကြီးက အကြော်ကို ဆယ်ရင်း....

"ပိုက်လုံးကတွယ်တက်မယ်ဆိုရင် ဝရန်တာရဲ့ အခင်းကို ခေါင်းနဲ့ဆောင့်ဖို့ပဲရှိတယ်၊ ဝရန်တာက ကျယ်တယ်၊ ပိုက်လုံးကနေ တွယ်တက်ရမယ်ဆိုရင် ဝရန်တာရဲ့ အပြင်စွန်းကို လက်နဲ့ လှမ်းဆွဲဖို့ မလွယ်ဘူး၊ အစွန်းကို လှမ်းကိုင်နိုင်တယ်ထားဦး ဝရန်တာရဲ့အပေါ်ကိုတော့ တက်ဖို့မလွယ်ဘူး၊ အဲဒီလိုတက်နိုင်ရင် ဒီသူဟာ ရိုးရိုးလူမဟုတ်ဘူး၊ ဆပ်ကပ်သမားပဲဖြစ်ရမယ်၊ ဆပ်ကပ်သမားဆိုရင် ဂေးဂေးရှာမနေနဲ့၊ ဒါ ကောင်းကင်ဘားလွှဲတဲ့ လူပဲ ဖြစ်ရမယ်၊ အဲဒီလိုဆိုရင်လဲ မြန်မာပြည်မှာ ဆပ်ကပ်က သုံးခုတည်းရှိတာ၊ မြစ်ဝကျွန်းပေါ်ဘက်က ထောင်ထားတဲ့ 'အဲဒားဂလင်း' ဆပ်ကပ်၊ မေမြို့(ပြင်ဦးလွင်)က ဆပ်ကပ်သမား တွေ ထောင်ထားတဲ့ 'ကောင်းဘွိုင်' ဆပ်ကပ်၊ မိတ္ထီလာဘုရားက

www.burmeseclassic.com

'မြေလတ်မောင်'ဆပ်ကပ်၊ အဲဒီ ဆပ်ကပ်က ကောင်းကင်ဘား လွှဲတဲ့ လူသုံးယောက်ကို ဖမ်းလိုက်ရင် ပြီးတာပါပဲ"

ဟု ပြောလိုက်ရာ ကျွန်ုပ်နှင့် နီးကိုကိုကြီးမှာ ခွက်ထိုး ခွက်လန် ရယ်ရသေးတော့၏၊ ထိုသို့ ရယ်မောပြီးနောက် နီးကိုကိုကြီးက....

"အဒေါ်ကြီးကို လှောင်ပြီး ရယ်တာ မဟုတ်ဘူးနော်၊ သဘာကျလို့ရယ်တာ၊ အဒေါ်ကြီးက ဆပ်ကပ်တွေ အလုတ် ရထားတာကိုး"

ဟု ပြောလိုက်လေ၏၊ ထိုအခါ အကြောသည် အဒေါ်ကြီးက....

"ကျုပ်က ပွဲခေးဘုန်းတွေမှာ အကြော်လိုက်ပြီး ရောင်း ရသေးတာ၊ အဲဒီတော့ သိတာပေါ့ကွယ်"

ဟု ပြောလိုက်ဦးလေ၏၊ ထိုအခါ ဆားပုလင်းနှင်းမောင် က....

"ဆက်ပါဦး အဒေါ်ရယ်၊ လူသတ်သမားဟာ အဘွင်းဘက် ပို့ကုလုံးကို အသုံးပြုပြီးတော့ တက်လှိုမရဘူး၊ အဒေါ်သာ ဆိုရင် ဘယ်လိုလုပ်မလဲ"

ဟု မေးလိုက်ရာ အကြော်သည်အဒေါ်ကြီးက....

"ဇရပ်ဝင်းထဲကပြန်ထွက်လာပြီး အပြင်ဘက်က မန်ကျည်း ပင်ကြီးကို တက်မှာပေါ့ကွယ်၊ ပြီးတော့ ဇရပ်ဘက်ကို ကိုင်းပြီး နေတဲ့ မန်ကျည်းကိုင်းတစ်ခုကနေလွှဲပြီး ဝရန်တာကို ခုန်ဆင်း မှာပေါ့"

ဟု ပြောလိုက်လျှင် ကျွန်ုပ်က....

"ဝရန်တာပေါ် ခုန်ချတဲ့အခါ တအား မြည်မှာပေါ့ အဒေါ်ရဲ့"

ဟု ဝင်၍ထောက်လိုက်လျှင် အကြော်သည် အဒေါ်ကြီး က....

"ဝရန်တာက ပျဉ်ခင်းမဟုတ်ဘူး မောင်ရင်ရဲ့၊ သမံတလင်း ခင်းထားတာဆိုတော့ ခြေဖျားနဲ့ကျအောင်ဆင်းနိုင်ရင် အသံ မြည်ပါဘူးကွယ်"

ဟု ပြန်၍ဖြေလိုက်လေ၏၊ ထိုအခါ ဆားပုလင်းနှင်းမောင် က....

"အပေါ်က တံခါးတွေလဲ အတွင်းက ချက်တွေထိုးပြီး ဒိတ်ထားတာ အဒေါ်ရဲ့၊ ဘယ်လိုဝင်မလဲ"

ဟု ပြောလိုက်လျှင် အကြော်သည်အဒေါ်ကြီးက....

"အပေါ်က ပြတင်းပေါက်တွေက မှန်ပြတင်းပေါက်တွေ ဥစ္စာကွယ် လူသတ်သမားက ယောကျ်ားပဲဥစ္စာ၊ မှန်ပြတင်း ပေါက်ကို လက်သီးနဲ့ထိုးခွဲတာနဲ့ ကွဲလောက်ပါတယ်"

ဟု ပြန်၍ပြောလိုက်လေ၏၊ ထိုအခါ ဦးကိုကိုကြီးက....

"မှန်ကို လက်သီးနဲ့ထိုးခွဲတော့ 'ဂလွမ်'ခနဲအသံကြီး မမြည် ဘူးတဲ့လား ဗျာ၊ အဲဒီလိုမြည်ရင် အထဲကလူကသိမှာပေါ့"

ဟု ပြောလိုက်ရာ အကြော်သည်အဒေါ်ကြီးက အချဉ်ရည် ယိုင်း....

"ဒီလောက်အရှင်တော့ဘယ်ဖြစ်မလဲ မောင်ရင်ရယ်၊ မှန်ကို အသံမမြည်အောင်လုပ်ရမှာပေါ့၊ အဲဒါ ဘာများခက်လို့လဲ၊ ဆောင်းစာစက္ကူတစ်ရွက်ယူလာပြီး အဲဒီမှန်မှာ ကော်သုတ်ပြီး

www.burmeseclassic.com

ကပ်လိုက်ပေါ့၊ ပြီးဆော့ လက်သီးနဲ့ထိုးရင် ဘယ်လို အသံမြည်မလဲ"

ဟု ပြောလိုက်ရာ ဆားပုလင်းနှင်းမောင်သည် လက်ကို ဖျောက်ခနဲ တီး၏။ လက်မကို ဖျတ်ခနဲ ထောင်၏။ လေကို ခ်ီခနဲ ချွန်၏။ ပြီးလျှင် ဆားပုလင်းနှင်းမောင်က....

"ပြောစမ်းပါဦး အဒေါ်ရယ်၊ သိပ်ကိုဟုတ်တာပဲ"

ဟု ပြောလိုက်လေ၏။

ထိုအခါ အကြော်သည်အဒေါ်ကြီးက ဆလပ်ရွက်နှင့် ကြက်သွန်မြိတ်များကို ရေဆေးရင်း....

"မနန္နက အလောင်းကြီးကိုလာကြည့်တဲ့ စုံထောက်တွေထဲမှာ ပါးရည်နပ်ရည်ရှိတဲ့ စုံထောက်တစ်ယောက်တလေပါခဲ့ရင်တော့ အဲဒီမှန်ကွဲတွေကို တွေ့မှာပဲ၊ တွေ့ရင် အဲဒီမှန်မှာ ကပ်နေတဲ့ သတင်းစာစက္ကူကိုခွာပြီး ကြည့်မှာပဲ"

ဟု ပြောလိုက်လျှင် ကျွန်ုပ်က....

"အဲဒီသတင်းစာကိုဘာအတွက်ကြည့်ရမှာလဲ အဒေါ်ရဲ့"

ဟု ဝင်၍မေးလိုက်လေ၏။

"ဒီလိုလေကွယ်၊ သတင်းစာစက္ကူကို လူသတ်သမားဟာ အိမ်ကယူခဲ့မှရမယ်၊ အဲဒီတော့ မှန်မှာကပ်ထားတဲ့ သတင်းစာကိုယူရင် လူသတ်သမား ဘယ်သတင်းစာယူသလဲဆိုတာကို သိနိုင်တာပေါ့၊ သတင်းစာကလဲ ဘယ်နှစ်စောင်များရှိလို့လဲ၊ မြန်မာအလင်းရယ်၊ သူရိယရယ်၊ အင်္ဂလိပ်သတင်းစာက ဒေးလီဂျက်ရယ် သုံးစောင်တည်းရှိတာ၊ သူဖတ်တဲ့ သတင်းစာကိုသိရင် သူ့ကို ခန့်မှန်းလို့ရတဲ့အချက်တစ်ချက်ပေါ့ကွယ်၊

ဒေးလီဂျက် ဖတ်မယ်ဆိုရင် ပညာတတ်အသိုင်းအဝန်းက ဖြစ်မယ်၊ သူရိယဖတ်မယ်ဆိုရင် ခေါင်းကြီးအာဘော်နဲ့ နီဉင်ရေးကို စိတ်ဝင်စားတဲ့လူဖြစ်မယ်၊ မြန်မာ့အလင်း ဖတ်မယ်ဆိုရင် သတင်းထူး သတင်းဦးကိုဖတ်ချင်တဲ့လူဖြစ်မယ် စသဖြင့်ပေါ့ မောင်ရင်တို့ရယ်"

ဟု ပြောလိုက်ရာ ဆားပုလင်းနှင်းမောင်က....

"ကျွန်တော့် အမေ ဒေါ်လိုက်စမ်းချင်ပါဘိတော့ အမေရယ်၊ တကယ့်ကို ပြောတာပါ၊ သားထောက် သမီးခံမရှိလို့ အခကြော် ကြော်ပြီး ရောင်းနေရတယ်ဆိုရင်တော့ အခုကိုပဲ အိမ်ကိုခေါ်သွားပြီး အေးမ့်ကို ခေါင်းရင်းခန်းမှာ ထားလိုက်ချင်ပါဘိ"

ဟု စိတ်ပါလက်ပါပြောလိုက်ခဲ့လေတော့၏။

ထို့နောက် ဆားပုလင်းနှင်းမောင်က....

"ကဲ....အဒေါ်ရေ....ကျွန်တော်တို့လဲ သွားဦးမယ်"

ဟု ဆိုကာ ကျသင့်ငွေများကို ရှင်း၍ ကျွန်ုပ်တို့နှင့်အတူ ဇရပ်ဘက်ဆီသို့ ထွက်လာခဲ့လေတော့၏။

ထို့နောက် ငါးထပ်ကြီးရှေ့၏ သူကြီးထံသို့ သွားကာ သူကြီးနှင့်တွေ့ဆုံလေ၏။ သူကြီးမှာ မျက်စိစွေစောင်းစောင်းနှင့် ပိန်ပိန်ပါးပါး လူတစ်ယောက်ဖြစ်၏။

"ဘယ်လိုလဲ....သူကြီး၊ ဇရပ်ထဲမှာ လူတစ်ယောက်သေနေဘယ်ဆိုတာကို ဘယ်လိုစ်ပြီး သိတာလဲ"

ဟု ဆားပုလင်း နှင်းမောင်က မေးလိုက်ရာ သူကြီးက....

www.burmeseclassic.com

"ကျွန်တော်ကို ဇရပ်ရှင် လာပြီးခေါ်တာဗျ၊ ဇရပ်ရှင်က ပုဇွန်တောင်ဘက်မှာ နေတယ်၊ နာမည်က ဒေါ်အမာတဲ့၊ ခါတိုင်းတော့ မလာပါဘူး၊ အဲဒီနေ့ကျမှ ဘယ်လိုကဘယ်လို ဖြစ်တယ် မသိဘူး၊ ဇရပ်ကို ရောက်လာတယ်၊ တံခါးဖွင့်မယ် လုပ်တော့ တံခါးမှာကသော့ခတ်ထားတယ်၊အထဲမှာ အဓိဋ္ဌာန် ဝင်နေတဲ့လူ အပြင်ထွက်သွားတယ်မှတ်လို့ သူမှာ ပါလာတဲ့ သော့တစ်ချောင်းနဲ့ဖွင့်ပြီး အထဲကို ဝင်လိုက်တာဗျို့၊ အထဲထဲ ရောက်ရော ပိုးလိုးမက်လက် ကိုးရိုးကားရားကြီး သေနေတဲ့ လူသေအလောင်းကိုမြင်တော့ လန့်ပြီး အော်တာ၊ အဲဒီမှာ ဘုရားပေါ်က လူတွေရော၊ တခြားဇရပ်က လူတွေရော၊ ဟောဒီရွာထဲက လူတွေရော ပြေးပြီးလာကြတယ်၊ ပြီးတော့ ဗဟန်းဂါတ်ကို အကြောင်းကြားတယ်၊ ဗဟန်းဂါတ်ကနေ စီအိုင်ဒီကို အကြောင်းကြားတော့ စီအိုင်ဒီ စုံထောက်တွေ ရောက်လာတာပေါ့၊ ကျုပ်ကတော့ သေးတွေသံတွေမြင်လည်း ခေါင်းမူးတတ်လို့ အနားကို မသွားတော့ဘူး၊ ဟောဟိုက ဒေါ်မြ အကြောက်ဆိုင်မှာ သွားပြီးထိုင်နေတာ၊ အဲဒီ ဒေါ်မြ ဆိုတဲ့ မိန်းမကြီးက စပ်စုလိုက်တာ မပြောပါနဲ့တော့၊ အဲဒါနဲ့ နားပူလို့ ထွက်လာပြီး ဟောဒီတက်က အနုတ္တ ဆရာမြအိမ် စာက်ပြီး ဇရပ်နေးကြမ်းသောက်ရင်း ထိုင်မယ်လို့ စိတ်ကူးလိုက်တာ အနုတ္တ ဆရာမြကလဲ အခြောက်သည် ဒေါ်မြလိုပါပဲဗျာ၊ ကျုပ် နားမလည်တဲ့အဘိဓမ္မာတရားတွေ ကျုပ်ကို ဟောတာနဲ့ ကျုပ်လဲ သူ့ဆီကထွက်လာပြီး ဟောဟိုက နှာတံမှာ သွားပြီး ထိုင်နေရတယ်၊ ကျုပ်နဲ့ ဝေဒိရဲ့နှာတွေကတော့ ဟန်ကျတယ်ဗျို့

နှားတွေက ကျုပ်ကို စကားတစ်ခွန်းမှ မပြောဘူး၊ သူတို့ဟာ သူတို့ အစာစားနေကြတယ်၊ ကျုပ်ကတော့ ဒီလိုပဲ တစ်နေ့လုံး ထိုင်နေရတယ်...ကျုပ် ထိုင်နေတဲ့နေရာက လူသတ်မှုဖြစ်တဲ့ ဇရပ်ကို လှမ်းမြင်နေရတယ်၊ စုံထောက်တွေက အလိုရှိတဲ့အခါမှာ ကျုပ်ကိုခေါ်ရင် ချက်ချင်းသွားနိုင်အောင် အဲဒီနားမှာ ထိုင်နေရတာ၊ စီအိုင်ဒီက စုံထောက်တွေကလဲ သူတို့ ဘာကလေး လိုချင်လိုချင် သူတို့ဟာသူတို့ ထမရှာဘူး၊ ကျုပ်ကို လှမ်းလှမ်း ခေါ်ပြီး ခိုင်းနေတော့တာပဲ၊ မနေ့က ခြေကို တို့နေတာပဲ၊ သူကြီးလုပ်ချင်စိတ် ဆယ်ဘဝလောက် ကုန်သွားတယ်"

ဟု ပြောလိုက်လေ၏။

"ဒါနဲ့နေပါဦး....သူကြီးရဲ့ ဇရပ်ရှင်ရဲ့လိပ်စာ အတိအကျကို သိသလား"

ဟု ဆားပုလင်း နှင်းမောင်က မေးရာ သူကြီးက....

"ပုဇွန်တောင် စင်ကာပူထဲမှာ နေတာ၊ ဘယ်သူမေးမေး သိပါတယ်ဗျာ ဇရပ်အမ ကျောင်းအမ ဒေါ်အမာဆိုရင် သိပါတယ်"

ဟု ပြောလိုက်လေ၏၊ ထိုအခါ ဆားပုလင်း နှင်းမောင်က....

"ကျေးဇူးတင်ပါတယ် သူကြီး၊ ကျွန်တော်တို့ သွားပါဦးမယ်"

ဟု ဆိုကာ ကားကိုမောင်း၍ ဇရပ်အမ ကျောင်းအမ ဒေါ်အမာဆီသို့ ထွက်လာလေတော့၏။ များမကြာဘဲပင် ပုဇွန်တောင်၊ စင်ကာပူရှိ ဒေါ်အမာထံသို့ ရောက်လေ၏။

www.burmeseclassic.com

www.burmeseclassic.com

ဒေါ်အမာနှင့် တွေ့ရလေ၏၊ ဒေါ်အမာ ဆိုသော်လည်း အသက်ကြီးသေးသည် မဟုတ်၊ အသက် ခလေးဆယ်ခန့်သာ ရှိသေးသည့် မိန်းမချောတစ်ဦး ဖြစ်၏။

ဆားပုလင်း နှင်းမောင်က ဒေါ်အမာနှင့်တွေ့လျှင်....

"ဇရပ်အမကြီး ခင်ဗျာ.... ဇရပ်အမကြီးရဲ့ ငါးထပ်ကြီးထဲမှာ ရှိတဲ့ ဝိသာခဇရပ်ကြီးထဲမှာ လူသတ်မှု ဖြစ်ပွားခဲ့ပါတယ်၊ အဲဒါလဲ ဇရပ်အမကြီး သိပြီးသားဖြစ်ပါစေဗျာ၊ သေဆုံးသူဟာ ဇရပ်အမကြီးနဲ့ ဘယ်တုန်းက စတင် သိကျွမ်းပါသလဲ၊ ပြီးတော့ သူနာမည် ဘယ်လိုခေါ်ပါသလဲ"

ဟု မေးလိုက်လေ၏၊ ထိုအခါ ဒေါ်အမာက....

"ဒီလိုပါရှင်၊ ကျွန်မ မသိပါဘူး၊ သူက စုံစမ်းပြီး အဓိဋ္ဌာန် ဝင်ချင်လို့ပါ၊ (၄၉)ရက် အဓိဋ္ဌာန် ဝင်ချင်လို့ပါဆိုပြီး ရောက်လာတာ၊ အဲဒါနဲ့ ကျွန်မလဲ ယုံယုံကြည်ကြည်ပဲ သေးကို ပေးလိုက်ပါတယ်၊ သူ့နာမည်ကတော့ 'ကိုလော' လို့ ပြောသွားပါတယ်၊ လူက ရည်ရည်မွန်မွန်ပါပဲရှင့်၊ ခွေးဥပဓိရုပ်ကတော့ ဘုရားတရား တကယ်လုပ်တဲ့ရုပ်မျိုးပါပဲ"

ဟု ပြောလိုက်လေ၏။

ထိုအခါ ဆားပုလင်း နှင်းမောင်က....

"ဇရပ်အမကြီးက ဇရပ်ကို ဘယ်နေ့တွေမှာ သွားလေ့ရှိပါသလဲ"

ဟု မေးလိုက်ရာ ဇရပ်အမ ဒေါ်အမာက....

"ခါတိုင်းတော့ ဥပုသ်နေ့တွေ သွားတာပေါ့ရှင်၊ ဒါပေမယ့် ကိုလောဆိုတဲ့လူ အဓိဋ္ဌာန်ဝင်နေတော့ ဥပုသ်နေ့လဲ မရောက်

ဖြစ်ပါဘူး၊ လွတ်လွတ်လပ်လပ် အဓိဋ္ဌာန် ဝင်ပါစေဆိုပြီး မသွားဖြစ်ပါဘူးရှင့်"

ဟု ပြောလျှင် ဆားပုလင်း နှင်းမောင်က....

"မနေ့ကတော့ ဇရပ်အမကြီး ဇရပ်ကို ရောက်ခဲ့တယ်ပေါ့"

ဟု မေးလိုက်ရာ ဇရပ်အမကြီးက....

"မနေ့က ရောက်ခဲ့လို့ ကျွန်မ သွေးပျက်နေတာရှင့်၊ အိပ်လို့လဲ မရ၊ စားလို့လဲ မရ၊ ရင်တွေတုန်နေတာပဲ"

ဟု ဆိုကာ သူ၏ရင်ဘတ်ကလေးကို လက်ဖြင့် ဖိထားလေ၏၊

"ဟုတ်ပါပြီ၊ ဇရပ်အမကြီး မနေ့က ဥပုသ်နေ့ မဟုတ်ဘဲ ဘာကြောင့် ဇရပ်ကို သွားဖြစ်တာလဲ"

ဟု ဆားပုလင်း နှင်းမောင်က မေးလိုက်ပြန်၏၊ ထိုအခါ ဇရပ်အမကြီး ဒေါ်အမာက....

"ဒါက ဒီလိုရှိပါတယ်ရှင်၊ ကျွန်မက ငါးထပ်ကြီးဘုရားမှာ ရွှေဆိုင်းတွေလှူဖို့ ကတိပေးထားလို့ မနေ့က သွားပြီး လှူတာရှင့်၊ အဲဒါနဲ့ ဇရပ်ဘက်ရောက်လို့ ကြည့်လိုက်တော့ ဇရပ်တံခါး ပိတ်ထားတာနဲ့ ကိုလော အပြင်ထွက်သွားပြီး တံခါးပိတ်သွားတာပဲလို့ ထင်တာနဲ့ သေးကိုဖွင့်ပြီး ဝင်ကြည့်မိတာ၊ အဲဒီမှာ သူအလောင်းကြီးကို သွားပြီးတွေ့ရတော့တာပဲရှင့်"

ဟု ပြန်၍ဖြေလိုက်လေ၏၊ ထိုအခါ ဆားပုလင်းနှင်းမောင်က....

www.burmeseclassic.com

"ဒီအတောအတွင်းမှာ ဒီဇရပ်နဲ့ ပတ်သက်ပြီး သူစိမ်းထဲက ဘယ်သူမျှား လာသေးလဲ"

ဟု မေးလိုက်လေ၏။

"လာတယ်....လာစာယ်၊ ကျွန်မ ငါးထပ်ကြီးဘုရားကို မသွားခင်လေးတင်မှာပဲ ကပ်ပြီးလာတာ၊ အသက် (၃၀) လောက်ပဲ၊ အရပ်အမောင်း ကောင်းကောင်း၊ သူနာမည်ကို တော့ ပြောသွားတယ်၊ ကျွန်မ မမှတ်မိဘူး၊ သူက ကျွန်မ ဇရပ်မှာ သမ္မုဒ္ဓေဘစ်ထောင်(၄၉)ရက် ရွတ်ချင်လို့တဲ့၊ ဒါပေမယ့် ကျွန်မက ဇရပ်မှာ အဓိဋ္ဌာန်ဝင်နေတဲ့လူရှိလို့ မဖြစ်နိုင်ကြောင်း ပြောလွှတ်လိုက်တယ်၊အဲဒီတော့ ပြန်သွားရှာတယ်၊ အဲဒီသူငယ်ကတော့ လူသတ်သမား မဖြစ်နိုင်ပါဘူး၊ လူဟဉ်ကျေးကလေးတစ်ယောက် ဖြစ်နိုင်ပါတယ်၊ သူတစ်ပါးကို ရက်ရက်စက်စက် လုပ်မယ့် ရှပ်ရည်မျိုး မရှိပါဘူး"

ဟု ဇရပ်အမကြီးက ပြန်၍ဖြေလိုက်လေ၏။

"အဲဒီလူနဲ့ပတ်သက်လို့ ဇရပ်အမကြီးအနေနဲ့ တာမျှား မှတ်မိတာရှိပါသေးသလဲ"

ဟု ဆားပုလင်း နှင်းမောင်က မေးလိုက်ရာ ဇရပ်အမကြီးဒေါ်အမာက....

"ဒါပဲ မှတ်မိပါတယ်ရှင်"

ဟု ပြန်၍ပြောလေ၏။

"ဇရပ်ဆဲက ကိုလောဆိုတဲ့လူ အဓိဋ္ဌာန် ဝင်တာ ဘယ် နှစ်ရက်မြောက်ပြီလဲ"

ဟု ဆားပုလင်းနှင်းမောင်က မေးလိုက်လေ၏။

"ဇရပ်ဆဲကလူ အဓိဋ္ဌာန်ဝင်တာ သေတဲ့နေ့မှာ ဆယ့်သုံးရက်ပြည့်တဲ့နေ့ပဲ ရှင့်"

ဟု ဇရပ်အမကြီးဒေါ်အမာက ပြန်၍ဖြေလျှင် ဆားပုလင်းနှင်းမောင်သည် ဇရပ်အမကြီးအား ကျေးဇူးတင်စကားပြော၍ ဆက်ဆက်ကာ ထွက်ခဲ့လေတော့၏။ ကျွန်ုပ်နှင့် ဦးကိုကိုကြီးသည် ဆားပုလင်းနှင်းမောင်နောက်မှ လိုက်ပါခဲ့ကြရလေ၏။ ထိုနေ့ နံနက်စာကို ရေကျော်စေ့းထဲတွင် လွန်စွာ နာမည်ကြီးခဲ့သော 'ခါလာကြီး'ထမင်းဆိုင်၌ အုန်းနို့နှင့် ခွက်ထားသော ငါးဖယ်ငါးဆုပ်ဟင်းကို မှာယူ၍ မြိန်ရှက်စွာ စားသောက်ခဲ့ကြလေတော့သတည်း။

○

www.burmeseclassic.com

www.burmeseclassic.com

ဆောင်းဘီကြယ်သီးပြုတ်တေ့တစ်ခါ၊ ခေါင်းပေါ်မှာ ဦးထုပ်
ဦး လည်နေတော့ တစ်ခါဆိုတော့ စုစုပေါင်း(၁၉)ခါအဆု
ကယ်ပေါ့ဗျာ"

ဟု ပြောလိုက်သောအခါ ဆားပုလင်းနှင်းမောင်က ပြုံး
၏၊ ထိုသို့ပြုံးပြီးနောက်....

"အဆူခံရတဲ့လူတွေ ဂုဏ်ထူးဆောင် လက်မှတ်ရမယ်ဆိုရင်
တော့ အိုင်ပီတို့အိမ်မှာ ချိတ်ဖို့ နေရာဘောင် ရှိမှာ မဟုတ်
ဘူး"

ဟု ပြောလိုက်ရာ ဦးကိုကိုကြီးက....

"ပြောလို့ မြောတာ မဟုတ်ဘူးဗျ၊ မင်းကြီးက ခေါ်ဖြီး
ဆူတဲ့နေ့မျိုးဆိုရင် ကျုပ်တို့ အဲဒီည အိပ်လို့တောင် မပျော်
လောက်လား တချွန်ချွန်နဲ့လုပ်လို့ မိန်းမက ထမြီး ဆူရ
တာပဲ၊ အဆူခံလိုက်ရမှပဲ အိပ်ပျော်သွားတော့တယ်မျှို"

ဟု ပြောလိုက်ရာ ကျွန်ုပ်က....

"မင်းကြီးက မဆူတော့လဲ မိန်းမက အဆူခံနေရတဲ့ ဘဝ
ဦးကိုကိုကြီးဘဝက သနားစရာပဲ"

ဟု ပြောလိုက်လျှင် ဦးကိုကိုကြီးက....

"ဒီမှာ ဦးအောင်သင်း၊ ဘိန်းစားချင်းတူတူ တစ်လုံး
ခွဲပဲဗျာ၊ ခင်ဗျား မိန်းမ တင်တင်ကကော ခင်ဗျားကို မဆူ
ဘူး"

မေးလိုက်လျှင် ကျွန်ုပ်က....

"ကျုပ် မိန်းမ ကျုပ်ကို ဆူဝံ့မလားဗျာ၊ ဆူဖို့မပြောနဲ့၊
မျက်နှာဘောင် လှန်မကြည့်ဝံ့ဘူး၊ လှန်ကြည့်တာနဲ့ ခေါင်းက

မင်းကြီးရဲ့းခန်းသို့ ဝင်ကြရပြန်ပြီ

အထက်ပါအဖြစ်အပျက် ဖြစ်ပွားပြီး(၁၇)ရက်ကြာသော
အခါ၌ ကျွန်ုပ်နှင့် ဦးကိုကိုကြီးသည် အင်းစိန် စီအိုင်
ကျွန်ုပ်၏ရုံးခန်း၌ ရောက်တတ်ရာရာ စကားများ ပြောဆိုနေ
လေ၏၊ ထိုအချိန်၌ ကျွန်ုပ်၏ မိတ်ဆွေကြီး ဆားပု
နှင်းမောင်သည် ကျွန်ုပ်တို့ရုံးခန်းသို့ ရောက်ရှိလာဖြီးလျှင်

"ဘယ်လိုလဲ အိုင်ပီတို့....ဒီအတောအတွင်း ဘယ်နှ
များ အဆူခံပြီးကြပြီလဲ"

ဟု မေးလိုက်ရာ ဦးကိုကိုကြီးက....

"ဒီနေ့(၁၇)ရက် ရှိပြီဗျ၊ အဲဒီတော့ (၁၇)ခါလေ
ဒီထဲမှာ ထူးပြီး ကျုပ်က အပို (၂)ခါ ဆူခံရသေးတယ်

www.burmeseclassic.com

www.burmeseclassic.com

ကုလားထိုင်နဲ့ ထရိုက်လို့ သစ်သားတွေအကုန်ကျိုးပြီး သံမူလီ
နှစ်ခြောင်းပဲ ကျန်မယ်''

ဟု ပြောလိုက်ပြီးမှ ဆားပုလင်းနှင်းမောင်ကို အားနာ
သဖြင့် ဘရိတ်အုပ်လိုက်ရလေ၏။ ထိုအချိန်၌မှာပင် ပြာတာ
ကလေး မောင်ညို ရောက်လာပြီးလျှင်....

''ဆရာတို့....ဆရာတို့....လက်ဖက်ခြောက် တစ်ထုပ်စီယူပြီး
မင်းကြီးရုံးခန်းကို လာခဲ့ပါတဲ့၊ မင်းကြီးကတော့ ပွက်ပွက်ဆူ
နေပြီ''

ဟု ပြောလိုက်လေတော့၏။

ထိုအခါ ကျွန်ုပ်နှင့် ဦးကိုကိုကြီးသည် ဘောင်းဘီမျာ
ပြင်ဝတ်ခြင်း၊ ကြယ်သီးများ စုံစေ့စွာ တပ်ထားခြင်း ရှိ
စစ်ဆေးခြင်း၊ ခါးပတ်ခေါင်း လည်နေခြင်း ရှိမရှိ ကြည့်ခြ
စသော လူကြီးကို ကြောက်တတ်သည့်သူတို့၏ ထုံးစံများ
ပြည့်စုံအောင် ပြုမူပြီးနောက် အဆီပြန်နေသော မျက်နှာမျ
ကို လက်ကိုင်ပဝါဖြင့်ပွတ်သပ်ခြင်းများ ပြုလုပ်ပြီးသော အ
မင်းကြီး၏ရုံးခန်းဆီသို့ သားရေတုတ်လုံးကလေးများ ခို
ညှပ်ကာ ထွက်သွားလေတော့၏။

မင်းကြီး၏ ရုံးခန်းသို့ ရောက်သောအခါ၌ ဆလံများ
ကြ၏၊ မင်းကြီး၏ စားပွဲခုံရှေ့၌ တန်းစီ၍ မတ်တတ်
ရ၏။ အဘင်းရှင်းဆွဲထားရ၏။ ထိုအခါ၌ မင်းကြီးက....

''မြည်းသတ္တဝါတွေ၊ ဝက်လို ငိုက်မျဉ်းနေတဲ့ ကောင်
ဝရဲကောင်တွေ၊ အခု ရုန်ကုန် ပုလိပ်မင်းကြီးက ကျွန်ုပ်
တယ်လီဖုန်း ဆက်တယ်၊ မစ္စတာကရစ်ပင် ရှိသေးခဲ့လ

နံရံပေါ်မှာ သွေးနဲ့ရေးသွားတဲ့ လူသတ်သမားက သတ်သွား
ပြီလားတဲ့၊ တကယ်လို့ လူသတ်သမားက မသတ်ရသေးဘူး
ဆိုရင်တော့ စီအိုင်ဒီမှာ စုံထောက်တွေ ဘာတွေလုပ်နေကြ
သလဲတဲ့၊ အဲဒီတော့ ကျွန်ုပ် ဘယ်လိုဖြေရမလဲ၊ မောင်မင်းတို့
မြည်းသတ္တဝါတွေ သေကုန်ကြပြီလို့ ပြောရမလား၊ ဒါမှ
မဟုတ် ကျွန်ုပ်ပါ သေပြီလို့ အကြောင်းပြန်ရမလား၊ ရှက်ဖို့
အားကြီးကောင်းတယ်၊ ဆားပုလင်းနှင်းမောင် ဘယ်ရောက်
နေပြီလဲ''

ဟု မေးလိုက်ရာ စုံထောက် ကိုစိန်လှက....

''ဆားပုလင်းနှင်းမောင်ဟာ ချောက်ဂါတ်ကနေရောက်တဲ့
နေ့ကစပြီး ရုံးကို တစ်ခါမှ လာတာ မတွေ့သေးဘူး''

ဟု ပြောင်ပြောင်ကြီး ချောက်တွန်းလိုက်လေတော့၏။

ထို့နောက် ဦးကိုကိုကြီးက ကျွန်ုပ်အနားသို့ကပ်ကာ....

''တွေ့လား....တွေ့လား၊ ကျုပ်တို့လူကြီးကို ချောက်တွန်း
နေပြီ လုပ်ပါဦး....ဦးအောင်သင်းရဲ့၊ ကျုပ်တို့ လူကြီးဘက်က
ကာကွယ်ပါဦး''

ဟု ပြောလိုက်ရာ ကျွန်ုပ်က....

''မင်းကြီး ခင်ဗျား....ကျွန် တော် မျိုး ရုံး ခန်း ထဲ မှာ
ဆားပုလင်းနှင်းမောင်ဟာ အခုရှိနေပါတယ်''

ဟု ဝင်၍ပြောလိုက်လျှင် မင်းကြီးသည် အူကြောင်ကြောင်
သွားလေ၏၊ တစ်ယောက်က ရုံးမတက်ဘူးဟု ပြော၏၊
က ရုံးခန်းထဲမှာ ရှိနေသည်ဟု ပြော၏၊ ထို့ကြောင့်
ဆား မောင်ညိုအား....

www.burmeseclassic.com

www.burmeseclassic.com

"လူကလေးမောင်ညို....အိုင်ပီ အောင်သင်းရဲ့ ရုံးစာန်းထဲမှာ ဆားပုလင်းနှင်းမောင် ရှိတယ် မရှိဘူး သွားကြည့်ပေးပါ"

ဟု မင်းကြီးက ပြောလိုက်လျှင် ပြာတာမောင်ညိုသည် 'ရက်ဆား'ဟု ခံကာ ပြေးထွက် သွားလေ၏။ ထို့နောက် ခဏခြင်းဆိုသလိုပင် ပြာတာမောင်ညိုသည် ပြန်လည် ရောက်ရှိလာပြီးလျှင်....

"အိုင်ပီအောင်သင်းရဲ့ ရုံးခန်းထဲမှာ ဆားပုလင်းနှင်းမောင်ဟာ ကုလားထိုင်မှာ အိပ်ပျော်နေပါတယ်"

ဟု ပြောလိုက်လျှင် မင်းကြီး မစ္ဆတာကရစ်ပင်က....

"အိပ်ပါစေ....အိုင်ပါစေ၊ ဆား ပုလင်း နှင်း မောင် ကို မနှောင့်ယှက်ပါနဲ့၊ အိပ်ပျော်နေတဲ့နဂါးကို မနှိုးရဘူးလို့ 'နပိုလီယံ'က ပြောတယ်၊ နောက်ပြီးတော့ အိုင်ပီ စိန်လှက ဆားပုလင်းနှင်းခမောင်ကို ရုံးမတက်ဘူးလို့ ဘာခြောင့် ချောက်တွန်းရတာလဲ၊ နောက်နောင်ကို ဒီလို သူတစ်ပါးကို ဇချောက်တွန်းတာမျိုးလုပ်ရင် အပြစ်ပေးခံရမယ်"

ဟု ပြောလိုက်လျှင် ဦးကိုကိုကြီးက ကျွန်ုပ်အနီးသို့ကပ်ကာ ခပ်တိုးတိုးလေသံဖြင့်....

"မှတ်ဟ....သူမျှားမကောင်းကြဲ့ ကိုယ့်ဘေးဇဏ်ထိဆိုတာ ဒါမျိုးပေါ့ဗျ"

ဟု ပြောလိုက်လေ၏။ ထိုအချိန်၌ မစ္ဆတာ ကရစ်ပင်က....

"ငါးဆပ်ကြီးထဲက ဇရပ်မှာ ပိတ်ဖြူဝတ်ဆားတဲ့ ဟိုးလီးမန်းကို သတ်ပြီး နံရံမှာ သွေးနဲ့ ဘာစာ ရေးသွားသလဲ ဘုတ်မဝသည်ဆိုတဲ့စာ ရေးသွားတယ် မဟုစ်လား"

ဟု မေးလိုက်လျှင် ဦးကိုကိုကြီးက....

"ဘုမ္မာဝတီပါ သခင်"

ဟု ကပျာကယာ ဝင်၍ပြန်ရေးထိုး၏။

ကျွန်ုပ်တို့ စုံထောက်များမှာလည်း ရယ်ချင်သော်လည်း ပြုံးခဲစိ လုပ်နေကြရလေ၏။ ဦးကိုကိုကြီးကမူ ကျွန်ုပ်၏ အနီးကပ်၍ ခပ်တိုးတိုးလေသံဖြင့်....

"ဘုမ္မာဝတီလဲ သူလုပ်မှ ဘုတ်မဝသည် ဖြစ်တော့တာပဲ"

ဟု ပြောလေ၏။ ထို့နောက် မစ္ဆတာ ကရစ်ပင်ကပင်....

"ဟိုးလီးမန်း သတ်တဲ့အမှု မပေါ်ခသေးဘူး၊ အခု သဃ်န်းကျွန်း ဂါတ်ကနေပြီး အကြောင်းကြားနေပြီ၊ သဃ်န်းကျွန်းဘာနားမှာ လူသတ်မှု ဖြစ်ပြန်ပြီတဲ့၊ လူသတ်သမားဟာ သဃ်န်းကျွန်းမှာသတ်ပြီးရင် စီအိုင်ဒီကို ရောက်လာမယ်၊ ပြီးရင် ကျွန်ုပ်ကို သတ်မယ်၊ ပြီးရင် ဟောဟိုနံရံမှာ သွေးနဲ့ ဘုတ်မဝသည်လား ဘုမ္မာဝတီလား တစ်ခုခု ရေးသွားမယ်၊ အဲဒီသတ်သမားကို မှဖမ်းနိုင်ဘူးဆိုရင် လူသတ်သမားဟာ အဲဒီကနေ လူကလေးတို့အိမ်ကို ရောက်လာလိမ့်မယ်၊ အခုမြန်ဆုံး သဃ်န်းကျွန်း ဘူတာနားက အိမ်ကြီးတစ်အိမ်ကို သွားကြပါ၊ အဲဒီမှာ သေနေတဲ့အလောင်းကြီးက သင့်တို့ကို သောင်းဒူးယူဒူးလို့ နှုတ်ဆက်ပါလိမ့်မယ်၊ သွားကြ....ကျွန်ုပ်ကြီးစိတ်မအာဂင်းဖြစ်နေပြီ၊ မင်းတို့အားလုံး တစ်ယောက်ကျွန် စီအိုင်ဒီက သွားကြပါ၊ နေတိုင်း အဲဒီ လူသတ်မှုကို ဖြောင်းပြန်ပြီး ပြောကြပါ၊ ကျွန်ုပ် လူကလေးတို့ပြောတဲ့

www.burmeseclassic.com

www.burmeseclassic.com

အာရေးဗီးယဲန်းနိုက်ပုံပြင်ကို နားထောင်မယ်၊ ပြီးရင် အလုပ်
ထွက်စာ တင်မယ်"

ဟု ဆိုသဖြင့် ကျွန်ုပ်တို့လည်း ငြိမ်၍ နားထောင်နေကြရ
လေ၏၊ ထိုအခါ ဘီလပ်ပြန် ဆရာစိန်က....

"ကျွန် တော် မျိုး အာ မ ခံ ပါ တယ်၊ ငါးထပ်ကြီးက
လူသူတော် အသတ်ခံရတဲ့အမှုရော အခုသင်္ဘန်းကျွန်းမှာဖြစ်တဲ့
အမှုရော ကျွန်တော်တစ်ယောက်တည်း တရားခံကို ဖော်ပေး
ပါ့မယ်၊ အဲလို ဖော်ပေးခဲ့ရင် ကျွန်တော့်ကို ရာထူးတိုးပေးဖို့
မင်းကြီးက အာမခံပါ"

ဟု ပြောလိုက်လျှင် မစ္စတာ ကရစ်ပင်က....

"မင်းက အလုပ်တောင် မလုပ်ရသေးဘူး၊ ကျွန်ုပ်ဆီမှာ
ရာထူးတိုးပေးဖို့ အခွင့်အရေးတောင်းနေတယ်၊ တရားခံတွေ
ဖမ်းပေးတိုင်း ရာထူးတက်ခေးရမယ်ဆိုရင် ဆားပုလင်းနှင်း
မောင်ဟာ ကျွန်ုပ်ရဲ့ ရာထူးထက်တောင် ကျော်သွားလိမ့်မယ်
ဒီလူဟာ ကျွန်ုပ်ကို ရာထူးတိုးပေးဖို့ တစ်ခါမှ မပြောဘူး
ဆားပုလင်းနှင်းမောင်ဟာ ဘယ်တော့မှ အောက်ကျမခံဘူး
ဒီတစ်ခုနဲ့ကို ဆားပုလင်းနှင်းမောင်ကိုလေးစားတယ်၊ မောင်မင်း
တို့ မြန်မာမစစ်ဘူး၊ မောင်မင်းတို့ သတ္တိမရှိဘူး၊ မောင်မင်းတို့
အမေတွေဟာ မြန်မာအစစ်တွေနဲ့ ယူခဲ့တယ်ဆိုရင် ဒီလိုပြော
ဖို့ မကောင်းဘူး၊ မည်သူမဆို ကိုယ့်လွှမျိုးရဲ့ ဂုဏ်သိက္ခာကို
လေးစားဖို့ တာဝန်ရှိတယ်ဆိုတာ လူကလေး မောင်ရင်
ကောင်းကောင်း သတိထားပါ၊ မင်းဟာ ရုံစရာကောင်းတဲ့
အရွယ်တစ်ကောင် ဖြစ်တယ်၊ နောက်နောင် ဒီလိုပြောရင် မင်း

ငါ့ကို ဆလံမပေးနဲ့၊ ဆားပုလင်းနှင်းမောင်ကို ဆလံပေးဖို့
ငါ အမိန့်ထုတ်လိုက်မယ်"

ဟုပြောလိုက်ရာ ဘီလပ်ပြန်ဆရာစိန်သည် မျောက်ကလေး
ကဲ့သို့ ဇက်ကလေးပုရွဲသွားလေ၏၊ အရွေကလူ၏ ခေါင်းဖြင့်
သူ၏မျက်နှာကို ဝှက်လိုက်လေ၏၊ ထိုအချိန်၌ ဆားပုလင်း
နှင်းမောင်သည် ရုံးခန်းအတွင်းသို့ဝင်၍ ခုံကိုဆွဲ၍ ထိုင်လိုက်
လေ၏၊ ပြီးလျှင် ကုတ်အင်္ကျီအတွင်းမှ ဂလေစီယာခေါ်
ရေခဲတောင်စီးကရက်ကိုထုတ်ယူ၍ စီးကရက်ဘူး၌ တခေါက်
ခေါက် ခေါက်လိုက်လေ၏၊ ထို့နောက် နှုတ်ခမ်းဖျားဌ်တွေ့
လိုက်လေ၏၊ ပြီးလျှင် မီးခြစ်ကို ခြစ် လိုက် လေ၏၊ မီး
တောက်ကို မျက်စောင်းထိုး ကြည့်လိုက်လေ၏၊ ပြီးနောက်
ဆေးလိပ် မီးညှိလိုက်လေ၏၊ ပြီးလျှင် မီးခိုးများကို ရုံးခန်း
မျက်နှာကြက်ဆီသို့ တဖြည်းဖြည်းချင်း မှုတ်ထုတ်လိုက်ပြီး
နောက် မစ္စတာ ကရစ်ပင်အား လွန်စွာ အချိုးကျသော
အင်္ဂလိပ်စကားဖြင့်....

"ဒီမှာ မစ္စတာ ကရစ်ပင်၊ အမှုဟာ ခင်ဗျား ထင်သလို
လွယ်ဘူး၊ ဘာပဲဖြစ်ဖြစ် ဒီအမှုကို ကျုပ် တာဝန်ယူပါတယ်၊
နှစ်ပတ်အတွင်း တရားခံ ဖမ်းပေးမှ်မယ်၊ အဲဒါ မယုံရင်လဲ
လောင်းချင် လောင်းနိုင်တယ်"

ဟု ပြောလိုက်ရာ မစ္စတာ ကရစ်ပင်က....

"မလောင်းချင်ပါဘူး ဆားပုလင်းနှင်းမောင်"

ဟု ပြန်၍ပြောလေ၏၊ ထိုအခါ ဆားပုလင်းနှင်းမောင်
....

www.burmeseclassic.com

"မလေင်းချင်တာလား၊ မလောင်းဝံ့တာလား"
ဟု မေးလိုက်ရာ မစ္စတာ ကရစ်ပင်က....
"မလောင်းဝံ့ဘူးလို့ပြောရင် ပိုမှန်မှာပေ့"
ဟု ပြောလိုက်လေ၏။
ထိုအခါ ဆားပုလင်းနှင်းမောင်က....
"မစ္စတာကရစ်ပင် ရိုးသားတယ်၊ နောက်နောင်ကို ဒီလို အမြဲတမ်း ရိုးရိုးသားသားရှိနေပါစေလို့ ဘုရားသခင်ဆီမှာ ကျွပ် ဆုတောင်းတယ်၊ ကဲ....ကျွပ်တို့သွားမယ်"
ဟု ပြောလိုက်လေ၏၊ ထို့နောက် ဆားပုလင်းနှင်းမောင်နှင့် ကျွန်ုပ်တို့သည် သင်္ဘောကျွန်းဘူတာဆီသို့ ခရီးထွက်ခဲ့ကြ၏၊ ထိုအခါ ဆားပုလင်းနှင်းမောင်က ကားမောင်းရှိ ကျွန်ုပ်က ဘေးက စီး၏၊ ဦးကိုကိုကြီးကမူ နောက်မှ ထိုင်၍ လိုက်လာရင်း အိပ်ပျော်လျက်ရှိနေတော့သတည်း။

○

သေဆုံးသူ၏မှတ်တမ်း

ဆားပုလင်းနှင်းမောင်သည် ကားကို ညှင်သာစွာ မောင်းရင်း စီးကရက်မီးခိုးများကို မှုတ်ထုတ်လိုက်ရာ စီးကရက်မီးခိုးများသည် ကားပြတင်းပေါက်မှ တစ်ဆင့် အပြင်သို့ထွက်ရှိ လွင့်မျောပျောက်ကွယ်သွားလေတော့၏။ ဦးကိုကိုကြီးမှာမူ နောက်မှ အိပ်၍ လိုက်လာခဲ့သည်ဖြစ်ရာ တခေါခေါနှင့် ဆောက်သံများပင်ထွက်လာလေတော့၏။ ကျိုက်သို့နှင့် မောင်းနှင်လာခဲ့ရာ သမိုင်းလမ်းဆုံသို့ ရောက်သောအခါ၌ ကားကား လက်ဖက်ရည်ဆိုင်ရှေ့တွင် ဆားပုလင်းနှင်းမောင်သည် ကားကို ရပ်ပြီးနောက် ဦးကိုကိုကြီးအား နှိုး၍ လက်ဖက်ရည်ဆိုင်သို့ ဝင်လာ၏၊ လက်ဖက်ရည်ဆိုင်တွင်းသို့ ရောက်သော အခါ ဆားပုလင်းနှင်းမောင်က....

www.burmeseclassic.com

www.burmeseclassic.com

"ဟေ့....ကာကာ၊ ကြာရေတင်းပြာလား"

ဟု ပြောလိုက်လေ၏။ ကာကာကုလားလည်း ခပ်ညှဉ်ညှဉ် လက်ဖက်ရည်သုံးခွက်ဖျော်၍ လာချလေ၏။ ကျန်ုပ်တို့သည် လက်ဖက်ရည်သောက်ရင်း ဦးကိုကိုကြီးအား....

"ဘယ်လိုလဲ ဦးကိုကိုကြီး၊ ညက ကင်းစောင့်ရလို့လား၊ အိပ်လှချေလား"

ဟု ပြောလိုက်ရာ ဦးကိုကိုကြီးက....

"ကင်းစောင့်ရတာထက်ဆိုးတော့မပေါ့ ဦးအောင်သင်းရာ၊ ပန်းနာထနေတဲ့ ယောကျ်မအဘိုးကြီး အိမ်ရောက်နေတယ်ဗျ၊ တစ်ညလုံး ညည်းလိုက်တာဗျာ၊ ပြီးတော့ ကျွဲပ် ခယ်မကလဲ ကလေးနို့စို့ကလေးနဲ့ သူယောကျ်ားနဲ့ကွဲပြီး တစ်နေ့က အိမ်ရောက်လာတယ်၊ ကလေးက တစ်ညလုံးငိုတယ်ဗျာ၊ ဒီကောင်မလေးကလဲ နို့ထတိုက်ရမှန်းတောင်မသိဘူး၊ ပြီးတော့ခေါင်းရင်းခန်းက လက်ဖွေဌာနမှာလုပ်တဲ့ လှဖေကလဲဗျာ ညကြီးသန်းခေါင် ဘာတွေထလုပ်နေမှန်းမသိဘူး၊ နာရီပြန် နှစ်ချက်ထိုးတဲ့အထိ တစ်မှေးမှ မမှေးရသေးဘူး၊ နာရီပြန်နှစ်ချက်ထိုးလို့ အားလုံးငြိမ်သွားတော့ အိပ်မယ်လဲလုပ်ရော ကျုပ်မိန်းမထတော့တာပဲဗျို့"

ဟု ပြောလိုက်လျှင် ကျန်ုပ်က....

"မဟုတ်တာတွေ့မပြောစမ်းပါနဲ့ ဦးကိုကိုကြီးရယ်၊ အရင်တုန်းက ခရီးသွားရင် ဒီလိုပဲ အိပ်လိုက်လာတာပဲဥစ္စာ၊ အခုမှ လှဖေရော ယောကျ်မကြီးရော ခယ်မရော အပြစ်တွေ့ ပုံမခနေစမ်းပါနဲ့ဗျာ"

ဟု ပြောလိုက်ရာ ဦးကိုကိုကြီးက ရယ်လေ၏။ ထိုသို့ ရယ်ခြင်းနောက်....

"အမှန်ပဲဗျို့၊ ကိုယ့်အပြစ်တွေ့ သူများပေါ်ပုံချရတဲ့အလုပ်အတော်ပျော်ဖို့ကောင်းတဲ့ အလုပ်ဗျို့"

ဟု ပြောလိုက်လေ၏၊ ထိုအခါ ကျန်ုပ်က....

"သူများက သူ့အပြစ်တွေ့ ကိုယ့်ဆီလာပုံရင်ကောဗျာ"

ဟု ပြောလိုက်ရာ ဦးကိုကိုကြီးက....

"ဒဲ့ဒါကတော့ စိတ်ညစ်စရာကောင်းတဲ့အလုပ်ဗျို့"

ဟု ပြောလိုက်လေ၏။ ထို့နောက် ကျန်ုပ်တို့သည် လက်ဖက်ရည်သောက်ပြီးသည်နှင့် ကားပေါ်သို့ဘက်ကြလေ၏။ ကားပေါ်သို့ တက်ခါနီးတွင် ဆားပုလင်းနှင်းမောင်က....

"အိုင်ပီ မောင်းဗျာ"

ဟု ပြောသဖြင့် ကျန်ုပ်က ကားမောင်းရလေ၏။ ဆားပုလင်းမောင်သည် ဘေးမှထိုင်၍လိုက်လာလေ၏။ ဦးကိုကိုကြီးမှာ အိပ်တော့ပေ။ သုံးဦးသား စကားတစ်စုံတစ်ရာမပြောဘဲ ခရီးသားကောင်းလှတော့၏။ တစ်နေရာသို့ အရောက်၌ ကျန်ုပ်က....

"ဘယ်လိုလဲ အိုင်ဆေးညက တယောထိုးရင်း တစ်ယောက်တည်း အပျင်းဖြေနေရတာပေါ့နော်"

စကားမဆုံစကားရှာ၍ ပြောလိုက်လေ၏။

"ဟုတ်ဘူးဗျ၊ အသင်းတိုက်တစ်ခုမှာ ပါရှင်းက ကဗျာ အိုမာခယမ်အကြောင်း ဟောပြောပွဲလုပ်လို့ ကျွန်ုပ်

www.burmeseclassic.com

သွားပြီး နားထောင်တာ ညဘစ်နာရီထိုးမှ အိမ်ပြန်ရောက်တယ်"

ဟု ဆားပုလင်းနှင့်မောင်က ပြောလိုက်လေ၏။

"အဲဒီ အိုမာခယမ်ဆိုတဲ့နာမည် ကြားဖူးသလိုပဲ"

ဟု ကျွန်ုပ်ကပြောလိုက်ရာ ဆားပုလင်းနှင့်မောင်က....

"ကြားဖူးရမှာပေါ့ဗျာ၊ ဒီပုဂ္ဂိုလ်ဟာ ကျော်ကြားတဲ့ပုဂ္ဂိုလ်ပဲ၊ တော်လဲ့ တော်တယ်"

ဟု ပြောလိုက်လျှင် ဦးကိုကိုကြီးက....

"သိပ်ပြီဗျို့ သိပ်ပြီ၊ သူစပ်တဲ့ ကဗျာတွေမှာ အရက်နဲ့ အကြောင်း ထည့်ထည့်ပြီးစပ်တဲ့ ကဗျာဆရာမဟုတ်လားဗျာ"

ဟု ဝင်၍ပြောလိုက်ရာ....

"မှန်တာပေါ့ ဦးကိုကိုကြီးရယ်၊ အရက်တွေ၊ အရက်ထည့်တဲ့ ခွက်တွေအကြောင်း ပါတာပေါ့၊ ဒါကြောင့်လဲ သူ့ အရက်အလွန်ကြိုက်တဲ့ စာဆိုရှင်ကြီးလို့ တချို့က ပြောနေကြတယ်"

ဟု ဆားပုလင်းနှင့်မောင်က ပြောလိုက်လေ၏။

"အဲဒါ မဟုတ်ဘူးလား ကိုနှင်းမောင်"

ဟု ဦးကိုကိုကြီးက မေးလိုက်လျှင် ဆားပုလင်းနှင့်မောင်က....

"ဒီလို ဦးကိုကိုကြီးရဲ့၊ အိုမာခယမ်ရဲ့ ကဗျာကို ဖတ်ရတဲ့ အခါမှာ ဖတ်နည်း 'ကီး' လိုတယ်ဗျ၊ သူ့ကဗျာမှာ အရက်နဲ့ အရက်ခွက်တွေ၊ မိန်းမတွေ ပါကတ်ပါတယ်၊ အဲဒါတွေကို ဒီတိုင်းဖတ်ရင် အဓိပ္ပာယ်တစ်မျိုး ခံစားရမယ်၊ 'ကီး' နဲ့ဖတ်ရင်

ဆိုရင်တော့ အရက်ထည့်တဲ့ခွက်လို့ ပါတဲ့ စာလုံးတိုင်းကို ဒန္ဒာကိုယ် 'အတ္ထဘော' လို့ နားလည်ရမယ်၊ အရက်ဆိုတဲ့ စာလုံးတိုင်းကို 'ဓမ္မ' လို့ နားလည်ရမယ်၊ မိန်းမဆိုတဲ့ စာလုံးတိုင်းကို 'ဘုဝေယစမ္မူးမှု' မောဟ' လို့ နားလည်ရမယ်၊ အဲဒီလို 'ကီး' ပြောင်းပြီးဖတ်ရင် သူရဲ့ ကဗျာဟာ အဓိပ္ပာယ်နောက်တစ်မျိုး လိမ့်မယ်၊ ပြီးတော့ အဲဒီအဓိပ္ပာယ်ဟာ အိုမာခယမ် တကယ် ပြောချင်တဲ့ အဓိပ္ပာယ်ဗျ"

ဟု ပြောလိုက်ရာ ဦးကိုကိုကြီးက....

"နမူနာလေးတစ်ခုလောက်တော့ ရှင်းပြပါဦး ကိုနှင်းမောင်"

ဟု ပြောလိုက်လေ၏။ ထိုအခါ ဆားပုလင်းနှင့်မောင်က....

"အိုမာခယမ်ဟာ သူရဲ့ ရူဘီယက်ကဗျာမှာ ဟောဒီကဗျာတစ်ပုဒ်ပါတယ်ဗျ၊ အရက်သမားတွေ သိပ်သဘောကျတဲ့ ကဗျာတစ်ပုဒ်ပေါ့ဗျာ"

Ah, fill the Cup:-what boots it to repeat
How Time is slipping underneath our Feet;

Unborn To-morrow and dead Yesterday,
Why fret about them if To-day be sweet!

"ဒီကဗျာကို 'ကီး' မပါဘဲနဲ့ နားလည်မယ်ဆိုရင် သာမန်ကဗျာ သဘောကဖြစ်နေရမှာလဲ၊ ခွက်ထဲကို အရက်တွေ

www.burmeseclassic.com

အပြည့်ထည့်လိုက်စမ်းပါ၊ သောဓာတွေ့ တစ်ခါတည်းကင်းဝေးသွားလိမ့်မယ်၊ မနေ့ကဆိုတာ အနိစ္စရောက်သွားပြီ၊ နက်ဖြန်ဆိုတာ မမျှော်လင့်သားဘူး၊ ဒီကနေ့မှာ ချိုမြိန်အောင် နေလိုက်စမ်းပါ၊ ဘယ်မှာလဲ သောက၊ အဲဒီလိုပဲ အဓိပ္ပာယ်ရမယ်ဗျ၊ ကိုးနဲ့ဖတ်မယ်ဆိုရင်တော့ သောကဖြစ်နေတဲ့ သင့်ရဲ့ ခန္ဓာကိုယ်အတွေ့တောကို ဓမ္မတရားတွေနဲ့ ဖြည့်လိုက်ပါလား၊ အတိတ်နဲ့ အနာဂတ်မှာ သင့်ရဲ့အာရုံတွေကို ကျက်မစားစေဘဲ ပစ္စုပ္ပန်တည့်တည့်ကလေး ကြည့်လိုက်စမ်းပါ၊ ဒုက္ခ၊ ဒေါမနဿ သောကဆိုတဲ့ ဝိပ္ပလ္လာသတရားတွေ ကင်းစင်သွားမှာ အမှန်ပါပဲဗျို့ နောက်ထပ် အဓိပ္ပာယ်တစ်မျိုး ရလိမ့်မယ်”

ဟု ဆားပုလင်း နှင်းမောင်က ရှင်းပြလိုက်လျှင်....

ဦးကိုကိုကြီးက....

“သာဓု....သာဓု....သာဓု”

ဟု ခေါ်လေ၏၊ ထို့နောက် ကျွန်ုပ်က....

“ကိုနှင်းမောင်ကတော့ဗျာ....ဘာကိုသိသိ အသေးစိတ်သိတော့တာပဲ”

ဟု ခြိုးမှုန်းလိုက်လေ၏၊

ထိုအခါ ဦးကိုကိုကြီးက....

“ကျုပ်တို့ ဆားပုလင်းနှင်းမောင်က နေရာတိုင်းမှာ ဘော်တယ်ဗျ၊ မတော်တာ တစ်နေရာမဲရှိတယ်၊ ဒီအသက်အရွယ်အိမ်ထောင်မကျသေးတာ ကိုနှင်းမောင်ရဲ့ အားနည်းတဲ့အချက်တစ်ခုက်ပဲဗျာ”

ဟု ပြောလိုက်လျှင် ကျွန်ုပ်မှာ တင်တင်နှင့် ပတ်သက်၍ မျက်နှာပူရသေးတော့၏၊ ဤသို့နှင့်ပင် ကျွန်ုပ်တို့သည် စကားတပြောပြောနှင့် လာခဲ့ကြရာ နောက်ဆုံး၌ သစ်နှုံးကျွန်းဘုဘာအနီး ခြံဝိုင်းကျယ်ကြီးများရှိသော နေရာသို့ ရောက်ရှိသွားလေတော့၏၊ ခြံအပြင်တွင် လူများသည် ရုံးစု ရုံးစု ဖြစ်နေ၏၊ သစ်နှုံးကျွန်းဂါတ်မှ ရာဇဝတ်အုပ်တစ်ဦးမှာမူ ခြံအတွင်းသို့ ဝင်လိုက်ထွက်လိုက် လုပ်နေသည်ကို တွေ့ရသောကြောင့် ဦးကိုကိုကြီးက....

“အခင်းဖြစ်ပွားတဲ့ ခြံဝမှာတော့ သစ်နှုံးကျွန်းက ရာဇဝတ်အုပ်ဟာ ဝင်ထွက် ဝင်ထွက် နာသေထွက် ဖြစ်နေတယ်ဗျို့”

ဟု ပြောလိုက်ရာ ကျွန်ုပ်က....

“ဝင်ထွက် ဝင်ထွက် နာသေထွက်ဆိုတာ ဘာလဲ ဦးကိုကိုကြီးရ”

ဟု မေးလိုက်လေ၏၊ ထိုအခါ ဦးကိုကိုကြီးက....

“ယော်ယော်တုန်းက ဘုန်းကြီးကျောင်းမှာသင်ခဲ့တဲ့ သုံးတန်းနိစ် ဗေဒင်လက်စာဗျ”

ဟု ပြန်၍ခဲ့ဖြလိုက်လေ၏၊ ထို့နောက် ကျွန်ုပ်တို့သည် ဆားကိုရပ်၍ ခြံဆီသို့ လျှောက်သွားကြလေ၏၊ ခြံဝတ်ခြံကျိုက် သေနတ်ကို ပိုက်၍ ရပ်နေသော ပုလိပ်ကလေး ဦးက ဆက်ပေးလေ၏၊ ထိုအချိန်၌ ဦးကိုကိုကြီးပြောသည့် ဝင်ထွက် ဝင်ထွက် နာသေထွက်လုပ်နေသော ရာဇဝတ်အုပ် ကျွန်ုပ်နှင့် ဦးကိုကိုကြီးအား ဆက်ပေးပြီးနောက်....

www.burmeseclassic.com

"ကျွန်တော် သင်္ဃန်းကျွန်းဂါတိုက ရာဇဝတ်အုပ်မောင်ဘတူမပါ ဆရာ၊ ဒီအမှုနဲ့ ပတ်သက်ပြီး ကျွန်တော်တို့အနေနဲ့ တရားခံကိုဖမ်းဖို့ စီစဉ်ထားပါပြီ၊ အင်းစိန် စီအိုင်ဒီကို သတင်းပို့ဘာကတော့ ပရိဆီဂျာအတိုင်း လုပ်တာပါ ဆရာ"

ဟု ပြောလိုက်လျှင် ဦးကိုကိုကြီး၏မျက်နှာသည် ရှုံ့တွန့်သွားလေတော့၏၊ ထို့နောက်မှ....

"ကိုဘတူ 'ဆင်း'ကို လာကြည့်တာ ဘယ်လောက်ကြာပြီလဲ"

ဟု မေးလိုက်လေ၏၊

"ကျွန်တော် ဆင့်အော့ဖ်ကရိုင်းကို ရောက်တာ နာရီဝက်ရှိပါပြီ"

ဟု ရာဇဝတ်အုပ် မောင်ဘတူက အတင်းရှင်းဆွဲကာ ပြန်ဖြေလေ၏၊

"နာရီဝက်အတွင်းမှာ တရားခံကို စဉ်းစားနိုင်တယ်ဆိုတော့ အတော်ကို ပါရမီထူးတာပေါ့၊ မြန်မာပြည် ပုလိပ်အဖွဲ့မှာ ခင်ဗျားလိုလူမျိုး ရှားတယ်၊ ကြိုးစား....ကြိုးစား၊ ရွှေအာက်လမ်းတွေ့ချည်းပဲ၊ စီအိုင်ဒီကို ခေါ်ထားဖို့လဲ မနှောက်ရစ်ပင်ကို ပြောပေးမယ်"

ဟု ဦးကိုကိုကြီးက ခပ်ငေါ့ငေါ့ပြောလိုက်သည်ကို ရာဇဝတ်အုပ် မောင်ဘတူက အမှန်တကယ် ချီးမွမ်းသည်ဟု ထင်မှတ်သောကြောင့် ၎င်း၏မျက်နှာသည် ဝင်းပ၍ သွားလေတော့၏၊

ထို့နောက် ၎င်းက....

"ကျွန်တော့်ကိုသာ စီအိုင်ဒီမှာ ခေါ်ထားလိုက် ရင် ဆားပုလင်း နှင်းမောင်ဆိုတဲ့လူ ခံသွားရမှာပေါ့၊ ဒီလူကို ပတ်ဝန်းကျင်က ဝိုင်းပြီးမြောက်နေတာပဲ၊ တကယ် မတော်ပါဘူး"

ဟု ပြောလိုက်လေ၏။ ထိုအခါ၌ ဆားပုလင်း နှင်းမောင်သည် ထိုသူ ရှက်သွားမည်စိုးသောကြောင့် အနီးမှ ပြုံးစိစိနှင့် ထွက်သွားလေတော့၏၊ ထိုအခါ ကျွန်ုပ်က....

"ခင်ဗျား ဆားပုလင်း နှင်းမောင်ကို တွေ့ဖူးသလား"

ဟု မေးလိုက်ရာ ထိုရာဇဝတ်အုပ်က....

"မတွေ့ဖူးပါဘူး"

ဟု ဖြေလိုက်လေ၏၊

ထိုအခါ ကျွန်ုပ်က....

"စောစောက ကျုပ်ဘေးက ထွက်သွားတဲ့ လူဟာ ဆားပုလင်းနှင်းမောင်ပေါ့ဗျ၊ ခင်ဗျား ရှက်မှာစိုးလို့ သူ့ခမျာ ရှောင်ပေးသွားရှာတယ်"

ဟု ပြောလိုက်လေ၏၊ ဦးကိုကိုကြီးကမူ....

"ကိုယ့်လူဘလဲ ဆားပုလင်းနှင်းမောင်ကို ဆားပုလင်းနှင်းမောင်မှန်း မသိဘဲ ထင်ရာ လျှောက် ပြီး ပြော တယ်၊ ဆားပုလင်းနှင်းမောင်ကို ကျောဖို့ နေနေသာသာ သူဖင်ဖျားကိုဘာင် မီမှာ မဟုတ်ဘူး၊ ဆားပုလင်းနှင်းမောင် ဆိုတာ သူသို့ သိတဲ့အခါမှာ ခင်ဗျား ရှက်ကိုးရှက်ကန်းဖြစ်မှာစိုးလို့ ရှောင်ပေးသွားရှာတယ်၊ ဘယ်လောက် သဘောထားကြီးတဲ့ သူလဲ၊ အဲဒီလို မြင့်မြတ်တဲ့စိတ်ဓာတ်မျိုး ခင်ဗျားမှာရှိလို့လား၊

www.burmeseclassic.com

တိုတိုပြောမယ်ဗျာ.....အရပ်ချင်း ယှဉ်ရင်တောင် ခင်ဗျားက သူထက် တစ်တောင်လောက် ပုတယ်၊ ဘယ်အရည်အချင်းမှ ခင်ဗျား သူ့ကို မီမှာ မဟုတ်ဘူး၊ ဆားပူလင်းနှင်းမောင်ကို အခြောက်တိုက် မခေါင်းပေါ်တဲ့ လူတွေကို တွေ့ဖူးပေါင်းများလှပြီ၊ ကိုယ့်လူတို့လို ငတုံးတွေချည်းပဲ''

ဟု ပြောဆိုကာ မကျေနပ် မလိုလားသော အကြည့်ဖြင့် ကြည့်၍ ရာဇဝတ်အုပ် ခပ်ညည့်ညံ့အနီးမှ ထွက်သွားလေတော့၏၊ ကျန်ပိုလည်း ဦးကိုကိုကြီးအနီးမှ လိုက်ပါသွားလေတော့၏၊ ထိုရာဇဝတ်အုပ်မှာမူ ရှက်ခြင်း၊ ကြောက်ခြင်း၊ မအီမသာ ဖြစ်ခြင်းစသော စိတ်ဒုက္ခများကို ခံစားရင်း လူသတ်မှုဖြစ်ပွားရာ ခြံဝင်္ဍ ငှူးကြီးရပ်၍ ကျန်ရစ်ခဲ့လေတော့၏၊

ကျန်ပိုသည် ခြံအတွင်းသို့ဝင်လိုက်သည်နှင့် ခြံကိုအကဲခတ်ကြည့်လိုက်ရာ ကျယ်ဝန်းသော ခြံကြီးထဲတွင် နှစ်ထပ်ကျန်းအိမ်ကြီး ဆောက်ထားခြင်း ဖြစ်၏၊ ကျန်းအိမ်ကြီးမှာ ရေနှံများ ဝန်နေသောကြောင့် မည်းနက်၍ ခဲ့ညားလှပေ၏၊

ခြံနောက်ဘက်ထောင့်ကို လှမ်း၍ မြင်နေရ၏၊ ထိုးထောင့်တွင် ခွေးလှောင်ချိုင့်တစ်ခုကို တွေ့နေရ၏၊ သို့သော် ခွေးကို မတွေ့ရပေ၊ အိမ်အဝင်အုတ်လှေကား အတက် အဆင်းနေရာတွင် အသက် ငါးဆယ်ကျော် အရွယ် လူကြီး တစ်ဦးသည် ရင်ဝဲ့ သွေးမျက်စီးကျလျက် မျက်လုံးမျက်ဆန်ပြူးကာ သေဆုံးနေသော အလောင်းကြီးကို တွေ့ရလေ၏၊ ၎င်းနှင့် မလှမ်းမကမ်းတွင် နှစ်လုံးပြူးသေနတ် တစ်လက်ကို တွေ့ရလေ၏၊ မိန်းကလေးတစ်ဦးသည် အလောင်းအနီး၌ ငိုကြွေးနေသည်ကို တွေ့ရ၏၊ မသွမ်းမကမ်းတွင် အလုပ်ရှင်နေသော ကုလားမကြီး တစ်ဦးကို တွေ့ရ၏၊ စီအိုင်ဒီမှ ကိုစိန်လှတို့လူစု ရောက်နှင့် နေကြ၏၊ ပြီးလျှင် အလုပ်ရှင်လျက် ရှိကြလေတော့၏၊ ဗိလပ်ပြန် ဆရာစိန်သည် သေဆုံးသူလူကြီး၏ အရပ်အမောင်းကို ပေကြိုးဖြင့် တိုင်းထွာနေလေ၏၊ စုံထောက် ကိုတင်ဝင်းမှာမူ မည်သို့ဖြစ်သည်မသိ၊ လေ့ကားကို ပြေးတက်လိုက် ပြေးဆင်းလိုက် လုပ်နေလေ၏၊

စုံထောက်ကိုစိန်လှမှာမူကား အမှုနှင့် မည်သို့မျှ သက်ဆိုင်ခြင်း မရှိသော နံရံမှ တိုင်ကပ်နာရီကြီးကို ဖြုတ်၍ မည်သည့်အရာကို ရှာဖွေသည်မသိ ရှာ၍နေလေ၏၊ ရွှေသွားအောင်မြင့်မှာမူ သေဆုံးသူ လူကြီးအနီးတွင် ငို၍နေသော မိန်းကလေးဆီသို့ သွားရောက်ကာ လိုအပ်သည်ထက် ပို၍ ပူးကပ်ပြီး လျှင် အမှုနှင့် သက်ဆိုင်ခြင်းမရှိသော အမျိုးလား၊ အအိုလား ဆိုသော မေးခွန်းမျိုးကို ပါးစပ် အရသာခံ၍ မေးမြန်းနေလေ၏၊ ထို့အတူ ညီမလေး ဆိုသော စကားလုံးများမှာသည်း လိုအပ်သည်ထက် ပို၍ပါနေ၏၊ ထို့ထက် ဆိုးသည်မှာ အစ်ကိုကြီးဆိုသည့် စကားလုံးများသည် နားကလောဖွယ်ရာ ကောင်းလောက်အောင် များပြားနေခြင်းပင် ဖြစ်၏၊

ဆားပူလင်းနှင်းမောင်သည် အလောင်းကို ဒူးညွတ်၍ ငုံ့ကြည့်လိုက်ပြီးနောက် ကျနေသော နှစ်လုံးပြူးသေနတ်ဆီသို့ သွားကာ နှစ်လုံးပြူးသေနတ်ကို ကြည့်ရှုစစ်ဆေးလိုက်လေ၏၊

ဦးနောက်မှ မိန်းကလေးအား....

''ဒီမှာ ကလေးမ၊ သေဆုံးသူနဲ့ ဘာတော်ပါသလဲ''

www.burmeseclassic.com

www.burmeseclassic.com

ဟု မေးလိုက်ရာ မိန်းကလေးက....

"ကျွန်မရဲ့ ဖေဖေပါရှင်"

ဟု ပြန်၍ ဖြေလေ၏။

"ဘယ်အချိန်က သေသွားတယ်လို့ သိသလဲ"

ဟု ဆားပုလင်းနှင်းမောင်က မေးလိုက်လေ၏။

"ဒီလိုပါ ရှင်....မနေ့ညက ရှစ်နာရီလောက်မှာ ကျွန်မနဲ့ ဒေါ်ဂျာနားဟာ ဘောက်ထော်မှာ အောင်ဘညို ဇာတ်မှာ မင်းသား အောင်ဘညိုက မီးစလုယ် အော်ပရာ ကမယ်ဆိုလို့ ပွဲကြည့်ဖို့ ညရှစ်နာရီလောက်မှာ ထွက်သွားကြပါတယ်၊ အော်ပရာနဲ့ ပြဇာတ်ပြီးတာ နာရီပြန် တစ်ချက်ထိုးမှ ပြီးပါတယ်၊ လူကြုံကောင်းတာနဲ့ ကျွန်မတို့လဲ ပြန်လာခဲ့ကြပါတယ်၊ အိမ်ကိုရောက်တော့ နှစ်နာရီရှိပါပြီ၊ ဖြည်းဖြည်းချင်း လာကြတာပါ၊ လမ်းမှာလဲ ကောက်ညှင်းဆုပ်တို့ ကောက်ညှင်းကျည်ထောက်တို့ ဝယ်ကြသေးတယ်ဆိုတော့ ကြာသွားပါတယ်၊ ခြံရှေ့ရောက်တော့ ခေါင်းလောင်းကြိုးကို ဆွဲတယ်၊ ဒါပေမယ့် အထဲက ဖေဖေရဲ့ အသံကိုမကြားတော့ ဒေါ်ဂျာနားက ခြံတံခါးကို တွန်းကြည့်တယ်၊ ခြံတံခါး ပွင့်နေတာတွေ့ရတယ်၊ ကျွန်မနဲ့ ဒေါ်ဂျာနား ခြံတံခါးကိုတွန်းပြီး ဝင်ခဲ့ကြပါတယ်၊ ခြံထဲလဲ ရောက်ရော လှေကားရင်းမှာ ဖေဖေလဲနေတာကို တွေ့ကြရတော့တာပါပဲ၊ ညကလဲ လသာတယ် မဟုတ်လား၊ အဲဒီမှာ ကျွန်မနဲ့ ဒေါ်ဂျာနားဟာ အဖေ့ဆီကို ပြေးသွားကြတယ်၊ အနားလဲ ရောက်ရော ဒေါ်ဂျာနားက ကျွန်မကို ဟဲ့....ဟဲ့....သွားမဖက်နဲ့ဦး၊ ရိုးရိုးမဟုတ်ဘူး၊ သူမျာ

လုပ်သွားတာလို့ အလန့်တကြား ပြောလိုက်ပါတယ်၊ အဲဒီအခါမှာ ကျွန်မဟာ လက်နှိပ်ခေါင်းတ်မီးနဲ့ ဖေဖေ့ကို ထိုးကြည့်လိုက်ပါတယ်၊ အဲဒီလိုလဲ လက်နှိပ်ခေါင်းတ်မီးနဲ့ ထိုးလိုက်ရော ဖေဖေ့ရင်ဝက သွေးတွေကို သွားပြီး မြင်တော့တာပဲရှင်"

ဟု မိန်းကလေးက မြန်၍ပြောလေ၏။

ထိုအခါ ဆားပုလင်းနှင်းမောင်က....

"မွေးထားတဲ့ အင်းခွေးကြီး နှစ်ကောင် သေသွားတာ ဘယ်နှစ်ရက်ရှိပြီလဲ"

ဟု မေးလိုက်ရာ မိန်းကလေးက....

"သုံးရက်ရှိပါပြီ ရှင့်"

ဟု ပြောလိုက်လျှင် ဆားပုလင်းနှင်းမောင်က....

"အဆိပ်မိပြီး သေတာ မဟုတ်လား"

ဟု မေးလိုက်လေ၏။ ထိုအခါ မိန်းကလေးက....

"မှန်ပါတယ် ရှင်၊ ခြံထဲမှာ မွေးထားတဲ့ ခွေးနှစ်ကောင် ဘယ်လိုကဘယ်လို အဆိပ်မိသွားတယ် မဆိုနိုင်ဘူး"

ဟု ဖြေလေ၏။ ထိုအခါ ဆားပုလင်းနှင်းမောင်က....

"ကောင်းပြီ ကလေးမ၊ အဲဒီခွေးသေတဲ့နေ့ကစပြီး မင်းဖေဖေက မင်းတို့ နှစ်ယောက်ကို ပွဲကြည့်ဖို့ တိုက်တွန်းတယ် မဟုတ်လား"

www.burmeseclassic.com

www.burmeseclassic.com

ဟု မေးလိုက်ရာ မိန်းကလေးက....

"ဒီလိုပါ ရှင်....တိုက်ဆိုင်တယ်လို့ ပြောရမှာပဲ၊ ကျွန်မနဲ့ ဒေါ်ဂျာနားက အောင်ဘည့်ပွဲကို ကြည့်ချင်လို့ကိုတာ တစ်ပိုင်းကို သေနေတာပဲ၊ ဒါပေမယ့် ဖေဖေက မကြည့်ရဘူး၊ ဘာညာနဲ့ ဆူသေးတယ်၊ကျွန်မကလဲ ပွဲမကြည့်ရတာနှစ်ပေါင်း ကြာလှပြီရှင့်၊ အဲဒါနဲ့ ဒေါ်ဂျာနား စျေးသွားတုန်း ကြိုတင် ဖျာလက်မှတ် ဝယ်ခိုင်းလိုက်တယ်၊ ဖျာလက်မှတ်လဲ ရရော ဖေဖေ့ကို ပြုပြီး အတင်းဇွတ်ပူဆာတော့တာပဲ၊ အဲဒီမှာ ဖေဖေ ကလဲ မဘတ်သာတော့ဘဲ ခွင့်ပြုလိုက်ရတယ်၊ အဲဒီညဟာ ခွေးနှစ်ကောင် သေတဲ့ညပဲ၊ နောက်တစ်နေ့လဲ မိုးလင်းရော အဖေက စိတ်ပြောင်းလာတယ်၊ ဒီတစ်ခါ ပွဲစအောင်ကြည့်တဲ့၊ သုံးညစလုံးကြည့်နိုင်ရင်ကြည့်တဲ့၊ သူ ခွင့်ပြုမယ်တဲ့၊ နောက်တစ်ခါ ဟိုသွားမယ် ဒီသွားမယ် မပူဆာနဲ့တဲ့၊ အဲဒါနဲ့ ကျွန်မနဲ့ ဒေါ်ဂျာနားဟာ သုံးညဆက်ကြည့်ဖို့ တိုင်ပင်ထားကြတယ်ရှင့်၊ အဖေကလဲ အောင်ဘည့်ကို သူကြည့်ဖူးတယ်တဲ့၊ မင်းသားတွေထဲမှာ အဘော် တော်တဲ့မင်းသားတဲ့၊ ကြည့်ဖို့ သင့်တယ်လို့တောင် တိုက်တွန်းလိုက်သေးတယ် ရှင့်"

ဟု ပြန်၍ဖြေလေ၏၊

ထို့နောက် ဆားပုလင်းနှင်းမောင်သည် အလောင်းကို တစ်ဖန် ငုံ့၍ကြည့်ပြီးနောက် သေဆုံးသူ လူကြီး၏ ဘယ်ဘက်လက်ဖျံမှ ဆေးမင်ရုပ်ကို စိတ်ဝင်စား၍သွားလေ၏၊ ဆေးမင်ရုပ်မှာ အမှတ်တမဲ့ကြည့်သော် မြွေတစ်ကောင် တွန့်လိမ်နေ

သော ပုံဟု ထင်ရသော်လည်း အနီးကပ်ကြည့်ရှုသောအခါ၌ အုန်းဆံကြိုးကြိုးတစ်ချောင်း၏ပုံဖြစ်၏၊ ဆားပုလင်းနှင်းမောင်သည် အိတ်တွင်းမှ စက္ကူပါးတစ်ချပ်ကို ထုတ်ယူပြီးနောက် လက်ဖျံပေါ်မှဆေးမင်ရုပ်ကို ကူးယူလေ၏၊ ထို့နောက် စာရွက်ကို အိတ်တွင်းသို့ ထည့်လိုက်လေ၏၊ အလောင်း၏မျက်နှာကို သေချာစွာကြည့်ရာ အလောင်း၏ နဖူးပေါ်တွင် သွေးဖြင့် ဝိုင်းစက်သော စက်ဝိုင်းတစ်ခုကို တွေ့ရပြန်လေ၏၊ ဆားပုလင်းနှင်းမောင်သည် မီးခြစ်မှ ခေတ်ဆိုဝနေသော ဂွမ်းစတစ်စကို ဆုတ်ကာ စက္ကူတွင်ပတ်၍ စက္ကူကို အလောင်း၏ နဖူးပေါ်တွင် ကပ်လိုက်လေ၏၊ ထို့နောက် ပြန်၍ခွာလိုက်ရာ အလောင်း၏ နဖူးပေါ်မှ သွေးဖြင့် ရေးထားသော စက်ဝိုင်းပုံသဏ္ဌာန်သည် စက္ကူ၌ ကပ်၍ပါလာတော့၏၊ ဆားပုလင်းနှင်းမောင်သည် စက္ကူကို ကြည့်ပြီးနောက် အိတ်ထဲတွင် ထည့်လိုက်လေ၏၊

ထို့နောက် အလောင်း၏ ဘေးတွင် ကျနေသော အရာဝတ္ထုကို တွေ့လျှင် ဆားပုလင်းနှင်းမောင်၏ မျက်နှာသည် နေရောင်တွင်လက်လိုက်သော မှန်ကဲ့သို့ လက်၍သွားလေ၏၊ ဆားပုလင်းနှင်းမောင်သည် ထိုအရာဝတ္ထုကို ကောက်ယူလိုက်လေ၏၊ ထိုအရာဝတ္ထုသည် ရွှေလက်မခန့်ရှိ၍ လုံးဝမှာ ကျပ်ထုံးခန့် ရှိသော ကျောက်သလင်းတုံး တစ်တုံး ဖြစ်၏၊ ဆားပုလင်းနှင်းမောင်သည် ထိုကျောက်သလင်းတုံးအား ကိုင်၍ ငုံ့ကြည့်ကာ ကြည့်ရင်း ပြုံးလိုက်လေ၏၊ ပြီးလျှင် ဆားပုလင်းနှင်းမောင်က....

www.burmeseclassic.com

www.burmeseclassic.com

"ဒီမှာ့ ကလေးမ၊ ဒီသလင်းတုံးဟာ မင်းတို့အိမ်မှာ အရင်တုန်းက ရှိသလား"

ဟု မေးလိုက်လေ၏။

မိန်းကလေးက ခေါင်းကိုခါယမ်းပြလေ၏။ ထိုအချိန်၌မှာပင် ရာဇဝတ်အုပ် ကိုဘတူသည် ကုလားတစ်ယောက်ကို ရိုက်နှက်၍ ခေါ်လာသည်ကို တွေ့ရ၏။ ထိုကုလားသည် လက်ကိုင်ပါသော သစ်သားပုံးတစ်ပုံးကို ဆွဲလာရရှာ၏။ ကျွန်ုပ်တို့အနီး သို့ရောက်လျှင် ရာဇဝတ်အုပ် ကိုဘတူက....

"ဒီကုလားဟာ လူသတ်သမားပဲ ဆရာ၊ ဒီကောင်ဟာ မှန်ဘောင်လုပ်တဲ့ ကုလား၊ မှန်တွေဘာတွေဖြတ်တယ်၊ သေဆုံးသူဟာ မသေမီတစ်ပတ်အတွင်းမှာ မှန်ဘောင်တစ်ခုလဲတယ်ဗျ။ အဲဒီအခါက အဆင်မပြေဖြစ်ခဲ့ဟန် တူတယ်၊ အဲဒါကြောင့် ဒီကုလားဟာ အခွင့်ကောင်းချောင်းပြီးတော့ သေဆုံးသူကို မှန်ထောင့်နဲ့ လာပြီး ထိုးသတ်တာ၊ အခု ဆားပုလင်းနှင်းမောင် ကိုင်ကြည့်နေတဲ့ မှန်ထောင့်ဟာ ဒီကုလားရဲ့ မှန်ထောင့်ဖြစ်ရမယ်၊ ဟေ့....ကုလား မြန်မြန်ဝန်ခံ၊ ဝန်မခံရင် ငါ ရိုက်လို့ မင်း သေလိမ့်မယ်"

ဟု ပြောလိုက်ရာ ကုလားအနီးမှာရှိသော ပုလိပ်တစ်ဦးက....

"ဂါတ်မာလဲ ကျွန်တော်တို့ ကျကျနနရိုက်ပြီးပါပြီ ဆရာ၊ ဒါပေမယ့် ဒီကုလားက ဖြောင့်ချက်မပေးဘူး"

ဟု ပြောလေ၏။ ထိုအခါ ဆားပုလင်းနှင်းမောင်က ရာဇဝတ်အုပ် ကိုဘတူအား သို့ လှည့်ကာ....

"ဒီမှာ ကိုဘတူ၊ ဒီလောက်ထူတဲ့မှန် ခင်ဗျားတစ်သက်မှာ မြင်ဖူးသလား"

ဟု မေးလိုက်လေ၏။

"အဲဒီမှန်ကို မြင်ဖူးဖို့မလိုပါဘူး၊ တရားခံကို ဖမ်းဖို့ပဲ လိုတယ်"

ဟု မောင်ဘတူက ခပ်ဆတ်ဆတ်ပြန်၍ပြောလိုက်လေ၏။

"မျက်နှာမမြင်တဲ့ တရားခံဆိုပြီး ခင်ဗျား ပြောချင်သလို ပြော၊ ရိုက်ချင်သလိုရိုက်၊ နှိပ်စက်ချင်သလိုနှိပ်စက်၊ တကယ်လို့ ဒီကုလားဟာ တရားခံမဟုတ်ဘူးဆိုရင် ခင်ဗျားကို ကျုပ် ဘရားစွဲမယ်၊ မျက်နှာရှိတဲ့ တရားခံဆိုရင် ခင်ဗျားတို့ ဒီလို မလုပ်ဝံ့ဘူး၊ ပုလိပ်တွေနှာမည်ပျက်တာ ခင်ဗျားတို့လို လူတွေ ကြောင့်ပဲ၊ အဲဒီကုလားကို လွှတ်လိုက်ပါ၊ အဲဒီ ကုလားဟာ တရားခံအစစ်မျိုးဖြစ်ခဲ့ရင် ကျုပ် နားထင်ကို ကျုပ် သေနတ်နဲ့ ပစ်ပြီး သေပြမယ်"

ဟု ဆရာ့ပုလင်းနှင်းမောင်ကပြောလိုက်ရာ ရာဇဝတ်အုပ် ကိုဘသည်လွန်စွာစိတ်ဆိုး၍သွားပြီးလျှင် ကုလား၏မျက်နှာ ကို ဒေါက်သီးဖြင့် တရစပ်ထိုးလေတော့၏။ ကုလားမှာ နာကျင် သဖြင့် 'အဘား....အဘား' ဟော်နေရ၏။ ဆားပုလင်း နှင်းမောင်သည် မနေသာတော့ဘဲ အနီးသို့သွားကာ ကုလား

www.burmeseclassic.com

www.burmeseclassic.com

"သေပါပြီဗျာ၊ ဒီအမှုပြီးတာနဲ့ ရာဇဝတ်အုပ်ကို ဒူးနဲ့ တိုက်မှုန့် ခင်ဗျားကို နတ်ဂါတ်ပြောင်းတော့မှာပဲဗျာ"

ဟု ပြောလိုက်လျှင် ကျွန်ုပ်သည် ပြုံးမိသေးတော့၏။

ဆားပုလင်းနှင်းမောင်သည် မှန်ဘောင်လုပ် ကုလားအား သွားနှိုင်ပြီဖြစ်ကြောင်း ကုလားစကားဖြင့် ပြောလိုက်လေတော့၏။

ထို့နောက် ဆားပုလင်းနှင်းမောင်သည် အိမ်တွင်းသို့ဝင်၍ သေဆုံးသူအတိုးကြီးနေထိုင်ဧသော အခန်းကို ဝင်ရောက်၍ ကြည့်ရှုလေ၏။ ကျွန်ုပ်နှင့် ဦးကိုကိုကြီးလည်း ၎င်း၏နောက်မှ လိုက်ပါ၍သွားကြလေ၏။ ဆားပုလင်းနှင်းမောင်သည် သေဆုံးသူ အတိုးကြီး၏ အခန်းသို့ဝင်၍ ပြုတင်းပေါက်တံခါးကို ဖွင့်လိုက်လေ၏။ အခန်းတွင်းသို့ လှည့်ပတ် ကြည့်ရှုလိုက်လေ၏။ ထို့သို့ ကြည့်ရှုလိုက်လိုက်လျှင် ထူးဆန်းအံ့ဩဖွယ်ရာဒကာင်းသော မျက်လှည့်ပြုနည်းများ ရေးမှတ်ထားသော စာအုပ်တစ်အုပ်နှင့်အတူ ဖဲထုပ်ကလေး တစ်ထုပ်ကို တွေ့ရလေ၏။ ဆားပုလင်းနှင်းမောင်လည်း ထို့စာအုပ်ကို ယူလိုက်လေ၏။ ထို့နောက် စာမျက်ထည့်ထားသော ခြင်းမှ စာမျက်ကို ထုတ်ယူ၍ ကြည့်လိုက်ရာ သူရိယသာင်းစာတိုက်မှ လစဉ်ကြေးငွေ ရရှိကြောင်း ရေးထားသော ပြန်စာမျက်း၊ မိဘမဲ့ကလေးကျောင်းများမှ အလှူခငွရရှိကြောင်း ပြန်ကြားထားသော စာချွန်တို့ကို တွေ့ရှိရလေ၏။ ထို့အထဲတွင် ခဲတံဖြင့်ရေးထားသော လွန်စွာ လက်ရေးညံ့သည့် အောက်ပါ စာတစ်စောင်ကိုတွေ့ရလေ၏။

ကို ဆွဲဖယ်၍ ကာကွယ်ပေးလိုက်ရ၏။ ထိုအခါ ရာဇဝတ်အုပ်ကိုဘတူသည် ရှက်ကိုးရွက်ကန်းဖြင့် ဆားပုလင်းနှင်းမောင်ကို လက်သီးဖြင့် ရွယ်လိုက်မိရာ ဆားပုလင်းနှင်းမောင်သည် ရာဇဝတ်အုပ်၏ ကုပ်ကို ဆွဲနှိမ်၍ မျက်နှာကို ဒူးဖြင့် ခုပ်ခဲ့တိုက်လိုက်လေတော့၏။ ထိုအခါ ရာဇဝတ်အုပ်သည် နေရာတွင်ပင် အရှုပ်ကြိုးပြတ် ပျော့ခွေလဲကျသွားလေတော့၏။

ထို့နောက် ဆားပုလင်းနှင်းမောင်က အနီးမှပုလိပ်အား....

"မင်းတို့ ဆရာကို ထမ်းထုတ်ပြီး ဂါတ်ကို ပြန်ခေါ်သွားကြ"

ဟု ပြောလိုက်ရာ ထိုပုလိပ်သည် သူ့ဆရာကို လုပ်ရကောင်းလားဟု ကြိတ်မနိုင်ခံမရဖြစ်ကာ ခြံဝတွင် စောင့်နေသော အစောင့်ပုလိပ်၏လက်မှ ဗထက်ခြွိက်သေနတ်ကို လှမ်း၍ကြည့်လိုက်လေ၏။ ထိုအခါ ဆားပုလင်းနှင်းမောင်က....

"ဟေ့ကောင်....အပိုတွေလုပ်မနေနဲ့၊ မင်းတို့သတ္တိလောက်နဲ့ ငါ့ကို သေနတ်နဲ့ မပစ်ဝံ့ပါဘူး၊ ငါပြောတဲ့အတိုင်း ထမ်းသွားစမ်းပါ"

ဟု ဝေါလိုက်သောအခါမှပင် ထိုပုလိပ်လည်း ခြံဝင်ပေါက်ကို အကူအညီတောင်းကာ ရာဇဝတ်အုပ် ကိုဘတူကို ချယ်ဂါရီဖြင့်တင်ကာ ပြေးတိုသို့ ခေါ်သွားလေတော့၏။

ထိုအခါ ဦးကိုကိုကြီးက....

www.burmeseclassic.com

ဆရာကြီး....

ဒုက္ခပေးမယ့် အိုးတစ်လုံး ရန်ကုန်ကို ရောက်နေပြီ။ ကြိုးတွေမှန်ရင် အကုန်လုံးကို ရှင်းမယ်ဆိုပဲ၊ အရေးကြီးတဲ့ ပစ်မှတ်ကတော့ ဆရာကြီးပဲ၊ ဆရာကြီးရဲ့ အသက်ကို လုပ်ကြံဖို့က အဓိက ဖြစ်တယ်၊ ကျန်တာလဲ နေမကောင်းဘူး၊ နေ့လား ညလားပဲ ဆရာကြီး၊

ရှိသေစွာဖြင့်....

သိန်းမောင်

ဆားပုသင်း နှင်းမောင်သည် ထိုစာအိတ်ကို ကြည့်လိုက်လေ၏။ စာအိတ်တွင် ရိုက်ထားသော တံဆိပ်တိုးများကို ကြည့်ရှုရာ ညောင်ဦးမြို့တံဆိပ် ရိုက်ထားကြောင်း သိရ၏။ ဆားပုလင်း နှင်းမောင်သည် ထိုစာကို အထပ်ထပ်ကြည့်နေ၏။ ထို့နောက် စာအိတ်ကို ဖြုတ်ကြည့်လိုက်ရာ စာအိတ်အတွင်းမှ ဘော်ကြယ်ထိုးရာတွင် အသုံးပြုသော အပြာရောင် စီးကွင်းခေါ် ဘော်ကြယ်အဝိုင်းလေးကို တွေ့ရလေ၏။

ထို့နောက် ဆားပုလင်း နှင်းမောင်သည် သေဆုံးသူလူကြီး၏ခုတင်တွင် ပက်လက်လှန်၍ အိပ်လိုက်လေ၏။ ထိုသို့ အိပ်လိုက်ရာ မျက်လုံးနှစ် တည့်တည့်နေရာတွင် "မအိပ်မနေ အသက်ရှည်" ဟူသော စာကို မြေဖြူဖြင့် ရေးထားသည်ကို တွေ့ရလေ၏။ ထို့နောက် ဆက်လက်၍ အခန်းတွင်း၌ ကြည့်ရှု

ရာ သားရေဖုံးဖြင့် ချုပ်ထားသော စာအုပ်ကြီးကို တွေ့ရလေ၏။ ထိုစာအုပ်ကို လှန်လိုက်လျှင် လှန်စာ ရိုးရှင်းသော လက်ရေးဖြင့် ရေးထားသော အောက်ပါ စာတန်းကြီးကို တွေ့ရလေတော့၏။

သုံးလွန်းတင်သော ကြိုး၏ မှတ်တမ်း

ကျန်ုပ်သည် သိုက်ဆရာ ဦးဝေဠု ဖြစ်၏။ ကျန်ုပ်သည် ဤမှတ်တမ်းကို မရေးတော့ဟု ဆိုသော်လည်း နှစ်ပေါင်း ထောင်နှင့်ချီခဲ့သော ဆွေမျိုးစုကြီးအတွင်း၌ ဖြစ်ပွားခဲ့သည့် အဃတ တရား၏ ဆိုးရွားပုံကို နောင်လာ နောင်သား မြေးများ သင်ခန်းစာယူစိမ့်သောဌာ ရေးသားရပေတော့အံ့။

ယခုအခါ၌ ကျန်ုပ်သည် သေဘေးနှင့် လှန်စာ နီးကပ်နေသည်ဖြစ်ရကား ဤမှတ်တမ်းကို အချိန်လုရ၍ ရေးသားရပေတော့မည်။ အကယ်၍ ကျန်ုပ် သေလျှင်လည်း ကျန်ုပ် ကျူးလွန်ခဲ့သော မတရားမှုများ၏ အကျိုးဖလဟု ကျန်ုပ်အနေနှင့် ခံယူသည်ဖြစ်ရာ တရားသော သေခြင်း ဖြစ်ပေသည်။ အိုးများသည် ကျန်ုပ်အား လက်စားချေရန် အချိန်သို့ ရောက်နေပေပြီ။

ဤနေရာ၌ ကျန်ုပ်ထို့ အိုးနှင့် ကြိုးအကြောင်းကို အများသူငါ သိရှိနိုင်ရန် ဖော်ပြပေအံ့။

www.burmeseclassic.com

www.burmeseclassic.com

ဆားပုလင်း နှင်းမောင်သည် အားမလို အားမရ ဖြစ်သော မျက်နှာဖြင့်....

"တောက်....ဦးဝေဠုရဲ့ မှတ်တမ်းက ဒီနေရာမှာ ဆုံးနေတယ်၊ နောက်ထပ် လေးကြောင်းလောက်ရေးနိုင်ခဲ့ရင် တရားခံဟာ ဘယ်သူလဲလို့ ပြောနိုင်တယ်"

ဟု ကျွန်ုပ်ဘက်သို့ လှည့်၍ပြောလေ၏။

ထိုအခါ ကျွန်ုပ်က....

"သေဆုံးသူ ဦးဝေဠုရဲ့ မပြီးဆုံးသေးသော မှတ်တမ်းလို့ ဆိုရမှာပေါ့ဗျာ"

ဟု မြောလိုက်ရာ ဦးကိုကိုကြီးက....

"မပြီးဆုံးသေးသော မှတ်တမ်း မဟုတ်ဘူးဗျို့၊ ရေးကို မရေးရသေးတဲ့ မှတ်တမ်းဗျ။ ဒီစာက နိဒါန်း သုံး လေး ကြောင်းပဲ ရေးရသေးတာ"

ဟု မြောလိုက်လျှင် ကျွန်ုပ်တို့သည် ရယ်မောလိုက်ကြရလေတော့သတည်း။

○

ဆားပုလင်းနှင်းမောင် နယ်သို့အပြန်

ဆားပုလင်း နှင်းမောင်သည် အသတ်ခံရသူ ဦးဝေဠု အိမ်ပေါ်မှ ဆင်းသက်ခဲ့ပြီးနောက် ခြံပြင်သို့ထွက်ကာ ခြံအနောက်ဘက်သို့ သွားရောက်ကြည့်ရှုရာ ခြံအနီးတွင် ဝါးလုံးသည်ကြီး တစ်ချောင်းကို တွေ့ရလေ၏။ ထိုအခါ ဆားပုလင်းနှင်းမောင်သည် ဝါးလုံးရှည်ကြီးကို ဆွဲကြည့်၏။ ပြီးနောက် အဝေးမှ ခြံအနီးသို့ပြေးကာ ဝါးလုံးရှည်ကြီးကို ထောက်ကြည့်၏။ ပြီးလျှင် ထိုဝါးလုံးကြီးကို ယူခဲ့၍ ခြံတွင်းသို့ ပြန်၍ ဝင်လာလေ၏။ ခြံဝသို့ရောက်လျှင် ပုလိပ်ကလေးအား ထိုဝါးလုံးကို ပေး၍....

"မင်း ပြန်ရင် ဒီဝါးလုံးကို ဂါတ်ကိုယူပြီး ဆိမ်းတား၊ အဲဒါ သက်သေခံပစ္စည်းပဲ"

www.burmeseclassic.com

www.burmeseclassic.com

ဟု ပြောလိုက်လေ၏။ ထို့နောက် ဆားပုလင်း နှင့်မော
သည် ခြံအတွင်းမှနေ၍ အိမ်နောက်ဘက်ဆီသို့ သွားပြီး
အိမ်နံဘေးကိုကပ်၍ ခြေရာများကို သေချာစွာလိုက်လံကြည့်
လေ၏။ ထို့နောက် တစ်နေရာသို့အရောက်တွင် အပေါ
မော့ကြည့်လိုက်၏။ ပြီးလျှင် လေ့ကားတစ်ခုကိုယူကာ အပေ
မှ တန်းကို ကြည့်ပြီးနောက်....

"သေချာပါတယ်"

ဟု ပြောလိုက်လေ၏။ ထိုအခါ ဦးကိုကိုကြီးက....

"ဘာတွေ့သေချာနေတာလဲ အိုင်ဆေးရဲ့"

ဟု လှမ်း၍မေးလိုက်လေ၏။

ထိုအခါ ဆားပုလင်း နှင့်မောင်က....

"လူသတ်သမားဟာ ဒီတန်းပေါ်တက်ပြီး နေသေးတ
ဆောဒီမှာ ဖုန်မှုန့်တွေ ပြောင်နေတယ်"

ဟု ပြန်၍ဖြေလိုက်လေ၏။

"သူ့ရဲ့ခြေရာတွေကလဲ အိမ်နဲ့ကပ်လှမ်းချေလား"

ဟု ကျန်ုပ်က မေးလိုက်ရာ ဆားပုလင်း နှင့်မောင်က

"လက ခေါင်းပေါ်တည့်တည့် ရောက်နေပြီလေ
အရိပ်ထွက်တာ သိပ်ပြီးနည်းတာပေါ့၊ ဒါကြောင့်မို့ အိ
ကပ်ပြီး အရိပ်ခိုသွားရရှာတာ၊ ဒီနေရာကျတော့ တန်းကို
အပေါ်တက်လိုက်တာ၊ တော်တော့်ကို မေ့ပါးတဲ့လူပဲ့"

ဟု ပြန်၍ပြောလိုက်လေ၏၊

"ရိုးရိုးတန်းတန်း လာနေရာကနေ ဘာဖြစ်လို့ ဒီတန်း
ခိုနေပြီး နေရတာလဲ"

ဟု ကျန်ုပ်က မေးလိုက်လေ၏။

"ဦးဝေဠုဟာ ခြံဘက်ကနေလမ်းဆုံးလို့ ဒီဘက်ကို လှည့်
နေပြီလေဗျာ၊ အဲဒါကြောင့် ကပျာကယာ တန်းပေါ်
တက်လိုက်ရတာ"

ဟု ဆားပုလင်းနှင့်မောင်ကပြောလျှင်....

"ဩော်....ဒီလိုကိုး"

ဟု ကျန်ုပ်က ပြောလိုက်လေ၏။ ဆားပုလင်း နှင့်မောင်
သည် လေ့ကားပေါ်မှ ဆင်းလာပြီးနောက်....

"ဟောဒီနားကိုလဲ ဦးဝေဠုရောက်ရော လူသတ်သမား
ဟာ တန်းပေါ်ကနေ တအားလွှဲပြီး ဦးဝေဠုရဲ့ မျက်နှာကို
ဆောက်နဲ့ ကန်လိုက်တာမျှို၊ အဲဒီမှာ ဦးဝေဠုဟာ
ကောင်းကို ထိသွားလေတော့ နောက်ကိုလန်ပြီး လဲကျ
သွားတာ၊ လက်ထဲက နှစ်လုံးပြူးသေနတ်လဲ လွတ်ထွက်သွား
တာပေါ့၊ ဟောဟို မြေကြီးမှာ ထင်နေတဲ့အရာဟာ ဦးဝေဠု
ဆေး လဲကျတဲ့ နေရာပဲ၊ ပြီးတော့မှ လူသတ်သမားဟာ
ဝေဠုကို မရှမက ဆွဲထူပြီး ဟောဒီအိမ်တိုင်နဲ့ ခေါင်းကို
ောင့်တာပဲ"

ဟုဆိုကာ တိုင်ကိုပြလေ၏။ ပြီးလျှင် တိုင်မှ သွေးစသွေးနှ
ားအား ကျန်ုပ်တို့နှစ်ဦးကို ခေါ်ပြလေ၏။

"အဲဒီလို တိုင်နဲ့ ခေါင်းနဲ့ဆောင့်ပြီးမှ သတ်တာပေါ့နော်"

ဟု ကျန်ုပ်ကမေးလိုက်ရာ....

"တိုင်နဲ့ ခေါင်းနဲ့လဲ ဆောင့်ပြီးရော လူသတ်သမားဟာ
ဝေဠုကို ဆွဲပြီးပစ်လိုက်တာ အုတ်လှေကားဘက်ကို လွှင့်

www.burmeseclassic.com

"ဆေတဲ့လူက ကြိုးဂိုဏ်းဗျ၊ သတ်တဲ့လူက အိုးဂိုဏ်း၊ နဖူးမှာ ရေးသွားတာ စက်ဝိုင်းမဟုတ်ဘူးဗျ၊ အိုးပုံရေးသွားတာ၊ သူတို့ဂိုဏ်းရဲ့ ရာဇဝင်ကိုတော့ ကျုပ် မသိသေးဘူးဗျ၊ ဒါဆို မကြာခင်သိမှာပါ"

ဟုဆိုကာ မိန်းကလေးကို အားပေးစကားပြော၍ နှုတ်ဆက်ကာ ထွက်သွားလေတော့၏။ ကျန်ုပ်နှင့် ဦးကိုကိုကြီးလည်း နောက်မှ ပုကွပုကွနှင့် လိုက်သွားခဲ့လေတော့၏။ ကားဆီသို့ရောက်လျှင် ကျန်ုပ်က ကားမောင်း၍ ဆားပုလင်းနှင်းမောင်သည် ဘေးမှထိုင်ကာ လိုက်ပါလေ၏။ ဦးကိုကိုကြီးကမူ နောက်ခန်းမှ ငိုက်၍သိုက်ပါလာလေ၏။

ကျန်ုပ်တို့ကားသည် မအူကုန်းသို့ရောက်လျှင် ကျန်ုပ်က....

"အိုင်ဆေး....ဘယ်ကိုမောင်းရမှာလဲ"

ဟု မေးလိုက်ရာ ဆားပုလင်းနှင်းမောင်က....

"အိုင်ပီတို့ဘော့ စီအိုင်ဒီကို ပြန်ချင်ပြန်ပါ ကျွန်တော်ကို ဆာ့ ဂျူဗလီဟောမှာ ချပေးပါ"

ဟု ပြောလိုက်ရာ ဦးကိုကိုကြီးက....

"ဂျူဗလီဟောမှာ ဘာရှိလို့လဲဗျ"

ဟု ဝင်ရှုမေးလိုက်လေ၏။

"ကလကတ္တားက လပ်ချိမီးဒတ်ချဆိုတဲ့ ကုလား ပန်းချီဆရာကြီးတစ်ယောက်ရေးထားတဲ့ ပန်းချီကားတွေ ဒီနေ့စပြီး ပြမယ်ဗျ၊ ပြင်သစ်ပန်းချီဆရာတွေပြီးရင် ကုလားပန်းချီဆရာတွေဟာ အသေးစိတ်ရေးတဲ့နေရာမှာ ထိပ်ဆုံးကပဲဗျို့၊ သူ့ပန်းချီကားတွေ ကျုပ် အရင်တုန်းကလဲ ကြည့်ပုံးပါတယ်၊

ကျသွားတယ်ဗျို့၊ ပြီးဘော့မှ ဖိနပ်ဦးနဲ့ နံရိုးဆီကို လှိမ့်ပြီး ကန်လိုက်တာ"

ဟုပြောပြီး ဦးခေဝဠုအက်ကျိပေါ်မှ မြေမှုန့်များကပ်နေသည့် ဖိနပ်ဦးရာများကို ပြလေ၏။ ပြီးလျှင် ဆားပုလင်းနှင်းမောင်ကပင် ဆက်၍....

"အဲဒီအချိန်မှာ ဦးခေဝဠုဟာ လူသတ်သမားကို ခုခံအခြေအနေမရှိတော့ဘူးဗျ၊ အဲဒီတော့မှ ပြောစရာရှိတာတွေ ပြောပြီး ကျောက်သလင်းတုံးနဲ့ ထိုးသတ်သွားဘာ"

ဟု ပြောလိုက်လေ၏။

"ဒီမှာ ကိုနှင်းမောင်၊ လူသတ်ဖို့ ခားမယူလာဘဲ သာ ဖြစ်လို့ ကျောက်သလင်းတုံး ယူလာတာလဲ၊ ခားထက် ပိုကောင်းလို့လား"

ဟု ဦးကိုကိုကြီးက မေးလိုက်လေ၏။ ဆားပုလင်းနှင်းမောင်က....

"ဒီလိုတော့ ဟုတ်မယ်မထင်ဘူးဗျ၊ အဲဒီ ကျောက်သလင်းတုံးဟာ ဂိုဏ်းရဲ့ အသုံးအဆောင်ပစ္စည်း ဖြစ်လိမ့်မယ်၊ ဒါကြောင့်မို့ အထိမ်းအမှတ်အဖြစ်နဲ့ ဒီကျောက်သလင်းတုံးကို သတ်ဓာဗျ၊ ငါးထပ်ကြီးမှာ သတ်ခဲ့ဘာလဲ ဒီကျောက်သလင်းတုံးပဲ"

ဟု ပြောလိုက်လေ၏။

"ဘာဂိုဏ်းတွေလဲဗျ"

ဟု ကျန်ုပ်ကမေးလိုက်ရာ ဆားပုလင်းနှင်းမောင်က....

www.burmeseclassic.com

အတော် တော်တဲ့ ဆရာကြီးဗျ၊ လိုတပ်စိတ်ဆိုတဲ့ပန်းချီကား ဆိုရင် ကြာပန်းပေါ်က ပြုတ်ကျလုနီးနီး တွဲလဲခိုနေတဲ့ရေစက်ကလေးရယ်ဟာ အခရုဝင်ပေါင်း (၂၀)ကျော်ပါတယ်ဆိုပဲဗျ၊ ကြည့်ရင်းကြည့်ရင်းနဲ့ကို အဲဒီ ရေစက်ကလေး ပြုတ်ကျသွားမလား ထင်ရအောင် ရေးနိုင်တဲ့ ဆရာကြီးဗျ"

ဟု ဆားပုလင်းနှင်းမောင်ကပြောလိုက်ရာ ကျွန်ုပ်က....

"အိုင်ဆေးက ပန်းချီလဲ အဘော့်ကို ဝါသနာပါတယ်နော်"

ဟု ပြန်ချီမေးလိုက်လေ၏။

"ပန်းချီတစ်ခုဘည်းမဟုတ်ပါဘူး အိုင်ဝီရယ်၊ အနုပညာကို ဝါသနာပါတဲ့သဘောပါ၊ တခြားအလုပ်တွေက ဘယ်သူပဲ လုပ်လုပ် ဘယ်တော့ပဲလုပ်လုပ် ဘယ်နှစ်ကြိမ်ပဲလုပ်လုပ် ဘာမှ အရေးမကြီးပါဘူး၊ အနုပညာဆိုတဲ့အရာကတော့ ဒီလို မဟုတ်ဘူးဗျို့၊ ဒီလူပဲ ဒီတစ်ကြိမ် ဖန်တီးတဲ့အနုပညာဟာ နောက်တစ်ကြိမ် ထပ်ပြီးလုပ်လို့ မတူနိုင်တော့ဘူး၊ ဒါကြောင့် အနုပညာက တခြား အရာတွေထက် ပိုပြီး နက်ရှိုင်းတယ်၊ ဥပမာဗျာ....အခု လပ်ချိမီးဒတ်ချ်ကိုပဲ သူရေးတဲ့ ပန်းချီကား လိုတပ်စိတ်ကို ပြန်ဆွဲခိုင်းရင် သူ အရင်ရေးတဲ့ ပန်းချီကားမျိုး ပြန်မရနိုင်တော့ဘူး၊ ကွာသွားပြီ အမြင်တွေ အတွေးတွေ ခံစားမှုတွေ ကွာတာနဲ့အမျှ ဖန်တီးမှုတွေလဲ ကွာကုန်တယ်ဗျ၊ အဲဒီလို မကွာဘူးဆိုရင် ပန်းချီဟာ ပန်းချီ မဟုတ်တော့ဘူး၊ ခာတ်ပုံတွေ ဖြစ်သွားလိမ့်မယ်၊ ပြီးတော့ အနုပညာဟာ ငါလုပ်တာဆိုတဲ့ အတ္တရယ်၊ ကောင်းရမယ် မကောင်းရဘူးဆိုတဲ့

သောအနဲ့ ဒေါသရယ်ကို ဖြုတ်ပြီးမှ ဖန်တီးရတာဗျ၊ အတ္တ ပြုတ်တဲ့ ပန်းချီကား၊ တယောသံ၊ သီချင်းဆိုမှု၊ အကတွေဟာ ဘယ်လောက်ပဲကောင်းအောင် ကြိုးစားကြိုးစား တစ်ခုခု ညံ့နေသလိုပဲ"

ဟု ဆားပုလင်းနှင်းမောင်က ရှည်လျားစွာ ပြောလိုက်သေ၏၊

"ကဲ....ဒီလိုဆိုလဲ ပြီးပါလေရောဗျာ၊ ခင်ဗျားကို ဂျူဒသီးဟာမှာ ထားခဲ့မယ်၊ တစ်နေ့လုံး ကြည့်မေရော့ဗျာ၊ ဘုပ် ဘယ်အချိန် လာကြိုပေးရမလဲ"

ဟု ကျွန်ုပ်ကမေးလိုက်ရာ ဆားပုလင်းနှင်းမောင်က....

"နေပါစေ အိုင်ဝီ၊ ကျေးဇူးတင်ပါတယ်၊ ပန်းချီပြပွဲပြီးရင် ရွှေတိဂုံဘုရားဧပေါ် တက်ဦးမယ်ဗျ၊ ပြီးရင် မွန်မကြီးနောက်တဲ့ ထမင်းဆိုင်မှာ ငရုတ်သီးစပ်စပ်နဲ့ချက်တဲ့ ကြက်သားဟင်းနဲ့ ထမင်းစားမယ်၊ ပြီးတော့ ဟံသာဝတီမင်း ခေါင်းလောင်း အောက်မှာ တစ်ရေး အိပ်ဦးမယ်၊ တစ်ရေးနိုးမှ နောင်တော်ကြီး ဘုရားပေါ် တက်ပြီး ဥုမ်တစ်ထောင် ရွတ်မယ်၊ ပြီးမှ(၂၉၅)၊ ဘိုးလိုန်းလမ်း(ဗညားဇလာမ်း)ကိုပြန်မယ်ဗျို့"

ဟု ပြောလိုက်ရာ ဆားပုလင်းနှင်းမောင်အား ဂျူဒလီဟော်ဒ် ထားခဲ့ရလေတော့၏။

ကျွန်ုပ်နှင့်ဦးကိုကြီးတို့လည်း တစ်လမ်းလုံး ဆားပုလင်းနှင်းမောင်၏ ချီးမွမ်းခန်းကိုဖွင့်ကာ စီအိုင်ဒီသို့ ပြန်ခဲ့ကြ၏။ ကျွန်ုပ် စီအိုင်ဒီဆို ရောက်လျှင်ရောက်ချင်း ဒစ်စ်ပက်ချိမှ စာ

www.burmeseclassic.com

တစ်စောင် လာ၍ပေးလေ၏။ ထိုစာကိုဖတ်ကြည့်ရာ စာ၏ အဓိပ္ပာယ်မှာ....

ချောက်မြို့ဂါတ်မှ အမှုတစ်ခုအတွက် ဆားပုလင်း နှင်းမောင်သတ်သေခံရန် အမြန်ဆုံး ချောက်မြို့ဂါတ်သို့ စေလွှတ်ပေးရန် ဆင့်ဆိုထားသောစာဖြစ်၏။ ထို့ကြောင့် ကျွန်ုပ်လည်း ဂျူဗလီဟာသို့ လာခဲ့ရသလော၏။ ကျွန်ုပ်သည် ဂျူဗလီဟောသို့ ရောက်သောအခါ၌ ကား ကို ရပ်၍ ပန်းချီပြခန်းရှိရာသို့ ခပ်သုတ်သုတ် သွားရောက်ခဲ့လေ၏။ ပန်းချီပြပွဲသည် လူအလွန်နည်းလှ၏။ ချောင်ကျသော အခန်းထောင့် နေရာ၌ ဆားပုလင်းနှင်းမောင်ကို တွေ့ရလေ၏။ ဆားပုလင်းနှင်းမောင်သည် ထိုပန်းချီကားကို မည်သည့်အချိန်က ကြည့်၍နေသည်မသိ ငြိမ်၍နေ၏။ မျက်တောင်မှ ခတ်ရဲလားဟု သံသယဖြစ်သောက်အောင်ပင် ငြိမ်နေ၏။ ကျွန်ုပ်လည်း ခြေသံမကြားစေရန် အနီးသို့ကပ်သွားပြီးလျှင် ထိုပန်းချီကားကို ၎င်း၏ပခုံးဝေါ်မှကျော်၍ ကြည့်လိုက်၏။ ထိုပန်းချီကားမှာ မြေဝါမြေနီရောင်များဖြင့် ရေးဆွဲထားသော ဆီဆေးပန်းချီကား တစ်ချပ် ဖြစ်၏။ ဖုန်ထူသောလမ်းပေါ်တွင် ထိုင်၍ကျန်ခဲ့သော မိန်းမတစ်ဦး၏ ခြေရာကို အသေးစိတ်ဆွဲထားသော ပန်းချီဖြစ်၏။ လက်ရာမြောက်လှသောကြောင့် လေဘစ်ချက် ဝေ့လိုက်လျှင် ပန်းချီကားမှ ဖုန်မှုန်များသည် လှုပ်၍ နှာခေါင်းထဲသို့ပင် ဝင်လာလေမည်လားဟု စိုးရိမ်မိသေးတော့၏။

ဆားပုလင်းနှင်းမောင်သည် ငြိမ်မြဲ ငြိမ်နေ၏။ ကျွန်ုပ်၏အထင် ဆိုရုပါမူ ထိုသူသည် အသက်ပင်ရှူရဲလားဟု သံသယ

ဖွဲ့နေမိ၏။ ကျွန်ုပ်သည် ပန်းချီကား၏အမည်ကို ဖတ်လိုက်၏။ ပန်းချီကား၏ အမည်မှာ "နေ့ဘက်တွင်ထင်သော ခြေရာ" ဟူ၍ ဖြစ်၏။

ထို့နောက် ဆားပုလင်း နှင်းမောင်ကို ကျွန်ုပ်က ကြည့်လိုက်၏။ ဆားပုလင်းနှင်းမောင်သည် မျက်တောင်ခတ်လာ၏။ အသက်ပြင်းပြင်း ရှူလာ၏။ ကိုယ်အနည်းငယ် လှုပ်လာ၏။ ဆားပုလင်းနှင်းမောင်ကို ပန်းချီကားမှ ဝိညာဉ်ထုတ်သွားပြီး ယခုတစ်ဖန် ဝိညာဉ်ပြန်၍ဆည်းပေးလိုက်ဟန်ရှိ၏။ ဆားပုလင်းနှင်းမောင်သည် အသက်ပြန်ရှိင်လာပြီ ဖြစ်၏။ ထို့နောက်မှ ကျွန်ုပ်ကို လှည့်ကြည့်ပြီးလျှင်....

"ကောင်းလိုက်တဲ့ ပန်းချီကားဗျာ၊ ကျွင်ရဲ့စိတ်ဟာ ဖုန်ပေါ်မှာ ထင်ကျန်နေတဲ့ မိန်းကလေးရဲ့ခြေရာထဲကို နစ်မြုပ်ဝင်သွားလိုက်တာ ပြန်ပြီးတောင် မထွက်ချင်တော့ဘူး၊ ဒီဆရာကြီး ဒီလက်ရာမျိုး ဒီတစ်သက်မှာ နောက်တစ်ကြိမ် ဘယ်နည်းနဲ့မှ ပြန်ပြီးမရေးနိုင်တော့ဘူး၊ သူ့ရဲ့ အတွက်ကို ဖြုတ်ပြီး ရေးထာတာဗျ၊ သူကိုယ်တိုင် ဖုန်မှုန့်၊ သူကိုယ်တိုင် ခြေရာဖြစ်အောင်ရေးထားတာ၊ သူကသတ်သတ် ဖုန်မှုန့်ကသတ်သတ် ခြေရာကသတ်သတ် မဟုတ်ဘူး"

ဟု ပြောလိုက်လေ၏။ ထိုအခါ ကျွန်ုပ်က....

"ဖုန်တောထဲက ခြေရာလေးကတော့ တော်တော့်ကို ဘူးပါတယ်ဗျာ၊ ခင်ဗျားလဲ ဖုန်တောထဲမှာ ခြေရာထင်အောင် သွားရလိမ့်ဦးမယ်ဗျို့၊ ချောက်ဂါတ်ကအမှုတစ်ခု သက်သေခံဖို့ အမြန်လာခဲ့ဖို့ ခေါ်တယ်ဗျ"

www.burmeseclassic.com

ဟု ကျွန်ုပ်ကပြောလျှင် စာကိုထုတ်ပေးလိုက်ရာ ဆားပုလင်းနှင်းမောင်က....

"အဲဒီကိစ္စ အရေးကြီးတယ်ဗျ၊ ကျုပ်သက်သေခံရင် ဒီအမှု လွတ်သွားလိမ့်မယ်၊ ဆိတ်ဖြူဘက်က ခေးပြ အောင်သန်းတို့ အမှုဗျ၊ ဘာပဲဖြစ်ဖြစ် ဒီခေကာင်တွေကို ငါးနှစ်စီ ဆယ်နှစ်စီ ထည့်ထားမှ ကောင်းမှာ"

ဟု ပြန်၍ ပြောလိုက်လေ၏။ ထို့နောက် ကျွန်ုပ်သည် ဆားပုလင်းနှင်းမောင်အား ၎င်းခန္ဓာထိုင်ရာ (၂၉၅)၊ ဘိုးလိန်းလမ်း (ဗညားဒလလမ်း)သို့ လိုက်၍ပို့ခဲ့ရ၏။ ဆားပုလင်းနှင်းမောင်သည် ဖိုင်ယာရီစာအုပ်၊ မှတ်ဆိတ်ရိတ်ခါး၊ သေနတ်နှင့် ကျည်ဆန်၊ ရေခဲဘောင်တံဆိပ် စီးကရက်ဘူး စသော ၎င်း၏ အသုံးအဆောင်များကို ယူ၏၊ ပြီးလျှင် ကျွန်ုပ်က အခေးပြေးကားဂိတ်သို့ ပို့လိုက်ခဲ့လေတော့သတည်း။

○

ကိုစိန်လှထိုးလူစု ရန်းပုံကြမ်းပုံကတော့

အထက်ပါ အဖြစ်အပျက်များ ဖြစ်ပွားပြီး မကြာမီ၌ ကျွန်ုပ်တို့ စီအိုင်ဒီသည် ငရဲကြီးရှစ်ထပ် ဖြစ်သွားလေ၏။ ရှေသွား အောင်မြင့်သည် ငါးထပ်ကြီးဘုရားအနီးမှ အကြော်သည် အဒေါ်ကြီးအား တရားခံဟု ဆိုကာ ဖမ်းလာ၏။ ကိုတင်ဝင်းမှာမူ ငါးထပ်ကြီးအနီး ရုပ်ကွက်မှ သူကြီးကို တရားခံဟုဆိုကာ ဖမ်းလာ၏။ သူကြီးသာမဟုတ် ဇရပ်အမဒေါ်အမာကိုပါ ဖမ်းလာ၏။ ကိုတင်ဝင်းမှာမူ သဃ်နိုးကျွန်းဂါတ်မှ မောင်ဘတူကောင်းမှကြောင့် မှန်ဘောင်ရောင်းသော ကုလားအား တရားခံအဖြစ် အသေမှတ်ယူပြီး စီအိုင်ဒီသို့ ခေါ်လာ၏။ ဘီလပ်ပြန် ဆရာစိန်မှာမူ တင်နယ်ရိတ္တိအိမ်မှ ကုလားမကြီး ဒေါ်ဂျာနားအား ဖမ်းလာ၏။

www.burmeseclassic.com

ထို့နောက် နည်းအမျိုးမျိုးဖြင့် နှိပ်စက်ညှဉ်းပန်း၍ မိမိမေးလိုသော အကြောင်းအရာများကို အတင်းအကြမ်းမေး၏။ ဝန်ခံစေလိုသော အကြောင်းအရာများကို အတင်းအကျပ် ဝန်ခံခိုင်း၏။ မေး၍လည်း မရ၊ ဝန်လည်းမခံကြ၊ ဝန်ခံလိုက်လျှင်လည်း ကြိုးစင်တက်ရမည် ဖြစ်၏။ ထို့ကြောင့် တင်း၍ခံနကြ၏။ ထိုအခါမျိုး၌ စုံထောက်ကျော်တို့၏ ထုံးစံအတိုင်း အနှုန်း၊ အကြမ်းနည်း၊ မနုမကြမ်းနည်းများကို သုံးစွဲကြလေတော့၏။ ထို့ကြောင့် သံသယတရားခံများ၏ ငိုကြွေးသံ၊ အော်ဟစ်သံ၊ ညည်းညူသံတို့သည် ပုဂ္ဂိုလာရိုက်၍ နေလျက်ရှိ၏။ ထို့ကြောင့် စီအိုင်ဒီသည် ငရဲကြီးရှစ်ထပ်မျှ ပုဂ္ဂိုလာရိုက်လျက်ရှိ၏။ မျက်နှာဖြူကိုလိုနီဖြစ်သောကြောင့် လုပ်ချင်တိုင်း လုပ်ခဲ့ကြ၏။ ထို့ကြောင့် ကျွန်ုပ်သည် စီအိုင်ဒီ၌ ရုံးတက်ရမည်ကို စိတ်ကုန်လျက်ရှိလေ၏။

မှတ်ချက်။ ။ကိုလိုနီခေတ် စီအိုင်ဒီကို ဆိုလိုခြင်း ဖြစ်ပါသည်။ ယခုခေတ် စီအိုင်ဒီ၌ ကျွှိသို့သော မတရားမှုမျိုး မရှိပါ။

စာရေးသူ

မနက်ဘက်တွင် ကျွန်ုပ်သည် စီအိုင်ဒီသို့ ရောက်လာသော အခါ၌ အခြားသည် အဒေါ်ကြီးနှင့် မျက်နှာချင်းဆိုင် တိုး မိ၏။ ၎င်း၏နောက်မှ အစောင့်ပုလိပ်တစ်ဦးပါ၏။ ထိုအဒေါ်

ထိုသူမှာတား ကျွန်ုပ်၏ ချစ်လှစွာသော မိတ်ဆွေကြီး ဆားပုလင်း နှင်းမောင် ဖြစ်ပေတော့၏။ ကျွန်ုပ်သော စုံထောက်များသည် ဆားပုလင်းနှင်းမောင်အား မလိုလားသော မျက်နှာများဖြင့် ဝိုင်း၍ကြည့်ကြသော်လည်း ကျွန်ုပ်နှင့် ဦးကိုကိုကြီးမှာ မကား ရင်ထဲတွင် ကုလားဘုရားပွဲ လှည့်သကဲ့သို့ ဒိန်းတပ်တပ်၊ ဒိန်းတပ်တပ်နှင့် ပျော်ရွှင်လျက် ရှိလေတော့၏။ ထို့နောက် ဦးကိုကိုကြီးသည် ကျွန်ုပ်၏အနီးသို့ကပ်ကာ ခပ်တိုးတိုးလေသံဖြင့်....

"ကျုပ်တို့မိတ်ဆွေ ကိုနှင်းမောင်ကြီး ရောက်လာပြီဗျို့ ဟိုးလီးမန်း အသတ်ခံရတဲ့အမှု ဘာမှမပူနဲ့ နေ့ချင်းညချင်း ပေါ်မှာ"

ဟု ပြောလိုက်လေ၏။ ကျွန်ုပ်ကလည်း....

"မြေကြီး လက်ခတ်မလဲပေါ့ ဦးကိုကိုကြီးရယ်"

ဟု ခပ်တိုးတိုး ပြန်ပြောလိုက်လေ၏။

စုံထောက် မင်းကြီး မစ္ဆတာ ကရစ်ပင်မှာ ဆားပုလင်းနှင်းမောင်၏မျက်နှာကို မြင်တွေ့လိုက်လျှင်....

"အိုး....ဆားပုလင်း နှင်းမောင် ရောက် လာ တာ ကိုး၊ ချောက်မြို့ဂါတ်ကို ပို့ထားတာ ဘယ်လိုကြောင့် ဒီကိုရောက်လာရတာလဲ"

ဟု မေးလိုက်လျှင် ဆားပုလင်းနှင်းမောင်က လှုံ့စွာ အချိုးကျ၍ လှုန်စွာမှ ပီသလှပြီး လှုန်စွာမှ ကောင်းသော လေယူလေသိမ်းဖြင့် အောက်ပါအဓိပ္ပာယ်ရသော အင်္ဂလိပ်စကားကို ပြောလိုက်လေတော့၏။

www.burmeseclassic.com

"လန်ဒန်မြို့ ဆင်ခြေဖုံးဖြစ်တဲ့ ဆောက်သမ်အန်ပါက်မှာ မွေးတဲ့ အင်္ဂလိပ်လူမျိုးတစ်ယောက်ဟာ မြန် မာပြည် မှာ စုံထောက်မင်းကြီး လာလုပ်ရပြီး သူရဿတ္တိနဲ့ပြည့်စုံတဲ့ မြန်မာ လူမျိုးတွေကလဲ လူသတ်မှုကျူးလွန်နေလေတော့ သူခမျာ သရဲ အခြောက်ခံရသလိုဖြစ်နေရှာလို့ မြန်မာပြည် ပုလိပ်မင်းကြီးက အမြန် ဆုံး စီအိုင်ဒီကို လာခဲ့ဝါ ဆားပုသင်း နှင်းမောင်ခရ၊ ခင်ဗျား လောရင်ဟော့ ကျုပ်တို့ ရာဇဝတ်မှုတွေကို လန့်ပြီး အရှင်လတ်လတ်က ခန္ဓာပျက်ရှာဘော့မယ်လို့ မခြောရှံဘစ်မည် ကျုပ်ကို သံကြိုးရိုက်ပြီး ခေါ်လိုက်လို့ ရောက်လာရတာပဲ မစ္စတာ ကရစ်ပင်၊ ခင်ဗျား မယုံရင်လဲ ဟောဒီမှာ သံကြိုးကို ကြည့်နိုင်ထယ် မျက်နှာဖြူ ပုလိပ်မင်းကြီးက ကျုပ်လို ရာထူး မရှိတဲ့ မြန်မာတစ်ယောက်ကို ပလိစ်ဆိုတဲ့ စကားလေးဘစ်လုံး ထည့်ပေးထားတယ်၊ အဲဒီစကားလေးကို အဓိပ္ပာယ်ဖွင့်မယ် ဆိုရင် စောစောက ကျုပ်ပြောတဲ့ အဓိပ္ပာယ်ဆက်မနည်း ဖွင့်ရ မယ်၊ ဒါကောင် လျှောပြီး ဖွင့်ထားတာ"

ဟု ပြောဆိုကာ ကျွန်ုပ်တို့ကဲ့သို့ ရှိသမျှ တန်းစီခြင်း၊ မတ်တတ်ရပ်ခြင်း 'အာဘင်းရှင်း' ဆွဲခြင်းတို့ကို မပြုလုပ်ဘဲ ကုသားထိုင်ကိုဆွဲ၍ ထိုင်လိုက်လေ၏။ သူ၏ လွယ်အိတ်ကို မစ္စတာ ကရစ်ပင်၏ စားပွဲပေါ်သို့ ပုန်းခနဲ တင်လိုက်လေ၏။ ကုတ်အင်္ကျီအိတ် အတွင်းမှ ဂလေစီးယာ ခေါက် ချေခဲဘောင် တံဆိပ် စီးကရက်ကို ထုတ်ယူကာ မီးညှိ ရှိုက်ဖွာလိုက်လေ၏။ ပြီးလျှင် မီးခိုးများကို မှုတ်နှာကြက်ဆီသို့ မှုတ်ထုတ်လိုက် လေ၏။

ဟု ပြောင်ရိုင်းရာ ကျွန်ုပ်မှာ ရယ်ရသေးတော့၏။

ထို့နောက် ဦးကိုကိုကြီးက....

"ကျုပ်တို့လူကြီးလဲ သွားတာ ပြန်မရောက်သေးပါလား"

ဟု မေးလိုက်လေ၏။

"သွားတဲ့ကိစ္စကတော့ အမှုတစ်ခုအတွက် သက်သေခံဖို့ ပဲဗျ၊ ဟိုလဲရောက်ရော နောက်ထပ်အမှုတစ်ခုအတွက် လိုက် ခိုင်းနေတယ် ထင်တယ်"

ဟု ကျွန်ုပ်က ပြောလိုက်လေ၏။

"အဲဒီအတိုင်းဖြစ်မှာပါပဲ ဦးအောင်သင်းရာ"

ဟု ဦးကိုကိုကြီးက ပြောလိုက်လေတော့သတည်း။

○

www.burmeseclassic.com

www.burmeseclassic.com

မုဆိုးတွေနဲ့ မောင်တိုင်ပင်

တစ်နေ့သ၌ ကျွန်ုပ်နှင့် ဦးကိုကိုကြီးသည် ရောက်တတ်ရာရာ စကားများ ပြောဆိုနေကြလေ၏။ ကျွန်ုပ်က ကျွန်ုပ်ဖတ်ဖူးသော မုဆိုးကြီး အလန်ကွာတာမိန်း၏ အကြောင်းကို ပြောပြ၏။ ထို့နောက် ကျွန်ုပ် တွေ့ဖူးသော မုဆိုးကြီး ဦးပေတလူ၏ အကြောင်းကို ထပ်၍ ပြောပြ၏။ ဦးပေတလူ၏ တော်ပုံ၊ မုဆိုးလိုက်ကောင်းပုံတို့ကို ပြောပြ၏။ ထိုအခါ ဦးကိုကိုကြီးကလည်း သူတွေ့ဖူးသော မုဆိုးကာစင်အကြောင်းကို ပြောပြ၏။ ထို့နောက် ကျွန်ုပ်နှင့် သူသည် ဦးပေတလူက တော်သည်၊ ကာစင်က တော်သည်ဟူ၍ ပြောဆိုကာ ငြင်းခုံကြလေတော့၏။

ထိုအခါ၌ အခန်း၏အပြင်မှ....

"အဲဒီ တော်လှပါတယ် ဆိုတဲ့ မုဆိုးပေတလူရော မုဆိုးကာစင်ရော နောက်ထပ် မုဆိုးတွေရော အကုန်လုံး တွေ့ချင်တယ်ဗျို့"

ဟု အော်ရွှင်လာသော ဆားပုလင်းနှင့်မောင်ကို တွေ့ရလေ၏။

ကျွန်ုပ်မှာ ဆားပုလင်းနှင့်မောင်ကို မြင်လျှင်မြင်ခြင်း....

"ခင်ဗျားကလဲ ကြာလှချည်လားဗျာ"

ဟု ပြောလိုက်လေ၏။ ဦးကိုကိုကြီးကလည်း....

"ခင်ဗျားကို မျှော်ရတာဗျာ....ကျုပ် လည်ပင်းတောင် သရဲဖိလောက် လောင်းသွားပြီ"

ဟု ပြောလိုက်လေ၏။

ထို့နောက် ကျွန်ုပ်က....

"ခင်ဗျားကိုအပြစ်တင်တာမဟုတ်ဘူးဗျ၊ ကျုပ်တို့က လွမ်းသို့ပြောနေတာ၊ အမှန်အတိုင်းပြောရရင် ကျုပ် မိန်းမ ခရီးသွားရင်တောင် ဒီလောက် မလွမ်းဘူး"

ဟု ပြောလိုက်ရာ ဦးကိုကိုကြီးက....

"ဟုတ်ပါ့မလား ဦးအောင်သင်းရယ်"

ဟု ပြောလိုက်လေ၏။ ထို့နောက် ကျွန်ုပ်က....

"ခင်ဗျားကတော့ ဘာထူးသလဲ မသိဘူး၊ ကျုပ်တို့ဆီမှာဘဲ့ ထူးနေပြီဗျို့၊ ဦးကိုကိုကြီးသာ မေးကြည့်ပေတော့"

ဟု ပြောလိုက်လေ၏။ ထိုအခါ ဆားပုလင်းနှင့်မောင်က....

www.burmeseclassic.com

www.burmeseclassic.com

"မဟုတ်မှလွဲရော ဘီလပ်ပြန် ဆရာစိန်တို့၊ ဦးစိန်လှတို့လူစု ဘွေ့ မဟုတ်က ဟုတ်က တရားခံတွေ့ဖမ်းလာလို့ စီအိုင်ဒီမှာ တရားခံတွေ့နဲ့ ပြည့်နေပြီ ထင်တယ်"

ဟု ပြောလိုက်လျှင် ဦးကိုကိုကြီးက....

"အမှန်ပဲ အိုင်ဆေးရေ....ဒါနဲ့နေပါဦး၊ ခင်ဗျားကြောတဲ့ အခကြောင်းလေး ရှင်းပြစမ်းပါဦး"

ဟု ပြောလိုက်ရာ ဆားပုလင်းနှင်းမောင်က....

"ဟိုးခွေးရွေးစုန်းက...."

ဟု စကားစလိုက်လျှင် ဦးကိုကိုကြီးက....

"မနောက်ပါနဲ့ဗျာ....ကျုပ်တို့က တကယ် နားထောင်ချင်တာ"

ဟု ပြောလိုက်လေ၏။

ထိုအခါ ဆားပုလင်းနှင်းမောင်က....

"နောက်တာ မဟုတ်ဘူး၊ တကယ်ပြောနေတာ၊ ဟိုးခွေးရွေးတုန်းက နှစ်ပေါင်း သုံးထောင်ကျော်လေးထောင်လောက်က လမ်းပေါ်နေ၊ လမ်းပေါ်စား၊ လမ်းပေါ်အိပ်၊ လမ်းပေါ်သေတဲ့လူစုကြီးတစ်စုဟာ တစ်နေ့မှာ အကြောင်းတစ်ခုနဲ့ အုပ်စုကြီး နှစ်စုကွဲသွားကြတယ်ဗျ၊ အုပ်စုတစ်ခုကို အိုးအုပ်လို့ ခေါ်တယ်၊ ကျန်အုပ်စုကို ကြိုးအုပ်စုလို့ခေါ်တယ်၊ အဲဒီ နှစ်စုဟာ နှစ်ပေါင်း ထောင်နဲ့ချီတဲ့အချိန်ကတည်းက တစ်ခုနဲ့ တစ်စု ရန်မီးပွားလာလိုက်ကြတာ အခုထက်ထိပဲဆိုပါတော့ဗျာ၊ အခု ကျုပ်တို့ ရင်ဆိုင်နေရတဲ့ ဝိသာခါ ဇရပ်ထဲမှာ မစ္စတာကရစ်ပင်ရဲ့ အသုံးအနှုန်း အတိုင်း သုံးမယ်ဆိုရင်

တိုးလီးမန်း အသတ်ခံရတဲ့အမှုရော သဿနိုးကျန်းဘူတာ နားက ဦးဝေဠု အသတ်ခံရတဲ့ အမှုရောဟာ အိုးဂိုဏ်းက်ချည်းပဲ သတ်တာဗျ၊ ဒါပေမယ့် ဝိသာခါဇရပ်ထဲမှာ ဆေနေတဲ့ လူကတော့ အိုးဂိုဏ်းကဗျ၊ သဿနိုးကျန်းက ဦးဝေဠုကတော့ ကြိုးဂိုဏ်းဗျ"

ဟု ပြောလိုက်လျှင် ဦးကိုကိုကြီးက....

"အိုင်ဆေး....အဲဒီအထိ ကျုပ်တို့ သတောပေါက်ပြီဗျ၊ ရွှေဆက်ပြီး ပြောဦးလေဗျာ"

ဟု ပြောလိုက်လေ၏။

"ရွှေဆက်ပြီး ပြောရမယ့်စကားက ပိုပြီးတောင် အရေးကြီးသေးတယ်၊ သဿနိုးကျန်းဘူတာ နားမှာ အသတ်ခံရတဲ့ ဦးဝေဠုရဲ့အိမ်မှာ စာတစ်စောင် တွေ့တယ်ဗျ၊ ညောင်ဦးစာတိုက်တံဆိပ် ရိုက်ထားတယ်၊ စာရေးလိုက်တဲ့ လူက သိန်းမောင်တဲ့၊ သူ့ဆရာ ဦးဝေဠုကို အိုးဂိုဏ်းက သတ်မှာစိုးလို့ သတိပေးတာဗျ၊ အဲဒီစာနုန်းက ကျန်တော့် စာအိတ်ကို ဖြဲကြည့်တာ တွေ့မိမှာပေါ့"

ဟု ဆားပုလင်းနှင်းမောင်က ပေးလိုက်လေ၏။ ထိုအခါ ကျန်ုပ်က....

"တွေ့တယ်....တွေ့တယ်၊ စာအိတ်ထဲက ဘော်ကြယ်အဝိုင်း ပြားပြားလေး ထွက်ကျလာတယ်လေဗျာ"

ဟု ပြောလိုက်ရာ ဆားပုလင်း နှင်းမောင်က

www.burmeseclassic.com

တော့တာပဲ၊ အဲဒီမှာ ဘော်တော်လေး ပြည့်ပြည့်စုံစုံသိလာရ တော့တယ်ဗျို့"

ဟု ဆားပုလင်းနှင်းမောင်က ပြောလိုက်လေ၏။ ထို့အခါ ကျုပ်က....

"နေရာကျလိုက်တာဗျာ၊ ဒီလိုဆိုရင် တရားခံကို သွားပြီး ဖမ်းရုံပေါ့"

ဟု အားရဝမ်းသာ ပြောလိုက်ရာ ဆားပုလင်းနှင်းမောင်က....

"အဲဒီလောက်တော့ မလွယ်သေးဘူးဗျ၊ ဒီလူတွေမှာကလဲ အုပ်စုလိုက် ဘုရင်တွေဘာတွေရှိတယ်ဗျ၊ လမ်းပေါ်မှာနေပေမယ့်လဲ စနစ်တကျရှိကြတယ်၊ အခုဖြစ်တဲ့ကိစ္စက အိုးဂိုဏ်းက အိုးဘုရင် ကလန် ဆိုတဲ့လူကို ကြိုးဂိုဏ်းက ဦးဝေဠုက သတ်ပစ်လိုက်တာ၊ အဲဒါကို ဦးကလန် သား အရွယ်ရောက်လာတဲ့ အခါမှာ ပြန်ပြီး လက်စားချေတာ၊ အဲဒီ လက်စားချေတဲ့ ဦးကလန် သားရဲ့ နာမည်က အိုးထိန်း တဲ့၊ အဲဒီ အိုးထိန်းဟာ ရန်သူကို လက်စားချေဖို့အတွက် တောထဲမှာ ခြောက်နှစ်လောက် လေ့ကျင့်ခဲ့တယ်ဆိုပဲ၊ သူ့ကို ပညာသင်ပေးတာ သူနဲ့တွဲနေတဲ့ ဦးမာတူး ဆိုတဲ့ အဘိုးကြီးဆိုပဲ"

ဟု ပြောလိုက်ရာ ဦးဘိုကိုကြီးက....

"ဒီကိစ္စက တော်တော်စဉ်းစားမယ့်ကိစ္စပဲ၊ လက်စားချေရုံကြီးပဲ မဖြစ်နိုင်ဘူးဗျ၊ ဘာဖြစ်လို့လဲဆိုတော့ ငါးငင်ကြီး

"ဟုတ်တယ်၊ အဲဒီ ဘော်ကြယ်အဝိုင်းပြာပြာလေးဟာ တော်ခတ်ကို အရေးကြီးတယ်ဗျို့"

ဟု ပြောလိုက်လေ၏။

"ဒီအဝိုင်းသေးသေးလေးဟာ ဘယ်လို အရေးကြီးတာလဲဗျ"

ဟု ဦးကိုကိုကြီးက ဝင်၍ မေးလေ၏။

"အဲဒီအဝိုင်းသေးသေးကလေးဟာ လွှဲညီးဘီးကြီးလောက် အရေးကြီးတယ်ဗျို့၊ အဲဒီ ပြာပြာအဝိုင်းလေးဟာ ကုလားပဲခြမ်းစေ့လောက်ပဲရှိတယ်ဗျို့၊ ဒါပေမယ့် ဒီအမှုကြီးပေါ်ရင် တော့ အဲဒီလောက်သေးတဲ့ အဝိုင်းဒေးဒြင့်ပဲလို့ ပြောရမှာပဲ၊ ကျုပ်ဟာ ချောက်မှာ အမှုတစ်ခု သက်သေလဲပြီးရော ညောင်ဦးကို လိုက်သွားတယ်၊ ရွှေချည်ငွေချည်ထိုးတဲ့ဆိုင်ဇွေကို လိုက်ပြီး စုံစမ်းတယ်၊ အဲဒီမှာ လုပ်ငန်းတူ နာမည်တူ နှစ်ယောက်ဖြစ်နေတယ်၊ ကျုပ်က မမာခနဲတဲ့ ကိုသိန်းမောင်လို့ ပြောပြီး စုံစမ်းလိုက်ဘော့ သေဆုံးသူ ဦးဝဠုကြီးရဲ့ တပည့်ရင်း ကြိုးအုပ်စုဝင် ကိုသိန်းမောင်ကို တွေ့ရတော့တာပဲဗျို့၊ အဲဒီမှာ ကိုသိန်းမောင်ကို ချောပြီး မေးရတယ်၊ သူ့ဆရာသေသွားပြီဆိုတဲ့အကြောင်း ပြောရတယ်၊ စုံထောက်ဖြစ်ကြောင်းလဲ ပြောပြရတယ်၊ ဒါမှ ဦးဝဠုကိုသတ်တဲ့ တရားခံမှာကိုလဲ ပြောပြရတယ်၊ အဲဒီကတော့မှပဲ မမာနေတဲ့ ကြိုးဂိုဏ်းဝင် ကိုသိန်းမောင်က ကျုပ်သိချင်တာတွေကို ပြော[illegible]

www.burmeseclassic.com

မှာ အသတ်ခံရတဲ့သူက အိုးဂိုဏ်းကဆို၊ ကြိုးဂိုဏ်းကမှ မဟုတ်တာဘဲ"

ဟု ပြောလိုက်ရာ....

"ဟုတ်လိုက်လေ ဦးကိုကိုကြီးရာ၊ ခင်ဗျား ဒီအမှုမှာ အတော် စိတ်ဝင်စားတာပဲ၊ အရင်ကဆို ဘာမှ မမေးတတ်ဘူး"

ဟု ဆားပုလင်းနှင့်မောင်က ပြောလိုက်လေ၏။ ဦးကိုကိုကြီးက....

"ကျုပ်က ရိုးရိုးလူသတ်မှုဆို သိပ်စိတ်မဝင်စားဘူးဗျ၊ ရာဇဝင်နောက်ခံလေးဘာလေးပါရင်တော့ နည်းနည်းစိတ်ဝင်စားတယ်"

ဟု ပြောလိုက်ရာ ကျွန်ုပ်နှင့် ဆားပုလင်းနှင်းမောင်မှာ ရယ်ရသေးဟော့၏။

"ဦးကိုကိုကြီးပြောတာ မှန်ပါတယ်၊ အသတ်ခံရတဲ့ လူနှစ်ယောက်ဟာ အမျိုးအစားချင်းမတူဘူးဗျ၊ ဦးဝဋ္ဌကလက်စားချေခံရဘာ၊ ဇရပ်ထဲမှာ အသတ်ခံရတဲ့ စက္ကောမဆရာလာဘကတော့ အိုးဂိုဏ်းကပဲ၊ သူလဲ အိုးပဲ၊ သူကတော့ အိုးဘုရင်နေရာဝင်လုမှာမို့ သတ်ပစ်လိုက်ခဲ့ဘာ"

ဟု ဆားပုလင်းနှင့်မောင်က ပြောလိုက်လေ၏။ ထိုအခါ ကျွန်ုပ်က....

"ကိုနှင်းမောင်ပြောတဲ့ လူသတ်သမားအိုးထိန်းဆိုတာရယ်၊ သူဆရာ ဦးမာတူးဆိုတာရယ်က သူတို့ရန်သူတွေကို လာပြီး သတ်ကြတာပေါ့"

ဟု ပြောလိုက်ရာ ဆားပုလင်းနှင်းမောင်က....

"ဒီလိုမဖြစ်နိုင်ဘူးဗျ၊ အိုးထိန်းတစ်ယောက်တည်း တက်ပြီး သတ်တာဗျ၊ သူဆရာ အဘိုးကြီး ဦးမာတူးကိုတော့ အခုလို ပြေးရသွားခမယ့်ကိစ္စမျိုးမှာ ခေါ်လာမယ် မထင်ဘူး၊ ကြိုး ဦးနှင်းမောင်ရဲ့ ခန့်မှန်းပြောဆိုချက်အရ ဆိုရင် အိုးတော့တာ အကြောင်းကိစ္စရှိရင် မင်းတုန်းမြို့ အခန့်ကြီးတည့်တည့်ကို အုပ်ကြီးထဲမှာ အောင်းလေ့ရှိတယ်ဆိုပဲ၊ သာဓကအဲ့လဲ ရှိတယ်၊ အိုးထိန်းအဖ ဦးကလန် ဆိုတာကလဲ အဲဒီမှာ အောင်းပြီး ရန်ကိုရှောင်ခဲ့ဖူးတယ်ဆိုပဲ၊ အဲဒီဆိုတဲ့ အိုးထိန်းရဲ့ ဆရာ အဘိုးကြီး ဦးမာတူးဟာ အဲဒီဆာအုပ်ထဲမှာရှိတယ်လို့ ခန့်မှန်းရတယ်၊ တောအုပ်ကလဲ အကျယ်ကြီးဗျ၊ မြောက်ဘက်ကို ဆိုရင် မူးချောင်းတို့ ပနီချောင်းတို့ကိုကျော်ပြီး ဟိုး ပဘိန်း၊ ဟင်း၊ ငဖဲ၊ စောဘုတ္တရာအထိရောက်တယ်၊ အနောက်ဘက် ဘည့်ဘည့်ဆိုရင် ရုခိုင်ရိုးမကိုဖြတ်ပြီး မအီခချောင်း၊ သံစစ်ချောင်း အထိ ရောက်တယ်၊ တောင်ဘက်ကို ဆင်းမယ်ဆိုရင် ဟိုး ဆောင်ကုပ်အထိတောင် ရောက်သွားနိုင်တယ်၊ နည်းတဲ့ တောတော မဟုတ်ဘူးဗျ၊ လေယာဉ်ပျံပေါ်က ကြည့်မယ်ဆိုရင် တောက်စိမ်းစိုကြီးချထားသလို တောစိမ်းစိမ်းကြီးကိုပဲမြင်ရ ပေါ့ဗျာ၊ နေပြောက်မထိုးတဲ့တောဆိုတာ ဒါပေါ့ဗျာ"

ဟု ပြောလိုက်လေ၏။

www.burmeseclassic.com

"ဦးမာတူးဆိုတဲ့ အဘိုးကြီးက သူ့တပည့် အိုးထိန်းကို ညွှန်ကြားချက်တွေပေးပြီး ရန်သူကို လက်စားချေဖို့ မြို့ကို လွှတ်လိုက်တာပေါ့"

ဟု ကျွန်ုပ်က ပြောလိုက်၏။

"အမှန်ပဲ အိုင်ပီ၊ တစ်ခုစဉ်းစားစရာကျွန်နေတယ်၊အဘိုးကြီးနဲ့ အိုးထိန်း တစ်ဦးနဲ့တစ်ဦး ဘယ်လိုဆက်သွယ်ကြသလဲ ဆိုတာသာ မပြောနိုင် သးတယ်၊ မဆက်သွယ်ဘဲ နေလို့မရ ဘူးဗျ၊ ဆက်သွယ်ရမှာ"

ဟု ဆားပုလင်းနှင်းမောင်ကပြောလိုက်ရာ ကျွန်ုပ်က....

"ဟုတ်ပါတယ်၊ သူတို့ ဘယ်လိုဆက်သွယ်ကြမလဲ မဆို နိုင်ဘူး"

ဟု ပြန်၍ပြောလိုက်လေ၏။

ထိုအခါ ဆားပုလင်းနှင်းမောင်က....

"အဲဒါနဲ့ ကျုပ်လဲပဲ မင်းတုန်းဘက်ကိုထွက်ခဲ့ရတယ်၊ ဒွါတွေ့ဝင်ပြီး မုဆိုးတွေကို ရသလောက်ရှာရတယ်၊ဩော်....ဒါနဲ့ ပြောရဦးမယ်၊ ကြိုးသိန်းမောင်တစ်ယောက်လဲ ကျွန်အောင်နဲ့ စကားပြောရင်းနဲ့ပဲ သေဆုံးသွားရှာတယ်၊ ဦးသိန်းမောင် ပြောပြချက်အရဆိုရင် မြင်ကပါနားက စဉ်ကူဆိုတဲ့ ရွာမှာ ဦးဝေဠုရဲ့ တပည့်ဟောင်းတစ်ယောက်ရှိသေးတယ်၊သူနာမည်က ဦးတာနော်လို့ ခေါ်တယ်၊ ဦးဝေဠုက ရစာနာသိုက်ကြေး ရသမျှကို ဦးတာနော်ကို အကုန်အဖတာပဲ၊ ဦးတာနော်က ဝှက်ပေးထားရတယ်၊ ဒါပေမယ့် ဦးဝေဠု အရင် ဦးတာနော်ဟာ ချောင်းဆိုးသေးပါရောဂါနဲ့ သေသွားရရှာတယ်၊ရုတ်နာ

သွေဘယ်မှာလဲဆိုတာ ဦးဝေဠုနဲ့ ဦးတာနော်ပဲ သိကြတာဆိုတော့ နောင်တစ်ချိန်မှာ တာနော်ရဟာနာသိုက်ဆိုပြီး စိတ်ဝင်စားကြလိမ့်မယ်ဗျ၊ ဩော်....ခုနက စကားဆက်ပြီးပြောရဦးမယ်၊ ကျုပ်ဟာ မင်းတုန်းမြို့ကထွက်ပြီး မုဆိုးတွေကို ရသလောက်စုတယ်၊ သုံးယောက်တစ်စု သုံးယောက်တစ်စု ဘယ်ပြီးတော့ တောဝင်ခိုင်းတယ်၊ ကျုပ် လိုချင်တဲ့ သံလွန်စရရင် ကျုပ်ကို သတင်းပးဖို့ သေသေချာချာ သင်ပြပေးခဲ့တယ်"

ဟု ပြောလေ၏။ ဦးကိုကိုကြီးသည် ဆားပုလင်းနှင်းမောင်ပြောသည်ကို သေချာစွာ နားထောင်ပြီးနောက်....

"လူဆိုးတွေနဲ့ မောင်တိုင်ပင် မဟုတ်ဘူး၊ မုဆိုးတွေနဲ့ မောင်တိုင်ပင်ပေါ့ဗျာ"

ဟု ပြောလိုက်သဖြင့် ဆားပုလင်း နှင်းမောင်သည် ဂလေးဆခေါ် ရေခဲတောင်တံဆိပ် စီးကရက်တစ်လိပ်ကို ထုတ်ယူရာ မီးညှိရွိုက်ဖွာလိုက်လေတော့သတည်း။

○

www.burmeseclassic.com

ကျွန်ုပ်နှင့်ဦးကိုကိုကြီးမှာထိုအဖြစ်ကိုသိရလျှင်ဝမ်းမြောက်လှန်း၍ အခဲတာမသတ် ရယ်ခဲ့မိကြလေ၏။ ထိုနေ့က သံသယ တရားခံများ လွတ်မြောက်လာရာတွင် အကြော်သည် အဒေါ်ကြီးလည်း ပါလာ၏။ အကြော်သည် အဒေါ်ကြီးက....

"စုံခုထ၊ က်တော့ ဘော်တော်တုံးတဲ့ဟာတွေပဲ၊ လူဆိုးမှန်းသိ၊ လူကောင်းမှန်း မသိ ဖမ်းကြသတဲ့၊ အခုတော့လဲ သဘင်းစာဆရာတွေက ဝိုင်းပြီးရေးကြလို့ အူယားဖားယားသွက်ခေးလိုက်ရပြီ ထို့.... ယောင်လို့များ ငါ့အကြော်ဆိုင်သာမစားနဲ့ ဝမ်းနှုတ်ဆေး ထည့်ခဲ့ကြော်ပေးလိုက်မယ်"

ဟု ပြောလိုက်သဖြင့် ကျွန်ုပ်မှာ ရယ်ရသေးတော့၏။ ထို့နောက် ကျွန်ုပ်နှင့်ဦးကိုကိုကြီးသည် ဆားပုလင်း နှင်းမောင်အား ၎င်းနေထိုင်ရာ(၂၉၅)တိုးလိုန်းလမ်း(ဗညားဒလလမ်း)ဘွင် သွားရောက်ရှာဖွေခဲ့လေ၏။

ကျွန်ုပ်တို့ ရောက်သွားချိန်၌ ဆားပုလင်း နှင်းမောင်သည် အုပ်အပိုးများ ထုံပိုး သိမ်းဆည်းနေသည်ကို တွေ့ရလေ၏။

ထို့ကြောင့် ကျွန်ုပ်က....

"ဘာတွေလုပ်နေတာလဲ ကိုနှင်းမောင်"

ဟု မေးလိုက်ရာ ဆားပုလင်း နှင်းမောင်က....

"ဘောကြီးမျက်မည်းထဲကို တိုးရတော့မယ်ဗျို့၊ ကျုပ်ရဲ့ဆေးတွေဆိုက စာရောက်လာပြီ၊ အိုင်ပီနဲ့ ဦးကိုကိုကြီးသင်ကြားပို့ချင်လိုက်ခဲ့ကြ"

ဖြိုခွင်သို့ အဝင်

ဆားပုလင်း နှင်းမောင် ရန်ကုန်သို့ရောက်ပြီး ဆယ်ရက်ခန့်အကြာတွင် စီအိုင်ဒီ၌ ဖမ်းဆီးထားသော တရားခံများ၏ မိဘဆွေမျိုးများသည် မကျေမနပ်ဖြစ်ကာ သဘင်းစာတိုက်များသို့ တိုင်ကြားလေတော့၏။ သဘင်းစာများ၌ သတင်းများ ပါလာလေတော့၏။ ထိုအခါ၌ ရန်ကုန် ပုလိပ်မင်းကြီးက အင်းစိန် စီအိုင်ဒီရှိ စုံထောက်မင်းကြီး မစ္စတာ ကရစ်ပင်အား အပြစ်တင်ပေတော့၏။ မစ္စတာ ကရစ်ပင်လည်း မြည်းသတ္တဝါနှင့် တူသော သူ၏စုံထောက်များကို သံသယရှိ၍ ဖမ်းဆီးထားသော တရားခံများကို အမြန်ဆုံး လွှတ်ပေးခိုင်းလေတော့၏။ ထို့ကြောင့် ဘီလပ်ပြန် ဆရာစိန်၊ ကိုစိန်လှ၊ ကိုတင်ဝင်းနှင့် ရွှေသွား အောင်မြင့်တို့သည် ၎င်းတို့ဖမ်းထားသော တရားခံများကို လွှတ်ပေးလိုက်ကြရသည်ဖြစ်ရာ တောက်ဘခေါက်ခေါက်နှင့် အမူပေါ်ခါနီးမှကွာဟု ညည်းညူကြလေတော့၏။

www.burmeseclassic.com

ဟု ပြောသဖြင့် ကျွန်ုပ်တို့လည်း လိုက်မည်ဖြစ်ကြောင်း ဝန်ခံပြီးလျှင် ပစ္စည်းများထုပ်ပိုးသိမ်းဆည်းရန်အတွက် အိမ်သို့ မော်တော်ကားဖြင့် ပြန်လာခဲ့ကြလေ၏။

ည ရှစ်နာရီလောက်တွင် ကျွန်ုပ်တို့ သုံးဦးသားသည် မော်တော်ကားဖြင့်ပင် ခရီးထွက်ခဲ့ကြလေ၏။ ယခုအခါ ဦးကိုကိုကြီးက ကားကိုမောင်း၏။ ဆားပုလင်း နှင်းမောင်က ဘေးတွင်ထိုင်၏။ ကျွန်ုပ်ကမူ နောက်မှဘိုင်၍ လိုက်ပါခဲ့ကြလေ၏။ တဖြည်းဖြည်း မောင်းလာခဲ့ရာ နောက်တစ်နေ့တွင် အာလံမြို့(ယခု မြေထဲ)သို့ ရောက်ခဲ့လေ၏။ ထိုမှာတစ်ဆင့် သရက်ကို ခရီးဆက်၏။ သရက်မှတစ်ဆင့် မင်းတုန်းသို့ ဝင်၏။ ကားကို အာလံဂိတ်တွင် ထားခဲ့လေ၏။ ကျွန်ုပ်တို့သည် မင်းတုန်း ရောက်သောအခါ၌ မင်းတုန်းတွင် တစ်ညအိပ်ရ၏။ နောက်တစ်နေ့ နံနက်တွင်မှ လမ်းပြကိုခေါ်ကာ ခရီးထွက်ခဲ့၏။ ထိုသို့ ခရီးထွက်ရာတွင် ပတိန်းဘက်တွင် ရေနံတူးနေသော ဘီအိုစီအပ္စဲအား ခေတ္တဝေးနေရသည့်ဂေါ်ရာစစ်ပုလိပ်တပ်နှင့် သွား ရောက် တွေ့ဆုံကာ ဂေါ်ရာ စစ်တပ်ကို အကူအညီတောင်းရလေ၏။ ထိုစစ်တပ်၏ အကြီးအကဲမှာ ကျွန်ုပ်၏စကားကို ယုံကြည်ခြင်းထက် ဆားပုလင်းနှင်းမောင်၏ အင်္ဂလိပ်စကား အပြောကောင်းခြင်းကြောင့် ပိုမိုယုံကြည်ကာ ကုမ္ပဏီခေါ် တပ်ခွဲတစ်ခွဲကို ကျွန်ုပ်တို့နှင့်အတူ ထည့်လိုက်လေ၏။

ထိုဂေါ်ရာစစ်တပ် တပ်ခွဲအား ကရင်ကပြား စစ်ဗိုလ်ကလေး စော်ဆေးနေမူးဆိုသူက အုပ်ချုပ်၍ လိုက်ပါခဲ့ခြင်း

ဖြစ်၏။ စောအုပ်ကြီးသို့ ဝင်ခါနီးတွင် ဆားပုလင်း နှင်းမောင်သည် စောဆေးနေမူးအား မြေပုံကိုချ၍ တောအုပ်အတွင်းမှ ချောင်းကြီးတစ်ချောင်းကို ပြ၏။ ထိုချောင်းကိုကျော်၍ မလိုက်နှင့်လည်း အထူးတလည် မှာကြား၏။ စောဆေးနေမူးတို့၏ ဂေါ်ရာတပ်သည် တောစောင့်နှင့် တောစပ်၏အလယ်ရှိ ချောင်းတွင်းဌာန လှုပ်ရှားရန် ဖြစ်၏။ ပနီချောင်း၏ ချောင်းတက်တက် တစ်ခုသည် ဘောအုပ်အတွင်းသို့ဖြတ်၍ စီးဆင်းသည်ဖြစ်ရာ ထိုချောင်းကို ရည်ညွှန်း၍ ပြောဆိုခြင်းဖြစ်၏။ ပနီချောင်းလက်တက်၏ အတွင်းဘက်ဌာနမူ မုဆိုးကြီး ကိုးဦးကို လုပ်ရှားခိုင်းထား၏။

ဆားပုလင်း နှင်းမောင်သည် ဂေါ်ရာစစ်တပ်အား ထားခဲ့ပြီးနောက် ဆက်သား မုဆိုးကို သူ၏ရွာဌာ ရွာလေ၏။ မုဆိုး၏အမည်မှာ ဆလိုင်း မောင်ထူး ဖြစ်၏။ ထိုမုဆိုးမှတစ်ဆင့် မုဆိုးကြီး ကိုးဦးနှင့်ရွာဖွေဆက်သွယ်ကာ ဆားပုလင်းမောင်နှင့် ကျွန်ုပ်တို့သည် တောကြီးမျက်မည်းထဲသို့ ဝင်ခဲ့ကြလေ၏။ လမ်းတွင် ဦးကိုကိုကြီးက....

"မုဆိုးကြီး ကိုးယောက်ရယ်၊ လမ်းပြ ဆလိုင်း မောင်ထူးကိုခေါ်တော့ ဆယ်ယောက်၊ ကျုပ်တို့သုံးယောက် အားလုံး ဆယ့်သုံးယောက်၊ ဘောဆဲကို ဝင်လာတဲ့နေ့ကလဲ ဆယ့်သုံးရက်နဲ့ ဆိုတော့ ကျုပ်ဖြင့် မျက်ခုံးလှုပ်တယ်ဗျ"

ဟု ပြောလေ၏။ ဦးကိုကိုကြီး၏စကားဆုံးပြီးလျှင် ခဏတဲ့သံတစ်ချက် ကြားပြီးနောက် ကျွန်ုပ်နှင့် ဆားပုလင်း

www.burmeseclassic.com

နှင့်မမောင်ကြားမှ ကျည်ဆန်တစ်ထောင့်သည် ရှိခဲ့ဖြတ်သွား လေတော့၏။ ထို့ကြောင့် ကျွန်ုပ်က....

"ဂေါ်ရာစစ်ဘပ်က ကျုပ်တို့ကို မှားပြီးပစ်တယ်ထင်တယ် ဗျို့"

ဟု ပြောလိုက်ရာ ဆားပုလင်း နှင်းမောင်က....

"အဲဒါ လုံးဝမဖြစ်နိုင်ဘူး၊ ချောင်းရဲ့အတွင်းဘက်ကို ဘာ ဖြစ်ဖြစ် မပစ်ရဘူးလို့ မှာထားခဲ့ပြီးသားဗျ၊ ပြီးတော့ သေနတ် ကလဲ ရိုင်ဖယ်သံ မဟုတ်ဘူးဗျ၊ ပြီးတော့ ဒီတောထဲမှာ ကျုပ်တို့လူစု အပြင် တခြားလူစုရှိဦးမယ်"

ဟု ပြောလိုက်ရာ မုဆိုးကြီးတစ်ဦးက....

"ဟုတ်တယ် ဆရာ၊ ကျွန်တော်တို့ တွေ့ပြီးပြီ၊ မြို့ကလာတဲ့ မုဆိုးသုံးဒယာက် ရှိနေတယ်၊ သူတို့မှာ စားစရာ သံဘူးတွေ ဘာတွေ ပါတယ်၊ မုဆိုးလိုက်မလိုလာတဲ့ သုံးယောက်ထဲမှာ ယပ်တောင်လေး တဖျပ်ဖျပ်ခတ်တတ်တဲ့ တရုတ်တစ်ယာက်လဲ ပါတယ်ဗျ"

ဟု ပြောလိုက်ရာ ဆားပုလင်း နှင်းမောင်က....

"ဗျာ...."

ဟု ရေရွတ်လိုက်လေတော့၏။

ထို့နောက်မှ ဆားပုလင်း နှင်းမောင်က....

"နောက်နှစ်ယောက်ကို မှတ် မိ သ လောက် ပြောပါဗျာ"

ဟု ပြောလိုက်ရာ မုဆိုးကြီးက....

"တစ်ယောက်ကတော့ အရပ် ခြောက်ပေနီးနီး ရှိတယ်ဗျ၊ တော်တော်ကို ခန့်ညားတဲ့လူပဲ၊ သူမျက်လုံးကလဲ အရောင် တဖျပ်ဖျပ် လက်နေတယ်"

ဟု ပြောလိုက်လျှင် ဆားပုလင်း နှင်းမောင်က....

"အဲဒီလူမှာ နှုတ်ခမ်းမွေးပါသလား"

ဟု မေးလိုက်လျှင် မုဆိုးကြီးက....

"နှုတ်ခမ်းမွေးကြီးကို ထင်းနေတာပဲဗျာ"

ဟု ပြောလိုက်လေ၏။

ထိုအခါ ဆားပုလင်း နှင်းမောင်က....

"ရွှေပ်ကုန်ပြီ အိုင်ပီရေ"

ဟု ပြောပြီးနောက် မုဆိုးကြီးဘက်လှည့်ကာ....

"ကျွန်တဲ့တစ်ယောက်က ရင်အုပ်ကျယ်ကျယ် မဟုတ်လား၊ အသားမည်းတယ် မဟုတ်လား"

ဟု မေးလိုက်ရာ မုဆိုးကြီးက....

"ဟုတ်ပါတယ် ခင်ဗျာ"

ဟု ပြန်၍ဖြေလေ၏။ ထိုအခါ ကျွန်ုပ်က....

"ဘယ်လိုရွှပ်ကုန်တာလဲ"

ဟု မေးလိုက်ရာ ဆားပုလင်းနှင်းမောင်က....

"ဘယ်လိုရွှပ်ရမလဲ အိုင်ပီရယ်၊ ဦးဂွမ်တီတို့၊ နှေးမောင် မောင်တို့၊ ပရော်ဖက်ဆာ ဆိတ်ဖွားဆိုတဲ့ လူသုံးယောက်ပေါ့

www.burmeseclassic.com

ဗျာ၊ သူတို့ ရောက်နှင့်နေကြပြီ၊ ဘာပဲဖြစ်ဖြစ် သူတို့က ကူညီမယ့်လူတွေ မဟုတ်ဘူး၊ နှောင့်ယှက်မယ့်လူတွေပဲ"

ဟု ပြောလိုက်လေ၏။ ကျွန်ုပ်မှာ နားမလည်နိုင်အောင် ရှိလေ၏။

"ဘယ်လိုအဓိပ္ပာယ်နဲ့ ဒီလူသုံးယောက်က ဒီထဲရောက်နေရတာတုံး"

ဟု ဦးကိုကိုကြီးက မေးလိုက်လျှင် ဆားပုလင်းနှင်းမောင်က....

"ရတနာသိုက်တွေဘာတွေ ပါနေပြီမဟုတ်လားဗျ၊ အဲ့တော့ စနေမောင်မောင်တို့လူစု ပါခန့်ပြီးပါ့ဗျာ၊ သိုက်ရတာ မရတာက အကြောင်းမဟုတ်ပါဘူး၊ ဒီသုံးယောက်ကတော့ ကျုပ်တို့ကို ကျကျနနကြီး နှောင့်ယှက်မှာဗျ၊ ကျုပ်ဖမ်းမယ့် တရားခံကို လွှတ်အောင် ဝင်ပြီး နှောင့်ယှက်ကြလိမ့်မယ်"

ဟု ပြောလိုက်လေ၏။

ကျွန်ုပ်ထိုသည် ဂျိုသို့နှင့် တရွေ့ရွေ့သွားခဲ့ရာ တောအုပ်ကြီးအတွင်း၌ နှစ်ရက်ခွဲနေပြီ ဖြစ်၏။ နေ့ရောထိုင်ခင်း ကောင်းသော နေ့ရာ၌ ကျွန်ုပ်တို့ စခန်းချကြလေ၏။ ထိုသို့ စခန်းချသောအခါ၌ မုဆိုးတစ်ဦးက ဆတ်တစ်ကောင် ပစ်ရှိယူလာ၏။ ကျွန်မုဆိုးတစ်ဦးက ငရုတ်သီး လေးစိတ်ကွဲနှင့် ဆတ်သားဟင်းချက်၏။ ကျွန်သော မုဆိုးတစ်ဦးက မျှစ်မျှားချိုးချွတ်စီစဉ်လုပ်ပေး၏။ ကျွန်မုဆိုးတစ်ဦးက အနောက်ပြည် ငါးပိ

ဆောင်းဟု ငှင်းတို့ခေါ်သည့် နိုးမရွာမျှားတွင် စားသောင်းပိဆောင်းကို လုပ်ပေးလေတော့၏။ ထိုနေ့က ထမင်းစား၍ အလွန်မြိန်ယှက်၏။ ကျွန်ုပ်တို့ ထမင်းစားနေစဉ် ဒူးလေးနှင့် လာရောက်၍ ပစ်သောကြောင့် မုဆိုးတစ်ဦးကို ကင်းစောင့်ခိုင်း ခဲ့ထားရလေ၏။ လာရောက်ပစ်သော လူစုမှာ စခန်းမောင်မောင်၏ လူစုဖြစ်ဘန်ရာ၏ဟု ကျွန်ုပ်အခန့်ခွဲ ထင်၏။

ဆားပုလင်းနှင်းမောင်သည် ထမင်းစားရင်း သူ၏လူယုံ မုဆိုးကြီးအား....

"ကဲ....မုဆိုးခေ့ကျော်ကြီး၊ ခင်ဗျား တွေ့တဲ့သတင်း ပြောပါဦး"

ဟု မေးလိုက်ရာ ထိုမုဆိုးမကျော်ကြီးက....

"ဒီကခန နှစ်ရက်ခေါက်သွားရတဲ့ ခရီးမှာ စမ်းချောင်းတစ်ခုရှိတယ်၊ အဲဒါက လမုချောင်းကသွယ်ပြီး ဆင်းလာတဲ့ ချောင်းပဲ၊ အဲဒီနားမှာ နှစ်ထပ်ဘဲကြီးတစ်လုံး ထိုးထားတာ တွေ့ခဲ့ဘယ်၊ အဲဒီမှာ ဆံ့ငံတွေ ဖွေးဖွေးဖြူနေတဲ့ မုဆိုးကြီး တစ်ယောက်လဲ တွေ့ရတယ်၊ တောထဲမှာနေတာ ကြာနေတဲ့ပုံပဲ၊ ဒီအချိန်ဟာ တော်တော်အေးနေတဲ့ အချိန်ပဲဗျ၊ အဘိုးကြီးဟာ တစ်ယောက်တည်း သိုင်းကစားနေတယ်၊ နားလဲ ဘော်တော်ပါးတယ်၊ အဲဒီအဘိုးကြီးဟာ ဆရာရှာခိုင်းတဲ့ အဘိုးကြီးဖြစ်မှာပဲ"

ဟု ပြောလိုက်လေ၏။ ထိုအခါ ဆားပုလင်း နှင်းမောင်က....

www.burmeseclassic.com

"သိပ်ဟုတ်တာပဲဗျို့၊ သိပ်ဟုတ်တာပဲ၊ အဲဒီနား ရောင်းရင်ဘော့ မုဆိုးကျော်တွေရော၊ အိုင်ပီတို့ နဲ့စ်ယောက်ရော မြင်လောက်တဲ့နေရာကခွာပြီး နေခဲ့ရမယ်"

ဟု ပြောလိုက်လေ၏။ ထိုအခါ ဦးကိုကိုကြီးက....

"ဒီလိုလုပ်ရင် မရဘူးလား ကိုနွင်းမောင်၊ ကျုပ်တို့မှာလဲ သေနတ်ပါတယ်ဗျာ၊ မုဆိုးတွေ့မှာလဲ ဒူးလေးတွေ၊ လင်းလေးတွေ ပါတယ်ဗျာ၊ ချောင်းတစ်ဖက်မှာလဲ ဂေါ်ရာတပ်ရှိတယ်ဗျာ၊ အဲဒီတပ်ဘွဲ့နဲ့ ဝိုင်းရရင် မကောင်းဘူးလား"

ဟု ပြောလိုက်လေ၏။

"အဲဒီအဘိုးကြီးက အဖမ်းခံမှာမဟုတ်ဘူး၊ အသေခံမယ့် အဘိုးကြီးဗျ"

ဟု ဆားပုလင်း နွင်းမောင်က ပြောလေ၏၊

"အဲဒါကြောင့် လူစုလူဝေးနဲ့ ဝိုင်းချင်တာပေါ့"

ဟု ဦးကိုကိုကြီးက ပြောလိုက်ရာ ဆားပုလင်းနွင်းမောင်က....

"မဘရား မထုပ်ချင်ပါနဲ့ ဦးကိုကိုကြီးရယ်၊ ရန်သူကို အင်အားချင်းမမျှအောင် လုပ်ပြီးမှ မတိုက်ခိုက်ရက်ပါဘူးဗျာ ကျုပ် ပြောတဲ့အတိုင်းသာ လုပ်စမ်းပါ"

ဟု ဆားပုလင်း နွင်းမောင်က ပြောလေ၏။

ထို့နောက် ကျွန်ုပ်တို့သည် တစ်ရက်နှင့် တစ်မွန်းတည့် ခင်းဆက် ခဲ့ ကြ ပြီး နောက် ကျောက်ဖြင့်ပြီးသော ကုန်းလေး

ဘင်ကုန်းဆီသို့ ရောက်ခဲ့ကြလေ၏။ ထိုနေရာသို့ အရောက်တွင် မုဆိုးကြီးက....

"ကျွန်တော်တို့ ဒီမှာနေခဲ့မယ် ဆရာ၊ တောင်ကုန်းလေးဆီပဲ ရောက်တာနဲ့ ကျွန်တော်ပြောတဲ့ အဘိုးကြီးရှိတဲ့ တဲအိမ်လေးကို ဆီးပြီး မြင်နေရတယ်၊ ဆရာက တောင်ကုန်းဘေးကနေ အဲဒီကိုသွားရုံပဲ၊ သတိတော့ထားပြီးသွား ဆရာ၊ အဘိုးကြီး လက်ချက် မိသွားဦးမယ်၊ တစ်ခုတော့ မှာခဲ့ပါ ဆရာ၊ ဆရာ တစ်ခုခုဖြစ်ရင် ကျွန်တော်တို့ အဲဒီအဘိုးကြီးကို သတ်ခဲ့ရင်နဲ့သလား၊ မရှိဘူးလား"

ဟု မုဆိုးကျော်ကြီးက မေးလိုက်လေ၏။

ထိုအခါ ဆားပုလင်း နွင်းမောင်က....

"ကျုပ် သေသွားရင်လဲ သူ့ကို အသေတော့မသတ်ပါနဲ့၊ အရှင်တော့ ဖမ်းပါ၊ ပြီးတော့မှ တရားဥပဒေအရ အရေးယူပါ"

ဟု ပြောလိုက်ရာ ကျွန်ုပ်သည် မုဆိုးများ၏ မျက်နှာကို အကဲခတ်ကြည့်လိုက်သောအခါ မုဆိုးတိုင်းလိုလို၏ မျက်နှာသည် ဆားပုလင်း နွင်းမောင်၏ စိတ်သဘော မြင့်မြတ်ပုံကို သိလိုက်ရသောကြောင့် ဝင်းပ၍သွားကြလေတော့၏။

ထို့နောက် ကျွန်ုပ်နှင့် ဦးကိုကိုကြီးသည် သေနတ်ကိုထုတ်၍ မောင်းတင်၏။ ထို့နောက် ဘောင်ကုန်းပေါ်သို့ မိကျောင်းတက် တက်ကြလေ၏။ ဘောင်ကုန်းပေါ်သို့ရောက်လျှင် တဲကို ဝှမ်း၍ မြင်နေရ၏။ အဘိုးကြီးသည် တံငွေ့တွင် ဆုံပြုတ်ဦးလေး တည်နေ၏။ ထို့နောက် ဦးကိုကိုကြီးက ကျွန်ုပ်အား

www.burmeseclassic.com

လှမ်း၍ သက်ကုတ်လိုက်သဖြင့် ကျွန်ုပ်ကြည့်လိုက်ရာ ဆားပုလင်းနှင်းမောင်ကို လှမ်း၍မြင်နေရလေ၏။ ဆားပုလင်း နှင်းမောင်သည် ခြေကိုဖောနင်း၍ တဲအိမ်အနီးသို့ ကပ်လေ၏။

ထို့နောက် ခပ်သုတ်သုတ်လှမ်းလိုက်ရာ အဘိုးကြီး ဆင်ထားသော ကြိုးခလုတ်ကို တိုက်မိလေ၏။ ထိုသို့ တိုက်မိသည်နှင့် သစ်သားခေါင်းတစ်ခုသည် တုံခနဲမြည်သွား၏။ မြည်သည်နှင့် အဘိုးကြီးသည် ကြည့်၍မနေဘဲ လှုံဖြင့် ပစ်ဆိုးလိုက်၏။ ဆားပုလင်း နှင်းမောင်သည် လှိမ့်၍ချော်၏။ အဘိုးကြီးကား ဖြင့် ဝင်၍ပိုး၏။ ဆားပုလင်းနှင်းမောင်သည် အဘွင်းသို့ ဝင်၍ ချောင်၏။ အဘိုးကြီးက လက်ပြန်ရိုက်ချလိုက်၏။ ဆားပုလင်း နှင်းမောင် ခနာက်သို့လန်သွား၏။ ထိုသို့ ဇလန်ဟွင် ဆားပုလင်း နှင်းမောင်အား ဝား ဦး ဖြင့် ထိုး၏။ ဆားပုလင်း နှင်းမောင်က ခုန်ချောင်၍ အဘိုးကြီး၏မျက်နှာကို ခြေဖြင့်ကန်၏။ ကန်သော ခြေထောက်ကို အဘိုးကြီးက ဝါးဖြင့်ခုတ်၏။ ဆားပုလင်း နှင်းမောင်သည် သေလုမြောပင် ချောင်နေရ၏။ အဘိုးကြီးသည် ဝါးဖြင့် ခုတ်လိုက်၏။ ထို့ပြင် ဆားပုလင်း နှင်းမောင် ရောင်သောဘက်မှ ခြေထောက်ကို ဝိုက်၍ ကန်လိုက်၏။ ထို့ကြောင့် ဆားပုလင်းမောင်သည် ဝါးကို ရှောင်လွှဲ ခြေဖြင့်တွေ့၏။ ခြေကိုရှောင်လွှဲ ဝါးဖြင့်တွေ့၏။ ကျွန်ုပ်တို့မှာ အသည်းတယားယား ဖြစ်နေရ၏။ အဘိုးကြီးသည် ခုတ်ပြီးငင်း ခုတ်၊ တွက်ပြီးရင်း တွက် လုပ်နေ၏။ ထို့နောက် ဆားပုလင်း နှင်းမောင်သည် အခွာက်သို့ ခုန်၍ ရှောင်ပြီးလျှင် သေနတ်ကို ထုတ်၍ချိန်လိုက်၏။

အဘိုးကြီးသည် သေနတ်ကို ဂရုမစိုက်ပေ။ ခုတ်မြဲတိုင်း ဝင်၍ ခုတ်၏။ ဆားပုလင်း နှင်းမောင်သည် သဘောပေါက်သွားပြီး ဖြစ်၏။ အဘိုးကြီးသည် အမှန်တကယ် အသေခံမည် ဖြစ်ကြောင်း နားလည်သွား၏။ ထို့ကြောင့် သေနတ်ကို ခါးကြားဥ်ထိုးကာ ဗလာသက်သက် တိုက်ခိုက်၏။

ဦးကိုကိုကြီးသည် ကျွန်ုပ်အနီးသို့ ကပ်ကာ....

"သေနတ်နဲ့ချိန်လဲ အဘိုးကြီးက ဂရုမစိုက်ဘူးဗျ၊ သေနတ်လဲ မကြောက်ဘူးဗျ၊ ဒီအတိုင်းဆို ကျုပ်တို့လူ နာလိမ့်မယ်ဗျို့၊ ကျုပ်တို့ ပစ်ကြရအောင်ဗျာ"

ဟု ပြောလေ၏။

"ပစ်လို့မဖြစ်ဘူးလေ၊ သူက သေသေချာချာ မှာသွားတာ၊ မှာတဲ့အတိုင်း လုပ်မှဗျာ၊ သူ သေရင်တောင် မပစ်ပါနဲ့လို့ မှာသွားတာ"

ဟု ကျွန်ုပ်က ပြောလိုက်မှ ဦးကိုကိုကြီးလည်း ငြိမ်သွားလေ၏။

အဘိုးကြီးသည် ဆားပုလင်း နှင်းမောင်၏ဇက်ကို ချိန်၍ ပိုင်းလိုက်၏။ ဆားပုလင်းနှင်းမောင်သည် ဝါးကို ခြေထောက်ဖြင့် လှမ်း၍ ပိတ်လိုက်၏။ ခြေထောက်သည် ဝါးကိုမရောက်။ အဘိုးကြီး၏လက်ဖျံကို လှမ်း၍ကန်မိသွား၏။ အဘိုးကြီး၏ လက်မှ ဝါးသည် လွှင့်၍ကျသွား၏။ ထို့နောက် ဆားပုလင်း နှင်းမောင်သည် အဘိုးကြီးအနီးသို့ကပ်၍ ဒူးပုံနှစ်ချက် ဆင့်၍ တိုက်လိုက်၏။ လက်သီးပြင်းနှစ်ချက် ဆင့်၍ ထိုးလိုက်၏။ ထိုအခါ အဘိုးကြီး၏နဖူးမှ သွေးများ ပြာ၍ကျလာလေ၏။

www.burmeseclassic.com

www.burmeseclassic.com

ထို့နောက် ဦးကိုကိုကြီးက ကျွန်ုပ် အနားသို့ကပ်၍....

"ဟေ့....အဘိုးကြီးကတော့ ကျုပ်တို့လူရဲ့ လက်သီးပုန်းနဲ့ ဒူးပျံ နဖူးမှုန်ရင် ဟက်တက်ကွဲသွားမယ်ဆိုတဲ့အတိုင်း တွေ့တယ် မဟုတ်လား၊ နဖူးမှာ သွေးတွေထွက်နေပြီ"

ဟု ပြောလိုက်လေ၏။

ထိုအချိန်၌ အဘိုးကြီးသည် ဆားပုလင်း-နှင်းမောင်၏ လက်ကို မိမိရရဖမ်း၍ ဆုပ်ကိုင်လိုက်ပြီးလျှင် ဗန်တိုဆန်ဆန် ကိုင်၍ပေါက်လိုက်လေ၏။ ဆားပုလင်း နှင်းမောင်သည် လေထဲကို မြောက်တက်သွား၏၊ ပြန်၍ကျသောအခါ ကြောင်တစ်ကောင်ကဲ့သို့ ကျ၏၊ ကျသည်နှင့်တစ်ပြိုင်နက် အဘိုးကြီးက မေးစေ့ကိုကော်၍ ခြေဖြင့်ခတ်လိုက်၏၊ ဤသို့နှင့် တိုက်ခိုက်လာခဲ့ကြရာ ၎င်းတို့၏ဘိုက်ကွက်မျှားသည့် မြန်ဆန်သည်ထက် မြန်ဆန်၍ ကြမ်းသည်ထက် ကြမ်း၍လာတော့၏။ အဘိုးကြီးက တွက်၏၊ နှင်းမောင်က ဆွဲ၏၊ အဘိုးကြီးက ကာ၏၊ နှင်းမောင်က ဖယ်၏၊ အဘိုးကြီးကရုန်း၏၊ နှင်းမောင်က ဆွဲ၏၊ ထုကြ၏၊ ရိုက်ကြ၏၊ တွက်ကြ၏၊ နှက်ကြ၏၊ နောက်ဆုံးတွင် အဘိုးကြီးရင်ဝကို ဒူးဖြင့်ပိတ်၍ ကျောကို မိမိရရ တံတောင်ဖြင့် ထောင်း၏။

ထိုအခါ၌ ဦးကိုကိုကြီးသည် ကျွန်ုပ်အနီးသို့ ကပ်ကာ....

"တွေ့လားဗျို့.... အဘိုးကြီးတော့ ကျုပ်တို့လူရဲ့ ဒူးနဲ့ တံတောင်နဲ့ တွေ့သွားပြီဗျို့၊ ခွေသွားပြီ....ခွေကျသွားပြီ"

ဆိုသည့်အချိန်၌ ကျွန်ုပ်တို့သည်လည်း တောင်ကုန်းပေါ်မှ ဆင်း၍ ထိုနေရာသို့ ပြေးသွားကြလေ၏။

အဘိုးကြီးသည် မှောက်လျက်သား ခွေခွေကလေး လဲကျနေ၏၊ ထိုအခါ ဦးကိုကိုကြီးက ဆားပုလင်း နှင်းမောင်အား....

"ကဲ....အိုင်ဆား၊ မေးစရာရှိတာလေး ခပ်သွက်သွက်မေးမှနဲ့ တူတယ်"

ဟု ပြောသဖြင့် ဆားပုလင်း နှင်းမောင်သည် အဘိုးကြီးအား ငုံ၍ ကြည့်လိုက်၏၊ အဘိုးကြီးသည် ငြိမ်၍ နေ၏၊ ထိုအခါ ဆားပုလင်း နှင်းမောင်က....

"ဟိုက်....အသက်မရှူခဲတော့ဘူးဗျို့၊ အဘိုးကြီးတော့ သွားပြီ"

ဟု ပြောလိုက်ရာ ကျွန်ုပ်က....

"ခင်ဗျားလက်ချက် နည်းနည်းပြင်းသွားတယ်နဲ့ တူတယ်"

ဟု ပြောလိုက်လေ၏။

www.burmeseclassic.com

ကြွေကရား

ဆားပုလင်းနှင်းမောင်သည် အဘိုးကြီးခန့်ထိုင်ရာ တဲအိမ်ကြီး ပေါ်သို့ တက်သွား၏။ ကျန်ုပ်နှင့် ဦးကိုကိုကြီးလည်း နောက်မှ လိုက်၍ ပသွား၏။ တဲအိမ်ကြီးဆောက်လုပ်ထားပုံမှာ လွန်စွာ အချိုးကျလှ၏။ တဲအိမ်ကြီးကိုလည်း အပြင်မှ ရှုတ်တရက် မမြင်နိုင်စေရန် နွယ်ဖြင့်ပြုလုပ်ထားသော ပိုက်ကွန်များ အုပ်ထားသည့်အပြင် သစ်ခက်သစ်ရွက်များ ထိုးထားသည်ကို သတိပြုမိ၏။

"တော်တော်ကို စွေစပ်သေချာပြီး တော်တော်ကို ဉာဏ်ပြေးတဲ့ အဘိုးကြီးပဲဗျ၊ ဒီတဲကြီး ဆောက်ထားပုံကလဲ ရိုးဒိုးလက်သမားလက်ရာမျိုးမဟုတ်ဘူးနော်၊ ဟောဟို အလယ်က

တိုင်မှာ လျှိုထားတဲ့ သင်ကြိုးတစ်ခုကို ရှိုက်ထုတ်လိုက်တာနဲ့ ဒီတဲကြီးတစ်ခုလုံး မြေကြီးမှာ ပြားသွားအောင် ထွင်ထားတယ်ဗျ"

ဟု ဆားပုလင်းနှင်းမောင်က ပြောလိုက်၏။

ထို့နောက် ကျန်ုပ်တို့သည် တဲအိမ်၏ အပေါ်ထပ်ကိုတက်ကြလေ၏။ တဲအိမ်၏ အပေါ်ထပ်ကား မြောက်မြားစွာသော စာအုပ်စာတမ်းများကို တွေ့ရလေ၏။ မြန်မာစာများ၊ အင်္ဂလိပ်စာများသာမက ဟိန္ဒူ၊ သင်္ကန်္ဒစာအုပ်များပင် တွေ့ရ၏။ အပေါ်ထပ်အခန်း၏ အလယ်တွင် စားပွဲဝိုင်းကလေးရှိ၏။ ထိုစားပွဲဝိုင်းကလေးအပေါ်၌ ပြက္ခဒိန်စာအုပ်နှင့် မြေပုံစာအုပ်တို့ကို တွေ့ရ၏။ ဆားပုလင်းနှင်းမောင်သည် ထိုစာအုပ်များကို သွားရောက် လှန်လှောကြည့်ရာ ဝှက်စာဖြင့် ရေးသားသော စာသုံးစောင်ကို တွေ့ရ၏။ ထိုစာများမှာထည်းကြမ်းဖန်များ စွာ ခေါက်ထားသည်ဖြစ်ရာ အတွန့်အခေါက်များ၌ကြောင်းများ များစွာပါ၏။ ထို့ကြောင့် ဆားပုလင်းနှင်းမောင်သည် ထိုစာရွက် (၃)ရွက် အနက်မှ စာရွက်တစ်ရွက်ကိုယူ၍ ခေါက်ရိုးအတိုင်း လိုက်၍ခေါက်ကြည့်ရာ သွန်စွာသေးငယ်သော စာခေါက်ကလေးတစ်ခု ဖြစ်သွားလေသတဲ့၏။

ထို့နောက် ဆားပုလင်းနှင်းမောင်သည် တဲ၏အပေါ်ထပ်မှတ်လည်ကို ပတ်၍ကြည့်ရာ တဲ၏ တစ်နေရာတွင် သတ္တုကျုတ်ကလေးတစ်ခုကို တွေ့ရပေ၏။ ထိုအခါ၌ ဆားပုလင်း

www.burmeseclassic.com

နှင်းမောင်သည် သတ္တုကြုတ်ကလေးအတွင်းသို့ စောစောက စာခေါက်ကလေးကိုထည့်ကြည့်ရာ အနုတော်အုံကျဖြစ်နေကြောင်းတွေ့ရ၏။ သတ္တုကြုတ်ကလေး၏ဘေးဘဲလည်း သတ္တုကွင်းကလေး (၂)ကွင်း ပါလေ၏။ ဆားပုလင်းနှင်းမောင်သည် ထိုသတ္တုကွင်းကလေးကို သေချာစွာ ကြည့်ရှုပြီးနောက် ပြုံးလိုက်လေ၏။

ပြီးလျှင် ဝှက်စာဘစ်စောင်ကို မှန်းဆ၍ ဖော်ကြည့်၏။ ကျွန်ုပ်တို့မှာမူ ပါလာသောရိက္ခာများကို ချက်ပြုတ်ရန် စီစဉ်နေရလေ၏။ ကျွန်ုပ်တို့ ချက်ပြုတ်၍ ထမင်းစားသောက်ရန် အဆင်သင့်ဖြစ်သောအခါ၌....

"အိုင်ပီရေ.... နေရာကျသွားပြီဗျို့၊ ဝှက်စာကို ဖော်လို့ရပြီ"

ဟု ဆိုသဖြင့် ကျွန်ုပ်နှင့် ဦးကိုကိုကြီးလည်း ၎င်းအနီးသို့ ပြေးထွက်သွားရလေ၏။

"ဆိုစမ်းပါဦး အိုင်ဆေး"

ဟု ကျွန်ုပ်က မေးလိုက်ရာ ဆားပုလင်းနှင်းမောင်က....

"ဒါကဒီလိုဗျ၊ ကျုပ်ငယ်ငယ်ကဘည်းက ဝှက်စာ အမျိုးမျိုး ဖော်ဖူးတယ်ဗျ၊ ဒါကပသျှူးခေါင်းဖြတ်တွေ့အချင်းချင်း ရေးတဲ့ စာဗျ၊ အောက်က လက်မှတ်တိုးထားတဲ့ အိုးထိန်းဆိုတဲ့ နေရာကစမြီး ဖော်တာဗျ အဲဒီမှာတင် စာလုံးခုနစ်လုံး ရပြီလေဗျာ၊ အောဘီစီ ဗျည်းနှစ်ဆယ့်ခြောက်လုံးမှာ ခုနစ်လုံး

ဖော်နိုင်ပြီဆိုတော့ ကျန်တဲ့ဆယ့်ကိုးလုံးဟာ လွယ်သွားပြီပေါ့ဗျာ"

ဟု ပြောလိုက်လေ၏။

ကျွန်ုပ်က....

"ဝှက်စာတော့ ဖော်လို့ရပြီထားပါတော့ဗျာ၊ အဲဒီစာတွေကို ဘယ်လိုအပေးအယူလုပ်နေလဲ"

ဟု မေးလိုက်ရာ ဆားပုလင်းနှင်းမောင်က....

"ဟောဟိုကြုတ်ကို တွေ့ကတည်းက သိပါပြီဗျာ၊ သူတို့တွေ့ခိုကို အသုံးပြုတယ်ဗျာ၊ ဒီအိမ်ထဲမှာ ထပ်ပြီးရှာရင် ခွံကိုကျွေးတဲ့ ဘိန်းတွေ့လိမ့်မယ်ဗျို့၊ ကျုပ်အထင် ပြောရရင် ဟောဟို ထရုံမှာထိုးထားတဲ့ ဝါးကျည်တောက်ထဲမှာ ဘိန်းခွံလိမ့်မယ်ဗျို့"

ဟု ဆိုသဖြင့် ကျွန်ုပ်လည်း သွားရောက်၍ ထိုဝါးကျည်ခေါက်ကို ဖြုတ်၍ နှမ်းရှုပ်ကြည့်ရာ အမှန်တကယ်ပင် ဘိန်းများ ထည့်ထားသော ကျည်တောက်ဖြစ်ကြောင်းကို စိမ်းရွှေ့ရွှေ့အနံ့က သက်သေခံလေ၏။

ထိုအချိန်၌မှာပင် ခိုတစ်ကောင်သည် ပျံဝဲ၍ ကျွန်ုပ်တို့ရှာသို့ ဝင်လာလေ၏။ ဆားပုလင်းနှင်းမောင်သည် လျင်မြန်စွာတံလတ်စွာ ထိုခိုကို ဖမ်းယူလိုက်၏။ ခြေထောက်တွင် သတ္တုကြုတ်ပါသဖြင့် သတ္တုကြုတ်ကို ဖြုတ်ယူလိုက်၏။ ဆို့နှာက်....

"အိုင်ပီရေ....အဲဒီ ဘိန်းကျည်တောက်ထဲက ဘိန်းကိုယူပြီးအော့ ရေနဲ့ဖျော်ပါဗျား၊ အစာလဲ ရှိပါလိမ့်မယ်၊ ရှာကြည့်

www.burmeseclassic.com

ပါ၊ အစာထဲမှာလဲနည်းနည်းထည့်ပေးလိုက်ပါ၊ ဒီခို ဘိန်းငတ်လာတာပျို့"

ဟု ပြောလိုက်လေ၏။

ကျွန်ုပ်လည်း ဘိန်းကျည်တောက်မှ ဘိန်းအနည်းငယ်ကို ထုတ်ယူ၍ ရေတွင် ဖျော်ရေ၏၊ တစ်နေ့ရာတွင် ပြောင်းဖူးစေ့အိတ်ကို တွေ့သဖြင့် ပြောင်းဖူးစေ့များကိုနယ်ရ၏၊ ဆားပုလင်းနှင်းမောင်သည် ခိုအား ဘိန်းရည်တိုက်၏၊ဘိန်းလူးထားသော အစာကို ကျွေး၏၊ပြီးလျှင် အောက်ထပ်သို့ဆင်း၍ လှောင်ချိုင့်ကိုရှာရာ လှောင်ချိုင့်ကိုတွေ့သဖြင့်လှောင်ချိုင့်အတွင်းသို့ထည့်လိုက်လေ၏၊ ပြီးလျှင် ထမင်းစားကြလေ၏၊ ကျွန်ုပ်တို့ ထမင်းစားနေစဉ်၌ပင် ဦးဂွမ်တီတို့လူစုသည် သေနတ်ဖြင့်လာရောက်ပစ်ခတ်ကြသေး၏၊

ထို့နောက်တွင်ကား ဆားပုလင်းနှင်းမောင်သည် ဂွက်စာတစ်စောင်ကို ရေး၏၊ ၎င်းတို့ ခေါတ်ထားသည့်အတိုင်း ခေါက်၏၊ သတ္တုကြုတ်တွင်းသို့ တည့်၏၊ ပြီးလျှင် ဖမ်းမိထားသော ခို၏ ခြေထောက်တွင် ချည်နှောင်ထားခဲ့လိုက်၏၊ ထိုညက ကျွန်ုပ်တို့သည် မုဆိုးများကို ဘစ်လှည့်စီ ကင်းချရ၏၊ လူသတ်သမား အိုးထိန်းနှင့် ၎င်း၏ဆရာ ဦးမာတူး၏ စခန်းအတွင်း၌ပင် အိပ်စက်ကြလေတော့၏၊ မအိပ်မီ၌ ဆားပုလင်းနှင်းမောင်သည် တဲကြီးတစ်ခုလုံးကိုရှာဖွေရာ စာအုပ်ပုံများအကြားမှ ကြွေကရားတစ်လုံးကို တွေ့ရလေ၏၊ ကျွန်ုပ်တို့လည်း ထိုကြွေကရားကို ဝိုင်းဝန်းကြည့်ရှုကြ၏၊ ထိုကရားထုတ်လုပ်သော သက္ကရာဇ်မှာ (၁၈၈၇)ခု ဟု ဖော်ပြ

ထား၏၊ အင်္ဂလန်ပြည့်နှင့် ဝိတိုရိယဘုရင်မကြီး၏ နှုန်းသက်နှစ်ဆယ့်ငါးနှစ်ခြမ်းကျော်တွင် ရတုသဘင်အထိမ်းအမှတ်အဖြစ် သုတ်လုပ်ခဲ့သော ကရားဖြစ်ကြောင်းကို မြင်ရုံနှင့် သိသာ၏၊

ကရားပို

www.burmeseclassic.com

www.burmeseclassic.com

ဆားပုလင်းနှင်းမောင် တွေ့ရှိခဲ့သော ကရားပုံနှင့် ဆင်တူဖြစ်သော ကရား တစ်လုံးကို ဓာတ်ပုံ ရိုက်၍ ဖော်ပြလိုက်ခြင်း ဖြစ်ပါသည်။

စာရေးသူ

ဆားပုလင်းနှင်းမောင်သည် ထိုကရားကို အ ထပ် ထပ် အခါခါ ကြည့်နေ၏၊ ထို့နောက်....

"ဒီကရား ဒီနေရာမှာတွေ့ရတာ သိပ်ပြီး အဓိပ္ပာယ်ရှိတယ် ဗျ၊ အိုးထိန်းဆိုတဲ့ ငတိကို သူဆရာ ဦးမာတူးဟာ အိုးဘုရင် အဖြစ် ဒီကရားနဲ့ ဘိသိက်မြောက်လိမ့်မယ် ထင်တယ်၊ ထားလိုက်ပါဗျာ၊ အိုးထိန်းကို မိတော့လဲ မေးကြည့်ရသေးတာပေ့!"

ဟု ပြောသဖြင့် ဦးကိုက်ကြီးက....

"အိုးထိန်းကိုတော့ ကျန်တော်တို့ လက်ရမိမှာပါနော်"

ဟု မေးလိုက်ရာ ဆားပုလင်းနှင်းမောင်က....

"ဒီမှာ ဦးကိုကိုကြီး၊ ဒီကနေ အောက်ကို ဆင်းသွားပြီး မြေကြီးကို လက်နဲ့ ပုတ်ကြည့်စမ်းပါ၊ လွဲချွင်လွဲသွားလိမ့်မယ် ကျုပ် အခုပြောတာ မလွဲနိုင်ပါဘူး"

ဟု ပြောလိုက်လေ၏။ ဦးကိုကိုကြီးက....

"ယုံပါတယ်ဗျာ....ယုံပါတယ်"

ဟု ပြန်၍ ပြောလိုက်လေ၏။

နံနက် မိုးလင်းသောအခါ၌ ဆားပုလင်းနှင်းမောင်က....

"ဟောဒီခိုကို လွှတ်လိုက်ရင် နှစ်ရက်အတွင်းမှာ အိုးထိန်းဆီကို ရောက်သွားမယ်၊ အဲဒီ ခိုရောက်တာနဲ့ အိုးထိန်းဟာ ဒီကို ထွက်လာလိမ့်မယ်၊ တစ်ခုခက်တာက အိုးထိန်းဟာ ဒီစခန်းကို တန်းပြီး ဝင်ချင်မှ ဝင်လိမ့်မယ်ဗျ၊ မဝင်ဖို့က များတယ်"

ဟု ပြောလိုက်လျှင် ကျန်ပ်က....

"ဒီတောကြီးရဲ့ အစင်မှာ ချထားတဲ့ ဂေါ်ရာစစ်ပုလိပ်တွေကို တွေ့တာနဲ့ အိုးထိန်းဟာ ရိပ်မိချင် ရိပ်မိသွားမယ်"

ဟု ပြောလိုက်လေ၏။

"ရိပ်မိမှာ မဟုတ်ဘူးဗျို့၊ အတပ်သိမယ့် အကြောင်းကတော့ စနေမောင်မောင်တို့ လူစုရှိနေတယ်လေဗျာ၊ ဒီလူစုဟာ ကျုပ် ဒီစခန်းထဲရောက်နေကြောင်းကို အိုးထိန်းကို ပြောမှာပဲ၊ ပြီးတော့ အိုးထိန်းရဲ့ လွတ်မြောက်ရေးကို ကူညီကြမှာပဲ၊ ကူညီတဲ့နေရာမှာ အိုးထိန်းအပေါ်မှာ ဂရုဏာ ထားတယ် ဆိုတာထက် အိုးထိန်းနဲ့ ဆက်နွယ်နေတဲ့ ရတနာသိုက်တစ်ခုကို စိတ်ဝင်စားတာကပိုလိမ့်မယ်ဗျ၊ ဒါကြောင့် ကျုပ်အစီအစဉ်က ခင်ဗျားတို့ကိုရော မုဆိုးတွေကိုပါ ပြန်လွှတ်လိုက်မယ်၊ ခင်ဗျားတို့ကတော့ အာလံ(မြေထဲ)ကနေ စောင့်နေ၊ ကျုပ်ကတော့ ဘာပဲဖြစ်ဖြစ် တောထဲမှာ တစ်ယောက်တည်း ကျန်ရစ်ခဲ့ပြီး အိုးထိန်းကို လက်ရဖမ်းချင်တယ်၊ အဲဒါကြောင့် ဒီနေ့မနက်စော စားပြီးတာနဲ့ ပြန်ထွက်ကြတော့"

ဟု ဆားပုလင်းနှင်းမောင်က ပြောလိုက်လေ၏။

www.burmeseclassic.com

www.burmeseclassic.com

ထို့ကြောင့် ကျွန်ုပ်တို့သည် ဆားပုလင်းနှင့်မောင်၏ အကြံပေးချက်အတိုင်း မုဆိုးများ ခေါ်ယူကာ အိုးထိန်းတို့၏ စခန်းအတွင်းမှ သိမ်းဆည်းသင့်သည်များကို သိမ်း ဆည်း၍ တောကြီးမျက်မည်းအတွင်းမှ ပြန်၍ ထွက်ခဲ့ကြလေတော့၏။

မုဆိုးများနှင့် လမ်းခွဲကြသောအခါ၌ ကျွန်ုပ်က မုဆိုးများကို နေ့တွက် တွက်၍ ငွေများ ရှင်းပေးခဲ့ရ၏။ မုဆိုးများကလည်း ကျွန်ုပ်အား ဆတ်သားခြောက်နှင့် သစ်ခွပန်းများ လက်ဆောင် ပြန်၍ ပေးလိုက်လေ၏။ ဦးကိုကိုကြီးကမူ မုဆိုးတစ်ဦးထံမှ ဝက်စွယ်ကင်းပိတ် ဆို့သည်ကို ချော့၍ ဝယ်ခဲ့ကြောင်း ကျွန်ုပ် ရိပ်မိလေ၏။ ထို့နောက် ကျွန်ုပ်နှင့် ဦးကိုကိုကြီးသည် မင်းတုန်းမှသရက်၊ သရက်မှအာလံ(မြေထဲ)သို့ခရီးဆက်ခဲ့ကြပြီးလျှင် ကျွန်ုပ်တို့၏ မိတ်ဆွေ အာဂ ယောကျ်ားလူစွန့်စားကြီး ဆားပုလင်းနှင့်မောင်အား စောင့်မျှော်နေကြရလေတော့သတည်း။

* * *

ကျွန်ုပ်နှင့် ဦးကိုကိုကြီးတို့သည် အာလံ(မြေထဲ)ဂါတ်တွင် ပျင်းရိငြီးငွေ့စွာနှင့် ဆားပုလင်းနှင့်မောင်၏ အပြန်လမ်းကို စောင့်မျှော်နေကြရလေ၏။ ဦးကိုကိုကြီးမှာမူကား ပျင်းတယ်ဟု ဆိုကာ ဘီလီယက်ခုံသို့ချည်း သွားနေ၏။ ကျွန်ုပ်မှာမူကား ခဏနီးတင်တင်ထံသို့ သတိရလွမ်းဆွတ်ကြောင်း စာရေးခြင်း၊

ခဲ့ပန်းတွေ ဗီလာမယ်ဟူသော ကြိုတင် သတင်းပေးခြင်း စသည့် မိန်းမကို မျက်နှာလုပ်တတ်သော ယောကျ်ား၏ ထုံးစံအတိုင်း ပြည့်စုံစွာ ဆောင်ရွက်နေလေတော့၏။

ကျွန်ုပ်နှင့် ဦးကိုကိုကြီးတို့ အာလံ(မြေထဲ)သို့ ရောက်ပြီး ရက်အကြာ၌ တောစပ်တွင်ချထားသော ဂေါ်ရာစစ်ဗုလိပ်သည် ရက်စွဲ၍ ပြန်သွားကြပြီ ဖြစ်ကြောင်း သတင်းကို ကြားရလေတော့၏။ ကျွန်ုပ်တို့၏ မိတ်ဆွေကြီး ဆားပုလင်းမောင်၏ သတင်းကိုမူကား အစအနပင်မရခဲ့ပါ။ တစ်ည သော် နံနက်တွင် ဦးကိုကိုကြီးက ဘီလီယက်ခုံသို့ မသွားမီ ကျွန်ုပ်အား....

"ကျုပ်တို့ လူကြီးတော့ မဟုတ်တော့ဘူး ထင်တယ်မျို့၊ ကလေ ညောင်းလာပြီ"

ဟု မြောလေ၏။ ကျွန်ုပ်ကလည်း....

"အဲဒါ ကျုပ် စိတ်ပူနေတာပေါ့၊ ဘာဖြစ်လို့ ဖြစ်မှန်းလဲ သိဘူး၊ သူ့ရင်ဆိုင်ရမယ့် ရန်သူက လေးယောက်ဗျ၊ သူက သုံးယောက်တည်း၊ ကျုပ်တို့ကို ပြန်လွှတ်လိုက်တာတော့ ဆားပုလင်းနှင့်မောင် မှားတယ်လို့ထင်တာပဲ"

ဟု ပြောလိုက်မိလေ၏။

ဦးကိုကိုကြီးက....

"တစ်ခါတလေ လူတော်တွေက ချော်တတ်တယ်ဗျ၊ ဒီတစ်ခါ သူရဲ့စိတ်ကူးကတော့ သူ့သေတွင်းကို သူ လူးနေပြီ

www.burmeseclassic.com

www.burmeseclassic.com

လား၊ တူးမိသလား မဆိုနိုင်ပါဘူးဗျာ၊ ဘာပဲဖြစ်ဖြစ် နော
နှစ်ရက်ထပ်ပြီး စောင့်ကြည့်မယ်၊ အဲဒါမှ သတင်း မထူး
တော့ မင်းတုန်းပုလိပ်၊ သရက်ပုလိပ်၊ အာလံပုလိပ်တွေ
စုခေါ်သွားပြီး တောနင်းရှာမယ်ဗျာ"

ဟု ပြောလိုက်လေ၏။

ထိုအချိန်၌ လူနှစ်ယောက်သည် ဂါတ်၏ ဂိတ်ဝမှ ကူ
တို့ဆီသို့ ဦးတည်၍ လျှောက်လာသည်ကို မြင်ရသဖြင့် ကူ
က....

"ဟော....သေခဲ့ဦးမယ်ဗျို့....ဟိုမှာ ကျုပ်တို့လူကြီး"

ဟု အလန့်တကြား အော်လိုက်လျှင် ဦးကိုကိုကြီးက....

"ဟုတ်ပါရဲ့ဗျာ....ပြန်ဘေ့လာပြီဗျို့၊ တရားခံ မမိ
လား"

ဟု ပြောလေ၏။

"သူဘေးက လျှောက်လာတဲ့ လူက တရားခံ မဟုတ်
လား"

ဟု ကျွန်ုပ်က မေးလိုက်ရာ....

"တရားခံပုံမပေါက်ပါဘူး၊ ကြည့်စမ်းပါဦး"

ဟု ဦးကိုကိုကြီးက ပြောလိုက်လေ၏။

"ဟုတ်တယ်ဗျို့....လက်ထိတ်ခတ်မထားဘူး"

ဟု ကျွန်ုပ်က ပြောလိုက်ရာ ဦးကိုကိုကြီးက....

"ဒါကတော့ဗျာ....စိတ်ချရတဲ့တရားခံဆိုရင် ကိုနှင်းမောင်
လက်ထိတ်မှ မခတ်ဘဲ၊ နေဦးဗျို့....ဒီလူကို ကျုပ် မြင်ဖူး
ယ်၊ သေချာပြီဗျို့....တရားခံမဟုတ်ဘူးဗျ၊ ဆရာ မောင်ဒီ
ဘာ ခင်ဗျား ကြားဖူးမှာပေ!"

ဟု ပြောလိုက်ရာ ကျွန်ုပ်က....

"ကြားဖူးရဲ့ ဘယ်ကမလဲဗျ၊ ကျုပ် မိန်းမ တင်တင်တောင်
ဆီမှာ လက္ခဏာသုံးပြီး မေးဖူးသေးတယ်၊ အတော်မှန်တဲ့
ဆုဗျ၊ နာမည်လဲ တော်တော်ကြီးတယ်၊ ကျုပ်တို့ လူကြီးနဲ့
နဲ့ မိတ်ဆွေထင်တယ်ဗျ၊ ဦးကိုကိုကြီးလဲ စဉ်းစားကြည့်ခလေ၊
ားပုလင်းနှင်းမောင်က လက္ခဏာဝါသနာပါတယ် မဟုတ်
ားဗျ၊ ဘာပဲဖြစ်ဖြစ် မိတ်ဆွေတွေ ဖြစ်ကြမှာပါ"

ဟု ပြောလိုက်လေ၏။

"သေချာတယ်ဗျို့....ကျုပ်တို့လူကြီး ဒီတစ်ခါ တရားခံမမိ
ဆာဘူး၊ မမိဘာ အရေးမကြီးဘူးဗျာ၊ သူ့ကို အသက်နဲ့ကိုယ်
ဦးစားမကဲ့တဲ့ ပြန်ပြီးတွေ့ရတာပဲ ဝမ်းသာပါတယ်ဗျာ"

ဟု ဦးကိုကိုကြီးက ပြောလိုက်လေ၏။

ကျွန်ုပ်နှင့် ဦးကိုကိုကြီးသည် ကြိုဆိုသည့် သဘောဖြင့်
ားပုလင်း နှင်းမောင်ဆီသို့ လျှောက် သွား ကြ လေ ၏။
ားပုလင်းနှင်းမောင်သည် ကျွန်ုပ်တို့ကို တွေ့လျှင်....

"ဂွတ်မောနင်း"

ဟု နှုတ်ဆက်လိုက်လေ၏။ ထို့နောက်မှ ငှင်းက....

www.burmeseclassic.com

www.burmeseclassic.com

"အိုင်ပီတို့နဲ့ ဟောဒီက ဆရာနဲ့ မိတ်ဆက်ပေးရဦးမယ် ဟောဒါ... ဒီနေ့ ခေတ် နာမည်အကြီးဆုံး လက္ခဏာ ဆရာ မောင်ဒီတဲ့၊ စုပတ်လမ်း (ဗိုလ်အောင်ကျော်လမ်း)မှာ အလုပ်ခန်းရှိတယ်၊ ဆရာမောင်ဒီ....ဟောဒါက ဦးအောင်သန်းတဲ့၊ စီအိုင်ဒီက၊ ဟောဒါက ဦးကိုကိုကြီးတဲ့၊ စီအိုင်ဒီက ကျုပ်ရဲ့ ဇာတ်လူကြီးတွေပေါ့ဗျာ"

ဟု ပြောလိုက်လျှင် ဦးကိုကိုကြီးက....

"ဇာတ်လူကြီးဖြစ်ရတာ တခြားကြောင့် မဟုတ်ပါဘူး ဆားပုလင်းနှင်းမောင်က ထန်းရည် သောက်ချင်တယ် ဆိုပြီး ကျုပ်တို့ နှစ်ယောက်က ထန်းပင်ပေါ် တက်ပေးရလို့ အဲဒါ အထက်လူကြီးဖြစ်ရတာပေါ့"

ဟု ရွှတ်နောက်ခနဲ ဝင်၍ ပြောလေ၏၊ ထိုအခါ ဆရာမောင်ဒီသည် ကျွန်ုပ်တို့ နှစ်ဦးအား နှစ်လိုဖွယ်ရာ ပြုံးပြလိုက်လေ၏။

ကျွန်ုပ်သည် ဆားပုလင်းနှင်းမောင်အား....

"ဒီမှာ အိုင်ဆေး....ဒီဘစ်ခါတော့ အိုးထိန်းဆိုတဲ့ တရားကို လွတ်သွားပြီလား"

ဟု မေးလိုက်ရာ ဆားပုလင်းနှင်းမောင်သည် သူ၏ ကုတ် အင်္ကျီအိတ်အတွင်းမှ ဂလေစီယာခေါ် ရေခဲတောင်စီးကရက် တစ်လိပ်ကိုဆုတ်ယူ၍ မီးညှိရှိုက်ဖွာရင်း မီးခိုးများကိုမှုတ်ထုတ် လိုက်လေ၏၊ ထို့နောက်....

"အိုင်ပီက လူသတ်သမားဆိုရင် ဘိုင်စကုပ်ထဲက လူကြမ်းလို ကြမ်းကြမ်းဖတ်ဖတ်ကြီး၊ မျက်နှာကြီး မဲ့ရွဲ့ပြီး ရုပ်ဆိုးနေတဲ့လူ အောက်မေ့လို့လား၊ လောကမှာ နှုန်းနယ် နယ် ချောချောမောမောနဲ့ လူသတ်ဝံ့တဲ့လူလဲရှိတယ်၊ ကြမ်းကြမ်းတမ်းတမ်းနဲ့ လူတိုင်းလဲ လူသတ်မှုကျူးလွန်ဝံ့တာ မဟုတ်ဘူး၊ မျက်နှာပုံပန်းရယ် လူအဆင့်အတန်းရယ် ပညာအရည်အချင်းရယ်ကို ကြည့်ပြီး တရားခံ ဟုတ်တယ် မဟုတ်ဘူး ဆုံးဖြတ်လို့ မရဘူး အိုင်ပီ၊ ကျုပ်တို့ သဲသဲမဲမဲကြီးရှာနေရတဲ့ ဘုမ္မာဝတ်အရွှမ်းတော်ပုံဆိုတဲ့ လူသတ်မှု တရားခံဟာ ဟောဒီ....ဆရာမောင်ဒီလေးပဲဗျို့"

ဟု ပြောလိုက်ရာ ကျွန်ုပ်နှင့် ဦးကိုကိုကြီးသည် ပါးစပ်အဟောင်းသား ဖြစ်သွားကြလေတော့သတည်း။

www.burmeseclassic.com

www.burmeseclassic.com

တရားခံနှင့် အတူ

ကျွန်ုပ်တို့သည် ချက်ချင်းဆိုသလိုပင် မော်တော်ကားဖြင့် ရန်ကုန်သို့ပြန်ခဲ့လေ၏။ ဆားပုလင်းနှင့်မောင်သည် မော်တော်ကားကို မောင်း၏။ တရားခံ အိုးထိန်းခေါ် နာမည်ကြီး လက္ခဏာဆရာ မောင်ဒီက ဘေးမှထိုင်၏။ ကျွန်ုပ်နှင့် ဦးကိုကိုကြီးက နောက်ခုံဘွင် ထိုင်၏။ ကျွန်ုပ်သည် လိုရမည်ရသဘောဖြင့် သေနတ်တွင် ကျည်ဆန်ထည့်၍ ခါးကြားဥ ထိုးထား၏။ ဆားပုလင်းနှင့်မောင်သည် ကားကို မမြန်လွန်း မနှေးလွန်း မောင်းလေ၏။

ထိုအခါဥ ဦးကိုကိုကြီးက....

"ကျုပ်တို့ ပြန်သွားပြီးနောက်ပိုင်းမှာ အိုင်ဆေး ဘာတွေ ဖြစ်သေးလဲဗျ"

ဟု မေးလိုက်လေ၏။ ထိုအခါ ဆားပုလင်း နှင့်မောင်

....

"ဖြစ်ကြောင်းရယ်တဲ့ကုန်စင်လား၊ အဲဒါတွေတော့ အသေးစိတ် မပြောနိုင်ဘောဘူး၊ အရေးကြီးတဲ့ အချက်လောက်ပဲ ပြောမယ်ဗျာ ခင်ဗျားတို့ ပြန်သွားတဲ့နေ့မှာပဲ ကျုပ်ဟာ ကြီးတစ်ခုလုံးကို အသေးစိတ် မေ့နေခက်ရှာတာ မင်းသမီး အကြောင်း မှတ်တမ်းတစ်ခုသွားတွေ့တယ်ဗျ၊ အဲဒီမှတ်တမ်းလဲ ဝက်စာနဲ့ ရေးထားတာ၊ ဝက်စာက ခိုမှာပါတဲ့ ဝက်စာမျိုးမဟုတ်ဘူး၊ ကော်တော်လေး အသေးစိတ် စဉ်းစားရတဲ့ ဝက်စာမျိုးဗျ၊ ကျုပ်လဲ အဲဒီဝက်စာကို မရမက ဖော်လိုက်နှစ်ခုက်ကြာတယ်ဗျို့ အဲဒီမှာ မင်းသမီးဂူဆိုတာ အိုးဂိုဏ်းလူတွေ၊ ဘုရင်အဖြစ်ဘိသိက်မြောက်တာတွေ၊ မင်းလောင်းဘဝ ပညာသင်တာတွေက အစ တစ်ခါတုန်းက ဘုမ္မာဝတီမင်းသမီးတစ်ပါး သူရဲ့ရှေ့တော်တွေနဲ့ လာပြီး ပုန်းအောင်းခဲ့တဲ့အကြောင်းရယ်၊ အဲဒီမင်းသမီးရဲ့ ရှေ့ဌေးရတနာ ပစ္စည်းတွေ ရှိတဲ့ အကြောင်းရယ်ကို ဖော်ပြထားတာဗျ၊ မြေပုံတွေတောင်တွေလဲပါရဲ့၊ ပြီးတော့ အိုးဂိုဏ်းနဲ့ ကြိုးဂိုဏ်း ကွဲတုန်းက ရက်ပေါင်း ၃ယူနဲ့ စန္ဒြဝါယူဆိုတဲ့ ညီအစ်ကို နှစ်ယောက် စပြီး ခွဲခဲ့ကြောင်းကအစ အိုးဂိုဏ်းက အစဉ်အဆက် ဆင်းသက်လာတဲ့ အိုးဘုရင်တွေရဲ့ အတ္ထုပ္ပတ္တိတွေဗျ၊ ကျုပ်တာ အဲဒီအတ္ထုပ္ပတ္တိတွေကို စိတ်ရှည်လက်ရှည် ဖတ်ခဲ့တယ်၊ ဒါပေမယ့် ဘွဲ့ရစာကလဲ ကျုပ်က သိပ်ပြီး ကျမ်းတာ မဟုတ်ဘူးဗျ.... ဒီတော့ သက္ကဋ္ဌလို တိုက်ရိုက်ရေးထားတာလဲ မဟုတ်ဘူး၊

www.burmeseclassic.com

www.burmeseclassic.com

ဝတ်စားသွင်းပြီး ရေးထားတာ ဆိုတော့ ကြိုးစားပြီး ဖတ်ရင်းနဲ့ ကျုပ် ခေါင်းဟာ ပူလာတယ်ဗျို့၊ ဆယ်ပင် သုံးချောင်း လောက်တော့ ဖြူသွားတယ်နဲ့ တူပါရဲ့ဗျာ၊ ဖတ်ရတာကလည်း အေးအေးဆေးဆေး ဖတ်ရတာ မဟုတ်ဘူးဗျ၊ ကိုဆိတ်ဖူးတို့က မှုကြောမကြော ဒူးလေးနဲ့ လားပန်လိုက် တူမီးသေနတ် လာပစ်လိုက်နဲ့၊ ကျုပ်မှာ တစ်ယောက်တည်း အရှူးမီးဝိုင်း ဖြစ်နေတာပဲဗျို့၊ ကိုဆိတ်ဖူးတို့လူစုဟာ ကျုပ်ကို တကယ် သေစေချင်တာမဟုတ်ဘူး၊ နှောင့်ယှက်ရုံ နှောင့်ယှက်နေတာ ဆိုတာ ကျုပ် ရိပ်မိပါတယ်....

အဲဒါနဲ့ ကျုပ်လဲ ကိုအိုးထိန်းတို့ရဲ့ ဘုမ္မာဝတီစခန်းကို စွန့်ခွာရတော့တယ်ဗျို့၊ မစွန့်ခွာခင်မှာ ကျုပ်ဟာ ဦးမာတူးကြီး မေးထားတဲ့ မေးခွန်းတွေကို ကြိုးရှည်ရှည် ခါးမှာတပ်ပြီး တဲပေါ်မှာ ချည်ထားလိုက်တယ်ဗျို့၊ သူတို့ရဲ့ လှုပ်ရှားမှုတွေ မမြင်အောင်လို့ တံခါးတွေတော့ပိတ်ခဲ့တယ်၊ ပြီးတော့မှ သူတို့ လူစု မတွေ့ရအောင် ကျုပ်ဟာ တိတ်တိတ်ကလေး မင်းသမီး ဂူဘက်ကို ထွက်ခဲ့တာဗျို့၊ မြေပုံရထားပေမယ့် မင်းသမီးဂူကတော့ ရှာရလွယ်တာမဟုတ်ဘူးဗျို့၊ အဲဒီနားမှာ တောကလဲ ထူလိုက်တာ မိတ်နေတာပဲဗျို့၊ အတော့်ကို ရှာယူရတယ်၊ နောက်ဆုံး မှာတော့ တွေ့တော့တာပဲ၊ ဂူထဲရောက်သွားတော့လဲ စိတ်ဝင်စား စရာကတော့ အများကြီးပဲဗျ၊ ဦးကလန်ရေးထားတဲ့ ဆေးနဲ့ စာတွေလဲ တွေ့ပါရဲ့၊ ဂူထဲရောက်မှကို မင်းသမီးဂူဆန္ဒရအနေနဲ့ ထပ်ပြီး ရှာရသေးတယ်ဗျို့၊ နောက်ဆုံးတော့လဲ တွေ့တာပေါ့ဗျာ၊ ကျုပ်လဲ မင်းသမီးဂူထဲကို ဝင်ခွင့်

တာဗျို့၊ မင်းသမီးဂူထဲကိုရောက်ဖို့ ချောင်းထဲကို ငုပ်ပြီးမှ သွားရတာ၊ အဆင်မသင့်ရင် အသက်ပါသွားနိုင်တယ်၊ အဲဒီမှာ ကျုပ်ဟာ မင်းသမီးဂူအစစ်နေရာလဲရောက်ရော ဟောဒီ ဆရာ အိုးထိန်း ရောက်လာမယ်လို့ အပိုင်ယူဆပြီး သေနတ်ရယ်၊ လက်ထိတ်ရယ်၊ စည်သွပ်ဘူးတွေ၊ မုန့်ကြွပ်တွေရယ်နဲ့ စောင့်နေတာဗျို့၊ ခါနဲ့ တစ်ခုပြောရဦးမယ်၊ ဘုမ္မာဝတီစခန်းမှာ သားခဲ့တဲ့ မျောက်တွေကလဲ ဘယ်သိကနေ ဘယ်လိုဖြစ်တယ် မသိပါဘူး၊ ရေနံဆီနဲ့ မီးခြစ်ကို တည့်တည့်ကြီး ရသွားတော့ တာပဲဗျို့၊ အဲဒီမှာပဲ ဆရာအိုးထိန်းတို့ရဲ့ ဘုမ္မာဝတီစခန်း၊ သို့မဟုတ် ဘုမ္မာဝတီယူနီဗာစတီကြီးဟာ ပြာဖြစ်သွားတော့ တာပဲဗျို့၊ အဲဒီပြာဖြစ်တဲ့နေ့မှာပဲ ဆရာအိုးထိန်း စခန်းနားကို ရောက်လာတာ၊ ပြီးတော့မှ သူ့ရဲ့ အစီအစဉ်အတိုင်း မင်းသမီး ဂူက လုံခြုံလေတော့ မင်းသမီးဂူဆဲ အောင်းတာဗျို့၊ အဲဒီမှာ ဂူထဲကနေ အသင့်စောင့်နေတဲ့ ကျုပ်က လက်ထိတ်ခတ်လိုက်ရတာ၊ စိတ်မကောင်းပါဘူး ဆရာအိုးထိန်း၊ ဒီစကားဟာ ခေါင်းကွတ်ပြောတဲ့စကား မဟုတ်ပါဘူး၊ ခင်ဗျားလို လူတော် လူကောင်း တစ်ယောက်ကို ကျုပ်က လေးစားတတ်ပါ တယ်”

ဟု ရှည်လျားစွာ ပြောလိုက်လေ၏။

ထိုအခါ ဦးကိုကိုကြီးက....

“ဒါနဲ့ စနေမောင်းမောင်တို့လူစုက ဘယ်ရောက်သွားပြီလဲ ဗျ”

www.burmeseclassic.com

www.burmeseclassic.com

ဟု မေးလိုက်လေ၏။

"အိုးထိန်းနဲ့လဲ တွေ့ပြီးပြီဗျာ၊ အိုးထိန်းကိုလဲ မှာချင်တာ မှာပြီးပြီဗျာ၊ ဂေါ်ရာစစ်ပုလိပ်တွေလဲပြန်သွားပြီဗျာ၊ ကျုပ်ကိုလဲ ကျေနပ်လောက်အောင် ဒုက္ခပေးပြီးပြီဗျာ၊ ဘုမ္မာဝတီ စခန်းကြီးလဲ မီးလောင်ပြီးပြီဗျာ၊ အဲဒီတော့ ဒီသုံးယောက်ဟာ နောက်ထပ် ဘာမှလုပ်စရာမရှိလေတော့ တကယ်လို့ အိုးထိန်း မသေရင် အိုးထိန်းက အိန္ဒိယကိုဖြတ်ပြီး ဝင်မယ်ဗျာ၊ အဲဒီအခါကျမှ စနေမောင်မောင်က အိန္ဒိယဘက်ကနေ လှည့်ပြီး အိုးထိန်းနဲ့ ဆက်မယ်၊ ပြီးတော့ အိုးထိန်းဆီကနေ ဘုမ္မာဝတီ မင်းသမီးရဘနားသိုက်ကိုပဲ ဖြစ်ဖြစ် ကြိုး သိန်းမောင်ပြောတဲ့ တာနောသိုက်ကိုပဲဖြစ်ဖြစ် အိုးနဲ့ ကြိုးနဲ့ ပေါင်းသားတဲ့ 'ပုံရေချိုး ပဲခူးပေါ သိုက်'ကိုပဲဖြစ်ဖြစ် သုံးခုလုံးကိုပဲဖြစ်ဖြစ် ရှာတော့မှာပေါ့ဗျာ"

ဟု ဆားပုလင်း နှင်းမောင်က ပြောလိုက်သောအခါ၌ ဦးကိုကိုကြီးက....

"စနေမောင်မောင်ဆိုတဲ့လူကတော့ အတော်ကို ထူးဆန်းတဲ့ လူထူးလူဆန်းကြီးပါပဲဗျာ"

ဟု ပြောလိုက်လေ၏။ ထိုအခါ ကျွန်ုပ်က....

"စနေမောင်မောင်က သိုက်တွေဘူးနေတယ်ဆိုတာတော့ ဟုတ်ပါပြီ၊ တကယ်ကော ရရဲ့လားဗျ"

ဟု မေးလိုက်ရာ ဆားပုလင်း နှင်းမောင်က....

"သူနေမနေတဲ့ အဆင့်အတန်းကိုကြည့်ရင် စနေမောင်မောင်ဟာ၊ သိုက်အောင်ဖူးတယ် ဆိုတာ ငြင်းစရာမရှိပါဘူးဗျာ၊ ဒါပေမယ့် ခက်တာက ဒီဆရာကြီး သူဟာသူ သိုက်တူးနေရင် ကျုပ်တို့နဲ့ ဘာမှမပတ်သက်ဘူးဗျ၊ ကျုပ်တို့နဲ့ အနေသာကြီးပဲ၊ ဒါပေမယ့် ဥပဒေကို တစ်ခါတစ်ခါ သူက လာပြီး ထိကပါး ရိုက်ပါး လုပ်တယ်၊ အဲဒီအခါမျိုးမှာ ကျုပ်တို့နဲ့ပတ်သက်သွားဘတ်တယ်၊ ကျုပ်ကလဲ သူ့ကို လေးစားပါတယ်၊ ဒါကြောင့် ဒီတစ်သက် စနေမောင်မောင်နဲ့ ရင်မဆိုင်ပါရစေနဲ့လို့တော့ ဆုတောင်းတာပဲဗျာ"

ဟု ဆားပုလင်း နှင်းမောင်က ပြော လိုက် လေ တော့ သတည်း။

○

www.burmeseclassic.com

www.burmeseclassic.com

ဖြောင့်ချက်

ကျွန်ုပ်နှင့်ပင် ကျွန်ုပ်တို့သည် ရန်ကုန်သို့ ပြန်လည်ရောက်ရှိခဲ့ကြလေတော့၏၊ ရောက်သည်ဆိုလျှင်ပင် စီအိုင်ဒီသို့ ဝင်ကြရလေ၏၊ ကျွန်ုပ်တို့ ရောက်ရှိသွားဩသာအချိန်၌ စီအိုင်ဒီမှ စုံထောက်မင်းကြီး မစ္စတာ ကခုစ်ပင်သည် စုံထောက် ကိုစိန်လှတို့ လူစုအား....

"မြည်းသတ္တဝါလို ငိုက်မျဉ်းနေတဲ့ အကောင်တွေ၊ အခုထက်ထိ ဟိုးလီးမန်းကို သတ်သွားတဲ့အမှု တရားခံကိုလဲ ဖမ်းမဆေးနိုင်သေးဘူး၊ သစ်နှံကျွန်းဘူတာနားက အဘိုးကြီးကို သတ်သွားတဲ့ တရားခံကိုလဲ မဖမ်းနိုင်သေးဘူး၊ ဘယ်မှာလဲ တရားခံ"

ဟု အော်ဟစ်ကြိမ်းမောင်းနေစဉ် ဖြစ်၏၊

"တရားခံ ဒီမှာ"

ဟု ဆားပုလင်း နှင်းမောင်က ပြော၍ လက္ခဏာဆရာ ဆောင်ဒီ(ခေါ်)လူသတ်မှုနှစ်ခု၏ တရားခံ အိုးထိန်းအား နှိုးကိုပုတ်၍ပြလိုက်ရာ စုံထောက်မင်းကြီး မစ္စတာကခုစ်ပင်နှင့် ဘက္ခ မြည်းသတ္တဝါနှင့်တူသည်ဆိုသော သူ၏ စုံထောက်များသည် ပါးစပ်အဟောင်းသားနှင့် ငေးမော ကြည့်ရှုနေကြသ၏၊ ထို့နောက် တွင် ကား ကျွန်ုပ်အား တရားခံ၏ ပြောင့်ချက်ကိုရယူရန် ကိုနှင်းမောင်က ပြောလေ၏၊ အိုးထိန်းမှ....

"ဒီမှာ ကိုအိုးထိန်း၊ ခင်ဗျားကို ဒီမှာကျဉ်းကျဉ်းကျပ်ကျပ်သားပါဘူး၊ အိုင်ပီဟာ ဦးအောင်သင်းနဲ့ ဦးကိုကိုကြီးက ပြောင့်ချက်ယူလိမ့်မယ်၊ ကျုပ်ကတော့ ဒီလောကကြီးမှာ ခင်ဗျား အဒတ္တခွင်ဆုံး လူဘစ်ယောက်ကို သွားပြီးခေါ်လိုက်မှာ ဟယ်"

ဟု ဆားပုလင်း နှင်းမောင်က ပြောလိုက်ရာ အိုးထိန်းက ဆားပုလင်း နှင်းမောင်၏ ဆိုလိုချက်ကို သဘောပေါက်သော်လည်း ကျွန်ုပ်နှင့် ဦးကိုကိုကြီးက သဘောမပေါက်သောကြောင့် အူကြောင်ကြောင် ဖြစ်နေ၏၊ ထိုအခါ၌ ဦးကိုကိုကြီးမနေနိုင် မထိုင်နိုင်....

"ဒီလောကမှာ ကိုအိုးထိန်း အတွေ့ချင်ဆုံးလူ ဆိုတာ ဟယ်သူလဲဗျ"

ဟု မေးလိုက်ရာ ဆားပုလင်း နှင်းမောင်က....

www.burmeseclassic.com

"ဘယ်သူရှိရမှာလဲ၊ တင်နှယ်ရီပေါ့ဗျာ"
ဟု ပြောလိုက်မှပင် ကျန်ပ်နှင့် ဦးကိုကိုကြီးက....
"ဒီလိုကိုး...."
ဟု ရေရွတ်လိုက်ကြလေတော့၏။

ထို့နောက် ဆားပုလင်း နှင့်မောင်သည် ထွက်သွား
ကျန်ပ်နှင့် ဦးကိုကိုကြီးသာ အိုးထိန်းနှင့်ကျန်ခဲ့၏။ ဦးကိုကို
က လိုအပ်သော ဥယျာဉ်စွမ်းကို ဆောင်ရွက်ပေ
ကျန်ပ်ကမူ ဖြောင့်ချက်ကိုလိုက်လံရေးမှတ်ရလေ၏။ နှစ်ရက်
ရေးသောအခါ၌ တရားခံ အိုးထိန်း၏ ဖြောင့်ချက် သ
ရုပ်လုံးပေါ်၍ ပြည့်စုံသောအဖြစ်သို့ ရောက်ရှိသွားလေ
သတည်း။

ကျန်ပ် အိုင်ပီ ဦးအောင်သင်းသည် လူသတ်မှု တရား
အိုးထိန်း၏ ဖြောင့်ချက်ကို ဤအတိုင်း တင်ပြရ
ပုလိပ်အစီရင်ခံစာကြီး တစ်စောင်လို စာဖတ်သူ
ငြီးငွေ့ကြပေတော့မည်။ ထို့ကြောင့် ဝတ္ထုသဖွ
ပြင်ဆင်၍ ရေးသားလိုက်ရပေသတည်း။

စာရေး

ဆား ပု လင်း နှင့် မောင်
နှင့်
ဘုမ္မာဝတီ အရှုပ်တော်ပုံ

www.burmeseclassic.com

www.burmeseclassic.com

တရားခံအိုးထိန်းဆိုသူကား

ဤစာစဉ်ခါတွင် အိုးထိန်းဆိုသော လူတစ်ယောက် ရှိခဲ့ဖူးပါသည်။ သူ၏ဘဝသည် ငြိုးဇွေဖွယ်ရာကောင်း၏။ ထို့အတူ စိတ်ဝင်စားဖွယ်ရာလည်း ကောင်း၏။ သူသည် လွန်စွာ ရက်စက်တတ်သူဖြစ်၏။ ထို့အတူ လွန်စွာ မှလည်း ကြင်နာ သနားတတ်သူ ဖြစ်၏။ သူသည် အားကျဖွယ်ရာကောင်း၏။ ထို့အတူ အားကျဖွယ်ရာလည်း မကောင်း၊ သူ၏ ဘဝသည် ရင်နှင့်ဖွယ်ရာကောင်း၏။ ထို့အတူ ကြည်နူးဆွတ်ပျံဖွယ်ရာလည်း ကောင်း၏။ သူသည် သူ၏ ဘဝတိုးတက်မှုမှုားကို တည်ဆောက်၏။ ထို့အတူ သူသည် သူ၏ဘဝကို သူညအောက် ယူဇနာတစ်ရာခရောက်အောင် ဖျက်ဆီးပစ်၏။ သူသည် လွန်စွာ ဆင်းရဲမွဲတေ၏။ ထို့အတူ လွန်စွာမှ ချမ်းသာကြွယ်ဝ၏။ ဤသို့သျှင် မျက်နှာစာနှစ်ခုရှိသော လူသတ်မှုတရားခံ အိုးထိန်း ဆိုသူ၏ အကြောင်းကို ဖော်ပြပေအံ့။ ဤသည်ပင်လျှင် ရင်နှင့်ဖွယ်၊ ကြည်နူးဖွယ်၊ သံဝေဂရဖွယ်တို့နှင့် တန်ဆာဆင်အပ်သော "ဘုန္ဓာဝတီအရှုပ်တော်ပုံ" ဝတ္ထုကြီး ဖြစ်ခဲ့ပေတော့သတည်း။

စာရေးသူ

www.burmeseclassic.com

www.burmeseclassic.com

တစ်နေ့သ၌ မကွေးမြို့ ဈေးအနီး မြေကွက်သပ်၌ အသက် နှစ်ဆယ်အရွယ် မပြည့်တတ်သေးသော လူငယ် မျက်လှည့်ဆရာ တစ်ဦးသည် လည်ပင်းရှည်သောအိုးကလေးတစ်လုံးကို သက်တစ်ဖက်တင်ကိုင်၍ ပရိသတ်ကိုပြရင်း ဆိုအိုးကလေး၏ ဝန်ဝင်ကို ယုတ္တိယုတ္တာရှိရှိ ရှင်းပြ၍နေ၏။

"ဒီအိုးကလေးဟာ နှယ်နှယ်ရရအိုးကလေးမဟုတ်ပါဘူး၊ ညောင်(သန်လျင်)မြို့ကနေ တောင်ငူမြို့ကို တက်ပြီး တိုက်တဲ့ စီးလစ်မီပရစ်တို(ခ)ငဇင်ကာ အရက်သောက်တဲ့ အရက်အိုး ကလေးဖြစ်ပါတယ်၊ အဲဒီ ဒီပရစ်ဘို(ခ)ငဇင်ကာဟာ မြန်မာ ညီသားမဟုတ်ပါဘူး၊ သူဟာ မြန်မာပြည်ရဲ့ ဧေးလံခေါင်သီ ပေါ်တူဂီပြည်သား ဖြစ်ပါတယ်၊ လူမျိုးကလဲ ပေါ်တူဂီဖြစ်ပါ တယ်၊သူဟာ ပင်လယ်ခရေးပြတစ်ဦးဖြစ်ပါတယ် ပင်လယ်ခရေးပြ တွေ အကြောင်းကိုတော့ ရှေ့ပိုင်လာပရိသတ်ကြီးအနေနဲ့ ဘိုင် ကုပ်တွေ ဘာတွေမှာ ကြည့်ဖူးမှာပါ၊ သူတို့ဟာ ရွက်တွေ အများကြီးပါတဲ့ ရွက်သင်္ဘောကြီးကိုစီးပြီး ပင်လယ် အနှံ့ အပြားကို သွားလေ့ရှိပါတယ်၊ အဲဒီသင်္ဘောကြီးမှာလဲ သူတို့ ပင်လယ်ခရေးပြတွေရဲ့ အထိမ်းအမှတ်ဖြစ်တဲ့ အလံကြီးတစ်ခု ထိုးထားလေ့ရှိပါတယ်၊ အဲဒီအလံကတော့ လူရဲ့ အရိုးခေါင်း အောက်မှာ လက်ဖျံရိုးနှစ်ချောင်း ကြက်ခြေခတ်ထားတဲ့ သဘင်းတမန် အမှတ်တံဆိပ်ပါပဲ၊ ပြီးတော့ ပင်လယ်ခရေးပြ ဆိုဟာ လက်စည်းပါတဲ့ အင်္ကျီပွပွကြီးကို ဝတ်တတ်ကြပါ တယ်၊ ခြေထောက်မှာ အစည်းပါတဲ့ ဘောင်းဘီပွပွကိုလဲ ဝတ်ပါတယ်၊ ခါးမှာလဲ ခါးပတ်အကြီးကြီးကို ပတ်ထားပြီး

www.burmeseclassic.com

www.burmeseclassic.com

အဲဒီ ခါးပတ်မှာ ဓားကိုချိတ်ထားပါတယ်၊ ပင်လယ်ဓားပြ ခေါင်းဆောင်ကတော့ ဓားအပြင် သေနတ်တစ်လက်လဲ ခိုင်ထားလေ့ရှိပါတယ်၊ ခေါင်းမှာလဲ ပဝါကြီးတစ်ခု စည်းထားပါတယ်၊ နားရွက်မှာတော့ ကျပ်ပြားဝိုင်းလောက်ရှိတဲ့ နားကွင်းကြီးတွေ ပန်ဆင်ထားလေ့ရှိပါတယ်၊ အဲဒီ ပင်လယ်ဓားပြတွေကို အင်္ဂလိပ်စကားနဲ့ ပိုက်ရိတ်'လို့ခေါ်ပါတယ်၊ မြန်မာကတော့ ပင်လယ်ဓားပြပေါ့၊ အဲဒီ ပေါ်တူဂီဓားပြတွေဟာ သူတို့ရဲ့ ပင်လယ်ဓားပြရွာသစ်ကြီးကို စီးနင်းပြီး ပင်လယ်ပြင်မှာ ကိုယ်ခိုက်လုယက် စားသောက်လေ့ရှိပါတယ်၊ အဲဒီ ပင်လယ်ဓားပြ သင်္ဘော ကုန်းပတ်ပေါ်မှာတော့ အလွန်အင်မတန် ကြီးမားတဲ့ သစ်သားအရက်စည်တစ်လုံး ပါတတ်ရှိပါတယ်၊ ပင်လယ်ဓားပြတွေဟာ အားအားရှိရင် အဲဒီ အရက်စည်ကြီးထဲက အရက်တွေကို သူတို့မှာရှိတဲ့ တစ်ခဲသောက် အရက်အိုးကလေးတွေနဲ့ သွားရောက်ခပ်ယူပြီးသောက်နေတော့တာပါပဲ၊ ဒါကြောင့် ပင်လယ်ဓားပြတိုင်းလိုလို ခါးပတ်မှာ ဟာဒီလို လှံပင်းရှည်တဲ့ အရက်အိုးကလေးတွေ ချိတ်ထားလေ့ရှိပါတယ်၊ အချင်းချင်း စကားပြောလိုက် အရက်သောက်လိုက်၊ ကုန်ရင် သစ်သားစည်ကြီးထဲကသွားပြီး ခပ်ယူလိုက် လုပ်နေတော့တာပါပဲ။ စောစောက ရွှေဇင်လာ ပရိသတ်ကြီးကို ကျွန်တော် အစီရင်ခံခဲ့တဲ့အတိုင်း ဖီးလစ်ဒီပရုစ်တို့(ခ)ငဇင်ကာဟာ ပင်လယ်ဓားပြ ခေါင်းဆောင်တစ်ဦးဖြစ်ပါတယ်၊ ဟောဒီ ကျွန်တော့် လက်ထဲမှာ ကိုင်ထားတဲ့ ခဲနဲ့ လုပ်ထားတဲ့ ဟောဒီအိုးကလေးဟာ ငဇင်ကာ

ပင်လယ်ဓားပြဘဝတုန်းက ခါးမှာချိတ်ပြီး အသုက်သောက်ခဲ့တဲ့ အရက်အိုးကလေးပါဗျာ၊ ကျွန်တော် ဘယ်လိုရခဲ့သလဲ ဆိုတာ တည်(သန်လျင်)မှာ မျက်လှည့်သွားပြတုန်းက ငဇင်ကာကနေ စပြီး ရေတွက်မယ်ဆိုရင် ငါးဆက်မြောက် ဆိုတော့ သား၊ မြေး၊ မြစ်၊ တီ၊ ကျွတ်ဆိုပါတော့၊ ငဇင်ကာရဲ့ ကျွတ်မလေးနဲ့ ကျွန်တော်နဲ့ သမီးရည်းစားဖြစ်ခဲ့တယ်ဗျ၊ အဲဒီ ကျွတ်မလေးကနေ အထက်ကို ပြန်ပြီး ရေတွက်မယ်ဆိုရင် အဖေ၊ အဘိုး၊ ဘီ၊ ဘင်၊ ဘောင်၊ အဲဒီတော့ ငဇင်ကာဟာ ကျွန်တော့်ရည်းစား ကျွတ်မလေးရဲ့ ဘောင် တော်တယ်ဗျ"

ထိုအချိန်၌ ပရိသတ်သည် ဒေါခနဲ ရယ်မောကြလေ၏။ မျက်လှည့်ဆရာကလေးလည်း ပရိသတ်အား မချိုမချဉ်မျက်နှာဖြင့် ခေတ္တမျှကြည့်လိုက်ပြီးနောက် သူ၏စကားကို ဆက်၍ ပြောပြန်၏။

"ပေါ်တူဂီကျွတ်မလေးဟာ သွေ့ရွဲဘောင်ဖြစ်တဲ့ ငဇင်ကာ ပင်လယ်ဓားပြဘဝတုန်းက သောက်ခဲ့တဲ့ ဟောဒီအိုးကလေးကို ကျွန်တော့်ကို ချစ်လွန်းလို့ ပေးလိုက်တာ၊ ဒုပေမယ့် ဟောဒီအိုးကလေးထဲမှာ ဘာဆိုဘာမှ မပါဘူး၊ အိုးကလေးအတိုင်းပဲ၊ ဟောဒီမှာ ကြည့်...."

ဟု ဆိုကာ မျက်လှည့်ဆရာကလေးသည် သူ၏လက်တွင်းမှ အိုးကလေးကို ဇောက်ထိုးလုပ်ပြလေ၏။

အိုးကလေးမှာအိုးလွတ်ကလေးဖြစ်သောကြောင့် မည်သည့် အရာမျှ ထွက်ကျလာခြင်းမရှိပေ။ မျက်လှည့်ဆရာကလေးသည် သုံးချောင်းဘောက် ခုံကလေးပေါ်တွင် တင်ထားလော သူ၏

www.burmeseclassic.com

မျက်လှည့်တုတ်ကလေးကို ကောက်ယူကာ အိုးကလေးအတွင်းသို့ ထိုး၍ 'ဂလောက်....ဂလောက်'ဖြင့် မွှေပြလေ၏။ ပြီးလျှင် ၎င်းအိုးကလေးကို ပြန်၍ ထောင်ထားလိုက်၏။ တုတ်ကလေးကိုလည်း စားပွဲပေါ်၌ တင်ထားပြီးလျှင် ဖန်ခွက်တစ်လုံးကို ယူပြီး စကားပြောပြန်လေ၏။

"ကျွန်ုပ်ရဲ့ညီစား ပေါ်တူဂီ ကျွတ်မကလေးဟာ သူ့ရဲ့ ဘောင်ဇင်ကာ သောက်ခဲ့တဲ့ ဒီအရက်အိုးဟောင်းကလေးကို ပေးတာနဲ့ ပတ်သက်လို့ ရွှေပွဲလာ ပရိသတ်ကြီးကတော့ တစ်မျိုး ထင်မှာပဲနော်၊ မျက်လှည့် ဆရာ ကလေး ကိုတော့ ပေါ်တူဂီမလေးက သက်သက် ရယ်စရာလုပ်တယ်လို့ ထင်ချင် ထင်ကြလိမ့်မယ်၊ အဲဒီလိုဆင်ရင်တော့ မှားပြီးဟောဒီမှာကြည့်"

မျက်လှည့်ဆရာလေး၏ 'ဟောဒီမှာကြည့်'ဆိုသော စကား အဆုံး၌ သေတ္တာကလေး တစ်လုံးပေါ်တွင် ထိုင်နေသော မုတ်ဆိတ် ဖြူဖြူရှည်ရှည်ကြီး ရှိသော အဘိုးကြီးက ဘင်နှင့် လင်းကွင်းကို ပြိုင်တူ နှက်လိုက်သောကြောင့်....

"ဒိန်း....ချပ်"

ဟူသော အသံကြီး ထွက်ပေါ်လာ၏။

မျက်လှည့်ဆရာကလေးသည် ဖန်ခွက်နှင့် အိုး၏နှုတ်ခမ်းကိုတွေ့၍ လောင်းချလိုက်ရာ စောစောက ဘာမျှမရှိသော အိုးလွတ်ကလေးအတွင်းမှ ပယင်းရောင် အရည်များ တသွင်သွင် စီးကျလာလေ၏။

မုတ်ဆိတ်ဖြူ အဘိုးကြီးလည်း ဘင်နှင့် လင်းကွင်းကို ဆက်စိုက် တီးနေလေတော့၏။

"ဒိန်း....ချပ်....ဒိန်း....ချပ်....ဒိန်း....ချပ်"

"ဟိုး....."

ဟု မျက်လှည့်ဆရာကလေးက အော်လိုက်မှ ဘင်သံရပ်သွားလေတော့၏။ ထိုအခါ၌ မျက်လှည့်ဆရာကလေးသည် စကားပြောပြန်လေ၏။

"ဖန်ခွက်ထဲမှာ ပယင်းရောင်တွေ ရောက်လာပြီ၊ ရေနွေးကြမ်းတွေလို့ မထင်နဲ့နော်၊ ဟောဒီမှာကြည့်"

ဟု ဆိုကာ ပတ်ပတ်လည်ဝိုင်းထားသော ပရိသတ်များဆီသို့ သွားရောက်ကာ နှာခေါင်းဝမျှားဆီသို့ သူ၏ ဖန်ခွက်ကို လိုက်၍လိုက်၍ ပြလေ၏။

ပရိသတ်ကြီးသည် 'အရက်' ဟူ၍ လည်းကောင်း၊ 'ရှမ်' ဟူ၍လည်းကောင်း၊ 'ဝီစကီ'ဟူ၍ လည်းကောင်း အမျိုးမျိုး အဖုံဖုံ ပြောဆိုကြလေ၏။

ထိုအခါ မျက်လှည့်ဆရာလေးက စကားကို ဆက်၍ပြောပြန်၏။

'ပင်လယ်ခားပြေ ဘောင်ကာဟာ ကျွန်တော့် ရည်းစားပေါ်တူဂီကျွတ်မလေးရဲ့ ဘောင်တော်တယ်ဆိုတာ သိကြပြီပေါ့၊ အဲဒီဘောင်ကာဟာ ကျွန်တော်တို့ မြန်မာပြည်ကို ရောက်လာပြီး တညင့်(သန်လျင်)မှာ အခြေချပါတယ်၊ ခုနောက်တော့ သူဟာ တညင့် (သန်လျင်) မြို့စားတောင် ဖြစ်လာပါတယ်၊ ပင်လယ်ခားပြေဆိုတော့ လေဘကြီးတယ်ဗျ၊ မြို့စားလောက်နဲ့ အားမရနိုင်ဘူး၊ အဲဒီတော့ တောင်ငူက နတ်သျှင်နေဘုန်းပေါင်းပြီး အနောက်ဘက်လွန် မင်းတရားကြီးကို ပုန်စား

www.burmeseclassic.com

www.burmeseclassic.com

ပုန်ကန် ပြုတော့တာပဲဗျို့၊ အဲဒီအခါမှာ အနောက်ဘက်လွန် မင်းဘရားကြီးကိုယ်တိုင် ကြည်းကြောင်း၊ ရေကြောင်းနဲ့တက် ပြီး တည်ငံ (သန်လျင်)ကို သိမ်းယူတော်မူတယ်၊ နတ်သျှင် နောင်နဲ့ ဇေင်ကာကိုလဲ လက်ရဖမ်းဆီးပြီး သဲကန္တာရ၌ (၉၇၄) ခု၊ တန်ခူးလဆန်း (၉)ရက် ကြာသပတေးနေ့၊ နံနက် ဆွမ်းခံ ပြန်ချိန်မှာ လမ်းဆုံလမ်းခွ လမ်းလေးဝမှာ တံကျင်လျှို့ပြီး ကွပ်မျက်တော်မူလိုက်တယ်၊ အဲဒီမှာ ကျန်တော်ရည်းစားခဲ့ အောင်ကြီးဟာ မာလကီးရား သွားတော့တာပါပဲ၊ ဒါပေ မယ့် သူသောက်တဲ့ အရက်ကိုတော့ ကျန်တော် နေ့တိုင်း သောက်နေရတယ်၊ အခုလဲ ဖန်ခွက်ထဲကို နှစ်ပက်ရောက်နေ ပြီ၊ ဒါပေမယ့် အလုပ်လုပ်တုန်း သောက်လို့တော့ မသင့်ဘာ ပေးဘူး၊ မျက်လှည့်ဝိုင်းသိမ်းမှ သောက်ရမယ်"

ဟု ဆိုကာ မျက်လှည့်ဆရာကလေးသည် ပေါ်တူဂီအရက် အိုးကလေး အတွင်းသို့ အရက်များကို ပြန်လည်၍ လောင်း ထည့်လိုက်လေ၏၊ ထိုသို့ လောင်းထည့်ပြီးသည်နှင့် ဖန်ခွက် စားပွဲခုံပေါ်သို့ ပြန်၍ဆားလိုက်ပြီးလျှင် အရက်အိုးကလေး ကို မှောက်၍ပြလိုက်ရာ အိုးကလေးအတွင်းမှ အရက်ဟူ၍ တစ်စက်တစလေမျှပင် ထွက်ကျလာခြင်း မရှိသည်ကို မြင်ရ လျှင် ပရိသတ်သည် အံ့သြလွန်း၍ လက်ခုပ်လက်ဝါးတီးကြ လေတော့၏။

"ခြောင်း....ခြောင်း....ခြောင်း....ခြောင်း"

ဘင်တီးသမား မုတ်ဆိတ်ဖြူကြီးလည်း "ဒိန်းချပ်....ဒိန်းချပ်" နှင့် ဘင်ကိုတီးလေတော့၏။

မျက်လှည့်ဆရာကလေးသည် သူ၏ဦးထုပ်ကို ချွတ်ကာ ဦးထုပ်ကိုလှန်၍ ပရိသတ်ထံတွင် အလှူခံလေတော့၏။

မျက်လှည့်ကြည့် ပရိသတ်လည်း သဘောကျသည်ဖြစ်၍ ဦးထုပ်အတွင်းသို့ ပိုက်ဆံများ ဝိုင်း၍ ထည့်ကြလေ၏။ ထို့ နောက်တွင်ကား မျက်လှည့်ဆရာကလေးသည် မျက်လှည့်ဝိုင်း ကို သိမ်းလိုက်လေ၏။

"မျက်လှည့်ဝိုင်း သိမ်းပါပြီ ခင်ဗျာ"

ဟု ကြေညာလိုက်လျှင် ပရိသတ်လည်း ပြန်လေတော့၏။ ထိုအခါ၌ မျက်လှည့်ဆရာကလေးက....

"မျက်လှည့်ဝိုင်းသိမ်းပြီဆိုတော့ အရက်သောက်လို့ ရပြီ"

တဲ့ ပြောပြီးလျှင် စားပွဲပေါ်မှ ဖန်ခွက်ကိုယူ၍ ပေါ်တူဂီ အရက်အိုးကလေးကို မှောက်ချလိုက်ပြန်ရာ အရက်များသည် ဖန်ခွက်အတွင်းသို့ တစ်ဖန်ထွက်ကျ၍ လာပြန်၏။ ထိုအခါ မျက်လှည့်ဆရာကလေးက....

"မျက်လှည့်ပြတာ မဟုတ်ပါဘူး၊ မျက်လှည့်ဝိုင်းက ပြီးပြီ၊ အခု ကျန်တော် အရက်သောက်မလို့ ငွေတာ"

ဟု ပြောပြီးလျှင် ဖန်ခွက်အတွင်းမှအရက်များကို ရယ်ရယ် မောမောနှင့် မော့ချလိုက်လေတော့၏။ ထိုအခါမှပင် မျက်လှည့် ဆရာသည် အော်ဟစ်ရယ်မောကာ ပြန်သွားကြလေ ကုန်သတည်း။

www.burmeseclassic.com

www.burmeseclassic.com

အပျင်းစည်း နေပြင်စည်း

မျက်လှည့်ဝိုင်း သိမ်းပြီးသောအခါ၌ မျက်လှည့် ဆရာကလေးသည် သူ၏ မျက်လှည့် သေတ္တာနှစ်လုံးကို အနီးရှိ ကုက္ကိုပင်ရိပ်အောက်သို့ ရွှေ့လိုက်လေ၏။

မုတ်ဆိတ်ဖြူကြီးနှင့် ဘင်ဝိုင်းကြီးကိုလည်း သစ်ပင်ရိပ်အောက်သို့ ရွှေ့လေ၏။ ထို့နောက် မျက်လှည့် ဆရာကလေးသည် စျေးအနီး ထမင်းဆိုင်သို့သွားကာ ထမင်းထုပ် နှစ်ထုပ် ဝယ်ယူခဲ့လေ၏။

"ကဲ....အဘိုး၊ ဆာပြီမဟုတ်လား၊ အဘိုးကြိုက်တဲ့ ဆိတ်သားဆီပြန်ဟင်းနဲ့ ဝယ်ခဲ့တယ်၊ ထမင်းထုပ်ထဲမှာ တို့စရာရွေ့ငါးပိကြော်ရော ပါတယ်၊ နေဦး....နေဦး....ရေပုလင်း လုပ်လိုက်ဦးမယ်၊ အဘိုး ဖယ်ဆေးဖို့"

www.burmeseclassic.com

တို့ ဆိုကာ သေတ္တာအတွင်းမှ ရေပုလင်းတစ်လုံးကိုထုတ်၍ အဘိုးကြီးအား လက်ဆေးပေးလေ၏။

အဘိုးကြီး လက်ဆေးပြီးသောအခါ၌ ၎င်းလည်း လက်ဆေးလေ၏။ ပြီးလျှင် ထမင်းထုပ်များဖြေကာ နှစ်ယောက်သား ထမင်းစားကြလေတော့၏။

အဘိုးကြီးသည် ဆိတ်သားဆီပြန်နှင့် ထမင်းကို မြိန်ရှက်စွာ စားသောက်နေ၏။

"အဘိုး.....ကျွန်တော့်မှာ ထမင်းတွေ့ ပိုနေတယ်၊ ယူဦးမလား"

ဟု မေး၏။ အဘိုးကြီးက ခေါင်းကိုခါပြလေ၏။

"တော်ပြီကွ.....မယူတော့ဘူး၊ ဒီတစ်ထုပ်ဟာ ငါ့အတွက် အနေတော်ပဲ၊ ပိုလဲမပို့ဘူး၊ လိုလဲ မလိုဘူး"

ဟု မှတ်ဆိတ်ဖြူအဘိုးကြီးက ပြောလေ၏။

မြေးအဘိုး နှစ်ယောက်သည် ထမင်းစားပြီးသောအခါ၌ သစ်ပင်အောက်၌ တာပေါ်လင်ပြား အတောင်းကလေးကို ခင်းကာ လဲလျောင်းကြလေ၏။ အဘိုးကြီးက ဆေးတံကောက်ကြီးကိုခဲရင်း လဲလျောင်းနေလေ၏။ မျက်လှည့်ဆရာကလေးကမူ သံဘူးကလေးတစ်ဘူးကို ဆုတ်၍ အတွင်းမှ ဆေးမှုန့်အချို့နှင့်စက္ကူပါးတစ်ရွက်ကိုထုတ်ယူကာ စီးကရက်ပုံသဏ္ဌာန် စက္ကူပတ်ချုံးဆေးလိပ်ကလေးတစ်လိပ် လိပ်လိုက်လေ၏။

ထိုသို့ပြီးလျှင် မီးညှိရှို့က်ဖွာကာ တာပေါ်လင်ပြားပေါ်သို့ ပက်လက်လှန်ချလိုက်လေ၏။ ထို့နောက် မျက်လှည့်ဆရာကလေးက....

"အဘိုးနားဖို့ အချိန်တော်ပြီ၊ ဘာပဲဖြစ်ဖြစ် ကျွန်တော် ကြိုးစားပြီး ပိုက်ဆံရှာမယ်၊ အဲဒီငွေနဲ့ အဘိုးနေဖို့ ပျဉ်ထောင် အိမ်ကလေးတော့ ကျွန်တော်ဝယ်မယ်"

ဟု မျက်လှည့်ဆရာကလေးက ပြောလိုက်လေ၏။ ထိုစကားကို ကြားလျှင် မုတ်ဆိတ်ဖြူ အဘိုးကြီးသည် လွန်စွာ စိတ်ဆိုးသွားလေ၏။

ထို့ကြောင့် မုတ်ဆိတ်ဖြူ အဘိုးကြီးက....

"ဟေ့ကောင်....အိုးထိန်း၊ မင်း ငါ့မျက်နှာကို သေသေချာချာ ကြည့်စမ်း၊ ငါ့ကိုမျှား မင်းက အိမ်နဲ့ရာနဲ့နေရလောက်အောင် အောက်တန်းကျတဲ့ ကောင်များ အောက်မေ့နေလို့လား၊ မသေမချင်း မှတ်ထား၊ တယ်လောက်ပဲ ဒုက္ခရောက်ရောက် အိမ်နဲ့ရာနဲ့တော့ မနေဘူးကွ"

ဟု ကြိမ်းမောင်းလိုက်လျှင် မျက်လှည့်ဆရာကလေးသည် အဘိုး၏စကားကြောင့် အံ့သြလွန်းမက အံ့သြသွားသည်ဖြစ်ရာ သက်ရှည်ခေးဝေး မပြောနိုင်တော့ဘဲ 'ဗျာ....' ဟုသာ ရေရွတ်နိုင်လေတော့၏။

ထို့နောက်မှ မျက်လှည့်ဆရာကလေး အိုးထိန်းက....

"မသိလို့ခမေးပါရစေဦး အဘိုးရယ်၊ လမ်းပေါ်အိပ်၊ လမ်းပေါ်စား နေနေရတဲ့ ကျွန်တော်တို့ မြေးအဘိုးက အောက်ခန်းကျတာလား၊ အိုးနဲ့အိမ်နဲ့ နေနေရတဲ့လူတွေက အောက်ခန်းကျတာလား"

ဟု ပြန်၍မေးလိုက်လေ၏။

www.burmeseclassic.com

www.burmeseclassic.com

"ဟေ့ကောင်....အိုးထိန်း၊ မသေမချင်း မှတ်ထား၊ လင်းပေါ်မှာ နေနေရတဲ့ ငါတို့က အောက်တန်းမကျဘူးကွ၊ အိုးနဲ့ အိမ်နဲ့နေနေတဲ့ လူတွေက အောက်တန်းကျတာ"

ဟု အဘိုးကြီးက ပြန်၍ ပြောလေ၏။

"တကယ်ပဲလား အဘိုးရယ်"

ဟု အိုးထိန်းက ပြန်၍မေးပြန်လေ၏။

"တကယ်ပေါ့ကွ....မင်း တစ်ခုစဉ်းစားကြည့်လေ၊ အိမ်နဲ့ နေတဲ့လူနဲ့ ငါတို့နဲ့ ဘာကွာသလဲ၊ သိလား၊ အိမ်နဲ့နေတဲ့ လူဟာ သူ့အိမ်ဟာ ဘယ်လောက်ပဲကြီးကြီး၊ အခင်းကြမ်းပြင်ဟာ ငါတို့လောက် မကြီးနိုင်ဘူး၊ သူတို့ရဲ့အိမ်ဟာ ကြီးပါတယ်ဆိုရင် အခင်းဟာ ပေါင်းဆယ် ပတ်လည်ပဲ ရှိမယ်၊ ငါတို့ရဲ့ အိမ်ဟာ ကမ္ဘာလောက်ကြီးကွ၊ အခင်းဟာ မဟာ ပထဝီမြေကြီးကွ၊ အမိုးဟာ မိုးကောင်းကင်ကွ၊ အကာဟာ ရာသီဥတုကွ၊ တို့အိမ်လောက် သူတို့အိမ်တွေဟာ ဘယ်ကြီးနိုင်မလဲ"

ဟု အဘိုးကြီးက ပြောလိုက်ရာ အိုးထိန်းသည် သဘောကျ၍ ခစ်ခနဲ ရယ်မောလိုက်လေ၏။

ထို့နောက် အိုးထိန်းက....

"ကျွန်တော်တို့က သူတို့ထက် သာတဲ့ အချက် ဘာများ ရှိသေးလဲ အဘိုးရဲ့"

ဟု မေးလိုက်လေ၏။

"သာတဲ့အချက်တွေ အများကြီးပဲ၊ အဲဒီအများကြီးထဲက မင်းကို ခုနစ်ချက်ပဲ ပြောပြမယ်၊ အိုးနဲ့ အိမ်နဲ့နေတဲ့လူတွေက

ရုပ်နဲ့ ရွှာနဲ့ ခေနရတာဆိုတော့ သူကြီးနဲ့ ဆယ်အိမ်ခေါင်းရဲ့ အမိန့်ကို နာခံရဖာယ်၊ တို့က နာခံဖို့မလိုဘူး၊ ပြီးတော့ ရုပ်ရေးရွာရေးမှာ သူတို့အဖို့ ရှုပ်ထွေးတယ်၊ တို့အဖို့က ဒါကို ဆည်စည်းစားစရာ မလိုဘူး၊ ပြီးတော့ ဘယ်မြို့ ဘယ်ရပ်ကွက် မီးလောင်လို့ ဘယ်သူ့အိမ်ပါသွားတယ်ဆိုပြီး သူတို့ဟာ မီးဘေးဒုက္ခသည်ဖြစ်ဖို့ရှိတယ်၊ တို့အဖို့တော့ မီးဘေးဒုက္ခသည်ဖြစ်ဖို့ မရှိဘူး၊ ပြီးတော့ ဘယ်မြို့သား ဘယ်နယ်သားဆိုပြီး ဘဝင်မြင့်တဲ့ ရောဂါတွေအသီးသီးဖြစ်နိုင်တယ်၊ တို့မှာ အဲဒီရောဂါ မရှိဘူး၊ ကိုယ့်အိမ်ရာဆိုပြီး သူတို့မှာ ကျဉ်းမြောင်းတဲ့ စိတ် ဓာတ်ရှိတယ်၊ တို့မှာ ကမ္ဘာလောက်ကြီးက အိမ်ဆိုတော့ အဲဒီလို ကျဉ်းမြောင်းတဲ့ စိတ်ဓာတ်မရှိဘူး၊ သူတို့မှာ ဧဒေသစွဲတဲ့ ရုပ်စွဲ ရွာစွဲတွေရှိတယ်၊ တို့မှာ မရှိဘူး၊ တို့မှာ အဲဒီလို ရုပ်ရွာနဲ့ပတ်သက်တဲ့ သင်္ကာယဒိဋ္ဌိတွေ အလိုလို ပြုတ်ပြီးသားဖြစ်နေတယ်၊ သူတို့ရဲ့ နေထိုင်မှုအဝန်းတာ တည်ငြိမ်တယ်၊ တို့က လှုပ်ရှားတယ်၊ လှုပ်ရှားတယ်ဆိုတာ နှင်းသန် နိုးကြားတာနဲ့ အတူတူပဲ၊ ငါတို့ဟာ အနုပ်နုပ်အရုပ်ရပ်မှာ မွေးဖွားပြီး အနုပ်နုပ်အရုပ်ရုပ်မှာ ရှင်သန်တယ်၊ ဖြီးတော့ အနုပ်နုပ်အရုပ်ရပ်မှာ သေကြေတယ်၊ ဘယ်လောက် အဓိပ္ပာယ်ပြည့်ဝသလဲ၊ သူတို့တွေရဲ့ဘဝကတော့ ဒီရွာမှာနေပြီး ဒီရွာမှာပဲ သေကြရတာ၊ သနားဖို့ ကောင်းလိုက်တာ မောင်အိုးထိန်းရာ အဲဒါကြောင့် မင်းကို တစ်ခါတည်း ပြောမယ်၊ အိမ်နဲ့ မိန်းမကို ဘယ်တော့မှ သွားပြီး မကြိုက်နဲ့၊ သွားပြီး ကြိုက်မိရင် အဲဒီမိန်းမနဲ့ ညားပြီး အိမ်မောက်ရောက်သွားမှမှ၊ မင်းရဲ့ လွတ်

www.burmeseclassic.com

www.burmeseclassic.com

လပ်တဲ့ဘဝလေး ဆုံးရှုံးသွားမယ်၊ မိန်းမရတာနဲ့ အဲဒီအိမ်ထဲမှာ ထောင်ကျသလို ဖြစ်သွားမယ်၊ အဲဒါကြောင့် အိမ်ထောင်ကျ တယ်လို့ ပြောတာပေါ့၊ တကယ်လို့ အိမ်ရာနဲ့ မိန်းမကို ကြိုက်မိရင်လဲ သူ့ကို လမ်းပေါ်မှာရောက်အောင် ခေါ်နိုင်မယ်၊ ကျယ်ပြော လှတ်လပ်တဲ့ ဘဝအရသာကို သူ့ကို ပေးစွမ်းရမယ် လူကလေး၊ လမ်းပေါ်မှာမွေး၊ လမ်းပေါ်မှာကြီးပြီး လမ်းပေါ်မှာ နေရတဲ့ တို့ရဲ့ဘဝဟာ ပျော်စရာအတိပါ လူကလေးရယ်၊ လူရဲ့ပင်ကိုသဘာဝဟာ အိမ်မှာနေတဲ့ သဘာဝမဟုတ်ဘူးကွ၊ အပြင်မှာနေတဲ့ သဘာဝ၊ ဒါကြောင့် တချို့ကလေးတွေ အိမ်က ထွက်ပြေးတာပေါ့ကွ၊ ဘယ်အခိုင်းမှာ ထွက်ပြေးသလဲဆိုရင် အိမ်ဆိုတာ ကျဉ်းကျပ်တယ်၊ အပြင်မှာ လေးကဟာ့ ကျယ်ပြောတယ်လို့ စိတ်က ပေါ်ပေါက်လာတဲ့အချိန်မှာ ပြေးတော့တာပဲကွ၊ လူရဲ့ ပင်ကိုစိတ်ဟာ အိမ်နဲ့ရာနဲ့ စိတ်မဟုတ်ဘူးကွ၊ အိမ်နဲ့ရာနဲ့နေတဲ့စိတ်ဟာ ပကတိ စိတ်မဟုတ်ဘူးကွ၊ မွန်းမံသားတဲ့စိတ်ပဲကွ"

ဟု မုတ်ဆိတ်ဖြူကြီးက ပြောပြလိုက်ရာ အိုးထိန်းသည် သဘောကျလွန်း၍ တဟဲဟဲရယ်လေ၏၊

ထို့နောက် အိုးထိန်းသည် ဆေးလိပ်ကို မီးသတ်၍ လွှင့်ပစ်လိုက်လေ၏။ ပြီးလျှင် အိုးထိန်းက...

"နေပါဦး အဘိုးရယ်၊ အဘိုးတို့အထက်ကလူတွေကော ဒီလိုပဲ လမ်းပေါ်မှာ ကျင်လည် ကျက်စားခဲ့ကြတာလား"

ဟု မေးလိုက်လေ၏၊

"လူကလေးက အဘိုးတို့ လာရာသမိုင်းကို သိချင်လာပြီကိုး၊ မင်းအနေနဲ့ သိချင်သည် ဖြစ်စေ မသိချင်သည် ဖြစ်စေ ပြောပြရမယ့်အရွယ်ကို ရောက်လာပါပြီကွာ"

ဟု ဆိုကာ အဘိုးကြီးသည် လဲလျောင်းနေရာမှထ၍ ထိုင်လိုက်လေ၏။ လူငယ်လည်း ထိုင်လိုက်လေ၏။ ထိုအခါ အဘိုးကြီးက....

"ဒီလိုကွယ်....လွန်ခဲ့တဲ့ နှစ်ပေါင်း သုံးထောင်ကျော် လေးဆောင်လောက်တုန်းက ပြည်မြို့ရဲ့ အနောက်ဘက်ကမ်းမှာ သက်သာရွှေပြည်ကြီး ရှိခဲ့တယ်ကွယ့်၊ တိုင်းကြီးပြည်ကြီး တစ်ခုပါပဲ၊ အဲဒီသက်သာပြည်ကြီး ကောင်းစားတဲ့အချိန်မှာ ပုဂံပြည်တောင် မပေါ်သေးဘူး၊ ပုဂံထက်စောတဲ့ သရေခေတ္တရာသဲ မပေါ်သေးဘူး၊ မဇ္ဈိမမှာ ဂေါတမမြတ်စွာဘုရားတောင် ပွင့်သေးဘူး၊ အဲဒီအချိန်လောက်ကတည်းက လမ်းပေါ်မှာ ကျက်စားတဲ့ ငါတို့မျိုးနွယ်စုကြီးဟာ ရှိနေပြီကွ၊ အမှန်ကတော့ ဒီထက်စောတဲ့ သမိုင်းကြောင်းဟာ ရှိချင်ရှိနေမယ်၊ ငါ မသိဘူး၊ ငါ သိတဲ့အချိန်ကစပြီး ပြောတာ"

ဟု မုတ်ဆိတ်ဖြူ အဘိုးကြီးက ပြောလိုက်ရာ အိုးထိန်းက....

"နှစ်ပေါင်း သုံးထောင်ကျော် လေးထောင် ဆိုတော့ အတော်ကို ကြာပြီပေါ့နော်၊ အတော်ကို ကြာတဲ့ အချိန်ဘဲကြာကြာ တို့မျိုးနွယ်စုကြီး ရှိနေခဲ့ပြီပေါ့နော်"

ဟု ပြောလိုက်လေ၏။

BURMESE CLASSIC .com

www.burmeseclassic.com

"အဘိုး စောစောက ပြောတဲ့အတိုင်း နှစ်ပေါင်း သုံးထောင်ကျော် လေးထောင်နီးပါးလောက်မှာ ဆောဝတီမြစ်ရဲ့ အနောက်ကမ်းမှာ သက်သာနိုင်ငံတော်ကြီး ရှိနေပြီကွယ့် အဲဒီ သက်သာနိုင်ငံတော်ကြီးကို ရှေးဟောင်း ရာဇဝင်ကျမ်းတွေမှာ သက်ယာပန်းတောင်းလို့ ရေးကြတာပေါ့ကွာ၊ အဲဒီ ပန်းတောင်းဆိုတာက အခု အမျှားသူငါ သိနေကြတဲ့ 'ပဒောင်း'မြို့ကို ခေါ်ပြောတာကွ၊ အဲဒီအချိန်လောက်မှာ အရပ်ရပ် အနယ်နယ်ကို လှည့်လည် သွားလာ လုပ်ကိုင်စားသောက်နေကြတဲ့ မျိုးနွယ်စုတစ်ခု ရှိခဲ့တယ်၊ အဲဒီမျိုးနွယ်စုမှာ အိုးပုံအိမ်ဖိုင်ရယ်လို့ မထားကြဘူး၊ ကိုယ့်အုပ်စုနဲ့ကိုယ် ခြေဦးတည့်ရာ သွားလာ လုပ်ကိုင်စားသောက်ကြတယ် ဆိုပါတော့၊ အဲဒီ လူစုဟာ ဘယ်ခေတ်ကတည်းက ပေါ်ပေါက်နေတယ်လို့တော့ မပြောနိုင်ဘူး၊ သက်သာနိုင်ငံအောက်ကြီး ကောင်းစားတဲ့အခေါ်မှာ အဲဒီလူစုဟာ ခိုင်ခိုင်မာမာရှိနေကြပြီ၊ အဲဒီလူစု နေထိုင်ပုံ၊ စားပုံ၊ ကြံပုံ၊ ပြုမူလုပ်ရှားပုံဟာ အခုခေတ် ဥရောပတိုက်မှာ ခေတ်စားတဲ့ ဂျစ်ပစီတွေနဲ့ တော်တော်ကို တူတယ်ကွ"

ဟု မုတ်ဆိတ်ဖြူ အဘိုးကြီးက ပြောလိုက်လေ၏။

"မြန်မာပြည်မှာ အခြေကျနေတဲ့ ဂျစ်ပစီတွေများလား အဘိုးရယ်"

ဟု အိုးထိန်းက မေးလိုက်လေ၏။

"မပြောတတ်ဘူး လူကလေး၊ မင်း ပြောသလို ဟုတ်ခွင့်ရှိပါတယ်၊ မဟုတ်ခွင့်လဲ မဟုတ်ဘူးပေါ့ကွာ"

ဟု အဘိုးကြီးက ပြန်ရှင်းပြလေ၏။

"ထားပါတော့ အဘိုးရယ်၊ စောစောက သက်သာနိုင်ငံတော်ကြီး စည်ပင်ဖွံ့ဖြိုးတဲ့ခေတ်ကအကြောင်းကို ဆက်ပြီး ပြောပါဦး"

ဟု အိုးထိန်းက ပြောလိုက်လေ၏။

ထိုအခါ အဘိုးကြီးသည် တံတွေးကို မြိုချခဲ့ထွေးလိုက်ပြီးလျှင်....

"အဲဒီတုန်းက ငါတို့မျိုးနွယ်စုကြီးမှာ အထိမ်းအမှတ်တစ်ခု ရှိတယ်ကွ၊ အဲဒီအထိမ်းအမှတ်က ဘာလဲဆိုတော့ လည်ပင်းရှည်တဲ့ အိုးကလေးတစ်လုံးမှာ ကြိုးကလေးနှစ်စ ခေါက်တုပ်ချည်ပြီး ချထားတဲ့ တံဆိပ်ပဲကွ၊ ငါတို့ရဲ့အသုံးအဆောင် ပစ္စည်းတွေမှာ အဲဒီတံဆိပ်ကလေးပါအောင် ပြုလုပ်လေ့ ရှိတယ်၊ ခိုးမတွေ့လဲပဲ ဆွဲပြေးတွေ့ဘာတွေလုပ်ရင် အဲဒီတံဆိပ်ကလေးပါအောင် သုပ်တယ်ကွ၊ တို့ဟာ ခရီးသွားတဲ့အခါ မြင်းရထားတွေ၊ မြင်းလှည်းတွေ သုံးလေ့ရှိတယ်၊ အဲဒီ မြင်းရထားတွေ၊ မြင်းလှည်းတွေရဲ့ အမိုးမှာလဲ ကြိုးချည်ထားတဲ့ အိုးကလေးပုံအမြဲတမ်း ရေးထားလေ့ရှိတယ်၊ အဲဒီတံဆိပ်ကလေးကို မြင်တာနဲ့ ကျန်တဲ့လူတွေက အိုးခြေအိမ်ခြေမဲ့ လူစုလို့ နားလည်တယ်ကွ၊ တို့လူစုကိုလဲ အိုးနဲ့အိမ်နဲ့နေတဲ့လူတွေက အတော်ကို အထင်သေးပုံရတယ်၊ သူတို့အချင်းချင်း တစ်စုံတစ်ယောက်က မဟုတ်မဟတ်လုပ်နေပြီဆိုရင် ကျန်တဲ့လူက 'ကိုယ့်လူ ကောင်းကောင်းလုပ်၊ အိုးလုပ်ကြီးလုပ် မလုပ်နဲ့'လို့ သတိပေးလေ့ရှိတယ်၊ ဒီစကားဟာ အခုန်ရှည်လာပြီကွ၊ အခုခေတ်မှာမေ့

BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com

တခ္ဆျိုအရပ်တွေမှာ အိုးလုပ်ကြိုးလုပ်လို့ မပြော တော့ ဘူး၊ 'မိုးလုပ်ချိုးလုပ် မလုပ်နဲ့' လို့ ပြောင်းလဲပြီး သုံးနှုန်းနေတာတွေ့ ကြားဖူးတယ်ကွ"

ဟူ အဘိုးကြီးက ပြောလေ၏။

ထိုအခါ အိုးထိန်းက....

"ကျွန်တော်လဲ အဲဒါကို ကြားဖူးတယ် အဘိုး"

ဟု ဝင်၍ထောက်လိုက်လေ၏။

"ဒါတင်မဟုတ်သေးဘူးကွ၊ စကားပြောတဲ့ အခါမှာလဲ 'အိုးပြောကြိုးပြော မပြောနဲ့' လို့ ငါတို့မျိုးနွယ်စုကို နှိမ်ပြီး ပြောတဲ့စကား ရှိတယ်၊ အဲဒါကို အခုအချိန်မှာအထိ 'မိုးပြော ချိုးပြော မပြောနဲ့' ဆိုတဲ့ စကားနဲ့ ဖလှယ်ပြီးပြောနေတာတွေ့ ကြားနေရတယ်"

ဟု အဘိုးကြီးကပြောလိုက်လျှင် အိုးထိန်းသည် သဘော ကျ၍ တခစ်ခစ်ရယ်မောလေတော့၏။

ထို့နောက် အိုးထိန်းက....

"နေပါဦး အဘိုးရယ်၊ ကျွန်တော်တို့ မျိုးနွယ်စုတွေဟာ တာကြောင့်မျှား အိုးမှာ ကြိုးကလေးချည်ထားတဲ့ တံဆိပ်ကို အသုံးပြုရတာလဲ"

ဟု မေးလိုက်လေ၏။

"မင်း မေးတာကို အဘိုးအနေနဲ့ အတိအကျတော့မပြော နိုင်ဘူးကွ၊ ဒါပေမယ့် စဉ်းစားလို့ရတာ တစ်ခုကတော့ အိုး ဆိုတာ တစ်စုံတစ်ခုကို ထည့်ထားတာ၊ သိမ်းပိုက်ထားတာလဲ အဲဒီလို ထည့်ထားတာ၊ သိမ်းပိုက်ထားတဲ့နေရာမှာလဲ တန်ဖိုး

သူ့ မမြင်ရအောင် လုံခြုံအောင် ကာကွယ်ထားစဲ့သဘော ရှိတယ်ကွ၊ ပြီးတော့ ကြိုးဆိုတာဟာလဲ သိမ်းပိုက်ထားတာ၊ ချည်နှောင်ထားတာပဲ မဟုတ်လား၊ ဒါပေမယ့် ကြိုးရဲ့သိမ်းပိုက်ပုံ၊ ချည်ပုံ၊ နှောင်ပုံကတော့ တစ်ပါးသူ မြင်နိုင်တယ်၊ အဲဒီတော့ကွာ အိုးလဲသိမ်းပိုက်တဲ့သဘောပဲ၊ ကြိုးလဲဆိမ်းပိုက်တဲ့သဘောပဲ၊ ဒါပေမယ့် အိုးက ပိုပြီးအတွင်းပိုင်းကကျ သိမ်းပိုက်တယ်၊ ကြိုးရဲ့သိမ်းပိုက်ပုံကတော့ အပြင်ပန်းကကျ သိမ်းပိုက်တယ်ဆပါကွာ၊ ငါတို့ မျိုးနွယ်စုတွေမှာ အဲဒီ သဘောကို အခေးအနက်ထားတာတွေ တွေ့နေရတယ်၊ ဥပမာ-ငါတို့ မျိုးနွယ်စုထဲက ဆေးဆရာတစ်ဦးဆိုပါတော့ကွာ၊ သူဆီမှာ တပည့်နှစ်ယောက်ရှိတယ် ဆိုကြပါစို့၊ အဲဒီတပည့်နှစ်ဦးကလဲ တစ်ဦးက မျိုးနွယ်စုထဲကဖြစ်ပြီး ကျန်တစ်ဦးက အပြင်လူ ဖြစ်နေတယ် ဆိုပါတော့၊ အဲဒီအခါမှာ ဆေးဆရာဟာ တပည့် နှစ်ဦးစလုံးကို ပညာသင်ပေးတာတော့ မှန်တယ်၊ ဒါပေမယ့် မျိုးနွယ်စုထဲက တပည့်ကိုတော့ အရေးကြီးတဲ့လျှို့ဝှက်ချက်တွေ ဆုတ်ပေးပြီး သင်လေ့ရှိတယ်၊ အပြင်ကနေ လာသင်တဲ့တပည့် ကိုတော့ သင်တော့သင်မေးတယ်၊ ဒါပေမယ့် လျှို့ဝှက်ချက်စတာ မပြလိုက်ဘူး၊ အဲဒါဟာ လွန်ခဲ့တဲ့ နှစ်ပေါင်းလေးထောင် လောက်ကဆုန်းက ငါတို့လူမျိုးစု လိုက်နာကျင့်သုံးလာတဲ့ ဥပဒေကွ၊ စည်းကိုလဲ နှစ်စည်းထားတယ်၊ တစ်စည်းက အတွင်းစည်း၊ ကျန်တစ်စည်းက အပြင်စည်းပေါ့ကွာ၊ အင်္ဂလိပ် လို ဆိုရင် (Esoteric) 'အစောတရစ်' အတွင်းစည်း ရယ်လို့ ခေါ်တယ်ကွ၊ ငါတို့ ခြေသလုံးအိမ်ထိုင်နေတဲ့မျိုးနွယ်စု

www.burmeseclassic.com

တွေဟာ နှစ်ပေါင်းများစွာ အဲဒီစည်းကို ထိန်းသိမ်းလာခဲ့တယ်၊ ဒါကြောင့် မင်း မေးတဲ့ အိုးနဲ့ကြိုးကလေးကို တံဆိပ်အဖြစ် သတ်မှတ်တာဟာ အဲဒီအစီပွာယ် ဖြစ် လိမ့် မယ်၊ ဒီတံဆိပ်ကို စဉ်းစားပြီး သတ်မှတ်ခဲ့တဲ့လူဟာ ငါတို့မျိုးနွယ်စုထဲက အတွင်းကို စဉ်းစားညာကြံတဲ့လူတစ်ယောက် ဖြစ် လိမ့်မယ်ကွ"

ဟု မြောဆိုကာ အဘိုးကြီးသည် ဆေးတံစွဲ၍ ဆေးထည့်ကာ မီးညှိရှိုက်ဖွာနေသေး၏။

အိုးထိန်းသည်း ပုတ်ခြင်းဆေးလိပ်တစ်လိပ်ကို ထပ်မံ၍ လိပ်ပြန်၏၊ ထို့နှိုလိပ်ရင်း သူ၏ မျက်လှည့်သေတ္တာ အနီကလေးတွင် သစ်သားကို အိုးပုံသဏ္ဌာန်ပြုလုပ်၍ သေတ္တာ၏ အဖုံးပေါ်၌ ရိုက်ဆားသည်ကို လှမ်း၍ကြည့်လိုက်ရင်း....

"ကျွန်တော့်ကို မျက်လှည့်သင်ပေးတုန်းကတည်းက အဘိုးတာ သေတ္တာရဲ့အဖုံးမှာ အိုးကလေးပုံကပ်ပြီး ရိုက်ပေးခဲ့တယ်၊ အဲဒီတုန်းက ကျွန်တော်ကတောင် အိုးပုံမလုပ်ပါနဲ့ အဘိုးရယ် ကြယ်ပုံကလေးဆို မလှဘူးလားလို့တောင် ပြောခဲ့သေးတယ်၊ ဒါပေမယ့် အဘိုးက မင်းပြောတဲ့ ကြယ်ပုံကလေးက လှနိုင်လှမယ်၊ အိုးပုံကလေးကတော့ အဓိပ္ပာယ်ရှိလို့ တပ်တာကွဲ့ ပြောခဲ့တယ်၊ ဒါပေမယ့် အဘိုးက အဲဒီအစီပွာယ်ကိုလဲ ရှင်းမပြခဲ့ဘူး"

ဟု အိုးထိန်းက ပြောလိုက်လေ၏၊ ထိုအခါ အဘိုးကြီးက....

"ငါ့မြေးက မှတ်မိသားပဲ"

ဟု ပြောရင်း ဆေးတံမီးခိုးများကို မှုတ်ထုတ်လိုက်လေတော့၏။

"ဒါပေမယ့် ကျွန်တော့်ရဲ့ မျက်လှည့်သေတ္တာမှာ အဘိုးလုပ်ပေးထားတဲ့ တံဆိပ်ကလေးက အိုးပုံကလေးတော့ ဟုတ်ပါရဲ့၊ အိုးရဲ့လည်ပင်းမှာတော့ ကြိုးစလေးနှစ်စ ချည်ပြီးထားတာ မပါဘူး"

ဟု အိုးထိန်းက မေးလိုက်ရာ အဘိုးကြီးက အောက်ပါအတိုင်း ပြန်၍ရှင်းပြလေ၏။

"ဒီလို အိုးထိန်းရဲ့၊ လွန်ခဲ့တဲ့ နှစ်ပေါင်းတစ်ထောင်ကျော်လောက်မှာ အဲဒီတစ်ထောင်ကျော်ဆိုတဲ့ အချိန်ဟာ သရေခေတ္တရာ ပျက်ပြီးခါစ ပုဂံတည်ခါစ အချိန်လောက်ပေါ့ကွာ၊ အဲဒီမှာ ငါတို့မျိုးနွယ်ကြီးဟာ အုပ်စုနှစ်စုဖြစ်ပြီး နှစ်ခြမ်းကွဲသွားတယ်ကွ၊ တံဆိပ်ကိုလဲ ခဲခွဲပြီး တစ်ယောက်တစ်ဝက်စီ ယူသွားကြတယ်၊ အုပ်စုတစ်စုက အိုးတံဆိပ်ကိုရတယ်၊ အုပ်စုတစ်စုက ကြိုးတံဆိပ်ကို ရတယ်၊ အဲဒီမှာ အိုးဂိုဏ် နဲ့ ကြိုးဂိုဏ်းဆိုပြီး လမ်းခွဲသွားကြရတော့တယ်"

အိုးထိန်းသည် ဆေးလိပ်ကိုဖွာရင်း....

"ဘာဖြစ်လို့ အဲဒီလိုကွဲသွားတာလဲ"

ဟု မေးလိုက်လေ၏။

"ငါတို့ မျိုးနွယ်စုမှာ အိမ်ခြေရာခြေမရှိ လမ်းပေါ်မှာနေတယ် ဆိုပေမယ့် တော်တော်များများဟာ ပညာရှင်တွေကွ၊ ပညာရှင်တွေဆိုတော့ မာနရှိတာပေါ့ကွာ အဲဒီ မာနကို အခြောင်းပြုပြီး ကွဲသွားတယ်လို့ ယူဆရမှာပဲ"

BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com

ဟု အဘိုးကြီးက ရှင်းပြလေ၏။

"ဘယ်လိုပညာရှင်တွေလဲ အဘိုးခဲ့"

ဟု အိုးထိန်းက မေးလိုက်လေ၏။

"စက္ကောမ ပညာရှင်တွေဟာ ငါတို့ မျိုးနွယ်စုတွေပေါ့။ ပြီးတော့ အဂ္ဂိရတ်လို့ခေါ်တဲ့ ဓာတ်ပညာရှင်တွေဟာလဲ တို့မျိုးနွယ်စုတွေပဲပေါ့။ ဆေးပညာရှင်တွေလဲ တို့မျိုးနွယ်စုတွေထဲက ထွက်တယ်ကွ၊ ကောင်းကင်နက္ခတ်နဲ့ပတ်သက်တဲ့ ပညာရှင်တွေ၊ ဗေဒင်ပညာရှင်တွေ၊ ဘုမ္မဗေဒအတတ်ကို တတ်တဲ့ ဘုမ္မဗေဒ ပညာရှင်တွေ၊ မာယာအတတ်လို့ခေါ်တဲ့ မျက်လှည့်ပညာရှင်တွေ၊ အင်းအိုင်ခါးလွဲ လက်ဖြူ၊ မန္တယားကိုဘတ်တဲ့ လောကီပညာရှင်တွေ စုံနေအောင် ငါတို့မျိုးနွယ်စုက ပေါထွန်းတယ်ကွ၊ ဟိုး.....ရှေးရှေးကဆိုရင် လူတစ်ယောက်ဟာ ထွန်းထွန်းပေါက်ပေါက် ဖြစ်ပြီဆိုဘာနဲ့ သူ့ရဲ့ အကြောင်းကို စုံစမ်းလိုက်ရင် တစ်နည်းနည်းနဲ့ တို့ရဲ့မျိုးနွယ်စုနဲ့ ပတ်သက်နေတာကို ကွေ့ရတတ်တယ်"

ဟု အဘိုးကြီးက ရှင်းပြလေ၏။

"အဟုတ်ပဲလား အဘိုးရယ်"

ဟု အိုးထိန်းက မေးလိုက်လေ၏။

"အင်းဝခေတ်မှာ အလွန် ကျော်ကြားခဲ့တဲ့ သူဒိုးကြီးတောက်ပြားဟာ ငါတို့ မျိုးနွယ်စုထဲကကွ၊ အလောင်းဘုရားလက်ထက်မှာ အလွန်နာမည်ကြီးတဲ့ 'အာကာရွှေတောင်'ဆိုတဲ့ ခေးပြကြီးဟာလဲ ငါတို့ မျိုးနွယ်စုထဲကကွ၊ ဆေးဆရာ

အကျော်အမော်ကြီးတွေ အတော်များများဟာ တို့ မျိုးနွယ်စုကကွ"

ဟု အဘိုးကြီးက ပြောပြန်လေ၏။

"အဘိုးပြောတဲ့ အဲဒီ ဆေးဆရာကြီးတွေဟာ အိမ်နဲ့ရုံနဲ့ နေကြတာ များပါတယ်၊ ကျွန်တော်တို့လို လမ်းပေါ်မှာနေကြတာမှ မဟုတ်တဲ့"

ဟု အိုးထိန်းက ပြောလိုက်လေ၏။

"မင်းပြောတာ မှန်ပါတယ်၊ ရာဇဝင်တစ်လျှောက် နာမည်ကြီးခဲ့တဲ့ ဆေးဆရာတွေထဲမှာ တို့ရဲ့ မျိုးနွယ်စုဝင်တွေပါ့ပါတယ်၊ ဒါပေမယ့် သူတို့ဟာ မျိုးရိုးကိုစွန့်ပြီး အိမ်နဲ့ရုံနဲ့ နေကုန်ကြတယ်လေကွာ"

ဟု အဘိုးကြီးက ပြန်၍ပြောလေ၏။

"အဲဒီလိုလဲ ရှိသလား"

ဟု အိုးထိန်းက မေးပြန်လေ၏။

"ဒီမှာလူကလေး၊ အိုးဆိုတာ တနင်္ဂနွေနံ့ မဟုတ်လားကွ၊ အဲဒါ 'နေ'ကို ပြောတာကွ၊ ကြိုးဆိုတာ တနလ်ာနံ့ မဟုတ်လား၊ 'လ'ကို ပြောတာမပေါ့၊ ငါတို့ရဲ့ မျိုးနွယ်စုတွေ နှစ်ခြမ်းမကွဲခင်က တို့မျိုးနွယ်တွေ ပိုင်ဆိုင်တဲ့ ပညာအတော်များများဟာ နေလ နှစ်ပါး အကောင်းအဆိုး၊ အပူအအေးစတဲ့ ဆန့်ကျင်ဘက် ထဘောတရားကို အခြေခံထားတဲ့ ပညာရပ်တွေ ဖြစ်တယ်ကွ၊ ခုလောက်ပြောပြရင် မင်းအနေနဲ့ ဘာ

www.burmeseclassic.com

www.burmeseclassic.com

သူတ အတော်ဖြစ်ပါပြီ၊ ဘယ်ပညာတွေဟာ ငါတို့မျိုးနွယ်စု ပိုင်ဆိုင်ခဲ့တဲ့ ပညာတွေဆိုတာ မင်းအနေနဲ့ ရိပ်စားမိလောက် ပါပြီ၊ ငါတို့ မျိုးနွယ်စုတွေဟာ ပညာရပ်တွေကို ဖော်ထုတ် တဲ့အခါမှာ နေလအဖြစ်နဲ့၊ အဖိုအမ အဖြစ်နဲ့၊ ပူခြင်း အေး ခြင်း အဖြစ်နဲ့၊ ကောင်းခြင်းဆိုးခြင်း အဖြစ်နဲ့၊ နေ့ညအဖြစ်နဲ့ ဆန့်ကျင်ဘက် သဘောဘာထားစတ အပေါ်မှာ စဉ်းစားဖော် ထုတ်ခဲ့တာ ဖြစ်တယ်ဆိုတာကိုတော့ မမေ့နဲ့ကွ"

ဟု အဘိုးကြီးက ပြောလိုက်လေ၏၊

ထိုအခါ အိုးထိန်းက....

"ကျွန်တော်တို့ မျိုးနွယ်စုတွေဟာ ဟော်တော် ခိုင်ခိုင် လုံလုံ ရှိခဲ့တာပဲကိုး"

ဟု ပြောလိုက်လျှင် အဘိုးကြီးက....

"မှန်တာပေါ့ကွာ....ငါတို့ တစ်တွေဟာ လေ့ဘွေ့ သမ္မန် တွေလုပ်ပြီး ခရီးလှည့်လည် သွားလာတယ်၊ ဆောက်တဲ့ဆိပ် ကမ်းတွေမှာ ဆေးကုတယ်၊ ဈေးရောင်းတယ်၊ မျက်လှည့် ပြတယ်၊ ဗေဒင်ဟောတယ်၊ ပြီးတော့ လေထဲမှာ ပြန်အိပ်ကြ တယ်၊ ငါတို့ကို အိမ်ခြေရာခြေမရှိ၊ လေ့အောင်းတဲ့လူတွေလို့ ခေါ်ကြတယ်၊ ကြိုးအုပ်စုကတော့ လှည်းတွေနဲ့ ကုန်းလမ်း ခရီး သွားကြတယ်၊ ဆောက်တဲ့မြို့တွေမှာ သူတို့လဲ ဈေးရောင်း တယ်၊ ဗေဒင်ဟောတယ်ပေါ့ကွာ၊ ပြီးတော့ လှည်းတွေပေါ် မှာပဲ နေကြတာမှ၊ ဒါကြောင့် သူတို့ကို တခြားလူတွေက 'လှည်းနေ' လူတွေလို့ ခေါ်ကြတယ်၊ သူတို့ကိုရော တို့ကိုရော

ပေါင်းပြီးခေါ်တဲ့ နာမည်ကတော့ 'လှည်းနေ လှေအောင်း' တဲ့၊ အိမ်ခြေရာခြေ မရှိတာကို တင်စား ခေါ်ဝေါ်တာပေါ့ ကွာ၊ ငါတို့လို လှည်းနေလှေအောင်း အိမ်ခြေရာခြေမရှိတဲ့ လူစတွေထဲမှာလဲ အင်္ဂလိပ်စာတတ်တဲ့ အများကြီးပါတယ်ကွ၊ အဲဒီလူစတွေက အများသူငါထင်သလို အိမ်ခြေရာခြေ မရှိတာ မဟုတ်ဘူးတဲ့၊ လိမ့်နေတဲ့ အိမ်တွေပေါ်မှာနေတဲ့ လူစတွေလို့ ရှင်းစာပြောကြတယ်၊ ဒါကြောင့် အင်္ဂလိပ်လို စကားပုံ တစ်ခု လုပ်ထားတယ်၊ အဲဒီစကားပုံက (Rolling home geather no mortage)လိမ့်နေတဲ့ အိမ်ပေါ်မှာနေတဲ့လူဟာ ကြွေးတယ်တော့မှ မတင်ဘူးတဲ့"

ဟု အဘိုးကြီးကပြော၍ ရယ်မောလေ၏၊

"ဒါတော့ အဘိုးရယ်၊ အိမ်ခြေရာခြေမရှိဘဲ ဟိုရောက် လိုက် ဒီရောက်လိုက် ဖြစ်နေတဲ့သူကို ဘယ်သူကမှ ပိုက်ဆံ ချေးမှာ မဟုတ်ဘူး၊ အဲဒီတော့ ကြွေးမတင်ဘူးပေါ့ဗျာ"

ဟု အိုးထိန်းက ပြောလေ၏၊

"မင်းပြောသလို ဟုတ်ချင်လဲ ဟုတ်မှာပါ"

ဟု အဘိုးကြီးက ပြောဆိုကာ တဟားဟားဖြင့် ရယ် မောပြန်လေတော့၏၊

"ဟား....ဟား....ဟား....ဟား"

* * *

www.burmeseclassic.com

www.burmeseclassic.com

ယောက်ကို ရှာတယ်၊ ဒါပေမယ့် အိုးကြီးရော မျက်လှည့်ဆရာတပည့် နှစ်ယောက်ပါ ပျောက်ခြင်းမလှ ပျောက်သွားတယ်၊ သူတို့ဟာ တခြားရွာမှာ မျက်လှည့်ပြနေကြပြီ၊ အဲဒါ အိုးဂိုဏ်းက မျက်လှည့်ဆရာတွေပြတဲ့ ပြက္ခက်တွေ၊ ဆေးတက်မှာလဲ ဒီလိုပဲဟေ့၊ အိုးနဲ့ ကြိုးနဲ့ဟာ ကုပုံကုနည်း အတော်ခြားနားသွားကြတယ်၊ အနာပေါက် ကုထုံးမှာ ကြိုးဂိုဏ်းက ကြိုးနဲ့စည်းပြီး အပ်နဲ့ ဖောက်ပစ်တယ်၊ အိုးဂိုဏ်းကတော့ အိုးစုပ်ကဲ့နည်းနဲ့ ကုတယ်ကွ၊ နာမည်ကိုမေးပြီးဆေးကုတာ၊ တို့ အိုးဂိုဏ်းက ဆရာတွေများတယ်၊ ဒါပေမယ့် ဒီပညာဟာ တို့ အိုးနဲ့ ကြိုးနဲ့ မကဲခင်ကဘဲးကရှိခဲ့တာကွ၊ ကြိုးဂိုဏ်းကတော့ အဌလင်္ဂခွင်ကိုသုံးပြီး ဆေးကုတယ်ကွ၊ ကံ့ယ်ရေပြားရောဂါသည်ကို ကျင်းတူးပြီး တွင်းထဲမှာ ခွေးအောင်းခိုင်းတာ အိုးဂိုဏ်းက ဆရာတွေလုပ်ဘာကွ၊ ကြိုးဂိုဏ်းက ဆရာကတော့ ကံ့ယ်ရေပြားရောဂါသည်ကို ရွာပြင်ထုတ်ပြီး ကြိုးနဲ့တုပ် ဆေးကုတော့တာပဲ၊ ပြီးတော့ အခုခေတ် မင်းတို့ခေါ်တဲ့ ဆပ်ကပ်ဆိုတာ ရှေးကတည်းက ရှိတယ်၊ အဲဒီပညာတွေလဲ ငါတို့ မျိုးနွယ်စုကြီးက တီထွင်ခဲ့တာကွ၊ ရှေးအခါကတော့ 'ဟန်ပို့' လို့ ခေါ်တယ်၊ အဲဒီဆပ်ကပ်တွေ လျှောက်ပြတယ်၊ အိုးဂိုဏ်းက ဆပ်ကပ်သမားကတော့ ကြွေအိုးတွေဆင့်ပြီး အဲဒီအိုးပေါ်မှာ ပျဉ်ပြားခင်းတယ်၊အဲဒီပျဉ်ပြားပေါ်မှာ အိုးတစ်လုံးကို တုံးလုံးလှဲပြီး တင်ထားတယ်၊ အဲဒီအိုးပေါ်မှာ ပျဉ်ပြားတစ်ချပ်တင်ပြီး အဲဒီပေါ်မှာ မတ်တတ်ရပ်ပြတယ်၊ အဲဒါက အိုးဂိုဏ်းက ဆပ်ကပ်ဆရာတွေ လုပ်ပြတာ၊ ကြိုးတန်းလျှောက်

ထို့နောက် အဘိုးကြီးက....

"တို့ အိုးဂိုဏ်းနဲ့ ကြိုးဂိုဏ်းဟာ အဆောက်ကလေး ဆန့်ကျင်ဘက် ဖြစ်လာတယ်၊ မျက်လှည့်ဆရာ ဆိုပါတော့ကွာ၊ သူ့ရဲ့ မျက်လှည့်ပြက္ခက်တွေကို ကြိုးတွေမျှားမျှားသုံးပြီး ပြလာတယ်၊ ကြိုးစတစ်စကို မိုးပေါ်မြှောက်လိုက်တာ ကြိုးစဟာ မိုးပေါ်ကို အလိုလိုတက်သွားတယ်၊ အဲဒီအခါမှာ မျက်လှည့်ဆရာဟာ သူ့ရဲ့တပည့်ကို အဲဒီ ကြိုးကနေတွယ်ပြီး ကောင်းကင်ကိုတက်ဖို့ ပြောတယ်၊ တပည့်ဟာ ကြိုးစကနေတွယ်ပြီး စာက်သွားတယ်၊ အပေါ်လဲရောက်ရော ပျောက်သွားတယ်၊ အဲဒီအခါမှာ မျက်လှည့်ဆရာဟာ ပရိသတ်ကို ဘာပြောသလဲ ဆိုတော့....

ကျွန်တော့်တပည့် မိုးပေါ်မှာ ဒုက္ခ ရောက်နေတယ်၊ ကျွန်တော်လိုက်သွားမှဆိုပြီး သူပါ ကြိုးစကိုတွယ်ပြီး တက်သွားတယ်၊ နှစ်ယောက်စလုံး ပေါ်မလာတော့ဘူး၊ ကြည့်တဲ့လူတွေက ပေါ်လာနိုးနိုးနဲ့ စောင့်နေကြတယ်၊ သူတို့ ဆရာတပည့်နှစ်ယောက်ကတော့ တခြားရွာမှာသွားပြီး မျက်လှည့်ပြနေကြပြီ၊ အဲဒီကြိုးဂိုဏ်းက အသုံးပြုတဲ့ ပြက္ခက်တွေကို အိုးဂိုဏ်းကလဲ အားကျမခံ ပြတယ်၊ သူက ဘယ်လိုပြသလဲဆိုတော့ ရာဝင်အိုးကြီးထဲကို မျက်လှည့်ဆရာ သူတပည့်ပါဝင်တယ်၊ ပြီးတော့ ပရိသတ်ကို တွင်းတူးခိုင်းပြီး အဲဒီအိုးကြီးတွင်းထဲထည့်ခိုင်းတယ်၊ ပြီးတော့ အပေါ်က မြေကြီးတွေဖို့ခိုင်းတယ်၊ ကွမ်းတစ်ယာဉ်ကျော်လောက်ကြာတော့ ပရိသတ်က မြေကြီးကို ပြန်ဆွဲပြီး အိုးကြီးနဲ့ မျက်လှည့်ဆရာတပည့် နှစ်

www.burmeseclassic.com

ပြောနဲ့ အတူတူပဲ သူက ကြိုးဘန်းအစား အိုးကို အသုံးပြု တာနဲ့ အိုးဂိုဏ်းက ဆပ်ကပ်လား၊ ကြိုးဂိုဏ်းက ဆပ်ကပ်လား သိသာနိုင်ပါတယ်ကွာ"

ဟု အဘိုးကြီးက ပြောလေ၏။ ထိုအခါ အိုးထိန်းက....

"အိမ်ခြေ ရာခြေမဲ့တဲ့ ကျွန်တော်တို့ မျိုးနွယ်စုကြီးမှာ လေးစားစရာဘောင်းတဲ့ ပညာတွေက အများကြီးပဲ"

ဟု ပြောလိုက်လေ၏။ ထိုအခါ အဘိုးကြီးက....

"အိုးဂိုဏ်းကလဲ သူ့စာဆိုနဲ့ သူက္ခ 'ဒေါင်ဖဒေါင်မြည်မှ အိုးတဲ့'၊ ကြိုးဂိုဏ်းကလဲ သူ့စာဆိုနဲ့သူက္ခ 'သုံးလွန်းတင်မှ ကြိုးတဲ့'၊ အဲဒီလိုစာဆိုလေးတွေနဲ့ မာနကလေးတွေ ထားလာခဲ့ကြ တာပေါ့ကွာ၊ ဒါပေမယ့် အိုးဂိုဏ်းက လူတွေရော ကြိုးဂိုဏ်း က လူတွေရော တဖြည်းဖြည်းအာရုံပျက်လာကြတယ်၊ အိမ်ခြေ ရာနဲ့ နေချင်တဲ့စိတ်တွေ ပေါက်လာကြတယ်၊ မြေတွေဝယ်ကြ၊ အိမ်တွေဝယ်ကြ၊ အိမ်ထောင်ကြနဲ့ မျိုးရိုးကို စွန့်ခွာသွား ကြတယ်၊ အဲဒီတော့ အိုးဘက်မှာရော ကြိုးဘက်မှာရော အိုးစစ်အိုးမှန် ကြိုးစစ်ကြိုးမှန်ဆိုတာ အောက်ရှာနေပြီ၊ အိုး ကလဲ မြန်မာပြည် တစ်ပြည်လုံးမှာ တစ်ထောင်မပြည့်တော့ ဘူး၊ ကြိုးကတော့ လုံးဝ မျိုးတုံးသွားပြီကွာ၊ ငါတို့ အိုး တစ် ထောင်လောက်ဟာ မျိုးရိုးကို ဖျက်ပြီး အိမ်နဲ့ ရာနဲ့ နေလိုက် တာနဲ့ ရှေးနှစ်ပေါင်း လေးထောင်လောက်က အခိုင်အခဲ ရှိတဲ့ 'လှည်းနေလေအောင်း' ဆွေမျိုးစုကြီးဟာ ဇာတ်သိမ်း ရပြီပေါ့ကွာ၊ ဒါကြောင့် အိုးတွေတွေတိုင်း စိတ်ဓာတ်က

မြင့်မြင့်ထားပါ၊ အိမ်နဲ့ရာနဲ့ နေချင်တဲ့စိတ်တွေကို ဖျောက်ပစ် ပါလို့ ငါဖြင့် တိုက်တွန်းနေရတော့တာပဲ"

ဟု အဘိုးကြီးက ပြောလိုက်လေ၏။

ထိုအခါ အိုးထိန်းက....

"နေစမ်းပါဦး....အဘိုးကလဲ အဲဒီဂိုဏ်းမှာ ဘာလဲ၊ ဘယ် လို တာဝန်မျိုးရှိနေတာလဲ၊ အိုးဂိုဏ်းရဲ့ အကြီးအကဲလား၊ ကျွန်တော် ကြည့်နေတာတော့ အဘိုးကို လမ်းပေါ်ကလူတွေ က တော်တော် လေးစားကြတယ်၊ အဲဒါကို မေးမယ်....မေး မယ်နဲ့၊ မမေးဖြစ်ခဲ့ဘူး"

ဟု ပြောလိုက်လေ၏။

ထိုအခါ အဘိုးကြီးက....

"လူကလေး....မင်းကို ငါ ပြောမယ်၊ အိုးဂိုဏ်းမှာ ငါက ဘာကောင်မှ မဟုတ်ဘူး၊ ဒါပေမယ့် မင်းအဘိုးကတော့ အိုး ဘုရင်ကွ"

ဟု ပြောလိုက်လျှင် အိုးထိန်းသည် မျက်လုံးပြူးသွား လေ၏။

"အဘိုးက ကျွန်တော့်အဘိုးမဟုတ်ဘူးလား"

ဟု ဆတ်ခနဲ ပြန်၍ မေးလိုက်လေ၏၊

"ငါနာမည် 'ဦးမာတူး' တဲ့၊ ငါက မင်းနဲ့ ဘာမှမတော်ဘူး၊ မင်း အဘိုးအရင်းက 'ဦးဒီပ' တဲ့၊ သူက ငါတို့ရဲ့အိုးဘုရင်၊ ငါက သူ့ရဲ့ လူယုံကြီးကွ၊ မင်းအဘိုးက သားတစ်ယောက်မွေးတယ်၊ သူသားနာမည်က 'မောင်ကလန်' တဲ့၊ ဦးဒီပ သေရင် မောင် ကလန်က အိုးဘုရင်ဖြစ်မှာဟေ့၊ ဒါပေမယ့် မင်းအဖေ မောင်

www.burmeseclassic.com

ကလန်က အသက်ခံရတယ်၊ ကြိုးဂိုဏ်းက သတိသဲ့ဘာ၊ လည်မင်းမှာ ကြိုးအနီတန်းလန်းနဲ့ သေရှာပါရော၊ မင်းအမေကတော့ ချောင်းဆိုးသွေးပါ ရောဂါနဲ့ ဆုံးသွားရှာပြီ၊ မင်းအဘိုး သေပြီးနောက်ပိုင်းမှာ မင်းအဖေ ကလန်ကို ငါက စောင့်ရှောက်ရတယ်၊ ကြိုးဂိုဏ်းက လူခတ္တနဲ့စပြီး တိုက်ပွဲဖြစ်တဲ့အခါမှာ မင်းအဖေက မင်းကို ငါ့လက်ထဲ အပ်ခဲ့တာပဲ လူကလေး၊ အခု မင်းအရွယ်ရောက်လာပြီ၊ မင်းကိုလဲ ကြိုးတွေက သတ်မှာပဲ"

ဟု အဘိုးကြီးက ပြန်၍ ဖြေလိုက်လေ၏။

"အဘိုးပြောတော့ ကြိုးဂိုဏ်းက ကြိုးတွေမရှိတော့ဘူးဆို"

ဟု အိုးထိန်းက ပြန်၍မေးလိုက်လေ၏။

"ဒီလိုကွ....ကြိုးဂိုဏ်းက ကြိုးတွေမရှိတော့ဘူး ဆိုပေမယ့် ကြိုးတစ်ရာကျော်လောက် ကျန်သေးတယ်၊ အဲဒီ အထဲက ကြောက်စရာကောင်းတဲ့ ကြိုး (၅)ချောင်းကို ပြောပြမယ်၊ 'ဝွမ်တီ' ဆိုတဲ့ တရုတ်ကပြား ထမင်းချက်ကြီးရယ်၊ ဆိတ်ဖွားလို့ ခေါ်တဲ့ ဆောင်ဝန်တင်ကြိုးတံခါးသခ်ျိုင်းက သုဘရာဇာကြီးရယ်၊ 'မိုးသီး' လို့ ခေါ်တဲ့ ပင်လယ်ခားပြ တစ်ယောက်ရယ်၊ 'သေတ္တာ' လို့ခေါ်တဲ့သူခိုးတစ်ယောက်ရယ်၊ စနေမောင်မောင် လို့ခေါ်တဲ့ သိုက်ဆရာ တစ်ယောက်ရယ်ဟာ ကြောက်စရာကောင်းတဲ့ ကြိုးငါးချောင်း ဖြစ်တယ်ကွ၊ တကယ်လို့များ သူတို့နဲ့ ယှဉ်ပြိုင်ရမယ်ဆိုရင်တော့ အခုကတည်းက ကူးတို့ခအဖြစ် ပိုက်ဆံတစ်မတ်ငံ့ထားရင် ကောင်းမယ်"

ဟု အဘိုးက ပြန်၍ပြောလိုက်လေ၏။

"နေပါဦး အဘိုးရယ်၊ ဒီ ကြိုးဂိုဏ်းက လူခတ္တက ဘာဖြစ်လို့ အိုးတွေကို လာလာသတ်နေရတာလဲ"

ဟု ပြန်၍ မေးလိုက်လေ၏။

ထို့အခါ အဘိုးကြီးက....

"ဒီလို လူကလေးရဲ့၊ စောစောကပြောတဲ့ ကြိုး (၅) ယောက်ကတော့ အိုးကိစ္စ၊ ကြိုးကိစ္စနဲ့ ဘယ်သူ့ကိုမှ မသတ်သေးပါဘူး၊ ဒါပေမယ့် သူတို့ဟာလဲ ကြိုးတွေဖြစ်တယ်ဆိုတာကို မင်း သိထားအောင် ပြောပြထားတာ၊ ကြိုးဂိုဏ်းက တခြားလူတွေက အတော်ကို လက်စားချေတတ်တဲ့လူတွေကွ"

ဟု ပြော၍ ဆေးတံကို မီးညှိရှိုက်ဖွာလိုက်လေ၏။

"တိုယ့်ဘာသာကိုယ် အိမ်နဲ့မနေချင်လဲ လမ်းပေါ်မှာ ခေါင်းလိုဝဲနေပေါ့၊ လမ်းပေါ်မှာ မျက်လှည့်ပြပြီးစား၊ စေ့းဆောင်းတဲ့လူကလဲ စေ့းရောင်း၊ ဘာဖြစ်လို့ တစ်ယောက်ကို ငါးယောက် တစ်ဂိုဏ်းကိုတစ်ဂိုဏ်း ဒုတ္ထပေးနေရတာလဲ၊ သူ ဘာသူ အိုးဖြစ်ဖြစ် ကြိုးဖြစ်ဖြစ် ထားလိုက်ပေါ့ အဘိုးရယ်"

ဟု အိုးထိန်းက ပြန်၍ပြောလိုက်လေ၏။

"ဒီလိုရှိတယ် လူကလေး၊ လွန်ခဲ့တဲ့ နှစ်ပေါင်းတစ်ထောင်ကျော်လောက်က ပုဂံပြည်မှာ အနော်ရထာတောင် ဘုရင်ဖြစ်သေးဘူး၊ ဗျင်ပေါက်တမ်းကစားတုန်းအရှုံး ရှိဦးမယ်၊ အဲဒီအချိန်မှာပဲ ငါတို့ဂိုဏ်းက ဘုရင် 'သူရိယဝါယု' နဲ့ သူ့ရဲ့ ဦးဘော် 'စန္ဒဂါယု' ဟာ ငါတို့ဂိုဏ်းမှာအသုံးပြုတဲ့ ဘူတခေးသစ်ခုကို အကြောင်းပြုပြီး အငြင်းအခုံဖြစ်ပွားကြရာကအစ

www.burmeseclassic.com

www.burmeseclassic.com

အကြီးအကျယ်မသင့်မမြတ်ဖြစ်ကြတော့တာပဲဟော့၊ အဲဒီလို ရာကအစ သူဘက်ကိုယ့်ဘက်တွေပါပြီးအိုးကလေးမှာကြိုး ထားတဲ့ တံဆိပ်ကိုတောင် တို့က အိုးကိုယူတယ်၊ သူတို့ ကြိုးကိုယူပြီး တံဆိပ်အထိမ်းအမှတ် တစ်ယောက်တစ်မျိုး ကြတော့တာပဲဟော့၊ စန္ဒဝါယုကလဲ လူတော်တစ်ယောက် တော်တော့်ကို ဦးခဲနှောက်ကြီးတယ်၊ သူက သူ့ရဲ့ ကြိုးဂိုဏ် တအားကြီးစည်းရုံးပြီး လေ့ကျင့် ပျိုးထောင်ပေးတော့တာ ဒါကြောင့် ကြိုးဂိုဏ်းကလူတွေက အိုးဂိုဏ်းကလူတွေထက် တော်တာများတယ်ကွ”

ဟု ပြောလိုက်လေ၏။

“နေပါဦး အဘိုးရဲ့၊ ကျွန်တော်က ဒါကိုမေးတာမဟုတ်ဘူး၊ ဘာဖြစ်လို့ တစ်ဂိုဏ်းနဲ့တစ်ဂိုဏ်း ဒုက္ခပေးနေကြတာလဲ ဆိုတာ”

ဟု အိုးထိန်းက ထပ်၍ မေးလိုက်လေ၏။

“ညီအစ်ကိုနှစ်ယောက်ဂိုဏ်းကွဲတော့ ညီဖြစ်တဲ့ စန္ဒဝါက ‘မိုးကြိုးဓာတ်’ကို ယူတယ်၊ အစ်ကိုဖြစ်တဲ့ သူရိယဝါယုက ‘ကျောက်သလင်း’ဓာတ်ကို ယူတယ်၊ အဲဒီလိုပဲ တခြားတွေမှာလဲ သူဟာငါဟာဆိုပြီး အမွေခွဲကြတယ်၊ ဒီလိုပဲ ပညာရပ်တွေမှာလဲ အမျိုးမျိုးအဖုံဖုံခွဲခြမ်းစိတ်ဖြာယူကြတော့တာ သူရိယဝါယုဂိုဏ်းက လူတွေက ဆေးကုတဲ့အခါမှာ အနာမတွေ့ကို အသုံးချပြီး ဆေးကုတယ်၊ စန္ဒဝါယုတို့ လူတွေက အဋ္ဌလဂိုဏ်ဂြိုဟ်ခွင်အတိုင်းယူပြီး ဆေးကုတယ်၊ ဒီလိုပဲ တိုက်ခိုက်သတ်ပုတ်တဲ့ အတတ်ပညာတွေမှာလဲ သူ့ဟန် သူဟန်နဲ့ ကဲပြားခြားနားအောင် လုပ်ထားကြတယ်၊ အိုး

လူတွေရဲ့ တိုက်နည်းခိုက်နည်းဟာ ရန်သူကို အနာကိုင်းပြီးမှ တိုက်တယ်၊ ကြိုးဂိုဏ်းကလူတွေရဲ့ သတ်နည်းသတ်နည်းဟာ ရန်သူကို အနာအလာမခံဘဲ ခွာပြီးတိုက်တယ်၊ သတ်သိုင်းမှာလဲ အိုးဂိုဏ်းက ‘တုတ်စက’ကိုသုံးတယ်၊ ကြိုးဂိုဏ်းက ‘တုတ်ရှည်’ကို သုံးတယ်၊ တူသလိုလိုနဲ့ တော်းတော်တယ်၊ ဒါပေမယ့် ဝါယုညီအစ်ကိုနှစ်ယောက်ဟာ စပြီးမုန်းခဲ့ကြကတည်းက ကတိကဝတ်တစ်ခုတော့ရှိတယ်၊ အဲဒါကတော့ နှစ်ယောက်ပိုင်ပစ္စည်းတစ်ခုကို ခွဲဝေတဲ့ကိစ္စပဲ၊ အခုတည့်ပေမယ့် နောင် နှစ်ပေါင်း ရာထောင်ကြာလာတဲ့အခါမှာ တည့်စရာအကြောင်း ပေါ်လာလို့ တည့်ကြရင်တော့ တည့်ကြပါစေဆိုတဲ့ သဘောနဲ့ ပုဂံမှာ နှစ်ဦးသဘောတူ ကတိကားပြောပြီး အဲဒီပစ္စည်းကို ဝှက်ပစ်လိုက်ကြတယ်၊ အဲဒါကို ပုဂံမှာ ရေချိုး’တယ်လို့ ခေါ်တယ်၊ အဲဒီပစ္စည်းဟာ နောင် နှစ်ပေါင်းတစ်ထောင်ကျော်ကြာတဲ့အခါမှာ ပဲခူးမှာ ပြန်ပြီး ပေါ်နိုင်အောင်လို့ စီမံခဲ့ကြတယ်၊ ဒါကြောင့် ပြန်ပေါ်ရင် ခူးမှာပေါ်လိမ့်မယ်၊ အဲဒါကို အကြောင်းပြုပြီး ‘ပုဂံရေချိုး၊ ခူးမှာပေါ်လိမ့်မယ်’လို့ ဆိုရိုးစကားဖြစ်လာတယ်၊ အဲဒါကြောင့် ပုဂံရေချိုး ပဲခူးမှာပေါ်လိမ့်မယ်ဆိုတဲ့ တဘောင်ဖြစ်လာရတာပေါ့ လူကလေးရဲ့”

ဟု အဘိုးကြီးဦးမာတူးက ပြောလိုက်လေ၏။

“ဒီစကားပုံလိုလို ဘာလိုလိုဟာမျိုးကိုတော့ ကြားဖူးနားကြားပြီ၊ ဘာအဓိပ္ပာယ်မှန်းမသိဘူးလက်စသတ်တော့ ဂိုးဂိုဏ်းနဲ့ ကြိုးဂိုဏ်းရဲ့ လျှို့ဝှက်ချက်ကိုး၊ တစ်ယောက်ကို

www.burmeseclassic.com

www.burmeseclassic.com

တစ်ယောက် သတ်ကြဖြတ်ကြတာဟာ အဲဒီ သူ့ဝက်ချင်း ကြောင့်ဖြစ်မှာပဲ''

ဟု အိုးထိန်းကပြောလိုက်ရာ အဘိုးကြီးဦးမာတူးက....

''ပထမအခြောင်းက ဟုတ်ချင် ဟုတ်မယ်၊ နောက် အကြောင်းကတော့ အသက်ခံရတဲ့ဘက်က အပြိုးထားပြီး ပြန်သတ်လိုက် တိုဘက်က အသတ်ခံရ၊ အဲဒီတော့ တစ်ခါ ပြန်ပြီး အပြိုးထားပြန်ရော၊ အဲဒီလိုနဲ့ ရန်ပြိုးရန်စသံသရာကြီး ဖြစ်သွားတော့တာပေါ့ကွယ်. မင်းအဖေ 'မောင်ကလန်' သေပြီး နောက်ပိုင်းမှာ တို့ အိုးဘက်က ဘာမှ လက်တုံ့ပြန်မှုမရှိဘူး ကွ၊ တို့ဘက်ကငြိမ်နေတယ်၊ အခု မင်းလက်ထက်မှာ လက်စား ပြန်ပြီးချေလိမ့်မယ်လို့ သူတို့ဘက်က မျှော်လင့်လိမ့်မယ်လူ အဲဒါကြောင့် မင်းကို မျက်လိုးဒေါက်ထောက်ပြီး ကြည့်နေ လိမ့်မယ်၊ မင်း သူတို့ကို လက်စားမချေခင် မင်းကို သူတို့က အရင် ဇီဝိန်ခြေလိမ့်မယ် လူကလေး''

ဟု ပြောလိုက်လေ၏။

အိုးထိန်းသည် ပုတ်ချန်းခေါင်းလိပ်တိုကို လွှင့်ပစ်လိုက်ပြီး နောက်....

''ကျွန်တော် အားသခံနိုင်ဘူး အဘိုး၊ လိုအပ်လို့ သတ် စရာရှိရင် ကျွန်တော်က သတ်ရလိမ့်မယ် အဘိုး''

ဟု ပြောလိုက်ရာ အဘိုးကြီးဦးမာတူး၏ မျက်နှာသည် ကြည်လင်ဝင်းပသွား၏။

''ဒါပေါ့လူကလေးရယ်၊ မေးထားတဲ့မေးခွန်းကလွယ်လွန်း လေးပဲ၊ သေမလား သတ်မလား ဆိုတာပဲမဟုတ်လား၊ အဲဒီ

စောဲ့ မသေချင်ရင် သတ်တဲ့ဘက်မှာနေလိုက်ရုံပေါ့၊ တစ်ခု တော့ရှိတယ်၊ သူတို့နဲ့ ယှဉ်ပြိုင်ရမှာဆိုတော့ ကိုယ့်ဘက်က အရည်အချင်းပြည့်ဝအောင် လုပ်ထားရမယ်၊ မင်းနားလည် အောင် ပြောရရင် မင်းဟာ အိုးဂိုဏ်းရဲ့ မင်းသောင်းပဲ၊ အိုး ဂိုဏ်းရဲ့ အိမ်ရှေ့မင်းသားပဲ၊ အဲဒီတော့ အများကြီးတော်ဖို့ လိုတာပေါ့''

ဟု အဘိုးကြီးက ပြောလိုက်လေ၏။

''တော်အောင်လုပ်ရမှာပေါ့ အဘိုးရယ်၊ တယ်လိုလုပ်ရမလဲ ဆိုတာ အဘိုးကပြောပါ ကျွန်တော်လုပ်မယ်''

ဟု အိုးထိန်းက ပြန်၍ပြောလိုက်လျှင် အဘိုးကြီးသည် ကျေနပ်ဝမ်းမြောက်စွာဖြင့် အိုးထိန်းအား သိုင်းဖက်လိုက် လေတော့၏။

○

www.burmeseclassic.com

www.burmeseclassic.com

တောအောင်းကြပြီ

အထက်ပါ အဖြစ်အပျက်များ ဖြစ်ပွားပြီး များစွာမကြာသေး အချိန်ကာလ၌ မင်းတုန်းမြို့၏ အနောက်ဘက်စူးစူးလူသူ အရောက်အပေါက် နည်းပါးလှသည့် တောအုပ်ကြီးတစ်ခုအတွင်းတွင် လူနှစ်ဦးသည် စမ်းချောင်းတစ်ခု၏ နံဘေးဌာ ခြေတံရှည် နှစ်ထပ်တဲတစ်လုံးကို ဝါးများ၊ သစ်ရိုင်းများဖြင့် ဆောက်လုပ်နေကြလေ၏။

၎င်းတို့နှစ်ဦးစလုံးသည် လူဘောင်ကို ငြီးငွေ့၍ တောရပ်ကို မှီလာသော ရဟန်းအသွင်ကို ဆောင်ယူထားကြလေ၏။ ထိုလူနှစ်ဦးအနက် တစ်ဦးမှာ အဘိုးကြီး တစ်ယောက်ဖြစ်ပြီး ကျန်တစ်ဦးမှာ လူငယ်တစ်ဦး ဖြစ်သည်ဆိုလျှင် အိုးထိန်းနှင့် အထိန်းတော်ကြီး ဦးမာတူး ဖြစ်ကြောင်းကို အထူးတလည် ဖော်ပြရန်မလိုတဲ့ ရှိပ်စားမိလောက်ပေ၏။

အဘိုးကြီးသည် သူ၏ ကိုယ်ရုံကို အနီးရှိ ကျောက်တုံးပေါ်သို့ တင်လိုက်ပြီးလျှင် အိုးထိန်းအား....

"ဒီခန္ဓာကို ဆယ်နှစ်နေလို့လဲ လူတစ်ယောက် မရောက်နိုင်ဘူးကွ၊ ဒီဘောထဲကိုတော့ မုဆိုးတွေ၊ သစ်ခုတ်သမားတွေ လာတော့လာပါတယ်၊ ဒါပေမယ့် တောက အကျယ်ကြီးလားကွာ၊ ဒီလောက် ခက်ခက်ခဲခဲလာရမယ့် နေရာကို သူတို့လဲ မရောက်နိုင်ပါဘူး၊ ငါတို့မှာ ချေချေတာတာ စားမယ်ဆိုရင် ခြမ်းအဘိုးနှစ်ယောက် ခြောက်လလောက် စားနိုင်လောက်တဲ့ ရိက္ခာတွေ တို့ သယ်ထားပြီးပြီပဲ၊ ဘာပဲဖြစ်ဖြစ် ဒီနေရာမှာ အောင်းနေရမှာပဲ"

ဟု ပြောလိုက်လေ၏။

အိုးထိန်းသည် ပတ်ဝန်းကျင်ကို ကြည့်ရှုလိုက်လေ၏။ ကျေးငှက်သာရကာ တောပန်းသစ်သီးဝလံတို့နှင့် တန်ဆာဆင်ထားသည့် လှပသည့် မြင်ကွင်းကို မြင်လျှင် ကျေနှစ်စွာ ပြုံးလိုက်လေ၏။

ထို နောက်မှ....

"အဘိုး ကျွန်တော့်ကို ပုပ္ပားမှာထားခဲ့ပြီး အဘိုး ပုဝံကို သွားပြီး ယူလာတဲ့ သေတ္တာအနီလေးဟာ ဘာသေတ္တာလေးလဲ"

ဟု ခမ်းလိုက်လေ၏။

"ငါ့ဝတ်ထားတဲ့ သေတ္တာလေးပါ၊ မင်းကို ပညာသင်ပြီးရင် အဲဒီသေတ္တာကလေး ပေးရမှာပေါ့၊ အဲဒီသေတ္တာဟာ

www.burmeseclassic.com

www.burmeseclassic.com

မင်းကို ပေးရမယ့် သေတ္တာပါ၊ ပညာသင်ပြီးမှ ပေးရလိမ့်မယ်”

ဟု အဘိုးကြီးက ပြောလိုက်လေ၏။

ဂင်းတို့နှစ်ဦးသည် ဤသို့လျှင် စကား တပြောပြော ဖြင့် ပြင်ဆင်ကြလေ၏၊ အဘိုးကြီးသည် ဂင်းတို့နေထိုင်ရာ ပတ်ဝန်းကျင် ပတ်ပတ်လည်တွင် ညှတ်ကွင်းများ၊ သုတ်ကိုင်းများ ငြောင့်များ ထောင်ထားလေ၏၊ ထောင်ပုံ ထောင်နည်းကိုလည်း အိုးထိန်းအား အသေးစိတ် သင်ပြပေးလေ၏။

အိုးထိန်းသည် အဘိုးကြီးသင်ပြပေးသည့် ငြောင့်ထောင်သည့်နည်းများ၊ သုတ်ကိုင်းလုပ်နည်းများကို ကြည့်ရှုမှတ်သား၍ ဂင်းကိုယ်တိုင်လည်း လိုက်လံပြုလုပ်လေ၏။

ထို့နောက် အဘိုးကြီးသည် ဂင်းတို့ ဆောက်လုပ်ထားသော တဲကြီးအား ခုတ်တရက် မြင်တွေ့နိုင်ခြင်း မရှိရအောင် အတွက် နွယ်များကို ပိုက်ကွန်သဖွယ် ပြုလုပ်ကာ အုပ်ဆိုင်းထားလေ၏။

ထို့နောက် နွယ်ပိုက်ကွန်ကြီး တစ်ခုလုံးအား သစ်ကိုင်းများ ထိုးရှိထားရာ အုပ်ဆိုင်း ပိတ်ကွယ်၍ ဂင်းတို့အိမ်ကြီးအား အနှီးကပ် သေချာစွာ ကြည့်ရှုခြင်း မပြုပါက မည်သူ တစ်စုံတစ်ယောက်မှ တွေ့နိုင်လိမ့်မည် မဟုတ်ပေ။

အဘိုးကြီးသည် အိုးထိန်းအား တစ်နေ့လျှင် သင်ခန်းစာ ရှစ်မျိုး ပို့ချလေ၏၊ နေ့မိုင်း၌ သင်ခန်းစာ ခြောက်မျိုး ပို့ချ၍ ညဉ့်အခါ၌ စာနှစ်မျိုး ပို့ချလေ၏။

ညဉ့်အခါများတွင် ပို့ချသော သင်ခန်းစာများမှာ နိုင်ကျမ်းအတတ်နှင့် ကောင်းကင်အမြင့် နက္ခတ်ပညာပင် ဖြစ်၏၊ နေ့အခါများတွင် ပို့ချသော ပညာရပ်များမှာ အင်္ကလိပ်စာ၊ မြန်မာစာနှင့် သင်္ကေတစာများလည်း ပါ၏။

ခြောက်လခန့် သင်ကြားပြီးသောအခါ၌ ပင်းတွဲ နှစ်ဦးသည် တောင်ဆဲမှထွက်၍ ရှမ်းပြည်နယ်ဘက်ရှိ ဈေးများသို့ သွားရောက်ကာ ဈေးနေ့များ၌ မျက်လှည့် ပြကြရပြန်၏။ ရသော ငွေများဖြင့် ရိက္ခာများ ဝယ်ယူစုဆောင်းကြရပြန်၏။

ရိက္ခာ လုံလောက်သောအခါ၌ တောအတွင်းသို့ ဝင်ကြပြန်၏၊ ပညာရပ်များကို ဆက်လက်၍ သင်ကြပြန်၏။

ယခင် ခြောက်လခန့်က သင်ကြားခဲ့သော စာပေပညာများကိုမူ အိုးထိန်းအနေနှင့် တစ်ပတ်လျှင် တစ်ကြိမ်ခန့်သာ လေ့လာခွင့်ရ၏။

ကျန်သော အချိန်များမှာ အိုးထိန်းအား ခန္ဓာကိုယ်ခံနိုင်ရည်စွမ်းရှိအောင်အတွက် အဘိုးကြီးက လေ့ကျင့်ခန်းများ ပြင်းပြင်းထန်ထန် ပြုလုပ်ခိုင်း၏။

အဘိုးကြီးသည် အိုးထိန်းအား ကျမ်းအတတ်ကိုလည်း သင်ပေး၏။ အရွှေသို့ အားပြု၍ ထိုးရသော ကျမ်းရှစ်မျိုး၊ အနောက်ဘက်နှင့် ဝဲယာဘက်ဆီသို့အားပြု၍ထိုးရသော ကျမ်းခုစ်မျိုး၊ ငင်းရှစ်မျိုးကို ရှစ်လီပ္ပား၍ ထိုးရသော ကျမ်းခြောက်ဆယ့်လေးမျိုးကို ကျမ်းကျင်အောင် သင်ကြား လေ့ကျင့်ပေး၏။

www.burmeseclassic.com

www.burmeseclassic.com

ထို့နောက် အနီးကပ် တိုက်ခိုက်ရသော တိုက်နည်း ရှစ်နည်း၊ ခုခံနည်း ရှစ်နည်းကို ပေါင်းစပ် ရောထွေး၍ ရှစ်မျိုး ရှစ်လီပွားသည့်တိုက်ပွဲဝင် ဗန်တိုတိုက်ခိုက်နည်း ခြောက်ဆယ့်လေးနည်းကို ကျွမ်းကျင်တတ်မြောက်သည်အထိ လေ့ကျင့်ပေးလေ၏။

ထို့နောက် လူ၏ ရူပလက္ခဏာကို ကြည့်ရှု၍ ဆုံးဖြတ်ရသော အတတ်ကိုလည်း သင်ပြပေး၏။

ထို့နောက် လက်ဝါးပေါ်မှ အရေးအကြောင်းများကို ကြည့်ရှု၍ ဖတ်သော လက္ခဏာ အဖတ်အတတ်ကိုလည်း သင်ကြားပေး၏။ အရေးအကြောင်း ရှစ်မျိုး၊ အသားစိုင်ဂြိုဟ်ခုံ ရှစ်မျိုးမှ ရှစ်လီပွားသော ခြောက်ဆယ့်လေး မျိုးသော လက္ခဏာ ဖတ်ခြင်း၊ ဟောခြင်း အတတ်ကို လည်းကောင်း၊ နေလနှစ်ပါးကို အကြောင်းပြု၍ ဆေးကုခြင်း၊ အစာဖြင့်သက်ခြင်း အတတ်ကိုလည်းကောင်း အသေးစိတ် သင်ကြားပေး၏။

ဤသို့ သင်ကြားပေးခဲ့ရာ ဒုတိယခြောက်လပတ်သင်တန်းပြီးဆုံးသွားလေ၏။

ရိက္ခာလည်း ကုန်သွားပြီဖြစ်သဖြင့် ၎င်းတို့ မြေးအဘိုးသည် ရိက္ခာကို စုဆောင်းရန် မြို့ပေါ်သို့ တက်လာပြန်၏။

မြို့ပေါ်သို့ တက်လာပြီးလျှင် ငွေရှာရပြန်၏။ တစ်ခန့်တွင် ၎င်းတို့နှစ်ဦးသည် ပြည်မြို့ ရွှေဆံစောဘုရားပွဲ၌ မျက်လှည့်ပြပြီး၍ ၎င်းတို့နေ ဆိုင်ရာ ဇရပ်ဆီသို့ ပြန်လာခဲ့ကြလေ၏။

ထိုသို့ ပြန်လာခဲ့ရာ ဇရပ်အနီးသို့ရောက်လျှင် လမ်းဘေးဌာ ကျနေသော ခွေးကြီးတပ်အိတ် တစ်အိတ်ကို တွေ့ရလေ၏။

အိုးထိန်းသည် ထို့အိတ်ကို ကောက်ယူလိုက်၏။ အိတ်မှာ ထိုအချိန်က အင်္ဂလိပ်မများ ကိုင်လေ့ရှိသော နှင်းဆီပန်းပုံ ပါသည့် အကောင်းစားပိတ်ဖျင်ဖြင့် ချုပ်ထားသော ရှုံကြိုးတပ်လက်ကိုင်အိတ်ပင် ဖြစ်၏။

အိုးထိန်းသည် ဘေးဆီသို့ကြည့်လိုက်၏။ လူရိပ်လူခြည်ကို မတွေ့ရပေ။ ထို့ကြောင့် အိတ်ကို ဖွင့်ကြည့်လိုက်၏။ ထိုသို့ ဖွင့်ကြည့်လိုက်ရာ အတွင်း၌ ရာတန်ငွေစက္ကူများနှင့် ရွှေငွေလက်ဝတ်လက်စားများကို တွေ့ရ လေ၏။ ထို့ကြောင့် အိုးထိန်းက....

"အဘိုးရေ....ဟောဒီမှာ ကောက်ရတာ ငွေထုပ်ပဲ့၊ အထဲမှာ လက်ဝတ်လက်စားတွေလဲပါတယ်၊ ငွေတွေလဲ မနည်းဘူး အဘိုးရဲ့"ဟု ပြောလိုက်ရာ အဘိုးကြီး ဦးမာတူးက....

"အဲဒါ ဘယ့်နှယ်လုပ်မယ်ကြံသလဲ လူကလေး"

ဟု မေးလိုက်လေ၏။

"ဘယ့်နှယ်လုပ်ရမလဲ အဘိုးရယ်၊ ဥစ္စာရှင်ဟာ ကျပျောက်တာဆိုရင် ဒီအနားကိုလာပြီး ရှာမှာပေါ့၊ အဲဒီလို ရှာတယ်ဆိုရင်တော့ မေးစမ်းပြီး ပြန်ပေးရမှာပဲ၊ အဲဒီလို ပြန်ပေးနိုင်အောင်တော့ ကျွန်တော်တို့နှစ်ယောက်ဟာ ဒီဇရပ်မှာသုံးရက်လောက် ဘယ်မှမသွားဘဲ နေရလိမ့်မယ်၊ သုံးရက်ပြည့်လို့မှ ပိုင်ရှင်ပေါ်မလာရင်တော့ ကျွန်တော်တို့ပစ္စည်း ဖြစ်သွားပြီပေါ့ ဗျိုးရယ်....

အဲဒီကျတော့လဲ အခုလို ရိက္ခာတက်တက်ပြီး စုဆောင်းရတဲ့ဒုက္ခ မရှိတော့ဘူးပေါ့၊ နှစ်လုံးပေါက် စားနိုင်အောင်

www.burmeseclassic.com

ရိက္ခာတွေဝယ်ပြီး ကျွန်တော်တို့ရဲ့ စခန်းထဲမှာ သိမ်းထားရမယ်"

ဟု အိုးထိန်းက ပြောလိုက်၏။ ထိုအခါ အဘိုးကြီး ဦးမောတူးက...

"မင်းကတော့ ကံကိုထူးပါတယ်ကွာ၊ ပညာကို မနားတမ်း ဆက်တိုက်သင်နိုင်ဖို့ ကောင်းကင်ဗလာဟင်းလင်းကနေ ငွေထုပ်ကြီးတစ်ထုပ် ပစ်ချပေးလိုက်ပြီပဲ"

ဟု ပြောလိုက်လေ၏။

"နေပါဦး အဘိုးရဲ့၊ အခု ကျွန်တော်တို့ စခန်းကြီးက ဆောတော့်ကို နက်တဲ့တောကြီးထဲကို ရောက်နေတာနော်၊ အရင်ကကော ဒီနေရာကို ရောက်ဖူးသလား"

ဟု အိုးထိန်းက မေးလိုက်လေ၏။

"ရောက်ဖူးတာပေါ့ကွာ၊ မင်းအဘိုး တို့ရဲ့ ဘုရင်ပေါ့ကွာ၊ ဦးဒီပနဲ့အတူ ရောက်ဖူးတယ်၊ ငါ သူ့ဆီက ပညာသင်တာ အဲဒီနေရာပဲ၊ အဲဒီနေရာဆိုပေမယ့် ငါတို့တုန်းက တဲမထိုးဘူးကွ၊ ကျောက်ဂူထဲမှာ နှစ်ယောက်သား အောင်းပြီး ဆင်ကြတာ၊ မင်းအဖေ မောင်ကလန် ပညာသင်တာလဲ အဲဒီနေရာပဲကွ၊ မင်းအဖေ မောင်ကလန်ကို ကြိုးဝိုင်းက လိုက်မြီးလုပ်ကြတော့လဲ အဲဒီနေရာပဲ အောင်းရတာ၊ အခု မင်းပညာသင်တော့လဲ အဲဒီနေရာမှာပဲပေါ့ကွာ၊ မင်းကို ပြောပြရဦးမယ်၊ အခု.... မင်းတုန်မြို့ဟာ ရှေးတုန်းက ဘုမ္မာဝတီလို့ ခေါ်တယ်၊ ဘုမ္မာဝတီက မင်းညီမင်းသားတွေ၊ ဘုရင်တွေ အရေးနိမ့်လာရင် ဒီနေရာမှာလာပြီး ပုန်းတာကွ၊ ဒါကြောင့် ဒီတောင်ကုန်းကို

ခေါ်တာပေါ့၊ အခုခေတ်လူတွေတော့ မသိကြတော့ဘူး၊ ရောက်လဲ မရောက်ဖူးကြတော့ပါဘူး၊ ငါ့ဆရာ ဦးဒီပ ပြောပြချက်အရဆိုရင် ဘုမ္မာဝတီက မင်းသမီးတစ်ပါးဟာ အဲဒီနေရာမှာ လာပုန်းပြီး သေတဲ့အထိ နေသွားတယ်လို့ ပြောတယ်၊ သူနဲ့ပါလာတဲ့ ရဲရွေတော်တချို့ကလဲ အဲဒီမင်းသမီး ဆေသွားတဲ့အခါမှာ နေပြည်တော်ကို ပြန်တော့တဲ့ အဲဒီတောကြီးရဲ့ အနောက်ဘက်ကို ဝင်သွားပြီး အနောက်ဘက်ကလူတွေနဲ့ အိမ်ထောင်ရက်သား ကျကုန်ကြတဲ့ အဲဒီမှာပဲ ရပ်ရွာ တည်ထောင်ပြီး နေခဲ့ကြတယ်ဆိုပဲ၊ နောက် မျိုးစဉ်ဆက်ဝင်တစ်ခုက ကာလီဒါသကို ကပ်ကြေးထိုးသတ်တဲ့ ပြည့်တန်ဆာမဟာ သေဘေးကိုခကြောက်ရွံပြီး အဲဒီနေရာမှာ လာအောင်းပြီး ဆေသွားတယ်ဆိုပဲ၊ ဘာပဲဖြစ်ဖြစ်ကွာ....မင်းနဲ့ငါ ပညာသင်တဲ့ တို့ရဲ့ တောကြီးက မည်းထဲက ပညာသင် ကျောင်းကြီးကိုတော့ ဘုမ္မာဝတီလို့ပဲ အမည်ပေးထားမယ်၊ သုံးရက်ကြာလို့ ငွေထုပ်မိုင်ရှင်မေါ်လဲ ရိက္ခာတွေဝယ်ပြီး ပြန်ကြတာပေါ့"

ဟု အဘိုးကြီး ဦးမောတူးက ပြောလိုက်လေ၏။

အိုးထိန်းကလည်း....

"ကျွန်တော်နေတဲ့ကျောင်းက ဘုမ္မာဝတီ၊ ကျွန်တော့်ယူနီဗာစတီပေါ့၊ အဘိုးရဲ့ ဘုမ္မာဝတီ ယူနီဗာစတီမှာ ကျွန်တော်သွားစုံရင် ဒီဂရီတွေ့ ဘာတွေ ပေးဦးမှာလား"

ဟု မေးလိုက်လေ၏။

www.burmeseclassic.com

"ပေးထိုက်ရင်တော့ ပေးရမှာပေါ့ကွာ"

ဟု အဘိုးကြီး ဦးမာတူးက ပြန်၍ပြောလိုက်လေ၏။

ထို့နောက်တွင်ကား ၎င်းတို့နှစ်ဦးသည် သုံးရက်တိုင်တိုင် စောင့်သော်လည်း ဥဒေအိတ်ပိုင်ရှင် ပေါမလာသဖြင့် နောက်ထပ် နှစ်ရက်ထပ်၍ စောင့်ကြရလေ၏။ ထိုသို့ နှစ်ရက်ထပ်၍ စောင့်သော်လည်း ပိုင်ရှင် ပေါမလာသောကြောင့် ၎င်းတို့မြေးအဘိုးနှစ်ဦးသည် ပြန်ခဲ့ကြလေတော့၏။

၎င်းတို့သည် ပြည်မြို့မှ ထွက်လာခဲ့ကြပြီးနောက် တစ်နှစ်စာ လူနှစ်ယောက် စားသုံးနိုင်ရန်အတွက် ဆန်များ၊ ဂျုံများ၊ စည်သွပ်ဘူးများ၊ မီးခြစ်၊ ဆေးမှုန့်များ၊ စာအုပ်စာတမ်းခဲတံခဲဖျက်မှအစ လိုအင်ဆေး ပစ္စည်းမျိုးစုံကို ဝယ်ယူခဲ့ကြလေ၏။ ထိုသို့ဝယ်ယူပြီးနောက် ၎င်းတို့ လျှိုဝှက်စွာပြုလုပ်ထားသော ဘုမ္မာဝတီ ပညာသင် ဌာနကြီးသို့ ထွက်ခွာသွားကြလေတော့သတည်း။

( )

ဘုမ္မာဝတီ ယူနီဗာစတီ

အဘိုးကြီး ဦးမာတူးသည် အိုးထိန်းအား တောတွင်းမုဆိုးတို့၏ အတတ်ကို အသေးစိတ်သင်ပေး၏။ ရေနောက်သော နေရာများ၌ ရေနောက်ကို ရှောင်ကြည်ဖြစ်အောင် ပြုလုပ်၍ သောက်သုံးနည်းများ၊ ကျားထောင်နည်း၊ သမင်ဒရယ်ထောင်နည်းမှစ၍ တိရစ္ဆာန်မျိုးစုံ ထောင်နည်းများကို သင်ပေး၏။

ထို့ပြင် အခက်အခဲ ကျော်နင်းမှုများ၊ ဖြတ်သန်းမှုများကိုလည်း သင်ပေး၏။ ဒူးလေးလုပ်နည်း၊ ပစ်နည်းအပါအဝင် အခေးပစ်လက်နက် ပြုလုပ် ပစ်ခတ်နည်းများကို သင်ကြား လေ့ကျင့်ပေး၏။ ၎င်းတို့သည်, တောထဲတွင် နှစ်လုံးပေါက် ခိုအောင်းနေကြလေ၏။ ရိက္ခာများ ကုန်ခါနီးတွင်

www.burmeseclassic.com

www.burmeseclassic.com

"အခု မင်းကို ငါ သင်ပေးမယ့်ပညာဟာ ဂမ္ဘီရပညာ ဖြစ်တယ်"

ဟု အဘိုးကြီးဦးမာတူးက စကားစလိုက်လေ၏။

"ဂမ္ဘီရပညာဆိုတာ ဘယ်လိုပညာမျိုးလဲ အဘိုး၊ တွေ့နေကျ မြင်နေကျ ဂိုဏ်းဆရာတွေရဲ့ ပညာမျိုးလား"

ဟု အိုးထီန်းက မေးလိုက်လေ၏။

"မင်းပြောတဲ့ဂိုဏ်းဆရာတွေအကြောင်းလဲ ငါ မသိဘူး၊ သူတို့ပညာတွေကိုလဲ ငါမတတ်ဘူး၊ ငါသင်ပေးမယ့် ဂမ္ဘီရပညာက ငါတို့ အိုးဂိုဏ်း ကြိုးဂိုဏ်းနဲ့ ပတ်သက်တယ်၊ကုန်ကုန်ပြောရရင် လူအားလုံးနဲ့ ပတ်သက်တယ်၊ ဒါဟာလဲ ပညာရပ်ပဲ ပြောမယား၊ တို့လျှောက်ရမယ့်လမ်းကြောင်းပဲလား မဆိုနိုင်ဘူး၊ အဆင့်ပေါင်းနှစ်ဆယ်ကျော်ရှိတယ်၊ အခု စပြီးလေ့ကျင့်သင်ကြားပေးရမှာက ဂမ္ဘီရပညာကိုမရောက်သေးဘူး၊ ဂမ္ဘီရပညာရဲ့ တံခါးပေါက်ကိုသွားဖို့ သွားနည်းပဲ သင်ပေးမှာ၊ ဂမ္ဘီရပညာရဲ့ မုခ်ဝတံခါးကတော့ မင်းဟာမင်း ဖွင့်ယူရမှာ၊ ငါလုပ်ပေးလို့ မရဘူး၊ အဲဒါကို မင်း မြဲမြဲနားလည်ထားပါ"

ဟု ဆရာဖြစ်သူ အဘိုးကြီးဦးမာတူးက အိုးထိန်းအား ပြောလိုက်လေ၏။

"ကောင်းပါဖြို့၊ အဘိုး သင်ပေးတာကို ကျွန်တော် လိုက်ပြီး သင်ယူရမှာပေါ့"

ဟု အိုးထိန်းက ပြန်၍ပြောလိုက်လေ၏၊

အဘိုးကြီးဦးမာတူးသည် သူ၏သေတ္တာကိုဖွင့်၍ ကတ္တီပါ အိတ်ကလေးတစ်လုံးကို ထုတ်ယူလိုက်လေ၏၊ ထို့ကတ္တီပါအိတ်

နှစ်ယောက်သားထွက်၍ နီးရာမြို့များသို့စာကာ ရိက္ခာများ ဝယ်ယူကာ ၎င်းတို့၏ ဘုမ္မာဝတီလေ့ကျင့်ရေးခန်းသို့ ပြန်၍ အောင်းကြပြန်လေ၏။

ထိုနှစ်ပိုင်းအတွင်း၌ မကွေးမြသလွန် ဘုရားပွဲမှ ရှမ်းပြည် နယ်ဘက်သို့ မောင်းနှင်လာသော ခရီးသည်တင် ကားနှစ်စီးသည် အောင်ဘန်းမြို့ အလွန်တွင် ချောက်ဆဲကျ၍ ခရီးသည်များ အားလုံးလိုလို သေဆုံးသွားသော ကြောက်ဖွယ်ရာ အဖြစ်အပျက်တစ်ခု ဖြစ်သွားခဲ့လေ၏၊ ထိုကားနှစ်စီးတွင်ပါသော ခရီးသည်များမှာလည်း များသောအားဖြင့် ဆယ့်နှစ်ပွဲသမား ဟုခေါ်သည့် ပွဲစျေးတန်း စျေးသည်များနှင့် ဘုရားပွဲများကို အမှီပြုကာ အသက်မွေးကြသော သူများသာ ဖြစ်ကြသည်ဆို၏။

ထို့ကြောင့် လှည်းနေလေ့အောင်းလူစုသည် အိုးထိန်းနှင့် ဦးမာတူးတို့အားပျောက်နေသည်မှာ ကြာပြီဖြစ်သောကြောင့် ရှမ်းပြည်နယ်တွင်ဖြစ်ပွားခဲ့သော ကားမှောက် သေဆုံးရာတွင် ပါသွားကြပြီဟု ထင်မှတ်ပြောဆိုနေကြလေတော့၏၊

အမှန်စင်စစ်အားဖြင့် ၎င်းတို့နှစ်ဦးသည် ၎င်းတို့ ဖန်တီးထားခဲ့သော တောနက်ကြီးအတွင်းမှ ဘုမ္မာဝတီကျောင်းကြီးတွင် တစ်ဦးက ပညာသင်ကြားပေး၍ တစ်ဦးက ပညာသင်ယူနေလေ၏။

ဦးမာတူးက အိုးထိန်းအား နောက်ဆုံး လေ့ကျင့်သင်ကြားပေးသောပညာမှာ ဂမ္ဘီရပညာဖြစ်၏၊

www.burmeseclassic.com

တစ်ချောင်း ငါ့ကိုရှာပေးရမယ်၊ အဲဒီတုတ်ဟာ မင်းရဲ့ ပညာသင်ကြားရေး အကူပစ္စည်းဖြစ်တဲ့အတွက် မင်းအနေနဲ့ကျေးဇူးရှိတယ်၊ ဒါကြောင့် အဲဒီတုတ်ကို နမ်းပြီးပေးရမယ်၊ မင်းကို ငါက မရိုက်ချင်ဘူး၊ ဒါပေမယ့် သတိလွတ်ရင်တော့ ရိုက်ရမှာပဲ၊ အဲဒီလိုရိုက်တာဟာ မင်းကို ကူညီတာဖြစ်တဲ့အတွက် တစ်ချက်ရိုက်တိုင်း မင်း ငါ့လက်ကို တစ်ခါနမ်းရမယ်၊ အဲဒီရိုက်ချက်တွေဟာ့ မင်းရဲ့ ဂမ္ဘီရတက်စဉ်မှာ အရေးကြီးတဲ့ လေ့ကျင့်ထစ်တွေဖြစ်တယ် လူကလေး"

ဟု ပြောဆိုကာ အိုးထိန်းအား ရိုက်နှက်ရန်အတွက် တုတ်တစ်ချောင်းကို ရှာခိုင်းလိုက်လေ၏။

အိုးထိန်းသည်နှစ်ဘောင်ကျော်ကျော်ခန့်ရှိသော ဝါးကျွန်းတုတ်ကြီးတစ်ချောင်းကို ရှာ၍ နမ်းကာ အဘိုးကြီးအား ပေးလိုက်လေ၏။ အဘိုးကြီးသည် ထိုဝါးကျွန်းတုတ်ကြီး၏ထိပ်တွင် ချူကလေးနှစ်လုံးတပ်လိုက်၏၊ ထို့နောက် အိုးထိန်း၏ခေါင်းကို ခွပ်ခနဲ ရိုက်လိုက်ရာ ချူသံကလေးသည် ချွင်ခနဲ မြည်သွားလေ၏။

"တုတ်ကို စရန်ပေးတဲ့အနေနဲ့ရိုက်တာ လူကလေး၊ အပြစ်ရှိလို့ ရိုက်တာမဟုတ်ပါဘူး၊ အလုပ်အပ်ရင် စရန်တစ်ဝက် ပေးရတယ်မဟုတ်လားကွ၊ အခုဟာက စရန်ပေးတယ်လို့ သဘောထားပါ၊ အခု ငါ စပြီးပြောမယ်၊ ဟောဒီ အာကာသဗလာဟင်းလင်းကြီးထဲမှာ တန်ခိုးစွမ်းအားတွေ ရှိတယ်ကွ၊ အဲဒီ တန်ခိုးစွမ်းအားတွေ မင်းဆီကိုရောက်အောင် တောင်းယူရမယ်၊ အဲဒီတော့ စားတဲ့ ထမင်းလုတ်တိုင်း ထမင်းထဲမှာ

ကလေးအတွဲ့ဖြစ်မှ ကျောက်နက်ပုတီးကလေးတစ်ကုံးကို အိုးထိန်း၏ လက်သို့ ပစ်ခပေးလိုက်လေ၏။ အိုးထိန်းသည် ထိုပုတီးလေးကို ကိုင်၍ ပုတီးများကို ရေကြည့်လိုက်ရာ ပုတီးလုံး (၂၂)လုံး ရှိသည်ကို တွေ့ရလေ၏။ ထိုအခါ အိုးထိန်းက...

"သူများတွေ ပုတီးစိပ်တာက (၁၀၈)လုံးပါ အဘိုးနဲ့ဘယ့်နှယ်ကြောင့် ကျွန်တော့်ဟာက (၂၂)လုံး ဖြစ်နေတာလဲ"

ဟု မေးလိုက်လေ၏။

"ဒီသို့ လူကလေးရဲ့၊ မင်းလျှောက်ရမယ့် ဂမ္ဘီရလမ်းမှာက အဆင့်ပေါင်း (၂၂)ဆင့်ရှိတယ်၊ အဲဒါကြောင့် ပုထိုးလုံး နှစ်ဆယ့်နှစ်လုံးလုပ်ထားတာ၊ ပြီးတော့လဲ ပုတီးဆိုတာ မင်းလုပ်တဲ့အလုပ်တွေဟာ ဘယ်နှစ်ကြိမ် ဘယ်နှစ်ခါရှိပြီဆိုတာ သိဖို့ အမှတ်အသားလုပ်ထားတာတစ်ခုပါပဲ၊ အခု မင်းကို စပြီး သင်ခန်းစာပေးရမယ်"

ဟု အဘိုးကြီးဦးမာတူးက ပြောလေ၏။

"ရပါတယ် အဘိုး၊ ကျွန်တော့်ဘက်က အဆင်သင့်ပါပဲ"

ဟု အိုးထိန်းက ပြန်၍ပြောလိုက်လေ၏။

"အခုလုပ်ရမယ့်အလုပ်တွေဟာ သတိနဲ့လုပ်ရတဲ့ အလုပ်တွေဖြစ်တယ်၊ မင်းအနေနဲ့ သတိလွတ်တာနဲ့ ငါက မင်းကို သတိပေးရမယ်၊ သတိပေးတဲ့နည်းထဲမှာ အကောင်းဆုံးနည်းဟာ ရိုက်တဲ့နည်းပဲကွာ၊ နာအောင်ကို ရိုက်ရမှာ၊ အဲဒီတော့ မင်းဘယ်တုတ်နဲ့ ရိုက်ရမယ်ဆိုတာ မင်းကိုယ်တိုင်ရွေးချယ်ပြီး ထု

www.burmeseclassic.com

ပါတဲ့ တန်ခိုးစွမ်းအားတွေကို ဝါးမျိုနေပြီလို့ စိတ်ထဲက ရွတ်ဆိုပြီးမှ မျိုချရမယ်၊ ရေပဲသောက်သောက် ရေနွေးပဲ သောက်သောက် အဲဒီရေထဲ ရေနွေးထဲမှာပါတဲ့ ဂန္ဓိရတန်ခိုး စွမ်းအားတွေကို သောက်မျိုနေပြီလို့ စိတ်ထဲက ရွတ်ဆိုပြီးမှ သောက်ရမယ်၊ ရေချိုးတဲ့အခါမှာလဲ ရေထဲမှာပါတဲ့ တန်ခိုး စွမ်းအားတွေဟာ မင်းရဲ့သိန်းသန်းကုဋေရှိစဲ့ ချွေးပေါက်တွေ ကနေ မင်းရဲ့ ခန္ဓာကိုယ်ထဲကို စိမ့်ဝင်သွားစေယ်လို့ မှတ်ယူပြီး ရေချိုးရမယ်၊ စားခြင်း၊ သောက်ခြင်း၊ ရေချိုးခြင်းမလုပ်ခင် ဒီတိုင်း သက်သက်ထိုင်နေတဲ့အခါမှာလဲ လေကတော့ ရှူရမှာ ပဲကွာ၊ လေရှူတဲ့အခါမှာလဲ လေထဲမှာပါတဲ့ ဂန္ဓိရ တန်ခိုး စွမ်းအားတွေကို ရှူသွင်းမျိုချနေပြီလို့ ရွတ်ဆိုရမယ်၊ အလွတ်ရ ဘာမှမလုပ်ရဘူး သူတို့သွားတာနဲ့ ငါသိစေယ်၊ သိတာနဲ့ ဟောဒီတုတ်နဲ့ ရိုက်ပြီးသားပဲ၊ ရိုက်ပြီးတာနဲ့ ငါ့လက်ကို လာနမ်းရမယ်''

ဟု အဘိုးကြီးဦးမာတူးက ပြောလေ၏။

ထို့နောက် အဘိုးကြီးဦးမာတူးသည် အိုးထိန်းအား ထင်းခဲ့၊ ရေခပ်၊ အမိုက်ရှင်း စသည့် သာမန်ဝတ္တရားများ ကိုသာ ခိုင်းစေထားလေ၏။ ထိုဝတ္တရားများကို ခိုင်းစေပြီး နောက် အဘိုးကြီးသည် အိုးထိန်းအား မျက်ခြည်မပြတ်စောင့် ကြည့်ခဲ့လေ၏။ ထိုသို့ စောင့်ကြည့်ခဲ့ရာ အိုးထိန်းအဖို့ ထင်း စားရာတွင် (၃)ချက် ရိုက်ခံရ၏၊ ရေနွေးသောက်ရာတွင်(၂) ချက် အရိုက်ခံရ၏။ ထမင်းအိုးတည်ရင်း ထိုင်နေရာတွင် (၅) ချက် အရိုက်ခံရ၏၊ထိုညကအိပ်ရာဝင်သောအခါ၌ အိုးထိန်း၏

ခေါင်းတွင် နေရာလပ်မရှိအောင် ဖူးရောင်နေပြီဖြစ်၏။ထိုအခါ အဘိုးကြီးက....

''ခေါင်းကအော့ နေရာပြည့်သွားပါပြီ၊ မနက်ဖြန် ကျောကုန်း လာမယ်၊နောက်နေ့ကို ခြေထောက်နေရာလပ်မရှိအောင် ခိုက်ရမှာပဲကွာ''

ဟု ပြောလေ၏၊ အဆိုးကြီးသည် ဤသို့လျှင် အိုးထိန်း အား သတိမြဲရန်အတွက် ကြိုးစားပမ်းစား ရိုက်နှက်ပေး လေ၏၊ (၂၂)ရက် ပြည့်သောအခါ၌ အဘိုးကြီးက....

''ဒီနေ့ သင်ခန်းစာစာစုထပ်တိုးရဦးမယ်၊မင်းကိုပေးထား တဲ့ ပုတီးကလေးနဲ့ ဂါထာကို အပတ်ပေါင်း ဘာဆောင် ရအောင် စိပ်ရမယ်၊ ဖိပ်ရမယ့် စနက ဟောဒီလိုဖြစ်တယ်ကွ''

ဟု ဆိုကာ အောက်ပါဂါထာပိဒ်ကို နှုတ်ဆိုက်ချပေးလေ၏။

ငါ၏စိတ်သည် တစ်နေ့ထက်တစ်နေ့ ရင့်သန်ထက်မြက် လာစေယ်။
ငါ၏စိတ်ကို ငါ လုံးလုံးအစိုးရတယ်၊
သူတစ်ပါးရဲ့စိတ်တွေကိုလည်း ငါဟာလွှမ်းမိုးနိုင်တယ်၊
ငါ့မှာ ဂန္ဓာရီဘန်ခိုးအရှိန် အလွန်ကြီးမားတယ်၊
ငါဟာ ဂန္ဓာရီတန်ခိုးရှင်၊ ငါဟာ ဂန္ဓာရီပညာရှင်ဖြစ် တယ် ဟော့။

အိုးထိန်းအား အဘိုးကြီးသည် အထက်ပါစာကို အလွတ် ရသည်အထိ နှုတ်တိုက်ချပေးလေ၏၊ အလွတ်ရသွားသော အခါ၌ အဘိုးကြီးဦးမာတူးက....

www.burmeseclassic.com

www.burmeseclassic.com

"ဒီမှာ လူကလေး....နေတိုင်း အခုပေးထားတဲ့ ပုတီးကလေးနဲ့ အပတ်တစ်ထောင်ရအောင် ခါးကို ဖြောင့်ဖြောင့်ထားပြီး တင်ပျဉ်ခွေခြိုက်ဆိုင်ရမယ်၊ ပြီးရင် အဲဒီစာကို ပုတီးစိပ်ရမယ်၊ အပိုဒ်တိုင်း အပိုဒ်တိုင်း စာလုံးတိုင်း စာလုံးတိုင်း မင်းရဲ့ နှလုံးသားထဲကို ဝင်သွားစေရမယ်၊ ချိုမျော့မျော့ထဲကို လေးခွနဲ့ ပစ်သွင်းလိုက်တဲ့ လောက်စာလုံးလို အောက်ခန့် အောက်ခန့် နစ်ဝင်သွားအောင် လုပ်ရမယ်၊ အဲဒါဟာ အလေ့ကြီးတဲ့ အလုပ်ဘစ်ခုပဲ၊ စဒပတော့"

ဟု ပြောလိုက်လေတော့၏။

ထိုအခါ အိုးထိန်းသည် ပုတီးကိုယူပြီး သားရေနွယ်အခင်းကိုယူ၍ စမ်းချောင်းနံဘေးကို သွားလေ၏။ ထို့နောက် အဘိုးကြီး ဦးမာတူး ပြောသည့်အတိုင်း ကိုယ်ကို မတ်မတ်ထား၍ တင်ပျဉ်ခွေထိုင်ကာ လုပ်ငန်းကို စတင်လေတော့၏။ ဦးမာတူးသည် အနီးသို့သွား၏။ အိုးထိန်း ငိုက်မျဉ်းသော အခါ၌ ကျောကို ရိုက်ပေးလေ၏၊ ဤလေ့ကျင့် ခန်း ကို (၄၉)ရက် လေ့ကျင့်ပေးပြီးနောက် နောက်ထပ် ရွတ်ဆိုရမည့် ပြဿုပ်ရန် အောက်ပါစာကို နှုတ်တိုက် သင်ပေးပြန်၏။

ငါ့ရဲ့ မျက်စိတွေဟာ
တစ်နေ့ထက်တစ်နေ့ တန်ခိုးတွေနဲ့
ပြည့်ဝလာပြီ၊ အလွန်လည်း စူးရှ ထက်မြက်လာပြီ၊
ငါ့ရဲ့ မျက်စိဒဏ်ကို မည်သူတစ်စုံတစ်ယောက်မှ
ကြံ့ကြံ့မခံနိုင်တော့ဘူး၊

ငါဟာ နာရီပေါင်းများစွာ
မျက်စိမည်ကောင်းဘဲ နေနိုင်တယ်၊ ကြည့်နိုင်တယ်ဟေ့....

အဘိုးကြီး ဦးမာတူးသည် ကတ္တီပါ ချုံကြိုးအိတ် အနီကလေးကိုထုတ်ပြန်၏။ ထို့နောက် ထိုကတ္တီပါအိတ်ကလေးအတွင်းမှ ရွှမ်လက်မခန့် ရှိသော ကျောက်သလင်းတုံး ရှည်မျောမျောတစ်ခုကို-ထုတ်လိုက်လေ၏။ ပြီးလျှင် အဘိုးကြီးက....

"တောဒီ ကျောက်သလင်းတောင့်ကို မင်းရဲ့ မျက်စိနဲ့ တည့်တည့်ခလောက်မှာထားပြီး စောစောက မင်း ဆိုတဲ့စာကို တစ်နေ့မှာ ပုတီးနဲ့ အပတ်ငါးရာလောက် စိပ်ရမယ်"

ဟု ပြောလေ၏၊

ထို့နောက် အိုးထိန်း၏ လက်သို့လည်း ရွှမ်လက်မခန့် ရှည်သော ကျောက်သလင်းတုံးတစ်ခုကို တလေးတစားအပ်နှံလိုက်လေ၏။

"အဘိုးရယ်....တခြားဟာကို မကြည့်ခိုင်းဘဲ ဘာဖြစ်လို့ ဒီကျောက်သလင်းတုံးကို ကြည့်ခိုင်းရတာလဲ"

ဟု အိုးထိန်းက မေးလိုက်လေ၏။

"ဒီလိုရှိတယ် လူကလေး....အိုးဂိုဏ်းနဲ့ ကြိုးဂိုဏ်း ကဲ့သားတဲ့ အချိန်တုန်းက မိုးကြိုးသွားနဲ့ ကွာဇ်ခရစ်စတယ်လို့ခေါ်တဲ့ ကျောက်သလင်းတုံးဟာ ဘယ်သူမှာ ပိုပြီး တန်ခိုးသိဒ္ဓိရှိသလဲလို့ ညီအစ်ကိုနှစ်ယောက် ငြင်းခုံရာကအစ ကဲခဲ့ကြတာမလုတ်လား၊ နောက်ဆုံးမှာ ကြိုးဂိုဏ်းက မိုးကြိုးသွားကို ဆုံးသွား

www.burmeseclassic.com

www.burmeseclassic.com

တယ်၊ တို့ အိုးဂိုဏ်းကတော့ ဟောဒီ ကျောက်သလင်းတုံးကို ယူခဲ့ကြတယ်၊ ကြိုးဂိုဏ်းမှာ ဘုရင်လုပ်စဲ့ လူအတွက် မိုးကြိုးသွားဟာ သူ့ရဲ့ဆန်လျက်ပဲကွ၊ အဲဒီလိုပဲ....ဆို အိုးဂိုဏ်းမှာလဲ ဘုရင်လုပ်တဲ့ လူအတွက် ဟောဒီ ကျောက်သလင်းတုံးဟာ သန့်လျက်ပဲကွ''

ဟု ပြောလိုက်လေ၏၊ ထိုအခါ အိုးထိန်းက....

''ကျောက်သလင်းတုံးဟာ ဘယ်လိုမျိုး ဇူးခြားလို့လဲ အဘိုးရဲ့''

ဟု မေးလိုက်လေ၏၊

''ဒီလို လူကခလေးရဲ့၊ ဟဟာဒီ နှစ်ဆယ်ရာစုလောကခေတ်ပညာ တိုးတက်မှုတွေ အားလုံးဟာ ကျောက်သလင်းတုံးပေါ်မှာ အခြေခံလို့မှီမယ်ကွ၊ လောကခေတ်ပညာ တိုးတက်မှုတွေထဲကနေ ကျောက်သလင်းတုံးကို ဖယ်ထုတ်လိုက်မယ်ဆိုရင် နှစ်ဆယ်ရာစု လောကခေတ်ပညာဟာ သုညအောက် ယူဇနာတစ်ရာလောက် ကျဆင်းသွားလိမ့်မယ်၊ ကျောက်သလင်းတုံးဟာ လောကခေတ်ပညာ တိုးမှုမှုတွေအတွက် ဓာတ်ဝန်ယူလိမ့်မယ်၊ သူဟာ လောကခေတ်ပညာ အခေါ်နဲ့ ခေါ်မယ်ဆိုရင် ဆီလီကွန်းဒိုင်အောက်ဆိုဒ်ပဲ၊ ဒါပေမယ့် အစဉ်သဖြင့် ခြောက်ဆောင့်ပုံသဏ္ဌာန် တွေ့ရတဲ့အတွက် သူကို 'ခရစ်စတယ်' လို့ ခေါ်တာ၊ နောက်ထပ်တွေ့မယ့် လောကခေတ်ပညာရဲ့ တိုးတက်မှုတွေလဲပဲ သူအပေါ်မှာ အခြေခံရလိမ့်မယ်၊ သူဟာ စိန်ထက်ပျော့ပြီး ဥဿဖရားထက် မာတယ်၊ မာန္ဓန်းစကေး 'အိတ်ချ်ဆဲဝင်း' ရှိတယ်၊ ဥရောပတိုက်မှာဆိုရင် ကျောက်

သလင်းတုံးကို ဘုရားသခင်ရဲ့ လက်ဆောင်လို့တောင် ပြောနေကြပြီ၊ တစ်ခါတလေ ငါတို့ ရွာလို့ ဇေလို့ မရတဲ့အခါမှာ တို့ဘုရင်၊ တို့ဆရာဦးဒီပက ကျောက်သလင်းတုံး ဆောင်ထားလေကွာ၊ သိပ်လာတ်ရှင်တယ်ကွလို့ ပြောလေ့ ရှိတယ်၊ ပြီးခဲ့တာ့ အမျှားသူငါတွေ ပြောပြောနေတဲ့ ပီယဆေး ဆိုတာ ဖော်စပ်ဖို့ ဆေးအမည်တွေ များတယ်ကွ၊ ဖော်ဖို့ ခက်တယ်၊ ကျောက်သလင်းတုံးဟာ ဆောင်ထားရင် ပီယ ဖြစ်တယ်ကွ၊ မှတ်ဉာဏ်နည်းတဲ့ လူဟာ သူနားမှာ ကျောက်သလင်းတုံး ထားပြီး စာကျက်ရင် မှတ်ဉာဏ်တွေ ကောင်းလာတာကို တွေ့ရတယ်၊ ကျောက်သလင်းတုံးမှာ တခြား သိဒ္ဓိတွေ အများကြီးပဲ၊ ဂန္ဓာရီ သိဒ္ဓိတွေ ပြည့်နှက်နေတဲ့ ကျောက်တစ်မျိုးပဲကွ''

ဟု အဘိုးကြီး ဦးမာတူးက ပြော လိုက် လေ တော့ ၏၊ ထို့နောက်တွင်ကား အိုးထိန်းသည် ကျောက်သလင်းတုံးကို ယူ၍ အဘိုးကြီးပြောသည့်အတိုင်း မျက်စိတည့်တည့်နေရာတွင် ထား၍ စာဆင်လေ့ကျင့်လေတော့သတည်း။

○

www.burmeseclassic.com

www.burmeseclassic.com

ဗလာစာင်းလင်း မိခင်ရင်း

အဘိုးကြီးသည် အိုးထိန်းအား လွဲကျင့်ခန်းများကို ကျေနပ်လောက်အောင် လွှဲကျင့်ခိုင်းပြီးနောက်....

"ဒီမှာ လူကလေး....မင်းကို အဘိုးက တော်တော်လေး လွှဲကျင့်ပေးပြီးပြီ၊ အခု သင်ခန်းစာ စရတော့မယ်"

ဟု ပြောလိုက်လေ၏။ ထိုအခါ အိုးထိန်းက....

"အခုထက်ထိ သင်ခန်းစာ မစရသေးဘူးလား အဘိုး"

ဟု အံ့သြသော မျက်နှာဖြင့် မေးလိုက်လေ၏။

"မစရသေးဘူးကွ....ဒီနေ့မှ စမှာ၊ အဲဒီ သင်ခန်းစာဟာ တစ်မျိုးတစ်မျိုးကို နှစ်လခွဲ လွှဲကျင့်ရမယ်၊ အဲဒီတော့ သင်ခန်းစာ ပြီးဆုံးတဲ့အချိန်ဟာ (၅)နှစ်လောက် ဖြစ်သွားမယ်၊ အဲဒါတွေအားလုံးဟာ အကြမ်းပတမ်းလုပ်ရတာတွေမပါဘူး၊ အားလုံး စိတ်အလုပ်ခွဲညီးပဲ"

ဟု အဘိုးကြီးက ပြောလိုက်လေ၏။ ထိုအခါ အိုးထိန်းက....

၉၁၀၀၀

www.burmeseclassic.com

"လုပ်ရမှာပေါ့ အဘိုးရယ်၊ (၅)နှစ်ပဲ ကြာကြာ၊ နှစ် (၅၀)ပဲကြာကြာ လုပ်ရမှာပေါ့"

ဟု ပြောလိုက်လေ၏။

"အေး....ပထမဦးဆုံးနားလည်ထားရမှာကတော့ ဟောဒီ အာကာသလို့ခေါ်တဲ့ ဓာတ်သဘောကြီးဟာ ဘယ်တော့မှ မပျက်မယွင်း အတိုးအလျှော့မရှိ တည်ရှိနေတယ်၊ အဲဒါကို အလွယ်ခေါ်ရရင် မဟာဗလာကြီးပဲပေါ့ အဲဒီမဟာဗလာကြီးဟာ ဘာမှမရှိတဲ့အနေနဲ့ ငုပ်တည်နေတယ်၊ အဲဒီ ဘာမှမရှိဘူးဆိုတဲ့ အရာထဲမှာ အလုံးစုံ ရှိနေတယ်၊ အလုံးစုံ ဖြစ်ပေါ်နေတယ်၊ သူဟာ အစရယ်လို့လဲမရှိ၊ အဆုံးရယ်လို့လဲမရှိဘူးကွ၊ ဒါပေမယ့် အလုံးစုံပြည့်စုံနေတဲ့ သဘာဝကတော့ သူမှာရှိနေတယ်၊ အဲဒီဗလာဟင်းလင်းကြီးကို ကျေးဇူးတင်စကား ပြောရမယ်၊ ဆုတောင်းရမယ်"

ဟု အတိုးကြီးက ပြောလိုက်လေ၏။

"ဘယ်လို ကျေးဇူးတင်စကား ပြောရမှာလဲ အတိုး"

ဟု အိုးထိန်းက ကပျာကသီ ပြန်၍မေးလိုက်၏။

"အဲဒီ ဗလာဟင်းလင်းထဲကနေ အလုံးစုံ ဖြစ်လာတယ်မွေးဖွားလာတယ်ဆိုတော့ သူဟာ မိခင်နဲ့မတူဘူးလား၊ သူက မွေးဖွားပေးနေတယ်ဆိုတော့ သူဟာ တကယ့်မိခင်ကြီးပေါ့ကွယ်" ဟု အတိုးကြီးဦးမာဘူးက ပြောလိုက်လေ၏။

"ကျန်တော်သဘောပေါက်ပါပြီ အတိုး၊ ဘယ်လိုကျေးဇူးတင်စကား ပြောရမယ် ဆိုတာကို အတိုး သင်ပေးပါတော့ ကျန်တော် အခုပြောလိုက်ပါ့မယ်"

ဟု အိုးထိန်းကပြောခဲ့လေ၏၊ ထိုအခါ အတိုးကြီးဦးမာတူးက အောက်ပါအတိုင်း ရွတ်ဆိုပြလိုက်လေ၏၊

အို....မိခင်

ကျွန်ုပ်အား ကျေးဇူးတင်စကားကို ပြောခွင့်ပေးပါလော့၊

ကျွန်ုပ်အား မိခင်ထံမှဆုတောင်းခွင့်ကို ပေးသနားပါလော့၊

ကျွန်ုပ်၏ အတွေး၊ အကြံ၊ အလုပ်များ သန့်ရှင်းစင်ကြယ်ခြင်းကို ပေးပါလော့။

ကျွန်ုပ်အား ဉီးဆောင်ပါလော့၊ မိခင်၏ကျယ်ပြောသော အသိဉာဏ်ကို ပေးပါလော့။

မိခင်က ဆောင်ရွက်ပေးလျှင် မဖြစ်နိုင်သောအရာဟူ၍ မရှိကြောင်း ကျွန်ုပ် ကောင်းစွာ ဝန်ခံပါသည်။

ကျွန်ုပ်၏ တစ်ကိုယ်လုံးတွင် မေတ္တာဓာတ်များ၊ ကရုဏာဓာတ်များဖြင့် ဖြည့်ဆည်းပေးပါလော့။

ကျွန်ုပ်နှင့် တွေ့ကြုံရသော လူအပေါင်းတို့အား ကူညီခွင့်ကို ပေးပါလော့။

စစ်မှန်သော စွမ်းရည်၊ အသိဉာဏ် မေတ္တာဓာတ် တို့သည် ကျွန်ုပ်၏ဝိညာဉ်၌ ကိန်းအောင်းခွင့် ပေးသနားပါလော့။

ကျွန်ုပ်သည် မိခင်အား ရိုးသားစွာ ယုံကြည်ပါသည်။

www.burmeseclassic.com

ဂုဏ်ကျေးဇူးကို အထူးအောက်မေ့ပါသည် မိခင်။ ကျွန်ုပ်၏ ပခုံးထက်သို့ ကျလာသော တာဝန်ဝတ္တရားများကို မိခင်၏ အကူအညီဖြင့် ဆောင်ရွက်နိုင်ပါစေသတည်း။

ဆောင်ရွက်သမျှ အောင်မြင်ရပါစေသတည်း။

အို....မိခင်။

ထို့နောက် အဘိုးကြီး ဦးမာတူးသည် ထိုစာကို အလွတ်ရသည်အထိ အိုးထိန်းအား နှုတ်တိုက်ချပေးလေ၏။ ပြီးလျှင် အဘိုးကြီး ဦးမာတူးက....

"ကျွန်တဲ့ သင်ခန်းစာတွေက ငါးနှစ်လောက် လုပ်ရမှာ။ အဲဒီသင်ခန်းစာတွေ လုပ်ခန့်တဲ့ကာလမှာ မနက်တစ်ကြိမ် ညတစ်ကြိမ် ဒီဟာကို နှက်နှက်နဲနဲ တွေးပြီး ရွတ်ဆိုရမယ်။ ပြီးတော့မှ ငါပေးတဲ့သင်ခန်းစာကို စရမယ်"

ဟု ဆိုကာ အောက်ပါစာကို ရွတ်ပြပြန်လေ၏။

မိမိကိုယ်ကို နားလည်ခြင်း

ဗလာဟင်းလင်းမှပေးသော စွမ်းရည်သည် ကျွန်ုပ်ကိုယ်တိုင်၏ စွမ်းရည်ဖြစ်သည်ကို ကျွန်ုပ် အစဉ်သတိရပါသည်။

အာဃာတကြောင့်ဆိုသော် ကျွန်ုပ်၏ ကံအလျောက်ဖြစ်သော အရာများဖြစ်ကြောင်း ကျွန်ုပ် နားလည်ပါသည်။ ဗလာဟင်းလင်း၏ အသိဉာဏ်ကို လက်မခံ

သည် လူမဟုတ်၊ သစ်ငုတ်တိုသာ ဖြစ်မည်ကိုလည်း ကျွန်ုပ် သတောပေါက်ပါသည်။ အတွေ့အကြုံများမှ တစ်ဆင့် ကျွန်ုပ်သည် အသိတရား မကြွယ်ဝသော မျိုးစေ့များနှင့် စစ်ဆင်ရပါလိမ့်မည်။ လှပသော မိန်းမပျိုတစ်ဦးကို ချစ်ခြင်း မေတ္တာအဖြစ် ပြောင်းလဲရန် ကျွန်ုပ်အဖို့ အလွန်လွယ်ကူပါသည်။ ထို့အတူ ဘီလူးသဘက်မှ၊ ကြောက်စရာကောင်းသော ရန်သူကိုလည်း ချစ်ခြင်းမေတ္တာ၏အစဟု ယူဆနိုင်ရန် ကျွန်ုပ်ကြိုးစားပါမည်။ ကျွန်ုပ်၏ အကြီးမားဆုံး တာဝန်မှာ ကျွန်ုပ်ကို ကျွန်ုပ် နားလည်ရန်ဖြစ်ပါသည်။ ကျွန်ုပ်သည် ကျွန်ုပ်၏ လိုအင်ဆန္ဒများကို ဘဝစားပွဲခုံပေါ်၌ ဖြန့်ကားလျက် အကျအန ဆွေးလာ၍ အကျအနသိရန် ကြိုးစားပါမည်။ ထို့မျှမက အားလုံး ဖြစ်နိုင်သော အရာများဟုလည်း ကျွန်ုပ် ယုံကြည်ပါမည်။ ဗလာဟင်းလင်း၌ဖြစ်ခဲ့၊ မိခင်ထံမှဖြစ်စေ တောင်းယူရပါမည်။ ဗလာဟင်းလင်းဆီသို့ (သို့မဟုတ်) မိခင်ဆီသို့ ကျွန်ုပ် သွားရမည့် လမ်းကိုလည်း ကျွန်ုပ် ကိုယ်တိုင် ဖောက်ထွင်းရပါမည်။

အို....ဗလာဟင်းလင်း အမိရင်း။

အဘိုးကြီးသည် မိမိကိုယ်ကို နားလည်ခြင်းဆိုသော စာကို နှုတ်ဆိုပြပြီးနောက် အိုးထိန်းအား နှုတ်တိုက်သင်ပေးပြန်၏။ ထို့အဓိပ္ပာယ်ကို နှလုံးသည်းပုတ်သို့ ရောက်သည့်တိုင်အောင်

www.burmeseclassic.com

www.burmeseclassic.com

စွဲထင်သွားစေရန်အတွက် နေ့စဉ်နေ့တိုင်း နာရီပေါင်းများစွာ ရွတ်ဆိုခိုင်း၏။ ဆင်ခြင်ခိုင်း၏။ တွေးထင်မှုခိုင်း၏။ ဤသို့ပြုလုပ်ပြီးနောက် သင်ခန်းစာတစ်ခုကို တက်ပြန်၏။ ထိုသင်ခန်းစာကိုလည်း အတိုးကြီး ဦးမာတူးသည် အောက် ပါ အတိုင်း ရွတ်ပြန်၏။

ထူးဆန်းစွာ မုံးကွယ်နေသော ဝိညာဉ်

ကိုယ်တိုင်လုပ်သောဒုက္ခများကို ကိုယ်အိုင်သိသည်အထိ ကြိုးစားပါမည်။ အို...ဗလာဟင်းလင်းမိခင်ရင်။

ဤလှုပ်သော အတွေးအကြုံများမှတစ်ဆင့် ရိုးသားသော သမာဓိရသည်အထိ ကျွန်ုပ် အားထုတ်ပါမည်။ ဤအခြေအနေသို့ ရောက်သောအခါ၌ ကျွန်ုပ်သည် စိတ်တည်ငြိမ်မှုကိုရပြီး ကျွန်ုပ်၏ မူလစိတ်ကို ပြန်လည်တွေ့မြင်ရမည်ဟု ကျွန်ုပ် ယုံကြည်ပါသည်။ ထိုစိတ်သည် ကျွန်ုပ်၏ ပန်းတိုင်ကို ညွှန်ပြမည်လိမ့်မည်။ ထူးဆန်းစွာ မုံးကွယ်နေသော ဝိညာဉ်ကလေးတစ်ခုသည် အပေါ်မျက်နှာပြင်သို့ ပေါ်ထွက်လာပြီး ကျွန်ုပ်၏ ကံကြမ္မာကို ဖော်ပြပါလိမ့်မည်။ စိတ်ငြိမ်းချမ်းခြင်းမှ တစ်ပါး အခြားကောင်းသော နည်းလမ်းကောင်းဟူ၍ မရှိပါ။ ထိုအခါ ကျွန်ုပ်သည် ကိုယ်ရော စိတ်ပါ ကုသဖြစ်ပါလိမ့်မည်။

အတိုးကြီး ဦးမာတူးသည် ထိုစာများကို အိုးထိန်းအား အလွတ် သင်ပြပေးပြီးနောက် ဒုတိယ လေ့ကျင့်ခန်းကို ညနေခင်း အချိန်များ၌သာ လုပ်ခိုင်းလေ၏။ နေ့ခင်းများ၌မူ သင်ပြခဲ့သော အခြား လေ့ကျင့်ခန်းများကိုလည်း ပြန်၍ လေ့ကျင့်ခိုင်းလေ၏။ ဒုတိယနှစ်လခွဲ လွန်မြောက်သွားသော အခါ၌ အတိုးကြီး ဦးမာတူးက....

"ဒုတိယ လေ့ကျင့်ခန်းအထိကတော့ ချောချောမောမော ပြီးသွားပြီ၊ လေ့ကျင့်ခန်းနှစ်ဆယ် ကျန်သေးတယ်ကွ၊ အဲဒီ နှစ်ဆယ်ကို အခုအတိုင်း အောင်အောင်မြင်မြင် သင်ယူ လေ့ကျင့်နိုင်ရင်တော့ မင်းဟာ တော်တော်ကို အရည်အသွေး ပြည့်ဝသွားပြီ လူကသေး"

ဟု ပြောလိုက်လေ၏။

"ဖြစ်အောင် ကြိုးစားရမှာပေါ့! အာဘရယ်၊ ဘာပဲဖြစ်ဖြစ် ကျန်ဘော်ဟာ ကြိုးဂိုဏ်းက လူထွေနဲ့ ယှဉ်မြိုင်ရမှာ မဟုတ်လား"

ဟု အိုးထိန်းက ပြောလိုက်ရာ အတိုးကြီး ဦးမာတူးက ကျေနပ်လွန်း၍ အိုးထိန်း၏မျက်နှာအား ပြုံးပြုံးကြီး ကြည့်နေလေ့ရှိသည်။

www.burmeseclassic.com

တောင်ဆုပ်ခန့်ရှိ၍ အမြင့်အားဖြင့် ၂ မိုက်ခန့်သာ ရှိသော ကြောင့် ပြုလုပ်ထားသည့် သေတ္တာကလေးတစ်လုံးကို ဆွဲထုတ်လိုက်လေ၏။

အိုးထိန်းသည် ထိုသေတ္တာကို လှမ်း၍ကြည့်လိုက်၏။ ကြွေးသေတ္တာကလေးတွင် ဖောင်းကြွရုပ်များ ပါရှိ၏။ တစ်ခုသော ဖောင်းကြွရုပ်မှာ အိုးကလေးတစ်လုံးကိုကိုင်၍ မျက်လွှဲသွဲ့ပြုနေသော မျက်လှည့်ဆရာတစ်ဦး၏ပုံ ဖြစ်၏။ အခြားတစ်ဖက်ပါပုံမှာ ဘူး တစ်ကောင်နှင့် သတ် ပုတ် နေသော လူတစ်ယောက်၏ပုံ ဖြစ်၏။ အခြားပုံတစ်ပုံမှာ 'နေ' 'လ' တံဆိပ်နှစ်ခုအောက်တွင် ခြေကား၍ မတ်တတ်ရပ်နေသော လူတစ်ယောက်၏ပုံ ဖြစ်၏။ အခြားသောပုံမှာ ထူးဆန်းသော ဝတ်ရုံကြီးကို ဝတ်ရုံထားသည့် မှော်ဆရာ တစ်ယောက်၏ ပုံ ဖြစ်၏။ အဘိုးကြီး ဦးမာတူးသည် ထိုသေတ္တာကို လက်ဖြင့် ပုတ်၍ပြုရင်း....

"ဒီမှာသူကလေး....ဟောဒီ သေတ္တာကလေးဟာ မင်းအဘိုး ဦးဒီပကနေပြီးတော့ သူ့ရဲ့အရိုက်အရာကို လွဲတဲ့အနေနဲ့ မင်းအဖေ မောင်ကလန်ကို လွဲအပ်လိုက်တယ်၊ အဲဒီသေတ္တာလေးအပ်အပြီး မင်းအဘိုး နှတ်ရှာစံသွားတယ်ပဲ ပြောပြော၊ ကံတော်ကုန်တယ်ပဲပြောပြော၊ သေတယ်ပဲပြောပြော၊ အဲဒီလို ဖြစ်သွားတယ်ပေါ့ကွာ၊ မင်းအဖေ မောင်ကလန်လဲ အရိုက်အရာကိုရပြီးတဲ့နောက် ကြိုးကိုကျိုးက သတ်သွားတယ်၊ မင်းအဖေက မင်းကိုမေးပါတဲ့၊ သူ သားဟာ ကြိုးတွေကို သတ်ပုံတယ်ဆိုရင် ဒီသေတ္တာအမွေကို ပေးလိုက်ပါဘဲ၊ လူမပျော့

သေတ္တာဖွင့်ပြီ

အိုးထိန်းကို အဘိုးကြီး ဦးမာတူးသည် ဘုမ္မာဝတီလှို့ဝှက် စခန်းဌာ ခြောက်နှစ်လုံးလုံး ပညာသင်ကြား ပေးခဲ့လေ၏။ တစ်နေ့သဌ္ဌ အဘိုးကြီးက....

"လူကလေးရေ....မင်းကို အဘို့ ပညာ သင်ပေးခဲ့တာ ခြောက်နှစ်ရှိပြီပေါ့ကွယ်၊ အဘိုးရဲ့ ဟောဒီတဲကြီးဟာ ဘုမ္မာဝတီ ယူနီဗာစတီသာဆိုရင် ငါ့မြေးကို ဒေါက်တာဘွဲ့ထက် လျော့ပေးလို့ မရဘူး၊ မင်းဟာ ပညာစုံပြီး တစ်ဖက်ကမ်းကို ရောက်သွားပြီ၊ အခု မင်းကို ငါပြောရမှာကတော့ ဟောဒီ ကိစ္စပဲ"

ဟု ဆိုကာ သူ၏ သေတ္တာအနီကလေးကို ဆွဲဖွင့်လိုက်လေ၏။ ထို့နောက် အတွင်းမှ အလျားတစ်တောင် အရှ

www.burmeseclassic.com

လူညံ့တစ်ယောက် ဆိုရင်တော့ ဒီသေတ္တာကိုဖျက်ဆီးပြီး ရော
ဝတီမြစ်ထဲ ပစ်လိုက်ပါတဲ့၊ အဲဒါကြောင့် မင်းကို ငါကမေး
တော့ ကြိုးဂိုဏ်းက မင်းကိုသတ်လိမ့်မယ်လို့ ပြောတော့ မင်း
က ဘာပြန်ပြီး ဖြေသလဲဆိုတော့ သေရတဲ့ဘက်မှာ ကျွန်တော်
မနေချင်ဘူး၊ နေခြင်းနေရမယ်ဆိုရင်တော့ သတ်ရတဲ့ဘက်မှာ
နေချင်တယ်လို့ ပြောခဲ့တယ် မဟုတ်လား၊ အဲဒီလိုဖြေခဲ့တဲ့
အတွက်ကြောင့် အဲဒီသေတ္တာကို မင်းကို လွဲအပ်တာပဲ၊
ဒါပေမယ့် မင်းအဖေရဲ့ အမှာစကားအရ မလွဲအပ်မီ အရည်
အသွေးတွေပြည့်အောင် မင်းကို တောထဲက ဘုမ္မာဝတီ ယူနီ
ဗာစတီမှာ ပညာခေါ်သင် ပေးရတာပဲ၊ အခု မင်းပညာလဲစုံ
ပြီ၊ အရည်အချင်းလဲပြည့်ပြီ၊ ဒါကြောင့် မင်းကို သေတ္တာလွဲ
အပ်တာပဲ၊ ဟောဒီမှာသော့၊ ဒီသေတ္တာကို မင်းအဖေသေပြီးမှ
တစ်ခါဖွင့်တယ်၊ အဲဒါလဲ မင်းအဖေ အမှာအရ ဖွင့်ရတာ၊
အခု မင်း ဖွင့်ရတော့မယ်”

ဟု ဆိုကာ အဘိုးကြီး ဦးမာတူးသည် ကြေးသေတ္တာကို
အိုးထိန်းဘက်သို့ တိုးပေးလိုက်လေတော့၏။

အိုးထိန်းသည် သော့ကိုဖွင့်လေ၏။ အတော်အတန်ကြီးစား
၍ ဖွင့်ယူရ၏။ ကြီးစား၍ဖွင့်ပြီးနောက် သေတ္တာအဖုံးကိုဆွဲ
၍ လှန်လိုက်ရာ လူ၏ လက်ရိုးကြီးတစ်ခုသည် ရှည်မျောနှော
ကြေးပြားကြီးတစ်ခုကို ဆုပ်ကိုင်ထားလေ၏။ လက်ချောင်း
များနှင့် လက်ရိုးကို သူမှန်းကြိုးများဖြင့် ချည်နှောင် သူမ
တန်းထားလေ၏။ အိုးထိန်းသည် ထိုအရိုးလက်ကြီးကိုယူလိုက်
ပြီးနောက် ထိုအရိုးလက်ကြီးအတွင်းမှ ကြေးပြားကိုထုတ်ယူ

လိုက်လေ၏။ ထို့နောက် ကြေးပြားကို သေချာစွာကြည့်လိုက်
ရာ ကြေးပြားပေါ်တွင် ရေးထားသော အောက်ပါစာကို
ကြက်သီးထဖွယ်ရာ ဖတ်ရှုရလေတော့၏။

ချစ်သားလူကလေး မောင်အိုးထိန်း

အဖေကနေ သားကို လက်ဆင့်ကမ်း ပေးရမယ့်
တာဝန် ရှိပါတယ်၊ ဒါပေမယ့် လူကလေး အရွယ်
ရောက်တဲ့အချိန်မှာ အဖေဟာ ရန်သူ လက်ချက်နဲ့
ကျဆုံးသွားပြီမို့ ကိုယ်တိုင်ကိုယ်ကျ ပေးခွင့်မရှိတော့
ပါဘူး၊ ဒါကြောင့် အဖေ့ရဲ့လက်ရိုးကိုဘဲ အဖေ့ရဲ့
ပကတိလက်လို့ ယူဆပြီး အဖေ့လက်ထဲက အမှာစာကို
ဖတ်ရှုပါ လူကလေး။

အဆိုန်းတော်ကြီး ဦးမာတူးရဲ့ ကြိုးပမ်းမှုကြောင့်
လူကလေးမှာ ပညာနုံလောက်ပါပြီ၊ ဟောဒီ အဖေ့
အမှာစာအောက်မှာ လက်ရေးအမျိုးမျိုး၊ အရေး
အသားအမျိုးမျိုးနဲ့ ရေးထားတဲ့ စေတ်အမျိုးမျိုးက
စာတွေဟာ တန်ဖိုးဆိုရင် နှစ်ပေါင်း တစ်ထောင်ကျော်
လောက်က ရေးထားတဲ့ဟာတွေပါပါတယ်၊ အဲဒါဟာ
အိုးဂိုဏ်းက အသတ်ခံသွားရတဲ့ လူတွေရဲ့ နောက်ဆုံး
မှာခဲ့တဲ့ မှာတမ်းစကားတွေပါပဲ၊ အိုးဂိုဏ်းက ကျဆုံး
သွားတဲ့ သူရဲကောင်းတွေရဲ့ တံဆိပ်တွေ(သို့မဟုတ်)
အမည်စာရင်းတွေလို့လဲ ယူဆနိုင်ပါတယ်၊ အဖေ့ပါ

www.burmeseclassic.com

www.burmeseclassic.com

နာနာရုပ်အတတ်တွေလဲ အဲဒီပညာရတနာသိုက်ထဲမှာ ရှိတယ်၊ အဲဒါကြောင့် အဖေလဲ ကြိုးပမ်းခဲ့တယ်၊ ဒါပေမယ့် အဖေ ကျဆုံးသွားခဲ့တယ်။

လူကလေး အဖေ့ပခုံးပေါ်က တာဝန်ကို ယူလိုက်မှ အဖေ့ဝိညာဉ်ဟာ ငြိမ်းချမ်းမယ်၊ ကြိုးတွေအားလုံး ကိုရှင်းပြီးရင် ပညာရတနာသိုက်ကို ဖော်ပြီးရင် အဖေတို့ အိုးအုပ်စုကို ပညာထူးတွေ ဖြန့်ပေးပါ လူကလေး။

ချစ်လှစွာသော သင်၏ဖခင်

ကလန်

လှည်းနေ လေအောင်း လူသားတို့၏ မကိုင့်

ထိုစာကိုဖတ်ပြီးနောက် အိုးထိန်းသည် ကြက်သီးမျှားတဖြန်းဖြန်းထလာ၏။ မျက်လုံးအိမ်ဦလည်း မျက်ရည်များ ရစ်ဝိုင်းလာ၏။ သူ၏ရင်သည် မောက်ချည် နိမ့်ချည်ဖြင့် ဖြစ်၍နေ၏။ ထိုအခါ အတိုးကြီး ဦးမာတူးက....

"မောင်အိုးထိန်းရေ....မင်းအဖေ ကလန်ရဲ့ ဝိညာဉ်ဟာ ဒီနားမှာ ရှိနေမှာပါ။ သူသွားပါစေကွယ်၊ ကတိအမြန်ဆုံး ပေးလိုက်ပါ"

ဟု ပြောလိုက်လျှင် အိုးထိန်းသည် ဘေးဘီသို့ကြည့်လိုက်၏။ ထို့သို့ကြည့်လိုက်ပြီးနောက်....

အဝင် အသတ်ခံသွားရတဲ့ အဲဒီ လူတွေအတွက် လူကလေးစွန့်စားရမယ်၊ လူကလေး လက်စားချေရမယ်၊ လူခလေး အနိုင်ယူရမယ်၊ ဖြစ်နိုင်ရင် ကြိုးတွေအားလုံးကို အနိုင်ယူရမယ်။ ဇီဝိန်ခြေပစ်ရမယ် လူကခလေး။

နောက်တစ်ခု ပြောချင်တာကတော့ ကြိုးတွေကို သတ်ပေးရုံနဲ့ မပြီးသေးဘူး၊ ဟောဒီအောက်ဆုံးမှာ ကြေးပြားတစ်ချပ်ရှိတယ်၊ ကြေးပြားကိုထွင်းပြီး မြေပုံလုပ်ထားတာပဲ၊ ဒါပေမယ့် တစ်ခြမ်းပဲ ရှိတယ်၊ ကြိုးကိုဏ်းမှာ တစ်ခြမ်းရှိတယ်၊ တစ်ခြမ်းစီ ဖြစ်ရတဲ့ အကြောင်းကတော့ ငါတို့ရဲ့ဘိုးဘေးဘီဘင်တွေဖြစ်တဲ့ 'သူရိယဝါယု'နဲ့ 'စန္ဒြဝါယု' ကဲ့သွားကတည်းက တစ်ခြမ်းစီခွဲပြီး ယူသွားကြတာကိုး၊ အဲဒီတော့ ကြိုးတွေကို လက်စားချေပြီးရင် သူတို့ဆီကမြေပုံ ရအောင်ယူရမယ်၊ အဲဒီ မြေပုံနှစ်ခုရဲ့ အကူအညီနဲ့ အဖေတို့နဲ့ ဘိုးဘေးဘီဘင်တွေ ထားခဲ့တဲ့ 'ပညာရတနာသိုက်'ကို ရှာရမယ်၊ အဲဒီမှာဝှက်ထားတဲ့ ပညာထဲမှာ 'ဘူတာဝါဟဏ အတတ်'လို့ခေါ်တဲ့ စက္ကောမ အတတ်လဲ ပါတယ်၊ တစ်တိုင်းပြည်လုံး နှေခင်းကြောင်တောင်မှာ တစ်ချက်တည်း မှောင်ကျသွားအောင်၊ လက္ခဏ်ညဆန်းခေါင်မှာ နေထွက်သလို တစ်တိုင်းပြည်လုံး လင်းသွားအောင် လုပ်နိုင်တဲ့ 'အဂ္ဂိရတ်အတတ်'လို့ခေါ်တဲ့ ဓာတ်အတတ်တွေလဲ အဲဒီ ရတနာသိုက်မှာ ရှိတယ်၊ သစ်ပင်ပန်းမန် စတဲ့သက်မဲ့တွေကို အသက်သွင်းနိုင်တဲ့

www.burmeseclassic.com

"အို....အဖေ့ရဲဝိညာဉ် သား၏အသံကို ကြားနိုင်ပါစေ။ သားဖြစ်သူ မောင်အိုးထိန်း အဖေ့ပခုံးပေါ်က တာဝန်တွေ့ အို ယူလိုက်ပါပြီ အဖေ၊ ကြိုးမှန်ရင် ဘယ်လိုကြိုးမျိုးကိုပဲ ဖြစ်ဖြစ် ကျွန်တော် ဇီဝိန်ခြေပစ်ပါ့မယ်၊ ဒီစကားဟာ ကတိစကားဖြစ်ပါတယ်၊ ဒီစကားဟာ ဆစ္စာစကားဖြစ်ပါဘယ် အဖေ၊ ကြိုးတွေကို ဇီဝိန်ခြေပြီးရင် မြေပုံကို ရအောင်ယူပါမယ် အဖေ၊ မြေပုံကိုရအောင်ယူပြီးရင် ပညာတွေကို ဖော်ထုတ်ပါ့မယ်၊ ပြီးရင် အိုးခွက်ကို အဲဒီပညာတွေ ဖြန့်ဝေပေးပါ့မယ် ဆိုတာကို ကတိ ပးပါတယ်၊ အဖေ့ဝိညာဉ် လွတ်မြောက်ပါစေ၊ ကျွန်တော့်ကို စိတ်ချလက်ချနဲ့အဖေ့ရဲဝိညာဉ် စွန့်ခွာသွားနိုင်ပါပြီ"

ဟု လေးလေးနက်နက်ကြီး ပြောလိုက်လေတော့သတည်း။

○

တအိုးကြီးဦးမာတူးသည် အိုးထိန်းဟာ.....

"လူလေး....လုပ်ငန်းတွေ စရတော့မယ်၊ အခု လာမယ့် တန်ဆောင်မုန်းလဆန်း(၁)ရက်နေ့ နိုဝင်ဘာ(၁၁)ရက်နေ့ကို လူလေး စပြီး ခရီးထွက်ရမယ်၊ အဲဒီတော့ ဘာပဲဖြစ်ဖြစ် ဘစ်လန်းနီး အချိန်လိုသေးတဲ့အတွင်းမှာ ဟောဒီ ဘုမ္မာဝတီ သျှောက်စခန်းကြီးထဲမှာပဲ နားနားနေနေ နေထိုင်ပြီး ရွှေလုပ်မယ့် လုပ်ငန်းစဉ်တွေအတွက် ကိုယ့်ဘာသာကိုယ် စနစ်တကျ အကွက်ရိုက်ပြီး စဉ်းစားပေတော့၊ အဘိုးကတော့ ဟောဒီ စခန်းကြီးမှာပဲ နေခဲ့မယ်"

ဟု ပြောလိုက်လေ၏။

"အဘိုးနဲ့ ကျွန်တော် အဆက်အသွယ်ပြတ်သွားမှာပေါ့"

ဟု အိုးထိန်းက ပြောလိုက်လျှင် အဘိုးကြီးဦးမာတူးက....

www.burmeseclassic.com

www.burmeseclassic.com

"အဆက်အသွယ်မပြတ်အောင်လုပ်ပါမယ်၊ မင်းနဲ့ ငါနဲ့ ခို'နဲ့ ဆက်သွယ်ကြမယ်၊ ခိုနဲ့ ဘယ်လိုဆက်သွယ်ရမယ်ဆိုတာ တော့ မင်းကို ငါသင်ပေးပြီးပြီပဲ၊ မင်းကို တိရစ္ဆာန်သင်ခန်းစာ တွေ သင်တုန်းက၊ ငှက်အကြောင်းတွေသင်တုန်းက ငှက်တွေ ခိုတွေ ကြက်တူရွေးတွေ သာလိကာတွေ အများကြီးပဲ ဥစ္စာ ကွာ၊ အဲဒီ အဆဲကအကောင်းဆုံး ခို(၅)ကောင်လောက်ကို ငါ လွှတ်ပေးထားပါတယ်၊ မင်းလဲ အသိသားပဲ"

ဟု ပြောလိုက်လေ၏။

"ကောင်းပါတယ် အဘိုး၊ ကျွန်တော့်အဖေကို ဒီမှာ အဘိုး ပညာသင်ပေးတုန်းက ကျောက်ဂူကိုလဲ ကျွန်တော် သွားလည် ချင်သေးတယ်၊ ဖြစ်နိုင်ရင်တော့ ကျွန်တော် အဲဒီမှာ တစ်ည လောက် အိပ်ချင်တယ်"

ဟု အိုးထိန်းက ပြောလိုက်ရာ အဘိုးကြီးဦးမာတူးက....

"ကောင်းပါတယ် လူကလေး၊ ဒီကနေ့ပဲသွားပေါ့၊ မင်းကို အဘိုး လိုက်မပို့တော့ဘူး၊ ဒါပေမယ့် မြေပုံဆွဲပေးလိုက်မယ်"

ဟု ဆိုကာ အဘိုးကြီးသည် မြေပုံကြမ်းတစ်စောင်ကို ဆွဲပေးလေ၏။

အိုးထိန်းသည် အဘိုးကြီးဦးမာတူး ရေးဆွဲပေးသောမြေပုံ ကို ယူ၍ ဓားများ၊ ရိက္ခာများကို ထုပ်ပိုး သယ်ဆောင်ပြီး အဘိုးကြီးဦးမာတူးအား အရိုအသေပြုလျက် ထွက်သွားလေ တော့၏။ မလှမ်းမကမ်းမှာရှိသည် ဆိုသော်လည်း တောမှာ အလွန် နက်သောကြောင့် တော်တော်နှင့် ရှာ၍မတွေ့ဘဲ ရှိ လေ၏။ ဂူပေါက်များမှာ ဆင်တူယိုးမှား ရှိသောကြောင့်

လည်းကောင်း၊ နဘူးခူးများ ပိတ်နေခြင်းကြောင့် လည်း ကောင်း နံနက်(၈)နာရီလောက်မှ ရှာခဲ့သော ဂူပေါက်သည် ညနေ(၃)နာရီ ထိုးသည်အထိ မတွေ့ဘဲရှိလေ၏။ အိုးထိန်း သည် မောဟိုက်လွန်းသဖြင့် မြေပြင်ပေါ်တွင် ခြေပစ်လက်ပစ် ထိုင်ကာ ၎င်း၏အိတ်တွင်ပါသော ကျောက်သင်းကိုထုတ်၍ ယခင် လွှဲကျွံခဲ့သော ကျောက်သလင်းတုံးလွှဲကျွံခန်းကို ပြန်လည်လွှဲကျွံလေ၏။ ထိုသို့ လွှဲကျွံပြီးနောက် ကျောက် သလင်းတုံးကို သိမ်းဆည်းရန်အတွက် ကောက်ယူလိုက်ရာ နေရောင်သည် ကျောက်သလင်းတုံး၏ မျက်နှာပြင်တစ်ခုအား တိုက်ရိုက်လာ၍ကျသဖြင့် လင်းခနဲဖြစ်သွား၏။ ထိုလင်းခနဲဖြစ် သွားသော အရောင်သည် မည်းမှောင်သော ဂူတစ်ခုထဲသို့ တိုးဝင်သွားပြီးလျှင် အတွင်း၌လည်း လျှပ်စစ်လိုက်သကဲ့သို့ ဖြစ်၍သွားလေ၏။

"ဩ... အဲဒီဂူထဲမှာလဲကျောက်သလင်းတစ်ခုရှိနေတာကိုး၊ ဘာပဲဖြစ်ဖြစ် အဲဒီဂူပေါက်ဖြစ်မှာပဲ"

ဟု တစ်ကိုယ်တည်း ရေရွတ်ပြောဆိုကာ ဂူပေါက်၌ ပိတ် နေသော ချုံနွယ်များကို ခုတ်ထွင်ရှင်းလင်းကာ ဂူထဲသို့ဝင်သွား လေတော့၏။ ဂူတွင်းသို့ရောက်လျှင် ဂူ၏နံရံများ၌ ဆေးအနီ များဖြင့် ရေးခြယ်ထားသော သင်ခန်းစာမှတ်စု အတိုကောက် များဟု ယူဆရသည့် အမှတ်အသားများကို တွေ့ရလေ၏။ ထို့နောက် အိုးထိန်းသည် မီးတုတ်တစ်ခုကိုပြုလုပ်၍ ဂူအတွင်း လှည့်လည်ကြည့်ရှုရာ တစ်နေရာ၌ 'ကြိုးတွေ သေမေတွေ့' ဟူသော စာတန်းကို ပြတ်ပြတ်သားသား တွေ့ရလေတော့၏။

www.burmeseclassic.com

www.burmeseclassic.com

ထို့နောက်တွင် အသင့်ယူဆောင်လာသော အစားအသောက်များကို စားသောက်၍ ဂန္ဓာရီကျွင်းစဉ်တစ်ခုကို ပြန်လည် လေ့ကျင့်ကာ အိပ်စက်လိုက်လေတော့၏။

နောက်တစ်နေ့ မိုးလင်းသောအခါဌ အိပ်ရာမှထပြီးလျှင် မီးတုတ်တစ်ခုကို ထွန်းညှိ၍ စမ်းချောင်းရှိရာသို့ သွားလေ၏။ စမ်းချောင်းရှိရာသို့ တစ်နာရီကျော်ခန့်ကြာ သွားမြီးလျှင် ရောက်သွားလေတော့၏။ စမ်းချောင်းသို့ရောက်လျှင် ကျောက်ဂူ၏ အက်နေသောအပိုင်းမှ အလင်းရောင်အချို့ ရသဖြင့် စမ်းချောင်းအတွင်းသို့ သဲကဲ့စွာမြင်ရလေ၏။ အိုးထိန်းသည် ကျောက်တောင်၏ အက်နေသောနေရာများကို ကြည့်ရှုရာ တစ်စုံတစ်ယောက်သော သူသည် တစ်ကြိမ်တစ်ခါက ဤကျောက်တောင်ကို ကွဲအက်ပြီကျရန်ကြိုးပမ်းခဲ့သော လက္ခဏာကို တွေ့ရှိရလေ၏။ အိုးထိန်းသည် စမ်းချောင်းအတွင်း၌ ခြေကို ချ၍ ဆေး၏။ ထိုသို့ ခြေဆေးနေစဉ်အတွင်း ဝင်းပြောင်သော အရာလေးတစ်ခုကို စမ်းချောင်းအတွင်း၌ တွေ့လိုက်ရသည် ဖြစ်ရာ အိုးထိန်းသည် ထိုအရာကို ကောက်ယူလိုက်လေ၏။ ထို့နောက် ကြည့်ရှုလိုက်ရာ ဒေါင်းတံဆိပ်ပုံဟု ယူဆရသည့် ပုံတစ်ပုံပါသည့် ဆွဲပြားတစ်ခုဖြစ်ကြောင်း တွေ့ရလေ၏။ ထိုဆွဲပြား၏နောက်တွင် သက္ကဋ္ဌစာလုံးတစ်လုံးကို တွေ့ရ၏။ ကြိုးစား၍ ဖတ်ကြည့်ရာ 'ရဇာ'ဟု အသံထွက်၏။ 'ရဇာ' ဆိုသည်မှာ မင်းသမီးတစ်ဦး၏အမည်၊ သို့မဟုတ် ဘုရင်တစ်ဦး၏ အမည်ဖြစ်လိမ့်မည်ဟု အိုးထိန်းအနေနှင့် ထင်မြင်မိလေ၏။

ထိုနေရာ၌ မြေအနည်းငယ်ပြန့်သည်ဖြစ်ရာ အိုးထိန်း၏ ဖခင်ဦးကလန်သည် ဤနေရာ၌ ကိုယ်ခံပညာများ သင်ယူခဲ့လိမ့်မည်ဟု ခန့်မှန်းမိလေ၏။

ဂူပေါက်ဝနှင့်တည့်တည့်နေရာလောက်တွင် ကျောက်နံရံကပ်၍ မြုပ်ထားသော ကျောက်သလင်းတုံးတစ်ခုကို တွေ့ခဲ့လေ၏။ ထိုကျောက်သလင်းတုံးသည် စောစောကဂူပေါက်ဝ၌ လင်းခဲ့ဖြစ်သွားသော ကျောက်သလင်းဖြစ်ကြောင်းကို အိုးထိန်း အနေနှင့် သတိပြုမိလေတော့၏။ ထို့နောက် အိုးထိန်းသည် အိပ်စက်ရန်အတွက် မျက်နှာပြင်ညီသော ကျောက်တုံးတစ်တုံးကို ရွေးချယ်လိုက်လေ၏။ ထို့နောက် ထိုကျောက်တုံးထက်တွင် ပက်လက်လှန်ချလိုက်လေ၏။ ထိုသို့ ပက်လက်လှန်ချလိုက်သောအခါ မျက်နှာဘဉ်တည့်လောက်တွင် မီးတုတ်၏ အရောင်ဖြင့် တဖျပ်ဖျပ်လင်းနေသော ကျောက်တုံးတစ်တုံးကို တွေ့ရလေ၏။ ထို့ကြောင့် အိုးထိန်းသည် ထိုနေရာသို့ မရမက တွယ်တက်၍ ကျောက်တုံးကိုကြည့်လိုက်ရာ ထိုကျောက်တုံးသည်လည်း သလင်းကျောက်ဖြစ်ကြောင်းကို တွေ့ရှိရလေ၏။ ထိုနေရာမှနေ၍ ဂူ၏အတွင်းပိုင်းသို့ကြည့်ရာ ဂူ၏အတွင်းပိုင်းတွင် စမ်းချောင်းငယ်တစ်ခု ကန့်လန့်ဖြတ်၍ စီးဆင်းနေသည်ကို တွေ့ရလေ၏။

အိုးထိန်း၏စိတ်၌ 'ဒီနေ့ အချိန်မရှိဘူး၊ နောက်နေ့မှပဲ သွားကြည့်ရမယ်'ဟု စိတ်ထဲတွင် ရေရွတ်ကာ အောက်သို့ ပြန်၍ ဆင်းလာလေတော့၏။

www.burmeseclassic.com

www.burmeseclassic.com

ထို နောက် အိုးထိန်းသည် ဤသို့ စဉ်းစားမိလေ၏။ ဤ ဆွဲပြားသည် စမ်းချောင်းတွင်းသို့ ကျသည်ထားဦး၊ အောက်သို့ စုန်ရန်သာရှိသည်၊ အထက်သို့ ဆန်ရန်မရှိ၊ ထို ကြောင့် ၎င်း၏ မူလနေရာသည် ဤနေရာ၏အထက်ဘက်တွင်ရှိရမည်ဟုခန့်မှန်းကာ တဖြည်းဖြည်းချင်း အထက်သို့ တက်၍ သွားလေ၏။ တစ်နေရာသို့ အရောက်တွင် ချောင်းသည် ကျောက်ဂူ၏ အောက်သို့ ဝင်၍သွားခဲ့၏။ ထိုနေရာအရောက်၌ အိုးထိန်းသည် တစ်ညတာ စခန်းချရပြန်၏။ နောက်တစ်နေ့ နံနက် အရောက်၌ အိုးထိန်းသည် ၎င်းတွင်ပါလာသော ထောပတ် ဘူးကိုထုတ်ယူ၍ တစ်ကိုယ်လုံးတွင် သုတ်လိမ်းကာ ကျောက်ဂူ အောက်သို့ ဝင်သွားသော စမ်းချောင်းအတွင်းသို့ အိုးထိန်းသည် ဝင်၍ဝင်လေတော့၏။ ရေဆန်ကို ဝင်ရသောကြောင့် လွန်စွာ ခက်ခဲလေ၏။ နှစ်ကြိမ်သုံးကြိမ်မျှ အသက်မအောင့်နိုင်သဖြင့် ပြန်၍ထွက်ခဲ့ရ၏။ နောက်ဆုံးတွင် အိုးထိန်းသည် သေလိုက် သေစေတော့ဟု သတ်ပြောထားကာ တအားဝင်၍ သွားလေတော့၏။ ထိုသို့ ဝင်၍သွားရာ စမ်းချောင်းသည် ကျောက်ဂူ၏ အခြား နံရံတစ်ဖက်စွန်းတွင် ပြန်၍ပေါ်လေ၏။ ထိုသို့ ပေါ်သော်လည်း ထိုစမ်းချောင်းသည် ကျောက်ဂူ၏ အပြင်ဘက်သို့ရောက်သွားသည်မဟုတ်၊ ကျောက်ဂူ၏ အတွင်းဘက်ရှိ သီးသန့်ကာရံထားသော အခန်းတစ်ခုသို့သာ ရောက်သွားခြင်းဖြစ်၏။ ထိုနေရာ၏ အဆုံးဘက်နံရံ၌မူ စမ်းချောင်း၏ ဝင်ရာ အစပေါက်ကို့တွေ့ရလေ၏။ ထိုနေရာသည် စမ်းချောင်းယေ် တစ်ခု ဖြတ်သန်းစီးဆင်းသွားသော လေးဘက်လေးတန်

ကျောက်ဖြင့် ကာရံထားသည့် အခန်းကျယ်ကြီးပမာရှိသည့် အပြင် ကျောက်ဂူ၏ အမိုးဟုဆိုသာနေရာ၌လည်း အပေါက်များ ရှိသည်ဖြစ်ရာ ထိုနေရာသို့ လူတစ်ယောက်အနေနှင့် ဝင်ရန် မဖြစ်နိုင်သော်လည်း အလင်းရောင်မှာမူ ကောင်းစွာဝင်နိုင်လေ၏။

ထို ကြောင့် အိုးထိန်းသည် ယခုအခါ၌ ကြီးမားသော ကျောက်ဂူအတွင်းရှိ ကျောက်ဖြင့် ပြုလုပ်ထားသော အခန်းကျယ်ကြီးအတွင်းသို့ ရောက်ရှိသွားသည်နှင့် အလားသဏ္ဌာန် တူသွားပေ၏။ ထို့ပြင် ထိုကျောက်ခန်းကြီးအတွင်းသို့လည်း အပြင်မှ ချောင်းငယ် တစ်ခု စီးဆင်း ဝင်ရောက်လာပြီးလျှင် ကျောက်ထုကြီးတစ်ခု အနီးသို့ ရောက်သောအခါ၌ ထိုစမ်းချောင်းငယ်သည် ထိုကျောက်ထုကြီး အတွင်းသို့ ဝင်ဝင်လျက်ရှိလေ၏။ အိုးထိန်းသည် ဝင်ဝင်သောနေရာမှ အသက်ကိုစွန့်၍ တူးခပ်ကာ အခန်းတွင်းသို့ ရောက်လာခြင်း ဖြစ်၏။ အိုးထိန်းသည် အချိန် အတော်ကြာ အခမ်းဖြေနေရ၏။ အမောပြေသောအခါ၌ ထိုနေရာတစ်ဝိုက်သို့ လှည့်လည် ကြည့်လိုက်ရာ မြောက်မြားစွာသော လူအရိုးစုများကို တွေ့ရလေ၏။ ထို အရိုးစုများမှာလည်း မိန်းမများ၏ အရိုးစု ဖြစ်ကြောင်းကို ဦးခေါင်းခွံကို ကြည့်ခြင်းအားဖြင့် သိသာနိုင်လေ၏။

ဤသို့ ကြည့်နိုင်ခြင်းမှာ ထိုအရိုးစုများတွင် ထုံးဓာတ် ကြောင့် ကျောက်ဖြစ်သွားသော အရိုးစုများ ပါဝင်နေသော ကြောင့် ဖြစ်၏။ အမှန်စင်စစ်အားဖြင့် ထိုအရိုးမျှားသည်

www.burmeseclassic.com

www.burmeseclassic.com

လွန်ခဲ့သောနှစ် ထောင်နှင့် ချီ၍ကြာသောအခါက မိန်းမများ၏ အရိုးများဖြစ်တန်ရာ၏၊ ထိုအရိုးစုများ၏အနီး၌ ကြေးဖြင့် ပြုလုပ်ထားသော သေတ္တာရှစ်လုံးကို တွေ့ရလေ၏၊ ထိုသေတ္တာများမှာ ကြေးသေတ္တာဟု မထင်ရတော့ဘဲ ဒုတ္ထာတုံးကြီးများသဖွယ် ဖြစ်နေပေပြီ၊ အိုးထိန်းသည် ဒုတ္ထာတုံးကြီးသဖွယ် ဖြစ်နေသော သေတ္တာများအနက် သေတ္တာစာစ်လုံးကို ဓားဖြင့် ဆွ၍ အတွင်းသို့ နှိုက်လိုက်ရာ မြောက်မြားစွာသော စိန် ရွေ ရတနာတို့ကို တွေ့ရလေ၏၊

ထို့ကြောင့် ဥင်း၏ကိုယ်၌ ပါလာသော ခါးဝတ်ပုဆိုးကို ဖြုတ်ကာ ထိုသေတ္တာမှ ရရှိသော စိန် ရွေ ရတနာတို့ကို ထုပ်ပိုးလေ၏၊ ပြီးလျှင် လာလမ်းအတိုင်း ပြန်၍ ရေငုပ်ကာ ရေစုန်အတိုင်း မျောချ လိုက်ပါသွားလေတော့၏၊ မူလငုပ်ခဲ့သော နေရာသို့ရောက်လျှင် အိုးထိန်းသည် ချောင်းမှတက်လေ၏၊ ထို့နောက် အမောဖြေလေ၏၊ အမောဖြေပြီးနောက် ပစ္စည်းများကို သိမ်းဆည်းကာ ပြန်ခဲ့လေတော့၏၊ စခန်းသို့ ရောက်လျှင် ဦးမာတူးက....

"ဩ....လူအလေး မင်းသမီးဂူထဲကို ရောက်အောင် ငုပ်ခဲ့ပြီကိုး"

ဟု ပြောလိုက်လေ၏၊

ထိုအခါ အိုးထိန်းက....

"အဘိုး....အဲဒီဂူရှိတယ်ဆိုတာကို သိသလား"

ဟု အိုးထိန်းက မေးလိုက်လေ၏၊

"သိတာခေါ့ လူကလေး၊ အဘိုးတင် သိတာမဟုတ်ဘူး၊ မင်းအဖေ ကလန်လဲ သိတယ်၊ မင်းအဘိုး ဆရာဦးဒီပလဲ သိတယ်၊ ဒါပေမယ့် မင်းအဖေ ကလန်ကတော့ အဲဒီအထဲကို မရောက်ဖူးဘူး၊ မင်းအဘိုး ဦးဒီပနဲ့ ငါကတော့ ရောက်ဖူးတယ်၊ အဲဒီစစ္စည်းတွေကို အိုးဂိုဏ်း ကြိုးဂိုဏ်း ပြန်ပြီးပေါင်းဖြစ်ရင် ယူမယ်လို့ ဆုံးဖြတ်ထားတာ၊ ရွှေတစ်စမှ မယူခဲ့ဘူး၊ ဒါပေမယ့် ဒါကိုမယူရဘူး မသုံးရဘူးလို့ ဩဇာခြောင်း အမှာမရှိတော့ မင်းအနေနဲ့ ယူခွင့်ရှိပါတယ်၊ အပြစ်တော့ မရှိပါဘူး"

ဟု အဘိုးကြီး ဦးမာတူးက ပြန်၍ ပြောလိုက်လေ၏၊ ထို့နောက် အိုးထိန်းသည် ထို ပစ္စည်းများ သယ်ဆောင်ရန် အဘွက် ပြင်ဆင်ရလေ၏၊ ထို့နောက် ဦးမာတူးက အိုးထိန်းအား မှာကြားသင့်သည်များကို မှာကြားလေ၏၊ ထိုမှာကြားချက်တွင် ယခုယူပြီးသား ရွှေ ငွေ ရတနာများတော့ ရှိစေတော့၊ နောက်နောင် မင်းသမီးဂူအတွင်းမှ ရတနာများကို ယူလျှင် ဂုဏ်အား ပြောပြီးမှယူရန် အချက်ကြီး တစ်ချက်ပါလေ၏၊ ဤသို့နှင့်ပင် တန်ဆောင်မုန်းလဆန်းတစ်ရက်နေ့သို့ ရောက်သောအခါ၌ အဘိုးကြီးအား နှုတ် ဆက်ကာ ဘုမ္မာဝတီ စခန်းကို စွန့်ခွာခဲ့လေ၏၊ ထိုသို့ စွန့်ခွာသော အခါ၌ ခြင်းကလေးတစ်ခြင်းဖြင့် ခိုကလေး တစ်ကောင်ပါ သည့်၍ ပေးလိုက်လေ၏၊

အိုးထိန်းသည် တောအတွင်းမှထွက်၍ မြို့ပေါ်သို့ တက်လေ၏၊ ထို့နောက် ရန်ကုန်သို့ ဆင်းလာပြီးလျှင် တောက်

www.burmeseclassic.com

www.burmeseclassic.com

ထောဘက်၌ ဆော်လမွန်ဆိုသည့် ဂျူးကြီးတစ်ဦး ပိုင်သည့် အိမ်ကို စာချုပ်စာတမ်းနှင့် ဝယ် ယူ လိုက် လေ တော့ ၏ ထို့နောက် ထိုခေတ်တွင် လူစီးမျှားသော အော်စတင် ကား ကလေး တစ်စီးကိုလည်း ဝယ်ယူထားလိုက်လေ၏။ ထို့နောက် ၎င်းအား ချက်ပြုတ် ကျွေးမွေးရန်အတွက် ထမင်းချက် တပ် ယောက်နှင့် အိမ်ကို လှည်းကျင်း သုတ်သင်ပေးရန် အတွက် (ရှိဇာ)ဆိုသည့် ကုလားမကလေး တစ်ယောက်ကိုလည်း ငှား ရမ်းလိုက်လေ၏။

အထူးမှာ ခြံကိုစောင့်ရန်အတွက် ဂေါရခါး ဒရုဝမ် တစ်ဦးကို စိတ်ကြိုက်ရွေးချယ် ခန့်ထားလိုက်ခြင်းပင် ဖြစ် သတည်း။

○

ဦးဝေဠုကို တွေ့ပြီ

အိုးထိန်းသည် ဘောက်ထော်၌ နေထိုင်ရင်း ၎င်း၏ရန်သူ သတင်းများကို သောက်လှမ်းလေ၏။ ထောက်လှမ်းရန် အချက် အလက်မှာ ဘုမ္မာဝတီစခန်းတွင် ကျန်ခဲ့သော ဆရာဖြစ်သူ အိုးကြီး ဦးမာတူးက အသေးစိတ် ညွှန်ကြားချက်များ ပို့ခဲ့ ခြင်း ဖြစ်၏။ အိုးထိန်းသည် တိုက်ခေါင်မိုးပေါ်သို့ တက်ကာ ၎င်း၏ ခိုကို လှည့်လေ၏။ သူသည် ယခုအခါ၌ ရန်ကုန်မြို့ ဘောက်သော်ရှိ ဆော်လမွန်ဆိုသည့် ဂျူးကြီးအိမ်ကို ဝယ်ယူ နေထိုင်ကြောင်း၊ သူတွင် ခန့်ထားသော အလုပ်သမား မည်ရွေ့ မည်မျှ ရှိကြောင်း၊ သူ ရှာဖွေရမည့် သားကောင် 'တားဂက်' သို့မဟုတ်ရန်သူဖစ်မှတ်ကို ညွှန်ပြရန်အချိန်သို့ ရောက်ပြီ ဖြစ် ကြောင်းများကို ခိုလှုတ်၍အသိပေးလိုက်လေတော့၏။ ဤသို့ ခိ ကို စေခိုင်းရန်အတွက် ဘိန်းကိုအသုံးပြုရလေ၏။ ခိုသောက်သော အဆဲတွင် ဘိန်းအနည်းငယ် စပ်ထားရ၏။ စားသော အစာ များတွင်လည်း ဘိန်းမျှား လူးထား၏။ ကြာသော် ခိုသည် ဘိန်းအစွဲကြီးစွဲကာ ခိုဘိန်းစားဖြစ်လေတော့၏။ ခိုကို လှုတ်

www.burmeseclassic.com

လိုသောအခါ ခို၏ခြေထောက်တွင် သတ္တုကြိုးတိုက်သေး
ဘပ်ဆင်၍ ထိုသတ္တုကြိုးတိုတွင် လွန်စွာ ပါးလွှာသော
စက္ကူဖြင့် မိမိရေးလိုသော အခြားအရာများကို ဝှက်စာဖြင့်
ရေးရ၏။

အိုးထိန်းနှင့် ဦးမာတူးတို့သည် စာရေးသော အခါ၌
အင်္ဂလိပ်ဘာသာဖြင့် ရေးသားကြ၏။ ထိုအင်္ဂလိပ်ဘာသာကို
လည်း ရေးရိုးရေးစဉ်မဟုတ်၊ ဝှက်စာဖြင့် ရေးသားခဲ့ခြင်း ဖြစ်
၏။ အကယ်၍ တစ်စုံတစ်ယောက်သည် ထိုခို့ကိုဖမ်းမိသွားပါက
စာ၏အဓိပ္ပာယ်ကို သိနိုင်ခြင်းမရှိအောင် စီမံထားခြင်း ဖြစ်၏။
ခို့ကိုလှေဘဲခါနီးတွင် ရေနှင့်အစာတွင် ဘိန်းမော်ထည့်ထဲ့ ဖြတ်လိုက်
ရ၏။ ထိုအခါ၌ ခိုသည် ဘိန်းပြတ်၍ မနေနိုင်မထိုင်နိုင် ဖြစ်လေ
ဘော့၏။ ထိုသို့ဖြစ်သည်ကို ခိုယင်းထသည်ဟု ခေါ်၏။ ထိုသို့
ယင်းထခိုနှိုန်း၌ ခို့ကို လှေဘဲခါမှီမှ လွှတ်ပေးလိုက်ရ၏။ ထိုသို့
လွှတ်ပေးလျှင် ခိုသည် မိမိလာခဲ့သော အရပ်သည် မည်မျှ
ဝေးလံသောအရပ်ဖြစ်စေကာမူ အရောက်ပျံသန်းသွားတတ်၏။
ထို့ကြောင့် အိုးထိန်းထံမှ ဘိန်းဖြတ်၍လွှတ်လိုက်သော ခိုသည်
ဘုမ္မာဝတီစခန်းသို့ အရောက်ပြန်၏။ ဦးမာတူးသည် ဘိန်း
ခတ်သားသော ရေနှင့် အစာကို ခိုအား ကျွေး၏။ ထို့နောက်
သတ္တုဘူးကို ဖြုတ်ယူကာ သတ္တုဘူးအတွင်းမှ စာကိုထုတ်၍
ဖတ်ရှုပြီးလျှင် အိုးထိန်းထံသို့ ညှိနှိုင်းချက်စာများ ပြန်လည်
ရေးသားပြီးလျှင် သတ္တုကြိုးတိုအတွင်းသို့ထည့်ကာ မိမိ ပြန်၍
လွှတ်လိုသောအခါ၌ ဘိန်းကို ဖြတ်လိုက်လေ၏။ ထိုအခါ
ခိုသည် ယင်းလာ၏။ ယင်းအထကြမ်းလာသောအခါ၌

လျှောင်ချိုင့်ကို ဖွင့်၍ပေးလိုက်သောအခါ အိုးထိန်းထံသို့
အရောက်ပျံခဲ့ရပြန်လေ၏။

အိုးထိန်းထံသို့ ရောက်သောအခါ အိုးထိန်းသည် ခိုကို
ဖမ်းယူ၍ ဘိန်းခတ်ထားသောရေကို တိုက်ရ၏။ ဘိန်းထည့်
ထားသော အစာကို ကျွေးရ၏။ ခိုကိုပြုစုရ၏။ ထို့နောက်
သတ္တုဘူးကိုယူ၍ စာကိုနှိုက်ယူရ၏။ အိုးထိန်းသည် ဆရာ
ဖြစ်သူ ဦးမာတူးထံသို့ ဤသို့လျှင် ခိုဖြင့် ဆက်သွယ်လေ၏။



ဤရေးနည်းမှာ မေဆွန်းနှစ်ရိုက်တင်းဟု ခေါ်ဖြို့
မြန်မာဘာသာဖြင့် ပဿုံးခေါင်းပြတ်စာဟု အဓိပ္ပာယ်
ရပါသည်။

စာရေးသူ

တစ်နေ့သ၌ ဦးမာတူးထံသို့ အိုးထိန်းက ခို လွှတ် ရာ
ဝါးရက်ခန့်အကြာတွင် အိုးထိန်းထံသို့ စာတစ်စောင် ပြန်
လာ၏။ ထိုစာကို မြန်မာဘာသာသို့ပြန်သော် အောက်ပါ
အတိုင်း အဓိပ္ပာယ်ရ၏။

www.burmeseclassic.com

www.burmeseclassic.com

လူကလေး....

မင်းကို ပစ်မှတ်နှစ်ခုပြမယ်၊ တစ်ခုက ဝေဠုလို့ ခေါ်တယ်၊ အသက်(၅၀)ကျော်ပြီ....တစ်ခုက လာဘခေါ်တယ်၊ အသက်(၄၀)လောက် ရှိတယ်၊ လာဘကတို့ အိုးကပဲ၊ မင်းလဲ သိတန်သလောက် သိပြီးဖြစ်မှာပဲ၊ သူက အိုးဘုရင် လုပ်မယ့်ကောင်ဆိုတော့ ရှာရလွယ်တယ်၊ ပြီးမှရှာ၊ ဝေဠုကတော့ ကြိုးကကောင်၊ အာဖွင့်ပြောတော့မယ်၊ မင်းအဖေကိုသတ်တာ ဝေဠု ဖြစ်တယ်၊ သူမှာ သားသမီးရှိရင်လဲ ကျူပင်ခုတ် ကျူငုတ်မကျန်အောင် လုပ်ရမှာပဲ၊ အခု ဝေဠုကိုပဲသတ်၊

မာတူး

ဘုမ္မာဝတီစခန်း၊

အိုးထိန်းသည် အထက်ပါစကားကို ရပြီးနောက် ဦးဝေဠုဆိုသူ ကြိုးဂိုဏ်းသမားကို သဲသဲမဲမဲ ရှာလေတော့၏။ မေမြို့(ပြင်ဦးလွင်)မှာ ရှိသည်ဟုကြားလျှင် မေမြို့(ပြင်ဦးလွင်)သို့လိုက်၏၊ ရှမ်းပြည်နယ်မြောက်ပိုင်း၌ ရှိနေသည်ဟုကြားလျှင် ရှမ်းပြည်နယ်မြောက်ပိုင်းသို့လိုက်ရ၏၊ ဦးဝေဠု ထောင်(၅)နှစ်ကျသွားသည်ဆိုလျှင် ထောင်များဘင်စုံစမ်းရပြန်၏။ ဤသို့လျှင် အိုးထိန်းသည် ဦးဝေဠု၏နောက်သို့ မျက်ခြည်မပြတ်ခြေရာခံလိုက်ခဲ့၏။ ဒဏ်ရာရပြီးသော သားကောင်၏နောက်သို့ မုဆိုးလိုက်သကဲ့သို့ အိုးထိန်းသည် ဦးဝေဠု၏သတင်းကို သဲသဲကွဲလွဲ ကြားသည်နှင့် လိုက်လေတော့၏။ ရန်ကုန်တွင်

နေထိုင်သည့်ရက်များ၌လည်း အိုးထိန်းသည် လမ်းပေါ်တွင် ကျက်စားသော ကုလားကြမ်းပိုးကလေးများကို ရှာကာမုန့်ဖိုးပဲဖိုးကလေးများပေး၍ သူ အလိုရှိသော သတင်းကို ရယူခဲ့၏လေ၏။

ထိုကုလားကလေးများသည် အိုးထိန်းအား သတင်းပေးတတ်၏။ အိုးထိန်းသည် သတင်းယေလျှင် ငါးမူးပေး၏၊ သတင်းကြီးလျှင် နှစ်ကျပ်ပေး၏၊ ကြမ်းပိုးကလေးများသည် အိုးထိန်းအား ဟုတ်သည့်သတင်းရော မဟုတ်သည့်သတင်းပါ စုံခနဲအောင် လာ၍ပေး၏၊ အိုးထိန်းသည် မိမိ ရရှိသော သတင်းများအနက်မှ အသုံးကျမည့်သတင်းကို ထုတ်နုတ်၍ သုံးစွဲရလေ၏၊ အိုးထိန်းသည် တစ်နှစ်ခွဲ နှစ်နှစ်ခန့် ဦးဝေဠု၏ သတင်းကို ခြေရာခံ၍ မှတ်တမ်းရေးသားခဲ့ရာ ဦးဝေဠု၏ ချင်လုံးသည် နောက်ဆုံး၌ ဘွားဘွားကြီး ပေါ်လာလေတော့၏။ ဦးဝေဠုသည် ကြိုးဂိုဏ်းမှ ဖြစ်၏၊ သူသည် စနေမောင်မောင် ဆိုသော ခေတ်သစ်သိုက်ဆရာ လူစွန့်စားတစ်ဦးနှင့် တွဲမိကာ မြန်မာပြည်၏မြောက်ဘက် မှန်ဂိုလီးယားနှင့် တိဗက်နယ်စပ်တွင် ရှိသော 'ဆဒီယ'ဒေသရှိ ရှေးဟောင်းရတနာသိုက်တစ်ခုကို သွားရောက်ရှာဖွေ တူးဖော်ခဲ့ဖူးသည်ဆို၏။ ထိုရတနာသိုက်မှာ နီပေါလ်ဘုရင်တစ်ပါး၏ မိဖုရားမြုပ်နှံသွားခဲ့သော ရတနာသိုက် ဖြစ်သည်ဟု ဆို၏၊ အမှန်စင်စစ်အားဖြင့် ထိုရတနာသိုက်မှာ နီပေါလ်ဘုရင်၏သက်တော်ရည် အမတ်ကြီး၏ ရတနာသိုက်သာ ဖြစ်သည်ဟု စနေမောင်မောင်က ယူဆခဲ့၏၊ အဘယ်ကြောင့်ဆိုသော် ဆဒီယ

www.burmeseclassic.com

ရတနာသိုက်မှာ သိုက်ကို တူးဖော်မိသည့် အချိန်၌ ရတနာပစ္စည်းများကို မျှော်လင့်သလောက် မတွေ့ရှိခဲ့ရသောကြောင့် ဖြစ်၏။ နေ့မောင်းမောင်းနှင့် ဦးဝဋ္ဌသည် ဝေစုမတည့်၍ လမ်းခွဲခဲ့ကြသည် ဆို၏။ ထို့နောက် ဦးဝဋ္ဌသည် လမ်းပေါ်နေ လမ်းပေါ်စား ကြွေးကိုဏ်းသမားဘဝကို စွန့်၍ မန္တလေးတွင် အိမ်တစ်လုံးဝယ်ယူကာ နေထိုင်ခဲ့၏။ ထို့နောက် ရွှေဘိုသူတစ်ဦးနှင့် အိမ်ထောင်ပြုခဲ့သည်ဆို၏။ သမီးကလေးတစ်ယောက် ထွန်းကားခဲ့သည် ဆို၏။ ထိုသမီးကလေး ကိုယ်ဝန်နှင့်ပင် ဦးဝဋ္ဌသည် သူ၏ဇနီးနှင့် ကွဲခဲ့သည်ဆို၏။ ၎င်း၏ ဇနီးသည် သမီးကလေး မွေးသောအခါ၌ မီးတွင်း၌ပင် ဆုံးပါးသွားခဲ့သည်ဟု ဆို၏။ ဦးဝဋ္ဌသည် သမီးကလေးအား မိန်းမတက်မှ အမျိုးများထံတွင်ထားကာ ၎င်းကမူ အိမ်နှင့် ခြံကို ရောင်းပစ်လိုက်ပြီးနောက် ရတနာသိုက်များ လိုက်လံရှာဖွေသော သိုက်မုဆိုးကြီး လုပ်ခဲ့သည် ဆို၏။ ကျဆို့လုပ်ခဲ့ရာ၌လည်း များသောအားဖြင့် ဦးဝဋ္ဌ လိုက်ခဲ့ရှာခဲ့သော သိုက်များမှာ သိုက်ကန်းများသာ ဖြစ်၏။ သိုက်ကန်းဆိုသည်မှာ သိုက်ဆရာခလောက၌ အသုံးပြုသော စကားဖြစ်၏။

ရတနာသိုက်တစ်ခုသည် မိမိ သွားရောက် တူးဖော်သောအခါ၌ မိမိ အရင် အခြားသူများ တူးဖော်ရရှိသွားသောကြောင့် မိမိအတွက် တစ်စုံတစ်ရာ မရရှိနိုင်သော သိုက်မျိုးကို သိုက်ကန်း ခေါ်သည်။ ဦးဝဋ္ဌသည် သိုက်ကန်းပေါင်းများစွာကို တူးဖော်ပြီးနောက် ဆင်းရဲမွဲတေ၍ သွားလေတော့၏။ နောက်ဆုံးတွင် ရွှေတောင်မြို့အနီးရှိ ရွှေးဟောင်း

ကုလားလူမျိုးများ ဂွက်ထားခဲ့သော 'ပရက္ကမာ'သိုက်ကို ရရှိခဲ့သည် ဆို၏။

မှတ်ချက်။ ။၎င်းပရက္ကမာသိုက်၏ သဲလွန်စကိုသိလိုသူများ ကရင်ရာဇဝင်၊ ဆရာစော၏ ရာဇဝင်ကျမ်းတွင် ပါသည့် မြန်မာအစ ရွှေတောင်က ဟူသော အကြောင်းအရာ ပါသည့်အခန်းကို ဖတ်ကြည့်ပါလေ။

စာရေးသူ

၎င်းဦးဝဋ္ဌသည် ပရက္ကမာသိုက်မှရသော ပစ္စည်းများနှင့် သဏ္ဌန်းကျွန်းဘုတာအနီး၌ ခြံကြီးတစ်ခြံအတွင်း ဆောက်လုပ်ထားသော ပျဉ်ထောင်အိမ်ကြီး တစ်လုံးကို ဝယ်ယူလိုက်လေ၏။ ထိုသို့ဝယ်ယူပြီးလျှင် စိတ်ချရသော အိမ်ဖော်ကုလားမတစ်ဦး ခေါ်ယူလိုက်လေ၏။ ထို့နောက်မှ ရွှေဘိုတွင်ရှိသော ခယ်မဖြစ်သူ၏ လက်မှ လေးနှစ်သမီးအရွယ် ရောက်နေပြီ ဖြစ်သော ကလေးကို ခေါ်ယူလိုက်ခြင်းဖြစ်၏။ သမီးကလေး၏ အမည်မှာ 'တင်နွယ်ရီ'ဟူ၍ဖြစ်၏။ အိမ်ဖော်ကုလားမကလေး 'ဂျာနား'သည် လွန်စွာ စိတ်ချရ၏။ ချွတ်ရေး ပြုတ်ရေး လျှော်ရေး ဖွပ်ရေးမှ အစ မိမိ၏ ဝေယျာဝစ္စအပြင် သမီးကလေး တင်နွယ်ရီ၏ ဝေယျာဝစ္စကိုပါ မျက်နှာလွဲရလေ၏။ ကုလားမကလေး ဂျာနားသည် သမီးကလေး တင်နွယ်ရီကို လွန်စွာ ခုစ်ခင်၏။ တင်နွယ်ရီကလည်း ဂျာနားအား လွန်စွာ ခင်မင်၏။

www.burmeseclassic.com

www.burmeseclassic.com

ထို့ကြောင့် ဦးဝေဠုသည် သမီးကလေး တင်နှယ်ရီအား အိမ်ဖော် ဂျာနားနှင့် ထားရှိ ခရီးရှည်ထွက်လိုက စိတ်ချလက်ချ ထွက်နိုင်သော အခြေအနေတွင် ရှိလေ၏။ ဦးဝေဠုသည် အမှုနှစ်စစ်အားဖြင့် သိုက်ကန်းများကိုသာ ရှာဖွေမိခဲ့သော်လည်း နောက်ဆုံး ပရက္ကမာ ရွှေသိုက်မှာမူ တစ်ဉာက်စား၍ မကုန်အောင် မြိုးမြိုးမြက်မြက်ရခဲ့လေ၏။ သို့ရာတွင် ဦးဝေဠု၏စိတ်၌ အထူးစိတ်ဝင်စားနေသော ရတနာသိုက် တစ်ခုသည် ရှိ၏။ ထိုသိုက်၏အမည်မှာ 'ပုဂံရေချိုး၊ ပဲခူးပေါ်သိုက်' ဟူ၍ ဖြစ်၏။ ဦးဝေဠုသည် ထိုသိုက် အကြောင်း သဲလွန်စကို နှစ်ပေါင်းများစွာကပင် ရှာဖွေ စုဆောင်းခဲ့ခြင်း ဖြစ်၏။ ထိုသိုက်သည် အိုးခြေ အိမ်ခြေမရှိ လမ်းပေါ်စွန့်နေထိုင် သံုးလေးလူကျက်ရှိသော လှည်းနေ လှေအောင်း ဆွေမျိုးစုကြီးတစ်ခုပိုင် သိုက်ဖြစ်ကြောင်း ကောင်းစွာ သိခဲ့လ၏။ ထိုဆွေမျိုးစုကြီးမှာ အခန့်ရထားမင်းစော နန်းမတက်မီက နှစ်ခြိမ်းကဲ့သုံးပြီးလျှင် အိုးဂိုဏ်း၊ ကြိုးဂိုဏ်းဟူ၍ ပေါ်ပေါက်ခဲ့သည်ဆို၏။ ထိုအိုးဂိုဏ်း၊ ကြိုးဂိုဏ်း စဘင်ကွဲစဉ်က အိုးဂိုဏ်း၏ ခေါင်းဆောင် 'သူရိယဝါယု' နှင့် ကြိုးဂိုဏ်း၏ခေါင်းဆောင် 'စန္ဒဝါယု' တို့ သိုဝှက်ထားခဲ့သော ရတနာများ ဖြစ်သည်ဟု ဆို၏။

ဦးဝေဠုကိုယ်တိုင်လည်း နှောင်းခေတ် ကြိုးဂိုဏ်းအဖွဲ့ဝင်တစ်ဦးဖြစ်ခဲ့၏။ ထို့ကြောင့် ကြိုးဂိုဏ်းဝင်တို့၏ ထုံးစံအတိုင်း ဘယ်ဘက် လက်ဖျံတွင် အောက်ပါ ကြိုးပုံသဏ္ဌာန်လေးကို ဆေးမင်ဖြင့် ရေးထိုးထားလေ၏။



www.burmeseclassic.com

www.burmeseclassic.com

ကျပ်သား လေးသော ရွှေတုံး(၆၄)တုံး အထိ ရှိသည်ဆို၏။ ထို့ကြောင့် အရွယ်အစား အမျိုးမျိုးရှိသော ရွှေတုံးပေါင်း (၄၀၉၆)တုံးရှိသည် ဆို၏။ 'ဝင်းဝတ်'ဟု ခေါ်သော စိတ်ချမ်းမြေ့ဖွယ်ရာကို ဖြစ်စေသည့် မြတ်တစ်တုံးသည် ရှိသည်ဆို၏။ ထိုမြို၏ အလွှာပမာဏမှာ ခွန်အားကြီးမားသော ယောကျ်ားတစ်ဦး၏ ထမင်းလုတ်တစ်လုတ်စာမျှ ရှိသည်ဆို၏။ 'ဝင်းဝတ်မြို'မျိုး ဆိုသည်မှာ လွန်စွာအဖိုးတန်၏။ သထို မန္တဟာဘုရင်ကို အနော်ရထာဘုရင် ဖမ်းထားစဉ်က မြင်းကပါ ဘုရားတည်ရန်အတွက် မန္တဟာဘုရင်က မြင်းကပါသူဌေးကို ငွေလျှည်း(၉)စီးတိုက်နှင့် ရောင်းသော မြေမျိုးမှာ ဝင်းဝတ်မြေမျိုးဖြစ်သည် ဆို၏။

အမှန်စင်စစ် မန္တဟာဘုရင် ရောင်းခဲ့သောမြေမှာ မန်ကျည်းစေ့ ခန့်သာရှိသည် ဆို၏။ မန်ကျည်းစေ့ခန့်သာ ရှိသော မြေလက်စုပ်ကလေး တစ်ကွင်းသည်ပင် ငွေလျှည်း (၉)စီး တန်သည်ဟုဆိုလျှင် ယခု ပုဂံရေချိုး ပဲခူးဌ်ပေါ်သည့် သိုက်တွင်ရှိ သမင်းဆုပ်တစ်ဆုပ်စာခန့်ရှိ ရတနာသိုက်အတွင်းမှ မြို၏တန်ဖိုးကို ဆိုရမူမူ ငွေလျှည်းပေါင်း မည်မျှတန်မည်နည်း။ ထို့ပြင် ကန်ကော့ပဲခွန့်ထားမှ လူတို့နှင့် နေသည်ဆိုသော ဝရောစန အမျိုးဝင် မနောမယ ပတ္တမြားပင်ရှိသည် ဆို၏။ ထိုပတ္တမြား၏ အလွှာမှာ ကြက်တိန်ညှင်ခွာ အရွယ်ပမာဏခန့်ရှိသည် ဆို၏။ ဦးဝဏ္ဏသည် ထိုရတနာသိုက်ကို လွန်စွာ စိတ်ဝင်စား၏။ ဤကြောင့် ရတနာသိုက်၏ သဲလွန်စကို နှစ်ပေါင်းများစွာ ရှာမှီးစုဆောင်းခဲ့ခြင်း ဖြစ်၏။ ဦးဝဏ္ဏ၏ အစီအစဉ်အရ

ဦးဝဏ္ဏသည် ထိုရတနာသိုက်ကို လွန်စွာ စိတ်ဝင်စားခဲ့၏။ စိတ်ဝင်စားသည့်အလျောက်လည်း မှုက်ခြေမပြတ် လိုက်၍ စုံစမ်းခဲ့၏။ အိုးဂိုဏ်း၏အယူအဆအရ ဤသိုက်မှာ 'ပညာရတနာသိုက်'ဖြစ်သည် ဆို၏။ ရှေဟူ၍ ချင်ရွှေးမှုပင်မရှိဟု ဆို၏။ ပညာရတနာမှာမူ 'ဘုတ္တဝဟန ယန္တရား' ဟု ခေါ်သည့် စက္ကူမအတတ်၊ စိန်နက်မှန်ရောင်ကို ဓာတ်ပြု၍ နေ့ကိုည၊ ညကိုနေ့အဖြစ်အဖြစ် အလင်းအမှိုက်ကို စိတ်တိုင်းကျ စီမံနိုင်သော အဂ္ဂိရတ်အတတ်၊ နေလနှစ်ပါးကို အရင်းခံ၍ ပြုပြင်စီရင်ရသော ဝိဇ္ဇာအတတ်၊ အရပ် သုံးဆယ့်ငါးရပ်ဖြင့် ပြုပြင်စီမံရသော သုံးဆယ့်ငါးကောင် အတတ်၊ အခံဓာတ် ရှစ်ပါး၊ အအုပ်ဓာတ်ရှစ်ပါးကို အသုံးပြု၍ လေဓာတုဖြစ်ပုံကို ဆင် ခြင် ရ သော သခ်ါရ ဝိဇ္ဇာအတတ်များ အပါအဝင် ခြောက်ဆယ့်လေးမျိုးသော အဘတ်ထူး အတတ်ဆန်းတို့ကို စနစ်တကျ သိုဝှက်မြုပ်နှံ၍ သိုက်လုပ်ထားသည် ဆို၏။ ထိုသိုက်၏မြေပုံမှာ အိုးဂိုဏ်းဘုရင်တွင် တစ်ခြမ်း ရှိ၏။ ထို့အတူ ကြိုးဂိုဏ်းဘုရင်၌ တစ်ခြမ်းရှိ၏။ ထိုမြေပုံနှစ်ချပ်ကို ရရှိပါက ပုဂံရေချိုး ပဲခူး၌ပေါ်ဆိုသော ပညာရတနာသိုက်ကို ဖွင့်နိုင်မည် ဆို၏။ ကြိုးဂိုဏ်း၏အယူအဆအရမူ ထိုသိုက်သည်ရှိ၏။ သို့ရာတွင် မည်သည့်ပညာရပ်မှ ထိုသိုက်၌ မရှိ။ ပညာနှင့်တူသော အရာဆိုလျှင် ငါးပိဖုတ်သောအတတ်ပင် မရှိ။ အမှန်၌သည်မှာ ရတနာများဖြစ်၏။ (၁၀)ကျပ်သား လေးသော ရွှေတုံး (၆၄)တုံးရှိသည် ဆို၏။ (၂၀)ကျပ်သား လေးသော ရွှေတုံး (၆၄)တုံးရှိသည် ဆို၏။ ဤဘို့လျှင် အစဉ်အတိုင်း (၆၄)

www.burmeseclassic.com

ဦးဝေဠုသည် အခွင့်အရေးရသည့်အခါတိုင်း ဦးမာတူးအား ရန်ရှာရန် ကြိုးစား၏။ ကြိုးဂိုဏ်းဘုရင် မည်သူမည်ဝါဖြစ်သည်ကိုလည်း သိရန် ကြိုးပမ်းခဲ့၏။ အဘယ်ကြောင့်ဆိုသော် ကြိုးဂိုဏ်းဘုရင်မှာ လွန်စွာလျှို့ဝှက်၏။ မည်သူမည်ဝါဖြစ်သည်ကို ယနေ့ထက်တိုင် အဘင်မပြောနိုင်သေးပေ။

အိုးထိန်းသည် ဦးဝေဠု၏အကြောင်းကို စုံစမ်းခဲ့ပြီးဖြစ်၏။ ဦးဝေဠုနေထိုင်ရာ သင်္ဃန်းကျွန်းဘူတာအနီးရှိ အိုမ်ကြီးဆိပ်သို့ ကုလားကလေးများကို ဧလေတ်ကာ ဦးဝေဠု၏ အလေ့အထများကို စုံစမ်းခိုင်း၏။ ၎င်းကိုယ်တိုင်လည်း မကြာခဏဆိုသလို အရိပ်အခြည် သွားရောက် အကဲခတ်ကြည့်၏။ ဦးဝေဠု၏ ခြံသည် လွန်စွာလုံ၏။ လက်ခုပ်တစ်ဖောင်ခန့်ရှိသော ကြေတံဝါးရုံများဖြင့် ကာရံထား၏။ အတွင်းသို့မြင်နိုင်ရန် လွန်စွာခက်ခဲ၏။ အဘိုးကြီး၏ အရိပ်အယောင်မှာမူ တွေ့ရခဲ၏။ မကြာခဏ တွေ့ရသည်မှာ ကုလားမကြီးတစ်ဦးပင် ဖြစ်၏။ ထို့ပြင် မိန်းမငယ်တစ်ယောက်ကိုလည်း တွေ့ရ၏။ အထောက်တော် ကုလားလေးများ၏ သတင်းပေးချက်အရ ကုလားမကြီး၏အမည်မှာ ဂျာနား ဖြစ်၏။ နှစ်ပေါင်းများစွာ ဦးဝေဠု၏ အိမ်၌ အလုပ်လုပ်ခဲ့သောသူဖြစ်ကြောင်း သိရ၏။ မိန်းကလေးမှာ ၎င်း၏သမီးဖြစ်ကြောင်း သိရှိပြီးဖြစ်၏။ ထို့ကြောင့် အိုးထိန်းသည် မိမိဖခင် ဦးကလန်အား သတ်ဖြတ်ခဲ့သော ဦးဝေဠုအား သတ်ဖြတ်ရန်အတွက် အချိန်အခါကောင်းကို စောင့်၍နေလေတော့သတည်း။

○

အိုးဂိုဏ်း ကြိုးဂိုဏ်း နှစ်ခုရှိသည့်အနက် အိုးဂိုဏ်းမှ အိုးဘုရင် လက်ထဲတွင်ရှိသော မြေပုံတစ်ခြမ်းကို မရ ရသည့်နည်းနှင့် လှုယူရန် ဖြစ်၏။ ထို့နောက် ကြိုးဂိုဏ်းမှ မြေပုံကိုလည်း ကြိုးဘုရင်ထံမှ မရရသည့်နည်းနှင့် ယူရန်ဖြစ်၏။ ကြိုးဂိုဏ်း၏မြေပုံမှာမူ ၎င်းကိုယ်တိုင်က ကြိုးဂိုဏ်း၀င်ဖြစ်သောကြောင့် လွယ်ကူ၏။ အိုးဂိုဏ်းမှာမူ တစ်နည်းမဟုတ်တစ်နည်း တိုက်ခိုက်စစ်ခင်း ယူရမည်ဖြစ်ခြင်း သဘောပေါက်ထား၏။ ထို့ကြောင့် စုံစမ်းရာ အိုးဂိုဏ်း၌ ဘုရင်အသစ်စက်စက်အဖြစ် နေရာယူထားသူမှာ မျက်လှည့်ဆရာ 'ကလန်' ဆိုသူဖြစ်ကြောင်းသိရလေ၏။ ဦးဝေဠု၏အစီအစဉ်မှာ အိုးဂိုဏ်းဘုရင်ကလန်၌ အနီးကပ်ရှိသူမှာ အထိန်းတော်ကြီး ဦးမာတူးပင် ဖြစ်၏။ ထို့ကြောင့် ကလန်အား ချောင်းမြောင်း၍ တိုက်ခိုက်ကာ အဆုံးစီရင်ပစ်လိုက်ပြီးလျှင် ဦးမာတူးကိုဖမ်းကာ ညှဉ်းပန်းနှိပ်စက်၍ မြေပုံကိုတောင်းယူရန် စဉ်းစားထား၏။ ထို့ကြောင့် ဦးဝေဠုသည် အိုးဂိုဏ်းဘုရင် ကလန်အား ချောင်းမြောင်း၍သတ်ဖြတ်ပစ်လိုက်၏။ သို့ရာတွင် ဦးမာတူးကို တိုက်ခိုက်သောအခါ ထင်သလောက် မလွယ်ဘဲ ရှိလေတော့၏။ မလွယ်ရုံမျှမက ဦးမာတူးကပင် လစ်လျှင်လစ်သလို မိမိအား သတ်ဖြတ်နည်း ကြံစည်ခဲ့လေ၏။ ကြိုးဂိုဏ်းမှသူများမှာလည်း ဦးဝေဠုအား ယုံကြည်ခြင်း မရှိသည့်အလျောက် ဆေးဖော်ကြောဖက်ပင် မလုပ်ကြပေ။ အဘယ်ကြောင့် မယုံကြည်သနည်း ဆိုသော် ဦးဝေဠုသည် ကြိုးဂိုဏ်းမှမြေပုံကို ရယူရန် ကြိုးပမ်းနေသူဖြစ်ကြောင်း ဂိုဏ်းသားအားလုံးက သိသောကြောင့် ဖြစ်၏။

www.burmeseclassic.com

ခါးကုန်းကြီး ရောက်လာခြင်း

အိုးထိန်းသည် ကြိုးဂိုဏ်းက မှတ်မိခြင်းမရှိစေနိုင်ရန်အတွက် နာမည်ပြောင်းပစ်ရန် စိတ်ကူးလိုက်၏။ ထိုသို့ စိတ်ကူးလိုက်သည့်အခါတိုင်း အခြားနာမည်ကို စိတ်ကူးဥမပေါ်ဘဲ ၎င်း၏ အဘိုးဖြစ်သူ ဦးဒီပ၏အမည်အား လျှင် မကြာခဏ အာရုံဥပေါ်လာသောကြောင့် 'မောင်ဒီ' ဟူ၍မှင် အမည်ပြောင်းလဲရန် ဆုံးဖြတ်လိုက်လေတော့၏။ ထို့နောက် အိုးထိန်း အနေနှင့် စိတ်ကူးထားသည်မှာ ဆူသည် ယခုကဲ့သို့ အောင်နေမည့် အစား လူမျိုးနှင့် ထိတွေ့နေလျှင် ကြိုးဂိုဏ်းအား လက်စားချေနိုင်အတွက် အခွင့်အလမ်း ပို၍ရရှိမည်ဟု စိတ်ကူးမိသည့် အလျောက် စပတ်လမ်း (ဗိုလ် အောင် ကျော် လမ်း) တွင် လက္ခဏာဆရာအဖြစ်ဖြင့် လူတောတိုးရန် စနစ်တကျ စီမံလေတော့၏။

www.burmeseclassic.com

ထိုသို့ စနစ်တကျစီမံပြီးနောက် အိုးထိန်းသည် ဆိုင်ခွဲ ချိတ်ဆဲ့တပ်ဆင်ရန် ဆိုင်းဘုတ်များ၊ ဆိုင်ခန်းအတွင်း၌ ထား သိုရမည့် စားပွဲများ၊ လက်ဆေးခွက်များ၊ ပုံကားများ၏ မှာယူအပ်နှံခလေတော့၏၊ ထို့ကြောင့် များမကြာမီ အချိန် ကာလအတွင်း၌ စပတ်လမ်း (ဗိုလ်အောင်ကျော်လမ်း) တစ် နေရာတွင် အောက်ပါဆိုင်းဘုတ် ချိတ်ဆဲ့ထားသော တိုက်ခန်း တစ်ခန်းကို ထိုခေတ် ရန်ကုန်သားများ သတိပြုမိကြမည် ဖြစ်၏။

ဆရာ မောင်ဒီ
လက္ခဏာ ဟောသည်

ဘိုဆိုင်းဘုတ်မှာ နဖူးစီးဆိုင်းဘုတ်ဖြစ်ပြီး တိုင်ဖုံးကဲ့သို့ ဆောင်၍ထားရသော ဆိုင်းဘုတ်၌လည်း အောက်ပါအတိုင်း အင်္ဂလိပ်မြန်မာ နှစ်ဘာသာဖြင့် ရေးထားသော ကြော်ငြာ ဆိုင်းဘုတ်များကို တွေ့ရမည် ဖြစ်၏။

သင်၏ လက်ဝါးမြင့်တွင်ပါသော
သင်္ကေတ အမှတ်အသားများကို
ကျွန်ုပ်အနေနှင့် သိခွင့်ရပါလျှင်...

သင် မည်သည့်နှစ်တွင် ချမ်းသာမည်၊
အိမ်ထောင်ကျမည်၊
အိုင်ယာလန်ထီ ပေါက်မည်၊
ဘုရားဟည်ရမည်၊
ကျောင်းဆောက်ရမည်မှအစ....
သေမည်အထိကို
အတိအကျ မလွဲတမ်း
ဟောပြော ပေးပါမည်။

ထို့နောက်တွင်ကား ကျွန်ုပ်တို့၏ ဇာတ်လိုက်ကြီး မောင် အိုးထိန်းသည် လက္ခဏာဆရာ မောင်ဒီအဖြစ်ဖြင့် ထိုတိုက်ခန်း သို့ နံနက် (၈)နာရီ အချိန်လောက်တွင် မေ့တော်ကားဖြင့် ရောက်ရှိလာဓာတ်ပြီး ညနေ (၄)နာရီ အချိန်တွင် ပြန်သွား ဘတ်မြဲ ဖြစ်လေ၏။ အိုးထိန်းသည် လက္ခဏာမေးသူ လာလျှင် လည်း အမှန်တကယ်ပင် ၎င်းတတ်ကျွမ်းသော ပညာများဖြင့် ဟောပြောပေးလေ၏။ အားလပ်သော အချိန်များ၌မူ ကြိုး ဂိုဏ်းမှ ၎င်း၏ဖခင်ကို သတ်သွားသော လူသတ်သမား၏ အရိပ်အခြည် အလေ့အထကို သိသည်ထက် ပို၍သိစေရန် သပ်မံ၍ လေ့လာရလေ၏။ ထို့အတူ ဒုတိယမစ်မှတ်ဖြစ်သော အိုးဂိုဏ်းအဖွဲ့၏ အဖွဲ့ဝင်တစ်ဦးဖြစ်သော လာဘ ဆိုသူ၏ သဘင်းကိုလည်း ထောက်လှမ်းရလေတော့၏။

* * *

www.burmeseclassic.com

တစ်နေ့သ၌ အိုးထိန်းသည် ၎င်း၏အလုပ်ခန်း စားပွဲ၌ ထိုင်၍ နေ၏။ တစ်စုံတစ်ယောက်သောသူက 'ဝင်ခွင့်ပြုပါ ခင်ဗျာ'ဟု ဝင်ခွင့်တောင်းပြီး ဝင်လာသဖြင့် အိုးထိန်းသည် ထိုသူကို လှမ်း၍ကြည့်လိုက်လေ၏။ ထိုသူမှာ ကျောတွင် နှားလပို့ကဲ့သို့သော ဘိုကြီးတစ်လုံးထွက်နေသော ခါးကုန်းကြီး တစ်ဦး ဖြစ်၏။ ထိုခါးကုန်းကြီးသည် ဥရောပတစ်စုံကို ဝတ်ထားသည်ဖြစ်ရာ ၎င်း၏လည်တိုင်၌လည်း နက်တိုင်ခေါ် လည်စည်းတစ်ခုကို စည်းထားလေ၏။ ထိုသူ၏ နက်တိုင်မှာ ရှင်ဘတ်ရှိရမည့်အစား ခါးအလွန်ကုန်းသောကြောင့် နာရီ၏ ချိန်သီးကြိုးကဲ့သို့ တွဲလောင်းကျကာ ဘယ်ညာယမ်းလျက် ရှိလေတော့၏။

"ဆရာ့ဆီမှာ လက္ခဏာမေးချင်လို့ပါ ခင်ဗျာ"

ဟု ဆိုကာ ထိုသူသည် ကုလားထိုင်တစ်လုံးကို ဆွဲယူ၍ ထိုင်လေ၏။ အိုးထိန်းသည် ထိုလူ၏ လက်ဝါးပြင် နှစ်ဖက်ကို မင်မှားသုတ်လိမ်း၍ စက္ကူအဖြူ၌ နှိပ်ယူကာ ထိုသူအား လက်ဆေးရန် ကြေးလုံးကို ပြလိုက်လေ၏။ ထိုသူလည်း လက်ဆေးကြေးလုံး၌ သွားရောက် လက်ဆေးပြီးလျှင် အိုးထိန်းခွေ့ပြန်၍လာကာ ထိုင်လေ၏။ ထိုအခါ၌ အိုးထိန်းက....

"ဒီမှာ မိတ်ဆွေကြီး၊ နာမည်လေး တစ်ဆိတ်လောက် ပြောပါ"

ဟု မေးလိုက်လျှင် ထိုသူက....

"ကျွန်တော့်နာမည် မစ္စတာ ပ"

ဟု ဆိုလေ၏။

"မောင်ပဆိုတဲ့ နာမည်ကတော့ ရှားတယ်ဗျ၊ ဒီမောင်တမဟုတ်ဘူးလား"

ဟု အိုးထိန်းက မေးလိုက်လေ၏။ ထိုအခါ ခါးကုန်းကြီးက....

"ဘီအေမှ 'ဘ' ဖြစ်တာဗျ၊ ကျုပ်နာမည်က ပီအေဆိုတော့ 'ပ'ပေါ့ဗျာ"

ဟု ပြန်၍ပြောလေ၏။

"တော်တော်ရှားတဲ့ နာမည်ပဲ"

ဟု အိုးထိန်းက ပြောလိုက်လျှင် မစ္စတာ မောင်ပက....

"ရှားတော့ ရှားတာပေါ့ ခင်ဗျာ၊ ဆရာ့ နာမည်ရယ်၊ ကျွန်တော့်နာမည်ရယ် ပေါင်းတော့ 'ဒီပ' ဖြစ်တာပေါ့ဗျာ၊ ဒီပဆိုတာ ကျွန်းကြီးပေါ့ဗျာ"

ဟု ပြောလိုက်လျှင် အိုးထိန်း၏စိတ်၌ 'ဒီပ' ဆိုတာ ငါ့အဘိုးရဲ့ နာမည်ပဲ၊ ဒီလူပြောတဲ့ နာမည်နဲ့ တိုက်ဆိုင်လိုက်တာဟု တွေးမိသဖြင့်၊ ထို့နောက် အိုးထိန်းက ၎င်း၏မွေးနေ့သက္ကရာဇ်ကို မေးရာ ထိုသူက....

"မွေးနေ့သက္ကရာဇ် အတိအကျတော့ မသိဘူး၊ အင်္ဂလိပ်ရက် တစ်ရက်ပဲ သိတယ်၊ (၂၆) ရက်၊ လ,လဲ မသိဘူး၊ အသက်ကတော့ (၄၀) ရှိပြီ"

ဟု ပြောလိုက်လေ၏။ ထိုအခါ အိုးထိန်းက လက်ပုံစံကို ကြည့်ပြီးနောက်....

www.burmeseclassic.com

"လက်သူကြွယ်ရဲ့ အောက်ဆုံးဆင့် နေရာမှာ ထူးခြားတဲ့ အမှတ်အသားတွေ သွားတွေ့နေရတယ်၊ အဲဒါကြောင့် သြဂုတ်လ ဖြစ်ရမယ်"

ဟု ပြောရာ ခါးကုန်းကြီးသည် ဟက်ဟက်ပက်ပက် ရယ်မောလေ၏။ ထိုသို့ ရယ်ခမာပြီးနောက်....

"ဆရာက ကျွန်တော့်ထက် အသက်ငယ်လို့၊ နို့မို့ရင် ကျွန်တော် ဒီတစ်ခုနှစ်တည်းနဲ့ ထိုင်ပြီး ရှိုးမိမှာ၊ ကျွန်တော် သြဂုတ်သမှာမွေးတာ အခုမှ ပြန်ပြီး သတိရတယ်"

ဟု ပြောဆိုကာ သူ၏ ကုတ်အင်္ကျီအိတ်အတွင်းမှ ပလက်တီနမ် စီးကရက်ဘူးကလေးကို ထုတ်ယူ၍ အကောင်းစား စီးကရက်တစ်လိပ်ကို နှိုက်ယူကာ မီးညှိ ရှိုက်ဖွာလိုက်လေ၏၊ ထိုအခါ၌ အိုးထိန်းက....

"ကမ္မထိုးရိုးရော၊ ဇေယျထိုးရိုးရော နှစ်ချောင်းစလုံးဟာ အာဝတိသာက ဆင်းလာတဲ့ စောင်းတန်းကြီးတွေလို့ ရှည်လျား ခံ့ညားပါပေတယ်၊ ဒါကြောင့် ခါးကုန်းကြီး တစ်ယောက် ဖြစ်နေတာကို ကျွန်တော် အံ့သြမိတယ်၊ အမှန်က ဒီလိုမဖြစ်ရဘူး"

ဟု ပြောလိုက်လျှင် ခါးကုန်းကြီးသည် တဟားဟား ရယ်မောပြန်လေ၏။

"ဒီတစ်ချက်က ဆရာ့ လွဲတဲ့အချက်ပဲဗျို့၊ မွေးကတည်းက ကုန်းကုန်းကြီး မွေးလာတာ၊ ကျွန်တော်မှာ ဘိုကြီးက နွားလား ဥသဘရဲ့ ဘိုကြီးလောက်ရှိတယ်၊ ဒီတစ်ချက်ကတော့ ဆရာ့ကို အထင်သေးရမယ့် အချက်ပဲ၊ ခါးကုန်းတာဟာ ဆရာပြောတဲ့

ကမ္မတို့ ဇေယျတို့ဆိုတဲ့ ထီးရိုးနဲ့ မဆိုင်ဘူးဗျ၊ ကျောရိုးနဲ့ ဆိုင်တယ်၊ ကျောရိုးလေး နည်းနည်းလေးခိုးရင် ကျောကုန်းမှာ ဘုကြီးဖြစ်သွားတာပဲ ဆရာလေးရေ့"

ဟု မစ္စတာ ပက ပြောလေ၏။

ထို့နောက် အိုးထိန်းသည် ထိုလူကြီး၏ လက္ခဏာကို အမျိုးမျိုးအဖုံဖုံ ဟောပြောလေ၏။ ထိုလူကြီးကမူ အိုးထိန်း ဟောသမျှအား 'မမှန်ဘူး'၊ 'မဟုတ်ဘူး'၊ 'လုံးဝလွဲတယ်' စသော အဖြေမျှားသာ ပေးလေ၏။ နောက်ဆုံး၌ အိုးထိန်းက လက္ခဏာဟောခြင်းကို ရပ်ပစ်လိုက်၏။ ထို့အခါ ခါးကုန်းကြီးသည် အိုးထိန်းအား 'မြိတ်ထုံး' တံဆိပ် ရွှေဒင်္ဂါးတစ်ပြားကို လက္ခဏာဟောခဖူးဆိုကာ စားပွဲပေါ်သို့ ချမ်ခနဲ ပစ်ချပေးလေ၏။

အိုးထိန်းသည် ထိုရွှေဒင်္ဂါးပြားကို ကောက်ယူ၍ ထိုလူကြီးဆွေသို့ တစ်ဖန် ချမ်ခနဲ ပစ်ချပေးပြီးလျှင်....

"ကျုပ်ဟောတာ မှန်မှမမှန်ဘဲဗျာ၊ ခင်ဗျားဆီက ရွှေဒင်္ဂါးလဲ မလိုချင်ဘူး၊ ငွေဒင်္ဂါးလဲ မလိုချင်ဘူး၊ ကြေးပြားလဲ မလိုချင်ဘူး"

ဟု ပြောလိုက်ရာ ခါးကုန်းကြီးသည် သူ၏ ရွှေဒင်္ဂါးပြားကို ကောက်ယူ၍....

"သိုင်းကျူး"

ဟု ဆိုကာ ထွက်သွားလေတော့သတည်း။

○

www.burmeseclassic.com

www.burmeseclassic.com

မစ္ဆယာဃန် ရောက်လာခြင်း

အဆက်ပါ အဖြစ်အပျက်များ ဖြစ်ပွားပြီး နှစ်ပတ်ခန့် ကြာသောအခါ၌ အိုးထိန်းသည် သူ၏ အလုပ်စားပွဲ၌ထိုင်၍ 'ကိုင်ရိ' ဆိုသော ကမ္ဘာ့ကျော်ပုဂ္ဂိုလ်ကြီး ရေးသားသည့် အနှောက်နှိုင်ငံ လက္ခဏာစာအုပ်တစ်အုပ်ကို ဖတ်ရှုနေလေ၏။ ထိုအချိန်၌ ၎င်း၏ အခန်းရှေ့ ပလက်ဖောင်းတွင် မော်တော်ကားတစ်စီးရပ်သံကြား၍လှမ်းကြည့်လိုက်လေ၏။ များမကြာမီ၌ ထိုမော်တော်ကားပေါ်မှ အသက်ငါးဆယ်နီးပါးအရွယ်ရှိ တရုတ်ကြီးတစ်ဦးသည် ယပ်တောင်တဖျပ်ဖျပ်ခတ်၍ ဆင်းလာသည်ကို တွေ့ရလေ၏။ ထို့နောက် ထိုတရုတ်ကြီးသည် သူ၏ အခန်းတွင်းသို့ ဝင်လာပြီးလျှင် သူအား ခါးကို ညွှတ်၍ လည်းကောင်း၊ လက်တစ်ဖက်ကို လက်သီ ဆုပ်၍ ထိုလက်သီး ဆုပ်ကို အခြားသော လက်တစ်ဖက်ဖြင့် အုပ်၍ ကိုင်ကာ တရုတ်တို့၏ ထုံးစံအတိုင်း အရိုအသေပြုပြီးလျှင် ၎င်း၏ စားပွဲရှေ့ ကုလားထိုင်တွင် လာရောက်၍ ထိုင်လိုက်လေ၏။ ထို့နောက် ထိုတရုတ်ကြီးက....

"ကျွန်တော် လက္ခဏာမေးချင်လို့ပါ"

ဟု ပြောလိုက်လျှင် အိုးထိန်းသည် ထိုတရုတ်ကြီး၏ လက်ဝါးကို မင်များနှိပ်၍ လက်ပုံစံယူလေ၏။ ထို့နောက် အိုးထိန်းက....

"နာမည် ဘယ်လိုခေါ်သလဲ"

ဟု မေးလိုက်လေ၏။

"ကျွန်တော့်နာမည် မစ္စတာလန်ပါ၊ မြန်မာနာမည်ကတော့ ဦးတလုတ်လို့ ခေါ်ပါတယ်"

ဟု တရုတ်ကြီးက ပြောလေ၏။

"မွေးသက္ကရာဇ် သိသလား"

ဟု အိုးထိန်းက မေးလိုက်လေ၏။

"မျောက်နှစ်မှာမွေးပါတယ်၊ မျောက်နှစ်ရဲ့သတ္တမအကြိမ်၊ သာသော'လ'ရဲ့ ဒုတိယည သန်းခေါင်တိတိမှာ မွေးပါတယ်"

ဟု တရုတ်ကြီးက ပြန်၍ ဖြေလေ၏။

"မြန်မာစကားကို ရေရေလည်လည်ပြောတတ်တာပဲ"

ဟု အိုးထိန်းက ပြောလိုက်လေ၏။

"လူကတော့ ပြည်ကြီးပေါက်ပါ။ ပြည်ကြီးမှာပေါက်တယ်ဆိုရုံပဲ ပေါက်တာ၊ ကြီးတာကတော့ မြန်မာပြည်မှာ ကြီးတာပဲ၊ ရန်ကုန်မြို့ ဘာရေးကျောင်းဆရာတော်ဘုရားထဲမှာ ငယ်စဉ်က ပညာရင်ခို့ သောက်စို့ခဲ့ပါတယ်၊ လောကနီတိ၊ အတွင်းအောင်ခြင်း၊ အပြင်အောင်ခြင်း သင်ပြီးတော့ ကျောင်းထွက်ခဲ့ပါတယ်၊ ပြီးတော့ တရုတ်ကျောင်းကို အတန်းနှစ်ဆယ်ရှေ့အောင် တက်တယ်၊ တရုတ်ကျောင်းကထွက်ပြီး အင်္ဂလိပ်ကျောင်းကို တစ်တန်းစာက စပြီး သင်ယူပါတယ်၊ ပြီးတော့ အင်္ဂလိပ်စာခုနစ်တန်းသင်ပြီးတော့ ဟိန္ဒူစာကို သင်ပါတယ်၊ ဟိန္ဒူစာတော်တော်လေး ရေးတတ်ဖတ်တတ်ဖြစ်လာတဲ့အခါမှာ သက္ကဋ္ဌစာသင်ပါတယ်၊ သက္ကဋ္ဌစာလဲ တော်တော်လေး

www.burmeseclassic.com

www.burmeseclassic.com

တတ်ရော ပထမ သင်ခဲ့တဲ့ မြန်မာစာတွေမေ့ကုန်လို့ ငယ်ဆရာဖြစ်တဲ့ တောရကျောင်းဆရာတော်ရဲ့ ခြေတော်ရင်းကို ပြန်ပြီး ခိုလှုံရပါတယ်၊ ဆရာတော်ဆီမှာ အတွင်းအောင်ခြင်း၊ အပြင်အောင်ခြင်း ရောက်တဲ့အထိ ပြန်တက်ခဲ့ရပါတယ်၊ အဲဒါတွေလဲ ရံရော ဒုတိယ သင်ခဲ့တဲ့ တရုတ်စာတွေ တစ်လုံးမှ မရဘော့ဘူး၊ အဲဒါနဲ့ ကရုတ်ကျောင်းပြန်ပြီးသွားရပြန်တယ်"

ဟု တရုတ်ကြီးကပြောလိုက်ရာ အိုးထိန်းက စိတ်မချသည်တော့သဖြင့်....

"တော်ပါတော့ ထောင်ကရယ်၊ တရုတ်စာတွေရတော့ အင်္ဂလိပ်စာတွေမေ့ကုန်လို့ အင်္ဂလိပ်ကျောင်းပြန်သွားရပြန်ရော ဆိုပါဦးတော့"

ဟု ပြောလိုက်လေ၏။

"ဒေကံ....မှန်ပေတယ် ဆရာရေ့၊ တစ်ခုသင် တစ်ခုမေ့နဲ့ လူမေ့ကြီးလုပ်ပြီး လောကီထုပ္ပတ် လူတို့ဇာတ်ခုံမှာ ကပြ အသုံးတော်ခံလာခဲ့တာ အခုဆိုရင် အသက်ငါးဆယ့်နှစ်နှစ် ရောက်ပြီပေါ့ ဆရာလေးရယ်"

ဟု တရုတ်ကြီးက ပြောလေ၏။

"ကားအလုပ် လုပ်ပါသေးရဲ့....မစ္စတာလန်"

ဟု အိုးထိန်းက မေးလိုက်လေ၏။

"သမုဒ္ဒရာဝမ်းတစ်ထွာဆိုတော့လဲ အသက်ဓာတ်မီးလေး မငြိမ်းအောင် ရှာဖွေစားသောက်ရတာပေါ့လေ၊ ကျုပ်က တရုတ်မသာတွေမှာ လိပ်ပြာအိမ်ဆောက်တဲ့အလုပ်နဲ့ အသက်မွေးပါတယ်"

ဟု တရုတ်ကြီးမစ္စတာလန်က ပြောလေ၏။ အိုးထိန်းသည် မစ္စတာလန်၏ လက္ခဏာကို ဖတ်ရှု၏၊ ဟောပြော၏၊ ဟောပြောသမျှ ဟောချက်များကို မစ္စတာလန်က 'မမှန်ဘူး....မှားတယ်'၊ 'လုံးဝ မဟုတ်ဘူး'၊ 'တက်တက်စင် လွဲတာပဲ' ဟူသော အဖြေများသာ ပေးလေ၏။ ထိုအခါ၌ အိုးထိန်းသည် ဟောပြောခြင်းကို ရပ်လိုက်လေ၏။ ပြီးလျှင်....

"ဒီမှာ မစ္စတာလန်....ခင်ဗျား ပြန်နိုင်ပြီ"

ဟု ပြောလိုက်လေ၏။ ထိုအခါ တရုတ်ကြီးမစ္စတာလန်က....

"ခေါင်းရွှဲလို့ မြစ်ဘေးမှာသွားပြီးထိုင်တာ သပ္ပတ်အူမျောလာတာနဲ့ သွားပြီးကြုံတယ်ဆိုတဲ့ စကားပုံလိုမျိုးပဲ ဆရာလေးရေ့၊ အခုလဲ ရွှေရေးခနာက်ရေးလေး သိချင်လို့ ဆရာလေးဆီ လာပါတယ်၊ဆရာလေး ဟောတာတွေကလဲ တစ်လုံးမှ မမှန်ပါလား၊ တင်တကာ့ မှားအောင်ဆိုပြီး လျှောက်ပြောရင်တောင် ဒီလောက်မှားမှာမဟုတ်ဘူး၊ အဲဒီခတ္တာလဲ ထွက်တော်မူ နှန်းကခွာတယ်ပေါ့ဗျာ"

ဟု ဆိုကာ ယပ်တောင်ကလေးတဖျပ်ဖျပ်ခတ်၍ အလုပ်ခန်း အတွင်းမှ ထွက်သွားလေတော့၏။

အိုးထိန်းသည် မစ္စတာလန်၏ ကျောကိုကြည့်၍ ကျန်ရစ်ခဲ့လေတော့သတည်း။

○

www.burmeseclassic.com

www.burmeseclassic.com

ဦးက ရောတ်လာခြင်း

တစ်နေ့သဒ္ဒ အိုးထိန်းထံသို့ စုတ်နုပ်သော အဝတ်အစား များကိုဝတ်လျက် လူတစ်ယောက် ရောက်လာ၏။ ထိုလူသည် လက္ခဏာကြည့်လိုသည် ဆို၏။ ထို့ကြောင့် အိုးထိန်းသည် ၎င်း၏လက်ဝါးပြင်ကို မင်ဖြင့်နှိပ်ရန် ပြင်ဆင်လိုက်သည့်အခါဌ် ထိုသူက လက်ဝါးကို မင်နှိပ်မခံဘဲ....

"ဒီမှာ ဆရာလေး....လက္ခဏာဖတ်တယ်ဆိုတာ လက်ဝါး တစ်ခုတည်းကို ဖတ်ရမှာ မဟုတ်ဘူးလေ၊ တစ်ကိုယ်လုံးကို ဖတ်ရမှာ မဟုတ်ဘူးလား။ လက်ဖဝါးမှာပါမှ လက္ခဏာ မဟုတ်ဘူး၊ လက်ဖဝါးမှာလဲ လက်ဖဝါး လက္ခဏာ၊ မျက်နှာ မှာလဲ မျက်နှာလဲကွဏာ၊ သလုံးမြင်းခေါင်းမှာလဲ သလုံး မြင်းခေါင်း လက္ခဏာ၊ ကုန်ကုန်ပြောမယ် ဆရာလေးရယ်.... လိင်နိမိတ်မှာလဲ လိင်နိမိတ်ဆိုင်ရာ လက္ခဏာ ရှိပေလိမ့်မယ်၊ ဒါကြောင့် ကောသောတမီ ဝတ္ထုဂုယ္ဘာလို ပါဠိမှာဆိုထား တယ်၊ ဆဒ္ဒန်ဆင်မင်း နိမိတ်ကဲ့သို့ အရေဖြင့် ဖုံးလွှမ်းအပ် သော နိမိတ်သည် ရှိဟော်မူ၏လို့ ဆိုထားတယ်၊ အဲဒါကလဲ ကျုပ်တို့ဘုရားဟာ အလောင်းတော် ဘဝပေါင်းများစွာမှာ လင်နဲ့မယား၊ သားနဲ့အမိ၊ နှမနဲ့မောင် စတဲ့ အဆွေအမျိုးတို့ တစ်ဦးနဲ့တစ်ဦး ပြန်လည် တွေ့ဆုံမိအောင် အထူးကြံစည်

ဆောင်ရွက်ပေးတော်မူခဲ့တယ်ဗျ၊ တစ်ယောက်နဲ့ တစ်ယောက် စိတ်လိုက်မာန်ပါ စကားများ ရန်ဖြစ်ကြတဲ့အတွက် မိတ်ဖျက် နေတဲ့ လူတွေကိုလဲ ညီညွတ်ချစ်ခင်အောင် ဆောင်ရွက်ပေး တော်မူခဲ့တယ်၊ အဲဒီကောင်းမှုကြောင့် ဘုရားဖြစ်တဲ့ ဘဝမှာ ဆဒ္ဒန့်ဆင်မင်းကဲ့သို့၊ နွားလားညသဘကဲ့သို့ နိမိတ်ဟာ ရွှေ ပဒုမ္မာကြာချပ်တို့ဖြင့် ဧစ်ပတ်ဖုံးလွှမ်း၍ အိမ်အတွင်း၌ သိုဝှက် သိပ်သည်းစွာနေသော အင်္ဂါနိမိတ် ရှိတော်မူတယ်၊ အဲဒီနိမိတ် ကြောင့် သားကောင်းရတနာနှင့်တူသော အထောင်မက များများမြတ်သော သာဝကအဉာဏ်တို့နှင့် ပြည့်စုံတော်မူတယ် လို့ စာထဲမှာ ဖတ်ဖူးတယ်၊ အဲဒီတော့ လက်ဝါးတစ်ခုတည်း မင်လေးသုတ်၊ ဖိုသုတ် ဒီသုတ် သုတ်ပြီး ကျုပ်အကြောင်းကို ခင်များ တီတီကျကျ ပြောနိုင်မှာ မဟုတ်ပါဘူး"

ဟု ပြောလိုက်လျှင် အိုးထိန်းသည် ထိုသူကို အကဲခတ် ကြည့်ရှုလိုက်လေ၏။ ထိုသူသည် အသက် လေးဆယ်ခန့်ရှိ၍ နေလောင်ထားသော မျက်နှာကြောင့် ဥပဓိရုပ် ကြမ်းတမ်း သကဲ့သို့ ရှိလေ၏။ သို့သော် သူ၏မျက်လုံးမှာ စူးရှတောက် ပြောင်လျက် ရှိ၏။ သူ၏ခမ်းရိုးမှာ ဆုံးဖြတ်ပြီးလျှင် ဆုံးဖြတ် နှုတ်အတိုင်း မြို့ဆုံးအောင် လုပ်ရဲသောသတ္တိကို ပြလေ၏။ သူ၏ ကျယ်ပြောသောနှင်အုပ်မှာ 'ယောကျ်ားပျို'ဟု စာတန်း ရေးတပ်ဆွဲထားသကဲ့သို့ ယောကျ်ားပီသလှပေ၏။ သူ၏အသံမှာ ညီညာခန့်ညားမှုများ ပါ၏။ စဉ်းစိုးဥ ငုံ၍ပြောသော အသံကဲ့သို့ သူ၏အသံသည် လုံနေ၏။ အိုးထိန်းသည် ကျွဲသို့လျှင်အကဲတော် ပြုနောက်....

www.burmeseclassic.com

"ဒီလိုရှိတယ်ဗျ....လက္ခဏာဖတ်ပြီး ဟောတဲ့ လူတွေက တော့ အများကြီးပဲပေါ့ဗျာ၊ တစ်ကိုယ်လုံး ဖတ်ပေးတဲ့လူလဲ ရှိတာပေါ့၊ လက်ဝါးပြင်ပဲဖတ်ပြီး အာခုန်လုံးမှန်အောင် ပြောနိုင်တဲ့လူလဲ ရှိတာပေါ့"

ဟု ပြောလိုက်လျှင် ထိုသူက....

"ဆရာရဲ့ လက်ကလေး ကျွန်တော့်ကို ခွင့်ပြုစမ်းပါ"

ဟု ဆိုသဖြင့် အိုးထိန်းသည် သူ၏လက်ကလေးကို ထိုးပြလိုက်လေ၏။ ထိုအခါ ထိုလူကြီးက....

"မဟုတ်ဘူး ဆရာလေး၊ ဘယ်လက်ကို ပြပါ"

ဟု ဆိုလေ၏။ အိုးထိန်းသည် ဘယ်လက်ကို ပြလိုက်လေ၏။

ထိုသူသည် အိုးထိန်း၏ ဘယ်ဘက်လက်ထိပ်မှ လက်ဖျားကို ကြည့်ပြီးနောက်....

"ဒီလို ဆရာလေးရဲ့၊ ဆရာလေးရဲ့ လက်ချောင်းထိပ်က ဗေဒင်မှာ လက်သန်းကလဲရင် အားလုံး ခရိုင်းတွေချည်ပဲ၊ အဲဒီတစ်ခုပဲ ပုံစံမဟူတာ၊ အဲဒီလက်ဗေဒမျိုးကို ကျုပ်က ညောင်ပင်အိုကြီးလို နာမည်ပေးထားတယ်၊ စိတ်ခတ်အရမှာ သိပ်ပြီးကြွံခိုင်တယ်၊ လက်စား ချေတတ်တယ်၊ တစ်ခု တစ်ယောက်ကို အသက်အထိ လက်စားချေပြီး ကြိုးစင်ပေါ်ကို ရင်ကော့ပြီ တက်သွားဝံ့တဲ့ သတ္တိမျိုးရှိတယ်၊ မွေးကတည်းက အသက် ၅၀ဆယ့်ခြောက်၅၀အထိ ဆင်းဆင်းရဲရဲ နေမယ်၊ ၅၀ဆယ့်ခုနစ်၅၀ကစပြီး ချမ်းချမ်းသာသာ နေရတတ်ပါတယ်၊ ဒီလက်ပိုင်ရှင်မျိုးက အိမ်ထောင် မမြဲတတ်ဘူး

အိမ်ထောင်မကျတတ်ဘူးပေါ့ဗျာ၊ ပြီးတော့ မိဘနဲ့လဲ အတူ မနေရဘူး၊ အထူးသဖြင့် ငယ်ငယ်ကတည်းကလဲ မိဘတွေ ကွယ်လွန်တတ်တယ်၊ လျှောက်ပြီး ပြောမယ် ဆိုရင်တော့ သုံးရက်လောက် ပြောနိုင်ပါတယ်၊ ဒါပေမယ့် တစ်ကိုယ်လုံးကို မဖတ်ရင်တော့ မပြည့်စုံဘူး ဆရာလေး"

ဟု ထိုလူကြီးက ပြောလိုက်လေ၏။ အိုးထိန်းသည် ထိုသူကိုကြည့်၍ အံ့သြနေ၏။ အိုးထိန်း၏ မျက်လုံးများသည် ပြူးဝိုင်း၍ ထိုလူကြီးအား ကြည့်နေ၏။ အိုးထိန်း၏ ပါးစပ်သည် ပွင့်ဟ၍နေ၏။ အိုးထိန်း၏ မျက်တောင်များသည် တဖျပ်ဖျပ် ခတ်နေ၏။ ထို့နောက်မှ အိုးထိန်းက....

"နာမည် ဘယ်လိုခေါ်လဲ"

ဟု မေးလိုက်လေ၏။

"ကျုပ်နာမည် ဦးက တဲ့၊ ငယ်ငယ်တုန်းက ကျုပ်က သိပ်ပြီး 'က'လို့ ဒီနာမည် ပေးတာနဲ့ တူပါရဲ့ဗျာ၊ အဲဒါတွေ့ ထားလိုက်ပ ဦး၊ ဆရာလေးရဲ့ လက္ခဏာကို ကျွန်တော် ဖတ်ချင်သေးတယ်"

ဟု ဦးက က ပြောလိုက်ရာ အိုးထိန်းက....

"မဖတ်ပါနဲ့တော့ဗျာ၊ ခင်ဗျားလဲ တတ်နေသားပဲ၊ ကိုယ့် ဘာသာကိုယ်ပဲ ဖတ်ပါတော့၊ ပြန်ပါတော့ဗျာ....နောက် တစ်ခုထပ်ပြီး ပြောလိုက်ဦးမယ်၊ စောစောက ပြောတာ မှန်တယ်"

ဟု ဝန်ခံရင်း မောင်းထုတ်လိုက်လေတော့သတည်း။

www.burmeseclassic.com

ပန်းကန်လုံးနှင့် ပန်းကန်ပြား

တစ်နေ့သဘ္ဘ အိုးထိန်၏အလုပ်ခန်းသို့ အိုးထိန်၏ နာမည်ဖြင့် ပါဆယ်ထုပ်တစ်ထုပ် ရောက်လာလေ၏။ အိုးထိန်းသည် ထိုပါဆယ်ထုပ်ကို လက်ခံပြီးနောက် ဖွင့်၍ကြည့်ရာ နှုတ်ခမ်းပဲ့နေသော လက်ဖက်ရည် ပန်းကန်လုံး တစ်လုံး ဖြစ်ကြောင်း တွေ့ရလေ၏။ ပန်းကန်လုံးလေးမှာ လွန်စွာ လှပ၏။ ရွှေရောင် အနုားကလေးများ ပါ၏။ ပန်းကန်၏ အောက်ခြေတွင် အဘွန့်ကလေးပါ၏။ ပန်းကန်လုံး၏ဘေးတွင် မြက်ပင်ကလေး တစ်ပင်ပေါ်၌ လိပ်ပြာကလေး နားနေသည်ဟု ပါ၏။ ထို လိပ်ပြာပုံကလေး၏ ဘေးတွင် အင်္ဂလိပ် စာလုံးကလေးများ ပါ၏။ ထိုစာလုံးကလေးများကို ဖတ်ကြည့်ရာ ကဗျာကလေး တစ်ပုဒ်ဖြစ်နေ၏။ ထိုကဗျာကလေးမှာ အောက်ပါအတိုင်း ဖြစ်၏။

You are the butterfly.
And I the dreaming heart
of Chuang-Tzu.

ၚင်း၏အဓိပ္ပာယ်မှာ "သင်သည် လိပ်ပြာကလေး တစ်ကောင်ဖြစ်ပေမည်၊ ကျွန်ုပ်မှာမူကား အိပ်မက် မက်နေသော ချောင်ဇူး၏ နှလုံးသားဖြစ်၏" ဟူ၍ ဖြစ်၏။ အိုးထိန်းသည် ထိုကဗျာကို ဖတ်ပြီးနောက် ပြုံးလိုက်လေ၏။ အမှန်စင်စစ် ထိုကဗျာသည် တရုတ်စာပေတွင် လူကြိုက်များသော ပညာရှိ ချောင်ဇူး၏ ကဗျာဖြစ်၏။ ထိုကဗျာ ပေါ်ပေါက်လာပုံမှာ တစ်ခါက ပညာရှိ ချောင်ဇူးသည် သူကိုယ်သူ လိပ်ပြာကလေး တစ်ကောင် ဖြစ်သွားသည်ဟု အိပ်မက် မက်ခဲ့လေ၏။ အိပ်မက် ထဲတွင် လိပ်ပြာဖြစ်သောကြောင့် လိပ်ပြာကဲ့သို့ပျံ၏။ လိပ်ပြာကဲ့သို့ ဝဲ၏။ လိပ်ပြာကဲ့သို့နား၏။ လိပ်ပြာကဲ့သို့ မြူးထူးခဲ့၏။ ထိုအချိန်၌ သူသည် 'ပညာရှိချောင်ဇူး' မဟုတ်တော့။ ထို့သို့ လိပ်ပြာကလေးအဖြစ် မြူးထူးပြီးနောက် အိပ်မက်မှ လန့်၍နိုးလာ၏။ ထိုအခါ၌ လိပ်ပြာကလေး မရှိတော့။ ပညာရှိ ချောင်ဇူး ပြန်၍ ဖြစ်သွားပြီဖြစ်၏။ ပညာရှိ ချောင်ဇူးသည် ချောင်ဇူးကဲ့သို့ပင် နေ၏။ လိပ်ပြာကဲ့သို့ ပျံဝဲခြင်းလည်း မရှိ။ မြူးထူးခြင်းလည်း မရှိတော့။ ထိုအခါ ချောင်ဇူးက 'လိပ်ပြာ' နဲ့ 'ချောင်ဇူး' ကြားမှာ ဘာခြားနားသလဲဟု စဉ်းစားခဲ့၏။ ထိုစဉ်းစားမှုများသည် အရာဝတ္ထုများ၏ ပုံပြောင်းခြင်း၊ ဘဝကူးခြင်း(သို့မဟုတ်)သံသရာ ဟူ၍ ဖြစ်ပေ၏။ လိပ်ပြာဘဝ၌ လိပ်ပြာဖြစ်၍ ချောင်ဇူးဘဝ၌ ချောင်ဇူး ဖြစ်နေကြောင်း ပြက်ပြက်ထင်ထင် တွေ့မြင်ခဲ့၏။ ထို့ကြောင့် ချောင်ဇူးသည် ကဗျာရေးခဲ့၏။ ထိုကဗျာမှာ အထက်ကဖော်ပြခဲ့သော ကဗျာဖြစ်၏။

www.burmeseclassic.com

အိုးထိန်းသည် ထိုကဗျာကို ဖတ်ပြီးနောက် လေးလေးနက်နက် စဉ်းစားနေ၏။ မည်သူသည် မည်သည့်အတွက် ဤမျှလှပသော ပန်းကန်လုံးတစ်လုံးကို ပို့လိုက်သနည်း။ ထို့ပြင် ဤမျှ ရှေးကျသော ကဗျာကလေးတစ်ပုဒ်ကို ပို့လိုက်သနည်း။ ဤကဗျာသည် ရှည်လျားသော ဘဝသံသရာကြီးတစ်ခုလုံးကို ကွင်းခန် ကွက်ခန် ဖြစ်အောင် ထောက်ပြထားသည် မဟုတ်ပါလား။ မည်သူသည် မိမိအား သံသရာအကြောင်းကို နားလည်စေရန် ဤထူးဆန်းသော ကဗျာပါသည့် အချိုပန်းကန်ကလေးကို ပို့လိုက်သနည်းဟု တွေးတောနေမိလေ၏။ ထို့နောက် အိုးထိန်းသည် အိမ်သို့ပြန်ခဲ့လေ၏။

အိမ်သို့ရောက်သောအခါ၌ ဂေါရခါး ဒရဝမ်က အိုးထိန်းအား အထုပ်ကလေး တစ်ထုပ်ကို မေးလေ၏။ "မိန်းမတစ် ယောက် လာပေးသွားတာ"ဟုလည်း ပြော လေ၏။ အိုးထိန်းသည် ထိုအထုပ်ကလေးကို ဖြေလိုက်ရာ အတွင်းမှ ကြေပန်းကန်ပြားလေး တစ်ချပ် ထွက်လာလေ၏။ ထိုကြေပန်းကန်ပြားလေးမှာ လွန်စွာလှပ၏။ ပန်းကန်၏ နွှတ်ခမ်းတွင် ရွှေရောင်ပန်းပွင့်ကလေးများ ပါ၏။ ပန်းကန်၏ အလယ်၌မူ အင်္ဂလိပ်ကဗျာကလေးတစ်ပိုဒ်ပါ၏။

ထိုကဗျာလေးမှာ အောက်ပါအတိုင်း ဖြစ်၏။

Summer Grasses!
The Imprint of Dreams
of Warriors.

အိုးထိန်းသည် ထိုကဗျာကလေးကို ဖတ်ကြည့်လိုက်၏။ ထိုကဗျာ၏ အဓိပ္ပာယ်မှာ "နွေရာသီမှာပေါက်တဲ့ မြက်တွေ၊ စစ်သူရဲကောင်းတွေရဲ့ အိပ်မက်ခြေရာတွေက အနှံ့ပေ" ဟူ၍ ဖြစ်၏။

အိုးထိန်းသည် ထိုကဗျာကို ကောင်းစွာ နားလည်၏။ ထိုကဗျာမှာ ဂျပန်စာဆို 'ဘရှိုး'ရေးသော ကဗျာဖြစ်၏၊ တစ်ခါက ထိုစာဆိုသည် 'ဟီရိုင်ဇုမိ'အရပ်တွင် ရှိသော ရှေးဟောင်း 'တာကာဒါတီ'ရဲတိုက်ကြီးဆီသို့ သွားရောက်ကြည့်ရှုခဲ့ဖူးသည် ဆို၏။ ထိုရဲတိုက်ကြီးမှာ လွန်ခဲ့သော နှစ်ပေါင်း (၁၂၀၀)က ဂျပန်ပြည်တွင်းစစ်ဖြစ်ရာ ရဲတိုက်ကြီး ဖြစ်ခဲ့ဖူး၏။ ထိုစစ်တွင် စစ်သူရဲကောင်းကြီး 'ရောဂို့စုနိုဗို့'ဆိုသူသည် သူ၏ ချစ်လှစွာသော ဇနီးနှင့် သားသမီးများကို အသက်ဆုံးရှုံးခံ၍ တိုက်ပွဲဝင်ခဲ့သည်ဟူ၏။ စစ်ကြီးပြီးသောအခါ၌ သူကိုယ်တိုင် သတ်သေသွားသည် ဆို၏။ ကြေကွဲစရာကောင်းသော ရာဇဝင် အဖြစ်အပျက်တစ်ခုပေါ့၌ အခြေခံရေးထားသည့် ကဗျာဖြစ်၏။

ထိုကဗျာ၏ အနှစ်သာရမှာ သူတစ်ပါးကို သတ်သည် ဆိုလင့်ကစား မိမိ၏ ဇနီး သားသမီးများလည်း အသတ်ခံရသည့်အထဲ ပါမည်၊ နောက်ဆုံးတွင် မိမိကိုယ်တိုင်လည်း အသက်ဆုံးရှုံးရမည်ဖြစ်ကြောင်း ရေးစပ်ထားသော သံဝေဂကဗျာတစ်ပုဒ်ဖြစ်၏။ အိုးထိန်းသည် ဘုမ္မာဝတီစာသင်ခန်း၌ နီတိသင်ခန်းစာ သင်ယူခဲ့စဉ် ဤကဗျာမျိုးကို သင်ယူခဲ့ရ၏။ ဤကဗျာ၏ နောက်ခံ ရာဇဝင် သမိုင်းများကိုလည်း သင်ယူ

www.burmeseclassic.com

လေ့လာခဲ့ရ၏။ ထို့ကြောင့် ဖတ်လိုက်သည်နှင့် တစ်ပြိုင်နက် မည်သည့်ကဗျာ ဖြစ်သည်၊ မည်သူသည် မည်သည့်အတွက် ရေးစပ်ခဲ့ရသည်ကို အတပ်သိ၏။ သူသည် ထိုနွေဦးတစ်ည၌ အချို့ပန်းကန်လုံးနှင့် ပန်းကန်ပြားတွင်ပါသော ကဗျာနှစ်ခုကို အထပ်ထပ်အခါခါ စဉ်းစားနေ၏။ ကဗျာတစ်ခုသည် သံသရာကို ထောက်ပြ၏။ အခြားကဗျာသည် ရက်စက် ကြမ်းကြုတ်ခြင်း၏ မခေကာင်းမှုကို ထောက်ပြ၏။

မည်သူက ကျိုသို့ ပြုလုပ်နေသည်ကိုမူ အိုးထိန်းအနေနှင့် အသိဖြမရနိုင်ဘဲ ရှိလေ၏။ ထို့ကြောင့် အဖြစ်အပျက်အလုံးစုံကို အသေးစိတ်ဝှက်စာဖြင့်ရေး၍ သတ္တုကြေတ်ကလေးအတွင်း သို့ ထည့်ကာ ထိုသတ္တုကြေတ်ကလေးအား ဘုမ္မာဝတီမှ ယူလာသော ခိုးခြံထောက်တွင် ခူညှောင်၍ ခိုကို လွှတ်လိုက်လေ၏။ ခိုလည်း ပြန်သွား၏။ နောက် ငါးရက်ခန့်ကြာလျှင် ခိုသည် ပြန်ဆောက်လာသဖြင့် ခို၏ခြေမှ သတ္တုကြေတ်ကိုဖြင့်၍ အတွင်းမှ စာရွက်ကို နှိုက်ထုတ်လိုက်ရာ ဦးမာထူးထံမှ ပြန်၍ ရေးပို့လိုက်သော ဝှက်စာတစ်စောင် ရရှိလေ၏။ ထိုစာကို ဧရိုးဆိုးစာဖြင့်ရေးသော် အောက်ပါအတိုင်း ရရှိလေ၏။

လူကလေး အိုးထိန်း

ပေးစာကိုရတယ်၊ မင်းဆီကို အင်္ကလိပ်ကဗျာပါဘဲ့ ပန်းကန်လုံးခဟ ပို့ခနတာဟာ အိုးဘက်ကိုလည်း မပါချင် ကြိုးဘက်ကိုလည်း မပါချင်တဲ့လူစုက ဖြစ်လိမ့်

မယ်၊ မပါချင်ပေမယ့် ပတ်သက်နေတဲ့အကြောင်းကလည်း ရှိလိမ့်မယ်၊ ဖြစ်နိုင်တာကတော့ ကြိုးကိုဏ်းက ဖြစ်လိမ့်မယ်၊ မင်း လူသတ်မှုတွေ ကျူးလွန်မှာကို ရိပ်မိနေဟန်ရှိတယ်၊ အဖြစ်နိုင်ဆုံး စဉ်းစားရတာကတော့ 'ဂွမ်တီ'ဖြစ်လိမ့်မယ်ကွ၊ ဂွမ်တီဟာ ကြိုးဟောင်း တစ်ချောင်းပဲ၊ ပြီးတော့ 'လာဘ'အကြောင်း ပြောရဦးမယ်၊ လာဘဟာ တို့ အိုးဂိုဏ်းကပဲ၊ မင်းအဘိုး 'ဦးဒီပ'နဲ့ သူအဘိုး 'ဦးသီလ'ဟာ ညီအစ်ကို အရင်းကွ၊ သူအဖေ ဝဏ္ဏနဲ့ မင်းအဖေ ကလန်နဲ့က ညီအစ်ကိုတစ်ဝမ်းကွဲကွ၊ လာဘနဲ့ လူကလေးအိုးထိန်းနဲ့က ညီအစ်ကို နှစ်ဝမ်းကွဲကွ၊ လာဘဟာ အိုးဇုတ်အိုးပဲ့ခတ္တကိုစုပြီး ဘုရင်လုပ်ဖို့ ကြံစည်နေတယ်၊ အဲဒါကြောင့် အမြန်ဆုံး လာဘကို စုံစမ်းပါ၊ အိုးဘုရင် မဖြစ်ခင်မှာ သူ့ကို ရှာပြီး သတ်ပစ်လိုက်ပါ၊ သတ်တဲ့အခါမှာ မင်းကို အပ်နှင်းထားတဲ့ ကျောက်သလင်းတုံးနဲ့ ရင်ဝကို ထိုးသတ်လိုက်ပါ၊ အဲဒါ မင်းတစ်သက်လုံးကိစ္စရမယ့် သန့်လျက်ပါ။

အဘိုးဦးမာတူး
ဘုမ္မာဝတီစခန်း။

www.burmeseclassic.com

တင်နွယ်မီ ရောက်လာခြင်း

အိုးထီန်းသည် 'ဆရာမောင်ဒီ'အဖြစ်နှင့် လက္ခဏာဟော ပြောခဲ့ရာ ၎င်း၏ ဟောပြောချက်များသည် လွန်စွာမှမှန်ကန် တိကျသည်ဖြစ်၍ တစ်နေ့ထက်တစ်နေ့ ကျော်ကြားသည်ထက် ကျော်ကြားလာလေတော့၏။ အမှန်စင်စစ်အားဖြင့် အိုးထိန်း သည် နာမည်ကြီးရန် မရည်ရွယ်ခဲ့။ ထို့အတူ ထိုလုပ်ငန်းနှင့် စီးပွားဖြစ်ရန်လည်း မရည်ရွယ်ခဲ့၊ ထိုသို့ မရည်ရွယ်ခဲ့သော်လည်း ယခုအခါ၌ ဦးမာတူး သင်ပေးလိုက်သော ပညာ၏ ထက်မြက်ခြင်းကြောင့် နာမည်လည်းကြီးနေပြီ ဖြစ်၏။ ထိုလုပ်ငန်းနှင့် ငွေမျှားလည်း ဝင်နေပြီဖြစ်၏၊ ထိုခေတ် လူရည်သန်တတ် အသိုင်းအဝိုင်းတွင် ဆရာမောင်ဒီ ထံ၌ လက္ခဏာမမေးဖူးသူသည် ခေတ်မမီသကဲ့သို့ပင် ဖြစ်လာလေတော့၏။

www.burmeseclassic.com

ဤနေရာ၌ အလျဉ်းသင့်၍ ဆရာမောင်ဒီ၏ လက္ခဏာဟောပြောမှုစနစ်ကို ဖော်ပြရပေမည်။ ထိုအချိန်က လက္ခဏာဆရာများသည် ကမ္ဘာကျော်လက္ခဏာဆရာကြီး မစ္စတာကိုင်ရိ၏ မူကို ယူကာ လက်ပုံစံကို ခုနှစ်မျိုး ခွဲခြားသတ်မှတ်ထား တတ်ကြ၏။ အခြေခံလက်၊ စိတ်ကူးယဉ်လက်၊ ကတော့ချွန်လက်၊ ရောထွေးသော လက်၊ အွတိခမ္မာဆန်သော လက်၊ လေးထောင့်လက် စသည်တို့ရှိ၏။

အိုးထိုန်းသည် လက်ပုံစံကို (၇)မျိုးမသတ်မှတ်ပေ၊ လက်ဝါးရှည်ခြင်း၊ တိုခြင်း၊ လက်ဝါးဧ့ေ(ခေါ်)ရောဏာ ကျဉ်ခြင်း မကျဉ်ခြင်း၊ လမ်းကြောင်းရှဉ့်ခြင်း မရှဉ့်ခြင်း၊ လမ်းကြောင်း စူးခြင်း မစူးခြင်း၊ မွေးရုက်ကောင်းခြင်း မကောင်းခြင်း၊ နာမည်ကောင်းခြင်း မကောင်းခြင်း စသော အချက်(၆)ချက်ပေါ်တွင် ကောင်းဆိုးတို့ကို သက်တလုပ်ရ၏။

ထိုသက်တ(၆)မျိုးတွင် ကောင်းလျှင် မ၊ ဆိုးလျှင် စုံဟု အမှတ်ပေးရ၏။ ထို စုံ၊ မ တို့သည် ပုံစံ (၆၄)မျိုးတိုင်အောင် ဖြစ်ပေါ်သွား၏။ ထို့ကြောင့် အိုးထိန်းသည် လူတစ်ယောက်၏ လက္ခဏာပုံကိုဖတ်လျှင် ထိုလက္ခဏာပုံ(၆၄)မျိုးမှ မည်သည့်လက္ခဏာမျိုးဖြစ်သည်ကို ဆုံးဖြတ်ပြီးမှဖတ်၏။ ထို့ကြောင့် အိုးထိန်း၏ လက္ခဏာဟောပြောချက်များသည် တိကျ မှန်ကန်လှသတဲ့၏။ ထို့ပြင် လမ်းကြောင်းများကို ဆုံးဖြတ်ဟောပြောရာ၌ လည်းကောင်း၊ အသက်အဓိုင်းအခြားများကို ဟောပြောရာ၌ လည်းကောင်း လွန်စွာမှ တိကျ

မှန်ကန်လှ၏။ ထို့ပြင် အိုးထိန်း၏စိတ်သည် လေ့ကျင့်ထားသော စိတ်ဖြစ်ရာ သူ၌ ထူးခြားသော သမထအာရုံများရှိနေ၏။ ထို့ကြောင့် ၎င်း၏ဟောပြောချက်များသည် သာမန်လက္ခဏာဆရာများ၏ ဟောပြောချက်များနှင့်မတူဘဲ တစ်မျိုးတစ်ဖုံ ထူးခြားနေ၏။ ထို့ကြောင့် ၎င်းထံတွင် လက္ခဏာမေးမြန်းဖူးသူများသည် အိုးထိန်းအား အစဉ်ထမင့် သာမန်မှုဖြစ်သော်လည်း နောင်တွင် ချစ်ခင်လာ၏။ ထို့နောက်တွင်ကား ပို၍ ကြည်ညိုလေးစားလာကြမြဲဖြစ်၏။

အိုးထိန်း၏ ထူးခြားသော အမူအကျင့်မှာ စကားမပြောခဲ့ဘဲ ပြုံးတတ်ခြင်းပင် ဖြစ်၏။ ထို့နောက်မှ စကားကိုပြော၏။ ခဲန်းမများကို ဟောပြောရာ၌ အခေါ်အပြော ညှင်သာ၏။ အမှားအယွင်းမရှိရအောင် သတိထား၍ ပြောဆို၏။ ၎င်းထက်ကြီးသော မိန်းမများအား 'စစ္စတာကြီး' ဟူ၍လည်းကောင်း၊ ၎င်းထက်ငယ်သော မိန်းမများအား 'စစ္စတာလေး' ဟူ၍လည်းကောင်း ခေါ်ဝေါ်သုံးစွဲလေ၏။ ထို့ပြင် မမျှော်လင့်သော ရုတ်တရက်ဖြစ်ပွားသည့် အပြုအမူမျှားကို ထောက်ပြဟောပြောရာ၌လည်း အိုးထိန်း၏ ဟောဆို ချက်များသည် အံသြဖွယ်ရာ မှန်ကန်နေ၏။ 'ဒီမှာ မိတ်ဆွေ၊ ခင်ဗျားဘယ်နှယ်ရက်မှာ ဟောဒီခေါင်းကို အရိုက်ခံရမှာ' ဟူ၍ သွေးငယ်ပေစူးကို ဆဲ၍ ပြသကဲ့သို့ တိတိကျကျဟောတတ်၏။ ထို့ကြောင့် အိုးထိန်း၏ ဂုဏ်သတင်းသည် မြန်မာပြည်အရပ်ရပ်သို့ တောမီးပမာ ပျံ့နှံ့၍ နေ့ချင်း ညချင်း ကျော်ကြားလှုံးလေတော့၏။

www.burmeseclassic.com

www.burmeseclassic.com

တစ်နေ့သဘ် မိန်းကလေးတစ်ဦး ရောက်လာ၏၊ ထိုမိန်းကလေးမှာ အိုးထိန်းထက်ငယ်၏၊ ထိုမိန်းကလေးကို အိုးထိန်းက လှမ်း၍ ကြည့်လိုက်၏၊ မိန်းကလေးသည် အိုးထိန်း၏ စားပွဲရှေ့တွင် ထိုင်၏၊ မိန်းကလေးသည် ရိုးရိုးကလေး ဝတ်ထား၏၊ ရှေနားတပ် စူလတီလုံချည် ဝတ်ထား၏၊ ထိုမိန်းကလေး၏ လှုပ်ရှားပုံမှာ အနည်းငယ်မာနကြီးသကဲ့သို့ရှိသော်လည်း သူ၏ရုပ်ရည်နှင့် ကိုယ်ကာယမှာ နွဲ့နောင်းသွဲ့ပျောင်း၏၊

"ကျနော်မ....လက္ခဏာကြည့်ချင်လို့ပါ"

ဟု ပြောလိုက်ရာ အိုးထိန်းက....

"စစ်စစ်တာလေးရဲ့ နာမည်ပြောပါဦး"

ဟု မေးလိုက်လေ၏၊ ထိုအခါ မိန်းကလေးက....

"တင်နွယ်ရီသို့ ခေါ်ပါတယ်"

ဟု ပြန်၍ဖြေလေ၏၊

"မွေးသက္ကရာဇ် ပြောပါ မတင်နွယ်ရီ"

ဟု အိုးထိန်းက မေးလိုက်ရာ တင်နွယ်ရီက....

"ကျနော်မ အခု အသက်အစိတ်ရှိပြီ၊ အင်္ဂလိပ်လို(၂၆)ခုနှစ်မှာ မွေးတယ်ဆိုတာပဲ သိတယ်၊ ကျန်တာ ဘာမှမသိဘူးပြီးတော့ ကျနော်မ စနေသမီးပါ၊ ကျနော်မကို ကျနော်မအမေက မွေးတဲ့အချိန်မှာ အခဖန့်အမေ ကွဲနေတယ်ရှင့်၊ အမေဟာ ကျနော်မ မီးတွင်းထဲမှာပဲ ဆုံးတယ်၊ ကျနော်မအဒေါ်တွေနဲ့ ကျနော်မ နေရတယ်၊ ကျနော်မ လေးနှစ်သမီးရောက်မှ ကျနော်မအမေက ကျနော်မကို လာခေါ်တာ၊ အဲဒီတော့ ကျနော်မ မွေးနေ့သက္ကရာဇ် မသိဘာကို ခွင့်လွှတ်ပါ ဆရာရယ်"

ဟု ပြန်၍ဖြေလိုက်လေ၏၊

"အဒေါ်တွေကကော မတင်နွယ်ရီရဲ့ မွေးနေ့သက္ကရာဇ်ကို မမှတ်မိကြဘူးလား"

ဟု မေးလိုက်လေ၏၊

"ပြောပြရမှာပေါ့ရှင်၊ ကျနော်မ အဖန့်ပါသွားတဲ့အခါမှာ ကျနော်မအဒေါ်ဟာ မစားနိုင် မသောက်နိုင်ဖြစ်ပြီး ကျနော်မကို လွမ်းတဲ့စိတ်နဲ့ သေရှာတယ်ဆိုတာ သိလိုက်ရတယ်၊ ကျနော်မဟာ ကျနော်မအမေဘက်က ဆွေမျိုးတွေ ဘယ်သူဘယ်ဝါဆိုတာ မသိတော့ပါဘူး"

ဟု တင်နွယ်ရီက ပြန်၍ဖြေလိုက်လေ၏၊ ထိုအခါ၌ အိုးထိန်းသည် တင်နွယ်ရီ၏လက်ဝါးကို မင်နှိပ်၍ လက်ပုံစံယူလိုက်လေ၏၊ ထို့နောက် တင်နွယ်ရီအား လက်ဆေးရန် နေရာကို ပြလိုက်လေ၏၊ တင်နွယ်ရီ လက်ဆေးနေစဉ်၌ပင် အိုးထိန်းသည် တင်နွယ်ရီ၏လက်ပုံစံကိုကြည့်၍ လက်ပုံစံဘေးတွင် အောက်ပါသင်္ကေတကို ရေးမှတ်လိုက်လေ၏၊

လက်သည် ရှည်သွယ်၏.... .... ●

လက်ရေဖာခေါ် ဗေဒမျှား နှံ၏.... .... ●

လမ်းကြောင်းရှုပ်၏ ... . ●

လမ်းကြောင်းမျှားစူးထင်၏.... .... ●

နာမည်၊ ဂဏန်း ကောင်း၏.... .... ●

မွေးရက် ည့်၏ .... ●

www.burmeseclassic.com

www.burmeseclassic.com

အိုးထိန်းဆည် ထိုသင်္ကေတကိုကြည့်၍ လက်ပုံစုံ(၆၄)မျိုး အနက် ပုံစုံ(၄၇)ဖြစ်ခဲ့ကြောင်း ရေးမှတ်လိုက်လေ၏။

ထိုအချိန်၌ တင်နွယ်ရီ ရောက်ရှိလာပြီးလျှင် အိုးထိန်း၏ စားပွဲခွေ၌ ထိုင်လေ၏။ ထို နောက် အိုးထိန်းက....

"မတင်နွယ်ရီ အခုအခြေအနေက ဆင်းဆင်းရဲရဲ မဟုတ်ပါဘူး၊ အနေအထိုင် ကုပ်လိုသာပါ၊ အတော်ကို ချမ်းသာတယ်လို့ ဟောရမှာပဲ၊ ဇင်ရဲ့အမွေတွေလဲ ရမယ်၊ အချစ်ရေးကိစ္စမှာတော့ သိပ်ပြီးသနားဖို့ကောင်းတယ်၊ မတင်နွယ်ရီရဲ့ချစ်သူဟာ ဆုံးဖြတ်ချက်တစ်ခုအတွက် မတင်နွယ်ရီကို စွန့်ပစ်ထားလိမ့်မယ်"

ဟု ဟောလိုက်လျှင် တင်နွယ်ရီသည် မဲ့ပြုံးလေး ပြုံးလိုက်လေ၏။

"ကျွန်မမှာ ချစ်သူမရှိပါဘူး ဆရာရယ်၊ ထာဝယ်လို့ ချစ်သူရှိရင်လဲ ဆရာ ပြောသလို ဖြစ်မှာကိုတော့ ကျွန်မ ကြောက်ပါတယ်"

ဟု ပြန်၍ပြောလိုက်ရာ အိုးထိန်းက....

"ကြင်နာတတ်တဲ့ယောကျ်ားကို ရွေးတတ်ဖို့တော့ လိုမယ် ထင်တယ် မတင်နွယ်ရီ"

ဟု အိုးထိန်းက ပြော၍ တင်နွယ်ရီ့ဘဝကို အသေးစိတ် ဟောပြောလေတော့၏။

တင်နွယ်ရီသည် အိုးထိန်း၏ မျက်နှာကို ငေး မော နားထောင်နေလေ၏။ အိုးထိန်း၏အသံသည် သြဇာတော်ပါသည်ဖြစ်ရာ အိုးထိန်း၏စကားအဆုံးတိုင်း အဆုံးတိုင်းသည်

တင်နွယ်ရီ၏ နှလုံးသားပျော့ပျော့ဆီသို့ နစ်၍နစ်၍ဝင်သွားလေ၏။ ကရုဏာသက်ရမည့်နေရာတွင် ကရုဏာသံပါအောင် ပြော၏။ စိတ်တက်ကြွရမည့်နေရာတွင် စိတ်တက်ကြွသည့်အသံနှင့် ပြော၏။ အိုးထိန်းသည် အချို့နေရာတွင် ပုံတိုပတ်စများကို ညှပ်၍ပြော၏။ တင်နွယ်ရီသည် အိုးထိန်း လက္ခဏာဟောနေသည်ကို နားထောင်ရသည်မှာ လွန်စွာ ကြည့်၍ကောင်းသော ပြဇာတ်တစ်ခုကို ကြည့်နေရသည်နှင့်အလား သဏ္ဌာန်တူနေတော့၏။ ဤသို့ဟောနေရင်း အိုးထိန်းက....

"ဟောဒီကံလမ်းကြောင်းပြတ်နေတဲ့နေရာလေးဟာ မတင်နွယ်ရီ(၁၇)နှစ်သမီးရောက်တဲ့အချိန်မှာ အဲဒီမှာ ဒုက္ခတစ်ခုနဲ့ တည့်တည့်ကြီး တိုးတော့တာပဲ၊ လုံးဝ စားစရာ သောက်စရာ မရှိအောင် မွဲခေတဲ့ဘဝကို ချက်ချင်း ရောက်သွားနိုင်တယ်"

ဟု ပြောလိုက်ရာ တင်နွယ်ရီသည် ပါးစပ်အဟောင်းသားနဲ့ အိုးထိန်း၏မျက်နှာကို အံ့သြစွာကြည့်ပြီး ကယောင်ကတမ်းဖြင့်....

"မှန်လိုက်တာ အစ်ကိုရယ်၊ ဩော်....ယောင်လို့ ယောင်လို့ ဆရာရယ်၊ ကျွန်မ (၁၇)နှစ်သမီးမှာ မန္တလေးကနေ နှုန်ကုန်ကို ဒေါ်ဂျာနားနဲ့ ပြန်လာခဲ့ရတယ်၊ အဖေဟာ ထောင်ကျခါနီးမှာ ကျွန်မကို ဇင္ဇ သုံးသောင်းနဲ့ ရွှေဒင်္ဂါးတွေရယ်၊ လက်ဝတ်လက်စားတွေရယ် မေးလိုက်တာ၊ အဲဒါနဲ့ ရန်ကုန်မှာ နေဖို့ပေါ့၊ ဒါပေမယ့် ပြည်မှာ ဓားပြတိုက်ခံရတယ်၊ ဓားပြတွေဟာ ပုလိပ်တွေလိုက်တာနဲ့ ချက်ချင်း ပြေးကြလေပဲ၊ လွတ်လာတဲ့အခါကျတော့ ပစ္စည်းတွေကိုပစ်ပြီး လွတ်အောင်

www.burmeseclassic.com

ပြေးကြတယ်၊ အဲဒါတွေကို တချို့ ပြန်ရကြပါတယ်၊ ကျွန်မ ပစ္စည်းတွေကတော့ ပြန်မရတော့ပါဘူး၊ ကျွန်မ မှတ်မိပါသေးတယ်၊ အဲဒီတုန်းက ကျွန်မ 'ပနီကူလာ' (၁၀)တန်းအောင်တဲ့ နှစ်ပါပဲ၊ ကျွန်မက ဒေါ်ဂျာနား ချုပ်ပေးထားတဲ့ ဖျင်အိတ်ကလေး၊ အဲဒီအိတ်လေးပေါ်မှာ ကျွန်မကိုယ်တိုင် ချည်နဲ့ ထိုးထားတဲ့ နှင်းဆီပွင့်ကလေးတစ်ပွင့်ပါတယ်၊ ကျွန်မ သိပ်ပြီး မြတ်နိုးတဲ့ ပစ္စည်းကလေးပေါ့"

ဟု ပြောလိုက်လျှင် အိုးထိန်းက....

"ပြည်မှာ ခေးပြတိုက်ခံရတယ်ဆိုတာ ဘယ်နားမှာလဲ"

ဟု မေးလိုက်လေ၏။

"မြင်ပါဟုတောင်ကို မရှောက်ခင်နားမှာ"

ဟု ပြန်၍ ဖြေလိုက်လျှင် အိုးထိန်း၏ရင်ဘို ဒိတ်ခနဲ ဖြစ်သွားလေ၏၊ အဘယ်ကြောင့်ဆိုသော် အိုးထိန်းသည် မြင်ပါဟုတောင် သာလာယံဇရပ်တွင် နေခဲ့စဉ် ထိုအိတ်ကလေးကို ကောက်ရသောကြောင့် ဖြစ်၏၊

"အဲဒါကြောင့် ကျွန်မလဲ ကျောင်းဆက်ပြီး မတက်နိုင်တော့ဘူး၊ ဒေါ်ဂျာနားကြီးက စျေးရောင်းပြီး ကျွေးခဲ့တယ်၊ အဲဒီလို မဖြစ်ခဲ့ဘူးဆိုရင်ခင်ဗျာ့ ကျွန်မဟာ အင်္ဂလိပ်တစ်ဘာသာ ထပ်ပြီးဖြေလိုက်တာနဲ့ ကျွန်မ ယူနီဗာစတီတက်ခွင့်ရမှာပဲ၊ အခုတော့ တက်ခွင့် မရတော့ဘူးပေါ့လေ အဖေက ပုဂံနားက စဉ့်ကူမှာ ရွှေဟောင်းရတနာတွေ ရှာတာ၊ အင်္ဂလိပ်အစိုးရက ရွှေဟောင်းပစ္စည်းတွေ တူးဆော်ဖျက်ဆီးမှုနဲ့ မန္တလေးထောင်မှာ ထောင် ၅ နှစ်ချတယ်၊ အဲဒီ

မှာ ပစ္စည်းတွေအများကြီးချမ်းသာတယ်ဆိုတာ ကျွန်မသိတယ်၊ ဒါပေမယ့် အဖေဟာ သိပ်ပြီး ကျစ်လျစ် သိပ်သည်းတယ်၊ အဖေဟာ ပစ္စည်းတွေ ဘယ်မှာ ထားတယ်၊ ဘယ်သူ့ဆီမှာ အပ်ထားတယ်ဆိုတာ ဘာမှ မပြောဘူး၊ ထောင်ဝင်စာကို ဘယ်တော့မှ လာမတွေ့ခိုင်းဘူး၊ ဒေါ်ဂျာနားကိုလဲ ကျွန်မနဲ့ ဘယ်တော့မှ မခဲ့ဖို့ စောင့်ရှောက်ဖို့ အထူးမှာကြားတယ်၊ ကျွန်မတို့ကအဖေအဖမ်းခံရတယ်ကြားတာနဲ့လိုက်သွားကြတာ မဟုတ်လား၊ အဲဒီပစ္စည်းတွေကိုလဲ စဉ့်ကူရွာက သူမိတ်ဆွေ 'ဦးဘခနာ'ကနေ တစ်ဆင့်ယူပြီး ပေးတာ၊ အဲဒီပစ္စည်းတွေဟာ သူ ထောင်က မလွတ်မချင်း စားသောက်နိုင်အောင်၊ ကျောင်းတက်နိုင်အောင် ပေးတဲ့ ပစ္စည်းတွေပါပဲ၊ ဒါပေမယ့် ကံဆိုးမိုးမှောင်ကျလာတော့ ကျောင်းတက်ဖို့ နေနေသာသာ နေစဉ် စားရေးသောက်ရေးတောင် ဒေါ်ဂျာနားကြီး ရှိပေလို့သာမေါ့ အစ်ကိုရယ်၊ အဲ....အဲ....ဆရာရယ်"

ဟု ပြောလိုက်လေ၏။

ထိုအခါ အိုးထိန်းသည်....

"ဖြစ်မှ ဖြစ်ရလေ... မတင်နွယ်ရီရယ်"

ဟု ကရုဏာသက်သော လေသံဖြင့် ပြောလေ၏။ အိုးထိန်းက ဆက်၍....

"မတင်နွယ်ရီရဲ့အဖေ ထောင်ကလွတ်သာခဲတာ အခေတ်ကို စိတ်မကောင်း ဖြစ်ရှာမှာပဲနော်"

ဟု ပြောလိုက်လျှင် တင်နွယ်ရီက....

www.burmeseclassic.com

"အဖေက ထောင်ထဲမှာကတည်းက ဒီအကြောင်း သိနှင့်နေပါပြီ"

ဟု ပြန်၍ဖြေလေ၏၊ အိုးထိန်းသည် တင်နှယ်ရီ၏ ဘဝရွေးရေးကို ဆက်၍ဟောပြန်၏၊ အလုံးစုံ ဟောပြီးသောအခါ၌ တင်နှယ်ရီက ဉာဏ်ပူဇော်ခ ထုတ်၍ပေးလေ၏၊

"အခုတော့ မတင်နှယ်ရီက ပြုစုနေရတာပေါ့နော်"

ဟု ပြောလိုက်လျှင် တင်နှယ်ရီက....

"ဟုတ်ပါတယ် ဆရာရယ်၊ အဖေက အခန်းထဲမှာ တစ်နေကုန်အောင်းပြီး စာဖတ်နေလေ့ရှိပါတယ်၊ နောက်ပြီး အသက်ကလေး နည်းနည်းရလာလို့လား မဆိုနိုင်ဘူး၊ စိတ်ကောင်းကောင်း မမှန်ချင်ဘူး ရှင့်၊ ညညဆိုလဲ တော်တော်နဲ့ မအိပ်ဘူး၊ နှစ်လုံးပြူးသေနတ်ကြီးကိုင်ပြီး ခြံထဲဆင်း ထိုင်ထိုင်နေလေ့ရှိတယ်၊ အပြင်လဲ မသွက်ဘူး၊ အင်းခွေးကြီးနှစ်ကောင် ဝယ်ထားသေးတယ်၊ ညညဆိုရင် လွှတ်ထားတယ်၊ ဖေဖေရယ်.... ဘာကို စိုးရိမ်တာလဲလို့ မေးပါတယ်၊ ဒါပေမယ့် မေးလို့လဲ မရဘူး"

ဟု တင်နှယ်ရီက ပြောလိုက်လေ၏၊

"စိတ်ခရာဂါ ဖြစ်နေတာလား မသိဘူး"

ဟု အိုးထိန်းက ပြန်၍ ပြောလိုက်လေ၏၊

"ကျွန်မကလဲ အဲဒီလိုထင်ပါတယ် ဆရာရယ်၊ ဆရာဝန်ပြဖို့ တိုက်တွန်းပါတယ်၊ ဖေဖေက လုံးဝမပြချင်ဘူးတဲ့၊ ကဲ....ဆရာရယ် ကျွန်မ သွားလိုက်ပါဦးမယ်၊ ကျွန်မတို့အိမ်လဲ လာလည်နိုင်ပါတယ်၊ သစ်နှံးကျွန်းဘူစာနားက ခြံကြီး တစ်ခြံပါ၊ အိမ်မှာကလဲ လူနည်းတယ် ဆရာရယ်၊ ဒေါ်ဂျာနားရယ်၊ ကျွန်မရယ်၊ အဖေရယ် ဒါပဲရှိပါတယ်"

ဟု ပြောလိုက်လေ၏၊

ထိုအခါ အိုးထိန်းက....

"မတင်နှယ်ရီရဲ့ အဖေနာမည်က ဘယ်သူတဲ့တုံး"

ဟု မေးလိုက်ရာ....

"ဦးဝေဠုလို့ ခေါ်ပါတယ်"

ဟု ပြောဆိုကာ နှုတ်ဆက်၍ ထွက်သွားလေတော့၏။

အိုးထိန်းသည် တင်နှယ်ရီ၏ နောက်ကျောကလေးကိုကြည့်ရင်း စိတ်တွင်း၌....

"သနားစရာကောင်းလိုက်တဲ့ မိန်းကလေးရယ်"

ဟု ရေရွတ်လိုက်လေတော့ သတဲ့။

www.burmeseclassic.com

www.burmeseclassic.com

သွေးဖြင့်ရေးသောစာ

နောက်တစ်နေ့တွင် အိုးထိန်းသည် ၎င်း၏ အလုပ်နေရာဖြစ်သော မဿားဘဲ ရန်ကုန်မြို့ နေရာအနှံ့အပြားသို့ လှည့်လည်၍ သတင်းထောက်လှမ်းရလေ၏။ ထို့ပြင် ကုလားကပြားကလေးများကို မိတ်ဖွဲ့၍ ၎င်းအလိုရှိသော သတင်းများကိုရရန် မုန့်ဖိုးပေး၍ ခိုင်းစေတတ်သည်ဖြစ်ရာ ကုလားကလေးများသည်း သတင်းများကို အိုးထိန်းအား မှန်မှန်ချည်း ပြန်၍ပေးတတ်လေ၏။ ကုလားကလေးများနှင့် အိုးထိန်း သတင်းအယူ လုပ်ကြသော နေရာမှာ ပုဇွန်တောင်ဘူတာ ပလက်ဖောင်းပင် ဖြစ်၏။ ထို့နေ့က အိုးထိန်းသည် နံနက်(၇) နာရီလောက်တွင် ဘူတာ၌ ပလက်ဖောင်းသို့ ရောက်ခဲ့၏။ 'မူးသူ' ဆိုသော ကုလားကလေးက အိုးထိန်းအနီးသို့ ရောက်လာ၍ ပြောသည်....

"အစ်ကိုကြီးပြောတဲ့ မျက်လှည့်ဆရာကို တွေ့ပြီ အဲဒီ မျက်လှည့်ဆရာ နာမည်က စက္ကောမ ဆရာလာဘတဲ့၊ အသက် မျက်လှည့်မပြဘူး၊ ငါးထပ်ကြီး ဘုရားနားက ဂျပ်တစ်ခုမှာ အဓိဋ္ဌာန်ဝင်နေတယ်"

ဟု ပြောလိုက်လေ၏။ ထိုအခါ အိုးထိန်းက ထိုကုလားကလေး မူတူးအား ငါးမူးစေ့ကလေးတစ်စေ့ ပစ်ပေးလိုက်လေ၏။ ပြီးလျှင် အိုးထိန်းက....

"ဟို....ဆဒစ်နဲ့ မူဆာကော မတွေ့ပါလား"

ဟု မေးလိုက်ရာ မူတူးက....

"သူတို့က တခြားနေရာကို သွားနေကြတယ်၊ သတင်းအကြီးကြီးရမှ အစ်ကိုကြီးတို့ လာပြောမယ်တဲ့၊ အဲဒီအခါကျရင် သူတို့ကို အစ်ကိုကြီးက 'ဒိုးရှူးပြား' ပေးရမယ်တဲ့၊ ကျွန်တော်ကတော့ ဒီလိုမဟုတ်ဘူး၊ ငါးမူးဖိုးသတင်းကလေးတွေ ဈာနဈာနပေးမယ်၊ သူတို့လို 'ဒိုးရှူးပြား' လဲမလိုချင်ဘူး၊ 'တင်းရူးပြား' လဲ မလိုချင်ဘူး"

ဟု ပြောဆိုကာ အိုးထိန်းအား ဆလံမေး၍ ထွက်သွားလေတော့၏။

ထိုအခါ အိုးထိန်းလည်း သူ၏ မော်တော်ကားကို မောင်းနှင်၍ ငါးထပ်ကြီးဘုရားဆီသို့ ထွက်လာခဲ့လေ၏။ ထို့နောက် ဘုရားနှင့် မလှမ်းမကမ်းနေရာလောက်တွင်ရပ်ကာ ဇရပ်များကို အကဲခတ်ကြည့်ရှု၏။ အခြားသော ဇရပ်များမှာ ဦးထားပြီးလျှင် လူဝင်လူထွက်ရှိ၏။ ဇရပ်တစ်ခုမှာမူ သော့ခလောက်ပိတ်ထားသည်ကို တွေ့ရလေ၏။ နံနက် (၁၀)နာရီလောက်တွင် တစ်စုံတစ်ယောက်သည် ထိုဇရပ်သို့ လာ၍ ဖွင့်၏။ ၎င်း၏ လက်တွင်း၌လည်း ဆမင်းချိုင့် တစ်လုံးနှင့် သတင်းစာဘစ်စောင်ကို ကိုင်ထားသည်ကို တွေ့ရလေ၏။

www.burmeseclassic.com

www.burmeseclassic.com

ချက်ကို နှိုက်လေ၏။ မှန်ကိုခွဲရာ၌လည်း အသံမကြားစေရန် အတွက် အသင့်ယူလာသော ကော်ထုပ်နှင့် သတင်းစာ စက္ကူကို မှန်၌ကပ်ကာ လက်သီးဖြင့် ခပ်ဆတ်ဆတ်လေး ထိုးပြီး မှန်ကို ခွဲလိုက်ခြင်းဖြစ်၏။ ချက်ပြုတ်လျှင် သံဒိုင်(၂)ချောင်း အား ကြိုးနှင့် တုတ်ကံကို အသုံးပြုကာ ညှစ်လိုက်၏။ သံတိုင် များကွေးသွားသောအခါ၌ ကိုယ်ကို ကျုံ့၍ အတွင်းသို့ ဝင် လေ၏။

ထို့နောက် အောက်ထပ်သို့ဆင်းသော အတွင်းလှေကားမှ နေ၍ အောက်ထပ်မှလူကို အကဲခတ်ကြည့်လိုက်၏။ ထိုသို့ ကြည့်လိုက်ရာ အောက်ထပ်မှ လူသည် ပိတ်ဖြူစင်ကြယ် ဝတ် ထား၏။ အရပ်အမောင်း လွန်စွာကောင်း၏။ ညာလက်တွင် ကြေးပုတီးကစ်ကုံး ပတ်ထား၏။ ထိုသူသည် တစ်စုံတစ်ခုကို တွေးရင်း လက်ကို နှောက်ပစ်၍ လျှောက်နေ၏။ အိုးထိန်း သည် ထိုလူ တစ်ဖက်သို့လှည့်၍ လျှောက်သည့်အခေါက်ကို ချိန်၍ ၎င်း၏နောက်မှ ခုန်ချလိုက်၏။ ထိုသူလည်း လှည့်၍မျှ မကြည့်ဘဲ လက်ဖြင့် နောက်ပြန်တွက်ချလိုက်၏။ အိုးထိန်းက ငို့လိုက်၏။ ထိုသူက ကန်၏။ အိုးထိန်းကလှောင်၏။ ထိုသူက ထိုး၏။ အိုးထိန်းက ပုတ်၏။ ထိုသူက ညှစ်၏။ အိုးထိန်းက ဖြုတ်၏၊ ၎င်းတို့နှစ်ဦးသည် ဆု၏၊ ရိုက်၏၊ နှက်၏၊ ကန်၏၊ ကျောက်၏၊ ထောင်း၏။ နောက်ဆုံးတွင် အိုးထိန်းသည် ထို သူ၏ မေးစေ့ကို မိမိရရ ထိုးမိလိုက်သည်ဖြစ်ရာ ထိုသူလည်း နောက်သို့ လဲကျသွားလေတော့၏။ထိုအခါကျမှပင် အိုးထိန်း သည် အသင့်ယူလာသော ကြိုးဖြင့် ထိုသူအား မိမိရရ တုပ်

အိုးထိန်းသည် ထိုအခြင်းအရာကို မျက်ခြည်မပြတ် စောင့် ကြည့်နေ၏။ နေ့လယ် (၁၂)နာရီလောက်တွင် ထမင်းပို့သူ ပြန်၍ ထွက်သွားလေ၏၊ ထိုအခါ၌ အိုးထိန်းသည် ထိုဇရပ်၏ အမည်ကိုမှတ်ပြီးလျှင် ဇရပ်ရှင်၏အိမ်ကို စုံစမ်းကာ သွားလေ ၏။ ထို့နောက် ထိုဇရပ်တွင် ဝတ်အသင်းတစ်သင်းမှ သမ္မာန္နေ ကို (၄၉)ရက်တိတိ ရွတ်ဖတ်လိုသောကြောင့် ငှားရမ်းပါမည် အကြောင်း စုံစမ်းရာ စက္ကောမ ဆရာလာဘဆိုသူ အဓိဋ္ဌာန် ဝင်နေကြောင်း၊ ထို့ကြောင့် မိမိတို့အနေနှင့် အားနာစွာနှင့် ငြင်းဆိုရကြောင်း ပြောလိုက်လေ၏။ ထိုအခါ၌ အိုးထိန်း လည်း ဝါးထပ်ကြီး ဇရပ်ဆီသို့ ပြန်လာလေတော့၏။ စော စောပိုင်းက လူရှုပ်နေသော ဇရပ်များမှာလည်း လူများ ရှင်း သွားပြီ ဖြစ်၏။ ၎င်းစောင့်ကြည့်နေသော ဇရပ်မှာမူ တိတ် ဆိတ်လှပေဘာ့၏။ အိုးထိန်းသည် အိမ်သို့ ပြန်သွားပြီး လျှင် ၎င်းအတွက် အမွေရသော ကွင်ဇရစ်တယ်(ခေါ်)ကျောက် သလင်းထောဖ့်နှင့် လိုအပ်သော အခြားပစ္စည်းကို ယူလာ၍ လူရိပ်လူခြည်ကိုကြည့်ကာ ဇရပ်အနီးသို့ ချဉ်းကပ်လိုက်လေ၏။ ဇရပ်ဆိုသော်လည်း သာလာယံဇရပ်မျိုး မဟုတ်၊ ခြံနှင့် ဝင်းနှင့် ရှေ့ဟောင်းနှစ်ထပ်အိမ်ကြီးဖြစ်၏။ အပြင်မှ အပေါ် ထပ်သို့တက်သော လှေကားမရှိသဖြင့် ခြံအပြင်သို့ ပြန်၍ထွက် ကာ အနီးရှိ မန်ကျည်းပင်ပေါ်သို့ တက်၏။နေ့ကျည်းပင်ပေါ်မှ တက်၍ ဇရပ်ဘက်သို့ ကိုင်း၍ ကျနေသော မန်ကျည်းကိုင်း ပေါ်မှတစ်ဆင့် ဝရန်တာပေါ်သို့ ခုန်ဆင်းလေ၏။ ထို့နောက် ထောင့်အကျဆုံး ပြတင်းပေါက်နေရာမှ မှန်ပေါက်ကိုခွဲပြီးလျှင်

www.burmeseclassic.com

နှောင်လိုက်၏။ ပြီးလျှင် ပါးစပ်ကို ဖြဲ၍ အဝတ်ဆို့လိုက်၏။ ထို့နောက် ထိုသူ သတိရစေရန်အတွက် မျက်နှာကို သောက်ရေအိုးမှ ရေဖြင့် ယူ၍ တောက်ိုက်၏။

ထိုသူ သတိရလာသောအခါ၌ အိုးထိန်းသည် သူ့အား ချိုင်းမှမှု၍ တိုင်၌မှီပြီး ဖေးထားလိုက်၏။ ထိုသူသည် မျက်လုံးအပြူးသားနှင့် အိုးထိန်းအား လှမ်း၍ ကြည့်နေ၏။ ထိုသူ၏ မျက်လုံးများသည် ပြူးနေ၏။ ထိုသူ၏ နှုတ်ခမ်းသည် ပွင့်နေ၏။ ထိုသူ၏ မျက်ဝတောင်များသည် တဖျပ်ဖျပ်ခတ်နေ၏။

"ကျုပ် ဘယ်သူလဲလို့ ခင်ဗျား သိချင်လို့လား"

ဟု အိုးထိန်းက မေးလိုက်ရာ ထိုသူက ခေါင်းညိတ်ပြလေ၏။

"ကျုပ်နာမည် အိုးထိန်းလို့ ခေါ်တယ်၊ ဆွေချီးစပ်ရင် ခင်ဗျားနဲ့ ညီအစ်ကို နှစ်ဝမ်းကွဲတော်တယ်၊ အာဖြစ်လို့လဲဆိုတော့ ခင်ဗျားအဘိုးဦ သီလနဲ့ ကျုပ်အဘိုးဦ ဒီပက ညီအစ်ကိုရင်းတွေကိုး၊ ကျုပ်အဖေဦးကလန်နဲ့ ခင်ဗျားအဖေဦးဝဏ္ဏနဲ့က ညီအစ်ကို တစ်ဝမ်းကွဲ၊ ခင်ဗျားနဲ့ ကျုပ်နဲ့က ညီအစ်ကို နှစ်ဝမ်းကွဲ"

ဟု အိုးထိန်းက ပြောလိုက်လျှင် ထိုသူသည် သိကြောင်းခေါင်းညိတ်ပြလေ၏။ ထိုအခါ အိုးထိန်းက....

"ဒီမှာ ကိုလာဘ၊ ခင်ဗျား မှာချင်တာတော့ ကျုပ်ကို မှာခဲ့နိုင်တယ်၊ အဲဒါက အခွင့်အရေးပေးတာ၊ ဘာကြောင့်ပေးတဲ့ အခွင့်အရေးလဲ ဆိုတော့ အိုးအချင်းချင်းမို့ ပေးတာ၊ ပြီးရင်တော့ သတ်ရမယ်၊ သတ်တာလဲ တခြားနည်းနဲ့ မသတ်

ဘူး၊ ဟောဒီ ကျောက်သလင်းတုံးနဲ့ ခင်ဗျားရဲ့ရင်ဝကို ထိုးသတ်မယ်"

ဟု ဆိုကာ ငင်းဦ အသင့်ယူဆောင်လာသော ငင်း၏ဖခင်ထံမှ အမွေရထားသည့် ကျောက်သလင်းတုံးကို ထုတ်၍ပြလိုက်လေ၏။ ပြီးလျှင်....

"ကိုယ့်လူကို သတ်ချတဲ့အပြစ် ကိုယ့်လူ သိတယ် မဟုတ်လား"

ဟု မေးလိုက်ရာ ထိုသူက သိကြောင်း ခေါင်းညိတ်ပြလေ၏။ ထိုသို့ ခေါင်းညိတ်ပြသော်လည်း အိုးထိန်းက....

"ကိုယ့်လူ....ဒီက(၄၉)ရက် အဓိဋ္ဌာန်ပြီးတာနဲ့ တပေါင်းလပြည့်ခန့်ပဲ မဟုတ်လား အဲဒီညမှာ ကိုယ့်လူကို အိုးတွေက ဘုရင်မြေခက်ကြမှာ မဟုတ်လား"

ဟု ပြောလိုက်ရာ ထိုသူက ခေါင်းညိတ်ပြလေ၏။

"ကိုယ့်လူ သေရမှာ ကြောက်သလား၊ ကြောက်တယ်လို့ ဝန်ခံရင် ကိုယ့်လူရဲ့အသက်ကို စဉ်းစားမယ်"

ဟု ပြောလိုက်ရာ ထိုသူက ခေါင်းခါပြ၏။ ထိုအခါ အိုးထိန်းသည် ထိုသူ၏ ပါးစပ်ထဲတွင် ဆို့ထားသော အဝတ်စကို ဆွဲထုတ်၍ လွှင့်ပစ်လိုက်၏။ ထိုအခါကမှပင် ထိုသူက....

"အဲဒီလိုလုပ်စမ်းပါ ငါ့ညီရာ၊ ငါက ကယ်တော်မူကြပါလို့ အော်မယ့် လူစားမျိုးမှမဟုတ်ဘဲကွာ၊ ပါးစပ်ထဲ အဝတ်ဆို့ဖို့ မလိုပါဘူး၊ ငါ့ ရည်ရွယ်ချက်ကတော့ ငါ အိုးဘုရင်ဖြစ်တာနဲ့ မင်းတို့ဆီက ရှိတဲ့မြေပုံတွေ ရအောင်ယူမယ်၊ ပြီးရင် ကြိုးတွဲဆီက မြေပုံတွေရအောင်ယူမယ် ပြီးရင် ရတနာမဏ္ဍိုင်း

www.burmeseclassic.com

www.burmeseclassic.com

ရှာမယ်၊ အဲဒါတွေရခဲ့ရင် နှစ် ထောင်ပေါင်းများစွာ လှည့်နေ လှေအောင်းဖြစ်ခဲ့ရတဲ့ တို့မျိုးနွယ်စုကြီးကို အိမ်နဲ့ ရာနဲ့ နေနိုင်အောင် ငါကြိုးပမ်းမယ်၊ အဲဒါကို မင်းတို့မကြိုက်ဘူး မဟုတ်လား၊ အဲဒီတော့ အခု မင်း နိုင်ပြီ၊ ကြိုက်သလို စီရင်ပိုင်ခွင့်ရှိတယ်၊ ငါ နောက်ဆုံး ပြောချင်တာကတော့ အိုးတွေ အိမ်နဲ့နေရမယ်၊ ဒါပဲ"

ဟု ထိုသူက ပြောလိုက်၏။ ထိုသူ၏ စကားဆုံးသည်နှင့် တစ်ပြိုင်နက် အိုးထိန်းသည် ထိုသူ၏ ရင်ညွှန့်တည့်တည့်ဆီသို့ ချိန်၍ ကျောက်သလင်းတုံးဖြင့် တအားဆောင့်၍ ထိုးလိုက်၏။ ထိုသူသည် 'အင့်ခနဲ'မြည်ပြီး ငြိမ်ကျသွား၏။ ရင်ဝဋ္ဌ သွေးများ ပန်းထွက်လာလေ၏။ အိုးထိန်းသည် ကျောက်သလင်းတောင့်ကိုထုတ်၍ သွေးများကို သုတ်လိုက်၏။ ပြီးသွင် ထိုသူ၏ ကိုယ်မှ သွေးများကို လက်ညှိုးဖြင့်တို့ကာ ထိုသူ၏ နဖူးပေါ်တွင် အိုးပုံသဏ္ဌာန်လေး ရေးလိုက်လေ၏။ ထိုသို့ရေးပြီးနောက် မဇ္ဈန္တိကသေးဘဲ သွေးများကို လက်ဖြင့် တို့ယူကာ နံရံပေါ်တွင် အောက်ပါစာတန်းကို ရေးလိုက်လေတော့သတည်း။

ဘုန္ဓာဝတီ အရှုပ်တော်ပုံ

www.burmeseclassic.com

www.burmeseclassic.com

ကြွေခွေနွေးကြမ်းကရားလေးပေါ်က ကဗျာလေးတစ်ပုဒ်

အိုးထိန်းသည် နောက်တစ်နေ့၌ လောကမိခင်ကို တိုင်တည်ရှင်း ကားကို ဖြည်းဖြည်းမောင်းလာခဲ့လေ၏။

အို....လောကမိခင်
ကျွန်ုပ်အား ကောင်းချီးမင်္ဂလာပေးပါလော့၊
ကျွန်ုပ်၏ အတွေး၊ အကြံ၊ အလုပ်များ၌
ပြတ်သားခြင်းကိုပေးပါလော့၊
ကျွန်ုပ်အား ဉီးဆောင်ပါလော့၊
လောကမိခင်၏ ရဲရင့်ခြင်းကို
ကျွန်ုပ်အား အပ်နှင်းပါလော့၊
လောကမိခင်က ဆောင်ရွက်ပေးလျှင်
မဖြစ်နိုင်သောအရာဟူ၍ မရှိကြောင်း
ကျွန်ုပ် ယုံကြည်ပါသည်၊
အို....ဗလာဟင်းလင်း မိခင်ရင်း။

အိုးထိန်းသည် ဤသို့လျှင် တိုင်တည်၍ ကားကိုမောင်းလာ၏။ ဤသို့နှင့်ပင် အိုးထိန်းသည် အလုပ်ခန်းသို့ ရောက်ရှိခဲ့လေတော့၏။ အလုပ်ခန်းသို့ရောက်ပြီး များစွာမကြာသောအခါ၌ စာတိုက်မှ ပါဆယ်ထုပ်တစ်ထုပ် ရောက်လာ၏။ ထိုပါဆယ်ထုပ်ကို ဖြေလိုက်ရာ အတွင်းမှ မုန့်ထည့်သောပန်းကန်လေး တစ်ချပ် ထွက်လာ၏။ အိုးထိန်းသည် ထိုပန်းကန်ကို သေချာစွာကြည့်လိုက်၏။ ပန်းကန်တွင် ချေနှာကွင်းများပါ၏။ ထိုပန်းကန်တွင် ထိန်ထိန်သာနေသော 'လ'လည်း ပါ၏။ လေထဲတွင် ဝေ့ယမ်းနေသော ငှက်ပျောရွက်များလည်းပါ၏။ ထိုပုံ၏ အနီးတွင် အောက်ပါ ကဗျာလေးတစ်ပုဒ်ပါ၏။

Late in the night
The full moon sets
Banana leaves barely stir in the wind.

အိုးထိန်းသည် ထိုကဗျာကိုဖတ်၍ ပြီးလိုက်၏။ ထိုကဗျာ၏ အဓိပ္ပာယ်မှာ.... "မနေ့ညက လကြီးထိန်ထိန်သာလို့ ငှက်ပျောရွက်တွေကလည်း လေမှားဝေ့ယမ်းလို့" ဟု အဓိပ္ပာယ်ရ၏။ ထိုကဗျာ၏ စာဆိုရှင်မှာ ဂျပန်စာဆို "ဆာဆူတာနိရော့ရှိ" ဖြစ်၏။ ထိုကဗျာ၏ အဓိပ္ပာယ်သည် တိမ်မယောင်နှင့် နက်၏။ သဘာဝဘာရားမှဖြစ်သော လသာနေခြင်း၊ ငှက်ပျောပင်များလေ၌ ဝေ့ယမ်းခဲ့ခြင်းပင်လျှင် ယခုအခါ၌မရှိတော့၊ ကုန်းတိုးသွားပြီဖြစ်၏။ အတိတ်၌ ကျန်ခဲ့ပြီဖြစ်သော သခ်ၤါရတရားတို့၏ ပျောက်လွင့်ကုန်ဆုံးမှုကို ထင်ထင်လင်းလင်း နက်နက်ရှိုင်းရှိုင်း

www.burmeseclassic.com

ဖော်ပြထားသောစာ ဖြစ်၏။ အိုးထိန်းသည် ဘုမ္မာဝတီ ပညာသင်စခန်း၌ နေခဲ့စဉ်က ကဗျာများကိုလည်း လေ့လာခဲ့သည်ဖြစ်ရာ ထိုကဗျာ၏ အနက်အဓိပ္ပာယ်ကို ကောင်းစွာ နားလည်၏။ ထို့ပြင် အိုးထိန်း၏စိတ်၌ ခံစားရသည်မှာ တစ်စုံတစ်ယောက်သောသူသည် ယမန်နေ့က ငှင်းပြုခဲ့သော မကောင်းမှုကြီးအား ဘာမှ အဓိပ္ပာယ်မရှိပါဘူးဟု ပညာသားပါပါ လျှောင်ပြောင်လိုက်သည်ဟု နားလည်လိုက်မိ၏။

အိုးထိန်းသည် ထိုနေ့က အလုပ်များလှ၏။ လက်ဖက်ရေးသူများသောကြောင့် ပင်ပန်းစွာ အလုပ် လုပ်ခဲ့ရ၏။ အိမ်သို့ ရောက်လျှင် ဒရဝမ်စောင့်သော ဂေါရခါးက "မိန်းမတစ်ယောက် လာပေးသွားတယ်"ဟု ဆိုကာ အထုပ်ကလေး တစ်ထုပ် ပေးပြန်၏။ အိုးထိန်းသည် ထိုအထုပ်ကို ဖြေကြည့်လိုက်ရာ လွန်စွာသေးငယ်သော ကရားလေးတစ်လုံးကို တွေ့ရလေ၏။ ကရား၏ဘေးတွင် ဘုရားရှိခိုးကျောင်း တစ်ကျောင်းဟု ယူဆရသော ပုံတစ်ပုံပါ၏။ ထိုပုံ၏ဘေးတွင် အရိပ်ကျနေသော သစ်ပင်အုပ်အုပ်ကလေးများ ပါ၏။ ထိုသစ်ပင်အုပ်အုပ်ကလေးများအောက်တွင် လူတစ်ယောက် ထိုင်၍ ပလ္လင်မွတ်နေသောပုံ ပါ၏။ ထိုပုံ၏ ဘေးတွင် အောက်ပါ ကဗျာတလေးကိုလည်း အနက်ရောင်ဖြင့် ရေးသား ဖော်ပြထားသည်ကိုလည်း တွေ့ရ၏။

I hear the unblown flute
In shade beneath the trees
At Suma Temple?

အိုးထိန်းသည် ထိုကဗျာကိုဖတ်ပြီးနောက် ပြုံးလိုက်လေ၏။ ထိုကဗျာ၏ အဓိပ္ပာယ်မှာ.... "သုမ ဘုရားကျောင်းတေးကသစ်ပင်ရိပ်အောက်တွေမှာ မမှုတ်ရသေးတဲ့ ပလ္လင်ကို ငါနားထောင်ရတယ်"ဟူ၍ ဖြစ်၏။

ထိုကဗျာကိုလည်း အိုးထိန်း ကောင်းစွာသိပါသည်။ 'သုမ' ဘုရားကျောင်းဆိုသည်မှာ လွန်ခဲ့သော နှစ်ပေါင်းတစ်ထောင်ကျော်ခန့်က အိုဆာကာမြို့အနီး၌ရှိသော ဘုရားကျောင်းဖြစ်၏။ ထိုဘုရားကျောင်းအနီး၌ "မီနာမိုတို" လူမျိုးစုနှင့် "တိုင်ရာ" လူမျိုးစုတို့၏ စစ်ဖြစ်ပွားခဲ့သည် ဆို၏။ ထိုသို့စစ်ဖြစ်ပွားရာတွင် တိုင်ရာလူမျိုးစုထဲမှ အသက်(၁၇)နှစ်အရွယ် "အာစုမိုးဂို" ဆိုသည့် ပလ္လင်မားလေးတစ်ဦး အသက်ဆုံးရှုံးခဲ့ရသော ဇာတ်လမ်းတစ်ခုရှိခဲ့ဖူးသည် ဆို၏။ ထိုပလ္လင်ဆရာကလေး အသက်ဆုံးရှုံးရသည်ကိုအကြောင်းပြု၍ စပ်ဆိုခဲ့သော မမှုတ်ရသေးသော ပလ္လင်ကဗျာအမျိုးအစားများစွာရှိ၏။ ယခု ကဗျာမှာ ထိုကဗျာများထဲမှ တစ်ခုဖြစ်၏။

အိုးထိန်းသည် ထိုကဗျာကို ဖတ်ပြီးနောက် တစ်စုံတစ်ယောက်သည် သူ့အား မကျူးလွန်ရသေးသော ရာဇဝတ်မှုများအတွက် ပညာသားပါပါ ဟန့်တားမှုများဖြစ်သည်ဟု စိတ်၌ ခံစားလိုက်ရလေ၏။ ထိုနေ့ညအဖို့ အိုးထိန်းသည် ကဗျာကလေးနှစ်ပုဒ်အကြောင်းကို စဉ်းစားရင်း တော်တော်နှင့် အိပ်မပျော်နိုင်ဘဲရှိလေတော့သတည်း။

www.burmeseclassic.com

www.burmeseclassic.com

ဘောက်ထော်တွင် လွန်စွာ နာမည်ကြီးသော အောင်ဘည့် ဇာတ် ကဘော့မည်ဆို၏။ မင်းသား အောင်ဘည့်သည် အခြား ဇာတ်များနှင့်မတူ တစ်မူထူးခြားရလေအောင် သူ၏ တစ်ကိုယ် လုံးကို ဘတ်သီးများ သွယ်တန်းကာ မီးစလွယ်၊ မီးအော်ပရာ ဖြင့် ကပြ အသုံးတော်ခံမည်ဟု ကြော်ငြာ လှည့်ထား၏။ သတင်းစာ၌လည်း ထိုကြော်ငြာ ထည့်ထား၏။ ထိုသတင်း တို့မှာ 'ပဲကြိုက်ခင်' တို့အတူတ် သတင်းထူးပင် ဖြစ်၏။

ထို့ကြောင့် အိုးထိန်းသည် ဦးဝေဠုတို့အိမ်မှ တင်နယ်ရီ နှင့် ကုလားမ ဂျာနားတို့ ပဲကြည့်ခြင်း ရှိမရှိကို အထူးတလည် ချောင်းမြောင်း လေ့လာရလေတော့၏။ အိုးထိန်းအဖို့ ကံ ကောင်းသည်မှာ အောင်ဘည့်ဇာတ် ပထမညတွင်မင် ကြည့်ရန်အတွက် ကုလားမ ဂျာနားသည် ဘောက်ထော်ရှိ ဇာတ်ရုံ သို့ လာကာ ဖျာ (၁)ချပ် ဝယ်သွားသည်ကို မိမိ မျက်စိနှင့် တပ်အပ် တွေ့မြင်လိုက်ရသောကြောင့် ဖြစ်၏။ အိုးထိန်း ထိုသို့ တွေးလိုက်ရသောနေ့မှာ ဗုဒ္ဓဟူးနေ့ဖြစ်၏။ ပဲစ၍ ကမည့်နေ့မှာ စနေနေ့ ဖြစ်၏။

ထို့ကြောင့် အိုးထိန်းသည် ပြင်ဆင်မှုများ ပြုလုပ်ရုံးလ တော့၏။ ညလူခြေတိတ်ချိန်တွင် မော်တော်ကားဖြင့် ဦးဝေဠု၏ ခြံအနီးမှ ဖြတ်၍ခမောင်း၏။ ထိုသို့ ဖြတ်၍ခမောင်းရင်း ခြံအပြင်တွင် မွေးထားသော ငန်းသုံးကောင်ကို မော်တော် ကားပေါ်မှ ယေဘုယ္ယတိုက်ဖြင့် ပစ်သတ်ခဲ့၏။ ထို့နောက် လွန်စွာပြင်းထန်သည့် အဆိပ်လူးထားသော အမဲသားအုံး နှစ်တုံးကို ခြံအပြင်မှကျော်၍ ပစ်ခဲ့၏။ ထိုညက ဦးဝေဠု

ခွေးနှစ်ကောင် အဆိပ်ကျွေးခြင်း

အိုးထိန်းသည် ရန်သူပစ်မှတ်ဖြစ်သော သစ်နုံးကျွန်းဘူတာ အနီး ခြံဝင်းကျယ်ကြီးထဲ၌ ဇာတ်မြုပ်၍ နေထိုင်လျက်ရှိသော ဦးဝေဠုအား ဇီဝိန်ခြေရှန်အတွက် အချိန်ကောင်းသည် ရောက်ရှိလာလေတော့၏။ ဤတာဝန်မှာ မိမိ မျိုးနွယ်စု၏ တာဝန်ဖြစ်၏။ ထို့အတူ မိမိကိုယ်တိုင်၏ တာဝန်လည်းဖြစ်၏။ အာဃာတကြောင့်ဆိုသော် မိမိဖခင် ဦးကလန်အား ရက်စက်စွာ သတ်ဖြတ်သွားသော ဤ ဦးဝေဠုအား ပြန်လည် လက်စား ချေရမည့် တာဝန်မှာ မိမိ၏ မဟာတာဝန် ဖြစ်သည်ဟု အိုးထိန်းသည် ခိုင်ခိုင်မာမာ ယုံကြည်ထား၏။ ထို့ကြောင့် လည်း ဦးဝေဠုနှင့် ပတ်သက်၍ သတင်းကို စုဆောင်း၏။ အခိုပ်အချည်ကို စောင့်ကြည့်ခဲ့၏။ အခါအခွင့်ကောင်းကို စောင့်မျှော်ခဲ့၏။ ယခုမူ အခါအခွင့်ကောင်း ပေါ်ပေါက်

www.burmeseclassic.com

သည် ၁၀ နာရီ သံချောင်းခေါက်သည်နှင့် တစ်ပြိုင်နက် နှစ်လုံးပြူးသေနတ်ကို ပိုက်လျက် ခြံထဲသို့ ဆင်းလာလေ၏။ ထို့နောက် ဦးဝဋ္ဋက....

"ဒီနေ့ တယ်ထူးပါလား၊ လူသွားလူလာ တော်တော်ပြတ် တယ်နဲ့ တူဘယ်၊ ခြံပြင်ကငန်းတွေတောင် ဘာသံမှ မကြား ရပါလား"

ဟု တွေးရင်း ခြံနောက်ဘက်ရှိ ခွေးလှောင်ချိုင့်ဆီသို့ သွားလေ၏။ ထို့နောက် ဦးဝဋ္ဋသည် ခွေးလှောင်ချိုင့်တံခါး ကို ဖွင့်ဖေးလိုက်လေ၏၊ အင်းခွေးကြီး နှစ်ကောင်သည် တဝုန်းဝုန်း အသံပြုလျက် ခြံတွင်းသို့ ပြေးထွက်သွားလေတော့ ၏၊ မျှားမကြာမီ၌ပင် ခွေးနှစ်ကောင်ထံမှ တကိန့်ကိန့်မြည်သံ ကြားရသဖြင့် ဦးဝဋ္ဋသည် ခွေးမျှားဆီသို့ ပြေးသွားပြီး လျှင် (၅)ဘောင်ထိုး လက်နှိပ်ဓာတ်မီးဖြင့် ထိုးကြည့်ရာ ခွေး နှစ်ကောင်စလုံး အဆိပ်မိသွားခကြောင်း သိရလေတော့၏၊ ဦးဝဋ္ဋ၏စိတ်၌....

"ငါ့ခွေသေမင်း လာခါနီးပြီကိုး၊ ငါပဲ သေရသေး၊ ငါကပဲ သတ်ရသတ်ရ ငါ့သမီးလေး မမြင်စေချင်ဘူး၊ အဲဒီဘော့ သမီးလေး ညဉ့်အိပ်ညဉ့်နေ အပြင်သွားရအောင် ငါစီစဉ်မှ၊ သမီးလေးကလဲ ပုံကြည့်ချင်လို့ ဖျာလက်မှတ် သွားဝယ်ထား တယ်၊ ဘာပဲဖြစ်ဖြစ် ပုံကတဲ့ရက် မနေရာက်ခင် ငါ့ရန်သူ မနေရာက်လာပါစေနဲ့၊ ဘာပဲဖြစ်ဖြစ် မနက်ကျရင်တော့ သူ့ဘို့ ကို ပွဲသုံးခွီစလုံးကြည့်အောင် တိုက်တွန်းရမယ်"

ဟု စိတ်အတွင်း၌ ရေရွတ်မိ၏လေ၏။

နံနက် မိုးလင်းသောအခါ၌ ဦးဝဋ္ဋသည် သမီးဖြစ်သူ ဘင်္ဂန္ဓယ်ရီနှင့် ကျွန်းအား ညက ခွေးနှင့်ငန်းများ သေသွားပုံ ကို ပြောပြလေ၏၊ ဒေါ်ကျွန်းလည်း ဘူတာရုံအနီး ကျွက် စားနေသော ကြမ်းပိုးလေးများအား ငန်းသုံးကောင် ပေး လိုက်၏၊ ထို့နောက် ၎င်းတို့ကိုပင် အမှိုက်ပုံသို့ ခွေးသေ နှစ်ကောင်ကို ပစ်ခိုင်းလိုက်လေ၏၊ ထိုအခြင်းအရာများကို တစ်နေရာမှ ချောင်းပြောင်း အကဲခတ်နေသော အိုးထိန်း သည် အလုံးစုံ တွေ့မြင်ခဲ့ရပြီ ဖြစ်၏၊ ထို့ကြောင့် အိုးထိန်း သည် တင်နွယ်ရီနှင့် ကျွန်းကို အောင်ဘည်ပွဲသွားကြည့်မည့် စနေနေ့ညအား ရန်သူဖြစ်သူ ဦးဝဋ္ဋ၏ ခြံတွင်းသို့ ဝင် ရောက်၍ တိုက်ခိုက်သုတ်သင်ရန် ရက်မြတ်မင်္ဂလာအဖြစ် ချယ်လှိုက်လေတော့ သတည်း။

www.burmeseclassic.com

www.burmeseclassic.com

မျက်လုံးထဲက အမှိုက်

အိုးထိန်းသည် အိပ်ရာမှနိုးသည်နှင့် တစ်ပြိုင်နက် မှန်ရွှေတွင် သွားရှုရုပ်လိုက်၏။ သူ၏ ချွန်းလက်တောက်ပသော မျက်လုံးများကို သေချာစွာ ကြည့်လိုက်၏။

"ရန်ငြိုးရန်ဘက်ရှိတယ်ဆိုတာ မျက်လုံးထဲ အမှိုက်ရှိနေတာနဲ့ တူလှချေကလား"

ဟု ရေရွတ်လိုက်လေ၏။ ထို့နောက်....

"ငါးထပ်ကြီးဘုရားတန်ဆောင်းထဲက အိုးစုတ်၊ အိုးပဲ့၊ အိုးခွဲ၊ အိုးစောင်း၊ အိုးထုံ အိုးအ လာဘဆိုတဲ့ အမှိုက်ကတော့ ငါ့မျက်လုံးထဲက ထုတ်ပြီးပြီ၊ အခု မျက်လုံးတစ်ဖက်မှာ အမှိုက်က ကျန်နေသေးတယ်၊ ခိုးလို့ခုလုနိုင်လိုက်တဲ့ အမှိုက်နှယ်၊ ဒီအမှိုက်ကတော့ စနေနေ့ညမှ ထုတ်ပစ်ရမယ့်

အမှိုက် ဦးဝေဠုပဲ၊ ဘာပဲဖြစ်ဖြစ် ရန်သူသမီးဖြစ်တဲ့ တင်နွယ်ရီ့ မျက်နှာကလေးက ချစ်စရာတော့ အကောင်းသားကလား၊ သနားစရာ မိန်းကလေးရေ....မင်းအဖေကတော့ ငါ့လက်ချက်နဲ့ ဇီဝိန်ကြွေတော့မယ်၊ ငါကလဲ နယ်တကာ လမ်းတကာ သွားပြီး မိန်းမတွေ ထောင်သောင်းမြင်ခဲ့ဖူးပါလျက် စိတ်နဲ့တောင် မ ပြစ် မှား မိ ဘူး၊ ဒီရန်သူသမီး တင်နွယ်ရီဆိုတဲ့ မိန်းကလေးကိုတော့ ဘာကြောင့်များ.... ထားလိုက်ပါတော့လေ၊ ငါ့ဆရာ ဦးမာတူးကလဲ ဖအေသတ်ပြီးရင် သမီးပါသတ်တဲ့၊ အမှန်ကတော့ ကောင်မလေးက သူ့ကိုယ်သူ ကြိုးမျိုးဆက်မှန်းတောင် သိရှာတာ မဟုတ်ဘူး၊ ဘာပဲဖြစ်ဖြစ် ဦးမာတူးက သတ်ဆိုရင်တော့ သူလဲ ချွန်ထားလို့ မဖြစ်ဘူး၊ သနားဖို့ကောင်းလိုက်တဲ့ မိန်းကလေးရယ်၊ ကျူပင်ခုတ်ရင် ကျူငုတ်မကျွန်ရဘူးဆိုတော့ ကောင်မလေးကတော့ ကျူငုတ်ဖြစ် နိုင် တယ်၊ ကောင်မလေးကို မသတ်ဘူးဘဲထား၊ သူ အိမ်ထောင်ပြုပြီးတော့ သား မွေးလာရင် အဲဒီသားလေးဟာ တစ်နေ့မှာ ငါ့ကို ပြန်ပြီး ကလဲစားချေချင် ချေနိုင်လိမ့်မယ်၊ ဦးမာတူးက ကောင်မလေးပါ ရှင်းပစ်လိုက်ဆိုရင်တော့ မတတ်နိုင်ဘူး မိန်းကလေးရေ၊ ဒါဟာ တာဝန်မဟုတ်လား၊ အဲဒီလို အမိန့်မပေးပါစေနဲ့လို့တော့ ငါဆုတောင်းပါတယ် မိန်းကလေးရယ်၊ မင်းကို ငါ့လက်နဲ့ မသတ်ရက်ပါဘူးကွာ"

ဟု ရေရွတ်ပြီးနောက် မိမိ၏ ပျော့ညံ့သော စိတ်ဓာတ်ကို ပြန်လည်သတိရကာ မှန်ထဲမှ မိမိ၏မျက်နှာကို တံတွေးဖြင့် ထွီခနဲ့ လှမ်းချထွေးလိုက်လေ၏။ ထို့နောက်....

www.burmeseclassic.com

www.burmeseclassic.com

ဤသို့နှင့်ပင် စနေနေ့ညသို့ ရောက်လာလေတော့၏။ ထိုညသည် အိုးထိန်၏ ကံကြမ္မာနှင့် ဦးဝဋ္ဌ၏ ကံကြမ္မာတို့ကို အဆုံးအဖြတ်ပေးမည့် ညတစ်ည ဖြစ်၏။ အိုးထိန်းသည် ပွဲစေ့းတံန်းရှိ ချောင်ကူသော လက်ဖက်ရည်ဆိုင်မှနေ၍ တင်နွယ်ရီနှင့် ဒေါ်ဂျာနားအလာကို စောင့်ကြည့်နေလေ၏။ ထိုသို့ စောင့်ကြည့်နေသောအခါ ရုံခါပြီးသောအခါ၌ ကော်ဇော၊ စောင်၊ ခေါင်းအုံးတို့အပြင် လက်ဖက်ဆုပ်ထည့်ထားသော ယွန်းအစ်၊ ရေနွေးကြမ်းထည့်ထားသော စားတ်ဘူး၊ ပေါ့လင်းတို့ကို ယူဆောင်လျက် လာနေကြသော တင်နွယ်ရီနှင့် ဒေါ်ဂျာနားကို တွေ့လိုက်ရလေတော့၏။

ထိုအခါ၌ အိုးထိန်းသည် လက်ဖက်ရည်ဆိုင်မှထွက်ကာ သစ်ခန်းကျွန်းဘူတာအနီးသို့ ရောက်သွား၏။ ဘူတာအနီးရှိ ဝါးရုံကြီးတစ်ရုံတွင် နွေခင်းကပင် အမှတ်မထင်ပို့ထားသော ဝါးလုံးရှည်ကြီးတစ်ချောင်းရှိ၏။ အိုးထိန်းသည် လူရိပ်လူခြည်ကို ကြည့်၍ ထိုဝါးလုံးကြီးကို သွား ရောက် ယူ ဝင် ရ၏။ ထို့နောက် ဦးဝဋ္ဌနေထိုင်ရာခြံနှင့်လေ့မ်းမကမ်းတွင် ခိုကပ်၍ ပုန်းအောင်းနေလိုက်၏။ ဦးဝဋ္ဌမှာမူကား တင်နွယ်ရီတို့ ပွဲကြည့်သွားကတည်းကပင် နှစ်လုံးပြူးသေနတ်တစ်လက်ဖြင့် လျှောက်နေပြီ ဖြစ်၏။ အိုးထိန်းသည် ဘူတာမှ ဆယ့်နှစ်နာရီ သံချောင်းခေါက်သံကို နားစွင့်နေ၏။ ဝါးလုံးကို အံဆင့်သင့် ကိုင်ထား၏။ ဆယ့်နှစ်နာရီသည် သံချောင်းခေါက်ရန် အချက်အမျှားဆုံးနာရီ ဖြစ်၏။ ထိုအချက်ကိုတွေးဆ၍ အိုးထိန်းသည် စောင့်မျှော်နေခဲ့ခြင်းဖြစ်၏။ ဒေါင်....ဒေါင်....ဟု ခေါက်လိုက်

"အလကား.....အိုးထိန်း၊ အလကားကောင်၊ ဒီလိုပျော့ညံ့လို့ ရမလား၊ ဘာမဟုတ် ညာမဟုတ် ကောင်မလေး တစ်ယောက်အတွက် မင်းရဲ့ရည်ရွယ်ချက်တွေကို ဖျက်ဆီးစမ်းလိုလား"

ဟု ကြိမ်းဝါးလိုက်လေ၏။ ထို့အတူ လိုအပ်သူ့တင်နွယ်ရီအတွက်ပါ ရုတ်စက်ရုန် ဆုံးဖြတ်လိုက်လေတော့၏။ ထိုသို့ ဆုံးဖြတ်ပြီးသည့်အခါကမူမှပင် တင်နွယ်ရီ၏ ကန့်ကလျှိုင်လှသော အသံကလေးကို အိုးထိန်း၏နားအတွင်း၊ သို့မဟုတ် နှလုံးသားအတွင်း၌ ပြန်လည်ကြားယောင်မိလေ၏။ အိုးထိန်းသည် ထိုအသံကို သေချာစွာ နားထောင်နေလေ၏။ အသံသည် ကျယ် သည် ထက် ကျယ်လာ၏။ အာယ်ကြောင့်ဆိုသော် ထိုမိန်းကလေး၏ပုံရိပ်သည် အိုးထိန်း၏နှလုံးသားဌာန၌ စွဲထင်ကျန်ရစ်နေသောကြောင့် ဖြစ်၏။

"အဘိုး ဦးမာတူးပြောမှ မဟုတ်ဘူး၊ ကောင်မလေးကို ငါက သတ်ချင်တယ်လို့ စပြီး တင်ပြရမှာ၊ ငါ့အလုပ်ဟာ အဘိုး ဦးမာတူးရဲ့ သဘောတူညီမှုကို ရယူဖို့ပဲ ရှိဘယ်၊ သူ့ခိုင်းမှ လုပ်ရမှာမဟုတ်ဘူး၊ တကယ်ကူတော့လဲ ဒီကောင်မလေးက ငါ့နှလုံးသားထဲက အမှိုက်ကလေးတစ်ခုပါ"

ဟု တစ်ကိုယ်တည်း ရေရွတ်လိုက်လေတော့သတည်း။

* * *

www.burmeseclassic.com

သည်နှင့် တစ်ပြိုင်နက် အိုးထိန်းသည် ဝါးလုံးကိုထောက်၍ ခြံအတွင်းသို့ ခုန်ဝင်လိုက်၏။

ဘူတာမှ သံချောင်းခေါက်သံကြောင့် ဦးဝေဠု၏နားဦ ကြောင်ကဲ့သို့ ပေါ်ပါးဖျတ်လတ်စွာ ခြံတွင်းသို့ ခုန်ဝင်လာသော အသံကို ကြားလိုက်ရခြင်းမရှိပေ။ ထို့နောက်တွင်လည်း အခြားသောကင်းများမှ သံချောင်းခေါက်သံများ ဆက်တိုက်ပေါ်လာလေ၏။ အိုးထိန်းသည် အိမ်ဘေးမှအရိပ်ခိုကာ အိမ်ရှေ့ဘက်သို့ ကပ်သွားပြီးလျှင် အိမ်မှ အပြင်သို့ထွက်နေသော စာန်းတစ်တန်းကိုခို၍တက်ကာ ဦးဝေဠု ၎င်းဘက်သို့ မျက်နှာမူ၍ လျှောက်လာမည့်အချိန်ကို စောင့်နေရ၏။ ဦးဝေဠုသည် အိမ်ရှေ့တံခါးဝဆီသို့ လျှောက်၍ သွားရောက်ကြည့်ရှုပြီးလျှင် နောက်ဖေး ခြံတံခါးဆီသို့ ပြန်၍လျှောက်လာလေ၏၊ ထိုအခါ အိုးထိန်းသည် တန်းပေါ်မှနေ၍ ဦးဝေဠု၏ မျက်နှာကို ဖြောင်းခနဲ တအားလဲ၍ကန်ကာ ခုန်၍အုပ်လိုက်လေ၏။

ဦးဝေဠု၏လက်တွင်းမှ နှစ်လုံးပြူးသေနတ်သည် လွင့်စဉ်၍ ထွက်သွား၏။ ဦးဝေဠုမှာ အိုးထိန်း၏ ခြေထောက်ဒဏ်ချက်ကြောင့် မြေမေ့သို့ လဲကျသွားပြီဖြစ်၏။ အိုးထိန်းသည် လဲကျသော ဦးဝေဠုကို ဆွဲ၍ထူပြီးလျှင် အနီးရှိ အိမ်တိုင်ဖြင့် ခပ်ပြင်းပြင်း စောင်း၍တိုက်လိုက်ပြီးလျှင် လေကားဘက်ဆီသို့ တွန်းပစ်လိုက်ရာ လေကားရင်း၌ ပက်လက်လန်၍ ကျသွားလေ၏။ ဦးဝေဠုမှာ တအင်းအင်း တအဲအဲ ညည်းညူလျက်ရှိ၏။ ထိုအခါ၌ အိုးထိန်းက....

"ဒီမှာ ဦးဝေဠု....ကျုပ်မျက်နှာကို သေ သေ ချာ ချာ ကြည့်စမ်း"

ဟု ဆိုကာ လဆောင်ရှိသော်လည်း ပို၍ ထင်ထင်ရှားရှား မြင်နိုင်ရန်အတွက် ဦးဝေဠုအနီး၌ ကျနေသော လက်နှိပ်ခတ်မီးဖြင့် မိမိ၏မျက်နှာကို မိမိ ထိုးပြကာ အိုးထိန်းသည် မခိုးမခန့် ပြုံးပြလိုက်လေ၏။ ဦးဝေဠုသည် မျက်လုံးကို ကြိုးစား၍ ဖွင့်ကြည့်လိုက်၏၊ ထို့နောက် အားယူ ပြုံးလိုက်ပြီးလျှင်....

"သေဘယ်ဆိုတာကို တစ်ခေးလောက် အိပ်ခွင့်ရတယ်လို့ ထင်တဲ့ ဝေဠုပါ၊ အခု မင်းက နိုင်ပြီ၊ ငါ့ကို သတ်ပေရော့၊ မင်း ဘယ်သူလဲဆိုတာ ငါ သိပါတယ်၊ မင်းမျက်နှာဟာ ကလန့်နဲ့ တူတယ်၊ မင်း ကလန့်ရဲ့သား မဟုတ်လား"

ဟု ပြောလိုက်လေ၏။ ထိုအခါ အိုးထိန်းက ခါးကြားတွင် အသင့်ထိုးထားသော ကျောက်သလင်းတုံးကို ထုတ်ယူလိုက်လေ၏၊ ထိုကျောက်သလင်းတုံးကို လက်နှိပ်ခတ်မီးဖြင့် ထိုးပြလိုက်လေ၏၊ ပြီးနောက်....

"ဒါဟာ ကျုပ်တို့ အိုဂိုဏ်းက သန့်လျက်လေ၊ ဒါနဲ့ ခင်ဗျားရင်ဘကို ထိုးသတ်မယ်၊ ပြီးရင် ခင်ဗျားနဖူးစပါမှာ အိုးတံဆိပ် ရေးခဲ့ဦးမယ်၊ ခင်ဗျားသမီးကို သတ်ရမယ်၊ မသတ်ရဘူးဆိုတာတော့ ကျုပ်ဆရာ ဦးမာတူး ဆုံးဖြတ်လိမ့်မယ်ကဲ....တစ်ခေးအိပ်လိုက်ပေတော့ ဦးဝေဠုရေ"

ဟု ပြောလိုက်လျှင် ဦးဝေဠုက....

www.burmeseclassic.com

"ထိထိမိမိလေးလုပ်လိုက်စမ်းပါ မောင်ရင်၊ ကျုပ် အိပ်စက်ချင်နေတာ ကြာပါပြီ၊ ကျုပ်သမီးကတော့ သူ့ကိုယ်သူ ကြိုးမှန်းတောင် မသိရှာပါဘူး၊ ဒါပေမယ့်လဲ ကျုပင်ခုတ်ရင် ကျူငုတ်ခကျန်တာ ကောင်းတယ်ကွယ်၊ သူ့ကိုပါ တစ်ခါတည်း အိပ်ခွင့်ပေးလိုက်ပါ"

ဟု ပြောဆိုကာ ဦးဝေဠုသည် မျက်စိမှိတ်လိုက်၏။

ထိုအခါ အိုးထိန်းသည် ဦးဝေဠု၏ရင်ဝကို ကျောက်သလင်းတုံးဖြင့် ထိုးစိုက်၍ချလိုက်လေတော့၏။ သွေးများသည် ပန်းထွက်လာ၏၊ အိုးထိန်းသည် သွေးများကို လက်ညှိုးဖြင့် တို့ကာ ဦးဝေဠု၏နဖူးပေါ်၌ ဝိုင်းစက်လှပသော အိုးပုံကလေး တစ်ပုံကို ဆွဲလိုက်လေ၏။

ထို့နောက် အိုးထိန်းသည် အိမ်တွင်းသို့ဝင်ရန် ဦးဝေဠုထံ၌ မြေပုံကို အလွယ်တကူ တွေ့လိုတွေ့ငြား လိုက်လံရှာဖွေနေလေ၏။ ထိုသို့ ရှာဖွေနေစဉ်၌ပင် လမ်းပေါ်မှ လူသံများကြား၍ အိမ်တွင်းမှ ပြန်၍ထွက်ကာ ဦးဝေဠု၏ရင်ဝ၌ စိုက်နေသော ကျောက်သလင်းတုံးကို ဆွဲထုတ်လိုက်ရာ ကျောက်သလင်းတုံးသည် လက်တွင်းမှ လွတ်ကျသွားလေ၏။ ရှာသော်လည်း ဦးဝေဠုကိုယ်လုံး၏ အောက်အစပ်သို့ လိမ့်၍ဝင်သွားသည် ဖြစ်ရာ ရုတ်တရက် ရှာ၍မတွေ့ဘဲ ရှိလေ၏။ ထိုအခါ၌ ခြံအနီး၌ လူသံများ ပိုမိုနီးကပ်လာသဖြင့် လွတ်ကျသွားသော ကျောက်သလင်းကို ပြန်ရှာမကောက်တော့ဘဲ အိမ်ချွေခြံတံခါးကို ဖွင့်ကာ ခြံပြင်သို့ ထွက်လိုက်လေ၏။

ထို့နောက် မှောင်ရိပ်ခို၍ ဘူတာတက်ဆီသို့ လျှောက်သွားပြီးလျှင် ပွဲဆီသို့ လျှောက်သွားနေသော လူအချို့နှင့် ရောနှောပစ်လိုက်လေတော့၏။ ထို့နောက် မင်းသား အောင်ဘည် ကနေသော ဇာတ်ရုံနှင့် များစွာမဝေးလှသည့် ၎င်း၏နေအိမ်သို့ ပြန်ခဲ့လေ၏၊ ၎င်း၏ခြံကို စောင့်သော ဒရဝမ်ကုလားက....

"ဆပ်....ပွဲမကောင်းဘူးလား"

ဟု မေးလိုက်လေ၏။

"မကောင်းပါဘူးကွာ၊ မင်းသားကလဲ တစ်ကိုယ်လုံးမှာ လျှပ်စစ်ကြိုးတွေပတ်ပြီး ကနေတာပါ၊ ငါလဲ အိပ်ချင်တာနဲ့ ပြန်လာခဲ့တာ"

ဟု ပြောဆိုကာ ခြံတွင်းသို့ဝင်၍ အိမ်အပေါ်ထပ်သို့ တက်လာခဲ့လေ၏။ အိမ်ပေါ်ထပ်သို့ ရောက်လျှင် အဖြူအပျော့အသေးစိတ်ကို ဝှက်စာဖြင့်ရေး၍ ခိုးခြေထောက်တင် ချိတ်ထားသော သတ္တုကြေးတိုအတွင်းသို့ ထည့်လိုက်လေ၏။ ခိုမှာ လွန်ခဲ့သော (၂)ရက်ခန့်ကပင် ဘိန်းဖြတ်ထားသည်ဖြစ်ရာ ယင်းထနေပြီ ဖြစ်၏။ ထို့နောက် ခို လျှောင်ချိုင့်ကိုယူ၍ တိုက်အိုးပေါ်သို့ တက်သွားပြီးလျှင် လျှောင်ချိုင့်ကိုဖွင့်၍ လွှတ်လိုက်လေတော့၏။ ထိုအခါကမှ အိုးထိန်းက....

"ငါ့မျက်စိထဲကိုဝင်နေတဲ့ အမှိုက်ကြီးတစ်ခုကို ငါထုတ်ပစ်လိုက်ပြီ၊ အခုမှ နေသာထိုင်သာ ရှိသွားတော့တယ်"

ဟု ရေရွတ်လိုက်လေတော့သတည်း။

○

www.burmeseclassic.com

www.burmeseclassic.com

အချိန်နောင်းမှ ပွင့်တဲ့ အချစ်ပန်း

အိုးထိန်းသည် ခါတိုင်းကဲ့သို့ပင် သူ၏အလုပ်ခန်းသို့ သွားလေ၏။ သူသည် ကောင်းစွာလေ့ကျင့်ထားသော ယောကျ်ားကောင်း ဖြစ်သည့်အားလျော်စွာ တစ်စုံတစ်ရာ စိတ်လှုပ်ရှားခြင်း မရှိလှပေ။ ထို့ကြောင့် လူသတ်မှုနှစ်ခုကို ရွှေဆင့် နောက်ဆင့် ကျူးလွန်ထားသော လူသတ်သမားတစ်ဦးဟူ၍ မည်သူတစ်စုံတစ်ယောက်ကမျှ သံသယဖြစ်နိုင်လိမ့်မည် မဟုတ်ပေ။

တစ်နေ့သဘ္ဒ အိုးထိန်းထံသို့ တင်နွယ်ရီ ရောက်လာ၏။ တင်နွယ်ရီသည် အိုးထိန်းကို မြင်လျှင်မြင်ချင်း....

"ဒီမှာ အစ်ကို၊ ညြော်....ယောင်လို့ ယောင်လို့ ဆရာ ကျန်မဖေဖေ သေသွားပြီ၊ ဆံတင်းစာတဲမှာ တွေ့မှာပေါ့၊

ဘာဖြစ်လို့မျှား ကျွန်မဆီကို သတင်းလာမမေးရတာလဲ ဆရာ ရယ်၊ ကျွန်မက ဆွေမျိုးလဲ နည်းပါတယ်၊ အသိမိတ်ဆွေလဲ နည်းပါတယ်၊ ဆရာ လာမေးရင် ကျွန်မ သိပ်အားရှိမှာပဲ"

ဟု ပြောလိုက်လျှင် အိုးထိန်းသည် အားတို့အားနာ ဖြစ်သွားပြီးလျှင်....

"ဒီမှာ မတင်နွယ်ရီ၊ ကျွန်တော် သတင်းစာထဲမှာ တွေ့ကတည်းက စိတ်မကောင်းပါဘူး ဗျာ၊ ကျွန်တော်တို့က အမျှားနဲ့ လုပ်စားနေရတဲ့ လက္ခဏာဆရာဆိုတော့ ဆင်ခြင်ရတယ်၊ ကိုယ့်ဆီမှာ လက္ခဏာလာကြည့်တဲ့လူက မဖိတ်ခေါ်ဘဲ အိမ်ကိုမသွားရဘူး၊ နောက်တစ်ခုကလဲ ဖိတ်ခေါ်တာတောင် ဖိတ်တိုင်းမသွားရဘူး၊ အခုကိစ္စက အရေးကြီးတဲ့ကိစ္စဆိုတော့ ကြိုက်မှန်းမသိ မကြိုက်မှန်းမသိ မလာဝံ့ပါဘူးဗျာ၊ နောက်တစ်ခုကတော့ မတင်နွယ်ရီရဲ့ ဖခင်အတွက် ကျွန်တော် အဓိကာ စိတ်မကောင်းဖြစ်မိပါတယ်"

ဟု ပြောလိုက်လေ၏၊

"ကဲ....အခု ကျုပ်အနေနဲ့ ဘာများ အကူအညီ ပေးရမလဲ"

ဟု အိုးထိန်းက မေးလိုက်ရာ တင်နွယ်ရီက....

"ဒီလိုရှိပါတယ် အစ်ကို၊ ညြော်....ယောင်လို့နော် ဆရာ၊ အဖေဟာ ဘာကြောင့် အခုလို ရက်ရက်စက်စက် အသတ်ခံသွားရတယ်ဆိုတာ ကျွန်မ မသိပါဘူး၊ အဖေ့ရန်သူ ဘယ်သူ ဘယ်ဝါ ဖြစ်တယ်ဆိုတာလဲ ကျွန်မ မသိပါဘူး၊ သိလဲ မသိချင်ပါဘူးလေ၊ အဲဒီရန်သူဟာ ဖေဖေ့ကိုတင် မဟုတ်လဲ ကျွန်မ

www.burmeseclassic.com

ကိုပါ ဆက်ပြီး ရန်မူမှာကိုတော့ စိုးရိမ်မိပါတယ်၊ ကျွန်မမှာ အားကိုးရမယ့် ဆွေမျိုးလဲ မရှိပါဘူး၊ ယောကျ်ားမိတ်ဆွေလဲ မရှိပါဘူး၊ ဆရာငဲ့ခိုပါတယ်၊ အကယ်၍ ကျွန်မကိုပါ ရန်မူဖို့ရှိခဲ့တယ်ဆိုရင်တော့ ဆရာ ကျွန်မကို ကာကွယ်ပေးပါနော်၊ အဖေ့ရန်သူ လူသတ်သမားဟာ တော်တော့်ကို ရက်စက်တဲ့လူ ဖြစ်ရမယ်၊ ပုလိပ်ဘက်က ဆားပုလင်း နှင်းမောင်ဆိုတဲ့လူရဲ့ ပြောပြချက်အရဆိုရင် လူသတ်သမားဟာ ဖေဖေ့မျက်နှာကို ခြေထောက်နဲ့ တစ်ချက်ပြင်းပြင်း ကန်ထားတယ်၊ အိမ်တိုင်နဲ့ ခေါင်းနဲ့ နှစ်ချက် ဆောင့်ထားတယ်၊ ပြီးတော့မှ ကျောက်သလင်းတုံးကြီးနဲ့ ထိုးသတ်တာ၊ ကျွန်မတော့ အဲဒီလို သေခြင်းမျိုးနဲ့ မသေချင်ဘူး၊ ကျွန်မ သိပ်ပြီး ကြောက်ပါတယ် ဆရာရယ်၊ ကျွန်မမှာ အားကိုးရမယ့်လူ မရှိတော့ပါဘူး"

ဟု တင်နွယ်ရီက သနားဖွယ်ကောင်းသော အသံကလေးဖြင့် ပြောလိုက်ရာ အိုးထိန်း၏ စိတ်၌....

"ခက်တော့တာပဲ တင်နွယ်ရီရယ်၊ နင့်ကိုသတ်မယ့် လူသတ်သမားဟာ ငါဟဲ့၊ ငါ့ကိုမျှား နင်က ကာကွယ်ပေးဖို့ လာပြောရသတဲ့လား"

ဟု ရေရွတ်မိလေတော့၏၊

သို့ရာတွင် အိုးထိန်းသည် မျက်နှာ ပျက်မသွားပေ။ ဤသို့ဟန်ဆောင်ကောင်းအောင်လည်း ၎င်း၏ဆရာဖြစ်သူ ဦးမာတူးက အထူးလေ့ကျင့် သင်ကြားပေးထားသည် မဟုတ်ပါလား။ အိုးထိန်းသည် တင်နွယ်ရီ၏ မျက်နှာကို ကရုဏာ

သက်သော မျက်လုံးများဖြင့် ကြည့်လိုက်၏၊ ပြီးလျှင် အိုးထိန်းက....

"မတင်နွယ်ရီ....မင်းခဲ့ဖေဖေကိုသတ်တဲ့ လူသတ်သမားကို မိဖို့နီးစပ်ပြီလား၊ ပုလိပ်ဘက်က ဘယ်လိုပြောသလဲ၊ ကျုပ်ကိုလဲ ပြောပြပါဦး"

ဟု ပြောလိုက်လေ၏၊

"ပုလိပ်ဘက်က ထူးထူးခြားခြား ဘာမှ မပြောပါဘူး၊ တစ်ခုထူးဆန်းတာကတော့ ဆားပုလင်း နှင်းမောင် ပြောပုံအရ ဖေဖေဟာ ဂိုဏ်းတစ်ဂိုဏ်းနဲ့ ပတ်သက်နေတဲ့လူတဲ့၊ အဲဒီဂိုဏ်းဟာ ကြိုးဂိုဏ်းတဲ့၊ သူတို့ဂိုဏ်းနဲ့ မတည့်တဲ့ ဂိုဏ်းဟာ အိုးဂိုဏ်းလို့ ခေါ်တယ်တဲ့၊ ဆားပုလင်းနှင်းမောင်ရဲ့ မှန်းဆချက်အရဆိုရင် အဲဒီအိုးဂိုဏ်းနဲ့ ကြိုးဂိုဏ်းဟာ တစ်ယောက်တစ်လှည့်စီ သတ်နေကြတာတဲ့၊ လူသတ်သမားကို မိအောင်ဖမ်းပြီး ကြိုးစင်တင်ပေးလိုက်မှ ဒီနှစ်ဂိုဏ်းရဲ့ အာဃာတတွေဟာ ချုပ်ငြိမ်းသွားမယ်တဲ့၊ အဲဒီစကားဟာ သိပ်ပြီးထူးဆန်းတာပဲ ကျွန်မလဲ ဘာမှမသိဘူး၊ ဖေဖေက ဘာဖြစ်လို့ ကြိုးဂိုဏ်းထဲ ရောက်နေရတာလဲ၊ ကြိုးဂိုဏ်းဆိုတာကကော ဘာလဲ ဆရာ၊ ကျွန်မ မသိဘူး"

ဟု ပြောလိုက်ရာ အိုးထိန်း၏ရင်သည် ဒိတ်ခနဲ ဖြစ်သွားလေ၏၊ ထို့နောက်မှ....

"မတင်နွယ်ရီ....မင်းက သိသည်ဖြစ်စေ၊ မသိသည်ဖြစ်စေ အိုးဂိုဏ်းကမှေးရင် အိုးပဲ၊ ကြိုးဂိုဏ်းကမှေးရင် ကြိုးပဲဖြစ်ရမှာပေါ့၊ ဒါကတော့ ကျုပ်ထင်တာကို ပြောတာပါလေ၊

www.burmeseclassic.com

www.burmeseclassic.com

တစ်နေ့နေ့မှာ ကြိုးဂိုဏ်းက မင်းကို သားဆက်သွယ်ပြီး ကြိုး
စိတ်ဓာတ် သွင်းပေးလိုက်ရင် မင်းအားဖကိုသတ်တဲ့ တရားခံကို
ပြန်ပြီး လက်စားချေချင်တဲ့ စိတ်တွေ ပေါ်လာလိမ့်မယ်၊
အဲဒါကြောင့် မတင်နွယ်ရီအနေနဲ့ လက်စားချေဖို့ မလိုရလေ
အောင် လူသတ်သမားကို ပုလိပ်ဘက်ကလူက ကြိုးစင်တင်မယ်
ပြောတာ"

ဟု အိုးထိန်းက ပြောလိုက်လေ၏၊ ထိုအခါ တင်နွယ်ရီ
က....

"တောက်တီး တောက်တဲ့ ဆရာရယ်....ကျွန်မကို ဘယ်သ
တွေလာပြီး ဆက်သွယ် ဆက်သွယ် ကျွန်မ ဘာမှ စိတ်မဝင်
စားဘူး၊ ကျွန်မက အိုးဂိုဏ်းလဲ မဟုတ်ဘူး၊ ကြိုးဂိုဏ်းလဲ
မဟုတ်ဘူး"

ဟု ခပ်သွက်သွက် ပြန်၍ဖြေလိုက်လေ၏၊

ထိုအခါ အိုးထိန်းက....

"မတင်နွယ်ရီပြောတာလဲ ဟုတ်ချင်ဟုတ်မှာပါ၊ ဒါပေမယ့်
မတင်နွယ်ရီဟာ တစ်နေ့နေ့ တစ်ချိန်ချိန်မှာ အိမ်ထောင်ပြု
မယ် မဟုတ်လား၊ အဲဒီအခါမှာ သား ယောကျ်ားလေး
ထွန်းကားခဲ့မယ်ဆိုပါတော့၊ အဲဒီသားကလေးဟာ တစ်ချိန်ချိန်
မှာ ကြိုးတွေနဲ့ အဆက်အသွယ်ရပြီ. ကြိုးဖြစ်ချင်လဲ ဖြစ်သွား
မှာပေါ့၊ အဲဒီလိုဖြစ်သွားရင် မတင်နွယ်ရီ အဖေအတွက်
လက်စားပြန်မချေဘူးလို့ ပြောနိုင်မလား"

ဟု ပြောလိုက်ပြန်၏၊ ထိုအခါ တင်နွယ်ရီက...

"မဟုတ်တာဘဲ ဆရာရယ်၊ တင်နွယ်ရီ အိမ်ထောင်မပြု
ပါဘူး"

ဟု ပြန်၍ ပြောလိုက်လေ၏၊ ထိုအခါ အိုးထိန်းက....

"ဒီစကားဟာ ချစ်တဲ့သူကို မတွေ့ဆေးခင်တော့ မှန်ပါ
လိမ့်မယ်၊ တွေ့ရင်တော့ လုံးဝ မမှန်နိုင်တော့ဘူးဗျ"

ဟု ပြောလိုက်ရာ တင်နွယ်ရီက....

"အဲဒါတော့ ကျွန်မလဲ မပြောတတ်ဘူး"

ဟု ပြောကာ မျက်နှာတွင် ရှက်သွေးများဖြာ၍ နီမြန်း
သွားလေတော့၏၊

"သိပ်ပြီးရှက်သွားသလား မိန်းကလေး"

ဟု အိုးထိန်းက ကရုဏာသက်သောလေသံဖြင့် ပြောလိုက်
လေ၏၊

တင်နွယ်ရီသည် တစ်စုံတစ်ရာ ပြောဆိုခြင်း မပြုတော့ဘဲ
နှုတ်ဆိတ်သွားလေ၏၊ ထို့အခါ အိုးထိန်းက....

"တင်နွယ်ရီ....မင်းရဲ့နှလုံးသားလေးဟာ သိပ်ပြီးသန့်ရှင်း၊
သိပ်ပြီး နူးညံ့လှပါတယ်၊ မိန်းကလေးရယ်....ဒီထက် ကျုပ်
ဘာမှ မပြောတတ်ဘူး၊ ဒီထက်ပြောတတ်တယ်ဆို ထားဦး၊
ဖခင်တစ်ဦး ဆုံးရှုံးပြီးကာစ မိန်းကလေးကို ကျုပ်မှအနေနဲ့
မပြောရက်ပါဘူး"

ဟု ပြောလိုက်ရာ တင်နွယ်ရီသည် ရင်တွင်းဌ မကြံစဖူး
ထူးခြားသော ပီတိများ ဖြာဝေသွားလေ၏၊ ထို့နောက်မှ
တင်နွယ်ရီက....

www.burmeseclassic.com

www.burmeseclassic.com

"ဘာပဲဖြစ်ဖြစ် ကျွန်မကတော့ အစ်ကို့ကို....သြော်.... ယောင်လို့ ယောင်လို့၊ ဆရာ့ကို အားကိုးချင်ပါတယ်"

ဟု ပြန်၍ ပြောလိုက်လျှင် အိုးထိန်းသည် တင်နွယ်ရီ၏ သွယ်လျသော လက်ချောင်းကလေးများကို သူ၏ လက်ဖြင့် အုပ်၍ ကိုင်လိုက်ပြီးလျှင်....

"ကိုယ်လဲ ဘာပြောရမှန်း မသိတော့ပါဘူး တင်နွယ်ရီ ရယ်၊ ကိုယ့်ရင်ထဲမှာ မပွင့်ဖူးသေးတဲ့ ပန်းကလေး ပွင့်လာပြီနဲ့ တူတယ်၊ အဲဒီပန်းကလေးဟာ အချစ်ပန်းကလေး ဖြစ်မယ်ဆို ရင်တော့ အချိန် မနှောင်းပါစေနဲ့လို့ ဆုတောင်းရမှာပဲ မိန်းကလေးရယ်"

ဟု ပြောဆိုကာ တင်နွယ်ရီ၏ လက်ကလေးကို ယုယစွာ ဆွဲယူ၍ ကြင်နာစွာ နမ်းရှုပ်လိုက်လေတော့သတည်း

ခါးကုန်းကြီးတိုလူစု ရောက်လာခြင်း

တစ်ခုသော နေ့လယ်ခင်း၌ အိုးထိန်းသည် ည့ှေသည်မရှိသဖြင့် လက္ခဏာပုံတောင်းများကို ထပ်မံ ကြည့်ရှုလုပ်လာနေလေ၏။ ထိုအချိန်၌ ၎င်း၏ အလုပ်ခန်းအတွင်းသို့ လူ သုံးယောက် ဝင်လာလေ၏။ ထိုလူသုံးယောက်အနက် တစ်ယောက်သော သူသည် တစ်ခါက ၎င်းထံသို့ လာရောက်၍ လက္ခဏာမေးမြန်းဖူးသော ခါးကုန်းကြီး မစ္စတာပ ဖြစ်၏။ တစ်ယောက်မှာ ယပ်တောင် တဖျပ်ဖျပ် ခတ်လေ့ရှိသော တရုတ်ကြီး မစ္စတာလန် ဖြစ်၏။ ကျန်တစ်ယောက်မှာ အိုးထိန်းအား လက္ခဏာပြန်၍ ဖတ်ပေးသွားသော ဦးက ဖြစ်၏။ ၎င်းတို့သည် အိုးထိန်း၏ရှေ့၌ ကုလားထိုင်များ ဆွဲ၍ ထိုင်ကြလေ၏။

ထို့နောက် ခါးကုန်းကြီးက....

"ဒီမှာ ဆရာမောင်ဒီရေ....အခု ကျုပ်တို့သုံးဦး လာခဲ့ရတာကတော့ လက္ခဏာကြည့်ဖို့ မဟုတ်ပါဘူး၊ အမှုကြီးတဲ့

www.burmeseclassic.com

ကိစ္စခွင့်လျှပါ၊ ဆရာလေးဟာ ငါးထပ်ကြီးဘုရားနားက ဝိသာခါဧရပ်ထဲမှာ စက္ကောမ ဆရာလာဘဆိုတဲ့ မျက်လှည့်ဆရာတစ်ယောက်ကို ကျောက်သလင်းတုံးနဲ့ ထိုးသတ်သွားတယ်၊ ပြီးတော့ သဃ်နန်းကျန်းဘူတာနဲ့ သိပ်ပြီး မဝေးတဲ့ ခြံကြီးတစ်ခြံထဲမှာနေတဲ့ ကြွီးဂိုဏ်းက ကိုဝေဠုကိုလဲ အဲဒီလိုပဲ ကျောက်သလင်းတုံးနဲ့ ထိုးသတ်သွားခဲ့တယ်၊ အဲဒါ ကျုပ်တို့ သုံးယောက်စလုံး သိတဲ့ ကိစ္စပဲ၊ ဆရာလေး အဲဒီအမှုတွေ မကျွေးလွန်ခင်ကတည်းက ကြွေပြီး သိနေပါတယ်၊ အခုလာတဲ့ ကိစ္စက နောက်ထပ် ဘယ်သူကို သတ်ဦးမလဲဆိုတာ သိချင်လို့ လာမေးတာပါ"

ဟု ပြောလိုက်ရာ အိုးထိန်းသည် မျက်လုံးပြူး၍ သွားလေ၏။ ထို့နောက်မှ ဖျတ်ခနဲ ဂွမ်းခြေဆည်လိုက်ပြီး....

"ခင်ဗျားတို့ ဘယ်သူတွေလဲ၊ ပုလိပ်ဘက်ကလား၊ ခင်ဗျားတို့ အဲဒဲမှာ ဆားပုလင်းနှင်းမောင်ဆိုတာ ပါသလား"

ဟု မေးလိုက်လေ၏၊

ထိုအခါ ခါးကုန်းကြီးက တဟားဟား ရယ်၏၊ ကျေနပ်အောင် ရယ်ပြီးနောက်....

"ဆားပုလင်းနှင်းမောင်ဆိုတာ ဒီသုံးယောက်ထဲမှာ မပါဘူး၊ ဆားပုလင်းနှင်းမောင်ဆိုတာ ကိုယ့်လူရဲ့သေမင်းပဲ၊ အခုတွေ့ မမေးနဲ့၊ ကျုပ်တို့မေးဘာ ခင်ဗျား နောက်ထပ် ဘယ်သူကို သတ်ဦးမလဲ"

ဟု ပြောလိုက်လျှင် အိုးထိန်းက....

"ကျုပ်ကတော့ ကြွေးမှန်ရင် အကုန်သတ်မှာပဲ၊ အဲဒီကြွေးတွေထဲမှာလဲ ထူးချွန်တဲ့ ကြွေးတွေကို အရင်ရှာပြီး သတ်မယ်"

ဟု ပြောလိုက်လျှင် ခါးကုန်းကြီးက....

"ထူးချွန်တဲ့ ကြွေးတွေထဲမှာ စနေမောင်မောင်တို့၊ ဂွမ်တီတို့၊ ဆိတ်ဖွားတို့ ပါတယ် မဟုတ်လား"

ဟု မေးလိုက်လေ၏။ ထိုအခါ အိုးထိန်းက....

"ဟုတ်တယ်၊ ပါတယ်၊ အဲဒီလူတွေရဲ့ စာရင်းကတော့ ထိပ်ဆုံးကပေါ့"

ဟု ပြောလိုက်ရာ....

ခါးကုန်းကြီးက....

"အဲဒါကြောင့် ကျုပ်တို့ လာခဲ့ရတာ၊ ကိုယ့်လူ ပြောတဲ့ စနေမောင်မောင်တို့၊ ဂွမ်တီတို့၊ ဆိတ်ဖွားတို့ဟာ ကြွေးတွေ ဖြစ်ခဲ့တာပေါ့ မှန်တယ်၊ ဒါပေမယ့် အခုအခါမှာ သူတို့ဟာ ကြွေးကိုလဲ စိတ်မဝင်စားဘူး အိုးကိုလဲ စိတ်မဝင်စားဘူး၊ ဘာကိုမှ စိတ်မဝင်စားဘူး၊ အဲဒီသုံးယောက်တာ ကြွေးဘက်ကသာ ပါမယ်ဆိုရင် ကိုယ့်လူ ခသတာကြာလှပြီ၊ ယေဘုယ်လား၊ ကျုပ်ဟာ စနေမောင်မောင် ဖြစ်တယ်"

ဟု ဆိုဘာ ခါးကုန်းကြီး အယောင်ဆောင်ထားသော စနေမောင်မောင်သည် ခါးကိုမတ်၍ ပြုလိုက်လေ၏။ အိုးထိန်းသည် စနေမောင်မောင်ဆိုသူအား အံ့ဩသွားဖြင့် ကြည့်လိုက်၏။ လေးစားကြည်ညိုဖွယ်ရာကောင်းသော ဥပဓိရုပ်ရှိသည့် အသက်လေးဆယ်ကျော်အရွယ် လူတစ်ယောက် ဖြစ်ကြောင်း တွေ့ရလေ၏။

www.burmeseclassic.com

"ဒီမှာ မောင်ရင်၊ ငါဟာ ကြိုးတော့ကြိုးပဲ၊ ဒါပေမယ့် အဲဒါတွေကို စိတ်မဝင်စားဘူး၊ ဒါကြောင့် မင်းအနေနဲ့ လက်စားချေရမယ့် လာဘနဲ့ ဝေဠုကို လက်စားချေပြီးတဲ့အထိ စောင့်နေတာ၊ ဒါပေမယ့် မင်းဆရာ ဦးမာတူး ပြောတဲ့ စကားကိုယုံပြီး လျှောက်မလုပ်ဖို့ မင်းကို လာသတိပေးတာ"

ဟု စနေမောင်မောင်က ပြောလိုက်ချိန်၌မှာပင် ယပ်တောင်ဖျာဖျပ်ခတ်နေသော တချုတ်ကြီးက....

"ငါဟာလဲ ကြိုးတော့ကြိုးပဲ၊ ဒါပေမယ့် မင်းရဲ့ ရန်သူ မဟုတ်ဘူး၊ ငါ့ဆီကိုလဲ ရန်မူဖို့မလာနဲ့၊ မင်းတို့ဖြစ်တဲ့ ရာဇဝင်အရှုပ်ထဲမှာ ငါမပါဘူး၊ ငါ့နာမည်က ဂွမ်တီလို့ခေါ်တယ်"

ဟု ပြောလိုက်လျှင် အိုးထိန်းသည် အံ့သြခြင်းမက အံ့သြ၍ သွားရလေ၏။

ထိုအခါ၌....

"မင်းတို့ကလဲ ကြိုးမှန်ရင် ရန်သူချည်း အောက်မေ့နေတာကိုး၊ ငါတို့က မျိုးရိုးက ကြိုးဖြစ်နေလို့ ကြိုးနဲ့တာကွ၊ ငါတို့သာ ကြိုးတွေဖြစ်ရင် မင်းအဘိုး ဦးမာတူးရော မင်းတို့ အိုးတွေ အားလုံးရော သေတာကြာလှပြီ၊ မင်းတို့ကို သတ်ပြီးရင်လဲ တခြားမှာ မမြုပ်ဘူး၊ ငါနေတဲ့ တောင်ငူနတ်ကြီးတံခါးသချိုင်းမှာ မြှုပ်ပစ်မယ်၊ ငါ့နာမည် ဆိတ်ဖွား၊ လူတွေက တော့ ငါ့ကို 'ပရော်ဖက်ဆာ ဒေါက်တာဆိတ်ဖွား' လို့ ခေါ်ကြတယ်"

ဟု ပြောလိုက်ရာ အိုးထိန်း၏ မျက်လုံးများသည် ပြူးဝိုင်း၍ သွားလေတော့၏။ ထို့နောက် အိုးထိန်းက....

"ခင်ဗျားတို့ပြောတာ တကယ်ပဲလား"

ဟူ မေးလိုက်ရာ ဦးဂွမ်တီက....

"တကယ်ပေါ့ အိုးကလေးရယ်၊ မင်းအပေါ်မှာ ရက်စက်ရမှာ အားနာလို့ ငါက မင်းကို ကဗျာလေးတွေ့ပါတဲ့ လက်ဖက်ရည် ပန်းကန်ပြားလေးတွေ၊ ပန်းကန်လုံးတွေ့ ပို့ပြီး ယဉ်ကျေး နူးညံ့အောင် လုပ်ခဲ့သေးတယ်၊ အဲဒါလဲ ငါတစ်ယောက်တည်းရဲ့ သဘောထား မဟုတ်ပါဘူး၊ သုံးယောက်ရဲ့ သဘောထားပါ၊ ဒါဆိုရင် မင်း ဘာမှ မလုပ်ခင်ကတည်းက မင်း ဘာတွေ လုပ်မယ်ဆိုတာ ငါတို့က ကြိုပြီးသိနေတာပါ၊ အဲဒါကို မင်း ယုံပြီလား၊ တစ်ခု သတိပေးချင်ပါတယ်၊ ငါတို့ဟာ နှုတ်လုံတဲ့လူတွေဖြစ်တယ်၊ ငါတို့ဆီက မင်းရဲ့ အမှုအကြောင်း လုံးဝပေါက်ကြားဖို့ မရှိဘူး၊ ဒါပေမယ့် မြန်မာပြည် ပုလိပ်အဖွဲ့မှာ ဆားပုလင်းနှင်းမောင် ဆိုတဲ့လူ ရှိနေသေးသရွေ့ အထူးသဖြင့် စီအိုင်ဒီမှာဆားပုလင်းနှင်းမောင်ရှိနေသေးသရွေ့ မင်းအတွက် မလုံခြုံနိုင်ဘူးဆိုတာ မြဲမြံမှတ်ထားပါ၊ ပြီးတော့ တင်နွယ်ရီဆိုတဲ့ကောင်မလေးတာ သူဟာသူ ကြိုးမှန်း အိုးမှန်းတောင် မသိပါဘူး၊ မင်း ရန်မမူပါနဲ့၊ မင်း ရန်မူရင်တော့ တို့နဲ့ ရင်ဆိုင်ရလိမ့်မယ်၊ မင်းကို တို့တစ်တွေ ရန်သူအဖြစ်နဲ့ မျက်နှာမမူချင်ဘူး၊ ကဲ....တို့ သွားမယ်"

ဟု ဆိုကာ နှုတ်ဆက်၍ ထူးဆန်းသော လူစွန့်စားကြီး သုံးဦးသည် ထွက်သွားကြလေတော့သတည်း။

○

www.burmeseclassic.com

"သူ့အဖေကို သတ်တဲ့ လူသတ်သမားဟာ ငါပဲ ဆိုတာကို သိရင်တော့ တင်နွယ်ရီ ငါ့ကို အမုန်းကြီးမုန်းတော့မှာပဲ" ဟု ရင်ခွဲဖို့ရသော အကြိမ်များသည်လည်း မနည်းလှတော့ပေ။ တင်နွယ်ရီနှင့် အိုးထိန်းတို့၏ အချစ်သည် နက်နက်ရှိုင်းရှိုင်းရှိလှပေသည်၊ နှလုံးသားအသီးသီး၌ တစ်ဦးစီ၏ ပုံရိပ်များ စွဲထင်၍ သဲသဲမဲမဲကြီးချစ်သော ချစ်သူများ ဖြစ်ကြပေ၏။ အိုးထိန်းသည် ထိုအချိန်ကာလများအတွင်း၌ပင် သူ၏ ဓရာဖြစ်သူ အာဘိုးကြီးဦးမာတူးထံသို့ ခိုများလွှတ်ခဲ့၏။ ဦးမာတူးထံမှလည်း ခိုများ ပြန်လာခဲ့၏။ စနေမောင်မောင်တို့လူစုကား ယခုအခါတွင် ရန်မူခြင်း မရှိသေးသည်မှာ မှန်သော်ငြား၊ ၎င်းတို့သည် ယုံကြည်အပ်သောသူများမဟုတ်ဟု သတိပေးသော စာများလည်း ပါ၏။ စနေမောင်မောင်၊ ဂွမ်တီ၊ ဆိတ်ဖွားဆိုသော သူများမှာ ဉာဏ်အလွန်များသောသူများဖြစ်ကြောင်း၊ မကြာခဏ သတိပေးသောစာများ ပို့လေ၏။ ယခုအချိန်ထိဆိုလျှင် ဦးမာတူးထံမှ ခို(၃)ခါ ပြန်လာပြီးဖြစ်၏။ အိုးထိန်းသည် တင်နွယ်ရီနှင့် ၎င်း၏ အခြေအနေကို လည်းကောင်း၊ ပုလိပ်အကဲမှ ၎င်းအား မရိပ်မိသေးသော အခြေအနေကိုလည်းကောင်း၊ ၎င်း၏ ရပ်တည်မှုအခြေအနေအဝဝတို့ကို ဦးမာတူးထံသို့ ခိုလွှတ်ခဲ့ပြီးဖြစ်၏။ ဦးမာတူးထံမှ စာတုတ္ထမြောက် ခိုလွှတ်ခြင်းမှာ လွန်စွာကြာ၏။ တစ်နေ့တွင် ဦးမာတူးထံမှ ခိုကလေးတစ်ကောင် ရောက်လာ၏။ ထို ခိုခြေထောက်တွင် ပါသော သတ္တုဘူးကို ဖွင့်၍ အတွင်းမှ နို့ဆီလိပ်ရာ အောက်ပါ ဂျက်စာကို တွေ့ရလေတော့၏။

ဘုမ္မာဝတီသို့အပြန်

အိုးထိန်းနှင့် တင်နွယ်ရီတို့သည် တစ်စထက်တစ်စ နီးစပ်သည်ထက် နီးစပ် ရင်းနှီးသည်ထက် ရင်းနှီးသွားပြီးလျှင် ချစ်သူဘဝသို့ရောက်ရှိသွားကြလေတော့၏။ တင်နွယ်ရီသည် အိုးထိန်းထံသို့ မကြာခဏရောက်လာ၏။ ထို့အတူ အိုးထိန်းသည်လည်း တင်နွယ်ရီထံသို့ မကြာခဏရောက်သွားမြဲဖြစ်၏။ လသာသောညများတွင် တင်နွယ်ရီ၏ ခြံအတွင်း အုန်းပင်ရိပ်အောက်၌ လဆောင်ကိုပုန်းရင်း တင်နွယ်ရီသည် အိုးထိန်း၏ ရင်ခွင်၌ မှေးစက်အိပ်ပျော်ခဲ့ရသော ညများသည်လည်းရှိ၏။ ဖခင်ကို လူသတ်သမားက ရက်ရက်စက်စက်သတ်သွားသည့်အကြောင်း အရာများကိုပြောပြီး မျက်ရည်ကျသောအခါနှင့် အိုးထိန်းက မျက်ရည်သုတ်၍ ချော့ရသောအခါနှင့်လည်း မနည်းလှပေ။ ထိုအခါမျိုး၌ အိုးထိန်းသည် ရင်ထဲတွင် တဒိတ်ဒိတ်နှင့်

www.burmeseclassic.com

"ငါ့နှယ်နော်.... တင်နှယ်ရီကိုမှ သွားပြီးချစ်မိလေခြင်း၊ တကယ်လို့များ ဦးမာတူးက တင်နှယ်ရီကို သတ်ရမယ်ဆိုရင် ငါ့မှာ ဒုက္ခ၊ အခုတစ်ခါ ငါ ဘုမ္မာဝတီကိုပြန်ရမှာဟာ အပြီးပြန်ရမှာနဲ့တူတယ်၊ အဲဒီလိုအပြီးပြန်ရတယ်ဆိုရင် တင်နှယ်ရီကို ငါ စွန့်လွှတ်ရပြီနဲ့တူတယ်၊ ဆားပုလင်းနှင်းမောင်ဆိုတဲ့လူဟာ ငါ့ရွာအနှံကို ရသွားပြီနဲ့တူတယ်၊ ဘာပဲဖြစ်ဖြစ် ဒီလူနဲ့တစ်ပဲ့တစ်လမ်းလောက်တော့ တွေ့ချင်သေးတယ်၊ အို....ဒါတွေထားလိုက်ပါတော့၊ ဘာပဲဖြစ်ဖြစ် အပြီးခဲ့ရမယ်ဆိုရင်တော့ တင်နှယ်ရီရဲ့ဘဝကို တစ်ဆစ်ချိုးအောင် ပြောင်းပစ်ခဲ့တဲ့ ဒီဒွေအိတ်ကလေးကို ပြန်ပြီး ပေးခဲ့မှ ငါ့အနေနဲ့ တစ်သက်လုံး ဖြေနိုင်တော့မှာပေါ့"

ဟု ဆိုကာ နှင်းဆီပန်းပွင့်အိတ်ကလေးကိုရွာ၏လက်ဝတ်ရာကနာများကိုထည့်၏၊ ငွေစက္ကူများကိုလည်းထည့်၏၊ ပြီးလျှင် ဘုမ္မာဝတီသို့ပြန်ရန်အတွက် ပြင်ဆင်သင့်သည်များကို ပြင်ဆင်၏၊ အိမ်ဘက် ခေါ်၍ထားသော အလုပ်သမားများကိုလည်း တစ်နှစ်စာ လခပေး၍ အလုပ်ဖြုတ်ပစ်လိုက်၏၊ ပြီးလျှင် ဂျူးကြီး ဆော်လမွန်ထံမှ ဝယ်ထားသော ၎င်းနေသည့် အောက်ဆော်မှ အိမ်ကြီးကိုလည်း လျှော့ဈေးဖြင့် ပဲ့စားလက်သို့ အပ်လိုက်၏၊ မတန်တဆ လျှော့လိုက်သောကြောင့် (၃၀)ရက်အတွင်း အရောင်းအဝယ်ဖြစ်သွား၏၊ စပတ်လမ်း (ဗိုလ်အောင်ကျော်လမ်း)မှ တိုက်ခန်းကို လျှော့ဈေးနှင့်ရောင်းသော်လည်း မထွက်ဘဲရှိလေ၏၊ ထို့ကြောင့် အိုးထိန်းသည် စိတ်လျှော့ကာ အခန်းကို သည်တိုင်းထားခဲ့လေ၏။ ထို့နောက်

အိုးထိန်းသည် ထိုဌက်စာကို ဖော်ကြည့်ရာ အောက်ပါအတိုင်း အဓိပ္ပာယ်ရ၏၊

အဓိပ္ပာယ်မှာ ဘုမ္မာဝတီသို့ အမြန်ဆုံးပြန်ခဲ့ရန် ဦးမာတူးက အိုးထိန်းအားမှာကြားလိုက်ခြင်းဖြစ်၏၊

အိုးထိန်းသည် ဘုမ္မာဝတီသို့ မဖြစ်မနေ ပြန်ရတော့မည် ဖြစ်ကြောင်းကို သဘောပေါက်သွားပြီဖြစ်၏၊ သူ၏ စိတ်သည် ခါတိုင်းကဲ့သို့ သွက်လက်ပေါ့ပါးခြင်းမရှိတော့၊ တင်နှယ်ရီကို စွန့်လွှတ်ရမည့်အရေးနှင့် အသက်ကိုစွန့်လွှတ်ရမည့်အရေးသည် အိုးထိန်း၏ နှလုံးသားချိန်ခွင်ညာဌ် ဘောင်တန်းလျက်ရှိလေတော့၏၊ သူသည် ဤအဖြစ်ကို မချင့်မရဲခံစားနေရ၏၊

www.burmeseclassic.com

အိုးထိန်းသည် နှင်းဆီပွင့်ပုံပါသော ပိုက်ဆံအိတ်ကလေးကို ယူကာ တင်နွယ်ရီဆီသို့ သွားရောက်ခဲ့လေတော့၏။

တင်နွယ်ရီသည် အိုးထိန်းကိုမြင်လျှင် အားရဝမ်းသာ ပြေးလာပြီးလျှင် တအားသိုင်းဖက်လေ၏။ ထို့နောက် တင်နွယ်ရီသည် အိုးထိန်း၏ ရင်ဘတ်ကို ခေါင်းနှင့် တိုးဝှေ့ကာ....

"အစ်ကို....သိပ်ဆိုးတာပဲ၊ မတွေ့ရတာ ဘယ်နှစ်ရက်ရှိပြီလဲ၊ နေ့တိုင်းငိုနေရတယ် သိလား"

ဟု ပြောဆိုလေ၏။ အိုးထိန်းကလည်း....

"ဒီလိုပေါ့ မိန်းကလေးရယ်၊ အစ်ကို အလုပ်ဒုတ္ထသိပ်များနေတယ်၊ အခုလာတာလဲ ကိစ္စရှိလို့လာတာ"

ဟု ပြောလေ၏။

"ဒီက ညတိုင်းငိုနေရတယ် သိလား၊ လသာရင် ပိုဆိုးဆိုးတယ် အစ်ကိုရဲ့"

ဟု တင်နွယ်ရီက ပြောလေ၏။

ထိုအခါ အိုးထိန်းက....

"မငိုပါနဲ့ မိန်းကလေးရယ်၊ ဟောဒီ အိတ်ကလေးကို မှတ်မိသလား"

ဟု ဆိုကာ အိတ်ကလေးကို ပေးလိုက်လေ၏။ တင်နွယ်ရီသည် အိတ်ကလေးကိုမြင်လျှင်....

"အို....ခါ တင်နွယ်ရီ ငယ်ငယ်က ပျောက်ခဲ့တဲ့ အိတ်ကလေးပဲ"

ဟု ဆိုကာ အိတ်မှုန်ကြိုးကို ဖွင့်၍ကြည့်လိုက်ရာ ၎င်း ပျောက်ဆုံးခဲ့သော လက်ဝတ်ရတနာများနှင့် ငွေများကို တွေ့ရလေ၏။ ထိုအခါ၌ တင်နွယ်ရီ၏မျက်လုံးသည် ပြူးဝိုင်းသွားလေ၏။ ရင်သည် လှိုက်ဖိုလာ၏။

"အစ်ကိုရယ်...ဒီအိတ်ကလေးကို ရအောင် ဘယ်လိုများ ပြန်ပြီး ရှာခဲ့တာလဲ"

ဟု မေးလိုက်လေ၏။

"တင်နွယ်ရီ ဆယ့်ခုနှစ်နှစ်သမီးအရွယ်က ပြည်မှာ ဝေးပြတော့ တိုက်သွားလို့ ဆုံးရှုံးခဲ့တဲ့ ပစ္စည်းကလေးပါ၊ အဲဒီတုန်းက အစ်ကိုဟာ ပြည်မှာ ရှိနေတယ်၊ အဲဒီအိတ်ကလေးကို အစ်ကို ကောက် ရ ခဲ့ တယ်၊ အစ်ကို့ဘဝမှာ ပညာပြည့်စုံအောင် သင်ကြားနိုင်တာ ဒီအိတ်ကလေးကြောင့်ပဲ၊ ကိုယ်ပြင့် အဲဒီအိတ်ကလေး မိန်းကလေးကို ပြန်ပေးခွင့်ရတာ ဝမ်းသာလို့ မဆုံးပါဘူး"

ဟု ပြောဆိုကာ တင်နွယ်ရီ၏ နဖူးပြင်ကလေးအား ယုယစွာ နမ်းရှုပ်လိုက်လေ၏။ တင်နွယ်ရီသည် မျက်လုံးကလေးကို မှိတ်၍ထားလေ၏။

ထို့နောက် တင်နွယ်ရီ၏ နဖူးဆံစလေးများကို လက်ဖြင့် ပွတ်ရင်း....

www.burmeseclassic.com

www.burmeseclassic.com

"မိန်းကလေး....အစ်ကို ခရီးထွက်ရမယ်၊ အဲဒါ ကြာမယ်၊ ဘယ်ကိုသွားမှာလဲ၊ ဘာကြောင့်သွားမှာလဲ၊ ဘယ်လောက် ကြာမှာလဲ မမေးပါနဲ့ ကလေးရယ်၊ အစ်ကို့ နှလုံးသားတွေ ကြေကျသွားမှာစိုးလို့ပါ။အစ်ကို့ ကို ခွင့်လွှတ်ပါ မိန်းကလေး"

ဟု ဆိုကာ အိုးထိန်းသည် တင်နွယ်ရီကို ခွာ၍ထွက်လာခဲ့လေ၏။

တင်နွယ်ရီသည်....

"အစ်ကို့...အစ်ကို...."

ဟု ဆိုကာ နောက်မှ ပြေး၍ထိုက်လာလေ၏။ အိုးထိန်းသည် ခြံတံခါးကို ဆွဲ၍ပိတ်ကာ အပြင်မှ ကျိုင်းခနဲ ချက်ထိုးလိုက်လေ၏။ အမှန်စင်စစ် တင်နွယ်ရီ၏ ခြံတံခါးကို ချက်ထိုးရုံသာမဟုတ်၊ သူ၏ တင်နွယ်ရီအပေါ် ၌ချစ်ခင်သောနှလုံးသားကိုလည်း အပြီးအပိုင် ပိတ်ဆို့၍ ကန့်လန့်ထိုးလိုက်ခြင်း ဖြစ်ပေတော့သတည်း။

○

အန္တရာယ် တောအုပ်

အိုးထိန်းသည် ပြည်မှတစ်ဆင့် ပန်းတောင်းသို့ ကူး၏။ ပန်းတောင်းမှနေ၍ မင်းတုန်းသို့မသွားတော့ဘဲ ပုတိန်း၊ ငဖဲ ဘက်သို့တက်ကာ ထိုမှတစ်ဆင့် တောလမ်းအတိုင်း လျှိုမြောင်များကိုဖြတ်၍ မင်းတုန်းမြို့၏တည့်တည့်လောက်တွင် ရှိသော တောအုပ်ကြီးအတွင်းသို့ ဝင်လေတော့၏။ ထိုသို့ဝင်ရာတွင် လမုချောင်းကို လည်းကောင်း၊ မင်းတုန်းချောင်းကို လည်းကောင်း ဖြတ်ခဲ့ရသေး၏။ နောက်တွင်မှ လူသူ အရောက်အပေါက်နည်းသော ဘုမ္မာဝတီစခန်းရှိရာ "မင်းလောင်းပုန်း" တောင်ကုန်းဆီသို့ ဦးတည်၍သွားလေတော့၏။ တောအတွင်းသို့ ဝင်သည်နှင့် တစ်ပြိုင်နက် မည်သူမည်ဝါကမှန်း မသိ၊ အိုးထိန်းအား သေနတ်နှင့် လှမ်း၍ပစ်လေတော့၏။ သေနတ်သံမှာ နှစ်ဖက်မှလာသောကြောင့် ညံပွပူးညံပိတ် ဖြစ်နေ၏။ အိုးထိန်းသည် လမုချောင်းကို ဖြတ်စဉ်က ဝယ်ယူခဲ့သော ဒူးလေးဖြင့် ပြန်လှန်ပစ်ခတ်၏။

www.burmeseclassic.com

www.burmeseclassic.com

သွားမှာ၊ အဲလိုဆိုတော့ ငါဟာ သေဖို့ပဲရှိတော့တယ်၊ ဘာမဲ့ဖြစ်ဖြစ် ခွေး အနံ့မရအောင် ချောင်းဟိုတက်ကို ကူးသွားတာကောင်းတယ်၊ ရေထဲမှာတော့ အနံ့မရှိဘူး"

ဟု တစ်ကိုယ်တည်း ပြောရင်း ဘောအုပ်ကြီးအလယ်၌ ရှိသော "ပနီ" ချောင်းကို ဖြတ်၍ကူးလေ၏။

ချောင်းတစ်ဖက်သို့ရောက်သည်နှင့် အိုးထိန်းအား ဒူးလေးဖြင့် လည်းကောင်း၊ မှုတ်ပြောင်းဖြင့် လည်းကောင်း အသေလိုက်၍ပစ်ခတ်သောကြောင့် အိုးထိန်းသည် ချောင်းတစ်ဖက်သို့ကူးလာရ၏။ အိုးထိန်းသည် ရေတော်နေပြီဖြစ်၏၊ ထို့ကြောင့် ပါလာသော ရောဘူးကိုထုတ်၍ မေ့ရာ ရောဘူး၌လည်း ရေကုန်နေကြောင်းတွေ့ရ၏။ ဤသို့သိလျှင် အိုးထိန်းသည် ပါလာသော အဝတ်တစ်ထည်တွင် သဲများထည့်ကာ သဲအိတ်တစ်ခုလုပ်လေ၏။ ပနီချောင်းမှရေမှာ သောက်၍မရအောင် နောက်လှ၏။ အိုးထိန်းသည် အနီးမှ ဝါးပင်တစ်ပင်ကို ခုတ်ကာ ဝါးကျည်တောက် ပြုလုပ်ပြီးလျှင် ပနီချောင်းမှရေကို ခပ်၍ စောစောက ၎င်း ပြုလုပ်ထားသော သဲအိတ်အတွင်းသို့ ထည့်၍စစ်လေ၏။ ထိုအခါ၌ နောက်ကျိလ့်သော ပနီချောင်းသည် ကြည်လင် သန့်စင်သွားလေတော့၏။ ထိုအခါ၌ အိုးထိန်းသည် မိမိဖြစ်အင်ကို နားလည်နိုင်ရန် သစ်ပင်တစ်ပင်ကို မှီကာ အေးဆေးစွာ စဉ်းစားလေ၏။

"အခု ငါ ရောက်နေတာဟာ တောအုပ်ကြီးထဲမှာ ဖြစ်တယ်၊ ချောင်းရဲ့ဒီဘက်မှာ ဂေါ်ရာတွေက ငါ့ကို အသေအလဲလိုက်ပြီး တိုက်နေတယ်၊ ဂေါ်ရာတင်ဟာ အနည်းဆုံး လူ

အိုးထိန်းအား နှစ်ဖက်မှ သေနတ်များဖြင့် တရစပ် လိုက်၍ပစ်၏။ အိုးထိန်းသည် ချောင်းသို့ဆင်းကာ ချောင်းရိုးအတိုင်း ဖြတ်လေ၏။ ထိုနေရာသို့အရောက်တွင် တိုက်ပဲ့ ဖြစ်ပြန်၏။ ထို့ကြောင့် အိုးထိန်းသည် ပုန်းနေသောနေရာမှ ရွှေသို့လည်း မတိုးရဲ၊ နောက်သို့လည်း မဆုတ်ရဲတဲ့ (၄၈)နာရီလုံးလုံး အစာငတ်ခံကာ ဝပ်နေရ၏။ ရန်သူ၏အခြေအနေကို စောင့်၍ကြည့်နေရ၏။ တစ်ဖက်မှ ပစ်ခတ်သော ရန်သူ၏အဖွဲ့မှ အိုးထိန်း၏အလောင်းကို ရှာကြေးလေ၏။ အိုးထိန်းသည် ရန်သူ၏အရိပ်အခြည်ကို သိရန်အတွက် လွန်စွာမြင့်မားသော ကျွန်းပင်ကြီး တစ်ပင်ပေါ်သို့တက်၍ ကြည့်၏။ ထိုသို့ကြည့်လိုက်မှပင် ၎င်းအား ပစ်ခတ်သောသူများမှာ "စစ်ဘရီ" တပ်မှ ဂေါ်ရာများ ဖြစ်ကြောင်း သိရလေတော့၏။

၎င်း၏လက်ချက်ဖြင့် ဂေါ်ရာ(၃)ဦး ဒူးလေးထိမှန်ကာ ဒဏ်ဆုံးကြောင်းကိုလည်း တွေ့မြင်ရလေ၏။

အိုးထိန်းသည် ထိုနေရာမှကွေ့ခဲ့၏။ သို့ရာတွင် ခပ်ဝေးဝေးမှ တရစပ်ဟောင်နေသော ခွေးဟောင်သံများကို ကြားရသဖြင့် အနီးရှိ သစ်ပင်ပေါ်သို့တက်၍ တစ်ဖန်ကြည့်ပြန်ရာ ဂေါ်ရာများသည် ခွေးကြီးနှစ်ကောင်ကို အသုံးပြု၍ အမဲလိုက်သကဲ့သို့ အိုးထိန်း၏အနံ့ကိုခံ၍လိုက်ကာ ရှေးရှုလာနေသည်ကို မြင်တွေ့ရလေတော့၏။ ထိုအခါ၌ အိုးထိန်းသည် ကျိုသို့ စဉ်းစား၏

"ဂေါ်ရာတွေယူလာတဲ့ခွေးတွေဟာ အမဲလိုက်ခွေးတွေလို့ပဲ အနံ့ခံကောင်းလို့ သုံးတာဖြစ်မှာ၊ ဘာပဲဖြစ်ဖြစ် မကြာခင်မှာပဲ ခွေးတွေက ငါ့ကို မြင်ရင်မြင်၊ မမြင်ရင်လဲ အနံ့

www.burmeseclassic.com

"ဂေါရာတွေ့တာ ပနီချောင်းကိုလွန်ပြီး မလိုက်ဘူး၊ မုဆိုးလိုလို ခားပြလိုလို လူတွေ့ကလဲ ပနီချောင်းရဲ့ ဒီဘက်ကို မကူးကြဘူး၊ ငါလဲ ဒီဘေးကြီးထဲက ထွက်လို့မရတော့ဘူး၊ ငါ့ဆရာ ဦးမာတူးကြီးလဲ ဘယ်လိုအန္တရာယ်မျိုးနဲ့ ရင်ဆိုင်နေရသလဲ မုဆိုးနိုင်ဘူး၊ ဘာပဲဖြစ်ဖြစ် မုဆိုးနဲ့ ဂေါရာဆိုတဲ့ ရန်သူနှစ်မျိုးကို စဉ်းစားလိုက်ရင် မုဆိုးတွေက ပိုပြီးကြောက်ဖို့ကောင်းတယ်၊ ဘာဖြစ်လို့လဲဆိုတော့ သူတို့က ပိုပြီး တောကျွမ်းတယ်၊ အဲဒီတော့ မလွဲသာ မရှောင်သာမှန်းရရင် ဂေါရာတွေဘက်မှာ ပုန်းတာကောင်းတယ်၊ အခုဆိုရင် နေဝင်နေပြီ၊ ဂေါရာတွေတာ နေဘက်ကို မျက်နှာမူပြီး ငါ့ကို ထိုးစစ်ဆင်မှာပဲ၊ ဒါကြောင့် ဒီဆောင်တွေတာ အနောက်ဘက်ကိုလာဖို့ထက် အနောက်တက်က လာဖို့များတယ်၊ ပြီးတော့ ဂေါရာဗိုလ်တာ စစ်ပညာ ကျွမ်းတဲ့သူဆိုရင် လေတင်ကနေ ငါ့ကိုတိုက်မှာ မဟုတ်ဘူး၊ လေအောက်ကခိုပြီး တိုက်လိမ့်မယ်၊ ရန်သူတာ နည်းတဲ့အတွက် ဂေါရာဗိုလ်တာ တစ်စုတစ်စည်းတည်း တိုက်မှာမဟုတ်ဘူး၊ လူကိုဖြန့်ပြီး တိုက်လိမ့်မယ်"

ဟု တွေးနေစဉ်၌ပင် အနောက်ဘက် အရပ်ဆီမှ မြင်းခွာမုံသဇ္ဇာန် ဝိုင်းထားသော ဂေါရာများသည် အိုးထိန်းရွာသို့ သေနတ်များ အဆက်မပြတ် ပစ်ဖောက်၍ လာလေတော့၏၊ အိုးထိန်းလည်း ဂေါရာတပ်၏ အတောင်ပံ အစွန်သို့ ကပ်၍ အစွန်ဆုံးဂေါရာအား ဒူးလေးဖြင့် ပစ်သတ်ပြီးလျှင် ၎င်းထံမှ လက်နက်များကို ယူ၏၊ ထို့နောက် သို့လက်နက်နှင့်ပင် ဂေါရာတပ်၏ နောက်ကျောသို့ဝင်၍ ပစ်တော်

(၉၀)လောက် ရှိတယ်၊ ချောင်းကိုကူးလိုက်တာနဲ့ ဟိုဘက်က မုဆိုးတွေလား၊ ခားပြတွေလား မသိဘူး၊ ငါ့ကို လိုက်ပြီး ပစ်ခတ်နေတာယ်၊ ပြီးတော့ ခွေးနှစ်ကောင်လဲ ပါတယ်၊ ငါဘာလုပ်ရမလဲ"

ဟု စဉ်းစားလိုက်လေ၏။

"ဘာပဲဖြစ်ဖြစ် သူတို့ အချင်းချင်း ချောင်းတစ်ဖက်နဲ့ တစ်ဖက် လူမှားပြီး ပစ်ခတ်ကြအောင် ရန်သူနှစ်ဖက်ကို ဆိုင်ပေးရမှာပဲ"ဟု တွေးဘောရင်း ပနီချောင်း၏ တစ်ဖက်တွင် ရှိသော မုဆိုးအုပ်စုအား အိုးထိန်းသည် ဒူးလေးနှင့် လိုက်၍ ပစ်ပြီးလျှင် ၎င်းတို့ လိုက်လာသည်ထိ စစ်ကို ချုပ်လေ၏။ ထို့နောက် ဂေါရာဘင်ကိုလည်း အရိပ်အယောင် သွားရှာပြလိုက်ရာ တပ်သည် သဲသဲမဲမဲ လိုက်လေ၏။ ၎င်းကမူ ပနီချောင်းတွင်းသို့ ဆင်းရှာခေါ်ပါက ကျည်ကွယ်မျက်ကွယ်နေရာသို့ သွားရောက်ကာ အနားယူနေလေ၏။ များမကြာမီ၌ ပနီချောင်း၏တစ်ဖက်မှ ဂေါရာစစ်ဘပ်နှင့် ပနီချောင်း၏ အခြားသော တစ်ဖက်မှ မုဆိုးအုပ်စုတို့ လူမှားရှာ ပစ်ခတ်ကြလေတော့သည်။ ထိုသို့ပစ်ခတ်ရာတွင် ဂေါရာနှစ်ယောက် မုဆိုး၏ လက်ချက်ကြောင့် ထိမှန်ကျဆုံးလေ၏။ ဂေါရာနှင့် မုဆိုးများ တစ်ဦးကိုတစ်ဦး ကြိတ်မနိုင် ခဲမရ ဖြစ်သွားကြ၏။ အိုးထိန်းကိုမူ အစအနမျှမတွေ့ရ၊ ထိုအခါ၌ အိုးထိန်းကို သဲသဲမဲမဲကြီး ရှာ၏။

အိုးထိန်းသည် ကျွဲသို့စဉ်းစား၏။

www.burmeseclassic.com

www.burmeseclassic.com

စိတ်ကို တည်ဆောက်လိုက်၏။ ထို့ပြင် ၎င်းအား ဦးမာတူးက 'ဂန္ဓာရီကျွင့်စဉ်' ကျင့်ပေးခဲ့သည်ကို ရုတ်တရက် အမှတ်ရလိုက်၏။ ထို့ကြောင့် အိုးထိန်းသည် ခြေကိုခဲ၍ ရပ်ပြီးနောက် ခေါင်းကို ကျစ်ကျစ်မါအောင် ဆုပ်ပြီးလျှင် အောက်ပါအတိုင်း စဉ်တွေး ရွတ်ဆိုလိုက်လေ၏။

ငါ့ရဲ့ မျက်စိတွေဟာ တစ်နေ့ထက်တစ်နေ့
တန်ခိုးတွေနဲ့ ပြည့်ဝလာပြီ၊ အလွန်လည်းစူးရှ
ထက်မြက်လာပြီ၊ ငါ့ရဲ့မျက်စိဒဏ်ကို မည်သူ
တစ်စုံတစ်ယောက်မှ ကြံ့ကြံ့ မခံနိုင်တော့ဘူး၊
ငါဟာ နာရီဇယင်းမျှားစွာ မျက်စိမချည်းဘဲ
နေနိုင်တယ် ကြည့်နိုင်တယ် ဟေ့....

အိုးထိန်းသည် စိတ်၌ ကျိသို့ ရွတ်ဆိုနေချိန်၌ပင် ကျားသည် ခွေပိုင်းကို အားပြု၍ အိုးထိန်းအား ခုန်အုပ်လိုက်လေ၏။ အိုးထိန်းသည် တစ်ဖက်သို့ရှောင်ရင်း ကျား၏ဝင်ဝဆီသို့ ဓားဖြင့် လှမ်း၍ ထိုးလိုက်၏။ အိုးထိန်း၌ တစ်စုံတစ်ရာ ထိခိုက်မှု မရှိဘဲ လွတ်သွားခဲသော်လည်း ကျား၌မူ ဒဏ်ရာအနည်းငယ် ရသွားလေ၏။ အိုးထိန်းသည် သစ်ပင်တစ်ခုကို အကာအကွယ် ယူလိုက်၏။ ထို့နောက် လွန်စွာ ကြီးမားသော ချုံကြီးတစ်ခု အတွင်းသို့ တိုး၍ ဝင်လိုက်၏။ ကျားသည် အိုးထိန်း ဝင်သွားသော ချုံအား အပြင်မှ ခုန်၍ အုပ်လိုက်၏။ ချုံတွင်းမှ သစ်ပင် ငုတ်ချုန်ကြီးသည် ကျား၏ ရင်ဝကို တည့်တည့်ကြီး

လေတော့၏။ ဂေါရာဘပ်သည် ကစဉ့်ကလျား ဖြစ်သွား၏။ ထို့နောက် အိုးထိန်းသည် ပနီချောင်းရိုးအတိုင်း အခြေစွန်းစွန်း သို့ ဆုတ်ခဲ့လေ၏။ ထို့နောက် တောင်ကမူတစ်ခု အနီးသို့ ရောက်သောအခါ ထိုတောင်ကမူ၏ လေကွယ်သောနေရာတွင် တစ်ညတာအိပ်စက်ရန် နေရာယူလိုက်၏။ ဂေါရာမျှားမှာလည်း သေဆုံးသူနှင့် ထိမှန် ဒဏ်ရာရသူများကို တောအပြင် သို့ထုတ်၍ မြို့ဆေးရုံသို့ပို့ရန် စီမံရလေ၏။ ထိုဂေါရာမျှားအား အုပ်ချုပ်သူအမည်မှာ ၊ စောဆေးနေမူး ခေါ် ကရင်အမျိုးသား လူငယ်တစ်ဦး ဖြစ်၏။ သူသည် လွန်စွာအလုပ်ရှင်လျက် ရှိလေတော့၏။ ထိုညက လသာ၏။ စောဆေးနေမူးသည် ဂေါရာတပ်တစ်ခုလုံးကို စုစည်း၍ ချုံကြီးတစ်ချုံကို အကာအကွယ်ယူကာ စခန်းချရလေ၏။

အိုးထိန်းသည် လွန်စွာ ပင်ပန်းနွမ်းနယ်ပြီ ဖြစ်၏။ အစာလည်း စားမထားရသောကြောင့် နှုံးခွေနေပြီ ဖြစ်၏။ သူသည် ဂေါရာထိမှ သေနတ်တစ်လက် ရခဲ့သည် မှန်သော်လည်း ကျည်ဆန်မှာ ကုန်သွားပြီဖြစ်၍ သေနတ်ကို လွှင့်ပစ်လိုက်၏။ အိုးထိန်း၏ မျက်လုံးမျှားသည် အိပ်ချင်လှန်း၍ ကျိန်းစပ်နေပြီ ဖြစ်၏။ ထို့ကြောင့် ခါးတွင်ပါသော ဓားမြှောင်ကို ကျစ်ကျစ်ပါအောင်ဆုပ်၍ မျက်လုံးမှိတ်လိုက်၏။ ထိုအချိန်၌မှာပင် နှာခေါင်း၌ ညှီစို့စို့အနံ့ကို ရှုမိသဖြင့် မျက်လုံးကို ဖွင့်လိုက်ရာ ကျားတစ်ကောင်ကို လရောင်အောက်၌ ပြတ်သားစွာ တွေ့မြင်ရလေ၏။ အစပထမတွင် အိုးထိန်းသည် ကြောက်စိတ်ကြောင့် ချွေးစေးများ စိမ့်ယိုထွက်လာ၏။ အသက်ကို မှန်မှန်ရှူ၍

www.burmeseclassic.com

ထိုးစိုက်မိလျက်သား ဖြစ်သွားလေတော့၏။ ထိုအခါကမူမပင် အိုးထိန်းလည်း ကျွေးမွေးလုံးကို ခေါ်ဖြင့်ကော်၍ မျိုချလိုက်လေတော့၏။ အိုးထိန်းသည် အိပ်စက်ခွင့် ရုလေဘာ့၏။ အဆာလည်း ပြေသွားပြီ ဖြစ်၏။ အိပ်ရာမှ နိုးခဲသာအခါ၌ လတ်ဆတ်သော နေရာမှ ကျွေးသား အနည်းငယ်ကို လှီး၍ အစိမ်းလိုက်ပင် ဝါးစားလိုက်သည်။ ထို့နောက် ကျွေးသား အနည်းငယ်ကို လှီး၍ ဝါးတံစို့ဖြင့် ထိုးကာ မီးကင်လိုက်လေ၏။ ပြီးလျှင် ၎င်း၏ အိတ်အတွင်းသို့ ကျွေးကင်အငယ်နှုန်း ထည့်လိုက်၏။ ရေအိုင်အတွင်းမှ ရေအနည်းငယ်ကို စစ်၍ ရောွေးအတွင်းသို့ ထည့်လိုက်၏။ ပြီးလျှင် ဝါးမျှားကိုချွန်၍ ဒူးလေး၊ မြားမျှားပြုလုပ်ပြီးလျှင် လိုခနေရာကို စွန့်ခွာရန် ပြင်ဆင်လေတော့၏။ ထိုသို့ မပြင်ဆင်မီ လူနှင်းမီလျှင် ခြေသောက်မှ မ၍ သစ်ပင်ထိပ်မျှားမျှားပေါ်သို့ ရောက်အောင် သုတ်သင်နိုင်သည့် သုတ်ကိုင်းမျှား၊ ငြောင့်မျှား၊ ခလုတ်မျှားကို မီးဖိုခဲ့သော နေရာနှင့် မလှမ်းမကမ်း ပတ်ပတ်လည်တွင် ပြုလုပ်ခဲ့ပြီးနောက် ထိုနေရာ၌ မီးခိုးမျှား ထွက်သည်ထက် ထွက်အောင် ပြုလုပ်၍ နေရာကို စွန့်ခွာသွားလေတော့၏။ ဂေါရာများသည် အိုးထိန်း ဖန်တီးခဲ့သော မီးခိုးမျှားကို မြင်လျှင် အပြင်းအထန် ခုန်တက်လာကြတော့၏။ တစ်နာရီ ကျော်ကျော်ခန့် ကြာသောအခါ အိုးထိန်း ဖန်တီးခဲ့သော မီးဖိုနေရာသို့ ရောက်ကြလေ၏။ ထိုသို့ရောက်သည်နှင့် တစ်ပြိုင်နက် သုတ်ကိုင်း၌ ပါသွားကပါ၊ ငြောင့်စွဲသွားကစွဲ၊ ခလုတ်ထိသွားကထိနှင့် ဖြစ်ကြလေတော့၏။ ထိုနေရာ၌ ဂေါရာ

ခြောက်ဦး ဒဏ်ရာရ၍ နှစ်ဦး သေဆုံးသွားလေ၏။ စောဆေးနေမှုးသည် အလောင်းများကို သယ်ရ၏။ လူနာများကို ဆေးရုံပို့ရ၏။ လွန်စွာ အလုပ်များသွား၏။ ထို့အပြင် တစ်ယောက်တည်းသော ရှန်သူသည် တစ်စုံတစ်ရာမဖြစ်ဘဲ တင်ခဲ့တစ်ခုလုံး ဒဏ်ရာများရခြင်း၊ ကျဆုံးခြင်းရှိနေခြင်းမှာ မိမိတွင် လွန်စွာမှ သိက္ခာကျ၏။ ထို့ထက် ဆိုးရွားသည်မှာမူ အထက်လူကြီးသည် သည်တိုင်းနေမည်မဟုတ်။ မိမိအနေဖြင့် ထုချေလွှာ တင်ရဦးမည်၊ ထိုအကြောင်းများကို တွေးရ၍ လက်ဖတင်နှင့် စောဆေးနေမှုးသည် အလွန်စိတ်ပျက်နေ၏။ ထို့အပြင် ဤတစ်ယောက်တည်းသော တောတွင်း ရှန်သူကိုမိလျှင် အရှင်မထား သတ်ပစ်မည်ဟု စိတ်ထဲ၌ ကြိမ်းနေမိ၏။

အိုးထိန်းသည် ဂေါရာများကို ကောင်းစွာ နှိပ်စက်ခဲ့လေ၏။ စုစုပေါင်း ဂေါရာ(၁၃)ယောက်ကျဆုံး၍(၂၆)ယောက် ဒဏ်ရာရသည်အထိ တိုက်ခိုက်ခဲ့လေ၏။ ဆက်၍ တိုက်ခိုက်ပါမူ ဂေါရာတစ်တပ်လုံး မြေခဲသွားဖွယ်ရာရှိ၏။ ဤသို့ ပြုလုပ်နိုင်ခြင်းမှာ ၎င်း၏ ဆရာ ဦးမာတူးက ဘုမ္မာဝတီစခန်း၌ စနစ်တကျ လေ့ကျင့် သင်ကြားပေးခဲ့သောကြောင့် ဖြစ်၏။

ထို့နောက် အိုးထိန်းသည် ပနီချောင်းကိုဖြတ်၍ မုဆိုးများ ရှိရာ အတွင်းပိုင်း တောအုပ်အတွင်းသို့ ဝင်ခဲ့လေ၏။ မုဆိုးများသည် ၎င်း၏နောက်သို့ သဲသဲမဲမဲကြီး လိုက်ခဲ့ကြ၏။ သို့ရာတွင် တောကျွမ်းခြင်း၊ မုဆိုးအတတ်တတ်ခြင်း၊ ခံနိုင်ရည် ရှိခြင်း စသော အိုးထိန်း၏ အရည်အချင်းများကြောင့် မုဆိုး

www.burmeseclassic.com

များသည် အိုးထိန်း၏ နောက်သို့ မလိုက်နိုင်ဘဲ ရှိလေ၏။ အိုးထိန်းသည် တောတွင်း၌ ဆင်းရဲပင်ပန်းစွာ ခရီးဆက်ခဲ့လေ၏။ စမ်းချောင်းတစ်ခုအနီးသို့ ရောက် သော အခါ၌ ကျောက်တုံးတစ်တုံးကို အကာအကွယ်ယူ၍ ခြေပစ်လက်ပစ် နားလိုက်လေ၏။ ထိုအချိန်၌ တစ်စုံတစ်ယောက်သည် သူ၏ နားထင်ကို သေနတ်ဖြင့်ထောက်၍ ချောက်ခနဲ မောင်းတင်လိုက်လေ၏။

ပြီးလျှင်....

"ဒီမှာ ဆရာသေး မောင်အိုးထိန်း၊ နည်းနည်းလေး လှုပ်တာနဲ့ မောင်းဖြုတ်လိုက်မယ်၊ ကျုပ်တို့ဟာ ဂေါ်ရာဘွေတောင်မဟုတ်ဘူး၊ ဒါကြောင့် မလွယ်ဘူးနော်"

ဟု ပြောလိုက်သဖြင့် အိုးထိန်းသည် မျက်လုံးကို စွေ၍ ကြည့်လိုက်ရာ တရုတ်ကြီးတစ်ဦးသည် ၎င်း၏ နားထင်ကို သေနတ်ဖြင့် ထောက်၍ ကျန်လက်တစ်ဖက်က ယမ်ဆောင်တဖျပ်ဖျပ်ခတ်နေသည်ကို တွေ့ရ၏။

အိုးထိန်းသည် ထိုတရုတ်ကြီးကို ကောင်းစွာ မှတ်မိသွား၏။

"ဩော်....ဦးဂွမ်တီပါလား"

ဟု ပြောလိုက်လေ၏။

"ဟုတ်တယ်၊ ဟိုမှာ ဘယ်သူလဲ၊ ကြည့်လိုက်ဦး"

ဟု ဆိုသဖြင့် ကြည့်လိုက်ရာ ရှမ်းဘောင်းဘီ အနက်ကို ဝတ်၍ ထိုဘောင်းဘီပေါ်တွင် ခါးပတ်စည်းထားပြီးလျှင် ခါးပတ်တွင် လှပသည့် ခြောက်လုံးပြူး သေနတ်ကလေး ထိုးထားသည့် စနေမောင်မောင်ကို တွေ့ရလေ၏။

"ဩော်....ဆရာကြီး စနေမောင်မောင်လဲ ပါသကိုး"

ဟု အိုးထိန်းက ပြောလိုက်လျှင် စနေမောင်မောင်က....

"ကိုဆိတ်ဖွားလဲပါတယ်၊ သူက ဓာဝန်နဲ့ ခဏသွားတယ်၊ ဦးဂွမ်တီရယ်....ခင်ဗျား သေနတ်ကြီး ဖယ်ထားလိုက်ပါဦး၊ ကျုပ်တို့မှာပါတဲ့ အသားဘူးတွေဖောက်ပြီး မောင်အိုးထိန်းကို ကျွေးလိုက်ပါဦး"

ဟု ပြောလိုက်လေ၏။

ထိုအခါကျမှပင် ဦးဂွမ်တီသည် သေနတ်ကို ရုပ်သိမ်းပြီး နောက် အသားဘူးများကိုဖောက်ကာ ပေါင်မုန့်နှင့် အိုးထိန်းအား ကျွေးလေ၏။

အိုးထိန်းလည်း ဝတ်၍လာသဖြင့် မြိန်ရှက်စွာ စားသောက်လေ၏။ ပြီးလျှင် စနေမောင်မောင်က....

"ဒီလို ဆရာလေးရဲ့၊ ကိုရင့်ကိစ္စကို ကျုပ်တို့သုံးယောက်က မျက်ခြည်မပြတ် စောင့်ကြည့်နေကြတာ တခြားကြောင့်မဟုတ်ပါဘူး၊ အကူအညီပေးချင်လို့ပါ"

ဟု ပြောလိုက်လေ၏။

www.burmeseclassic.com

www.burmeseclassic.com

စီစဉ်ထားပုံရတယ်၊ ဒါကြောင့် မောင်အိုးထိန်းတို့ ဦးမာတူးတို့ရဲ့ လှုပ်ရှားမှုစခန်းဟာ ဒီဘဝထဲမှာရှိလိမ့်မယ်၊ အဲဒီတော့ မောင်အိုးထိန်းက မြို့ကိုတက်သွားမယ်၊ စခန်းမှာ ဦးမာတူး ကျန်ခဲ့မယ်လို့ ကျုပ်က စဉ်းစားမိတယ်၊ အဲလို စဉ်းစားမိတဲ့ အခါမှာ အတွေးတစ်ခုပေါ်လာတယ်၊ တောကြီးမျက်မည်းထဲက ဦးမာတူးနဲ့ မောင်အိုးထိန်းနဲ့ ဘယ်လိုဆက်သွယ်မလဲဆိုတဲ့ ကိစ္စပဲ၊ အဲဒီတော့ ဆက်သွယ်ဖို့နည်းတစ်နည်းပဲရှိတယ်၊ အဲဒါက ဘာလဲဆိုရင် 'ခိုး'နဲ့ ဆက်သွယ်မယ်၊ ဒါမျိုးတွေကို မောင်ရင်တို့ အိုးဂိုဏ်းတွေက လုပ်လေ့လုပ်ထလဲရှိဝယ်၊ အဲဒီလိုမျိုး လုပ်ခဲ့ရင်တော့ ဆားပုလင်းနှင်းမောင်ဟာ တောထဲဝင်ပြီး မောင်အိုးထိန်းတို့ မြေးအဘိုးစီစဉ်ထားတဲ့ စခန်းကို ရအောင် ရှာမှာပဲ၊ ရှာရင် စခန်းကိုရတာနဲ့ ဆားပုလင်းနှင်းမောင်က ဒီတိုင်းနေမှာမဟုတ်ဘူး၊ ဦးမာတူး ရေးတဲ့ အရေးမျိုးနဲ့ မောင်အိုးထိန်းကို တောထဲပြန်လာဖို့ စာရေးပြီး ခိုနဲ့ လွှတ်မှာပဲ၊ အဲဒီအခါမှာ မောင်အိုးထိန်းဟာ ဆားပုလင်းနှင်းမောင် ရေးတဲ့စာကို ဦးမာတူး ရေးတယ်မှတ်ပြီး တောထဲဝင်လာတာနဲ့ ကိစ္စကပြီးပြီ၊ ကျုပ်တို့က မောင်အိုးထိန်းကို မသေစေချင်ဘူး၊ ဘာကြောင့် မသေစေချင်ဘူးလဲဆိုတော့ ရတနာသိုက်ကြောင့်ပါ၊ အဲဒီ ရတနာသိုက်ကို ကျုပ် စိတ်ဝင်စားတယ်၊ 'ပုဂံရေချိုး' ပဲခူးမှာပေါ်ဆိုတဲ့ ရတနာသိုက်လေ၊ အစကတော့ ကျုပ်ဟာ အဲဒီသိုက်ထဲမှာ ပညာရပ်တွေပဲရှိမြဲပြီး ရတနာမရှိဘူး ထင်ထားတာ၊ နောက်တော့မှ ရတနာတွေရှိကြောင်း သဲလွန်စလေးတွေ ဟိုကလာ ရထား

"ကျွန်တော့်ကိစ္စကို ဆရာကြီးတို့က ဖောင့်ကြည့်နေတော့ ဘယ်လိုထူးခြားသလဲ"

ဟု မေးလိုက်လေ၏။

"ဒီလိုရှိတယ် မောင်အိုးထိန်း၊ မင်းအမှုကို လိုက်နေတဲ့ ဆားပုလင်း နှင်းမောင်ကို အကဲခတ်နေတာ၊ သူက ရုတ်တရက် နှယ်ကိုထွက်သွားတော့၊ သွားတာကတော့ 'ချောက်မြို့'ပဲ၊ အဲဒီမှာ အမှုတစ်ခု သက်သေခံဖို့ရှိလို့ သွားတာပဲ၊ အဲဒီက နေပြီး သူဟာ ပုဂံ-ညောင်ဦးဘက်ကို ထွက်သွားတယ်၊ အဲဒီ ပုဂံ-ညောင်ဦးကနေပြီးတော့ စီအိုင်ဒီကိုမပြန်ဘဲ မင်းတုန်းဘက်ကို ဝင်တယ်၊ မင်းတုန်းရောက်တော့ မုဆိုးတွေနဲ့ သူတွေ့တယ်၊ အဲဒီလို တွေ့ကတည်းက တောကြီးထဲကိုဝင်တော့ မယ်ဆိုတာ ကျုပ်က အာဘော်သိတယ်၊ ပိုပြီးသေချာတာက ဟိုး ရေနံမာက်မှာ ရေနံဘူးတူးအဖွဲ့ကို ခေါင်းဆောင်နေတဲ့ 'ဂေါရာ' စစ်ပုလိပ်တွေ တောစပ်တွေမှာ ချထားဖို့ စီစဉ်ခဲ့တယ်၊ အဲဒီတော့ ဒီဘဝထဲကို ဝင်မယ်ဆိုဘာဟာ မြေကြီးလက်ခတ်မလဲ သေချာနေပြီပေါ့၊ ကျုပ်နားလည်တာကတော့ အိုးဂိုဏ်း သားတွေဟာ အရေးကြီးတဲ့အကြောင်းကိစ္စရှိရင် အဲဒီဟောကြီးထဲကို ဝင်ပြီးအောင်းလေ့ရှိတယ်၊ မောင်အိုးထိန်းရဲ့ ဆရာ ဦးမာတူးကိုလဲ မမြင်တာကြာပြီ၊ အဲဒီတော့ ဘာပဲဖြစ်ဖြစ် ဦးမာတူးဟာ ဒီတောထဲမှာရှိမယ်လို့ ကျုပ်က တွက်တယ်၊ မောင်အိုးထိန်းဟာ မြို့တက်ပြီး လူသတ်မှုတွေကျူးလွန်တယ်၊ အဲဒီလို ကျူးလွန်ပြီးရင် တောထဲမှာပြန်အောင်းမယ်၊ ဒီလို

www.burmeseclassic.com

အခါမှာ အိန္ဒိယမှာရှိတဲ့ ကုလားတွေနဲ့ မောင်အို ထိန်းကို ဆက်သွယ်ခိုင်းပါ့မယ်။ ကျုပ်တို့ရဲ့ တာဝန်ကတော့ မောင်အိုးထိန်းကို ဘွဲ့ဖိုပဲ တွေ့ပြီးရင် အကျိုးအကြောင်းပြောမယ်၊ ပြောပြီးရင် တောထဲက ပြန်ထွက်ဖို့ပဲ၊ အရေးကြီးတဲ့ စကားမှာချင်တာကတော့ တေးထဲက ထွက်ဖြစ်အောင် ထွက်သွားပါ၊ ဆားပုလင်းနှင်းမောင်ဆိုတဲ့လူနဲ့ ရင်ဆိုင်ဖို့ လုံးဝစိတ်မကူးပါနဲ့၊ ဆားပုလင်းနှင်းမောင်ဟာ ဥာဏ်ရည်ဥာဏ်သွေး ကောင်းတယ်၊ သတ္တိရှိတယ်၊ စွန့်စားဝံ့တယ်၊ သူကို စဉ်းစားတဲ့နေရာမှာ အခြားပုလိပ်တွေ စုံထောက်တွေလို စဉ်းစားလို့မရဘူး၊ သူက လူခေတ်တစ်ယောက် ဖြစ်တယ်၊ ဒါကြောင့် မောင်အိုးထိန်း ဟောဒီက စည်သွတ်ဘွဲ့တွေ၊ အသားခြောက်တွေ ယူပြီး ထွက်သွားပါ၊ ကျုပ်တို့အတွက် တစ်နပ်စာပဲ ထားခဲ့"

ဟု စနေမောင်မောင်က ရွှည်လျားစွာ ရှင်းပြလိုက်လေ၏။

ထိုအချိန်၌ ဦးဂွမ်တီသည် အိုးထိန်း ယူသွားရန်အတွက် အသားဘူးနှင့် ရိက္ခာခြောက်များ ထုပ်ပိုးပြင်ဆင်ပြီး ဖြစ်လေတော့၏။

အိုးထိန်းသည် ထိုပစ္စည်းများကိုယူ၍ စနေမောင်မောင်နှင့် ဦးဂွမ်တီအား နှုတ်ဆက်ပြီး ထွက်ခဲ့လေတော့၏။

စနေမောင်မောင်ပြောသည့်အတိုင်း အနောက်တက်စူးစူးသို့ တေးကို ဖောက်၍ထွက်ပြီးလျှင် အိန္ဒိယပြည်ထဲသို့ ဝင်ရန် ဖြစ်၏။ သို့ရာတွင် ၎င်း၏ စိတ်ကူးဥာဏ် ၎င်းနေထိုင်ခဲ့ရသော ဘုမ္မာဝတီစခန်းကြီးကို ကြည့်လိုသေး၏။ ထို့အတွက် ဆာဖြစ်သာ ဦးမောတူး၏ အလောင်းကိုလည်း မြင်လိုသေး၏။

တယ်၊ အဲဒါကလဲ မောင်အိုးထိန်းသဘောတူမှ ဒီသိုက်ကိုရှာမှာပါ၊ မောင်အိုးထိန်းဆီမှာ မြေပုံတစ်ခြမ်းရှိမယ်၊ ကျန်တဲ့ တစ်ခြမ်းက ကြိုးဂိုဏ်းမှာရှိတယ်၊ ဒါဟာ သိပ်မခက်တော့ဘူး၊ ပြီးတော့ ဟောဒီတောအုပ်ကြီးထဲမှာပဲ ဘုမ္မာဝတီမင်းသမီးရဲ့ မင်းသမီးဂူသိုက်ဆိုတာ ရှိတယ်၊ ဒါတွေကလဲ မောင်အိုးထိန်း သေမသွားမှဖြစ်မယ့်ကိစ္စတွေ၊ ဒါကြောင့် မသေစေချင်တာပေါ့၊ မောင်အိုးထိန်း သေသွားရင်တော့ ဒီသိုက်တွေဟာ ကန်းသွားပြီ၊ ဒါကြောင့် ကျုပ်တို့သုံးယောက်က ဟောဒီ တောအုပ်ကြီးထဲကိုဝင်လာပြီး မောင်အိုးထိန်းကို လာစောင့်နေရတာ၊ မြို့ပေါ်မှာလာတွေ့ပြီးပြောပြရင် မောင်အိုးထိန်းအနေနဲ့ လက်ခံမှာမဟုတ်ဘူး၊ ဒါကြောင့် ကျုပ်တို့ကတော့ ဟောဒီ တောအုပ်ကြီးထဲဝင်ပြီး မောင်အိုးထိန်းကို လာပြီး စောင့်နေကြတာ စောင့်နေကြတာဆိုပေမယ့် ငြိမ်ငြိမ်လေး ထိုင်ပြီး စောင့်နေရတာမဟုတ်ဘူး၊ မုဆိုးတွေကိုလဲ အနှောင့်အယှက်ပေးရတယ်၊ တစ်ခါတစ်ခါ ဂေါရတပ်တွေကိုလဲအနှောင့်အယှက်ပေးရတယ်၊အထူးသဖြင့်ဆားပုလင်းနှင်းမောင်ကို အနှောင့်အယှက်ပေးရတယ်၊ အခုဆိုရင် မောင်အိုးထိန်းနဲ့ ဦးမောတူးတို့ လုပ်ထားတဲ့ ဘုမ္မာဝတီစခန်းကြီးလဲ ဆားပုလင်းနှင်းမောင်လက်ထဲကို ရောက်သွားပြီ၊ မီးတောင်ရှိပစ်လိုက်ပြီ၊ မောင်အိုးထိန်းခဲ့ဆရာ ဦးမောတူးလဲ သေရှာပြီကွယ်၊ အဲဒီတော့ မောင်အိုးထိန်းလဲ တောအုပ်ထဲကနေ အနောက်စူးစူးကိုရောက်အောင်ထွက်ပါ၊ ပြီးရင် ရိုးမကိုဖြတ်ပြီး အိန္ဒိယပြည်ထဲကိုဝင်ပါ၊မောင်အိုးထိန်းအိန္ဒိယကိုရောက်တဲ့

www.burmeseclassic.com

စာစ်နေရာတွင် ခိုကပ်နေမည်၊ ရန်သူများအနေနှင့် မိမိအား ရက်ရှည် ရှာသော်လည်း မတွေ့သဖြင့် ပြန်၍တပ်ခေါက်သွား ကြမည်၊ ထိုအခါကျမှ မိမိဘာသာ မိမိ တောကို ဖြတ်၍ ထွက်သွားမည်ဟူ၍ ဖြစ်၏။ ထို့ကြောင့် မည်သည့်နေရာတွင် ခိုကပ်မည်ကို အိုးထိန်းသည် စဉ်းစား၏။ ထိုသို့ စဉ်းစား သောအခါ၌ စနေမောင်မောင်တို့သည် မင်းသမီးဂူကို စိတ်ဝင် စားနေကြ၏။ အကယ်၍ မင်းသမီးဂူကို တွေ့သွားလျှင် စနေ မောင်မောင်တို့လူစုသည် မင်းသမီးဂူ၌ရှိသော ရွှေငွေ ကျောက် သံပတ္တမြားများကို ယူ၍ ထွက်သွားကြမည်၊ ထို့ကြောင့် ၎င်းတို့အနေနှင့် ယူ၍ခရစေရန်အတွက် ဘုမ္မာဝတီမင်းသမီးဂူ အတွင်းမှ ရွှေငွေ ကျောက်သံပတ္တမြားများကို နေရာရွှေ့ ရွှေ့နိုင်ရန်အတွက် ထိုဂူအတွင်း၌ ပုန်းအောင်းခြင်းသည် အကောင်းဆုံးဖြစ်မည်ဟု တွေးမိသည့်အလျောက် မင်းသမီး ဂူသို့ အရောက်သွားကာ ဂူ၌ပင် ခုက်ရှည် အောင်းနေမည်ဟု ဆုံးဖြတ်လိုက်လေတော့သတည်း။

○

ထို့ကြောင့် တောကို ဖောက်၍မထွက်ဘဲ ဘုမ္မာဝတီစခန်း ရှိရာသို့ ဦးတည်၍ လာခဲ့လေ၏။ စခန်းအနီးသို့ ရောက်လျှင် ကျောက်တောင်ကုန်းပေါ်သို့ တက်၍ စခန်းကို ကြည့်လိုက်ရာ မြားကျနေသော စခန်းကြီးကို ဝမ်းနည်းဖွယ်ရာ တွေ့ရလေ တော့သည်။ အိုးထိန်းဆည် စခန်းအနီးသို့မကပ်ဘဲ ကျောက် တောင်ကုန်းပေါ်မှပင်နေ၍ မြားကျနေသောစခန်း၌ လှုပ်ရှား မှု တစ်စုံတစ်ရာ ရှိမရှိ စောင့်မျှော်ကြည့်ရှုခဲ့လေ၏။ လှုပ်ရှားမှု မတွေ့ရသောကြောင့် စခန်းဆီသို့ ကျောက်တောင်ကုန်းပေါ် မှ ဆင်းလာခဲ့လေ၏။ စခန်းမှာ ပြာပုံအတိသာ ရှိတော့၏။

အိုးထိန်းသည် လွန်စွာ စိတ်မကောင်းဖြစ်သွား၏။ ဦးမာ တူး၏ အလောင်းကို ရှာဖွေ၏။ နောက်ဆုံး၌ စမ်းချောင်း ကလေးနှင့် မလှမ်းမကမ်းနေရာတွင် ကျောက်တုံးများ ပုံ၍ ပြုပ်နှံထားသော ဦးမာတူး၏ အလောင်းကို တွေ့ရလေတော့ ၏။ အိုးထိန်း မျက်လုံးတိမ်၌မျက်ရည်များ စို့လာ၏။ အိုးထိန်း ၏ ရင်သည် တဒိတ်ဒိတ် ခုန်လာ၏။ အိုးထိန်းသည် လက်သီး များ ကျစ်ကျစ်ပါအောင် ဆုပ်ထားမိ၏။ အိုးထိန်းသည် ထို နေရာ၌ အချိန် အတော်ကြာ နေခဲ့၏။ ထို့နောက် တောအုပ် မှ ဖောက်ထွက်ရန်အတွက် ခရီးစရ၍ ထွက်ခဲ့လေ၏။ ထွက် သည်နှင့် တစ်ပြိုင်နက် မုဆိုးများသည် စတင် တိုက်ခိုက်လေ တော့၏။ အိုးထိန်းသည် မုဆိုးများကို တိုက်၍ ထွက်ရမည်၊ ထို့နောက် တောကြီးပတ်ပတ်လည်၌ ဝိုင်းထားသော ကေ်ာ်ရာ တပ်များကို ဖောက်၍ ထွက်ရမည်၊ ဤကိစ္စမှာ လွယ်သည့် ကိစ္စမဟုတ်၊ ထို့ကြောင့် တောထဲမှ မထွက်သေးဘဲ လုံခြုံရာ

www.burmeseclassic.com

ဘုန္မာဝတီမင်းသမီးဂူမှ ရွှေဒံဂါးတစ်ပြား

အိုးထိန်းသည် တစ်ခါက ၎င်းခရောက်ခဲ့ဖူးသော ကျောက်ဂူကြီးဆီသို့ ရန်သူများ ရှောင်ကွင်း၍သွားခဲ့လေ၏။ ကျောက်ဂူ အတွင်းသို့ ရောက်သောအခါ အရိပ်အခြည်ကို ကြည့်၏။ ကျောက်ဂူမှာ ယခင်အတိုင်းပင် ခြေရာလက်ရာ မပျက်ပေး ခက်ခဲစွာဖြင့် ထိုခရာသို့ ရောက်အောင် သွားပြီးနောက် ကျောက်ဂူ အတွင်းသို့ ရောက်သောအခါ ယခင်က တစ်ည အိပ်စက်ခဲ့သော ကျောက်တုံးပေါ်တွင်ပင် အိပ်စက်ခဲ့၏။ ထို ညက အိုးထိန်းသည် ကောင်းစွာ အိပ်မပျော်ပါ။ သူ၏ စိတ်ထဲ၌ 'တင်နွယ်ရီ' ရောက်နေ၏။ သူသည် တင်နွယ်ရီ အကြောင်း စဉ်းစားရင်း တစ်ညလုံး အိပ်မပျော်နိုင်အောင် ရှိလေ၏။ နောက်တစ်နေ့ နံနက် မိုးလင်းသောအခါ၌ မီး တုတ်ပြုလုပ်၍ ဂူအတွင်း ဖြတ်၍စီးနေသော စမ်းချောင်းဆီသို့ သွားရ၏။ စမ်းချောင်းသို့ ရောက်သောအခါ၌ ယခင်အတိုင်း

ပင် စမ်းချောင်း၏ အထက်ဘက်ဆီသို့ လျှောက် သွား ပြီး ကျောက်နံရံနှင့် နီးသော နေရာသို့ ရောက်သောအခါ၌ စမ်း ချောင်းအတွင်းသို့ ဆင်း၍ ငုပ်ရလေတော့၏။

အိုးထိန်းသည် ညပေါင်းများစွာ အိပ်ပျက်ခဲ့သည်က တစ်ကြောင်း၊ ပင်ပန်းသည်က တစ်ကြောင်းကြောင့် ကျောက် နံရံကို လွန်အောင် မငုပ်နိုင်ဘဲ ရှိလေ၏။ တစ်ဝက်ခန့် ငုပ်မိ လျှင် မွန်း၍ ပြန်ထွက်ခဲ့၏။ ဤသို့ဖြင့် သုံးကြိမ်သုံးခါ ငုပ်ခဲ့ ရ၏။ စတုတ္ထအကြိမ် ငုပ်သောအခါ၌ လွန်စွာ မောဟိုက်လာ ၏။ ယခုတစ်ခါ ငုပ်ရသည်မှာ လွတ်လွတ်လပ်လပ် ငုပ်ရ သည် မဟုတ်။ ရိက္ခာထုပ်လည်း ပါသည်ဖြစ်ရာ အိုးထိန်းသည် ကျောက်နံရံကို လွန်သည်အထိ ငုပ်ရာမှာ လွန်စွာ မောဟိုက် နေပြီ ဖြစ်၏။ ကျောက်နံရံကို ယှဉ်သည်နှင့် ရေထဲမှတက်၍ ချောင်းနံဘေး သဲပြင်ပေါ်တွင် ခြေဖစ်လက်ဖစ် ပက်လက်လှန် ချလိုက်လေ၏။ အိုးထိန်းသည် အမောဆို့နေပြီဖြစ်ရာ ပက်လက် လှန်လိုက်သည့်အချိန်၌ လုံး၀ လှုပ်ရှားခြင်း မရှိနိုင်တော့ပေ။ ထိုအချိန်၌ တစ်စုံတစ်ယောက်သည် "ကိုယ့်လူ ပြေးဖို့တော့ စိတ်မကူးနဲ့တော့" ဟု အဓိပ္ပာယ်ရသော အင်္ဂလိပ်စကား ကို ပြော၍ သူ၏ လက်ကောက်ဝတ်ကို လက်ဖဝါးခတ်လိုက် သည့်တိုင်အောင် ပြန်လည် ခုခံခြင်း မပြုနိုင်ပါ။ ထို့နောက် အိုးထိန်းသည် အနည်းငယ် အမောပြေသဖြင့် မျက်လုံးကို ဖွင့်၍ကြည့်လိုက်ရာ တစ်စုံတစ်ယောက်သော သူသည် သူ၏ ကိုယ်ပေါ်တွင် ခွ၍ မတ်တတ်ရပ်နေသည်။ သူ့၏ ဝင်ဝကို ခြောက်လုံးပြူးသေနတ်နှင့် ချိန်ထားကာ သူ့အား ပြုံးပြနေ

www.burmeseclassic.com

www.burmeseclassic.com

သည်ကို တွေ့ရလေ၏၊ ထိုသူက ခပ်ပြုံးပြုံး မျက်နှာထားနှင့် ပင်....

"ဒီမှာ ကိုအိုးထိန်း၊ ကျုပ် နှင်းမောင်ပါ၊ ဆားပုလင်း နှင်းမောင်ပါ"

ဟု ပြောလိုက်မှပင် အိုးထိန်းသည် ပါးစပ်အဟောင်းသား ဖြစ်သွားလေတော့၏။ ထို့နောက် အိုးထိန်းသည် အားယူ၍ ကြိုးထပြီးလျှင် မလှမ်းမကမ်းရှိ ကျောက်နံရံဆီသို့ လှမ်းကြည့်လိုက်လေ၏၊ ထိုနေရာ၌ ကျောက်ဖြစ်နေသော လူအရိုးများကိုသာ တွေ့ရ၏။ ရှေထည့်ထားသော သေတ္တာများကို မတွေ့ရတော့ချေ၊ အိုးထိန်းသည် ရင်၌ ဟာဘာတာကြီးဖြစ်သွား၏။ ဝမ်းနည်းသကဲ့သို့ ခံစားရ၏။ ထိုအချိန်၌မှာပင် ဆားပုလင်း နှင်းမောင်က....

"အဲဒီနားမှာထားတဲ့ အရင်ရှိတဲ့ ရွှေတွေ မရှိတော့ဘူး၊ ခင်ဗျားအတိုး ဦးမာတူး နေရာရွှေပစ်လိုက်ပြီ၊ ကျပြီး ကျန်ရစ်ခဲ့တဲ့ ဘုမ္မာဝတီခေတ်က သွန်းထားတဲ့ ရွှေဒင်္ဂါးလေးတစ်ပြားတော့ ကျုပ် ကောက်ရထားတာရှိတယ်၊ ဟောဒီမှာ ကြည့်"

ဟု ဆိုကာ ဆားပုလင်းနှင်းမောင်သည် သူ၏ ကုတ်အင်္ကျီအတွင်းမှ ရွှေဒင်္ဂါးပြားကိုထုတ်၍ လက်မဖြင့် တောက်လိုက်ရာ ရွှေဒင်္ဂါးပြားလေးသည် ချွင်ခနဲမြည်၍ အလေါ်သို့လည်ပတ်ကာ မြောက်ဟက်သွားလေတော့သတည်း။

○

အနှစ်ရှစ်သောင်း ရွာယောမိုး

အိုးထိန်းသည် စီအိုင်ဒီရှိ ကျွန်ုပ်၏ရုံးခန်းအတွင်း၌ ညနေရောရုံးခါနီး သွေးပူစေရန်အတွက် တစ်ယောက်တည်း ဗန်တိုကစားနေ၏။ ကျွန်ုပ်နှင့် ဦးကိုကိုကြီးမှာမူ ၎င်းအား စောင့်၍ကြည့်နေကြ၏။ အိုးထိန်း ဗန်တိုကစားသည်မှာ ကြည့်၍လွန်စွာကောင်းလှ၏။ အရပ်အမောင်းကောင်းခြင်း၊ ကြေးနီရောင် အသားရှိခြင်း၊ ကြွက်သားစိုင်များ အချိုးကျလှပခြင်း၊ ကစားနေသော ဗန်တိုကွက်များ၏ လှပခြင်း၊ သပ်ရပ်ခြင်း၊ လက်အနုတ်အသိမ်း ခြေအနုတ်အသိမ်း လှပခြင်း၊ မြန်ဆန်ခြင်းတို့ကြောင့် ဖြစ်၏။ ထိုအချိန်၌ ဆားပုလင်းနှင်းမောင် ရောက်ရှိလာလေ၏၊

"ကဲ....ကိုအိုးထိန်း၊ ဟောဒီမှာ တင်နယ်ရီ"

ဟု ပြောလိုက်ရာ အိုးထိန်းသည် မျက်နှာတူရွာတက်သို့ လက်ဝါးစောင်းနှင့် လှမ်း၍ခုတ်လိုက်ရင်း လှမ်း၍ကြည့်လိုက်ရာ တင်နယ်ရီကို တွေ့မြင်သွား၏၊ သူ၏လက်ကိုင် ပြန်၍

www.burmeseclassic.com

www.burmeseclassic.com

ရေပမိတော့။ ရပ်မိနိုင်လောက်အောင်လည်း သူ့၏စိတ်သည် ဆောက်တည်နိုင်ခြင်း မရှိ တော့။ တင်နွယ်ရီသည်လည်း အိုးထိန်း၏မျက်နှာကို အံ့သြခြင်း၊ ဝမ်းသာခြင်း၊ မချင့်မရဲ ဖြစ်ခြင်း စသော ခံစားမှုများနှင့်အတူ ကြည့်ရင်း ပါးစပ်ဟသွား၏။ ထိုအခါ၌ အိုးထိန်းသည် တစ်ဖက်သို့ရောက်နေသော လဲက်ကို အချိုးကျကျ ပြန်၍သိမ်းလိုက်၏။ သူ၏ မျက်နှာ၌ အံ့သြခြင်း၊ ဝမ်းနည်းခြင်း၊ ကျိတ်၍ဆွေးနေခြင်း တို့သည် တစ်ကွက်ချင်း ပေါ်နေ၏။ သို့မဟုတ် တစ်ပေါင်း တစ်စည်းတည်း ပေါ်နေ၏။

တင်နွယ်ရီ၏မျက်လုံးများသည် အိုးထိန်းအား တစ်စုံတစ်ခုကို လေးလေးနက်နက် ပြောနေဘိသကဲ့သို့ ရှိ၏။ အိုးထိန်း၏ မျက်လုံးများသည်လည်း နက်ရှိုင်းသော အကြောင်းအရာများကို ပြောနေ၏။ ထိုမျက်လုံးနှင့် ခွင့်လွှတ်ခိုင်း၏။ ထိုမျက်လုံးနှင့်ပင် ခွင့်မလွှတ်နှင့်ဟု စိန်ခေါ်နေ၏။ သူ၏နှလုံးသားကို လှစ်ပြနေ၏။ သို့မဟုတ် ဖုံးကွယ်နေ၏။ ရက်စက်မှုများကို ဖော်ပြနေ၏။ ထို့အတူ ထိုမျက်လုံးများတွင် ကြင်နာမှုများကို ဖော်ပြနေ၏။ အိုးထိန်းသည် တင်နွယ်ရီအား စိန်းစိန်းကြည့်လိုက်၏။ သို့အကြည့်သည် အမျိုးပေါင်း တစ်ထောင်ပြားသောအကြည့် ဖြစ်၏။ ထိုအမျိုးပေါင်း တစ်ထောင်ပြားသော အကြည့်မှ တင်နွယ်ရီသည် တစ်မျိုးကိုသာ စွဲစွဲမြဲမြဲ မြင်တွေ့သွား၏။ ထိုတစ်မျိုးကား အိုးထိန်း၏ လှစ်ပြလိုက်သော နှလုံးသားပင် ဖြစ်၏။

"အစ်ကို...."

တင်နွယ်ရီသည် အိုးထိန်းထံသို့ အတင်း ပြေးသွား၏။ အိုးထိန်းက ဆီးရှိသိုင်းဖက်လိုက်၏။ တင်နွယ်ရီ၏မျက်နှာသည် ပလာဟင်းလင်းဖြစ်နေသော အိုးထိန်း၏ ရင်ခွင်တွင် တိုးဝှေ့ကပ်လိုက်၏။ ထို့နောက် ငိုကြွေးလိုက်၏။ ကပ်ကမ္ဘာဦးက အနှစ် ရှစ်သောင်းရှာသော မိုးကဲ့သို့ မပြီးနိုင်ဝံ့နိုင် မျက်ရည်များ ရွာသွန်းလိုက်၏။ ထို့နောက်မှ....

"အစ်ကိုဟာ ကြိုးစင်မှာ အသက်ကုန်ရတော့မယ်၊ အဲဒါကောင်းတယ်၊ဖေဖေဟာလဲ အစ်ကို့လက်ချက်နဲ့ အသက်ကုန်သွားပြီ၊ အဲဒါလဲ ကောင်းပါတယ်၊ အာဃာတ တရားတွေ ချုပ်ငြိမ်းသွားကြပြီပေါ့ အဲဒါ အကောင်းဆုံးပဲ၊ ဒါကြောင့် အစ်ကိုရယ်... ကျေကျေနပ်နပ်ကြီး သေလိုက်ဖို့ တင်နွယ်ရီ ဆန္ဒပြုပါတယ်"

ဟု တင်နွယ်ရီက ပြောလိုက်ရာ ကျွန်ုပ်နှင့် ဦးကိုကိုကြီးတို့သည် လွန်စွာ စိတ်မကောင်းဖြစ်၍သွားကြကုန်၏။ ဦးကိုကိုကြီးမှာမူ ၎င်းတို့နှစ်ဦးအတွက် စိတ်မကောင်းဖြစ်ကာ မျက်နှာကြီး တစ်ခုလုံး နီမြန်းနေ၏။ ကျွန်ုပ်မှာမူကား ရင်ထဲ၌ တလှုပ်လှုပ် ခံစားနေရ၏။

ထို့နောက် တင်နွယ်ရီက....

"တင်နွယ်ရီ ဖေဖေဟာ ကြိုးပါ၊ သူဟာ အိုးဖြစ်တဲ့ အစ်ကို့ရဲ့လက်ချက်နဲ့ အသက်ဆုံးရရှာပြီ၊ အစ်ကိုဟာ အိုးပါ၊ ဒါပေမယ့် ကြိုးစင်မှာ ကြိုးကြောင့် အသက်ဆုံးရတော့မယ်၊ စာရားပါတယ် အစ်ကိုရယ်"

ဟု ပြောလိုက်လေ၏၊

www.burmeseclassic.com

ကျွန်ုပ်မှာမူကား ဆက်လက်၍ တင်နှယ်ရီ၏စကားများကို နားမထောင်ဝံ့တော့သဖြင့် အခန်း၏အပြင်ဘက်သို့ ထွက်ကာ ဆေးတံကို ဖွာနေလေတော့၏။

ထိုအခါ၌ ဆားပုလင်း နှင်းမောင်သည် ကျွန်ုပ်အနီးသို့ ချောက်ရွှံလာပြီးလျှင်....

"အိုင်ပီ....ဦးကိုကိုကြီးကိုဖါ ခေါ်ပြီး ခပ်ဝေးဝေးလေး သွားနေကြရင် ကောင်းမယ် ထင်တယ်၊ သူတို့နှစ်ယောက် လှုတ်လှုတ်လပ်လပ် အေးအေးဆေးဆေး တွေ့ကြပါစေဗျာ၊ ကုသိုလ်ရပါစေဟယ်"

ဟု ပြောသဖြင့် ကျွန်ုပ်လည်း ဦးကိုကိုကြီးကို မျက်ရိပ်ပြ၍ ခေါ်ရာ ဦးကိုကိုကြီးက မျက်ရိပ်ပြသည်ကို မရိပ်မိသောကြောင့် ကျွန်ုပ်သည် အနီးသို့သွားကာ လက်ကို ဆောင့်၍ ဆွဲခေါ်ပြီးလျှင်....

"သူတို့နှစ်ယောက်ကို ဆားခဲ့စမ်းပါ"

ဟု ပြောလိုက်လျှင် ဦးကိုကိုကြီးက....

"ကျုပ်လဲ အဲဒီလိုလုပ်ရရင် ကောင်းမလားလို့ စဉ်းစားနေတာပါဗျာ"

ဟု ပြောလိုက်သဖြင့် ကျွန်ုပ်နှင့် ဆားပုလင်းနှင်းမောင်မှာ ရယ်ရသေးတော့၏။

○

သူ့အတွက် ဆုတောင်း

ထိုနေ့နံနက်က ကျွန်ုပ်သည် အိပ်ရာမှ အစောကြီးထခဲ့၏။ မထ၍လည်း မဖြစ်၊ ကျွန်ုပ်၏ဇနီးဖြစ်သူ တင်တင်က "ဘုရားသွားရမည်" ဟု ဆိုကာ အတင်းနှိုးနေ၏။ ကျွန်ုပ်သည် အိပ်ရာမှ လူးလဲ၍ ထခဲ့၏။ ထို့နောက် ကျွန်ုပ်သည် မော်တော်ကားကို မောင်း၍ ရွှေတိဂုံဘုရားသို့ ဒန်းကြီးညွှန်များ၊ မိတောက်ညွှန့်များကို ညောင်ရေအိုးတစ်လုံးတွင် စိုက်ကာ ယူသွားခဲ့ရ၏။ အဘယ်ကြောင့်ဆိုသော် ယနေ့သည် ကျွန်ုပ်တို့ ဖမ်းဆီးထားသော တရားခံ အိုးထိန်းအား နောက်ဆုံးစီရင်ချက်ချသည့်နေ့ဖြစ်သောကြောင့်ဖြစ်၏။ ထို့ကြောင့် ကျွန်ုပ်သည် ၎င်းအတွက် စိုးရိမ်ကာ ၎င်း၏မွေးနေ့သင္ကြာရုဇ်ဖြင့် ပေဒင် သွား၍ မေးခဲ့၏။ ပေဒင်ဆရာက အမိန့်ချမည့်နေ့တွင် ပိတောက်ညွှန့်

www.burmeseclassic.com

နှစ်ဆယ့်ကိုးညှဉ်း၊ ဒန်းကြီးညှဉ်း နှစ်ဆယ့်ငါးညှဉ်းကို တနင်္ဂနွေထောင့်မှာ အိုးတစ်လုံးနှင့် လှူခဲ့မည်ဆို၏။ ထို့ကြောင့် ကျွန်ုပ်သည် တရားခံအတွက် သွားရောက်၍ လှူဒါန်းပေးကာ ဆုတောင်းရခြင်း ဖြစ်၏။

ရုံးချိန်သို့ရောက်သောအခါ၌ ကျွန်ုပ်သည် ဦးကိုကိုကြီးကို ခေါ်၍ ဟိုက်ကုတ်ရုံးသို့ ထွက်လာခဲ့လေ၏။ ရုံးသို့ရောက်လျှင် ဆားပုလင်းနှင်းမောင်ကို အသင့်တွေ့ရလေ၏။ ထိုအခါ၌ ကျွန်ုပ်က....

"နည်းနည်း နောက်ကျသွားတယ် အိုင်ဆေး၊ တရားခံကိုအိုးထိန်းအတွက် ဗေဒင်မေးပြီး ရွှေတိဂုံဘုရားမှာ ယတြာသွားချေနေရတယ်"

ဟု ပြောလိုက်ရာ ဆားပုလင်းနှင်းမောင်က....

"ပိစောက်ညှဉ်း နှစ်ဆယ့်ကိုးညှဉ်းနဲ့ ဒန်းကြီးညှဉ်း နှစ်ဆယ့်ငါးညှဉ်းမှပါရဲ့လား၊ ခင်ဗျားတရားခံကလဲ လက္ခဏာဆရာပါဗျာ၊ ပူမနေပါနဲ့"

ဟု ပြန်၍မေးလိုက်လေ၏။

"အမှန်ပဲဗျို့၊ အဲဒီအဘိုင်းပဲ သွားလုပ်ရတာ၊ အဲဒါတွေ ဘယ်လိုသိနေတာလဲ ရှင်းပြစမ်းပါဦး"

ဟု ကျွန်ုပ်က မေးလိုက်လေ၏။

"ဒါက ဒီလိုဗျ၊ ကိုအိုးထိန်းက တနင်္ဂနွေသား မဟုတ်လား၊ ဗေဒင်ဆရာက သူ့အတွက် ယတြာ ပေးမယ်ဆိုရင် တနင်္ဂနွေမိတ်ဖြစ်တဲ့ ကြာသပတေးနဲ့ ဓာတ်ဖြစ်တဲ့ စနေကို တွဲပြီး ပေးမယ်ဗျာ၊ အကောင်းဆုံးအဘွက်ကတော့ ပိတောက်ပေါ့ဗျာ၊ 'မိတ်ကိုဓာတ်အုပ် ယတြာအချုပ်' လို့ဆိုတာကိုးဗျ"

ဟု ပြောလိုက်၏၊

"နှစ်ဆယ့်ကိုးညှဉ်းဆိုတာကကောဗျာ၊ ဘယ်လို တွက်တာလဲ"

ဟု ကျွန်ုပ်က မေးလိုက်ခဲ့လေ၏။

ထိုအခါ ဆားပုလင်းနှင်းမောင်က....

"ပိနဲတောက်ကိုပေးရင် နှစ်ဆယ့်ကိုးညှဉ်း ပေးရတယ်ဗျ၊ ကြာသပတေး ဂြိုဟ်သက်က ဆယ့်ကိုး၊ စနေ ဂြိုဟ်သက်က တစ်ဆယ်၊ ပေါင်းရင် နှစ်ဆယ့်ကိုးပေါ့ဗျာ၊ ပိတောက်ဆိုတာ ကြာသပတေးနဲ့ စနေပေါင်းထားတဲ့ဟာပဲ"

တူ ရှင်းပြလေ၏။

"ဒါနဲ့ နေစမ်းပါဦး၊ ဒန်းကြီးက ဘယ်လိုပါလာရတာလဲ"

ဟု ကျွန်ုပ်က မေးလိုက်ပြန်၏။

"ဒါက ဒီလို အိုင်ပီရဲ့၊ အမြစ်အညှဉ်း မတွန့်စေရခဲ့လို့ အင်ဝိဇ္ဇာစကားနဲ့ မေးတဲ့ ယတြာဗျ၊ ကိုအိုးထိန်းက တနင်္ဂနွေ

www.burmeseclassic.com

www.burmeseclassic.com

သား ဆိုတော့ သူ့ရဲ့အမြစ်ကစနေ၊ 'ဒန်း'ပေါ့ဗျာ၊ အညွှန့်က တနလ်ာ 'ကြီး'ပေါ့ဗျာ၊ ဒုနေ့ဂြိုဟ်သက်ကတစ်ဆယ်၊ တနလ်ာဂြိုဟ်သက်က ဆယ့်ငါး၊ ပေါင်းရင် နှစ်ဆယ့်ခြောက်ပေါ့ဗျာ၊ ဒါကြောင့် ဒန်းကြီးညွှန့်ကိုပေးရင် နှစ်ဆယ့်ငါးညွှန့်ပေးလို့ ရှိတယ်"

ဟု ဆားပုလင်းနှင်းမောင်က ပြောလိုက်၏။

"ခင်ဗျားကတော့ အရာရာနှံစပ်ပါပေတယ် ကိုနှင်းမောင်ရယ်"

ဟု ကျွန်ုပ်က ပြောလိုက်မိလေတော့၏။

ထိုနောက်တွင်ကား ကျွန်ုပ်၊ ဦးကိုကိုကြီးနှင့် ဆားပုလင်းနှင်းမောင်တို့သည် တရားခံ အိုးထိန်းအား အမိန့်ချမည့်နေရာသို့ သွားရောက်ရလေ၏။ တရားသူကြီးသည် လွန်စွာမှခန့်ညားလှ၏။ သူသည် စင်မြင့်ပေါ်မှနေ၍ တရားခံ အိုးထိန်းအတွက် စီရင်ချက်ကို ဖတ်ပြ၏။

စီရင်ချက်ကို နားဆောင်ရသည်မှာ ရင်တထိတ်ထိတ်ခုန်၏။ ပထမပိုင်းတွင် အိုးထိန်း၌ အပြစ်တစ်စုံတစ်ရာ မကျရောက်သကဲ့သို့ ဖော်ပြ၏။ ထို့နောက် အပြစ်ပေးရန် ဖော်ပြပြန်၏။ ပြီးလျှင် အပြစ်မရှိကြောင်း ဖော်ပြပြန်၏။ ထို့နောက် အပြစ်ရှိကြောင်း ဖော်ပြပြန်၏။ ကျွန်ုပ်မှာ ဝမ်းသာလိုက် ဝမ်းနည်းလိုက် ဖြစ်နေရ၏။

ထိုအချိန်၌ ဦးကိုကိုကြီးသည် ကျွန်ုပ်အနီးသို့ ကပ်ပြီး လျှောင်...

"တရားသူကြီးရဲ့ စီရင်ချက်ကလဲဗျာ.... ရှမ်းဘုန်းကြီး အိပ်မက် ရှေပေလ္ဟာဖတ်ရသလိုပဲ"

ဟု ပြောလိုက်လေ၏။

"ရှမ်းဘုန်းကြီးအိပ်မက် ရှေပေလ္ဟာဆိုတာက တယ်လို့ တုံးဗျ"

ဟု ကျွန်ုပ်က မေးလိုက်ရာ ဦးကိုကိုကြီးက....

"ဦးအောင်သင်း မဖတ်မူးဘူးလား၊ စာတိုက်ကနေ တံဆိပ်ခေါင်း မကပ်ဘဲလာတဲ့စာလေဗျာ၊ ရှမ်းဘုန်းကြီးအိပ်မက် ရှေပေလ္ဟာ၊ ဤစာကို ကိုးစောင် ဝေရမည်၊ ဤစာကို မယုံသောကြောင့် မဝေသဖြင့် မန္တလေး စီဗီလိုင်းမှ မောင်ညိုဆိုသူ၏ အိမ် မီးလောင်သွားသည်၊ ဝေလိုက်သောကြောင့် သိန်းထီပေါက်သွားသည်၊ ဘိုကလေးမြို့မှ ငါးရောင်းသော ဒေါ်ဘုမဝဝသဖြင့် ခွေးယောကျ်ားလေမှောက်၍ သေဆုံးသွားသည်၊ နောက်မှ ဝေလိုက်သောကြောင့် ထီဆုကြီးပေါက်သွားသည်၊ သူဌေးကြီး ဦးဘဦးဆိုသူ မဝေသဖြင့် အဖိုးတန်ရွှေထည်ပစ္စည်းများ ပျောက်သွားသည်၊ ဝေလိုက်သောကြောင့် သူဌေးမိ၍ ပစ္စည်းများ ပြန်ရသည်"

ဟုပြောလိုက်ရာ ကျွန်ုပ်သည် သဘောပေါက်သွားသဖြင့်....

www.burmeseclassic.com

www.burmeseclassic.com

"သိပြီ ဦးကိုကိုကြီးရေ....ရွှေတိုး နောက်ဆုတ်နဲ့ ရေးထားတဲ့ စာတွေလေဗျာ"

ဟု ပြန်၍ ပြောလိုက်မိလေ၏။

နောက်ဆုံးတွင် တရားသူကြီး၏ စီရင်ချက်၌ တရားခံအိုးထိန်းအား သေစားသေရန် အမိန့်ချမှတ်လိုက်လေတော့၏။

ထိုအခါ၌ ဦးကိုကိုကြီးက....

"ဒါကတော့ ရွှေပေလွှာမဟုတ်ဘူးဗျို့၊ တရားသူကြီးက တကယ်နှိပ်စက်လိုက်ပြီ၊ ကျုပ်တို့လူတော့ ကြိုးစင်ဘက်ရတော့မယ်ဗျို့"

ဟု စိတ်မကောင်းသောလေသံဖြင့် ပြောလိုက်လေ၏။

ကျွန်ုပ်မှာ လွန်စွာ ဝမ်းနည်းကြေကွဲသွား၏။ အိုးထိန်းအတွက် လွန်စွာမှလည်း ဆွေးမြည့်သွား၏၊ ကျွန်ုပ်သည် ကတုန်ကယင်ဖြစ်လျက် ရှိ၏။ ဆားပုလင်း နှင်းမောင်သည် စီးကရက်သောက်ရင်း အိုးထိန်းထံသို့ လျှောက်သွားသဖြင့် ကျွန်ုပ်လည်း လိုက်သွားရ၏။ ဆားပုလင်းနှင်းမောင်သည် အိုးထိန်းနှင့် တွေ့သောအခါ....

"ကိုအိုးထိန်း....ထောင်ကို ကျုပ်လိုက်ပို့ပါ့မယ်၊ နောက်တစ်ခုက ကျုပ် ခင်ဗျားကို လေးစားတယ်"

ဟု ပြောလိုက်ရာ တရားခံ ကိုအိုးထိန်းကလည်း....

"ဆားပုလင်း နှင်းမောင်.... ခင်ဗျားကိုလဲ ကျုပ်က လေးစားပါတယ်၊ ဘာဖြစ်လို့လဲဆိုတော့ ကျုပ်ကို ကြိုးစင်ပို့နိုင်လို့ပါပဲ ခင်ဗျား တကယ်တော်ပါတယ်"

ဟု ပြန်၍ပြောလိုက်လေတော့၏။

ကျွန်ုပ်တို့သည် တရားခံ အိုးထိန်းအား ဆားပုလင်းနှင်းမောင်နှင့်အတူ အင်းစိန်ထောင်သို့ လိုက်၍ ပို့ကြလေ၏။ ထောင်ဘူးသို့ရောက်သောအခါ၌ ဆားပုလင်းနှင်းမောင်နှင့် တရားခံ ကိုအိုးထိန်းတို့သည် စကားပြောကြပြန်လေ၏။

"ဒီမှာ....ကိုအိုးထိန်း၊ ခင်ဗျားအနေနဲ့ ဘာမျှ မှာစရာ ရှိသေးလဲ၊ ယုံယုံကြည်ကြည်မှာပါဗျာ၊ ကျုပ် မဖြစ်မနေ ဆောင်ရွက်ပေးပါ့မယ်"

ဟု ဆားပုလင်းနှင်းမောင်က ပြောလိုက်ရာ...

အိုးထိန်းက....

"ယုံပါတယ် ဆားပုလင်းနှင်းမောင်၊ ကျေးဇူးလဲ တင်ပါတယ်၊ ဒါပေမယ့် မှာစရာ ဘာမှမရှိပါဘူး၊ အခုကတည်းက တစ်ခါတည်းနှုတ်ဆက်ခဲ့မယ်၊ ကျွန်တော် သွားပြီ၊ သေခြင်းဆိုတဲ့ လမ်းကို ကျွန်တော်သွားနှင့်ပြီ၊ အမှန်ကတော့လဲ ဒီလမ်းကို လူတိုင်းသွားကြရမှာပါ၊ သေခြင်းဆိုတာ တံခါးမရှိတဲ့ တံခါးမဟုတ်လားဗျာ"

ဟု ပြော၍ ပြုံးပြုံးရွှင်ရွှင်နှုတ်ဆက်ကာ ထောင်တံခါးသံ ထောင်မှူး၊ ထောင်ပိုင်မှူး၊ ဝါဒါမှူးနှင့်အတူ လိုက်ပါသွားလေတော့၏။

www.burmeseclassic.com

www.burmeseclassic.com

ဆားပုလင်းနှင်းခမောင်ကမူ လက်ပြန္တတ်ဆက်၍ ကားဆီသို့ ပြန်လာပြီးလျှင် ကားကို မောင်း၏။ ကျန်ုပ်က ၎င်းနံဘေး တွင် ထိုင်၏။ ဦးကိုကိုကြီးကလည်း ထုံးစံအတိုင်း နောက်တွင် ထိုင်၏။ ကျန်ုပ်တို့သုံးဦးစလုံး ကိုအိုးထိန်းအတွက် စိတ် မကောင်းဖြစ်သောကြောင့် တော်တော်နှင့် စကားမပြောဖြစ် ခဲ့ကြပေ။

ဤသို့နှင့်ပင် ဆားပုလင်းနှင်းမောင်သည် ကားကိုမောင်း လာခဲ့ရာ ကြို့ကုန်းသို့ရောက်သောအခါ၌ ၎င်းက....

"Gateless Gate တံခါးမဟုတ်တဲ့ တံခါး၊ အဲဒါ သေခြင်းတရားပဲ၊ ကိုအိုးထိန်းဟာ အလွန်ကောင်းတဲ့ တရား လေး တစ်ပုဒ် ဟောသွားတာပါပဲ၊ သေခြင်းတရားဟာ လမ်း မဟုတ်တဲ့ လမ်း ဆိုတာလဲမှန်တာပဲ၊ Way without Way ပေါ့ဗျာ"

ဟု ပြောလိုက်လျှင်....

ကျန်ုပ်က....

"ဉာဏ်ရည်ဉာဏ်သွေးကောင်းတဲ့လူတစ်ယောက်ပါပဲ"

ဟု ထောက်ခံလိုက်လေ၏။

"ဒါက ဒီလိုဗျ၊ ပင်ကိုကလဲ ဘော်တယ်၊ ဦးမောတူးဆိုတဲ့ အဘိုးကြီးကလဲ လူဟောင်းကြီးပဲ၊ ဦးမောတူးကြီးက တောကြီး မျက်မည်းထဲမှာ ဘုမ္မာဝတီ ယူနီဗာစီတီ ထောင်ခဲ့တယ်လေ

ဗျာ၊ အဲဒီ ဘုမ္မာဝတီ ယူနီဗာစီတီမှာ ဦးမောတူးက ပရော်ဖက်ဆာကြီး၊ အိုးထိန်းက ကျောင်းသားပေါ့ဗျာ၊ ခြောက်နှစ် တောင် ပညာသင်ခဲ့တာဆိုတော့ မတော်ဘဲနေနိုင်ရှိးလား ဗျာ"

ဟု ပြောလိုက်လေ၏။

ဦးကိုကိုကြီးသည် နောက်မှ အိပ်ငိုက်၍ လိုက်လာရာမှ....

"တစ်ခုခဲ့ ကျုပ် စဉ်းစားလို့ မရတယ်၊ တင်နွယ်ရီဟာ အိုးထိန်းကို ချစ်ပါလျက် လာမတွေ့တာ အံ့ပါရဲ့ဗျာ၊ ကျုပ် သိရသလောက်ဆိုရင် အဓိန္ဓချတဲ့နေ့လဲ မလာဘူး၊ ရုံးထုတ်တဲ့ နေ့လဲ မလာဘူး၊ ထောင်ဝင်စာလဲ မပို့ဘူးဆိုပါ၊ အဲဒါဘာ သဘောလဲဗျာ၊ ကျုပ် စဉ်းစားလို့ကို မရဘူး"

ဟု မချင့်မရဲ လေသံကြီးဖြင့် မေးလေ၏။

ဆားပုလင်းနှင်းခမောင်သည် စီးကရက်တိုကို လွှင့်ပစ်ရင်း....

"ဒါက ဒီလို ဦးကိုကိုကြီးရဲ့၊ တင်နွယ်ရီဟာ အိုးထိန်းကို သိပ်ပြီးချစ်တယ်၊ ဒါကြောင့် သူရဲ့ နှလုံးသားထဲမှာ အိုးထိန်း ကိုထည့် အသေပိတ်ထားလိုက်ပြီ၊ အပြင်မှာ အိုးထိန်းဆိုတာ မရှိတော့ဘူးပေါ့ဗျာ"

ဟု ရှင်းပြလိုက်ရာ....

ဦးကိုကိုကြီးက....

"ဒီအတွေးကအဆန်းပဲဗျာ၊ ကျုပ်တော့ ဉာဏ်မမီပါဘူး၊ ချစ်လွန်းလို့ တွေ့စရာ မလိုဘူးဆိုထာ ဘယ်လိုဟာကြီးလဲဗျာ၊

www.burmeseclassic.com

www.burmeseclassic.com

ဒါလေမယ့် မချင်းပါနဲ့တော့၊ ရှင်းရင် ပိုပြီး ရှုပ်နေမယ်၊ ထားလိုက်ပါတော့ဗျာ"

ဟု ပြော၍ သက်ပြင်းကို ဟူးခနဲ မှုတ်ထုတ်လိုက်တော့၏။

ဆားပုလင်းနှင်းမောင်သည် ကားကိုကျမ်းကျင်စွာ မောင်းလာ၏၊ မြေနီကုန်းသို့ ရောက်သောအခါ....

"ဟောဟို လက်ဖက်ရည်ဆိုင် သိပ်ကောင်းတယ်ဗျ"

ဟု ပြောလိုက်ရာ....

ဦးကိုကိုကြီးက....

"ကျုပ်ကတော့ ကောင်းမကောင်း မသိပါဘူးဗျာ၊ လက်ဖက်ရည်သောက်ရတာ အတူတူချည်းပဲလို့ ထင်နေတာပဲ"

ဟု ပြောလိုက်လေ၏။

"အဲဒါ ပြောရ တော်တော်ခက်တယ်ဗျ၊ လက်ဖက်ရည်ကြိုက်တဲ့လျှာက တော်တော်သိမ်မွေတယ်ဗျ၊ အခါးကို ကြိုက်တာလဲ မဟုတ်ဘူး၊ အခါးကိုကြိုက်ရင် ခွေးတောက်ရွက်တို့ ကြောင်လျှာသီးတို့ အစိမ်းလိုက် ဝါးစားမှာပေါ့၊ အချိုကို ကြိုက်တာလဲမဟုတ်ပြန်ဘူးဗျို့ အချိုကိုကြိုက်ရင်လဲ ကြံသကာနဲ့ ထန်းလျက်စားရုံပဲ ရှိမယ်၊ အဆိမ့်ကို ကြိုက်တာလဲ မဟုတ်ပြန်ဘူး၊ အဆိမ့်ကို ကြိုက်ရင်လဲ မြေပဲတို့၊ ပဲမြစ်တို့၊ နို့ခဲတို့ စားမှာပေါ့၊ အဲဒီလို မဟုတ်ဘူးဗျ၊ ခါးတာရယ်၊ ချိုတာရယ်၊ ဆိမ့်တာရယ် သုံးမျိုးသားရှိလျက်နဲ့ တစ်ဦးကို တစ်ဦးက

အနိုင်မခံ အကျောမပေးဘဲ ဖြစ်နေတဲ့ အရသာလေး တစ်မျိုးကို လျှာက ရယူတာဗျ"

ဟု ပြောလိုက်လေ၏၊ ထိုအခါ ကျွန်ုပ်က....

"ကဲပါဗျာ....ခင်ဗျား လက်ဖက်ရည်သောက်ချင်လို့ ပြောတာ မဟုတ်လား၊ ကျုပ်တို့လဲ သောက်ပါ့မယ်၊ ခင်ဗျားလို တော့ အရသာမခံတတ်ပါဘူး"

ဟု ပြောလိုက်လေရာ ဆားပုလင်းနှင်းမောင်က ပြုံးလေ၏။

ဆားပုလင်းနှင်းမောင်သည် လက်ဖက်ရည်ဆိုင် အနီးသို့ ရောက်သောအခါ ကားကို ထိုး၍ ရပ်လိုက်လေ၏၊ ထို့နောက် ဆားပုလင်းနှင်းမောင်သည် လက်ဖက်ရည်သုံးခွက်မှာ၏၊ ပြီးလျှင် ရေခဲတောင်တံဆိပ် စီးကရက်ကို ထုပ်၍ ဝယ်၏၊ လက်ဖက်ရည် သောက်ပြီးသောအခါ၌ ကျွန်ုပ်တို့ သုံးဦးသည် ခရီးဆက်ခဲ့ကြပြန်၏။

ကားစ၍ ထွက်သောအခါ၌ ကျွန်ုပ်က....

"အိုင်ဆေး ကိုနှင်းမောင်၊ မေးစရာလေးတွေ ကျန်နေတယ်ဗျ၊ အဲဒါလေးတွေ ပြောပြစမ်းပါဦးဗျာ"

ဟု ပြောလိုက်ရာ....

ဆားပုလင်းနှင်းမောင်က....

www.burmeseclassic.com

www.burmeseclassic.com

"မေးပါ အိုင်ပီ၊ ငါးထပ်ကြီးဘုရားနားက ဇရပ်ထဲမှာ ဖြစ်တဲ့ လူသတ်မှုနဲ့ ပတ်သက်လို့တော့ မေးစရာရှိမယ် မထင်ပါဘူး"

ဟု ပြောလေ၏။

"ခင်ဗျားကလဲ မေးတောင်မမေးရသေးဘူး ကြိုပြီး ပိတ်ဆားနှင့်ပြီကိုး၊ ဇရပ်ထဲက အမှုလဲ မေးစရာတော့ ရှိတယ်ဗျ၊ ကိုအိုးထိန်းဟာ ဇရပ်ထဲမှာ သူ့ သတ်ရမယ့်သူ ရှိနေပါလျက် အာဖြစ်လို့ ဇရပ်ပိုင်ရှင် ဒေါ်အမာဆီကို သွားပြီး ဆမွှုဒွေ အဓိဋ္ဌာန် ဝင်ချင်လို့ပါလို့ သွားပြီး ပြောရတာလဲ"

ဟု ကျွန်ုပ်က မေးလိုက်ရာ....

ဆားပုလင်းနှင်းမောင်က....

"ဒါက ဒီလိုလေဗျာ၊ ရထားတဲ့သတင်းက ကုလားလေး အဲ့ဆီက ရတာဗျ၊ ဒါကြောင့် ပိုပြီး သေချာအောင် ဒေါ်အမာဆီကို သွားတာ၊ အဲဒီတော့ ဘယ်နှစ်ရက် အဓိဋ္ဌာန် ဝင်တယ်၊ ဘယ်သူ ဝင်တယ်ဆိုတာ ပိုပြီး သေချာစာပေါ့ဗျာ"

ဟု ပြောလိုက်လေ၏။ ထို့နောက် ဦးကိုကိုကြီးက....

"ကျုပ်လဲ မေးစရာရှိတယ်ဗျ၊ အသတ်ခံရတဲ့ ကိုလာဘနဲ့ ကိုအိုးထိန်းဟာ အပြင်းအထန် တိုက်ခိုက်ကြတယ် ဆိုတာက တော့ ဇရပ်ပေါ်က ဖုန်ကွက်မှာထင်နေတဲ့ ခြေရာတွေကိုကြည့်

ပြီး သိနိုင်ပါတယ်၊ ဒါပေမယ့် သတ်သွားတဲ့ ကိုအိုးထိန်းဟာ အရပ်မြင့်တယ်ဆိုတာ ဘာကိုကြည့်ပြီး ပြောတာလဲဗျ"

ဟု ပြောလိုက်လေ၏။

"နံရံမှာ သွေးနဲ့ ရေးထားတဲ့ စာကို ကြည့်ပြောတာဗျ၊ လူဟာ နံရံပေါ်မှာရေးရင် ကိုယ့်မျက်လုံးနဲ့ တည့်တည့်မှာပဲ ရေးလေ့ရှိတယ်ဗျာ၊ အဲဒါကိုကြည့်ပြီး ပြောတာ၊ ကျုပ်အရပ် နဲ့တောင် ဘစ်လက်မလောက် ပိုမြင့်တယ်ဗျ၊ ကျုပ် အရပ်က ငါးပေဆယ်လက်မဆိုတော့ သူ့အရပ်ဟာ ခြောက်မေလောက် ရှိမယ်"

ဟု ဆားပုလင်းနှင်းမောင်က ပြန်၍ ပြောလေ၏။

"နဖူးမှာ သွေးနဲ့ စက်ဝိုင်းပုံသဏ္ဌာန် ရေးထားတာကို ကိုနှင်းမောင်က ဓာတ်ဆီသုတ်ထားတဲ့ စက္ကူနဲ့ကပ်ပြီး ယူတာ ဘာသဘောလဲဗျ"

ဟု ကျွန်ုပ်က မေးလိုက်လေ၏။

"အဲဒါက သွေးကခြောက်နေပြီဗျ၊ ဓာတ်ဆီနဲ့ တွေ့တော့ ပြန်ပြီး စိုလာတာဗျ၊ နဖူးမှာ စက်ဝိုင်းပုံသဏ္ဌာန် မဟုတ်ဘူး အဲဒါ အိုးဂိုဏ်းနဲ့ အမှတ်တံဆိပ် အိုးပုံလေးဗျ"

ဟု ဆားပုလင်းနှင်းမောင်က ပြန်၍ ပြောလေ၏။

ဤသို့နှင့်ပင် ကျွန်ုပ်တို့ကားသည် မြေနီကုန်းမှ ချေဂုံတိုင် အဝိုင်းကြီးသို့ ရောက်ရှိခဲ့ကြလေ၏။ ထိုအခါ၌ ကျွန်ုပ်က....

www.burmeseclassic.com

www.burmeseclassic.com

"သင်္ဘန်းကျွန်းက ဦးဝေဠုကြီး အသတ်ခံရတာကို သွားကြည့်တုန်းက အင်းခွေးကြီးနှစ်ကောင် အသတ်ခံရတာ ဘယ်လောက်ကြာပြီလဲလို့ အိုင်ဆေး မေးလိုက်တယ်လေ"

ဟု ကျွန်ုပ်က ပြောလိုက်လျှင် ဆားပုလင်းနှင်းမောင်က....

"နောက်ဖေး ခြံနောက်က ခွေးလှောင်အိမ်ကို ခန့်မှန်းတာပေါ့။ မြန်မာလူမျိုးတွေဟာ ခွေးမွေးရင် နိုင်ငံခြားခွေးကိုမွေးခဲ့တယ်ဗျ။ အထင်လဲ မကြီးတတ်ဘူး၊ အင်းခွေးကိုတော့ သဘောကျတယ်၊ နောက် လှောင်အိမ်အမြင့်ကို ကြည့်တော့လဲ အင်းခွေးထားလောက်တဲ့ အမြင့်ဗျာ"

ဟု ပြောလိုက်ရာ....

"နှစ်ကောင်ဆိုတာကကော"

ဟု ဦးကိုကိုကြီးက ဝင်၍ မေးလိုက်လေ၏။

"အစာခွက်ကိုကြည့်တာပေါ့ဗျာ၊ ခွေးစားခွက်ကနှစ်ခွက်လေဗျာ"

ဟု ဆားပုလင်းနှင်းမောင်က ပြန်၍ ပြောလျှင် ဦးကိုကိုကြီးနှင့် ကျွန်ုပ်ပါ ရယ်ရသေးတော့၏။

"အဆိပ်မိတယ်ဆိုတာရော ပြောပါဦးဗျ"

ဟု ကျွန်ုပ်က မေးလိုက်ရာ ဆားပုလင်းနှင်းမောင်က....

"ဖျားနာပြီးသေတာဆိုရင် တစ်ကောင်ပဲ သေရမှာပေါ့။ နှစ်ကောင်သေတာဆိုတော့ ကားတိုက်ပြီးတော့လဲ သေနိုင်

တယ်၊ အဆိပ်မိပြီးလဲ သေနိုင်တယ်၊ ဒီခွေးတွေက ခြံထဲမှာဆိုတော့ ကားတိုက်ခံရပြီး သေရဖို့ မလွယ်ဘူးဗျ၊ အဲဒီတော့ အဆိပ်မိပြီး သေတာပေါ့"

ဟု ဆားပုလင်းနှင်းမောင်ကပြောလိုက်သောအခါ ဦးကိုကိုကြီးက....

"ဒီလိုရှင်းပြလိုက်တော့လဲ အလွယ်လေးဗျ"

ဟု ပြောလိုက်သဖြင့် ကျွန်ုပ်က ရယ်ရသေးတော့၏။

ထိုအခါ ဆားပုလင်းနှင်းမောင်က စီးကရက်တိုကို စွန့်ပစ်ရင်းက....

"ဒီအမှုမှာ ကျုပ်အတွက် အံ့ထောက်အကူအရဆုံးကတော့ ညောင်ဦးက ကြိုးသိန်းမောင် ရေးလိုက်တဲ့ စာပဲဗျ၊ သူ့ရဲ့ စာအိတ်ထဲမှာ ဘော်ကြေယ်အပြာဝိုင်းလေးတစ်ခု တွေ့ကတည်းက ရှေ့ချည်ထိုးလုပ်ငန်းလုပ်တဲ့အိမ်ဆိုတာ ခန့်မှန်းလို့ရတယ်၊ သူဆီ ကျုပ်လိုက်သွားတော့ သူဟာ အသည်းအသန် မမာမကျန်းဖြစ်နေပြီ၊ သူကိုယ်သူ သေရတော့မှာ သိနေပြီ၊ အဲဒီတော့လဲ ကျုပ်သိချင်တာတွေပြောတော့တာပေါ့၊ အဲဒီမှာ အိုးဂိုဏ်း ကြိုးဂိုဏ်းကဲ့ခွဲပုံက အစ အသေးစိတ်ကို ကျုပ် သိခဲ့ရတယ်၊ အိုးဂိုဏ်းသားတွေဟာ သိပ်ပြီးအန္တရာယ်ကြီးလာတဲ့အခါဖြစ်စေ အရေးကြီးလာတဲ့အခါမှာဖြစ်စေ မင်းတုန်းနဲ့ တည့်တည့် ရိုးမတောအုပ်ကြီးထဲကိုဝင်ပြီး အောင်းတဲ့အလေ့အထကိုလဲ ရိုးတိုးရိပ်တိပ်သိခဲ့ရတယ်၊ အဲဒါကြောင့် ကျုပ်က

www.burmeseclassic.com

www.burmeseclassic.com

စဉ်းစားတာ တစ်ချက်ရှိတယ်၊ အိုးထိန်းတို့က မြို့ပေါ်မှာရှိပြီး သူဆရာ ဦးမာတူးဆိုတာက တောကြီးထဲမှာအောင်းနေလိမ့်မယ် ထင်လို့ မုဆိုးတွေနဲ့ တိုင်ပင်ပြီး တောနင်းဖို့ စဉ်းစားရတာ၊ တောကြီးက သိပ်ကျယ်တဲ့အတွက် ဂေါ်ရုတပ်ကို အပြင်စည်းက ချထားဖို့ စီမံရတာဗျို့"

ဟု ဆားပုလင်းနှင့်မောင်က ပြောလိုက်လေ၏။

ထိုအခါ ဦးကိုကိုကြီးက....

"မင်းသမီးဂူဆိုတာက ဂူကြီးထဲက သတ်သတ်ဂူကလေးဖြစ်နေတာ မဟုတ်လား၊ အဲဒါကို တယ်လိုလုပ်ပြီး ခင်ဗျားသွားတွေ့တယ်ဆိုတာ စဉ်းစားစရာပဲ"

ဟု မြေသိုက်ရာ....

ဆားပုလင်းနှင့်မောင်က....

"ဂူမကြီးကိုတွေ့တာကတော့ ကျုပ်ရဲ့ ကြိုးစားမှုပဲဗျ၊ ဂူမကြီးကို ရောက်တဲ့အခါမှာ အိုးထိန်းအဖေ ဦးကလန် ပညာသင်ထားတုန်းက လက်ရာခြေရာတွေ သွားတွေ့တယ်၊ ဆေးနီနဲ့ ရေးထားတဲ့ စာတွေ သင်္ကေတတွေ့ပါဗျာ၊ အဲဒီမှာ ကျုပ်နေရင်းကနေပြီးတော့ ဂူကြီးရဲ့ ဟိုး.... အတွင်းပိုင်းနေရာကဖြတ်ပြီး စီးနတဲ့ စမ်းချောင်းကိုတွေ့တာဗျို့၊ အဲဒါနဲ့ ကျုပ်လဲ အဲဒီ စမ်းချောင်းကိုသွားခဲ့တာ၊ ခက်ခက်ခဲခဲသွားခဲ့ရတယ်၊ အဲဒီမှာတော့ ကံကောင်းတာဗျို့၊ စမ်းချောင်းတစ်လျှောက် ကျုပ်လျှောက်သွားရင်း သတ္တုစာပါတဲ့ ရွှေဂုံးတစ်ပြား

သွားရတာ၊ အဲဒါနဲ့ ကျုပ်တာ ကန့်လန့်ကြီး ကာထားသလို ဖြစ်နေတဲ့ ကျောက်နံရံကြီးအောက်ကို စမ်းချောင်းထဲကနေ ဝင်ပြီးကြည့်တာ၊ သေမတတ်ဝင်ယူရတယ်၊ ကျောက်နံရံကြီး အောက်ကနေပြီး ဟိုဘက်ကိုကျော်ဖို့ တော်တော်နဲ့မရဘူးဗျ၊ အထဲလဲရောက်ရော အခန်းကျယ်ကြီးတစ်ခုလို ဖြစ်နေတယ်၊ အဲဒီ အခန်းကျယ်ကြီးအောက်မှာ လူရိုးတွေသွားတွေတော့ စာပါပဲ၊ အဲဒီလူရိုးတွေနားမှာ ဒုတ္ထာတိုးလိုဖြစ်နေတဲ့ ကြေးသေတ္တာဟောင်းကြီးတွေလဲ တွေ့တယ်၊ ခြေရာတွေလဲ တွေ့တယ်၊ ခြေရာကတော့ ကိုအိုးထိန်းခြေရာဗျ၊ နောက်ခြေရာတစ်ခုကတော့ ဦးမာတူး ခြေရာလို့ ခန့်မှန်းရတာပဲ၊ အဲဒီတော့ ကျုပ်တွက်တာက ဒီမှာ ရတနာပစ္စည်းထွေ၊ အထူးသဖြင့် ရွှေတွေရှိမယ်၊ အဲဒါကို ကြောသေးခင်ကမှ ဦးမာတူးက ထားပြီး သယ်ထုတ်သွားတဲ့ဟန်ပဲဗျ၊ ဒီဂူတွေ တွေ့တာကတော့ ကျုပ် တော်လွန်းလို့တွေ့တာ မဟုတ်ဘူးနော်၊ ကံကောင်းလို့ တွေ့တာ၊ အဲဒီဂူကိုတွေ့တဲ့အခါမှာ ကျုပ်မှာ ပါလာတဲ့ ရိက္ခာတွေသယ်ပြီး ဂူထဲမှာစောင့်ဖို့ ကျုပ် စီစဉ်တော့တာပဲ၊ ဘာဖြစ်ဖြစ် အိုးထိန်းဟာ ဒီဂူထဲကိုလာကိုလာရမယ်လို့ ကျုပ်တွက်ထားတယ်၊ ဘာလို့လဲဆိုတော့ သူတို့ရဲ့ ဘုမ္မာဝတီယူနီဗာစီတီကြီးလဲ မီးလောင်သွားပြီလေဗျာ့"

ဟု ဆားပုလင်းနှင့်မောင်က ပြောလိုက်လေ၏။

ကျွန်ုပ်တို့၏ မော်တော်ကားလေးသည် ဘားမော့အဝိုင်းကြီးသို့ ရောက်ရှိလာပြီ ဖြစ်၏၊

www.burmeseclassic.com

www.burmeseclassic.com

ကျွန်ုပ်သည် တစ်စုံတစ်ခုကို စိတ်ကူးမိလေ၏။ ထိုတစ်စုံတစ်ခုမှာ ဦးမာတူး ရွှေလိုက်သည်ဆိုသော ရွှေငွေရတနာပစ္စည်းများဖြစ်၏။ ကျွန်ုပ်သည် ထိုရွှေငွေရတနာပစ္စည်းများကို စိတ်ဝင်စားနေ၏။

ထို့ကြောင့်....

"ခနစမ်းပါဦး ကိုနှင်းမောင်ရယ်၊ ကိုအိုးထိန်းရဲ့ ဆရာကြီး ဦးမာတူး ရွှေငွေရတနာပစ္စည်းတွေကို ရွှေတယ်ဆိုတာက ဝေးဝေးရွှေမှာတော့မဟုတ်ဘူး၊ အဲဒီနားမှာပဲ ရွှေမှာ"

ဟု ပြောလိုက်ရာ ကျွန်ုပ်၏ မိတ်ဆွေ ဆားပုလင်းနှင်းမောင်က....

"အဲဒီအဘွက် ခင်ဗျားတို့ ကျုပ်တို့တစ်တွေ စဉ့်စားစရာ မလိုပါဘူးဗျာ၊ စဒနမောင်မောင်ဆိုတဲ့လူ စဉ်းစားမလိမ့်မယ်"

ဟု ပြောလိုက်ရာ ကျွန်ုပ်တို့သည် ကိုနှင်းမောင်၏ယဉ်ကျေးသော ပြက်လုံးကို သတောကျ၍ ဝါးခနဲ ရယ်လိုက်သဖြင့် ကားအနီးမှ ဖြတ်သွားသော စျေးသည် အဒေါ်ကြီးကပင် ရုတ်တရက် လန့်၍သွားသောကြောင့်....

"ဟဲ့....သောက်ပလုစ်တုတ်"

ဟု အော်လိုက်သဖြင့် ကျွန်ုပ်တို့လည်း ထပ်မံ၍ ရယ်ရသေးတော့၏။

ဤသို့နှင့်ပင် ကျွန်ုပ်တို့၏ မော်တော်ကားလေးသည် ချိုင်းရေအိုးစင်ရပ်ကွက်ရှိ တရုတ်သချိုင်းကို ကျော်လာပြီဖြစ်၏။ ထိုမှတစ်ဆင့် ကျောက်မြောင်းစေ့း၊ ထိုမှတစ်ဖန် ကျွန်ုပ်တို့၏မိတ်ဆွေကြီး ဆင်းပုလင်းနှင်းမောင် နေထိုင်ရာ (၂၉၅)၊ ဘိုးလိမ်းလမ်း(ဗညားဒလလမ်း)သို့ ရောက်သွားလေတော့၏။ ကျွန်ုပ်တို့လည်း ကားပေါ်မှဆင်း၍ ဆားပုလင်းနှင်းမောင်၏အခန်းသို့ ဝင်ကြ၏။ ဆားပုလင်းနှင်းမောင်သည် ဖိုင်တွဲသုံးတွဲကိုယူ၍ ကျွန်ုပ်အား....

"ဟောဒီမှာ....အိုင်ပီ၊ ဟောဒီဖိုင်တွဲက စီအိုင်ဒီမှာ မစ္စတာ ကရစ်ပင်ကနေ အိုင်ပီတို့ကို မြည်းသတ္တဝါတွေလို့ ဆူတာကနေ စပြီး တရားခံ ကိုအိုးထိန်းကို ဖမ်းမိတဲ့အထိ ကျုပ်ကိုယ်တိုင် ရေးသားတဲ့မှတ်တမ်းတွေ၊ ဒုတိယဖိုင်တွဲက တရားခံကိုအိုးထိန်းရဲ့ဖြောင့်ချက်ကို အိုင်ပီကိုယ်တိုင် လိုက်ပြီးရေးထားတာတွေ၊ ပြီးခဲ့တဲ့အပတ်က ကျုပ် ဖတ်ချင်လို့ အိုင်ပီဆီက တောင်းထားတာ၊ အခု ပြန်ပေးတာ၊ ဟောဒီ နောက်ဆုံးဖိုင်စွဲက အမှုလိုက်တုန်းက စဉ်းစားပုံ စဉ်းစားနည်းတွေ ကျုပ် မှတ်စုထုတ်ထားတာ"

ဟု ဆိုကာ ကျွန်ုပ်အား အပ်လိုက်လေတော့၏။ ထိုအခါ ကျွန်ုပ်က....

"စီအိုင်ဒီမှာ ပင်စင်ယူရင်တော့ ကျုပ် စာရေးစားမယ်ဗျား၊ ရေးရင်လဲ စုံထောက်ဝတ္ထု အမျှားဆုံးရေးမယ်၊ ပြီးတော့လဲ

www.burmeseclassic.com

www.burmeseclassic.com

ခင်ဗျားကို ဘတ်လိုက်တင်ပြီး ရေးရမှာဆဲ၊ ဟောဒီ ပထမ ဖိုင်တွဲကို ဆားပုလင်းနှင်းမောင်လို့ နာမည်ပေးမယ်၊ ဒုတိယ ဖိုင်တွဲကို ဘုမ္မာဝတီအရှုပ်တော်ပုံလို့ နာမည်ပေးမယ်၊ တတိယ ဖိုင်တွဲက ရှင်းလင်းချက်ပေါ့ဗျာ၊ ဒီသုံးခုပေါင်းရင်တော့ စုံထောက်ဝတ္ထုကြီးတစ်ပုဒ် ရပြီ"

ဟု ကျန်ုပ်က ပြောလိုက်လျှင်....

ဦးကိုကိုကြီးက....

"ဝတ္ထုနာမည် ပြောဦးလေဗျာ"

ဟု ကျန်ုပ်အား လှမ်းမေးလိုက်လေ၏။

"ဝတ္ထုနာမည်က 'ဆားပုလင်းနှင်းမောင်နှင့် ဘုမ္မာဝတီ အရှုပ်တော်ပုံ' ပေါ့ဗျာ၊ တခြား ဘာနာမည်တပ်ဖို့ လိုသေးလို့လဲ"

ဟု ကျန်ုပ်က ပြန်၍ ပြောလိုက်လေ၏။ ထိုအခါ၌ ဆားပုလင်းနှင်းမောင်က....

"အိုင်ပီက စာရေးဆရာလုံ့ ဖြစ်မှာပါ၊ ကျုပ်အကြောင်းလဲ ရေးချင်ရေးပါ၊ ဒါပေမယ့် လူလောကကြီးမှာ ကျုပ်ရှိတုန်း မရေးပါနဲ့ အိုင်ပီရယ်၊ လူဒုတ္ထက ဆားပုလင်းနှင်းမောင်ဆိုတာ ကျုပ်မှန်း သိသွားရင် ကျုပ်အဖို့ နေရထိုင်ရ ခက်ပါလိမ့်မယ်"

ဟု ပြောလိုက်သဖြင့် ကျန်ုပ်က....

"ဦးတ်ချပါဗျာ၊ လောကကြီးက ကျုပ်က ခင်ဗျားအရင် စွန့်ခွာရရင်တော့ ဒီဝတ္ထုတွေ ထွက်လာစရာအကြောင်း မရှိပါဘူး၊ ခင်ဗျားက ကျုပ်အရင် စွန့်ခွာသွားရင်တော့ ရေးကို ရေးမယ်ဗျို့၊ ဆားပုလင်း နှင်းမောင်နဲ့ လူတွေနဲ့ကို မိတ်ဆက်ပေးရမယ်"

ဟု ကျန်ုပ်က ပြောလိုက်ရာ ကျန်ုပ်၏ မိတ်ဆွေကြီး ဆားပုလင်း နှင်းမောင်သည် ရေခဲတောင်တံဆိပ် စီးကရက်ကို သောက်၍ မီးခိုးများမှုတ်ထုတ်ရင်း ကျန်ုပ်အား ထူးဆန်းသော အပြုံး၊ ထူးဆန်းသော မျက်နှာထားဖြင့် ကြည့်လေတော့သတည်း။



www.burmeseclassic.com